

# တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်မှုနှင့် တာဝန်ယူမှုဆိုင်ရာနိုင်ငံတကာစည်းမျဉ်းများ

ကျင့်သုံးလုပ်ဆောင်သူများအတွက် လမ်းညွှန်လက်စွဲ – ၁

International Commission of Jurists

## အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင်(ICJ)သည် ကမ္ဘာနှင့် အဝှမ်းတွင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို ဥပဒေအရ အကာအကွယ်ပေးခြင်းအပေါ် နားလည်သဘောပေါက်မှုနှင့် လိုက်နာခြင်းကိုမြှင့်တင်ပေးသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျာနီဗာမြို့တွင် ရုံးချုပ်တည်ရှိပြီး အမျိုးသားဌာနနှင့် မိတ်ဖက်အဖွဲ့ပေါင်း ၈၅ ခုရှိပါသည်။ (ICJ) သည် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (UNESCO)၊ ဥရောပကောင်စီနှင့် အာဖရိက ပေါင်းစည်းရေးအဖွဲ့တို့တွင် အကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အမေရိကန်ပြည်နယ်များ အဖွဲ့အစည်း၏ သက်ဆိုင်ရာအဖွဲ့အမျိုးမျိုးနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

P.O. Box 91
33 Rue des Bains
CH-1211 Geneva 8
Switzerland
E-mail: info@icj.org
www.icj.org

International
Commission
of Jurists



# တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်မှုနှင့် တာဝန်ယူမှုဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းများ

ကျင့်သုံးလုပ်ဆောင်သူများအတွက် လမ်းညွှန်လက်စွဲ - ၁

© Copyright International Commission of Jurists, 2007

ICJ  သည် ၎င်းထုတ်ဝေထားသော စာအုပ်များမှ ထုတ်နှုတ်ကာ အခမဲ့ပြန်လည်ထုတ်လုပ်ခြင်းကို လက်ခံပေးထားပြီး မည်သည့်စာအုပ်မှ ထုတ်နှုတ်သည်ကို ဖော်ပြကာ ပြန်လည်ထုတ်ဝေထားသော စာအုပ်ကို အောက်ဖော်ပြပါ ရုံးချုပ်လိပ်စာသို့ ပို့ပေးရပါမည်။

**International Commission Of Jurists**
P.O. Box 91
33 Rue des Bains
CH-1211 Geneva 8
Switzerland
E-mail: info@icj.org
www.icj.org

® International Principles on the Independence and Accountability of Judges, Lawyers and Prosecutors – A Practitioners Guide (Second edition)
ISBN: 978-92-9037-118-8

Geneva, 2007



ဤလမ်းညွှန်စာအုပ်ကို José Zeitune က သုတေသနပြုရေးသားပြီး Federico Andreu- Guzmán က ဥပဒေဆိုင်ရာ သုံးသပ်မှုပြုလုပ်ကာ Priyamvada Yarnell က ထုတ်လုပ်မှုတွင် ပါဝင်ကူညီခဲ့ပါသည်။

ကျင့်သုံးလုပ်ဆောင်သူများအတွက် လမ်းညွှန်လက်စွဲ - ၁

# မာတိကာ


| | |
|---|---|
| အမှာစာ | ၉ |
| အပိုင်း - ၁ | ၁၁ |
| နိဒါန်း | ၁၃ |
| နိုင်ငံတကာ ဥပဒေအရ တရားမျှတသော စီရင်ခွင့်ရရှိရေး - | |
| ကမ္ဘာသုံးနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များ | ၁၅ |
| သဘာဝတရားသူကြီး၏ နိယာမ | ၁၉ |
| စစ်ဘက်ခုံရုံးများ | ၂၃ |
| က။ တရားသူကြီးများ | ၃၀ |
| ၁။ အမှီအခိုကင်းမှု | ၃၀ |
| အကျဉ်းချုပ် | ၃၀ |
| နိုင်ငံတကာစံညွှန်းများ | ၃၀ |
| အာဏာခွဲဝေကျင့်သုံးရေးဆိုင်ရာ ဥပဒေသ | ၃၂ |
| အဖွဲ့အစည်းဆိုင်ရာအမှီအခိုကင်းမှု | ၃၅ |
| ပုဂ္ဂိုလ်ရေးအမှီအခိုကင်းမှု | ၃၉ |
| ၂။ သမာသမတ်ကျခြင်း | ၄၂ |
| အကျဉ်းချုပ် | ၄၂ |
| အမှန်တကယ်နှင့် ထင်ယောင်ထင်မှား သမာသမတ်ရှိခြင်း | ၄၃ |
| တရားစီရင်ရေးတာဝန် ဝတ္တရားများမှ ကင်းလွတ်ခွင့်ပြုရန် | ၄၆ |
| ၃။ ဘဏ္ဍာရေးအာဏာနှင့် အရင်းအမြစ်အလုံအလောက်ရှိခြင်း | ၄၈ |
| အကျဉ်းချုပ် | ၄၈ |
| ဘဏ္ဍာရေးအာဏာဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ | ၄၉ |
| ၄။ အခြေခံလွတ်လပ်ခွင့် | ၅၁ |
| အကျဉ်းချုပ် | ၅၁ |
| အသင်းအဖွဲ့လွတ်လပ်ခွင့် | ၅၂ |
| လွတ်လပ်စွာဖော်ထုတ်ခွင့် | ၅၃ |

၅။ ခန့်အပ်ခြင်း ၅၅
အကျဉ်းချုပ် ၅၅
ခန့်အပ်ခြင်းဆိုင်ရာ စံချိန်စံနှုန်းများ ၅၅
ခန့် အပ်ခြင်းဆိုင်ရာ ကျင့်ထုံးဥပဒေ ၆၁
လူကြိုက်များသည့်မဲဖြင့် ရွေးချယ်ခြင်း ၆၅
၆။ ရာထူးသက်တမ်းနှင့် ရာထူးတိုးမြှင့်ခြင်း ၆၇
အကျဉ်းချုပ် ၆၇
ရာထူးသက်တမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာစံနှုန်းများ ၆၇
ရာထူးသက်တမ်းကို ထိခိုက်သည့် ပြုမူဆောင်ရွက်ချက်များ ၆၉
ရာထူးတိုးမြှင့်ခြင်း ၇၁
၇။ တာဝန်ခံမှုရှိခြင်း ၇၂
အကျဉ်းချုပ် ၇၂
တာဝန်ခံမှုရှိခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာစံနှုန်းများ ၇၃
နိုင်ငံတကာဥပဒေ ၇၈

ခ။ ရှေ့နေများ၏ အခန်းကဏ္ဍ ၈၁
မိတ်ဆက် ၈၁
ရှေ့နေများ၏အမှီအခိုကင်းမှု ၈၃
ဥပဒေပညာရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုတွင်မရှိမဖြစ်သောအာမခံချက်များ ၈၃
ပညာရှင်၏တာဝန်ဝတ္တရားများ ၈၆
လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ၈၇
တာဝန်ခံမှုရှိခြင်း ၈၉

ဂ။ အစိုးရရှေ့နေများ၏ အခန်းကဏ္ဍ ၉၁
မိတ်ဆက် ၉၁
သမာသမတ်ကျမှုနှင့် မှန်ကန်စွာတရားစီရင်မှု ၉၂
အရည်အချင်း၊ ရွေးချယ်မှုနှင့် သင်တန်းပေးခြင်း ၉၃





စုံစမ်းစစ်ဆေးရေးအရာရှိများ၏လုပ်ငန်းဆောင်တာများအတွက် ၉၄
အာမခံချက်များ
လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ၉၅
အစိုးရရှေ့နေ၏လုပ်ငန်းတာဝန်များ
စည်းကမ်းထိန်းသိမ်းရန် ကြားနာစစ်ဆေးခြင်း ၉၉

အပိုင်း ၂ ၁၀၀
တရားသူကြီး၊ ရှေ့နေနှင့် အစိုးရရှေ့နေများ၏ ၁၀၀
လွတ်လပ်မှုနှင့် တာဝန်ခံမှုဆိုင်ရာနိုင်ငံတကာ သဘောတူစာချုပ်များ

၁။ ကုလသမဂ္ဂအဖွဲ့ချုပ် ၁၀၁
က။ တရားသူကြီး၊ ရှေ့နေနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်စွာ ၁၀၂
တရားစီရင်မှုဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများ
လွတ်လပ်စွာ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ ၁၀၃
ရှေ့နေများ၏ အခန်းကဏ္ဍအပေါ်မှ အခြေခံမူများ ၁၀၆
အစိုးရရှေ့နေများ (သို့) တရားရုံးရှေ့နေများ၏
အခန်ကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ ၁၁၄
တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာ အခြေခံမူဂါဒများကို
ထိရောက်စွာ အကောင်အထည်ဖော် သည့် လုပ်ငန်းစဉ်များ ၁၂၁
တရားစီရင်ရေး လွတ်လပ်မှုအတွက် ၁၂၆
ကမ္ဘာလုံးဆိုင်ရာကြေညာချက်မူကြမ်း
ခ။ နိုင်ငံများကြား ချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ ၁၄၃
အရပ်သားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ၁၄၃
နိုင်ငံတကာ သဘောတူညီချက်
ပြောင်းရွှေ့အလုပ်သမားများအားလုံးနှင့် ၎င်းတို့၏ ၁၄၄
မိသားစုဝင်များအားလုံး၏ အခွင့်အရေးနှင့်ရပိုင်ခွင့်ကို
အကာအကွယ်ပေးသည့် နိုင်ငံတကာ သဘော တူညီချက်
ကလေးသူငယ်အခွင့်အရေး သဘောတူညီချက် ၁၄၅

လူသားအားလုံးကို အတင်းအကြပ်ပျောက်ကွယ်မှုမှ ကာကွယ်ခြင်း ၁၄၆
နိုင်ငံတကာ သဘောတူညီချက်

ဂ။ ကြေညာချက်စံနှုန်းများ ၁၄၇

ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ၁၄၇

တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် ၁၄၈
အခြေခံ လွတ်လပ်ခွင့်များကို တိုးမြှင့်ကာကွယ်ရန် လူတစ်ဦးချင်း၊
လူအုပ်စုများနှင့် လူ့အဖွဲ့ အစည်းများ၏ အခွင့်အရေးနှင့်
တာဝန်ရှိမှုများဆိုင်ရာ ကြေညာချက်

ဃ။ အခြားစံချိန်စံနှုန်းများ ၁၄၉

လူ့အခွင့်အရေးကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၄/၃၃ ၁၄၉

လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၃/၃၉ ၁၅၀

နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးရှေ့မှောက်တွင်
အမှုလိုက်ရှေ့နေ၏ ပညာသည် ဆန်သော ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်း ၁၅၁

စစ်ဘက်ခုံရုံးများမှ တရားစီရင်ရေးကို စီမံသော စည်းမျဉ်းမူကြမ်း ၁၇၄

၂။ အခြားကမ္ဘာလုံးဆိုင်ရာ စံနှုန်းများ ၁၇၇

တရားရေးအမူအကျင့်များဆိုင်ရာ Bangalore မူများ ၁၇၇

တရားသူကြီးများ၏ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ် ၁၈၆

အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးဆိုင်ရာ ၁၉၀
Burgh House ဥပဒေသများ

၃။ ဥရောပကောင်စီ ၁၉၉

က။ တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ ၁၉၉
အမှီအခိုကင်းရေးဆိုင်ရာ အထူးစံချိန် စံညွှန်းများ

ရှေ့နေပညာရပ်အား လွတ်လပ်စွာအသုံးချခွင့်နှင့်စပ်လျဉ်းသည့်
အဖွဲ့ဝင်နိုင်ငံ များ၏ ဝန်ကြီးအဆင့် ကော်မတီမှ ၂၀၇
အကြံပြုချက် R(2000) 21.

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၌အစိုးရရှေ့နေများ၏ ၂၁၄
အခန်းကဏ္ဍအား အဖွဲ့ဝင် နိုင်ငံများ၏ ဝန်ကြီးအဆင့်ကော်မတီမှ
အကြံပြုချက် R(2000) 19.





တရားသူကြီးများအတွက် ပြဌာန်းချက်နှင့် ရှင်းလင်းဖော်ပြချက် ၂၂၆
စာချွန်လွှာဆိုင်ရာ ဥရောပပဋိညာဉ်စာချုပ်

ရှင်းလင်းဖော်ပြချက် စာချွန်လွှာ ၂၃၃

ခ။ နိုင်ငံများကြားချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ ၂၄၉

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ရေး ၂၄၉
ဥရောပ သဘော တူညီချက်

ဂ။ အခြားစံနှုန်းများ ၂၅၀

လူ့အခွင့်အရေးနှင့်အကြမ်းဖက်မှုဆန့်ကျင်ရေး ဥရောပကောက်စီ ၂၅၀
ဝန်ကြီးများ ကော်မတီ၏ လမ်းညွှန်ချက်များ

၄။ Inter – American စနစ် ၂၅၁

က။ နိုင်ငံများကြားချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ ၂၅၁

လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် သဘောတူညီချက် ၂၅၁

ခ။ ကြေညာချက်စံနှုန်းများ ၂၅၂

လူသားများ၏အခွင့်အရေးများနှင့်တာဝန်များဆိုင်ရာ ၂၅၂

အမေရိကန်ကြေညာချက် ၂၅၃

Inter – American ဒီမိုကရက်တစ် သဘောတူညီချက်

၅။ အာဖရိကစနစ် ၂၅၄

က။ တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ ၂၅၄
လွတ်လပ်မှုအတွက် စံနှုန်းများ

အာဖရိက၏ မျှတသောတရားစီရင်ရေးနှင့် ဥပဒေအထောက်အကူ ၂၅၄
အခွင့်အရေး ဆိုင်ရာ စည်းမျဉ်း များနှင့် လမ်းညွှန်ချက်များ

ခ။ နိုင်ငံများကြားချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ ၂၆၇

လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိက သဘောတူညီချက် ၂၆၇

ကလေးသူငယ်များ အခွင့်အရေးနှင့် ဖွံ့ဖြိုးစည်ပင်ရေး အာဖရိက ၂၆၈
သဘောတူညီချက်

၆။ ဥရောပသမဂ္ဂ ၂၆၉

ဥရောပသမဂ္ဂ အခြေခံအခွင့်အရေး သဘောတူညီချက် ၂၆၉

၇။ အာရှပစိဖိတ် ၂၇၁
LAWASIA ဒေသတွင်း တရားစီရင်ရေးအဖွဲ့၏ ၂၇၁
လွတ်လပ်မှုဆိုင်ရာ ဘေဂျင်း ဖော်ပြချက်
၈။ ဓနသဟာယနိုင်ငံများ ၂၇၇
ဓနသဟာယနိုင်ငံများအတွက် ပါလီမန်ဆိုင်ရာ ကြီးစိုးမှုနှင့် ၂၇၇
တရားရေး လွတ်လပ်မှုကို ဖော်ညွှန်းသည့် Latimer House ၏ လမ်းညွှန်ချက်များ
အစိုးရ၏ဌာနကြီးသုံးခုကြားရှိ တာဝန်ခံမှုနှင့် ဆက်ဆံရေး
တို့နှင့်စပ်လျဉ်းသည့် ဓနသဟာယစည်းမျဉ်းများ
၉။ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ၂၈၅
၁၉၄၉ ဩဂုတ် ၁၂ ဂျနီဗာ သဘောတူညီချက်များသို့ ၂၈၆
ထပ်တိုး ညှိနှိုင်းမှတ်တမ်းနှင့် နိုင်ငံတကာ လက်နက်ကိုင်
ပဋိပက္ခများကြောင့် ထိခိုက်နစ်နာသူများအား အကာ အကွယ်ပေးခြင်း
(ညှိနှိုင်း မှတ်တမ်း ၁)
၁၉၄၉ ဩဂုတ် ၁၂ ဂျနီဗာ သဘောတူညီချက်များသို့ ထပ်တိုးညှိနှိုင်း ၂၈၇
မှတ်တမ်းနှင့် နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခကြောင့် မဟုတ်ဘဲ
ထိခိုက်နစ်နာသူများအား အကာအကွယ်ပေးခြင်း (ညှိနှိုင်း မှတ်တမ်း ၂)



## **အမှာစာ**

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (ICJ) သည် လွန်ခဲ့သည့် နှစ်ပေါင်း ငါးဆယ်ကျော် တည်ထောင်ခဲ့ချိန်မှစ၍ ကမ္ဘာနှင့်အဝှမ်းတွင် ဘက်မလိုက်သော မျှတထိရောက်သော တရားစီရင်မှု ကျင့်သုံးရေးကို တိုးမြှင့်ရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်မှုကို လူ့အခွင့်အရေးအတွက် မရှိမဖြစ် ကာကွယ်စောင့်ရှောက်မှုအဖြစ် မှတ်ယူထားပါသည်။ ဥပဒေပညာရှင်များကွန်ယက်လည်းဖြစ်သည့် (ICJ) သည် တရားစီရင်မှုစနစ်များ၏ အရေးပါသော အခန်းကဏ္ဍကို အစဉ်အမြဲ အလေးထားပြီး အဆိုပါစနစ်များတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရသူ (သို့) ထိုသို့ဖြစ်ရန် အလားအလာရှိသူများအတွက် ထိရောက်သော ကုထုံးများနှင့် ကာကွယ်စောင့်ရှောက်မှုများ ပါရှိရန်၊ လူ့အခွင့်အရေး ချိုးဖောက်သူများကို တရားစီရင်နိုင်ရန် စသည်တို့ ပါဝင်ရပါမည်။ ထို့ပြင် တရားစီရင်မှုစနစ်များတွင် ပြစ်မှုအတွက် သံသယရှိသူကိုလည်း နိုင်ငံတကာ စံနှုန်းများအရ မျှတသော စစ်ဆေး စီရင်မှုပေးရမည်။ အစိုးရ၏ စီမံအုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကဏ္ဍသည်လည်း နိုင်ငံတကာ လူ့အခွင့် အရေးစံနှုန်းများနှင့် တရားဥပဒေ စိုးမိုးရေးတို့နှင့် ကိုက်ညီမှုရှိရမည်။

လွတ်လပ်ပြီး အမှီအခိုကင်းသော၊ ဘက်လိုက်မှုကင်းသော ခုံရုံးက မျှတသော စစ်ဆေးစီရင်မှုမှတဆင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဖန်တီးယူဆောင်ပေးနိုင်ရမည်။ ထိုသို့ အာမခံနိုင်သော တရားစီရင်မှုစနစ်နှင့် စံနှုန်းများကို ချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန် ICJ က ဒေသအမျိုးမျိုးနှင့် ဆွေးနွေးပွဲအမျိုးမျိုးတွင် နည်းလမ်း အမျိုးမျိုး ရှာဖွေလျက်ရှိသည်။

ICJ သည် တရားစီရင်ရေးစနစ်များနှင့် အတူတူ တွဲဖက်ကာ လွတ်လပ်ပြီး အမှီအခိုကင်းရေးနှင့် လူ့အခွင့်အရေးကို တက်တက်ကြွကြွ အကာအကွယ်ပေးရေးတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်မှာ နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ICJ အနေဖြင့် တရားသူကြီးများနှင့် ရှေ့နေများလွတ်လပ်မှုစင်တာ (CIJL) မှတဆင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာ လွတ်လပ် အမှီအခိုကင်းမှုကို မြှင့်တင်ကာကွယ်ပေးမည့် လက်တွေ့ကျသော ကိရိယာများကို တည်ဆောက်ပေးလျက်ရှိပါသည်။ အဆိုပါ ကိရိယာများတွင် လွတ်လပ်သည့် တရားစီရင်မှုဆိုင်ရာ ကုလသမဂ္ဂအခြေခံစည်းမျဉ်းနှင့် ရှေ့နေများ၏ အခန်းကဏ္ဍ စသည်တို့လည်း ပါဝင်ပါသည်။

ကျင့်သုံးလုပ်ဆောင်သူများအတွက် လမ်းညွှန်လက်စွဲ - ၁ လက်စွဲစာအုပ်ကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ဒုတိယအကြိမ် တည်းဖြတ်ထားပြီး ၎င်းက တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်မှုနှင့် တာဝန်ယူမှုဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းများကို လက်တွေ့ကျင့်သုံးနိုင်မှုအခြေအနေကို ဖော်ပြထားပါသည်။ သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ဥပဒေအတတ်ပညာတို့ကို စီစစ်သုံးသပ်ခြင်းမှ တဆင့် နိုင်ငံတော်အဆင့် ဆုံးဖြတ်ချက် ချမျတ်သူများကို တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မူဝါဒများ ချမှတ်နိုင်ရန်၊ နိုင်ငံ၏ တရားရေးမဏ္ဍိုင်ကို တန်ဖိုးဖြတ်ချင့်တွက်နိုင်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများကို အကောင်အထည်ဖော်နိုင်မည့် ခိုင်မာကောင်းမွန်သည့် အဆိုပြုလွှာများ ပြုစုရန် ဤလက်ဆွဲစာအုပ်က ထောက်ကူပေးမည်ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်သည် ဖော်ပြပါ ခေါင်းစဉ်နှင့်သက်ဆိုင်သည့် စံချိန်စံညွှန်းများအားလုံးကို ထည့်သွင်းထားပြီး ၁၉၉၀ ပြည့်နှစ်တွင် ICJ က ထုတ်ဝေခဲ့သည့် စာမူနှင့် ယခင်လက်စွဲစာအုပ်ကို ပြန်လည်ပြင်ဆင် သုံးသပ်ထားပါသည်။

ဤလက်စွဲစာအုပ်သည် တရားသူကြီးများ၊ ဥပဒေကို လက်တွေ့ကျင့်သုံးနေသူများ၊ မှုပါဒချ မှတ်သူများ၊ လေ့ကျင့်သင်တန်းပေးသည့် အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးမူဝါဒနှင့် အကြံပေး အထောက်အကူအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် တရားရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်းမှသည် ဥပဒေပြဋ္ဌာန်းခြင်းနှင့် မူဝါဒချမှတ်ခြင်းကို စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်နိုင်ရန် ဤလက်စွဲစာအုပ်က ကူညီပေးပါသည်။

Nicholas Howen
အထွေထွေအတွင်းရေးမှူး

# အပိုင်း - ၁

## တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ အခန်းကဏ္ဍ

နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များတွင် ပါရှိသည့် သက်ဆိုင်ရာ စံနှုန်းများကို အပြည့်အဝလိုက်နာသည့် တရားဥပဒေ ပြဋ္ဌာန်းခြင်းနှင့် တရားစွဲဆိုမှုဆိုင်ရာ အေဂျင်စီများ၊ အထူးသဖြင့် လွတ်လပ်သည့် တရားစီရင်ရေးကို အပြည့်အဝပေးအပ်ပြီး ခွဲခြားဆက်ဆံခြင်းမပြုရန် အလွန် အရေးကြီးပါသည်။ ထို့အပြင် ဒီမိုကရေစီနှင့် ရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အတွက်လည်း မရှိမဖြစ် အရေးပါပါသည်။" [1]

## နိဒါန်း

နိုင်ငံတစ်နိုင်ငံ၏ တရားစီရင်ရေးစနစ်သည် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် အဓိကဖြစ်သည်။ တရားရုံးများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများနှင့် ချိုးဖောက်ခံရရန် အလားအလာရှိသူများအတွက် ထိရောက်သော ကုသမှုများနှင့် ကာကွယ်မှုများရနိုင်ရန် လုပ်ဆောင်ပေးရာတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်သည်။ နိုင်ငံတကာ စံနှုန်းများအတိုင်း လူ့အခွင့်အရေး ချိုးဖောက်သူများကို တရားစီရင်ရမည်ဖြစ်ကာ ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများ အနေဖြင့်လည်း တရားမျှတသော စီရင်မှုရရှိရမည်။ တရားစီရင်ရေးစနစ်သည် အခြားသော အစိုးရဌာနများအပေါ် အပြန်အလှန် စုံစမ်းစစ်ဆေးရန်အတွက် အရေးပါပြီး ဥပဒေပြုရေးနှင့် စီမံအုပ်ချုပ်ရေး ဆောင်ရွက်ချက်များသည် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့နှင့် ကိုက်ညီမှုရှိရမည်။

အဆိုပါ အရေးပါသောကဏ္ဍကို အစိုးရအချင်းချင်းကြားရှိ လူ့အခွင့်အရေးစနစ်များက အသားပေး ဖော်ပြလျက် ရှိပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက ဖန်ခါတလဲလဲ ပြောလျက်ရှိသည်မှာ "တရားဥပဒေစိုးမိုးရေးနှင့် သင့်လျော်သော တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုသည် လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် ပဓာနကျသည်။"[2] "နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များတွင် ပါရှိသည့် သက်ဆိုင်ရာစံနှုန်းများကို အပြည့်အဝလိုက်နာသည့် တရားဥပဒေပြဋ္ဌာန်းခြင်းနှင့် တရားစွဲဆိုမှုဆိုင်ရာ အေဂျင်စီများ၊ အထူးသဖြင့် လွတ်လပ်သည့် တရားစီရင်ရေးနှင့် ဥပဒေပညာသည်များ ပါဝင်သည့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုသည် လူ့အခွင့်အရေးကို အပြည့်အဝပေးအပ်ပြီး ခွဲခြားဆက်ဆံခြင်း မပြုရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် ဒီမိုကရေစီနှင့် ရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အတွက်လည်း မရှိမဖြစ် အရေးပါပါသည်။[3]

"တရားဥပဒေစိုးမိုးရေး၏ အရေးပါမှုသည် လူ့အခွင့်အရေးကို လေးစားရန်ဖြစ်ပြီး တရားသူကြီးများနှင့် ရှေ့နေများ၏ကဏ္ဍသည်လည်း လူ့အခွင့်အရေးကို ကာကွယ်ရန်ဖြစ်သည်ကို သတိပြုမိရန်လိုကြောင်း" ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က အလေးထားပြောကြားခဲ့ပါသည်။[4]

---

1 *Vienna Declaration and Programme of Action,* adopted by the World Conference on Human Rights in Vienna on 25 June 1993, para. 27

2 See, for example, resolutions 50/181 of 22 December 1995 and 48/137 of 20 December 1993, entitled "Human rights in the administration of justice".

3 Ibid.

4 *Strengthening of the rule of law - Report of the Secretary General to the United Nations General Assem-*

"အာမခံအခွင့်အရေးတွင် သင့်လျော်သော ဥပဒေအထောက်အကူကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အဆိုပါ အခွင့်အရေးကို ကာကွယ်ရန်လိုသည်။ ထိုသို့ ပြုလုပ်ရာတွင် အရည်အချင်းပြည့်ဝသော လွတ်လပ်သော ဘက်မလိုက်သည့် တရားရေးအဖွဲ့လည်း ပါဝင်ရမည်ဖြစ်ကာ အဆိုပါ အဖွဲ့အနေဖြင့် ဥပဒေအတိုင်း တသွေမတိမ်း လိုက်နာရမည်။ စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့၏ လိုအပ်သည့်အတိုင်း လုပ်ပေးနိုင်သော အခွင့်အာဏာကို အခွင့်အလမ်း၊ တရားဝင်ဖြစ်မှုနှင့် ဆင်ခြင်တုံတရား စသည့် စံနှုန်းများအတိုင်း သတ်မှတ်ရမည်"ဟု လူ့အခွင့်အရေးဆိုင်ရာ Inter-American တရားရုံးကလည်း ဆိုသည်။ [5]

အလားတူ လူ့အခွင့်အရေးဆိုင်ရာ Inter-American ကော်မရှင်ကလည်း "တရားစီရင်ရေးကဏ္ဍ၏ လွတ်လပ်ပြီး အမှီအခိုကင်းမှုသည် လူ့အခွင့်အရေးကို လက်တွေ့စောင့်ထိန်း လိုက်နာခြင်းအတွက် မရှိမဖြစ် အရေးပါသော လိုအပ်ချက်ဖြစ်သည်"ဟု ထောက်ပြထားပါသည်။[6] "တရားမျှတသော စီရင်မှုဆိုင်ရာ ရပိုင်ခွင့်သည် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအတွက် အခြေခံကျသော ဒေါက်တိုင် တစ်ခုဖြစ်သည်ဟု ကော်မရှင်က သုံးသပ်ထားပါသည်။ ဤရပိုင်ခွင့် အခြားသော ရပိုင်ခွင့် အခွင့်အရေးများအတွက် လေးစားမှုကို အာမခံပေးသည့် အခြေခံလည်းဖြစ်သည်ဟု သဘောတူညီချက်တွင် ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် ဤရပိုင်ခွင့် အခွင့်အရေးသည် နိုင်ငံအာဏာပိုင်များ၏ အာဏာအလွဲသုံးမှုကို ကန့်သတ်ထားသောကြောင့်ဖြစ်သည်။" [7]

## လွတ်လပ်ပြီးအမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှု

လွတ်လပ်ပြီး အမှီအခိုကင်းသော သမာသမတ်ကျသော ခုံရုံး၏တည်ရှိမှုသည် တရားစီရင်ရေးစနစ်၏ ဗဟိုချက်ဖြစ်ပြီး ယင်းက နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် အပြည့်အဝကိုက်ညီမှုရှိသည့် လူ့အခွင့်အရေးကို အာမခံပေးပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများနှင့် မူဝါဒများသည် မိမိနိုင်ငံ၏ တရားစီရင်ရေးစနစ်ကို အမှန်တကယ် လွတ်လပ်မှု ရှိစေရမည်ဖြစ်ပြီး အခြားသော ဌာနများ၏ စွတ်ဖက်မှုမှ ကင်းဝေးရမည်။ တရားစီရင်ရေးစနစ်အတွင်း မိမိတို့၏ ပညာရပ်ဆိုင်ရာ တာဝန်များကို ထမ်းရွက်နေသော တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများအပေါ်တွင် နိုင်ငံရေးအရ ကြားဝင်လွှမ်းမိုးမှု မရှိစေရ။ ဥပဒေအရသော်လည်းကောင်း၊ လက်တွေ့သော်လည်းကောင်း လူ့အခွင့်အရေးကို မိမိတို့ ကျွမ်းကျင်သည့်ပညာဖြင့် ခုခံကာကွယ်နေကြသည့် တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများကို တိုက်ခိုက်ခြင်း၊ အနှောက်အယှက်ပေးခြင်း (သို့) တရားစွဲဆိုခြင်းတို့မှ အကာအကွယ်ပေးရပါမည်။ ထို့အတူ ၄င်းတို့ကလည်း ပြည်သူကို အကျိုးပြုသည့် လူ့အခွင့်အရေးကို တက်တက်ကြွကြွ ကာကွယ်သူများအဖြစ် ကိုယ်စားပြုကာ နိုင်ငံ့ဥပဒေ၊ နိုင်ငံတကာ ဥပဒေများနှင့် ကျင့်ဝတ်နှင့်ဆိုင်သော စံသတ်မှတ်ချက်များအတိုင်း အမြင့်မြတ်ဆုံးသော ဂုဏ်သိက္ခာကို တတ်နိုင်သမျှ ထိန်းသိမ်းရမည်။

သို့သော် မကြာခဏဆိုသလိုပင် တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများသည် လူ့အခွင့်အရေး ကာကွယ်သူများအဖြစ် ရပ်တည်သော ၄င်းတို့၏ အခန်းကဏ္ဍကို မထမ်းဆောင်နိုင်ပါ။ ထိုသို့ဖြစ်ခြင်းသည် လုံလောက်သော ပညာရပ်ဆိုင်ရာ အရည်အသွေး၊ သင်တန်းပေးခြင်းနှင့် ရင်းမြစ်များ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ ရင်းမြစ်ဟုဆိုရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို နားလည်သဘောပေါက်ခြင်းနှင့် ယင်းကို ပြည်တွင်းတွင် မည်သို့မည်ပုံ အသုံးချမည် တတ်သိနားလည်ခြင်းတို့လည်း ပါဝင်ပါသည်။

bly, UN document A/57/275, para. 41

5 *Legal status and human rights of the child,* Advisory Opinion of the Inter-American Court of Human Rights (IACtHR) OC-17/2002, 28 August 2002, para. 120.

6 *The Situation of Human Rights in Cuba: Seventh Report,* OAS document OEA/Ser.L/V/II.61, doc. 29, rev.1, 1983, Chapter IV, para. 2.

7 Report Nº 78/02, Case 11.335, Guy Malary v. Haiti, 27 December 2002, para 53



တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများသည် တူညီသော လူ့အခွင့်အရေးကို အခြားသူများနည်းတူ ရရှိခံစားချိန်တွင် ၄င်းတို့ကို အထူးအကာအကွယ်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့ သည် လူထုကို လူ့အခွင့်အရေး ရရှိစေရန် အာမခံဆောင်ရွက်ပေးမည့်သူများ ဖြစ်သောကြောင့် ဖြစ်ပါသည်။ အကယ်၍ တရားသူကြီးများသည် အချက်အလက်များကို အကဲမဖြတ်နိုင်၊ ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေကို မကျင့်သုံးနိုင်လျှင် တရားစီရင်မှုစနစ်သည် တစ်ဖက်သတ်ဆုံးဖြတ်ချက်သာ ဖြစ်လိမ့်မည်။ အကယ်၍ ရှေ့နေများသည် မိမိအမှုသည်များနှင့် လွတ်လွတ်လပ်လပ် မဆက်သွယ်နိုင်လျှင် နှစ်ဖက်စလုံးက ပြစ်မှုကြောင်းအရ တရားစွဲဆိုရာတွင် အခွင့်အရေးညီမျှစွာ ရရှိရမည်ဖြစ်သော်လည်း ခုခံကာကွယ်ခွင့်နှင့် လက်နက်ညီတူညီမျှရှိရေး စည်းမျဉ်းကို အတည်ပြုနိုင်မည် မဟုတ်ပါ။ အကယ်၍ အစိုးရရှေ့နေများသည် မိမိတို့၏ လုပ်ဆောင်မှုကြောင့် အသက်အန္တရာယ်နှင့် ကြုံတွေ့နေရပြီး ရုပ်ပိုင်းဆိုင်ရာ ကာကွယ်မှုမပေးနိုင်လျှင် ၄င်းတို့၏ တရားစွဲဆိုမှုတာဝန်ကို ထိခိုက်စေမည်ဖြစ်သည်။

သို့သော် အထူးကာကွယ်ပေးရေးနှင့်အတူ အထူးတာဝန်ယူမှုလည်း ပါဝင်လာသည်။ တရားသူကြီးများအတွက် လွတ်လပ်ပြီး အမှီအခိုကင်းရေး သဘောတရားသည် ၄င်းတို့၏ ပုဂ္ဂလိက အကျိုးစီးပွားအတွက် ရည်ရွယ်ခြင်း မဟုတ်ပါ။ လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် အာဏာအလွဲသုံးစားမှုပြုခြင်းကို အကာအကွယ် ပေးရန်ဖြစ်ပါသည်။ ထို့အပြင် တရားသူကြီးများအနေဖြင့် မိမိတို့၏ ပုဂ္ဂလိက ဦးစားပေးမှုဖြင့် အမှုများကို တစ်ဖက်သတ် မဆုံးဖြတ်ရပါ။ ရရှိသည့် သက်သေအချက်အလက်များကို ဥပဒေအရ သုံးသပ်ရမည်။ အစိုးရရှေ့နေများ၏ တာဝန်သည် မည်သူက ပြစ်မှုကျူးလွန်သည်ဖြစ်စေ လူ့အခွင့်အရေး ချိုးဖောက်မှုများအားလုံးကို စုံစမ်းစစ်ဆေးတရားစွဲဆိုရမည်။ ရှေ့နေများအနေဖြင့် အမှုသည်၏ အကျိုးစီးပွားကို ရှေးရှုပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အချိန်တိုင်း လုပ်ဆောင်ရမည်။

ထို့ကြောင့် တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများသည် တရားမျှတသော စီရင်ခွင့်ရရှိရန် အထူးအရေးပါသူများဖြစ်ကြသည်။ အကယ်၍ ၄င်းတို့အားလုံးသည် မိမိအလုပ်ကို သင့်တင့်လျောက်ပတ်စွာ မလုပ်ဆောင်နိုင်လျှင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတသော စီရင်ပိုင်ခွင့်ရရှိရေးကို ဆိုးဆိုးရွားရွား ထိခိုက်နိုင်ပါသည်။

## နိုင်ငံတကာ ဥပဒေအရ တရားမျှတသော စီရင်ခွင့်ရရှိရေး - အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သဘောတူညီချက်များ

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ လူ့အခွင့်အရေး သဘောတူညီချက် အားလုံးက (ပြစ်မှု၊ တရားမမှု၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးစသည့် ပုံစံမျိုးစုံဖြင့်) တရားစွဲဆိုရာတွင် လွတ်လပ်ပြီး သမာသမတ်ကျသည့် တရားရုံး(သို့)ခုံရုံးရှေ့တွင် တရားမျှတသော ကြားနာစစ်ဆေးခွင့်ရှိသည်ဟု အာမခံထားပါသည်။

## နိုင်ငံအချင်းချင်း သဘောတူစာချုပ် (Treaties)

နိုင်ငံအချင်းချင်း သဘောတူစာချုပ်ဆိုသည်မှာ နိုင်ငံများနှင့်(သို့) အစိုးရအချင်းချင်းကြား ပတ်သက်ဆက်နွယ်နေသော အဖွဲ့အစည်းများက နိုင်ငံတကာ ဥပဒေကို လိုက်နာပြီး ချုပ်ဆိုထားသော သဘောတူညီချက်ဖြစ်သည်။[8] သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့် နိုင်ငံများက ယင်းသဘော တူညီချက်အပေါ် (Covenant, Convention, Treaty, Protocol စသည်ဖြင့်) မျိုးစုံပေးနိုင်ပြီး ယင်းအမည်သည် မာတိကာပါ အကြောင်းအရာ၊ သဘောတူညီချက်ပါ ဘာသာစကား၊ လက်မှတ်ရေးထိုးသည့် နိုင်ငံများ၏ လိုက်နာလိုမှု ရည်ရွယ်ချက်သဘောထားတို့နှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိပါ။ နိုင်ငံအချင်းချင်း သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးသည့် နိုင်ငံများက ဥပဒေအကြောင်းအရ နိုင်ငံအချင်းချင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် နိုင်ငံတကာဥပဒေကို လိုက်နာပြီး စာချုပ်ပါ အချက်များကို သဘောရိုးဖြင့် အကောင်အထည်ဖော်ရမည်။ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှုကို ပြည်တွင်းဥပဒေဖြင့် အကြောင်းပြ၍ မရပါ။[9]

နိုင်ငံပေါင်း ၁၆၈ က အတည်ပြု လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR) ၏ အပိုဒ်ခွဲ ၁၄ (၁) တွင် "တရားရုံးနှင့် ခုံရုံးရှေ့မှောက်တွင် အားလုံးသာတူညီမျှရှိရမည်။" "ပြစ်မှုကြောင်းအရ တရားစွဲဆို ဆုံးဖြတ်ရာတွင် ဥပဒေကြောင်းအရ ဖွဲ့စည်းထားသော စွမ်းရည်ပြည့်ဝသော၊ လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် လူတိုင်းအတွက် မျှတသော လူထုကြားနာခွင့်ရှိသည်"ဟု ပါရှိပါသည်။ ပဋိညာဉ်ပါ နိုင်ငံများကို စောင့်ကြည့်သည့် တာဝန်ခံဖြစ်သော လူ့အခွင့်အရေး ကော်မတီကလည်း လွတ်လပ်ပြီး သမာသမတ်ကျသော ခုံရုံးရှေ့မှောက်တွင် တရားစီရင်ခြင်းသည် "အားလုံးအတွက် အကြွင်းမဲ့အခွင့်အရေးဖြစ်ပြီး မည်သူတစ်ဦး တစ်ယောက်အပေါ် မျှ ခြွင်းချက်မရှိစေရ" ဟု ပြတ်ပြတ်သားသား ဖော်ပြထားပါသည်။ [10]

"စစ်ဖြစ်သည့်အချိန် (သို့) အရေးပေါ် အခြေအနေတွင်မှ တရားရုံးကသာလျှင် လူထုပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို ပြစ်မှုကျူးလွန်မှုအတွက် အရေးယူနိုင်သည်"[11] ဟု ကော်မတီက အသေးစိတ်ဖော်ပြထားသည်။ အခြေအနေအမျိုးမျိုးနှင့် သာမန်၊ အထူး စသည့် တရားရုံးအားလုံးတို့တွင် အဆိုပါ ရပိုင်ခွင့်ကို အသုံးချနိုင်သည်။

အလားတူပင် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေး အကာအကွယ်ပေးရေး နိုင်ငံတကာ သဘောတူညီချက်၏ အပိုဒ်ခွဲ ၁၈ (၁) တင် "ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် စွမ်းရည်ပြည့်ဝသော၊ လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် မျှတသော လူထုကြားနာခွင့်ရှိသည်" ဟု ဖော်ပြထားပါသည်။

ဒေသဆိုင်ရာ သဘောတူညီချက်တစ်ခုဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် သဘောတူညီချက်၏ အပိုဒ်ခွဲ ၁၈ (၁) တွင် "ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် စွမ်းရည်

8 See Article 1 of the Vienna Convention on the Law of Treaties and Article 2 of the Vienna Convention on theLaw of Treaties between States and International Organisations or between International Organisations.

9 Articles 26 and 27 of the Vienna Convention on the Law of Treaties

10 Communication No. 263/1987, *M. Gonzalez del Río v. Peru* (Views adopted on 28 October 1992), UN document CCPR/C/46/D/263/1987 (Jurisprudence), para. 5.2.

11 Human Rights Committee, General Comment No. 29 - States of Emergency (article 4), CCPR/C/21/Rev.1/Add.11, 31 August 2001, para 16.



ပြည့်ဝသော၊ လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် မျှတသော လူထု ကြားနာခွင့်ရှိသည်" ဟု ဖော်ပြထားပါသည်။

ဒေသဆိုင်ရာ သဘောတူညီချက်တစ်ခုဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် သဘောတူညီချက်၏ အပိုဒ်ခွဲ ၈ (၁) တွင် "လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်သဘောတူညီချက်" ၏ အပိုဒ်ခွဲ ၈(၁) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ "လူတိုင်းတွင် ပြစ်မှုဖြင့် စွပ်စွဲခံရခြင်း (သို့) အရပ်သားဖြစ်ခြင်း၊ အလုပ်လုပ်ကိုင်မှု၊ ဘဏ္ဍာရေး (သို့) အခြားသော အကြောင်းအရာနှင့်သက်ဆိုင်သည့် ရပိုင်ခွင့်များနှင့် တာဝန်ယူမှုများကို ဆုံးဖြတ်ခြင်းတို့တွင် ဥပဒေအရ ကနဦးကတည်းက ဖွဲ့စည်းထားသော ကျွမ်းကျင်မှုရှိသော၊ လွတ်လပ်သော၊ သမာသမတ်ကျသော ခုံရုံးရှေ့မှောက်တွင် အာမခံချက်ရှိရှိဖြင့် သင့်လျော်သည့် အချိန်အတိုင်းအတာ တစ်ခုအတွင်း ကြားနာခွင့် အခွင့်အရေးရှိသည်။"

စကားလုံးကွာခြားမှုရှိသော်လည်း အလားတူ အဓိပ္ပာယ်မျိုးကို "လူသားနှင့် ပြည်သူ့ အခွင့်အရေးဆိုင်ရာ အာဖရိက သဘောတူစာချုပ်" အပိုဒ်ခွဲ ၇ (၁) တွင် ဖော်ပြထားပါသည်။

"လူသားတိုင်းတွင် သူနှင့်သက်ဆိုင်သော အကြောင်းတရားကို ကြားနာပိုင်ခွင့်ရှိသည်။" "ကျွမ်းကျင်၍ အရည်အသွေးပြည့်ဝသော တရားရုံး (သို့) ခုံရုံးမှ အပြစ်ရှိသည်ဟု သက်သေမပြခင်အချိန်အထိ အပြစ်မဲ့သူအဖြစ် ယူဆခွင့်" နှင့် "သမာသမတ်ကျသော တရားရုံး (သို့) ခုံရုံးမှသင့်တင့်လျောက်ပတ်သည့် အချိန်ကာလအတွင်း ဆောင်ရွက်ခွင့်" စသည့် ရပိုင်ခွင့်လည်းရှိသည်။

ဤအပိုဒ်ခွဲကို သဘော တူညီချက်၏ အပိုဒ်ခွဲ ၂၆ နှင့် တွဲဖက်၍ ဖတ်ရှုနိုင်သည်။ ယင်းတွင် သက်ဆိုင်ရာနိုင်ငံများတွင် "တရားရုံးများ၏ လွတ်လပ်ခွင့်ကို အာမခံပေးရမည့် တာဝန်ရှိရမည်။"ဟုဆိုထားသည်။ လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိကကော်မရှင်ကလည်း အပိုဒ်ခွဲ ၇ ကို "နိုင်ငံသားများအတွက် အနိမ့်ဆုံးအနေဖြင့် အကာအကွယ်" ပေးထားခြင်းကြောင့် "နိမ့်ကျသည်ဟု မသတ်မှတ်ပါ။" [12]

လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူညီချက်၏ အပိုဒ်ခွဲ ၆ (၁) ကလည်း "အရပ်ဘက်ဆိုင်ရာ ပြည်သူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ဆုံးဖြတ်ရာတွင် (သို့) ပြစ်မှုတစ်ခုခုဖြင့် စွဲချက်တင်ခံရလျှင်၊ လူတိုင်းတွင် ဥပဒေအရတည်ထောင်ထားသော လွတ်လပ်၍ ဘက်မလိုက်သော ခုံရုံးရှေ့တွင် သင့်တင့်မျှတသည့် အချိန်အတိုင်းအတာအတွင်း မျှတသည့် လူထုကြားနာခွင့်ရှိသည်။"

တရားမျှတသော စစ်ဆေးစီရင်ခွင့် ရရှိခြင်းကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် အသိအမှတ်ပြု ဖော်ပြထားပါသည်။ ဂျနီဗာ သဘောတူညီချက်များ၏ ပထမညှိနှိုင်းချက်မှတ်တမ်း အပိုဒ်ခွဲ ၇၅ (၄) တွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပါသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သတ်ပြီး အပြစ်ရှိသည့်သူကို ပုံမှန်တရားရေး လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာပြီး သမာသမတ်ကျသည့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းမှလွဲ၍ ပြစ်ဒဏ် မချမှတ်နိုင်ပါ။" [13]

12 African Commission on Human and Peoples' Rights, *Civil Liberties Organisation, Legal Defence Centre, Legal Defence and Assistance Project v. Nigeria,* Communication No. 218/98, decision adopted during the 29th Ordinary Session, 23 April – 7 May 2001, para. 7.

13 These principles include the following: "(a) the procedure shall provide for an accused to be informed without delay of the particulars of the offence alleged against him and shall afford the accused before and during his trial all necessary rights and means of defence; (b) no one shall be convicted of an offence except on the basis of individual penal responsibility; [...] (d) anyone charged with an offence is presumed innocent until proved guilty according to law; and (e) anyone charged with an offence shall have the right to be tried in his presence".

## တရားဝင်ကြေညာသော သဘောတူညီချက်များ

တရားဝင်ကြေညာထားသော သဘောတူညီချက်များသည် ဥပဒေအရ စည်းနှောင်ထားခြင်း မဟုတ်ပါ။ သို့သော် လူ့အခွင့်အရေးခေါင်းစဉ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသော စံချိန်စံညွှန်းများကို ဖော်ဆောင်ပေးသည်။ ယေဘုယျအားဖြင့် အဆိုပါ သဘောတူညီချက်များ အထူးသဖြင့် ကုလသမဂ္ဂမူဘောင်အတွင်း ပြဋ္ဌာန်းထားပြီး နိုင်ငံတကာ ဥပဒေကို ထင်ဟပ်စေသည်။

ထိုကဲ့သို့သော သဘောတူညီချက်အများစုတွင် နိုင်ငံအချင်းချင်း သဘောတူစာချုပ်များတွင် ပါဝင်သော ဖော်ပြချက်များကိုသာ ပြန်လည်ဖော်ပြခြင်းဖြစ်ပြီး အချို့ကိစ္စရပ်များတွင် ထုံးတမ်းစဉ်လာ နိုင်ငံတကာ ဥပဒေများမှ ပြဋ္ဌာန်းချက်များကို ပြန်လည်ကူးယူထားခြင်းဖြစ်သည်။

ဥပမာ - ရှေ့နေများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂအခြေခံ စည်းမျဉ်းများ၏ နိယာမ - ၁ သည် (ဥပဒေ ကိုယ်စားပြုမှု အခွင့်အရေး) ICCPR ၏ အပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၃(ဃ) ပါ အခွင့်အရေးကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

တရားဝင် ကြေညာသော သဘောတူညီချက်များတွင် လွတ်လပ်ပြီး သမာသမတ်ရှိသော ခုံရုံးရှေ့တွင် မျှတသော တရားစီရင်ခွင့် ရရှိရေးပြဋ္ဌာန်းချက်များ ပါဝင်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းထားသည့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာချက်တွင် "လူတိုင်း၌ ၎င်း၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ဆုံးဖြတ်ရာတွင်၊ ပြစ်မှုဖြင့် စွဲချက်တင်ခံရလျှင် လွတ်လပ်၍ သမာသမတ်ကျသော ခုံရုံးရှေ့တွင် မျှတသော လူထုကြားနာခွင့် အခွင့်အရေးညီတူမျှတူရှိသည်။"ဟု ဖော်ပြထားပါသည်။ လူ့အခွင့်အရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥရောပကောင်စီဝန်ကြီးများ ကော်မတီ၏ လမ်းညွှန်ချက်များအနက် လမ်းညွှန်ချက် ၉ တွင် "အကြမ်းဖက်မှု လုပ်ဆောင်မှုများ အတွက် စွပ်စွဲခံရသော ပုဂ္ဂိုလ်သည်ပင်လျှင် ဥပဒေက ပြဋ္ဌာန်းထားသော လွတ်လပ်၍ ဘက်မလိုက် သည့် တရားရုံးရှေ့မှောက်တွင် ကြားနာခွင့်ရှိသည်" ဟုဆိုသည်။ ဥရောပသမဂ္ဂ အခြေခံအခွင့်အရေးများ သဘောတူညီချက်၏ အပိုဒ်ခွဲ ၄၇ တွင် "လူတိုင်း၌ ဥပဒေအရ တည်ထောင်ထားသော လွတ်လပ်သည့် သမာသမတ်ကျသော ခုံရုံးရှေ့၌ ကြားနာခွင့်ရှိသည်"ဟု ဖွင့်ဆိုထားသည်။ လူသား၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အမေရိကန် ကြေညာချက်၏အပိုဒ်ခွဲ ၂၆ တွင် "ပြစ်မှုဖြင့် စွပ်စွဲ ခံရသူတိုင်းတွင် ယခင်တည်ဆဲဥပဒေများအရ တည်ထောင်ထားသော တရားရုံးများတွင် ကြိုးစားခွင့်ရှိသည်" ဖော်ပြထားသည်။

*လွတ်လပ်၍ သမာသမတ်ကျသော ခုံရုံးရှေ့တွင် မျှတသော တရားစီရင်ခွင့်ရှိပြီး ယင်းအချက်ကို နိုင်ငံအချင်းချင်း သဘောတူညီချက်များတွင် အသိအမှတ်ပြုပြီး ထုံးတမ်းစဉ်လာ နိုင်ငံတကာ ဥပဒေ၏ တစိတ်တပိုင်းလည်း ဖြစ်သည်။ ထို့ကြောင့် ဤနိုင်ငံအချင်းချင်း သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးခြင်း မရှိသော (သို့) သဘောမတူသော နိုင်ငံများ သော်မှ အဆိုပါ အခွင့်အရေးကို လေးစားပြီး ၎င်းတို့၏ တရားစီရင်ရေးစနစ်များကို လိုအပ်သလို ပြောင်းလဲရန် ဤနိုင်ငံတကာ စာချုပ်များက စည်းနှောင်ထားသည်။*[14]

14 *Guidelines of the committee of Ministers of the Council of Europe on human rights and the fight against terrorism,* adopted by the Committee of Ministres on 11 July 2002 at the 804th Session of the Council of Europe Ministers' Deputies.



## သဘာဝတရားသူကြီး၏ နိယာမ

"သဘာဝတရားသူကြီး" သဘောတရားသည် တရားမျှတသော စစ်ဆေးစီရင်ခွင့်ကို ဖော်ပြသော အခြေခံ အာမခံတစ်ခုဖြစ်သည်။ ဤဥပဒေသက သာမန်ဖြစ်သော ကြိုတင်တည်ထောင်ထားသော အရည်အချင်းရှိသည့် ခုံရုံး (သို့) တရားသူကြီးရှေ့မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ စစ်ဆေးရန် မလိုဟု ဆိုလိုသည်။ ဤသဘောတရားနှင့် ကြောင်းကျိုးဆက်စပ်၍ ပြောရလျှင် "အရေးပေါ်" "ဖြစ်ရိုး ဖြစ်စဉ် မဟုတ်သော" ထူးခြားသော တရားရုံးများကို တားမြစ်ထားပါသည်။ ဤတားမြစ်မှုကို အထူး တရားစီရင်ပိုင်ခွင့်နှင့် ရောထွေးရန်မလိုပေ။ "သဘာဝတရားသူကြီး" နိယာမသည် တရားဥပဒေနှင့် တရားရှေ့မှောက်ရှိ တရားမျှတမှုဟူသည့် နှစ်မျိုးကိုအခြေခံသော သဘောတရားပေါ်တွင် အကြောင်းရင်းခံပြီး တရားသူကြီး များသည် ဥပဒေကို အသုံးပြုရာတွင် ခွဲခြားဆက်ဆံ၍ မလုပ်ဆောင်သင့်ပေ။ လူ့အခွင့်အရေးကော်မတီ "ဥပဒေရှေ့မှောက်တွင် တရားမျှတခွင့်နှင့် ခွဲခြားဆက်ဆံမှု မပါဝင်ပဲ တရားဥပဒေ၏ မျှတသော အကာအကွယ် ရယူခွင့်တို့သည် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ဆက်ဆံခြင်းနှင့် ကွာခြားမှု မရှိပါ။"[15] ဟု ထောက်ပြခဲ့သည်။

သို့သော်လည်း ကြောင်းကျိုးဆီလျော်သော ဓမ္မဓိဋ္ဌာန်ကျသော အကြောင်းရင်းရှိလျှင် ထိုသို့ ဆက်ဆံမှု ပုံစံကွဲပြားခြင်းကို ခံနိုင်သည်ဟု ကော်မတီက ထပ်ခါတလဲလဲ ဖော်ပြထားပါသည်။[16]

လူ့အခွင့်အရေး ကော်မရှင်ကလည်း ၎င်း၏ ဆုံးဖြတ်ချက်များတွင် "သဘာဝ တရားသူကြီး နိယာမကို အကြိမ်ကြိမ်အခါခါ ဖော်ပြခဲ့ပါသည်။ ဥပမာ-ဆုံးဖြတ်ချက် အမှတ် ၁၉၈၉ / ၃၂ တွင် နိုင်ငံများ အနေဖြင့် Singhvi ကြေညာစာတမ်းဟု အမည်တွင်သော ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်သော တရားစီရင်မှု ကြေညာချက်မူကြမ်းတွင် ပါဝင်သော သဘောတရားများကို ထည့်သွင်းစဉ်းစားရမည်ဟု ကော်မရှင်က အကြံပြုထားသည်။[17] ကြေညာစာတမ်း၏ အပိုဒ်ခွဲ ၅ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ (ခ) တရားရုံးတွင် သင့်တင့်လျောက်ပတ်စွာ တရားဝင်အပ်နှင်းထားသော တရားစီရင်ပိုင်ခွင့်ကို ဖယ်ရှားရန် အထူးကိစ္စအတွက် ဖွဲ့စည်းထားသော ခုံရုံးကို မဖွဲ့စည်းရပါ။ (ဂ) တရားရုံးများ၏ ပြန်လည်သုံးသပ်မည် ဟူသည့် ခေါင်းစဉ်အောက်တွင် လူသားအားလုံးတွင် သာမန်တရားရုံးများ (သို့) တရားစီရင်ရေးခုံရုံးတွင် အဆောတလျင် တရားစီရင်စစ်ဆေးခွင့်ရှိပြီး မသင့်လျော်သော နှောင့်နှေးမှုများ မရှိစေရပါ။ (င) အရေးပေါ် အခြေအနေတွင် ပြစ်မှုဖြင့် တရားစွဲဆိုခံရသော အရပ်သားများကို သာမန်အရပ်သား တရားရုံးများက စစ်ဆေးစီရင်ခွင့်ကို အစိုးရက ခွင့်ပြုပေးရမည်။" "တရားစီရင်မှုစနစ်၏ တည်ကြည်မှု" ကို ဆုံးဖြတ်ချက် နှစ်ခုတွင် မီးမောင်းထိုးပြထားရာ ကော်မရှင်က ဤသို့ဆိုပါသည်။ "လူတိုင်းတွင် မှန်မှန်ကန်ကန် ဖွဲ့စည်း တည်ထောင်ထားသော ဥပဒေလုပ်ထုံးလုပ်နည်းများကို အသုံးပြုသည့် သာမန် တရားရုံးများတွင် တရားစီ ရင်စစ်ဆေးပိုင်ခွင့်ရှိပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများကို အသုံးမပြုထားသော ခုံရုံးများကို သာမန် တရားရုံးများ (သို့) တရားစီရင်ရေး ခုံရုံးများက ကျင့်သုံးသော တရားစီရင်ပိုင်ခွင့်ကို ဖယ်ရှားကာ အစားဝင်

15 Communication 172/1984, S. W. M. Brooks v. the Netherlands, (Views adopted on 9 April 1987), uN document Supp. 40 (A/42/40) at 139, annex VIII.B, para. 13. See also, among others: Communication No. 182/1984, Zwaan-de-Vries v. The Netherlands, (Views adopted on 9 April 1987), uN document Supp. No. 40 (A/42/40) at 160, annex VIII.B; Communication 196/1985,Ibrahima Gueye and others v. France(Views adopted on 3 April 1989), uN document CCPR/C/35/d/196/1985; and Communication 516/1992, Alina Simunek v. The Czech Republic(Views adopted on 19 July 1995), uN document CCPR/C/54/d/516/1992.

16 Ibid.

17 The Singhvi Declarationformed the basis for the united Nations' Basic Principles on the Independence of the Judiciary.

ယူရန် မဖန်တီးသင့်ပါ"[18]

အထူးတရားရုံးများ (သို့) တရားစီရင်ပိုင်ခွင့်တည်ရှိခြင်း သဘောကို အကြောင်းအရာ၏ အပေါ်မူတည်ပြီး ကျယ်ကျယ်ပြန့်ပြန့် လက်ခံကာ ဖော်ညွှန်းသည်။ ဥပမာ - ဥပဒေစနစ် အများစုတွင် အလုပ်သမားရေးရာ၊ စီမံအုပ်ချုပ်ရေး၊ မိသားစုနှင့် စီးပွားရေးတို့ကို ကိုင်တွယ်မည့် အထူးတရားစီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် ခြွင်းချက်အနေဖြင့် ပြစ်မှုများတွင် အချို့သော တရားယှဉ်ပြိုင်ဘက်များဖြစ်သည့် တိုင်းရင်းသားများနှင့် လူငယ်များအတွက် အထူးတရားစီရင်ပိုင်ခွင့်ကို နိုင်ငံတကာ ဥပဒေတွင် အသိအမှတ်ပြုထားပြီး တရားစွဲဆိုခံရသည့် အကြောင်းအရာပေါ် မူတည်ပြီး ဖော်ညွှန်းသည်။

လူ့အခွင့်အရေးကော်မတီသည် "သဘာဝတရားသူကြီး" နိယာမအတွက် သိသာထင်ရှားသော ဥပဒေအတတ်ပညာကို ဖော်ပြမထားပါ။ သို့သော် "သာမန်ထက်ထူးခြားသော" (သို့) အထူးတရားရုံးများကိုမူ ရှင်းပြထားသည့် သဘောသဘာဝအရ အထူးတရားရုံးများသည် သဘောတူညီချက်၏အပိုဒ်ခွဲ ၁၄ (၁)

- ၁၉၈၄ ခုနှစ်တွင် ပြဋ္ဌာန်းထားသော အထွေထွေမှတ်ချက် အမှတ် ၁၃ တွင် ကော်မတီက အောက်ပါအတိုင်းရှုမြင်ထားပါသည်။ "အပိုဒ်ခွဲ ၁၄ ပါပြဋ္ဌာန်းချက်ကို ၎င်းနှင့်သက်ဆိုင်သော သာမန် (သို့) အထူးတရားရုံး၊ ခုံရုံးများအားလုံးအတွက် အသုံးပြုနိုင်သည်။ နိုင်ငံတော်တော်များများရှိ အရပ်သားများကို စစ်ဆေးသော စစ်ဘက် (သို့) အထူးတရားရုံးများ၏ တည်ရှိမှုကိုလည်း ကော်မတီက သိရှိပါသည်။ ယင်းသည် တရားမျှတသော၊ ဘက်မလိုက်သော၊ လွတ်လပ်သော တရားစီရင်ရေးအပေါ်တွင် ဆိုးရွားသော ပြဿနာများကို ဖန်တီးစေနိုင်ပါသည်။

ရံဖန်ရံခါတွင် ထိုကဲ့သို့သော တရားရုံးကို တည်ရှိစေခြင်းသည် ပုံမှန်တရားရေး စံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် ခြွင်းချက်လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရန်ဖြစ်ပါသည်။ သဘောတူညီချက် အနေဖြင့် ထိုကဲ့သို့သော တရားရုံးမျိုး ဖွဲ့စည်းတည်ထောင်မှုကို မတားမြစ်နိုင်ပဲ အရပ်သားများကို အဆိုပါ တရားရုံးများ၌ စစ်ဆေးစီရင်ခြင်းသည် အလွန်ထူးခြားသော အခြေအနေ အနေအထားမျိုးကို ဖော်ပြနေပါသည်။ အပိုဒ်ခွဲ ၁၄ တွင် ဖော်ပြထားသည့် အာမခံ အပြည့်အဝပေးရမည့် အခြေအနေမျိုးတွင်သာ ဖြစ်ရပါမည်။ အကယ်၍ သက်ဆိုင်ရာနိုင်ငံများသည် အပိုဒ်ခွဲ ၄ တွင် ဖော်ပြထားသော အရေးပေါ် အခြေအနေမျိုးတွင် အပိုဒ်ခွဲ ၁၄ တွင် တောင်းဆိုထားသည်။ ပုံမှန် လုပ်ထုံးလုပ်နည်းများမှ သွေဖည်ရန် ဆုံးဖြတ်လေ့ရှိပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အမှန်တကယ်ဖြစ်နေသော အနေအထား၏ အရေးပေါ် လိုအပ်ချက်ထက် မကျော်လွန်စေပဲ အပိုဒ်ခွဲ ၁၄ အပိုဒ် ၁ ပါ အခြားသော အခြေအနေများကိုလည်း လေးစားလိုက်နာရမည်။"[19]

18 Operative paragraph N° 2 of Resolutions N° 2002/37 of 22 April 2002 and N°2003/39 of 23 April 2003.

19 Human Rights Committee, General Comment N° 13: Equality before the courts and tribunals and the right to a fair and public hearing by a competent, independent and impartial tribunal established by law (article 14 of the Covenant), para. 4, uN document HR1/GEN/1/Rev.3, p.17.



ကော်မတီသည် အထူးတရားရုံးများ အသုံးပြုမှုအပေါ် စိုးရိမ်ပူပန်ကြောင်း[20] မကြာသေးမီနှစ်များအတွင်း ကြိမ်ဖန်တလဲလဲ ပြောကာ ထိုကဲ့သို့သော တရားရုံးများကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း ထောက်ခံအကြံပြုတင်ပြခဲ့ပါသည်။[21] အထူးတရားရုံးများဖျက်သိမ်းမှုကို၊ ICCPR ၏ နိုင်ငံတော် အဆင့် အကောင်အထည်ဖော်မှုအတွက် အပြုသဘောဆောင်သော အချက်အဖြစ် ရှုမြင်ခဲ့ပါသည်။[22]

- *ကော်မတီသည် နိုင်ဂျီးရီးယားနိုင်ငံအား "အထူးခုံရုံး ဖွဲ့စည်းတည်ထောင်ခြင်း(သို့) အခြေခံအခွင့်အရေးကို သာမန်ဖွဲ့စည်းပုံအရ အာမခံပေးခြင်း (သို့) သာမန်တရားရုံးများ၏ တရားစီရင်မှုကို ပယ်ဖျက်ခြင်းတို့နှင့် သက်ဆိုင်သော ဒီကရီများအားလုံးကို ဖယ်ရှားရန် အကြံပြုခဲ့ပါသည်။"[23]*
- *နီကာရာဂွါကိစ္စတွင် သီးသန့်ရည်ရွက်ချက်အတွက် ဖွဲ့စည်းသော အထူးခုံရုံးများတွင် စစ်ဆေးခြင်းသည် သဘောတူညီချက်၏ အပိုဒ်ခွဲ ၁၄ တွင် ဖော်ပြထားသော တရားမျှတသော တရား စီရင်မှုကို အာမခံနိုင်ခြင်းမရှိသည်" ကို ကော်မတီက လေ့လာတွေ့ရှိခဲ့ပါသည်။[24]*
- *ကော်မတီသည် မျှတသော တရားစီရင်ခွင့် ချိုးဖောက်မှုကို အမှုတစ်ခုတွင် တွေ့မြင်ခဲ့ပါသည်။ ယင်းအမှုတွင် စွပ်စွဲခံရသူကို ပထမအကြိမ် စစ်ဆေးမှုတွင်ပင် အပြစ်ရှိသည်ဟု ကောက်ချက်ချခဲ့ပြီး အယူခံဝင်ရာ မည်သူမည်ဝါမှန်း မသိသော တရားသူကြီးများက လူထုကြားနာစစ်ဆေးမှုနှင့် adversarial proceeding ကို မဆောင်ရွက်ခဲ့ပါ။ စစ်ဆေးစဉ်အတွင်း စွပ်စွဲခံရသူဘက်မှ ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ ကိုယ်စားလှယ်ကိုလည်းကောင်း ရှိခွင့်၊ မိမိကိုယ်ကိုယ် အပြစ်ခုခံကာကွယ်ခွင့်တို့ကို ပေးမထားပါ။ ထို့အပြင် စွဲချက်အတွက် မျက်မြင်သက်သေကိုလည်း မေးခွန်းမေးခွင့် မပေးပါ။[25]*
- *ပီရူးနှင့် သက်ဆိုင်သည့် အလားတူ အမှုကိစ္စတွင်လည်း ကော်မတီက အောက်ပါအတိုင်း တွေ့ရှိခဲ့ပါသည်။ "မည်သူမည်ဝါမှန်းမသိသော တရားသူကြီးများသည် ဂေးလံခေါင်သီသော အကျဉ်းထောင်တစ်ခုတွင် စစ်ဆေးစီရင်သည့် စနစ်၏ သဘောသဘာဝသည် လူထု*

20 Communication No. 328/1988, Roberto Zelaya Blanco v. Nicaragua (Views adopted on 20 July 1994), uN document CCPR/C/51/d/328/1988. See also the Concluding Observations of the Human Rights Committee on Nigeria, uN documents CCPR/C/79/Add.65 and CCPR/C/79/Add.64; Concluding Observations of the Human Rights Committee on Morocco, uN documents A/47/40, paras. 48-79 and CCPR/C/79/Add.113, para. 18; Concluding Observations of the Human Rights Committee on France, uN document CCPR/C/79/Add.80, para. 23; Concluding Observations of the Human Rights Committee on Iraq, uN document CCPR/C/79/ Add.84, para. 15; and Concluding Observations of the Human Rights Committee on Egypt, uN document A/48/40, para. 706.

21 See, for example, the Concluding Observations of the Human Rights Committee on Gabon, uN document CCPR/CO/70/GAB, para. 11.

22 See, for example, the Concluding Observations of the Human Rights Committee on Guinea, uN document CCPR/C/79/Add.20, para 3, and the Concluding Observations of the Human Rights Committee on Senegal, uN document CCPR/C/79/Add.10, para 3.

23 Preliminary Concluding Observations of the Human Rights Committee on Nigeria, uN document CCPR/C/79/ Add.64, para. 11.

24 Communication No. 328/1988, Roberto Zelaya Blanco v. Nicaragua, doc. cit.,para. 10.4.

25 Communication No. 1298/2004, Manuel Francisco Becerra Barney v. Colombia (Views adopted on 11 July 2006), UN document CCPR/C/87/D/1298/2004, para. 7.2

*ပါဝင်လာမှု ရှောင်လွဲလို၍ ဖြစ်သည်ဟု ခန့်မှန်းပါသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် စွပ်စွဲခံရသူများ အနေဖြင့် မိမိကိုစစ်ဆေးနေသော တရားသူကြီးမည်သူမည်ဂါဖြစ်သည်ကို မသိသလို ခုခံကာကွယ်ရေးအတွက် ၎င်းတို့၏ ရှေ့နေများနှင့် တွေ့ဆုံပြင်ဆင်မှုအတွက် လက်ခံနိုင်စရာ မရှိသော နှောင့်နှေးမှုများကို ဖန်တီးပါသည်။ ထို့အပြင် အဆိုပါစနစ်သည် တရားမျှတသော တရားစီရင်မှု၏ အရေးပါမှုကိုလည်း အာမမခံနိုင်ပါ။ ခုံရုံးသည် လွတ်လပ်သော သမာသမတ်ရှိသော ခုံရုံးဖြစ်ရမည်။ ထိုကဲ့သို့သော ခုံရုံးအဖြစ် ရှုမြင်ရမည်။ "မည်သူမည်ဂါမှန်းမသိသော တရားသူကြီးများ" က စစ်ဆေးစီရင်သော စစ်ဆေးမှုတွင် လွတ်လပ်မှု မရှိနိုင်သလို သမာသမတ်ရှိမှုကိုလည်း အာမခံနိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သီးခြားဖွဲ့စည်းထားသော ခုံရုံးတွင် လက်နက်ကိုင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသူများ ပါဝင်ကောင်း ပါဝင်နိုင်သည်။*[26]

အထူးခုံရုံးများသည်၊ CCPR ၏ အပိုဒ်ခွဲ ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဟု လူ့အခွင့်အရေးကော်မတီက သတ်မှတ်ထားပါသည်။ ထိုကဲ့သို့သော တရားရုံးမျိုးကို ဖွဲ့စည်းခြင်းသည် တရားစီရင်မှု၏ ပုံမှန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိသော ထူးခြားသော လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်လို၍ ဖြစ်သည်။[27]

ဥပဒေအရ ပြဋ္ဌာန်းထားသော ခုံရုံးစစ်ဆေးခွင့်ကို လူ့အခွင့်အရေးဆိုင်ရာ ဥရောပ တရားရုံးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပကော်မရှင်တို့က ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း "သဘာဝ တရားသူကြီး" နိယာမကိုမူ အတိအကျ ရည်ညွှန်းခြင်း မရှိပါ။

- Zand နှင့် ဩစတြေးလျအမှုကိစ္စနှင့် စပ်လျဉ်းသည့် ဥရောပကော်မရှင်၏ အစီရင်ခံစာတွင် လူ့အခွင့်အရေးဆိုင်ရာဥရောပသဘောတူညီချက်၏အပိုဒ်ခွဲ ၆ (၁)၏ရည်ရွယ်ချက်အတိုင်း ရှုမြင်သုံးသပ်ပါသည်။ ဥပဒေအရ ခုံရုံးများတည်ထောင်မှုတွင် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း၌ တရားစီရင်မှုကို စီမံအုပ်ချုပ်ရေးအဖွဲ့သို့ မပေးအပ်သင့်ပဲ ပါလီမန်၏ ဥပဒေတစ်ရပ်ဖြင့် ပြဋ္ဌာန်းဆောင်ရွက်သင့်သည်ဟု ဆိုပါသည်။ သို့သော်လည်း အာဏာလွှဲအပ်ခြင်းသည် တရားစီရင် ရေးအဖွဲ့ ဖွဲ့စည်းခြင်းကဲ့သို့သော ကိစ္စမျိုးတွင် လက်သင့်မခံနိုင်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အပိုဒ်ခွဲ ၆(၁)တွင် ဥပဒေပြုလွှတ်တော်သည် ဥပဒေအရ အရာအားလုံးကို သတ်မှတ်ပြဋ္ဌာန်း မည်ဖြစ်ပြီး တရားစီရင်ရေးအဖွဲ့၏ မူဘောင်တစ်ခုလုံးကို ရေးဆွဲပေးမည်ဖြစ်သည်။ [28]

လူ့အခွင့် အရေးဆိုင်ရာ Inter-American ကော်မရှင်လည်း သဘာဝတရားသူကြီးနိယာမကို ညွှန်းဆိုဖော်ပြပါသည်။ ကော်မရှင်၏ ရပ်တည်ချက်ကို အဖွဲ့ဝင်နိုင်ငံများသို့ အထွေထွေ အကြံပြုချက် ၁၉၉၇ တွင် ရှင်းလင်းစွာ အကျဉ်းချုပ်ဖော်ပြထားပါသည်။ "တရားစီရင်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အဖွဲ့ဝင်

26 Communication No. 577/1994, Víctor Alfredo Polay Campos v. Peru(Views adopted on 6 November 1997), uN document CCPR/C/61/d/577/1994, para. 8.8. See also Communication No. 1126/2002, Marlem Carranza Alegre v. Peru(Views adopted on 28 October 2005), uN document CCPR/C/85/d/1126/2002, para. 7.5.

27 Human Rights Committee, General Comment No. 29 - States of Emergency (article 4), doc. cit.,para 4.

28 Report of 12 October 1978, Case of Primncv Zand v. Austria, Request N° 7360/76, para. 70.



နိုင်ငံများအနေဖြင့် မိမိတို့၏နိုင်ငံသားများကို သာမန်ဥပဒေနှင့် တရားဥပဒေအရနှင့် ၎င်းတို့၏ သဘာဝတရားသူကြီးများဖြင့်သာ တရားစီရင်မည်ဟု ကော်မရှင်က သတိပေးထားပါသည်။"[29]

## စစ်ဘက်ခုံရုံးများ

စစ်ဘက်ဆိုင်ရာ ပြစ်မှုခုံရုံးများ၏ တည်ရှိမှုသည် တရားမျှတသော တရားစီရင်ခွင့်နှင့် ပတ်သက်၍ ဆိုးရွားသော ပြဿနာများကို ဖန်တီးပေးသည်။ လူ့အခွင့်အရေးကော်မတီအနေဖြင့် ၎င်း၏နိုင်ငံအလိုက် လေ့လာတွေ့ရှိချက်များတွင် ဥပဒေပြဋ္ဌာန်းခြင်းကို စနစ်တကျ စီစဉ်ပေါင်းစည်းရန် လိုအပ်ပြီး သို့မှသာ နိုင်ငံသားများအနေဖြင့် စစ်ဘက်ခုံရုံးများ မဟုတ်ဘဲ အရပ်ဘက် တရားရုံးများ၏ စီရင်ခြင်းခံရမည်ဖြစ်ကြောင်း မကြာခဏဆိုသလို ထောက်ခံပြောဆိုလျက်ရှိပါသည်။[30]

- "လက်ဘနွန်ရှိ စစ်ဘက်တရားရုံးများ၏ ကျယ်ပြန့်သော တရားစီရင်ပိုင်ခွင့် အထူးသဖြင့် စည်းကမ်းထိန်းသိမ်းရေးပိုင်းထက် ကျော်လွန်ကာ အရပ်သားများကို တရားစီရင်ခြင်းနှင့် ပတ်သက်၍ လူ့အခွင့်အရေးကော်မတီက ၎င်း၏ ပူပန်သောကကို ဖော်ပြခဲ့ပါသည်။ ထို့အပြင် အဆိုပါ စစ်ဘက်တရားရုံးများ၏ လုပ်ထုံးလုပ်နည်းများ၊ စစ်ဘက်တရားရုံးများ၏ လုပ်ထုံးလုပ် နည်းများအပေါ် စီမံကွပ်ကဲမှုမရှိခြင်းနှင့် သာမန်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် စီမံကွပ်ကဲမှု မရှိခြင်းတို့ကလည်း ပူပန်စရာဖြစ်ကြောင်း လူ့အခွင့်အရေးကော်မတီက ဖော်ပြခဲ့သည်။ နိုင်ငံများသည် စစ်ဘက်တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်ကို ပြန်လည်သုံးသပ်ပြီး စစ်ဘက်အဖွဲ့ဝင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်သက်ဆိုင်သော အမှုများအားလုံးနှင့် အရပ်သား များနှင့်ဆိုင်သော စစ်ဆေးစီရင်မှုအားလုံးကို သာမန်တရားရုံးများသို့ စစ်ဘက်တရားရုံးများက လွှဲပြောင်းပေးရမည်။"ဟု ကော်မတီက အကြံပြုတင်ပြထားပါသည်။[31]

29 Annual Report of the Inter-American Commission on Human Rights - 1997, OAS document OEA/Ser.L/V/ II.98, doc. 6, Chapter VII, Recommendation I, para. 4.

30 See, for example, the Concluding Observations of the Human Rights Committee on Peru, uN document CCPR/C/79/Add.67, para. 12; Concluding Observations of the Human Rights Committee on Uzbekistan, uN document CCPR/CO/71/uZB, para. 15; Concluding Observations of the Human Rights Committee on the Syrian Arab Republic, uN document CCPR/CO/71/SYR, para. 17; Concluding Observations of the Human Rights Committee on Kuwait, uN document CCPR/CO/69/KwT, para. 10; Concluding Observations of the Human Rights Committee on Egypt CCPR/C/79/Add.23, para. 9; uN document CCPR/CO/76/EGY, para.16; Concluding Observations of the Human Rights Committee on the Russian Federation, uN document CCPR/C/79/Add.54, para. 25; Concluding Observations of the Human Rights Committee on Slovakia, uN document CCPR/C/79/Add.79, para. 20; Concluding Observations of the Human Rights Committee on Venezuela, uN document CCPR/C/79/Add.13, para. 8; Concluding Observations of the Human Rights Committee on Cameroon, uN document CCPR/C/79/Add.116, para. 21; Concluding Observations of the Human Rights Committee on Algeria, uN document CCPR/C/79/Add.1, para. 5; Concluding Observations of the Human Rights Committee on Poland, uN document CCPR/C/79/Add.110, para. 21; and Concluding Observations of the Human Rights Committee on Chile, uN document CCPR/C/79/Add.104, para. 9

31 Concluding Observations of the Human Rights Committee on Lebanon, uN document CCPR/C/79/Add.78, para. 14.

- ပီရူးအရေးကိစ္စတွင် အရပ်သားများအား တရားစွဲဆိုမှုအပေါ် စစ်ဘက်ခုံရုံးက ကိုင်တွယ်ခြင်းသည်၊ CCPR ၏ အပိုဒ်ခွဲ ၁၄ နှင့် ကိုက်ညီမှု မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် "တရားမျှတသော၊ ဘက်လိုက်မှုကင်းသော၊ လွတ်လပ်သော တရားစီရင်မှုဟူသည့်အချက်နှင့် ညီညွတ်မှု မရှိသောကြောင့် ဖြစ်ကြောင်း ကော်မတီက သုံးသပ်သည်။"[32]
- တာဂျစ်ကစ်စတန်အရေးကိစ္စတွင် "ပြစ်ဒဏ်များ၌ စစ်ဘက်တရားရုံးများသည် စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ ပြည်သူများကို စစ်ဆေးစီရင်နေသည်ဟု ဖော်ပြခဲ့ပြီး" "အဆိုပါ လုပ်ဆောင်မှုပုံစံကို တားမြစ်ရန် စစ်ဘက်တရားရုံးများကို စစ်ဘက်မှသူများကိုသာ တရားစီရင်ရန် တင်းတင်းကြပ်ကြပ် ကန့်သတ်သင့်ကြောင်း"၊ ပြစ်မှုလုပ်ထုံးလုပ်နည်းဥပဒေကို ပြင်ဆင်သင့်ကြောင်း ကော်မတီက အကြံပြုခဲ့သည်။[33]

တရားသူကြီးများနှင့် ရှေ့နေများ၏ လွတ်လပ်မှုအပေါ် အထူးစုံစမ်းစစ်ဆေး အစီရင်ခံသူကလည်း ၎င်း၏အမြင်ကို ဖော်ပြထားပါသည်။ "အရပ်ဘက် ပြည်သူများကို စစ်ဘက်ခုံရုံးများ အသုံးပြု စစ်ဆေးမှုနှင့်ပတ်သက်၍ ထိုကဲ့သို့သော လုပ်ထုံးလုပ်နည်းကို ထိထိရောက်ရောက် တားမြစ်ရန် လိုအပ်ချက်ကို နိုင်ငံတကာဥပဒေက ဆိုထားသည်။"[34]

နောက်ထပ် ပြဿနာတစ်ခုသည် စစ်ဘက်တရားရုံးများ တည်ရှိခြင်းကြောင့် ၎င်းတို့၏ တရားစီရင်မှု နယ်ပယ်အကျယ်အဝန်းဖြစ်သည်။ အထူးသဖြင့် ထိုကဲ့သို့သော တရားရုံးမျိုးတွင် စစ်ဆေးစီရင်မည့် ပြစ်မှုများ၏ သဘောသဘာဝဖြစ်သည်။ လူ့အခွင့်အရေးကော်မတီနှင့် ညှင်းပမ်းနှိပ်စက်မှု ဆန့်ကျင်ရေးကော်မတီသည် အချို့သောနိုင်ငံများတွင် စစ်ဘက်ခုံရုံးများကို ကျယ်ပြန့်သော တရားစီရင်ခွင့်ပေးမှုများကို ခဏခဏ ရည်ညွှန်းပြောဆိုလျက် ရှိပါသည်။

ထိုသို့သော အမှုများတွင် လက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများလည်းပါဝင်ပြီး အဆိုပါကော်မတီများက လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ပါဝင်ပြီး အဆိုပါကော်မတီများက လူ့အခွင့်အရေး ချိုးဖောက်မှုမှလွဲ၍ အခြားပြစ်မှုများကို တင်းကျပ်သော စစ်ဘက်စည်းကမ်းများဖြင့် စီရင်ခြင်းကို ကန့်သတ်တားမြစ်ရန် အကြံပြု ခဲ့ပါသည်။

- ၁၉၉၂ ခုနှစ်တွင် လူ့အခွင့်အရေးကော်မတီက "သဘောတူညီချက်က ခွင့်ပြုအာမခံထားသော အခွင့်အရေးများကို ချိုးဖောက်သည့် လက်နက်ကိုင် အဖွဲ့ဝင်များ (သို့) ရဲများကို အရပ်ဘက် တရားရုံးများတွင် စစ်ဆေးစီရင်၊ အပြစ်ပေးရမည်ဟု" ဗီနီဇွဲလားသို့ အကြံပြုခဲ့ပါသည်။"[35]

32 Concluding Observations of the Human Rights Committee on Peru, uN document CCPR/CO/70/PER, para. 11

33 Concluding Observations of the Human Rights Committee on Tajikistan, uN document CCPR/CO/84/TJK, para. 18. See also the Concluding Observations of the Human Rights Committee on Serbia, uN document CCPR/CO/81/SEMO, para. 20, where the Committee expressed its concern at "the possibility of civilians being tried by military courts for crimes such as disclosure of State secrets" and stated that Serbia "should give effect to its aspiration to secure that civilians are not tried by military courts". See also, for example, Concluding Observations of the Human Rights Committee on Equatorial Guinea, uN document CCPR/CO/79/GNQ, para. 7

34 Report of the Special Rapporteur on the independence of judges and lawyers on his mission to Peru, uN document E/CN.4/1998/39/Add.1, para. 78

35 Concluding Observations of the Human Rights Committee on Venezuela, uN document CCPR/C/79/Add.13., para. 10.



- ဘရာဇီးအရေးကိစ္စတွင် "လူ့အခွင့်အရေး ချိုးဖောက်မှုများဖြင့် စွပ်စွဲခံရသော စစ်ရဲများကို စစ်ဘက်တရားရုံးတွင် စစ်ဆေးခြင်း"နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းနှင့် "အဆိုပါ အမှုများ၏ တရားစီရင်ခွင့်ကို အရပ်ဘက်တရားရုံးများသို့ လွှဲပြောင်းခြင်းမရှိမှု" အတွက် ဝမ်းနည်းမိကြောင်း ကော်မတီက ပြောကြားခဲ့သည်။[36]
- ကိုလံဘီယာက တင်ပြခဲ့သည့် ၁၉၉၂ အစီရင်ခံစာကို သုံးသပ်လျှင် "ရဲလုံခြုံရေးဝန်ထမ်းနှင့် စစ်ဘက်ဝန်ထမ်းများ ပြစ်ဒဏ်မခံရမည်ကို" ကော်မတီက စိုးရိမ်ပူပန်နေသည်။ "ထို့ကြောင့် အာဏာကို အလွဲသုံးစားပြုပြီး ပြည်သူ့အခွင့်အရေးကို ချိုးဖောက်နေသော လက်နက်ကိုင်အဖွဲ့ ဝင်များအားလုံးအတွက် တရားစီရင်ပြီး အပြစ်ပေးနိုင်ရန် မည်မျှပင် စီစဉ်ဆောင်ရွက်သည်ဖြစ်စေ လုံလောက်မှုရှိမည် မဟုတ်ပါ။ စစ်ဘက်တရားရုံးများသည် ပြည်သူပြည်သားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ချိုးဖောက်ထားသောကြောင့် ဖြစ်သည်။"[37]
- ဂွါတီမာလာကွန်ဂရက်သို့တင်ပြလာသော စစ်ဘက်ဆိုင်ရာ တရားစီရင်မှု ဥပဒေမူကြမ်းအရ စစ်ဘက်တရားရုံးများသည် သာမန်ပြစ်မှုများဖြင့် စွပ်စွဲခံရသော စစ်ဘက်ဝန်ထမ်းများကို စစ်ဆေးစီရင်နိုင်သည်။ ညှင်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကော်မတီက အဆိုပါ ဥပဒေမူကြမ်းကိုပြင်ဆင်ရန်နှင့် "စစ်ဘက်သဘောသဘာဝနှင့် သီးခြားဖြစ်သော ပြစ်မှုများဖြင့် စွပ်စွဲခံရသော စစ်ဘက်ဝန်ထမ်းများကို စစ်ဘက်တရားရုံးများတွင် တရားစီရင်ခြင်းကို ကန့်သတ်ရမည်ဟု အကြံပြုခဲ့သည်။"[38]
- ၂၀၀၆ ခုနှစ်တွင် လူ့အခွင့်အရေးကော်မတီက ကွန်ဂို ဒီမိုကရက်သမ္မတနိုင်ငံရှိ "စစ်ဘက်တရားရုံးများ ဆက်လက်တည်ရှိနေမှုနှင့် အဆိုပါတရားရုံးများတွင် မျှတသော တရားစီရင်မှုကို အာမခံနိုင်မှု မရှိခြင်း"အပေါ် စိုးရိမ်ပူပန်လျက်ရှိပြီး သာမန်ပြစ်မှုများအတွက် စစ်ဘက်တရားရုံးများကို သက်ဆိုင်ရာ နိုင်ငံက ဖျက်သိမ်းသင့်သည်ဟု အကြံပြုထားပါသည်။[39]
- "လူ့အခွင့်အရေး ချိုးဖောက်သည့်အမှုများ အထူးသဖြင့် စစ်ဘက်ဝန်ထမ်းများက အရပ်ဘက် ပြည်သူများအား ညှင်းပမ်းနှိပ်စက်မှုနှင့် ရက်စက်သော၊ လူမဆန်သော၊ သိက္ခာချသော ဆက်ဆံမှုတို့ကို ဝန်ထမ်းနှင့်သက်ဆိုင်သော ချိုးဖောက်မှုများဖြစ်သောကြောင့် အရပ်ဘက် တရားရုံးများတွင်သာ အမြဲကြားနာစစ်ဆေးရမည်" ဟု ညှင်းပမ်းနှိပ်စက်မှု

36 Concluding Observations of the Human Rights Committee on Brazil (1996), uN document CCPR/C/79/Add.66, para. 315. In 2005, the Committee reiterated its concern in the following terms: "[…] The ordinary courts should have criminal jurisdiction over all serious human rights violations committed by the military police, including excessive use of force and manslaughter, as well as intentional murder." Concluding Observations of the Human Rights Committee on Brazil, uN document CCPR/C/BRA/CO/2, para. 9.

37 Concluding Observations of the Human Rights Committee on Colombia, uN document CCPR/C/79/Add.2., para. 393.

38 Conclusions and Recommendations of the Committee against Torture on Guatemala, uN document CAT/C/ GTM/CO/4, para. 14. See also the ICJ's press release of 31 May 2006 "Guatemala - draft Laws on Military Justice Incompatible with Human Rights" and the legal memorandum, in Spanish, submitted to Congress.

39 Concluding Observations of the Human Rights Committee on the Democratic Republic of the Congo, uN document CCPR/C/COd/CO/3, para. 21.

ဆန့်ကျင်ရေးကော် မတီက သက်ဆိုင်ရာ နိုင်ငံများအား အကြံပြုထားပါသည်။[40]

"အကယ်၍ စစ်ဘက်တရားစီရင်မှု ဆက်လက်တည်ရှိနေမည်ဆိုလျှင် အောက်ပါဥပဒေသ လေးချက်ကို အသိအမှတ်ပြု လိုက်နာရမည်"ဟု အဓမ္မဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းအဖွဲ့က စစ်ဘက်ခုံရုံးများနှင့် ပတ်သက်၍ စည်းမျဉ်းများ ရှင်းရှင်းလင်းလင်း ချမှတ်ထားသည်။

- အရပ်ဘက်ပြည်သူများကို စစ်ဆေးရန် အရည်အချင်း မပြည့်မီပါ။
- အကယ်၍ နစ်နာသူသည် အရပ်ဘက် ပြည်သူများဖြစ်ခဲ့လျှင် စစ်ဘက်ဂန်ထမ်းများကို စစ်ဆေးရန် အရည်အချင်း မပြည့်မီပါ။
- ထကြွပုန်ကန်ခြင်း၊ နိုင်ငံတော်အား အကြည်ညိုပျက်အောင်ပြုခြင်း (သို့) ဒီမိုကရက်တစ်အစိုးရကို ထိခိုက်စေသော၊ ထိခိုက်စေမည့် အန္တရာယ်ရှိသော ကျူးလွန်မှုမျိုးနှင့် ပတ်သက်ဆက်နွယ်နေသည့် အရပ်ဘက်ပြည်သူများနှင့် စစ်ဘက်ဂန်ထမ်းများကို စစ်ဆေးစီရင်ရန် အရည်အချင်း မပြည့်မီပါ။
- မည်သည့် အခြေအနေမျိုးတွင်မဆို သေဒဏ်အပြစ်ပေးခြင်းကို တားမြစ်ထားပါသည်။[41]

လူ့အခွင့်အရေးဆိုင်ရာ ဥပရောပ တရားရုံးကလည်း စစ်ဘက်တရားသူကြီးများနှင့် စစ်ဘက်ခုံရုံးများအကြောင်းကို အခါအားလျော်စွာ ရည်ညွှန်းပြောဆိုလေ့ရှိပါသည်။ တရားရုံး၏ အဆိုအရ စစ်ဘက်တရားသူကြီးများသည် ၎င်းတို့ အဖွဲ့အစည်း၏ သဘောသဘာဝအရ လွတ်လပ်၍ သမာသမတ်ကျရန် မဖြစ်နိုင်ပါ။

- Findlay နှင့် ယူကေ အမှုတွင် ဥရောပတရားရုံးက လျှောက်ထားသူ၏ စစ်ဘက်တရားရုံးသည် လွတ်လပ်မှု မရှိသလို သမာသမတ်ရှိမည်လည်း မဟုတ်ဆိုသည်။ အကြောင်းမှာ အဖွဲ့ဝင်များသည် ရာထူးအရ တရားရုံးလူကြီး၏ အောက်လက်ငယ်သားများဖြစ်ပြီး အဆိုပါ လူကြီးအနေဖြင့် "အတည်ပြုနိုင်သော အရာရှိလည်းဖြစ်ပြီး ချမှတ်သည့် ပြစ်ဒဏ်များကို ပြောင်းလဲနိုင်သူလည်း ဖြစ်သောကြောင့် ဖြစ်ပါသည်။[42]

ယေဘုယျပြောရလျှင် လူသားနှင့်ပြည်သူ့အခွင့်အရေး အာဖရိကကော်မရှင် (ACHPR)၏ အဆိုအရ "စစ်ဘက်ခုံရုံးသည် သဘောတူညီချက်တွင် ဖော်ပြထားသော အခွင့်အရေးများကို ဆန့်ကျင်ခြင်းမရှိသလို မမျှတသော လုပ်ဆောင်မှုကိုလည်း ကျင့်သုံးမည် မဟုတ်ပါ။" သို့သော် ကော်မရှင်က အချက်တစ်ချက်ကို ထောက်ပြထားသည်။ "စစ်ဘက်ခုံရုံးများသည် အခြားသော လုပ်ငန်းစဉ်များကဲ့သို့ လျော်ကန်ထိုက်သင့်သော လုပ်ငန်းစဉ်၊ မျှတမှု၊ ပွင့်လင်းမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှု စသည့် လိုအပ်ချက်များ

40 Conclusions and Recommendations of the Committee against Torture on Mexico, uN document CAT/C/MEX/ CO/4, para. 14. See also the Conclusions and Recommendations of the Committee against Torture on Peru, uN document CAT/C/PER/CO/4, para. 16: "The State party should: (a) Guarantee the prompt, impartial and thorough investigation of all reports of acts of torture and ill-treatment and forced disappearances perpetrated by agents of the State. Such investigations should not be carried out by the military criminal justice system."

41 Report of the Working Group on Arbitrary Detention, uN document E/CN.4/1999/63, para. 80.

42 Findlay v. The United Kingdom, judgment of the European Court of Human Rights (ECtHR) of 25 February 1997, Series 1997-I, paras. 74-77. In Incal v. Turkey, the Court found that the presence of a military judge on the State Security Court was contrary to the principles of independence and impartiality, which are essential prerequisites for a fair trial. Incal v. Turkey, ECtHR judgment of 9 June 1998, Series 1998-IV, paras 67-73.



အားလုံး တူညီရမည်။" [43] ACHPR သည် အခြေခံမေးခွန်းဖြစ်သည့် အဆိုပါ စစ်ဘက်တရားရုံးများသည် အခြားသော တရားရုံးများ ကဲ့သို့ပင် လွတ်လပ်မှုနှင့် သမာသမတ်ရှိမှု စံနှုန်းများနှင့် ကိုက်ညီမှုရှိရမည်။[44]

"စစ်ဘက်တရားရုံးများ၏ ရည်ရွယ်ချက်သည် စစ်ဘက်ဂန်ထမ်းများ ကျူးလွန်သည့် စစ်ဘက်သဘောသဘာဝစစ်စစ်ဖြစ်သည့် ပြစ်မှုများကို စီစဉ်ဆုံးဖြတ်ရန်ဖြစ်သည်။ အဆိုပါတာဂန်ကို ထမ်းဆောင်စဉ်အတွင်း စစ်ဘက်တရားရုံးများသည် မျှတသော တရားစီရင်သည့် စံနှုန်းများကို လေးစားရန် လိုအပ်သည်။ မည်သည့်အခြေအနေမျိုးတွင်မှ အရပ်သားပြည်သူများကို တရားစီရင်မှု မပြုရပါ။ အလားတူပင် အထူးခုံရုံးများသည် သာမန်တရားရုံးများ၏ တရားစီရင်ရေး နယ်ပယ်တွင်ရှိသော ပြစ်မှုများကို စစ်ဆေးစီရင်ခြင်း မပြုရပါ။" [45] ဟု ACHPA က ဖော်ပြထားပါသည်။

နိုက်ဂျီးရီးယားနှင့်ပတ်သက်၍ အာဖရိကကော်မရှင်သည် အရပ်သားဆူပူလှုပ်ရှားမှုအက်အရ ဖွဲ့စည်းထားသော အထူးစစ်ဘက်ခုံရုံးများက ကိုင်တွယ်သည့် အရပ်သားများအားစစ်ဆေး ပြစ်ဒဏ် ချမှုများကို ဆန်းစစ်ပါသည်။ ထိုခုံရုံးများမှ အဖွဲ့ဝင်များကို စီမံအုပ်ချုပ်ရေးအဖွဲ့က ခန့်အပ်ပါသည်။ အဆိုပါ ခုံရုံးများမှ ဆုံးဖြတ်သည့် စီရင်ချက်များနှင့်ပတ်သက်၍ သာမန်တရားရုံးများတွင် အယူခံဝင်ရန် မဖြစ်နိုင်ပါ။ ပြစ်ဒဏ်များကို အတည်ပြုရန်တာဂန်ရှိသော အဖွဲ့အစည်းသည် အခိုက်အတန့်အားဖြင့် ဖွဲ့စည်းထားသော အာဏာရကောင်စီ (PRG)ဖြစ်ပြီး ၎င်းအဖွဲ့ကို စစ်တပ်မှ ပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

သာမန်တရားရုံးများမှ အမှုများကို စီမံအုပ်ချုပ်ရေးဌာနခွဲသို့ လွှဲပြောင်းပြီး ယင်းဌာနခွဲက အာဖရိက သဘောတူညီချက်ပါ အချက်အလက်များအရ ဖွဲ့စည်းထားသော တရားရုံးအတွက် သမာသမတ်ကျမှုကို ထိန်းညှိပေးသည်ဆိုသည့်အချက်ကိုလည်း ACHPR က ထည့်သွင်း စဉ်းစားပါသည်။ PRG ကဲ့သို့သော အာဏာပိုင်အဖွဲ့ကို အရည်အချင်း ပြည့်မီသည့် တရားစီရင်ရေးအဖွဲ့အဖြစ် သမှတ်ခြင်းသည် လုံခြုံမှုမရှိကြောင်း ယင်းအဖွဲ့သည် လွတ်လပ်မှု မရှိသလို သမာသမတ်လည်းမရှိကြောင်း ACHPR က ယူဆထားပါသည်။ ယင်းကို အခြေခံ၍ အထူးခုံရုံးနှင့် PRG နှစ်ခုစလုံးသည် လွတ်လပ်မှုမရှိကြောင်း ထို့ကြောင့် တရားရုံးများ၏ လွတ်လပ်မှုကို အာမခံသည့် အာဖရိက သဘောတူညီချက်ပုဒ်မခွဲ ၂၆ အရ နိုက်ဂျီးရီးယားသည် ၎င်း၏တာဂန်ကို ဖောက်ဖျက်နေသည်ဟု ACHPR က သုံးသပ်ထားပါသည်။ ထို့အပြင် သမာသမတ် ရှိသော ခုံရုံးရှေ့မှောက်တွင် စစ်ဆေးစီရင်ခွင့်ကိုလည်း ချိုးဖောက်ထားသည်ဟု ACHPR က သုံးသပ်ထားပါသည်။[46]

43 decision of May 2001, Communication 218/98 (Nigeria), para. 44

44 See the decision of November 2000, Communication N° 223/98 (Sierra Leone); decision of April 1997, Communication N° 39/90 (Cameroon); decision of November 1999, Communication N° 151/96 (Nigeria); decision of November 1999, Communication N° 206/97 (Nigeria); decision of 1995, Communication N° 60/91 (Nigeria) para. 15; and decision of 1995, Communication N° 87/93 (Nigeria).

45 Declaration and Recommendations on the Right to a Fair Trial in Africa, approved by the dakar Seminar on the Right to a Fair Trial in Africa, para. 3. See also Principle L of the Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, adopted as part of the African Commission's activity report at 2nd Summit and Meeting of Heads of State of African union, Maputo, 4 -12 July 2003.: "a) The only purpose of Military Courts shall be to determine offences of a purely military nature committed by military person-nel; c) Military courts should not in any circumstances whatsoever have jurisdiction over civilians. Similarly, Special Tribunals should not try offences which fall within the jurisdiction of regular courts".

46 Decision of 31 October 1998, Communication N° 137/94, 139/94, 154/96 and 161/97 (Nigeria), paras. 86, 93 and 95.

သဘာဝတရားသူကြီးနိယာမကို ပြန်လည်အတည်ပြုပြီးနောက် အရပ်သားများသည် စစ်ဘက်ခုံရုံးများနှင့် မသက်ဆိုင်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများဆိုင်ရာ ကော်မရှင်က ဖော်ပြခဲ့သည့် "စစ်ဘက်တရားစီရင်မှုသည် တာဝန်ထမ်းဆောင်ဆဲ စစ်ဘက်ဝန်ထမ်းများ၏ တာဝန်နှင့် ဆက်စပ်နေသော အသေးအဖွဲ့အပြစ်များ (သို့) ပြစ်မှုကျူးလွန်ခြင်းများအတွက် စည်းကမ်းပိုင်းအရ လုပ်ဆောင်မှု သဘောမျှသာဖြစ်သည်။ မည်သည့်အမှုတွင်ဖြစ်စေ ဤသို့သော အထူးတရားစီရင်ပိုင် ခွင့်သည် လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ပြစ်မှု များကို ချန်လှပ်ထားရမည် . . ." [47]

အကြမ်းဖက်မှုနှင့်လူ့အခွင့်အရေးဆိုင်ရာလေ့လာမှုတွင်ကော်မရှင်ကဤသို့ဖော်ပြထားပါသည်။ အမေရိကန်နိုင်ငံများဆိုင်ရာ ဥပဒေသိပ္ပံပညာသည် သာမန်တရားရုံးများသို့ တရားစီရင်ရေးခုံရုံးများကို ဖယ်ရှားပြီး ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာမှုမရှိသော အထူးတရားရုံးများ (သို့) ခုံရုံးများဖွဲ့စည်းခြင်းကို ရှုတ်ချထားပါသည်။ အရေးပေါ်အခြေအနေတွင် သီးသန့်ရည်ရွယ်ချက်ရှိသော (သို့) အထူးတရားရုံးများ (သို့) စစ်ဘက်ခုံရုံးများကို အသုံးပြုပြီး လုံခြုံရေးဆိုင်ရာ ကျူးလွန်သည့် အရပ်သားများကို တရားစွဲဆိုခြင်းကိုလည်း ကော်မရှင်၊ အမေရိကန် နိုင်ငံများဆိုင်ရာ တရားရုံးနှင့် အခြား နိုင်ငံတကာ အာဏာပိုင်များက စွပ်စွဲရှုတ်ချထားပါသည်။ ယင်းခုံရုံးများသည် လွတ်လပ်မှုမရှိဘဲ အုပ်ချုပ်ရေးပိုင်း၏ လွှမ်းမိုးမှုရှိနေခြင်း၊ သင့်လျော်မှန်ကန်သော လုပ်နည်းလုပ်ဟန်များ မရှိခြင်း၊ အဆိုပါ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်းများတွင် မျှတသောတရားစီရင်မှုကို အာမခံနိုင်မှုမရှိခြင်းတို့ကြောင့် ထိုသို့ ဝေဖန်ရှုတ်ချခြင်းဖြစ်သည်။" [48]

Castillo Petruzzi et al နှင့် ပီရူးအမှုတွင် အရပ်သားများကို စစ်ဘက်တရားရုံးများတွင် စစ်ဆေးစီရင် ခြင်းအပေါ် တိကျရှင်းလင်းပြတ်သားသော ရပ်တည်ချက်ကို ချမှတ်ပြဌာန်းခဲ့သည်။ ၁၉၉၉ မေ ၃၀ ဆုံးဖြတ်ချက်တွင် "တရားစီရင်ရေး လွတ်လပ်မှု အခြေခံသဘောတရားသည် လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော သာမန်တရားရုံးတွင် ကြားနာစစ်ဆေးခွင့်ရှိခြင်းဖြစ်သည်ဟု"တရားရုံးက သုံးသပ်ထားပါသည်။ [49]

> *အထူးတရားရုံး (သို့) ခုံရုံး၏ တရားစီရင်ဆုံးဖြတ်မှုသည် လွတ်လပ်၍ သမာသမတ်ကျသော ခုံရုံးထံမှ တရားမျှတသော စီရင်မှုရရှိရေးကို ချိုးဖောက်သည်ဟု မဆိုသာသော်လည်း သဘာဝတရား စီရင်ပိုင်ခွင့် ဖယ်ရှားခြင်းနှင့် ဖော်ပြပါလုပ်ဆောင်မှုတို့၏ တရားမျှတမှုမရှိခြင်းတို့ကြားရှိ ခွဲခြား၍မရနိုင်သော ဆက်နွယ်မှုကို ဖော်ပြပါသည်။ နိုင်ငံတကာ ဥပဒေအရ စစ်ဘက်ခုံရုံးများသည် အရပ်သားများကို မည်သည့် အခြေအနေမျိုးတွင်မှ စီရင်ခွင့်မရှိပါ။ ၎င်းတို့၏ တရားစီရင်ခွင့်နယ်ပယ်ကို စစ်ဘက်နှင့်ဆိုင်သော ပြစ်မှုများအတွက်သာ တင်းတင်းကြပ်ကြပ် သတ်မှတ်ပေးသင့်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကိုမူချန်လှပ်ထားရမည်။*

47 Annual Report of the Inter-American Commission on Human Rights - 1997, doc. cit., Chapter VII, Recommendation 1, para. 4: "The Commission recommends that the member States adopt measures to improve the administration of justice within their respective jurisdictions." with regard to the principle of the 'natural judge', see also: Report Nº 50/00 of 13 April 2000, Case 11,298 Reinaldo Figueredo Planchart v. Bolivarian Republic of Venezuela and Report on the Situation of Human Rights in Chile,OAS document OEA/Ser.L/V/II.77.rev.1, doc. 18.

48 Report on Terrorism and Human Rights, OAS document OEA/Ser.L/V/ll.116, doc. 5 rev. 1 corr., 22 October 2002, para. 230

49 Case of Castillo Petruzzi et al. v. Peru, IACtHR judgment of 30 May 1999, Series C No. 52, para. 128. See also Case of Cantoral Benavides v. Peru, IACtHR judgment of 18 August 2000, Series C No. 69, para. 112.



# က။ တရားသူကြီးများ

## ၁။ အမှီအခိုကင်းမှု

### အကျဉ်းချုပ်

မျှတသော တရားစီရင်မှု ဖြစ်စေရန် အမှုကိုတာဝန်ယူတားသော တရားသူကြီးများ အမှီအခိုကင်းရမည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာတမ်းကလည်း 'အမှီအခိုကင်း၍ သမာသမတ်ကျသော သမာဓိခုံအဖွဲ့'၏ မျှတစွာ တရားစီရင်မှုဟု ဆိုထားသည်။ အမှီအခိုကင်း၍ သမာသမတ်ကျသော သမာဓိခုံအဖွဲ့၏ လုပ်ပိုင်ခွင့်ဆိုသည်မှာ 'မည်သည့် ခြွင်းချက်မျှမရှိသော အပြည့်အဝလုပ်ပိုင်ခွင့်' [50] ဟု လူ့အခွင့်အရေးကော်မတီမှ ထပ်မံဖွင့်ဆိုထားသည်။

တရားသူကြီးများ အမှီအခိုကင်းသည့်အမှု၌ လူတစ်ဦးတစ်ယောက်၏ မျှတစွာတရားစီရင်ခွင့်ကို လေးစား လိုက်နာမှုရှိသော်လည်း တရားစီရင်ရေးကဏ္ဍသည် အမှီအခိုကင်းသည့် အာဏာခက်မ တစ်ရပ်မဖြစ်ပါက နိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာစာချုပ်၌ တာဝန်ခံထားမှုများကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည်။ ဤအပိုင်း၌ အမှီအခိုကင်းမှုသည် တရားသူကြီးတစ်ဦးချင်းအလိုက်နှင့် တရားစီရင်ရေးကဏ္ဍ၏ အမှီအခို ကင်းမှုကို ရည်ညွှန်းသည်။

### နိုင်ငံတကာစံညွှန်းများ

တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အခြေခံဥပဒေများအနက် ပထမဥပဒေတွင် အမှီအခိုကင်းရေးလိုအပ်ချက်များကို ချမှတ်ထားသည်မှာ-

> *"တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးအတွက် နိုင်ငံတော်မှ တာဝန်ခံရမည့်အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတွင် ထည့်သွင်းပြဌာန်းရမည်။ တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးကို လေးစားလိုက်နာရန်နှင့် စူးစမ်းလေ့လာရန်မှာ အစိုးရအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများအားလုံး၏ တာဝန်ပင်ဖြစ်သည်" [51]ဟုဖြစ်သည်။*

ဥရောပကောင်စီ၏ သဘောထားမှတ်ချက်တွင် တရားသူကြီးများ အမှီအခိုကင်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများတွင် အထူးဥပဒေများထည့်သွင်း၍ တာဝန်ခံရမည်ဟု ဖော်ပြထားပြီး 'အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာပိုင်များသည် တရားသူကြီးများအမှီအခိုကင်းစေရန် တာဝန်ခံရမည့်အပြင် တရားသူကြီးများ အမှီအခိုကင်းမှုကို ခြိမ်းခြောက်နိုင်သည့် ဆောင်ရွက်ချက်များ မပြုလုပ်ရ။' [52]

50 Communication N° 263/1987, Case of Miguel González del Río v. Peru, doc. cit., para. 5.2.

51 Uunited Nations Basic Principles on the Independence of the Judiciary, adopted by the Seventh united Nations Congress on the Prevention of Crime and the Treatment of Offenders held at Milan from 26 August to 6 September 1985 and endorsed by General Assembly resolutions 40/32 of 29 November 1985 and 40/146 of 13 december 1985. Hereinafter, UN Basic Principles.

52 Council of Europe, Recommendation No. R (94) 12 of the Committee of Ministers to Member States on the Independence, Efficiency and Role of Judges, 13 October 1994, Principle 2 (b)

တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုကို အာဖရိကနှင့် အာရှပစိဖိတ်ဒေသ ဥပဒေများ၌လည်း အထူး လက်ခံထားသည်။ အာဖရိကကိစ္စတွင် ၁၉၉၉ ခုနှစ်၌ အာဖရိက လူ့အခွင့်အရေးကော်မရှင်မှ ပြဋ္ဌာန်းခဲ့သော တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုများ အားကောင်းလာစေရေးနှင့် လေးစားလိုက်နာမှု ရှိစေရေး ဆုံးဖြတ်ချက်အား မီးမောင်းထိုးပြသင့်သည်။[53] LAWASIA ဒေသတွင်း တရားစီရင်ရေးကဏ္ဍ အမှီအခို ကင်းရေးဆိုင်ရာ ပေကျင်းဥပဒေသများတွင် ဖော်ပြထားသည်မှာ 'တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းစေရန် လိုအပ်သည်မှာ မည်သူမဆို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော လွှမ်းမိုးမှုမရှိပဲ ဥပဒေကို နားလည်သဘောပေါက်သည့်အလျောက် မလျော်ကန်သော အချက်များကို သမာသမတ်ကျကျ သုံးသပ်၍ တင်ပြလာသောအမှုကိစ္စများကို ဆုံးဖြတ်ရန်ဖြစ်သည်။' [54]

ကမ္ဘာ့ဒေသအားလုံးမှ တရားသူကြီးများကိုယ်တိုင် အသိအမှတ်ပြုထားသည့် ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည်မှာ 'တရားသူကြီး၏ အမှီအခိုကင်းမှုကို တည်ဆဲဥပဒေနှင့်အညီ သမာသမတ်ကျကျ တရားစီရင်မှုမှ ခွဲခြားဖယ်ထုတ်၍မရပါ။ နိုင်ငံတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အာဏာပိုင်များအားလုံးသည် ထိုအမှီအခိုကင်းမှုကို လေးစား ကာကွယ်စောင့်ရှောက်ရမည်။' [55]

## အာဏာခွဲဝေကျင့်သုံးရေးဆိုင်ရာ ဥပဒေသ

တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးနိယာမသည် တရားဥပဒေအခြေခံစည်းမျဉ်း အထူးသဖြင့် အာဏာ ခွဲဝေကျင့်သုံးရေးနိယာမမှ ပေါက်ဖွားလာသည်။ ဥပဒေ လေးစားလိုက်နာရေး နိယာမနှင့် တရားဥပဒေ စိုးမိုးရေးတို့သည် ICCPR ၏ မွေးရာပါများဖြစ်သည်ဟု လူ့အခွင့်အရေးကော်မရှင်မှ ဆိုထားသည်။[56] 'ဥပဒေလေးစားလိုက်နာရေးနိယာမ၊ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် တရားဥပဒေစိုးမိုးရေးတို့အကြားတွင် ခွဲခြားမရသော စေးကပ်မှုများရှိနေသည်'[57]ဟု အမေရိကန်ပြည်နယ်များဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်မှ ဆိုထားသည်။ ဤနိယာမအရ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများသည် အမှီအခိုကင်း၍ သီးသန့်စီရှိနေသော အာဏာခက်မသုံးဖြာဖြစ်သည်။ အဆိုပါခက်မများသည် မတူကွဲပြားသော သီးသန့်တာဝန်များရှိကြသည်။ ဤကွဲပြားမှုအရ မည်သည့်ခက်မကမျှ အခြားအာဏာခက်မ၏ ကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ခွင့်မပြုနိုင်ပါ။[58]

53 Adopted in April 1996 at the 19th Session of the African Commission on Human and People's Rights.

54 Beijing Statement of Principles of the Independence of the Judiciary in the LAwASIA Region, adopted by the Chief Justices of the LAwASIA region and other judges from Asia and the Pacific in 1995 and adopted by the LAwASIA Council in 2001, operative para. 3.a.

55 The universal Charter of the Judge, approved by the International Association of Judges (IAJ) on 17 November 1999, article 1. The IAJ was founded in 1953 as a professional, non-political, international organisation, grouping not individual judges, but national associations of judges. The main aim of the Association, which encompasses 67 such national associations or representative groups, is to safeguard the independence of the judiciary, as an essential requirement of the judicial function and guarantee of human rights and freedom

56 Human Rights Committee, General Comment No. 29 - States of Emergency (article 4), doc. cit., para 16.

57 Habeas Corpus in Emergency Situations (articles 27.2, 25.1 and 7.6 American Convention on Human Rights), IACtHR Advisory Opinion OC-8/87, Series A No. 8, paras. 24 and 26.

58 See Inter-American democratic Charter, adopted by the OAS General Assembly on 11 September 2001, Articles 3 and 4.



အာဏာခွဲဝေကျင့်သုံးရေးသည် တရားစီရင်ရေးစနစ် အမှီအခိုကင်းရန်နှင့် သမာသမတ်ကျရန် အုတ်မြစ်ပင်ဖြစ်သည်။

- ဥပဒေပြင်ပကိစ္စများ၊ အတင်းအကြပ်ဖမ်းဆီးခြင်း၊ ရာဇဝတ်ကြောင်းအရ တစ်ဖက်သတ် စွဲချက်တင် သတ်ဖြတ်ခြင်းတို့နှင့်စပ်လျဉ်းသည့် အထူးကိုယ်စားလှယ်၏ သုံးသပ်ချက်များအရနှင့် တရားသူကြီးများ၊ ရှေ့နေများ အမှီအခိုကင်းရေးနှင့်စပ်လျဉ်းသည့် အထူးကိုယ်စားလှယ်၏ သုံးသပ်ချက်များအရ 'အာဏာခွဲဝေ ကျင့်သုံးခြင်းနှင့် အုပ်ချုပ်ရေးအာဏာပိုင်မှ ဤခွဲဝေကျင့်သုံးခြင်းအပေါ် လေးစားလိုက်နာမှုရှိခြင်းတို့သည် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို အမှီအခိုကင်း၍ သမာသမတ်ကျကျ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မရှိမဖြစ်သော အခြေအနေများပင် ဖြစ်သည်။' [59]
- တရားသူကြီးများ၊ ရှေ့နေများအမှီအခိုကင်းရေးနှင့်စပ်လျဉ်း၍ အထူးကိုယ်စားလှယ်မှ ထောက်ပြရာတွင် 'အာဏာခွဲဝေကျင့်သုံးရေးနိယာမ [...] သည် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်း၍ သမာသမတ်ကျစေရေး လိုအပ်ချက်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတစ်ခု [....] တွင် အာဏာခွဲဝေကျင့်သုံးရေးနိယာမကို နားလည်ရန်နှင့် လေးစားလိုက်နာရန် မရှိမဖြစ်လိုအပ်သည်။' [60] အလားတူကိစ္စတွင် ပြောဆိုသည်မှာ 'တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးနှင့် သမာ သမတ်ကျရေးလိုအပ်ချက်သည် လူသားအားလုံးနှင့်သက်ဆိုင်ပြီး သဘာဝနိယာမ တရားနှင့် အပြုသဘောဆောင်သော ဥပဒေများတွင် အမြစ်တွယ်နေသည်။ နိုင်ငံတကာအဆင့်တွင် သမားရိုးကျပြုမူဆောင်ရွက်ချက်များ၊ ဓလေ့ထုံးစံအရ လိုက်နာရန်များ၊ အထွေထွေပြဋ္ဌာန်းချက်များနှင့် [....] ၌ ဤဥပဒေ၏ ပင်ရင်းများကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ ပြဋ္ဌာန်းချက် ပုဒ်မ 38(i)(c) အရ ယဉ်ကျေးမှုမြင့်မားသော နိုင်ငံများ၌ တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှု၊ [....] စသည့် သဘောတရားများကို အထွေထွေဥပဒေပြဋ္ဌာန်းချက်များအဖြစ် မှတ်ယူထားသည်။' [61]

အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မတီမှ ဖွဲ့စည်းပုံ အခြေခံဥပဒေရုံး၏ ဆုံးဖြတ်ချက် (ပီရူးနိုင်ငံအမှု)တွင် 'အာဏာခွဲဝေကျင့်သုံးခြင်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ တရားသူကြီးများ အမှီအခိုကင်းရေးကို အာမခံရန်ပင်ဖြစ်သည်' [62] ဟုဆိုထားသည်။ ထို့ကြောင့်တရားရုံးမှ စဉ်းစားခဲ့သည်မှာ 'တရားသူကြီးအားလုံး၏ အမှီအခိုကင်းမှုကို ဥပဒေကြောင်းအရ အာမခံ [....] ရမည်။' [63]

'အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့၏ လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ရာတွင်ရှင်းလင်းပြတ်သားမှုမရှိပါကတရားဥပဒေစိုးမိုးရေးအကောင်အထည်ဖော်ရာတွင်နှင့် လူ့အခွင့်အရေးမူဝါဒအား ဆက်လက်ကျင့်သုံးရာတွင် ခြိမ်းခြောက်မှုများ ရှိလာနိုင်သည်။'[64] ဟု လူ့အခွင့်

59 Report of Special Rapporteurs on the situation of human rights in Nigeria, uN document E/CN.4/1997/62/Add.1, para. 71

60 Report of the Special Rapporteur on the independence of judges and lawyers, uN document E/CN.4/1995/39, para. 55.

61 Ibid., paras. 32 and 34

62 Constitutional Court Case (Aguirre Roca, Rey Terry and Revoredo Marsano v. Peru), IACtHR judgment of 31 January 2001, Series C No. 55, para. 73.

63 Ibid., para. 75.

64 Concluding Observations of the Human Rights Committee on Slovakia, CCPR/C/79/Add.79, para. 3.

အရေးကော်မတီ၏ အာဏာခွဲဝေကျင့်သုံးရန် ရည်ညွှန်းဖော်ပြမှုများကို မှတ်သားခဲ့ရသည်။ ကော်မတီမှ အကြံပြုထားသည်မှာ 'နိုင်ငံတော်သည် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာခက်မတို့အကြား လုပ်ပိုင်ခွင့်များ ရှင်းလင်းစွာ ခွဲခြားထားသည့် ဥပဒေများ အတည်ပြုခြင်း၊ အစီအမံများချမှတ်ထားခြင်းတို့ ဆောင်ရွက်ထားမှသာ အုပ်ချုပ်ရေးအာဏာခက်မမှ တရားစီရင်ရေးအာဏာခက်မ တာဝန်ယူထားသော ကိစ္စရပ်များတွင် ကြားဝင်နှောက်ယှက်မှု မပြုနိုင်မှာဖြစ်သည်' [65] ဟု ဖြစ်သည်။

- မြောက်ကိုးရီးယားကိစ္စတွင် ကော်မတီမှ စိုးရိမ်ပူပန်စွာဖြင့် 'ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများသည် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို အလွန်အမင်း အန္တရာယ်ပြုနေသည်။ ဗဟိုတရားရုံးသည် အဆင့်မြင့်ပြည့်သူ့ညီလာခံအား တာဝန်ခံနေသည်ကို မှတ်သားရသည်။'[66]

ထိုအပိုင်းနှင့်စပ်လျဉ်း၍ ဥရောပလူ့အခွင့်အရေးကော်မရှင်မှ ထပ်မံအတည်ပြုထားသည်မှာ အာဏာခွဲဝေကျင့်သုံးရေးဥပဒေကို လေးစားလိုက်နာခြင်းသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ အခြေခံအနှစ်သာရဖြစ်ပြီး ထိုကိစ္စအား သံသယမရှိစေရ။ [67] ဟု ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေအရ နိုင်ငံတော်သည် ယင်း၏အာဏာခက်မများကို ဖွဲ့စည်းတည်ထောင်ရာတွင် နိုင်ငံတကာ၌ ကာကွယ်စောင့်ထိန်းလျှက်ရှိသော အခွင့်အရေးများ၊ လွတ်လပ်ခွင့်များအား တာဝန်ခံရမည့်အပြင် ထိုအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ ခံစားရရှိစေရန် အာမခံရမည်။ အမေရိက နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်မှ ဖော်ပြထားသည်မှာ 'လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းအား နိုင်ငံတော်အာဏာကျင့်သုံးမှုကို ကန့်သတ်ထားသည့် အယူအဆများတွင် လိုအပ်ချက်တစ်ရပ်အဖြစ် ပါဝင်စေရမည်' [68] ဟုဖြစ်သည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာခက်မများအား ဖွဲ့စည်းတည်ထောင်ရာတွင် ထိုခက်မများသည် နိုင်ငံမှလိုက်နာရန် ကတိပြုထားသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် အကျုံးဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ထိုစာချုပ်များနှင့် လိုက်လျောညီထွေဖြစ်ရမည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်နယ်များ လူ့အခွင့်အရေးကော်မရှင်မှ ဖော်ပြထားသည်မှာ 'အမေရိကပြည်နယ်များဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၏ ပုဒ်မ ၁(၁)တွင် နိုင်ငံတော်အစိုးရများအား ဤအခွင့်အရေးများကို လေးစားလိုက်နာ တာဝန်ခံရန် ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အစိုးရများ၏တာဝန်မှာ အချုပ်အခြာအာဏာ ခက်မများကို ဖွဲ့စည်းတည်ထောင်ရန်ဖြစ်ပြီး သာမန်အားဖြင့် ထိုခက်မများကို ပြည်သူမှ ပေးအပ်ထားသော အခွင့်အာဏာအရ ကျင့်သုံးမှသာ လူ့အခွင့်အရေးကို အပြည့်အဝ လွတ်လပ်စွာခံစားနိုင်မည့် တရားစီရင်ရေးများဖြစ်ထွန်း

65 Concluding Observations of the Human Rights Committee on Romania, CCPR/C/79/Add.111, para. 10. See also the Committee'sConcluding Observations on Peru, CCPR/CO/70/PER, para. 10; the Concluding Observations on El Salvador, CCPR/C/79/Add.34, para. 15; the Concluding Observations on Tunisia, CCPR/ C/79/Add.43, para. 14; and the Concluding Observations on Nepal, CCPR/C/79/Add.42, para. 18.

66 Concluding Observations of the Human Rights Committee on the Democratic People's Republic of Korea, CCPR/CO/72/PRK, para. 8. The Supreme People's Assembly is the North Korean legislature.

67 Chevrol v. France, ECtHR judgment of 13 February 2003, Series 2003-III, para. 74.

68 The word "laws" in article 30 of the American Convention on Human Rights, Advisory Opinion of the IACtHR of 9 May 1986, OC-6/86, Series A No. 6, para. 21. See also Velásquez Rodríguez Case, IACtHR judgment of 29 July 1988, Series C No. 4, para. 165; and Godínez Cruz Case, IACtHR judgment of 20 January 1989, Series C No. 5 , para. 174.



ပေမည်။ [69]

နိုင်ငံတည်ဆောက်ရေးနည်းလမ်းများစွာရှိသည့်အနက် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ကျင့်သုံးခြင်းများသည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးခက်မများအား အမှန်တကယ် ပိုင်းခြားခွဲဝေကျင့်သုံးခြင်း၊ တရားစီရင်ရေးဆိုင်ရာ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှုများရှိခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေလေးစားလိုက်နာမှုရှိရေးအတွက် အာဏာပိုင်များမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများအပေါ် အခြေတည်ရမည်ဟူသည့် နည်းလမ်းနှင့်အညီ နိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ခြင်းသည် လူ့အခွင့်အရေးကို လေးစားလိုက်နာတာဝန်ခံရေး အခြေခံသဘောတူညီချက်ကို လေးစားလိုက်နာခြင်းပင်ဖြစ်သည်။

အာဏာခွဲဝေကျင့်သုံးခြင်းနိယာမသည် ကောင်းမွန်သော တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများအတွက် မရှိမဖြစ်လိုအပ်သည်။ တရားစီရင်ရေးကဏ္ဍအား အခြားသောအချုပ်အခြာအာဏာခက်မများနှင့် အမှီအခိုကင်းစေရေးသည် တရားစီရင်ရေးဆိုင်ရာစီမံခန့်ခွဲမှုများ မျှတရန်အတွက် မရှိမဖြစ်အခြေအနေဖြစ်ပြီး တရားဥပဒေ စိုးမိုးရေးအခြေခံလည်း ဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းမှု

အမှီအခိုကင်းမှုနှင့်သမာသမတ်ကျမှုတို့သည် များစွာဆက်စပ်နေကြပြီး အမှုကိစ္စများစွာ၌ သမာဓိခုံအဖွဲ့ သည် ထိုနှစ်ခုလုံးနှင့်ညီညွတ်ရန် ဆောင်ရွက်ရမည်။[70] သို့ရာတွင် သဘောတရားတစ်ခုစီ၌ ကိုယ်ပိုင် အဓိပ္ပာယ်များရှိသည်။ သာမန်အားဖြင့် 'အမှီအခို'ကင်းမှုသည် သက်ဆိုင်ရာတရားသူကြီး သို့မဟုတ် ခုံအဖွဲ့၏ အချက်အလက်များအခြေခံ၍ ဥပဒေကြောင်းအရ အမှုကိစ္စစီရင်ဆုံးဖြတ်ပိုင်ခွင့်ကို ရည်ညွှန်းသည်။ တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုဟူသည် အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းမှုနှင့် (အခြားသော အချုပ်အခြာအာဏာခက်မများနှင့် အမှီအခိုကင်းခြင်းကို အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းခြင်းဟုဆိုသည်။) တရားသူကြီးကိုယ်တိုင်၏ အမှီအခိုကင်းမှု (တရားစီရင်ရေးကဏ္ဍ၏ အခြားသောအဖွဲ့ဝင် တရားသူကြီးများနှင့် အမှီအခိုကင်းခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးအမှီအခိုကင်းခြင်း) ပင်ဖြစ်သည်။ 'အမှီအခို' ကင်းရန် လိုအပ်ချက်တွင် တရားစီရင်ရေးကဏ္ဍ သို့မဟုတ် တရားသူကြီးများသည် အခြားသော အချုပ်အခြာအာဏာခက်မများ၏ နောက်လိုက်မဖြစ်စေရေးပါဝင်သည်။ အခြားတစ်ဖက်တွင် 'သမာသမတ်'ကျမှုသည် တရားသူကြီး၏ အတွင်းစိတ်နေစိတ်ထား သို့မဟုတ် ခုံအဖွဲ့၏ အမှုစီရင်ဆုံးဖြတ်ပုံနှင့် အမှုသည် များအား ဆက်ဆံပုံကို ရည်ညွှန်းသည်။ လူ့အခွင့်အရေးကော်မတီမှ ICCPR ပုဒ်မ ၁၄.၁ တွင် ဆိုထားသည်မှာ ' တရားသူကြီးများအနေဖြင့် ယင်းတို့စီရင်ဆုံးဖြတ်ရသော အမှုကိစ္စများနှင့်စပ်လျဉ်းသည့် ကြိုတင်မှန်းဆချက်များကို လက်သင့်မခံရ။ အခြားအမှုသည် တစ်ဖက်ဖက်ကို အလေးသာစေသည့် နည်း

69 Exceptions to the Exhaustion of Domestic Remedies (Art. 46.1, 46.2.a and 46.2.b American Convention on Human Rights), Advisory Opinion of the IACtHR of 10 August 1990, OC-11/90, Series A No. 11, para. 23. See also Velásquez Rodríguez Case, doc. cit., para. 166; and,Godínez Cruz Case, doc. cit., para. 175.

70 See, for instance, the Conclusions and Recommendations of the Committee against Torture on Burundi, uN document CAT/C/BdI/CO/1, para. 12: "The Committee is concerned at the judiciary's de facto dependence on the executive, which poses a major obstacle to the immediate institution of an impartial inquiry when there are substantial grounds for believing that an act of torture has been committed in any territory under its jurisdiction."

လမ်းများ အသုံးမပြုရဟု တရားရုံး၏ သမာသမတ်ကျမှုကို ပြဋ္ဌာန်းထားသည်' [71] ဟုဖြစ်သည်။

အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းမှုသဘောတရားကို ကမ္ဘာ့ကုလသမဂ္ဂ အခြေခံဥပဒေသ အမှတ်(၁)၊ ဒုတိယစာကြောင်းတွင် ဖော်ပြထားရာ၌ အဖွဲ့အစည်းအားလုံးသည် အမှီအခိုကင်းမှု အာမခံချက်ကို လေးစားလိုက်နာရမည့် တာဝန်ရှိသည်ဟုဖြစ်သည်။ ဤသဘောတရားက တရားစီရင်ရေးကဏ္ဍသည် အခြားသော အချုပ်အခြာအာဏာခက်မများဖြစ်ကြသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတို့နှင့် အမှီအခိုကင်းရမည်ဟုဆိုလိုသည်။ အခြားသောအစိုးရအဖွဲ့အစည်းများသည် တရားစီရင်ရေးကဏ္ဍ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရမည့် တာဝန်ရှိသည်ဟုလည်း အဓိပ္ပာယ်ရသည်။ ဤအချက်က အခြားအစိုးရအဖွဲ့အစည်းများ၏ လွှမ်းမိုးအုပ်ချုပ်မှုမခံခြင်းနှင့် ထိုအဖွဲ့အစည်းများအား လိုက်လျောရန် ငြင်းဆိုခြင်းများအား ဖိအားပေးချိုးဖောက်မှု မရှိစေရေးလုံခြုံမှု အစီအမံများကို ပြဋ္ဌာန်းထားသည်။ ဤကဲ့သို့ဆုံးဖြတ်ချက် အမှီအခိုကင်းမှုသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးမြှင့်တင်ရာတွင် မရှိမဖြစ်ပင်ဖြစ်သည်။

ရောပလူ့အခွင့်အရေးတရားရုံးက ဆိုထားသည်မှာ တရားရုံးတစ်ရုံးသည် အုပ်ချုပ်ရေးအာဏာနှင့် အမှီအခိုကင်းရမည့်အပြင် ကြားနာစစ်ဆေးမှုတွင်ပါဝင်သည့် အမှုသည်များနှင့်လည်း အမှီအခိုကင်းရမည်ဟုဖြစ်သည်။ [72]

အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းမှုသဘောတရားသည် ကိစ္စများစွာနှင့် ဆက်စပ်နေသည်။ ဤနေရာတွင် အမေရိကန်နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်မှ ဆိုထားသည်မှာ-

- 'အမှီအခိုကင်းရေး [....] လိုအပ်ချက်တွင် တရားရုံးများသည် အခြားသော အချုပ်အာဏာခက်မများနှင့် အမှီအခိုကင်း၍ ကိုယ်ပိုင်စီရင်ဆုံးဖြတ်ခွင့်ရရှိခြင်း၊ မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်မဆို မည်သည့်အကြောင်းနှင့်မျှလွှမ်းမိုးချုပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကြားဝင်နှောင့်ယှက်ခြင်းမခံရခြင်း၊ တရားစီရင်ရေးလုပ်ငန်းတာဝန်များကို မှန်ကန်စွာနှင့် အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်ရေး လိုအပ်သော အခြားဂုဏ်သတ္တိလက္ခဏာများ (ရာထူးသက်တမ်းနှင့် သင့်လျော်သော ပညာရပ်ဆိုင်ရာသင်တန်းများအပါအဝင်) ထံမှ ကျေးဇူးခံစားရခြင်းများပါဝင်သည်။' [73]

အဖွဲ့အစည်းများဆိုင်ရာ အမှီအခိုကင်းမှုကိုဖြစ်စေသည့် လိုအပ်ချက်များကိုလည်း လူ့အခွင့်အရေးကော်မတီမှ ဖော်ပြခဲ့သည်။ ဥပမာ- တရားသူကြီးများအား လစာပေးမှု နောက်ကျခြင်းနှင့် ရာထူး သက်တမ်း လုံခြုံစိတ်ချရမှုမရှိခြင်းတို့သည် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုအပေါ် ဆိုးရွားစွာ ထိခိုက်စေသည်။ [74] တရားသူကြီးများ ရွေးချယ်ခန့်ထားရေးနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ရေးတို့အတွက် အမှီအခိုကင်းသော လုပ်ငန်းစဉ်မရှိခြင်းသည် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုကို ဟန့်တားနိုင်သည်။[75]

အပြည်ပြည်ဆိုင်ရာဥပဒေတွင် ပါဝင်သော ပုဒ်မများစွာသည် တရားစီရင်ရေးကဏ္ဍ၏ အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းရေးအတွက် မရှိမဖြစ်သော အချို့အချက်များနှင့် ဆက်စပ်နေသည်။ အချို့သောအမှုကိစ္စများ၏ ရလဒ်ကိုထိန်းချုပ်နိုင်သည့် ဖြစ်နိုင်ခြေအရှိဆုံး နည်းလမ်းများအနက် တစ်ခုမှာ ဘက်လိုက်ဆုံးဖြတ်လေ့ရှိသည့် တရားသူကြီးများအား ထိုအမှုကို တာဝန်ပေးခြင်းဖြစ်သည်။ ဤမလိုလားအပ်သော ကြားဝင်နှောင့်ယှက်မှုကို တားဆီးရန်အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂ အခြေခံဥပဒေသများတွင် 'တရားရုံး တရားသူကြီးများအား အမှုများသတ်မှတ်ချထားပေးခြင်းသည် တရားရေးဆိုင်ရာစီမံခန့်ခွဲရေး၏ အတွင်းရေးကိစ္စ ဖြစ်သည် ' [76] ဟု ဖော်ပြထားသည်။

- ရိုမေးနီးယားနိုင်ငံအမှုတွင် အယူခံရေးလုပ်ငန်းစဉ်များအပါအဝင် တရားစီရင်ရေးကိစ္စများနှင့် တရားရုံးများအား စစ်ဆေးခြင်းကိစ္စရပ်များတွင် တရားရေးဝန်ကြီးဌာနမှ လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံးရာ၌ အုပ်ချုပ်ရေးအာဏာပိုင်မှ ကြားဝင်နှောက်ယှက်ခြင်းသည် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုကို ခြိမ်းခြောက်ရာကျသည်ဟု လူ့အခွင့်အရေးကော်မတီမှ ထင်မြင်ခဲ့သည်။[77]

ထို့အပြင် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းစေရန် တရားစီရင်ဆုံးဖြတ်ရသည့် သဘာဝရှိသော ကိစ္စရပ်များအားလုံးအပေါ် (တရားရုံးသို့မတင်ပြလျှင်လည်း) တရားစီရင်ဆုံးဖြတ်ခြင်းနှင့် တရားစီရင်ဆုံးဖြတ်ရမည့် သဘာဝရှိသော အမှုကိစ္စများအား တရားရုံးရှေ့မှောက်သို့ တင်သွင်းလျှင် ပြစ်ဒဏ်လျှော့ပေါ့ခြင်း သို့မဟုတ် ရွှေ့လျားခြင်းနှင့် လွတ်ငြိမ်းချမ်းသာ၊ ခွင့်ပေးသောကိစ္စများမှတပါး တရားစီရင်ဆုံးဖြတ်ချက်များ ပြုလုပ်ရန်လိုအပ်သည်။ တရားသူကြီး၏ တရားစီရင်ဆုံးဖြတ်ချက်များကို တရားရေးအာဏာပိုင် မဟုတ်သူက ပြောင်းလဲခြင်းမပြုနိုင်ပါ။ [78]

တရားစီရင်ရေးနှင့်ဥပဒေပြုရေးကဏ္ဍတို့၏ ပက်သက်ဆက်နွယ်မှုများကို ဥရောပလူ့အခွင့်အရေး တရားရုံးက စဉ်ဆက်မပြတ်လေ့လာစိစစ်၍ ကောက်ချက်ချရာ၌ တရားရုံးများ၏ အမှီအခိုကင်းမှုကို ဥပဒေပြုရေးကဏ္ဍမှ လေးစားလိုက်နာ စောင့်ထိန်းရမည်ဟု ဖြစ်သည်။

- အစိုးရထံမှ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးရလိုကြောင်း တင်ပြလာသည့် အမှုကိစ္စ၌ တရားရုံး၏ ကြားနာစစ်ဆေးရန် ဆုံးဖြတ်ချက်ကို တားမြစ်ပိတ်ပင်ရန်အလို့ငှာ ပါလီမန်မှ ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍ ထိုနစ်နာဆုံးရှုံးမှုများအား ပလပ်ရန်နှင့် ပာကွက်အဖြစ်ထားရန် တရားဝင် အမိန့်ထုတ်ပြန်ကြေငြာခြင်းသည် တရားရုံးများ၏ အမှီအခိုကင်းမှုကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ဥရောပလူ့အခွင့်အရေးတရားရုံးမှ ဖော်ထုတ်ခဲ့သည်။ 'ပုဒ်မ ၆ တွင် ဖော်ပြထားသည့် တရားဥပဒေစိုးမိုးရေးနှင့် မျှတသော တရားစီရင်ဆုံးဖြတ်ချက်များသည် တရားဆိုင်ရာ စီမံခန့်ခွဲသူများအား တရားရေးဆိုင်ရာ အငြင်းပွားမှုများကို ဝင်ရောက်စီရင် ဆုံးဖြတ်ခွင့်ပေးထားပြီး ဥပဒေပြုရေးအာဏာပိုင်များမှ ဝင်ရောက်နှောက်ယှက်ခြင်းကို တားမြစ်ထားသည်။' [79]

71 Communication 387/1989, Arvo. O Karttunen v. Finland (Views adopted on 23 October 1992), uN document CCPR/C/46/d/387/1989 (Jurisprudence), para. 7.2

72 Ringeisen v. Austria, ECtHR judgment of 16 July 1971, Series A13, para. 95.

73 Report on Terrorism and Human Rights, doc. cit., para. 229.

74 Concluding Observations of the Human Rights Committee on Georgia, uN document CCPR/CO/74/GEO, para. 12.

75 Concluding Observations of the Human Rights Committee on the Congo, uN document CCPR/C/79/Add.118, para. 14

76 UN Basic Principles on the Independence of the Judiciary, doc. cit., Principle 14.

77 Concluding Observations of the Human Rights Committee on Romania, CCPR/C/7 9/Add.111, para. 10.

78 UN Basic Principles on the Independence of the Judiciary, doc. cit., Principles 3 and 4. Principle 3 states: "The judiciary shall have jurisdiction over all issues of a judicial nature and shall have exclusive authority to decide whether an issue submitted for its decision is within its competence as defined by law." Principle 4 says: "There shall not be any inappropriate or unwarranted interference with the judicial process, nor shall judicial decisions by the courts be subject to revision. This principle is without prejudice to judicial review or to mitigation or commutation by competent authorities of sentences imposed by the judiciary, in accord-ance with the law.

79 Stran Greek Refineries and Stratis Andreadis v. Greece, ECtHR judgment of 9 december 1994, Series A301-B, para. 49.

- Papageorgiou နှင့် ဂရိနိုင်ငံအမှုတွင် သက်ဆိုင်ရာ ဥပဒေပြုရေးအာဏာပိုင်မှ ဥပဒေထုတ်ပြန်၍ အချို့သောအမှုကိစ္စများ၌ တရားရုံးမှ စစ်ဆေးခြင်းမပြုနိုင်ရန်နှင့် စစ်ဆေးဆဲအမှုအားရပ်ဆိုင်းရန် အမိန့်ပေးခြင်းသည် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုကို ချိုးဖောက်ရာကျကြောင်း ဥရောပတရားရုံးမှ ဆုံးဖြတ်ခဲ့သည်။ [80]

- Findlay နှင့်ဗြိတိန်နိုင်ငံအမှုတွင် တရားစီရင်ဆုံးဖြတ်ချက်များကို တရားစီရင်ရေးကဏ္ဍ၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်သော အခြားအာဏာပိုင်များက မပြောင်းလဲနိုင်ဟု လူအများကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားသော ဥပဒေသကို (ဥပဒေ တရားရုံးက) ပြန်လည်ရည်ညွှန်းခဲ့သည်။ တရားရုံးမှ အပြီးသတ်ဆုံးဖြတ်ချက်ချပြီးသောအမှုကို အချုပ်အခြာအာဏာ၏ အခြားခက်မများက အဆိုပါ တရားစီရင်ဆုံးဖြတ်ချက်များ ဥပဒေကြောင်းအရ ကျိုးကြောင်းညီညွတ်ခိုင်လုံစေရေးအတွက် ပြောင်းလဲပြင်ဆင်ခြင်းမှာ မဖြစ်သင့်ပါ။ တရားရုံးမှ အပြီးသတ်ဆုံးဖြတ်ချက်ချထားသော အမှုများကို အုပ်ချုပ်ရေးအရာရှိ သို့မဟုတ် အာဏာပိုင်များက ပြန်လည်ပြင်ဆင်ပြောင်းလဲ ဆုံးဖြတ်၍ ထိုအာဏာပိုင်များ၏ ပြင်ဆင်မှုကိုသာ နောက်ဆုံး ဆုံးဖြတ်ချက်အဖြစ် အတည်ပြုခဲ့လျှင် ဤဖြစ်ရပ်သည် တရားရုံး၏ အမှီအခိုကင်းမှုကို ကျူးလွန်ဖောက်ဖျက်ရာကျကြောင်း ဥရောပတရားရုံးက တွေ့ရှိခဲ့သည်။[81] တရားစီရင်ဆုံးဖြတ်ချက်များကို ပြောင်းပြန်လှန်မှုနှင့်စပ်လျဉ်း၍ တရားစီရင်ဆုံးဖြတ်ချက်များကို တရားစီရင်ရေးကဏ္ဍမှ မဟုတ်သူများက ပြန်လည်ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် အတည်ပြုခြင်း မပြုလုပ်နိုင်ဟု ဥရောပတရားရုံးမှ ဆုံးဖြတ်ခြင်းမှာ ကောင်းစွာပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေတစ်ရပ်၌ [....] 'အမှီအခိုကင်းရေး' အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး သမာဓိခုံအဖွဲ့နှင့် [....] တို့၏ မွေးရာပါ အခွင့်အရေးဟု ကောင်းစွာနားလည်သဘောပေါက်ထားသည့်အားလျော်စွာ'[82] ဟု ပါရှိသောကြောင့်ဖြစ်သည်။

## ပုဂ္ဂိုလ်ရေးအမှီအခိုကင်းမှု

အဖွဲ့အစည်းဆိုင်ရာ အမှီအခိုကင်းမှုတွင် အရေးပါသော လုံခြုံရေးအစီအမံများ ပါရှိသော်လည်း မျှတစွာ တရားစီရင်ဆုံးဖြတ်ခွင့်ကို အမှုကိစ္စတိုင်း၌ လေးစားလိုက်နာကြစေရေးအတွက် မလုံလောက်ပါ။ တရားသူကြီးများသည် ယင်းတို့စီရင်ဆုံးဖြတ်ရသည့် အမှုကိစ္စတစ်ခုတွင် မလိုလားအပ်သော ကြားဝင်နှောင့်ယှက်မှုများခံရပါက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ မျှတစွာတရားစီရင်ခွင့်ကို ကျူးလွန်ဖောက်ဖျက်ရာကျပေမည်။

ခုံသမာဓိအဖွဲ့ အမှီအခိုကင်းမှု ရှိ/မရှိ ဆုံးဖြတ်နိုင်သည့် အချက်များစွာရှိပြီး အချို့ကိုအောက်တွင် ဖော်ပြထားသည်။ အထွေထွေသတ်မှတ်ချက်အနေဖြင့် ဥရောပလူ့အခွင့်အရေးတရားရုံးမှ ဖော်ပြထားသည်မှာ ခုံသမာဓိအဖွဲ့၏ အမှီအခိုကင်းမှုကို သုံးသပ်သည့်အခါ 'တရားသူကြီးအဖွဲ့ဝင်များ ခန့်ထားခြင်းနှင့် ရာထူးသက်တမ်းကိစ္စရပ်များတွင် အမှီအခိုကင်းသော အသွင်သဏ္ဌာန်အား မေးခွန်းထုတ်စရာ ရှိ/မရှိ နှင့်

80 Papageorgiou v. Greece, ECtHR judgment of 22 October 1997, Series 1997-VI.
81 Findlay v. The United Kingdom, doc. cit., para. 77. See also Campbell and Fell v. The United Kingdom, ECtHR judgment of 28 June 1984, Series A80, para. 79.
82 Ibid



ပြင်ပဖိအားများမှ အကာအကွယ်ပေးနိုင်မည့် လုံခြုံရေးအစီအမံများ ထားရှိပုံကို အထူးအလေးထား လေ့လာကြည့်ရှုရမည်။'[83] 'အုပ်ချုပ်ရေးအာဏာပိုင်မှ တရားသူကြီးများအား ရာထူးမှဖယ်ရှားနိုင်ခြင်းကို တရားသူကြီးများ၏ အမှီအခိုကင်းမှုကို သက်သေပြနိုင်သည့် သာမန်အချက်အဖြစ် ယူဆရမည်' [84]ဟု တရားရုံးမှ ထပ်မံဖော်ပြထားသည်။ တရားရုံး သို့မဟုတ် တရားသူကြီးသည် ဤစံသတ်မှတ်ချက်များကို ပြည့်မီရုံသာမကပဲ အမှီအခိုကင်းမှုပါ ပေါ်လွင်နေရမည်ဟုလည်း လမ်းညွှန်ထားသည်။ [85]

ဤအမှီအခိုကင်းမှုသည် အမှုများကို တရားသူကြီးများနစ်သက်သလို ဆုံးဖြတ်နိုင်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ အခြားတစ်ဖက်တွင် တရားသူကြီးများသည် မည်သည့်လက်တုန့်ပြန်မှုမျှ မခံရဘဲ အမှုများကို တည်ဆဲဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည်။ ကုလသမဂ္ဂ အခြေခံဥပဒေသ အမှတ်(၂)တွင် 'တရားသူကြီးများသည် ယင်းတို့ရှေ့မှောက်သို့ရောက်ရှိလာသော အမှုကိစ္စများကို အချက်အလက်အခြေခံ၍ တည်ဆဲဥပဒေအရ သမာသမတ်ကျကျ စီရင်ဆုံးဖြတ်ရာတွင် မည်သည့်အကြောင်းပြချက်နှင့်မျှ အချုပ်အခြာအာဏာခက်မ အစိတ်အပိုင်းကမျှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပိတ်ပင်တားဆီးမှုများ၊ မလျော်ကန်သော လွှမ်းမိုးချုပ်ကိုင်မှုများ၊ လာဘ်စားမှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် ကြားဝင်နှောက်ယှက်မှုများ မရှိစေရ။'ဟု ဖော်ပြထားသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ကမ္ဘာ့ပေါ်ရှိတရားသူကြီးများစွာသည် သိမ်မွေ့သောဖိအားပေးမှုနှင့် မသိမ်မမွေ့သော ဖိအားပေးမှုများ၊ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်မှုမှသည် ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ခြိမ်းခြောက်သတင်းအချက်အလက်ရယူခြင်း၊ ရာထူးနေရာ ရွှေ့ပြောင်းတာဝန်ချထားခံရခြင်း၊ တာဝန်ထမ်းဆောင်မှုနှင့် စပ်လျဉ်း၍ ကြားနာစစ်ဆေးခံရခြင်းနှင့် ဥပဒေနှင့်မညီသော ရာထူးမှဖယ်ရှားခံရခြင်းများကို ခံစားနေရသည်။[86]

တရားသူကြီးများ ယင်းတို့လုပ်ငန်းတာဝန်များကို လွတ်လပ်စွာဆောင်ရွက်နိုင်ရေး လိုအပ်သည့် အစီအမံအားလုံးကို ဆောင်ရွက်ကြရန် နိုင်ငံအစိုးရများအား ကုလသမဂ္ဂအဖွဲ့က အကြိမ်ကြိမ် တိုက်တွန်းခဲ့သည်။

- ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မှ အစိုးရများအား 'တရားသူကြီးများနှင့်ရှေ့နေများ ယင်းတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မည်သည့်နှိပ်စက် ညှဉ်းပန်းစော်ကားမှု သို့မဟုတ် ခြိမ်းခြောက်မှုမျှ မခံရစေရေးအတွက် တရားသူကြီးများနှင့် ရှေ့နေများ၏ အမှီအခိုကင်းမှုကို လေးစားမြှင့်တင်ကြရန်၊ ဥပဒေပြုမှု ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် အခြားသင့်လျော်ရာ အစီအမံများ ဆောင်ရွက်ကြရန်'[87] တိုက်တွန်းထားသည်။

- ကိုလံဘီယာနိုင်ငံကိစ္စတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုလံဘီယာနိုင်ငံအား တိုက်တွန်းထားသည်မှာ 'စွပ်စွဲခံရသူ၏ အခြေခံအခွင့်အရေးများကို မထိခိုက်စေဘဲ အစိုးရရှေ့နေများ၊ တရားသူကြီးများ၊ တရားရုံးရဲအရာရှိများ၊ တရားခံများနှင့် ရှေ့နေများ၏

83 Incal v. Turkey, doc. cit., para. 65. See also, among others, Findlay v the United Kingdom, doc. cit., para. 73 and Bryan v. the United Kingdom, ECtHR judgment of 22 November 1995, Series A no. 335-A, para. 37.
84 Campbell and Fell v. United Kingdom, doc. cit., para. 80.
85 See, inter alia, Incal v. Turkey, doc. cit., para. 65 and Findlay v. United Kingdom, doc. cit., para. 73.
86 See "Attacks on Justice: A Global Report on the Independence of Judges and Lawyers", 11th edition, International Commission of Jurists, Geneva 2002. Available online at www.icj.org.
87 Commission on Human Rights Resolution 2004/33, operative paragraph 7.

အသက်အန္တရာယ်များနှင့် ဂုဏ်သိက္ခာများအား ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူရမည်' ဟုဖြစ်သည်။[88]

ပုဂ္ဂိုလ်ရေးအမှီအခိုကင်းမှုရှု့ထောင့်မှကြည့်လျှင် တရားသူကြီးများအား အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အာဏာပိုင်များ၏ နောက်လိုက်အဖြစ် သို့မဟုတ် ယင်းတို့၏လက်အောက်ခံ အစိုးရဝန်ထမ်းအဖြစ် မပြုလုပ်စေရန် အဓိကကျသည်။ တရားစီရင်ရေးအမှီအခိုကင်းစေသည့် အခြေခံလိုအပ်ချက်တစ်ခုမှာ တရားသူကြီးရာထူးအဆင့်ဆင့်သည် တရားစီရင်ရေးကဏ္ဍ၏ အရာထမ်းများသာဖြစ်ရမည်။ အခြား အာဏာခက်မ အထူးသဖြင့် အုပ်ချုပ်ရေးအာဏာခက်မ၏ လက်အောက်ခံအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် ထိုခက်မအား တာဝန်ခံစေခြင်းများ မရှိစေရ။

- Findlay နှင့် ဗြိတန်နိုင်ငံအမှုတွင် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးမှ စဉ်းစားသည်မှာ စစ်တပ်တရားရုံးမှ အယူခံကိစ္စကို စီရင်ဆုံးဖြတ်ခြင်းမှာ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို ကျူးလွန်ဖောက်ဖျက်ရာကျသည်။ အဘယ်ကြောင့်ဆိုသော် စစ်တပ်တရားရုံးအဖွဲ့ဝင်များသည် ရာထူးအဆင့်အရ အမှုများစုစည်းတင်ပြရသည့် တာဝန်ကိုထမ်းဆောင်ရသည့် အရာရှိများနှင့် ဆုံးဖြတ်ချက်ပြုရသော အစိုးရရှေ့နေအရာရှိများအပေါ် တာဝန်ယူရသည်ဖြစ်ရာ အရာရှိများ ချမှတ်ထားသည့်ပြစ်ဒဏ်ကို ပြန်လည်ပြင်ဆင်နိုင်သည့် အာဏာလည်းရှိနေ၍ဖြစ်သည်။[89]
- အခမ္ဘဖမ်းဆီးထိန်းသိမ်းခြင်း နှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂလုပ်ငန်းအဖွဲ့မှ တွေ့ရှိသည်မှာ Djibouti နိုင်ငံလုံခြုံမှုဆိုင်ရာ တရားရုံးတွင် တာဝန်ကျသည့် တရားသူကြီးအများစုသည် အစိုးရဝန်ထမ်းများဖြစ်သဖြင့် ICCPR ပုဒ်မ ၁၄ တွင် ပြဋ္ဌာန်းထားသော တရားရုံးများ အမှီအခိုကင်းရန် လိုအပ်ချက်ကို ဆန့်ကျင်ဖောက်ဖျက်ရာကျသည်။[90]
- အမေရိကန်နိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်မှ တွေ့ရှိသည်မှာ တရားရုံးတစ်ရုံးအား အုပ်ချုပ်ရေးကဏ္ဍမှ အရာရှိများဖြင့် ဖွဲ့စည်းထားပြီး ထိုအရာရှိများသည် စစ်တပ်အရာရှိများအား တာဝန်ခံနေခြင်းသည် အမှီအခိုကင်းသော သမာဓိခုံအဖွဲ့၏ စီရင်ဆုံးဖြတ်မှုကို ခံယူပိုင်ခွင့်အား ချိုးဖောက်ရာကျသည်။[91]

*နိုင်ငံတိုင်းသည် တရားသူကြီးများ ယင်းတို့၏ အမှုကိစ္စများကို အမှီအခိုကင်းစွာ စီရင်ဆုံးဖြတ်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများကို ချမှတ်ထားရမည့်တာဝန်ရှိသည်။ တရားစီရင်ရေး ကဏ္ဍအမှီအခိုကင်းမှုကို မြှင့်တင်ရန် တရားသူကြီးများ၏ လုပ်ငန်းများကို ဝင်ရောက်နှောင့်ယှက်ခြင်းမှ ရှောင်ကြဉ်ရမည့်အပြင် တရားသူကြီးများ၏ စီရင်ဆုံးဖြတ်မှုများကို သဘော*

88 Report of the United Nations High Commissioner for Human Rights on the Office in Colombia, uN docu-ment E/CN.4/2000/11, para. 189 See also the Report by the United Nations High Commissioner for Human Rights to the Commission on Human Rights, uN document E/CN.4/1998/16, para. 200, where the High Commissioner invited the Colombian Government to "take immediate steps to guarantee the full operation of the justice system, particularly through the effective protection of members of the judiciary […]".

89 Findlay v. The United Kingdom, doc. cit., paras. 74 to 77. See also Coyne v. The United KingdomECtHR judgment of 24 September 1997, Series 1997-V, paras. 56-58.

90 decision Nº 40/1993 (djibouti), 29 September 1993, uN document E/CN.4/1994/27.

91 Report Nº 78/02, Case 11.335, doc. cit., para. 76



*တူလက်ခံရမည်။ တရားစီရင် ရေးကဏ္ဍသည် အဖွဲ့အစည်းအနေဖြင့် အမှီအခိုကင်းရမည့်အပြင် တရားသူကြီး တစ်ဦးချင်းစီအနေဖြင့်လည်း တရားစီရင်ရေးကဏ္ဍအတွင်းနှင့် အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင် အမှီအခိုကင်းရမည်။*

# ၂။ သမာသမတ်ကျခြင်း

## အကျဉ်းချုပ်

မျှတသော တရားစီရင်မှု ဖြစ်စေရန် တရားသူကြီးများ သမာသမတ်ကျရပါမည်။ သမာသမတ်ကျသော တရားသူကြီး (သို့မဟုတ် သမာဓိခုံအဖွဲ့ဝင်)သည် သီးခြားအမှုများအပေါ် စိတ်မဝင်စားခြင်း သို့မဟုတ် မစွန့်စားလိုခြင်းနှင့် အမှုမှ  သို့မဟုတ် အမှုသည်များမှ ကြိုတင်ပုံသွင်းထားသော သဘောထားမှတ်ချက်များကို ရယူမထားမှသာ မျှတသော တရားစီရင်ဆုံးဖြတ်မှု ဖြစ်လာမည်။ အမှုများကို `အချက်အလက်များကို အခြေခံ၍ ဥပဒေနှင့်အညီ လွတ်လပ်စွာပင်´[92] ဆုံးဖြတ်ရမည်။ ထိုသို့ဖြစ်လာရန် နိုင်ငံတော်၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများက တရားသူကြီးများအား အတင်းအကျပ် ဖိနှိပ်၍ သို့မဟုတ် ဆွဲဆောင်၍ ဆုံးဖြတ်စေခြင်းမျိုးမှ ရှောင်ကြဉ်ရမည့်အပြင် တရားသူကြီးများအနေဖြင့်လည်း သမာသမတ်ကျစွာ မှန်မှန်ကန်ကန် ဆုံးဖြတ်ရန် တာဝန်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံ စည်းမျဉ်းများတွင် အဆိုပါအချက်နှင့်စပ်လျဉ်း၍ `[....] တရားသူကြီးများသည် မိမိတို့ဌာန၏ ဂုဏ်သိက္ခာနှင့် သမာသမတ်ကျပြီး လွတ်လပ်သော တရားစီရင်ရေးကို အမြဲအပြတ် ထိန်းသိမ်းထားနိုင်ရန် မိမိတို့ကိုယ်တိုင်ကောင်းမွန်စွာ ပြုမူဆောင်ရွက်ရမည်။´[93] ဟု ဖော်ပြထားပါသည်။ ဥရောပကောင်စီမှ ထိုစည်းမျဉ်းအား `တရားသူကြီးများသည် အမှုများကို သမာသမတ်ကျစွာ ဆုံးဖြတ်နိုင်ရန် အချုပ်အနှောင်ကင်းသော လွတ်လပ်ခွင့်များ ရရှိရမည်။ အချက်အလက် အခြေခံ၍သာ ကျင့်ဝတ်နှင့်အညီအမှုများကို စီရင်ဆုံးဖြတ်ရမည်´[94] ဟု ထပ်မံ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။

တရားရုံးများ သမာသမတ်ကျရေးနှင့် တရားစီရင်မှုအား ပြည်သူသို့ချပြရေးတို့မှာ မျှတသော တရားစီရင်ခံခွင့်အတွက် အရေးကြီးသော အချက်များဖြစ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက် ပုဒ်မ(၁၄)၊ အပိုဒ် (၁) တွင် လူ့အခွင့်အရေးကော်မတီ၏ အမြင်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

- `တရားရုံးများ သမာသမတ်ကျစေရန်အလို့ငှာ- တရားသူကြီးများသည် ယင်းတို့ကို တင်ပြလာသောအမှုများတွင် ကြိုတင်မှန်းဆချက်များကို လက်သင့်မခံရ။ အမှုသည်တစ်ဖက်ဖက်ကို မျက်နှာသာပေးသည့် အပြုအမူမျိုး မပြုလုပ်ရ။ တရားသူကြီးတစ်ဦးတွင်ရှိရမည့် အခြေခံ အရည်အချင်းများကို ဥပဒေနှင့်အညီ ပြဌာန်းထားရမည့်အပြင် အဆိုပါ အရည်အချင်းများနှင့် ညီ/မညီကို ရာထူးအဆင့်အလိုက် စဉ်းစားဆုံးဖြတ်၍ အရည်အချင်းမပြည့်မီသူများကို ရာထူးမှ ဖယ်ရှား

92 UN Basic Principles on the Independence of the Judiciary, doc. cit., Principle 2.

93 Ibid., Principle 8.

94 Council of Europe, Recommendation No. R (94), doc. cit, Principle I.2.d. See also Principle V.3.b: "Judges should in particular have the following responsibilities: to conduct cases in an impartial manner in accord-ance with their assessment of the facts and their understanding of the law, to ensure that a fair hearing is given to all parties and that the procedural rights of the parties are respected pursuant to the provisions of  the Convention".

ရန် တရားရုံးမှ ဆောင်ရွက်ရမည်။ ’[95]

- သမာဓိခုံအဖွဲ့၏လုပ်ပိုင်ခွင့်သည် ခုံလျှောက်လဲခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အာမခံချက်များနှင့် အလွန်ဆက်စပ်နေကြောင်းလည်း လူ့အခွင့်အရေးကော်မတီမှ ညွှန်ပြခဲ့ပါသည်။ အမှုတစ်ခုတွင် လူ့အခွင့်အရေးကော်မတီမှ ဤသို့ဆိုထားသည်။ `ဤအခွင့်အရေး၏ အဓိကအချက် [သမာဓိ ခုံအဖွဲ့၏လုပ်ပိုင်ခွင့်]မှာ စွပ်စွဲခံရသူအား ခုံလျှောက်လဲရန် လုံလောက်သော အချိန်နှင့် အထောက်အပံ့ပေးရန်ဖြစ်သည် ’[96]

မူအပိုင်းနှင့်စပ်လျဉ်း၍ အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်မှ " သမာသမတ်ကျသော တရားခွင်သည် တရားရေးစီရင်ဆုံးဖြတ်မှုများ၏ အနိမ့်ဆုံးအဆင့် အာမခံချက်များအနက် အဓိက အချက်တစ်ခုဖြစ်သည်" [97] ဟု ဆိုထားပါသည်။

## အမှန်တကယ်နှင့် မြင်သာသော သမာသမတ်ရှိခြင်း

တရားရုံးတစ်ရုံး၏ သမာသမတ်ကျမှုကို အမှုသည်များအပေါ် ဘက်လိုက်မှုကင်းခြင်း၊ မလိုမုန်းထားမှုကင်းခြင်း သို့မဟုတ် ဆန္ဒစွဲကင်းခြင်းဟု အဓိပ္ပာယ်ဖွင့်နိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ ဘက်လိုက်မှုမျိုးကို သက်သေမပြနိုင်သော်လည်းဘဲ မြင်သာသောအမှုများလည်း ရှိပါသည်။ ထို့ကြောင့် တရားရုံး၏ သမာသမတ်ကျမှုကို ပုဂ္ဂိုလ်အရဖြစ်စေ၊ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ စစ်ဆေးရမည်။

ဥရောပလူ့အခွင့်အရေးဆိုင်ရာ တရားရုံးမှ "ပုဂ္ဂိုလ်ရေးအရ ကိုင်တွယ်ဖြေရှင်းခြင်းဆိုသည်မှာ အမှုတစ်ခုတွင် သက်ဆိုင်ရာတရားသူကြီး၏ ပုဂ္ဂိုလ်ရေး ထင်မြင်ယူဆ ဆုံးဖြတ်ချက်အား သေချာမှုရှိရန် စိစစ်ခြင်းပင်ဖြစ်ပြီး၊ ရည်ရွယ်ချက်ဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းသည် ဥပဒေကြောင်းအရ သံသယဖြစ်ဖွယ်ရှိသည်များကို ချန်လှပ်ထားရာ၌ တရားသူကြီးမှ အာမခံချက် အလုံအလောက်ပေးခြင်း ရှိ/မရှိကို ဆုံးဖြတ်ခြင်းပင်ဖြစ်သည်" [98] ဟုခွဲခြားထားသည်။ ပထမအယူအဆကို ပုဂ္ဂိုလ်ရေးသမာသမတ်ကျမှု ဟုခေါ်ပြီး၊ ဒုတိယအယူအဆကို ရည်ရွယ်ချက်ရှိရှိ သမာသမတ်ကျမှုဟုဆိုနိုင်သည်။ တရားသူကြီး၏ သမာသမတ်မကျမှုကြောင့်ဖြစ်စေ၊ သမာသမတ်ကျစွာ လုပ်ဆောင်ရန် မလေ့လာထားလျှင်ဖြစ်စေ မျှတသော တရားစီရင်ဆုံးဖြတ်မှု ဖြစ်လာမည် မဟုတ်ပါ။

ဥရောပ လူ့အခွင့်အရေးဆိုင်ရာ တရားရုံး၏ သက်တမ်းရှည်ကြာနေသော ဥပဒေပညာရပ်၌ သမာသမတ်ကျရန် လိုအပ်ချက်(၂)ရပ်အား ဖော်ပြထားသည်။ ပုဂ္ဂိုလ်ရေးနှင့် ရည်ရွယ်ချက်ရှိရှိ စစ်ဆေးမှုတို့ အောင်မြင်မှသာ တရားသူကြီး သို့မဟုတ် တရားရေးအဖွဲ့သည် သမာသမတ်ကျပါမည်။ ပုဂ္ဂိုလ်ရေးစစ်ဆေးမှုမှာ "သက်ဆိုင်ရာ တရားသူကြီး၏ အမှုတစ်ခုအပေါ် ပုဂ္ဂိုလ်ရေး စီရင်ဆုံးဖြတ်ချက်များကို သုံးသပ်ရန် ကြိုးပမ်းခြင်းများပါဝင်သည်"[99] "တရားရေးအဖွဲ့ဝင်များသည် ပုဂ္ဂိုလ်ရေး ထင်မြင်ယူဆချက် သို့မဟုတ် ဘက်လိုက်မှုကင်းရမည်။ သက်သေမပြနိုင်ပါက ပုဂ္ဂိုလ်ရေးသမာသမတ်ကျမှု ရှိသည်ဟုပင် မှတ်ယူရမည်" [100] ဟုဆိုထားသည်။ ရည်ရွယ်ချက်ရှိရှိ သမာသမတ်ကျမှုတွင်" ဥပဒေကြောင်းအရ သံသယဖြစ်ဖွယ်ရှိသော ကိစ္စရပ်များကို ချန်လှပ်ထားခဲ့ရန် တရားသူကြီးမှ အာမခံချက် အလုံအလောက် ပေးခဲ့ခြင်းရှိ/မရှိ သေချာအောင် စိစစ်ခြင်းများပါဝင်သည်။" [101] တရားစီရင်ရေး ဥပဒေများအရ ဤစစ်ဆေးမှု မအောင်မြင်လျှင် မျှတမှုမရှိသော စီရင်ဆုံးဖြတ်မှုဟု မှတ်ယူရမည်။

- De Cubber နှင့် ဘယ်လ်ဂျီယမ်အမှုတွင် တရားရုံးမှ စဉ်းစားမိသည်မှာ စစ်ဆေးသူနှင့် စီရင်ဆုံးဖြတ်သူသည် တရားသူကြီးတစ်ဦးတည်းသာဖြစ်ပါက တရားရုံး၏ သမာသမတ်ကျမှုအပေါ် သံသယဖြစ်ဖွယ် ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သည့်အပြင် သမာသမတ်ကျသော တရားရုံးအား ဥပဒေချိုးဖောက်မှုကို မြည်းစမ်းကြည့်ရန် အခွင့်အာဏာ အပ်နှင်းပေးမိပေမည်။[102] ကနဦးကြားနာစစ်ဆေးမှု ပြုလုပ်ခဲ့သောခုံအဖွဲ့ဝင်များ၏ သမာသမတ်ကျမှုအပေါ် သံသယဖြစ်စရာတစ်စုံတစ်ရာကို တရားရုံးမှ မတွေ့ရသော်လည်း တရားစီရင်ရေးခုံတွင် ခုံအဖွဲ့ဝင်ရှိနေခြင်းကပင် အမှုသည်အတွက် စိုးရိမ်ပူပန်စရာ အခြေအနေဖြစ်နိုင်သည်ကို တရားရုံးမှ လက်ခံထားသည်။
- Castillo Algar နှင့် စပိန်နိုင်ငံအမှုတွင် စွပ်စွဲခံရသူနှင့်စပ်လျဉ်းသည့် သက်သေအလုံအလောက်ရှိသည်ဆိုသည့် အချက်အပေါ် အခြေခံ၍ အမှုစွဲချက်တင်ရန် တရားသူကြီးမှ အတည်ပြုပေးခဲ့ခြင်းမှာ အမှုအတွက် ကောင်းကျိုးများ ဖြစ်လာစေနိုင်သလို ခုံအဖွဲ့၏ သမာသမတ်ကျမှုအပေါ် သံသယဖြစ်စရာများ ပေါ်ပေါက်လာနိုင်ကြောင်း၊ ထိုမှတဆင့် စွပ်စွဲခံရသူ၏ အခွင့်အရေးများ ချိုးဖောက်ရန် သမာဓိခုံအဖွဲ့မှ ကြိုးပမ်းလာနိုင်ကြောင်း တရားရုံးမှ တွေ့ရှိခဲ့သည်။ [103]
- Svetlana Naumenko နှင့် ယူကရိန်းနိုင်ငံအမှုတွင်တရားသူကြီးတစ်ဦးအနေဖြင့် သူကိုယ်တိုင် ခုံအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရသောအမှု တစ်ခုအား ‘ဆန္ဒပြ’ရာတွင်ပါဝင်ခဲ့သည့်အချက်က ထိုတရားသူကြီး၏ သမာသမတ်ကျမှုကို ထိခိုက်နိုင်ဖွယ်ရှိ/မရှိကို ဥရောပတရားရုံးမှ ဆုံးဖြတ်ပေးခဲ့ရသည်။ တရားရုံး၏ အဆုံးအဖြတ်မှာ အမှုတစ်ခုတွင် လူတစ်ဦးတည်းက တရားလိုဖြစ်လိုက် တရားသူကြီးဖြစ်လိုက် ပြုလုပ်၍မရသဖြင့် ပုဂ္ဂိုလ်ရေး သမာသမတ်ကျမှုနှင့် လိုက်လျောညီထွေမှုမရှိပါ။ ထို့ကြောင့် ခုံအဖွဲ့အနေဖြင့် တရားလို၏ မျှတစွာတရားရင်ဆိုင်ခွင့်ကို ချိုးဖောက်ရာ ကျခဲ့သည်။[104]
- လူ့အခွင့်အရေးနှင့် အကြမ်းဖက်မှုအစီရင်ခံစာတွင် တရားသူကြီး သို့မဟုတ် သမာဓိခုံအဖွဲ့ဘက်မှ အမှန်တကယ် ဘက်လိုက်မှုကင်းရန်နှင့် ဥပဒေကြောင်းအရ သံသယဖြစ်ဖွယ်ရှိသည်များ ချန်လှပ်ခဲ့လျှင်လည်း အာမခံချက် အလုံအလောက်ပေးရန် သမာဓိခုံအဖွဲ့၏ သမာသမတ်ကျမှုကို ပုဂ္ဂိုလ်ရေးအရနှင့် ရည်ရွယ်ချက်ရှိရှိစိစစ်ရမည်။ ထိုအချက်များအရ တရားသူကြီး သို့မဟုတ်

95 Communication 387/1989, Arvo O. Karttunen v. Finland, doc. cit., para. 7.2

96 Communication No. 451/1991, Barry Stephen Harward v. Norway(Views adopted on 15 July 1994), uN document CCPR/C/51/d/451/1991, para. 9.4. See also Communication Nº 577/1994, Víctor Alfredo Polay Campos v. Peru(Views adopted on 6 November 1997), uN document CCPR/C/61/d/577/1994, para. 8.8, where the Committee took the view that "a cardinal aspect of a fair trial within the meaning of article 14 of the Covenant [is] that the tribunal must be, and be seen to be, independent and impartial".

97 Report Nº 78/02, Case 11.335, doc. cit., para. 74

98 For this distinction see, among others, Piersack v. Belgium, ECtHR judgment of 1 October 1982, Series A53, para. 30.

99 Tierce and Others v. San Marino, ECtHR judgment of 25 July 2000, Series 2000-IX, para. 75.

100 Daktaras v. Lithuania, ECtHR judgment of 10 October 2000, Series 2000-X, para. 30.

101 Padovani v. Italy, ECtHR judgment of 26 February 1993, Series A257-B, para. 25.

102 De Cubber v. Belgium, ECtHR judgment of 26 October 1984, Series A86, paras 27 et seq.

103 Case of Castillo Algar v. Spain, ECtHR judgment of 28 October 1998, Series 1998-VIII, paras 47 to 51.

104 Case of Svetlana Naumenko v. Ukraine, ECtHR judgement of 9 November 2004, Application 41984/98, para. 97.

သမာဓိခုံအဖွဲ့ အနေဖြင့် မည်သည့် အမှန်တကယ် ဘက်လိုက်မှုကိုမျှ မပြုလုပ်ရန်လိုအပ်သကဲ့သို့ ဘက်လိုက်မှုများဖြင့် ယဉ်ပါးရန် မလေ့လာပဲနေခြင်းကလည်း အကျိုးအကြောင်း မညီညွတ်ဟု ဆိုနိုင်သည်။[105]

- အာဖရိက လူ့အခွင့်အရေးကော်မရှင်ကလည်း အမှန်တကယ်နှင့် ထင်ယောင်ထင်မှား သမာသမတ်ကျမှုများကို စဉ်းစားခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခွင့်အရေးနှင့်ဆိုင်သော အမှုတွင် တရားသူကြီးတစ်ဦးနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းထားသော ခုံအဖွဲ့ကို သမာသမတ်ကျသည်ဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် 'ခုံအဖွဲ့ဝင် တစ်ဦးချင်းစီ၏ စရိုက်လက္ခဏာ မည်သို့ပင်ဖြစ်စေကာမူ အမှန်တကယ် သမာသမတ်မကျမှု မရှိသော်လည်း ခုံအဖွဲ့၏ အသွင်သဏ္ဍာန်မှာ ခုံဖွဲ့စည်းပုံတွင် ပေါ်လွင်နေ၍ဖြစ်သည်။' [106]

## တရားစီရင်ရေးတာဝန် ဝတ္တရားများမှ ကင်းလွတ်ခွင့်ပြုရန်

- သမာသမတ်ကျကျ တရားမစီရင်နိုင်သောအခါ သို့မဟုတ် နှစ်ဘက်ညှိနှိုင်းခြင်းဖြင့် အမှန်တကယ် သမာသမတ်ကျမှုကို မရရှိနိုင်သောအခါ စီရင်ဆုံးဖြတ်မှု ရပ်နားခြင်းကို တရားသူကြီးများမှ တာဝန်တစ်ရပ်အဖြစ် ပြုလုပ်ကြစေခြင်းကို သမာသမတ်ကျမှုဟုဆိုသည်။ အမှုသည်များက တရားသူကြီး၏ သမာသမတ်ကျမှုကို စိန်ခေါ်နိုင်မည့်အမှုမျိုးကို မျှော်လင့်မထားသင့်ဘဲ ထိုအမှုမျိုးမှ ကင်းကင်းနေရန် အကြောင်းပြချက်ရှာသင့်သည်။
- ဖြောင့်မတ်မှန်ကန်သော တရားစီရင်မှုများ အားကောင်းစေရန် တရားစီရင်ရေးအဖွဲ့မှ ချမှတ်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မှ အသိအမှတ်ပြုထားသော ဘင်္ဂလားတရားစီရင်ရေး ဥပဒေသများ [107] တွင် သမာသမတ်ကျမှုသည် တရားစီရင်ရေး၏ မွေးရာပါ အခြေခံတန်ဖိုး အဖြစ်ပါဝင်သည်။ ဥပဒေသ ၂.၅ တွင် တရားသူကြီးများ ရှောင်ကြဉ်ရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ညွှန်ကြားချက်များ ပါရှိသည်။

  ၂.၅ သမာသမတ်ကျစွာ မဆုံးဖြတ်နိုင်သောကိစ္စရပ်များ သို့မဟုတ် လေ့လာသူတစ်ဦးမှ အဆိုပါ တရားသူကြီးသည် သမာသမတ်ကျစွာ မဆုံးဖြတ်နိုင်ဟု ကျိုးကြောင်းခိုင်လုံစွာဖြင့် ထင်မြင်သောကိစ္စရပ်များ၌ တရားသူကြီးသည် ဆက်လက်ပါဝင် ဆောင်ရွက်ခြင်းမပြုရ။ ထိုကိစ္စရပ်များတွင် အောက်ပါဖြစ်စဉ်များ ပါဝင်သော်လည်း ထိုဖြစ်စဉ်များနှင့်သာ ကန့်သတ်မထားပါ။

  ၂.၅.၁ သက်ဆိုင်ရာအမှုသည်နှင့်စပ်လျဉ်း၍ သို့မဟုတ် အငြင်းပွားမှု အခြေခံ အချက်များအပေါ် ပုဂ္ဂိုလ်ရေးအမြင်အရတရားသူကြီးသည် အမှန်တကယ်ဘက်လိုက်မှု သို့မဟုတ် ကြိုတင်တရားစီရင်မှုရှိခြင်း။

105 Inter-American Commission on Human Rights, Report on Terrorism and Human Rights, doc. cit., para. 229.

106 The Constitutional Rights Project v. Nigeria, African Commission on Human and Peoples' Rights, Communication No. 87/93 (1995), paras. 13-14

107 Commission on Human Rights, Resolution 2003/43.

  ၂.၅.၂ တရားသူကြီးသည် အငြင်းပွားမှုကိစ္စတွင် ယခင်ကရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ်

  ၂.၅.၃ တရားသူကြီး သို့မဟုတ် တရားသူကြီး၏ မိသားဝင်တစ်ဦးဦးသည် အငြင်းပွားမှုကိစ္စ၌ စီးပွားရေးအရ ပတ်သက်ဆက်နွယ်မှုရှိနေခြင်း။

အကယ်၍ ထိုကိစ္စအား စီရင်ဆုံးဖြတ်ရန် အခြားခုံအဖွဲ့ကို ဖွဲ့စည်း၍ မရသောအခါ သို့မဟုတ် အရေးပေါ် အခြေအနေများကြောင့် မှားယွင်းစီရင်မိပါက တရားမျှတမှု ဆိုးရွားစွာ ပျက်စီးခြင်းသို့ ဦးတည်သွားသောအခါ အဆိုပါတရားသူကြီးအား အမှုကိစ္စ ဆက်လက် ဆောင်ရွက်စေရမည်။ [108]

အာဖရိကဒေသတွင်း မျှတစွာတရားရင်ဆိုင်ခွင့်နှင့် ဥပဒေဆိုင်ရာ အကူအညီများ ရယူခွင့်ဆိုင်ရာ ဥပဒေသများနှင့်လမ်းညွှန်ချက်များတွင် ခုံအဖွဲ့တစ်ဖွဲ့၏ သမာသမတ်ကျမှုကို ဆုံးဖြတ်နိုင်သည့် အသေးစိတ်စံနှုန်းများနှင့် သမာသမတ်ကျမှုကို အလေးမထားရမည့် အထူးကိစ္စရပ်များ ပါဝင်သည်။ ယခင်အစိုးရရှေ့နေ သို့မဟုတ် ဥပဒေအကျိုးဆောင်တစ်ဦးမှ သူ သို့မဟုတ် သူမကိုယ်တိုင် ရှေ့နေ လိုက်ပေးခဲ့သည့် သို့မဟုတ် အကျိုးဆောင်ပေးခဲ့သည့် အမှုတွင် တရားစီရင်ရေး အရာရှိအဖြစ် ပြန်လည်ဆောင်ရွက်သည့် အမှုနှင့် သူ သို့မဟုတ် သူမ ကိုယ်တိုင် စီရင်ဆုံးဖြတ်ခဲ့သည့် သို့မဟုတ် အဆင့်နိမ့် တရားရေးဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည့် အမှုတွင် အယူခံခုံအဖွဲ့၏ အဖွဲ့ဝင်အဖြစ် ပြန်လည်ဆောင်ရွက်သည့်အမှု စသည်တို့ကို အာဖရိကကော်မရှင်က အထူးကိစ္စရပ်များတွင် ထည့်သွင်းထားသည်။ လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် အခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်ခဲ့လျှင် တရားစီရင်ရေး အရာရှိသည် အဆိုပါအမှုကို ရပ်နားရမည်။ [109]

ဥရောပလူ့အခွင့်အရေးကော်မရှင်မှပြဋ္ဌာန်းထားသော ဥပဒေသတွင် " သမာသမတ်ကျမှု မရှိမှာစိုးရိမ်သည်ဟူသော ဥပဒေဆိုင်ရာ အကြောင်းပြချက်တစ်ခုအပေါ် လေးစားသော မည်သည့် တရားသူကြီးမဆို အမှုမှ နောက်ဆုတ်ရမည်။" [110] ဟုဖော်ပြထားသည်။

> *တရားရုံး၏ သမာသမတ်ကျမှုကို အမှုသည်နှစ်ဘက်လုံးအပေါ် ဘက်လိုက်မှု၊ မလိုမုန်းထားမှုနှင့် ဆန္ဒစွဲကင်းမှုဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ တရားရုံးများသည် သမာသမတ်ကျ၍ သမာသမတ်ရှိမှု ပေါ်လွင်ရမည်။ ထို့ကြောင့် တရားသူကြီးများအနေဖြင့် ယင်းတို့၏ သမာသမတ် ကျမှုအပေါ် မေးခွန်းထုတ်လောက်စရာ လုံလောက်သော လှုပ်ရှားမှုများ ရှိနေသောအမှုကိစ္စများ၌ ထိုအမှုများကို စီရင်ဆုံးဖြတ်ခြင်းမှ ရပ်နားရန် တာဝန်ရှိသည်။*

108 The Bangalore Principles of Judicial Conduct, adopted by the Judicial Group on Strengthening Judicial Integrity, as revised at the Round Table Meeting of Chief Justices at The Hague, 2002.

109 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, adopted as part of the African Commission's activity report at 2nd Summit and Meeting of Heads of State of African union, Maputo, 4 -12 July 2003, Principle A, para. 5.

110 Case of Indra v. Slovakia, ECtHR judgment of 1 February 2005, Application 46845/99, para. 49.

# ၃။ ဘဏ္ဍာရေးအာဏာနှင့် အရင်းအမြစ်အလုံအလောက်ရှိခြင်း

## အကျဉ်းချုပ်

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာဆောင်ရွက်ရန် အရင်းအမြစ် အလုံအလောက် လိုအပ်သည်။ အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာအနက် တစ်ခုဖြစ်သည့် တရားစီရင်ရေးကဏ္ဍသည် အရင်းအမြစ်များကို နိုင်ငံတော်ဘတ်ဂျက်မှရရှိပြီး၊ ယင်းဘတ်ဂျက်ကို ဥပဒေပြုရေး ကဏ္ဍ သို့မဟုတ် အုပ်ချုပ်ရေးကဏ္ဍတစ်ခုခုက များသောအားဖြင့် ဆုံးဖြတ်ရသည်။ နိုင်ငံတော် ဘတ်ဂျက်ကို ရေးဆွဲပြုစုခြင်းနှင့် သဘောတူခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နေသူများသည် တရားစီရင်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးရန် မဖြစ်မနေလိုအပ်သည်။ အရင်းအမြစ် မလုံလောက်ခြင်းက တရားစီရင်ရေးကဏ္ဍကို အကျင့်ပျက်ခြစားမှုများဖြင့် ပျက်စီးစေနိုင်သည်။ အကျိုးဆက်အားဖြင့် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုများ အားနည်းလာနိုင်သည်။ တရားစီရင်ရေး ကဏ္ဍသို့ အရင်းအမြစ်များ ခွဲဝေချထားပေးရန် ဆုံးဖြတ်ရာ၌ တရားသူကြီးများ သို့မဟုတ် တရားသူကြီး အဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးရမည်။[111]

တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို တဖြည်းဖြည်းချင်း ထိခိုက် စေသည့် အခြားအချက်မှာ ဘတ်ဂျက် အသေးစိတ် ပြုစုရေးဆွဲရာတွင် တရားစီရင်ရေးကဏ္ဍမှ ပူးပေါင်း ပါဝင်ခွင့် မရခြင်းပင်ဖြစ်သည်။ မည်သည့်အဖွဲ့အစည်းကိုမဆို ပုံသေထိရောက်စွာ ထိန်းချုပ်နိုင်သည့် နည်း လမ်းများစွာအနက် တစ်ခုမှာ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုပင် ဖြစ်သည်ဆိုသည့် အချက် ကြောင့်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ၏ အခြားခက်မများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများက တရားစီရင်ရေးကဏ္ဍသို့ ပေးရမည့် အရင်းအမြစ်များကို စီမံခွဲဝေမှုပြုရာတွင် အရေးပါသည့် လွှမ်းမိုးမှုကို ပြုနေသမျှကာလပတ်လုံး အထိအခိုက်မခံသည့် အမှုများ၏ ရလဒ်အပေါ် ထိန်းချုပ်လွှမ်းမိုးနိုင်စွမ်းလည်း အမှန်တကယ် ရှိနေဦးမှာဖြစ်သည်။ ထိုဖြစ်ရပ်က တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုကို တိုက်ခိုက် နေပါမည်။ အချုပ်အားဖြင့် နိုင်ငံအများစုတွင် တရားစီရင်ရေးကဏ္ဍ၏ အရင်းအမြစ်များကို စီမံခန့်ခွဲပိုင်ခွင့် ရှိသူများကို တရားစီရင်ရေးကဏ္ဍအတွင်း၌ ဖန်တီးထားသဖြင့် တရားရေးကိုယ်ထည်အပေါ် အုပ်ချုပ်ခွင့်များ အားကောင်းလာစေပါသည်။

- အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်က တရားစီရင်ရေးကဏ္ဍ၏ အဖွဲ့အစည်း ဆိုင်ရာလုပ်ပိုင်ခွင့်များ၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကိစ္စများ အပါအဝင်သည့် `ဒီမို ကရေစီ လူ့အဖွဲ့အစည်းအတွင်း အင်အားချိန်ခွင်လျှာညီမျှမှုကို ထိန်းသိမ်းရာတွင် မရှိမဖြစ် ခွဲခြား မရ´[112] ဟု စဉ်းစားထားသည်။

111 See the Policy Framework for Preventing and Eliminating Corruption and Ensuring the Impartiality of the Judicial System, ICJ's Centre for the Independence of Judges and Lawyers (CIJL), CIJL Yearbook 2000, p. 127 et seq.

112 Inter-American Commission on Human Rights, Second Report on the Situation of Human Rights in Peru, OAS document OEA/Ser.L/V/II.106 doc. 59 rev., Chapter II "Administration of justice and Rule of law", para. 13.

- တရားစီရင်ရေးဌာန၏အမှီအခိုကင်းမှုကို အာမခံနိုင်ရန် အရင်းအမြစ်များလုံလောက်စွာခွဲဝေချထားပေးရေးအတွက် လူ့အခွင့်အရေးကော်မရှင်မှ နိုင်ငံများအား အကြိမ်များစွာ နှိုးဆော်ခဲ့သည်။ [113]
- တရားသူကြီးများ၏ လစာနိမ့်ကျမှုအခြေအနေသည် အကျင့်ပျက်ခြစားမှုနှင့် ဆက်စပ်နေသည့်အပေါ် လူ့အခွင့်အရေးကော်မရှင်မှ စိုးရိမ်ပူပန်မှုရှိနေကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ဒေသခံ တရားသူကြီးများ အကျင့်ပျက်ခြစားမှုမှ ကာကွယ်ရန် စည်းမျဉ်းစည်းကမ်းများ လုံလောက်စွာ ချမှတ်ထားရေး အကြံပြုခဲ့သည်။[114] ကွန်ဂိုနိုင်ငံ၏ အမှုတွင် `[တရားသူကြီးများ] လစာနည်းနည်း ရရှိသည့် အကျိုးဆက်အနေဖြင့် အကျင့်ပျက်ခြစားမှု မကြာခဏ ရှိနေခြင်းဖြစ်သည်´ [115] ဟု ကော်မ ရှင်၏ စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။

## ဘဏ္ဍာရေးအာဏာဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ

အမျိုးမျိုးသော နိုင်ငံတကာစာတမ်းများက တရားစီရင်ရေးကဏ္ဍ၏ လိုအပ်ချက်တစ်ရပ်မှာ လုံလောက်သော ငွေကြေးရန်ပုံငွေတစ်ရပ် လက်ခံရရှိရန်ဖြစ်သည်ဟု နားလည်ထားကြသည်။ ဥပမာ-ကမ္ဘာ့ကုလသမ္မဂ္ဂအဖွဲ့ကြီး၏ အခြေခံဥပဒေသများတွင် `အဖွဲ့ဝင်နိုင်ငံတိုင်း၏တာဝန်မှာ တရားစီရင်ရေးကဏ္ဍကို တာဝန်များ ကောင်းစွာဆောင်ရွက်နိုင်ရန် လုံလောက်သော အရင်းအမြစ်များပေးရမည်´[116] ဟုပြဋ္ဌာန်းထားသည်။ ဥရောပပဋိညာဉ်စာတမ်း ၊ တရားသူကြီးများအတွက် အတည်ပြုပြဋ္ဌာန်းထားသော အပိုင်းတွင် `နိုင်ငံတော်သည် တရားသူကြီးများ ယင်းတို့လုပ်ငန်းတာဝန်များကို ကောင်းမွန်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်နှင့် အထူးသဖြင့် သင့်လျော်သော အချိန်အတိုင်းအတာအတွင်း အမှုများကို စီရင်ဆုံးဖြတ်နိုင်ရန် တရားသူကြီးများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည်´[117]

ပေကျင်းဥပဒေသကလည်း ဤလိုအပ်ချက်ကို လက်ခံကြောင်း `တရားသူကြီးများအား ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အရင်းအမြစ်များပေးရန် မရှိမဖြစ် လိုအပ်သည် ´[118] ဟု ဖော်ပြထားသည်။

နေသဟာယနိုင်ငံများမှ တရားသူကြီးများ သဘောတူထားသည့် Latimer House လမ်းညွှန်ချက်များတွင်လည်း ငွေကြေးရန်ပုံငွေပေးအပ်ခြင်းဆိုင်ရာ အသေးစိတ်အကြောင်းအရာများ ပါဝင်သည်။

113 See, for instance, the Concluding Observations of the Human Rights Committee on the Central African Republic, uN document CCPR/C/CAF/CO/2, para. 16.

114 Concluding Observations of the Human Rights Committee on Kosovo (Serbia), uN document CCPR/C/uNK/CO/1, para. 20. See also the Concluding Observations of the Human Rights Committee on Tajikistan, uN document CCPR/CO/84/TJK, para. 17.

115 Concluding Observations of the Human Rights Committee on the Democratic Republic of The Congo, uN document CCPR/C/COd/CO/3, para. 21

116 UN Basic Principles on the Independence of the Judiciary, doc. cit., Principle 7.

117 Council of Europe, European Charter on the statute for judges, dAJ/dOC (98 ) 23, operative paragraph 1.6.

118 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit., opera tive paragraph 41. See also Recommendation No. R (94) 12 of the Committee of Ministers of the Council of Europe, doc. cit., Principle III.



> *"တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အမြင့်ဆုံးစံနှုန်းများဖြင့် ထမ်းဆောင်နိုင်စေရန် ငွေကြေးရန်ပုံငွေ အလုံအလောက်ကို တရားစီရင်ရေးကဏ္ဍအား စဉ်ဆက်မပြတ်ပေးရမည်။ ဥပဒေပြုရေးအဖွဲ့မှ ထိုရန်ပုံငွေကို တစ်ကြိမ်အတည်ပြုပေးပြီးသည့်နောက် မလျော်သောသုံးစွဲမှု သို့မဟုတ် အဆက်ဖြတ်ထားမှုမျိုး မဖြစ်စေရေး ကာကွယ်ထိန်းသိမ်းရမည်။ ရန်ပုံငွေခွဲဝေချထားပေးခြင်း သို့မဟုတ် ချုပ်ကိုင်ထားခြင်းကို တရားစီရင်ရေးကဏ္ဍအပေါ် မလျော်သော လွှမ်းမိုးချုပ်ကိုင်မှုပြုလုပ်ရန် ရည်ရွယ်သောအားဖြင့် အသုံးမချရ။ ´*[119]

အာဖရိကနိုင်ငံများ၌ ကျင့်သုံးနေသော မျှတစွာ တရားရင်ဆိုင်ခွင့်ဆိုင်ရာ လမ်းညွှန်ချက်များတွင် `တရားစီရင်ရေးကဏ္ဍအား ယင်းတို့လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်စေရန် အရင်းအမြစ် အလုံအလောက် ဖြည့်ဆည်းပေးရမည်။ နိုင်ငံတော်သည် ဘတ်ဂျက်ရေးဆွဲပြုစုခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့နှင့်စပ်လျဉ်း၍ တရားစီရင်ရေးကဏ္ဍအား တိုင်ပင်ရမည် ´[120] ဟုဖော်ပြထားသည်။

နိုင်ငံတကာ စံနှုန်းများက နိုင်ငံတိုင်းအား တရားစီရင်ရေးကဏ္ဍ ဘဏ္ဍာငွေအလုံအလောက် ရရှိစေရေး အာမခံနိုင်သည့် အကောင်းဆုံးနည်းလမ်းများ ချမှတ်ကျင့်သုံးခွင့်ပြုထားကြောင်း မှတ်သားထိုက်ပေသည်။ တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုတွင် မရှိမဖြစ်သော အစိတ်အပိုင်းတစ်ရပ်မှာ ဘဏ္ဍာငွေ အလုံအလောက်ရရှိရေး ဖြစ်သောကြောင့်ပင်ဖြစ်သည်။[121] ထိုဥပဒေသည် နိုင်ငံတိုင်း၏ တရားရေးစနစ်တွင် အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သင့်သည်။ ဤလိုအပ်ချက်များ ပြည့်မီရန် အချို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၌ ပုံသေဘတ်ဂျက် ရာခိုင်နှုန်းတစ်ခုကို တရားရေးဆိုင်ရာစီမံခန့်ခွဲမှုသို့ ခွဲဝေပေးရန် အာမခံသည့် ဥပဒေ ပုဒ်မတစ်ခု ထည့်သွင်းထားရမည်။

အချို့နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအရင်းအမြစ်များကို တရားစီရင်ရေးကဏ္ဍသို့ မပေးနိုင်ကြပါ။ ထိုကိစ္စနှင့် စပ်လျဉ်း၍ ပေကျင်းဥပဒေသတွင် ဖော်ပြထားသည်မှာ -

> *"စီးပွားရေး အကျပ်အတည်းများကြောင့် တရားရေးစနစ်သို့ တရားသူကြီးများ၊ ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သည်ဟု တရားသူကြီးများ ကိုယ်တိုင် ထင်မြင်ယူဆသော အထောက်အပံ့များနှင့် အရင်းအမြစ်များကို ခွဲဝေပေးရန် ခက်ခဲစေကာမူ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်မှာ မရှိမဖြစ်လိုအပ်သောကြောင့် မည်သို့ပင်ဖြစ်စေကာမူ တရားစီရင်ရေးကဏ္ဍနှင့် တရားရေးစနစ်၏လိုအပ်ချက်များကို အရေးကြီး ဦးစားပေးအဖြစ် မှတ်ယူဖြည့်ဆည်းပေးရမည်။"*[122]

119 Latimer House Guidelines for the Commonwealth on Parliamentary Supremacy and Judicial Independence, adopted on 19 June 1998, Guideline II.2.

120 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, doc. cit., paragraph A, 4 (v). See also the Universal Charter of the Judge, op. cit., article 14

121 See UN Basic Principles on the Independence of the Judiciary, doc. cit., which require States to guarantee the independence of the judiciary and to enshrine it in the Constitution or the law of the country (Principle 1).

122 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit., opera-tive paragraph 42.

ဘဏ္ဍာရေးအာဏာ ကျင့်သုံးမှုနှင့်စပ်လျဉ်းသည့် အခြားလိုအပ်ချက်တစ်ရပ်မှာ တရားစီရင်ရေးကဏ္ဍသည် ယင်းပိုင်အရင်းအမြစ်များကို မည်သို့ခွဲဝေသုံးစွဲမည်ကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိရမည်။ တရားစီရင်ရေးကဏ္ဍ၏ အရင်းအမြစ်ခွဲဝေသုံးစွဲမှုအပေါ် အခြားသော အာဏာပိုင် အဖွဲ့အစည်းများက ကြားဝင်နှောက်ယှက်ခြင်းမရှိပဲ ကင်းကင်းနေရမည်။ အရင်းအမြစ် ခွဲဝေသုံးစွဲမှုသည် တရားစီရင်ရေးကဏ္ဍ၏ အတွင်းရေးကိစ္စဖြစ်သော်လည်း တရားရေးအာဏာခက်မသည် အခြားသော အချုပ်အခြာအာဏာခက်မများအပေါ် တာဝန်ခံနိုင်ခြင်းမှာ စောင့်ကြည့်ထိန်းညှိရေးစနစ်၏ ကောင်းကျိုးပင် ဖြစ်သည်။

*တရားစီရင်ရေးကဏ္ဍကို ယင်းနှင့်ဆိုင်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေ အလုံအလောက်ပေးအပ်ရမည်။ ထိုလိုအပ်ချက်ကို အာမခံပေးရန် နိုင်ငံတော်၌ တာဝန်ရှိသည်။ ဥပဒေပြဋ္ဌာန်းထားလျှင် ပိုမိုကောင်းမွန်သည်။ ဘတ်ဂျက်ပြုစုရေးဆွဲရာတွင် တရားစီရင်ရေးကဏ္ဍ ပူးပေါင်းပါဝင်ခြင်းက အရေးကြီးဆုံး လုံခြုံရေးအစီအမံဖြစ်သည်။ ဘဏ္ဍာငွေ မလုံလောက်မှုကို တားဆီးနိုင်မည်။ တရားစီရင်ရေးကဏ္ဍအနေဖြင့် ယင်းပိုင်အရင်းအမြစ်များကို ယင်းစိတ်ကြိုက် ခွဲဝေချထားနိုင်သည့် ဘဏ္ဍာရေးအခွင့်အာဏာ ရရှိခံစားနိုင်မှာ ဖြစ်သော်လည်း အချုပ်အခြာအာဏာ၏ အခြားခက်မများအပေါ် မလျော်ကန်သော သုံးစွဲမှု မဖြစ်စေရေး တာဝန်ခံမှုရှိရမည်။*



# ၄။ အခြေခံလွတ်လပ်ခွင့်

## အကျဉ်းချုပ်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဥပဒေသ အမှတ် ၈ တွင် ဖော်ပြထားသည်မှာ -

*ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းအရ တရားစီရင်ရေးအဖွဲ့ဝင်များသည် အခြား နိုင်ငံသားများကဲ့သို့ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့် များရှိသည်။ တရားသူကြီးများသည် ယင်းတို့ရုံးဌာန၏ ဂုဏ်သိက္ခာကို စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှုတို့ကို ထိန်းသိမ်းကာကွယ်ရန် ယင်းတို့ကိုယ်တိုင် ကောင်းမွန်စွာ ပြုမူဆောင်ရွက်ရင်း ဤအခွင့်အရေးများကို ကျင့်သုံးရမည်။ ´*[123]

ဤပုဒ်မက အထက်ဖော်ပြပါ လွတ်လပ်ခွင့်များ၏ အရေးကြီးမှုကို ထပ်ဆင့်အတည်ပြုသည်မှာ တရားသူကြီးများအနေဖြင့် ယင်းတို့၏ အမှီအခိုကင်းမှုကို ကာကွယ်စောင့်ရှောက်ရမည်ဟူ၍ ဖြစ်သည်။ ဥပဒေသများတွင် ဖော်ပြထားသကဲ့သို့ အခြားနိုင်ငံသားအားလုံးလည်း အဆိုပါ လွတ်လပ်ခွင့်များကို ခံစားနိုင်ကြမည့်အပြင် အဓိကကျသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်အားလုံး၏ အသိအမှတ်ပြုမှုကိုလည်း ခံယူရရှိပေမည်။

တရားသူကြီးများသည် လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အာမခံပေးနိုင်သော မရှိမဖြစ်များဖြစ်ရာ အထက်ပါလွတ်လပ်ခွင့်များကြောင့် ပို၍အရေးပါမှုများဖြစ်စေသည်။ အထူးသဖြင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာဖော်ထုတ်ခွင့်များက ယင်းတို့၏ အခန်းကဏ္ဍများ ဖြည့်ဆည်းရာတွင် အခြေခံများဖြစ်သည်။

## အသင်းအဖွဲ့လွတ်လပ်ခွင့်

တရားသူကြီးများအသင်းသည် တရားစီရင်ရေးကဏ္ဍ သမာသမတ်ကျမှုနှင့် တရားဥပဒေအပေါ် လေးစားလိုက်နာမှုရှိစေရေး ဆောင်ရွက်ရာတွင် မရှိမဖြစ်သော အခန်းကဏ္ဍမှပါဝင်သည်။ ထိုအသင်းများက တရားသူကြီးများ၏ အမှီအခိုကင်းမှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် တရားရေးဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုထိရောက်စေရန် တရားသူကြီးများကို စုစည်း၍ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်စေသည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ Latimer House ညွှန်ကြားချက်များတွင် " အမှီအခိုကင်းစွာ ဖွဲ့စည်းထားသော ဥပဒေကျွမ်းကျင်သူများသည် တရားဥပဒေကို ကာကွယ်စောင့်ရှောက်ရာတွင် မရှိမဖြစ် အစိတ်

123 In similar terms, see Principle 4.6 of the Bangalore Principlesand Principle A, paragraph 4 (s) of the Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa.

အပိုင်းဖြစ်သည်" [124] ဟု ဖော်ပြထားသည်။ ဥရောပပဋိညာဉ်စာတမ်း၊ တရားသူကြီးများနှင့် စပ်လျဉ်းသော အပိုင်းတွင် တရားသူကြီးများအသင်း၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုထားပြီး တရားသူကြီးများ အသင်းနှင့်စပ်လျဉ်း၍

*"တရားသူကြီးများ တည်ထောင်ထားသော ပညာရှင်အသင်းများဖြစ်ပြီး ဥရောပပဋိညာဉ် စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးအပ်ထားသော တရားသူကြီး အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရန်အလို့ငှာ ထိုအသင်းများသို့ တရားသူကြီးများအားလုံး သိသာ ထင်ရှား လွတ်လပ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည်။ ထိုအသင်းများသည် ယင်းတို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်နေသော အစိုးရ အဖွဲ့ အစည်းများနှင့်လည်း အထူးသဖြင့် ပက်သက်ဆက်နွှယ်မှု ရှိနေမည်"[125] ဟုဖော်ပြထားသည်။*

တရားသူကြီးများ၏ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကို အသိအမှတ် ပြုထားကြောင်းကို သဘောထားမှတ်ချက် အမှတ် R(၉၄) ၁၂ တွင် " တရားသူကြီးများ သည် ယင်းတို့၏ အမှီအခိုကင်းမှုနှင့် တရားသူကြီးဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ တရားသူကြီး အသင်းအဖွဲ့ သက်သက်ကိုဖြစ်စေ၊ အခြားအဖွဲ့များနှင့်ပူးတွဲ၍ဖြစ်စေ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိသည်"[126] ဟုဖော်ပြထား သည်။ ပေကျင်းဥပဒေသများကလည်း ဤအသင်းအဖွဲ့ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုထားပြီး " တရား သူကြီးများသည် ယင်းတို့၏ ဆန္ဒဖော်ထုတ်ရန်၊ ဥပဒေပညာရပ်သင်တန်းများ တိုးတက်လာစေရန်နှင့် ယင်းတို့၏အမှီအခိုကင်းမှုကို ကာကွယ်စောင့်ရှောက်ရေးအတွက် အခြားသော သင့်လျော်ရာဆောင်ရွက်မှု များ ပြုလုပ်ရန်အလို့ငှာ အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် တရားသူကြီးများအသင်းသို့ ဝင် ရောက်ခွင့်များရှိပြီး ထိုကိစ္စသည် မည်သည့်တည်ဆဲဥပဒေနှင့်မျှ ငြိစွန်းခြင်းမရှိစေရ။"[127] ဟုဖော်ပြထား သည်။

124 Latimer House Guidelines, doc. cit., Guideline VII.3. See also article 12 of the Universal Charter of the Judge: "The right of a judge to belong to a professional association must be recognized in order to permit the judges to be consulted, especially concerning the application of their statutes, ethical and otherwise, and the means of justice, and in order to permit them to defend their legitimate interests".

125 European Charter on the statute for judges, doc. cit., operative paragraph 1.7. See also Principle 9 of the UN Basic Principles: "Judges shall be free to form and join associations of judges or other organizations to rep-resent their interests, to promote their professional training and to protect their judicial indepen-dence".

126 Recommendation No. R (94) 12, doc. cit., Principle IV.

127 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit. opera-tive paragraph 9. See also the Principles and Guidelines on the Right to a Fair Trial and Legal Assis-tance in Africa, Principle A, paragraph 4 (t): "Judicial officers shall be free to form and join professional associations or other organizations to represent their interests, to promote their professional training and to protect their status".



## လွတ်လပ်စွာဖော်ထုတ်ခွင့်

လွတ်လပ်စွာဖော်ထုတ်ခွင့်သည်လည်း တရားသူကြီး၏ အခန်းကဏ္ဍတွင် အရေးပါသည်။ တရားဥပဒေစိုးမိုးရေး အာမခံသူများဖြစ်သည့်အပြင် ဥပဒေအသိုက်အဝန်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည့်အားလျော်စွာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စကားစစ်ထိုးပွဲများနှင့် အခြားသော ဥပဒေရေးရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။

အပေါ်ယံအသိအမှတ်ပြုရုံသာမဟုတ်ပဲ အရေးပါသော နိုင်ငံတကာလူ့အခွင့်အရေး စာချုပ် အားလုံးတွင် ထိုအကြောင်းအရာပါရှိသည်ဖြစ်ရာ လွတ်လပ်စွာဖော်ထုတ်ခွင့်သည် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုနှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာများစွာတွင်လည်း ပါဝင်သည်။ ကမ္ဘာ့ကုလ သမဂ္ဂ အဖွဲ့ကြီး၏ ဥပဒေအမှတ် ၈ တွင်လည်း အထူးအလေးထား ဖော်ပြထားသည်။

ဤအခွင့်အရေးသည် အကန့်အသတ်မရှိ မဟုတ်ပဲ တရားစီရင်ရေးလုပ်ငန်းတာဝန်များ၏ မွေးရာပါ၊ အချို့သော သတ်မှတ်ချက်များနှင့် အညီသာဖြစ်သည်။ တရားသူကြီးများ အရေးကိစ္စတွင် လွတ် လပ်စွာ ဖော်ထုတ်ခွင့်ကို အတိုင်းအဆမရှိ ပြုလုပ်ပါက တရားသူကြီးများ၏ အမှီအခိုကင်းမှု သို့မဟုတ် သမာသမတ်ကျမှုများပါ ယုံမှားမကင်းဖြစ်ခံရနိုင်သည်။ ဥပမာ-အမှုတစ်ခုနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များကို အခြားအမှုသည်တစ်ဖက်သို့ သို့မဟုတ် သတင်းမီဒီယာသို့ ဖော်ထုတ်မိလျှင်၊ အထူးသဖြင့် အမှုများ စစ်ဆေးကြားနာဆဲကာလတွင် အပြစ်ကင်းကြောင်း မှတ်ယူထားသည့်ကိစ္စများ အပါအဝင် မျှတစွာတရားစီရင်ခွင့်ကိုထိခိုက်မည့် ကိစ္စများအား တရားသူကြီးများသည် ရှောင်ကြဉ်ရမည်။

ထိုအသိအမြင်ဖြင့် ဥရောပ ပဋိညာဉ်စာတမ်း၊ တရားသူကြီးများနှင့် စပ်လျဉ်းသောအပိုင်းတွင် ဖော်ပြထားသည်မှာ " တရားသူကြီးများသည် ယင်းတို့၏ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှုဆိုင်ရာ ယုံကြည်ချက်များ အပေါ် ကောင်းစွာထိခိုက်နိုင်မည့် အဓိပ္ပာယ် သက်ရောက်သည့် မည်သည့်အပြုအမူ၊ လှုပ်ရှားမှု သို့မဟုတ် ဖော်ပြချက်မျိုးကိုမဆို ရှောင်ကြဉ်ရမည် "[128] ဟုဖြစ်သည်။

*ဘင်္ဂလားဥပဒေသများတွင်လည်း တရားသူကြီးများအား ယင်းတို့၏ ရာထူးနေရာအရ သတ် မှတ်ထားသောအချက်များကို မထိခိုက်စေရေး ပြုမူရန် ဖော်ပြထားသည်မှာ " တရားသူကြီး တစ်ဦးသည် အခြားနိုင်ငံသားများကဲ့သို့ လွတ်လပ်စွာဖော်ထုတ်ခွင့်၊ [....] ခွင့်ရှိသည်။ သို့ရာတွင် ထိုအခွင့်အရေးကို ရယူရာတွင် တရားရေးဌာန၏ ဂုဏ်သိက္ခာနှင့် တရားစီရင်ရေး ကဏ္ဍ၏ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် အနေ အထားဖြင့်သာ အမြဲပြုမူဆောင်ရွက်ရမည်" [129] ဟုဖြစ်သည်။*

128 European Charter on the statute for judges, doc. cit., operative paragraph 4.3.

129 Bangalore Principles, Principle 4.6. See also Principle 4.10: "Confidential information acquired by judge in the judge's judicial capacity shall not be used or disclosed by the judge for any other purpose not relat-ed to the judge's judicial duties".

ထို့ကြောင့်တရားသူကြီးများသည် မည်သည့်ကိစ္စတွင်မဆို ယင်းတို့၏ သဘောထားအမြင်များကို လွတ်လပ်စွာဖော်ထုတ်နိုင်သော်လည်း ထိုသို့ဖော်ထုတ်ရာတွင် အခွင့်အရေးယူတတ်သူများ၏ မျက်စိရှေ့မှောက်သို့ ရောက်သွားတတ်၍ အမှီအခိုကင်းစွာနှင့် သမာသမတ်ကျစွာ တရားစီရင်နိုင်သည့် ယင်းတို့၏ စွမ်းရည်ကို ထိခိုက်စေမည့် ကြေငြာချက်မျိုးထုတ်ပြန်ခြင်းမှ ရှောင်ကြဉ်ရမည်။

*တရားသူကြီးများသည် အခြားလူပုဂ္ဂိုလ်များကဲ့သို့ အခြေခံလွတ်လပ်ခွင့်များ ခံစားနိုင်သည်။ တရားစီရင်ရေးကဏ္ဍအား စီမံခန့်ခွဲရာတွင် အခြေခံကျလှသည့် ယင်းတို့၏ အခွင့်အာဏာကြောင့် လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များသည် အထူးအရေးပါလာသည်။ ထိုလွတ်လပ်ခွင့်များကို ရယူခံစားရာတွင် တရားသူကြီးများ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုအပေါ် ထိခိုက်ခြင်းမရှိစေရန် အထူးဂရုပြုရမည်။*



# ၅။ ခန့်အပ်ခြင်း

## အကျဉ်းချုပ်

တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို အာမခံနိုင်ရန် နိုင်ငံများအနေဖြင့် နိုင်ငံတကာဥပဒေအရ တရားသူကြီးများခန့်အပ်ရာတွင် တိကျသော ရွေးချယ်မှုစံနှုန်းများနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်လိုသည်။ တရားသူကြီးများခန့်အပ်ရာနှင့် ရာထူးတိုးပေးရာတွင် အခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်မှုရှိမရှိကို ထည့်သွင်းမစဉ်းစားလျှင် တရားမျှတမှုကို လွတ်လပ်စွာနှင့် သမာသမတ်ကျစွာ ရရှိရေးဟူသော ပင်မလုပ်ငန်းတာဝန် ပြီးမြောက်မည် မဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်မှုကို ရရှိရန်မှာ တိကျရှင်းလင်းသော ရွေးချယ်ခန့်အပ်မှုစံညွှန်းများ မရှိမဖြစ်လိုအပ်သည်။ သို့သော်လည်း အဆိုပါ ခန့်အပ်ခြင်းအတွက် နိုင်ငံတကာဥပဒေတွင် တိတိပပသတ်မှတ်ထားသည့် သဘောတူညီချက်မျိုး မရှိပေ။ ဤအပိုင်းအတွက် နိုင်ငံတစ်ခုစီအနေဖြင့် အတိုင်းအတာတစ်ခုအထိ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ရွေးချယ်ခံသူများ၏ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများနှင့် ဂုဏ်သိက္ခာအပေါ် မူတည်ကာ ဆုံးဖြတ်ရွေးချယ်နိုင်သည်။

တရားသူကြီးများခန့်အပ်ရာတွင် အရေးပါလှသည့်အချက်(၂)ချက်ရှိသည်။ ပထမအချက်သည် နိုင်ငံတကာဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရှင်းလင်းတိကျသော လမ်းညွှန်ချက်များပါဝင်ပြီး ယင်းတို့ကို ခန့်အပ်ရာတွင် သုံးသည့် စံညွှန်းနှင့်သက်ဆိုင်သည်။ ဒုတိယအချက်သည် တရားရေးအဖွဲ့ဝင်များအား ရွေးချယ်ခန့် အပ်ခြင်းတွင် အဓိကတာဝန်ရှိသည့် အဖွဲ့ဖြစ်ပြီး ယင်းအဖွဲ့တွင်းရှိ လုပ်ထုံးလုပ်နည်းများလည်းပါဝင်သည်။ ဤခေါင်းစဉ်တွင် နိုင်ငံတွင်းရှိ မည်သည့်အဖွဲ့က တရားသူကြီးများ ခန့်အပ်ခွင့်ရှိသည် (သို့မဟုတ်) ခန့်အပ်ရာတွင် တိတိကျကျလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး နိုင်ငံတကာစံညွှန်းများထဲတွင် ပြည့်စုံရှင်းလင်းစွာ ချမှတ်ထားခြင်းမျိုး မရှိပေ။

သို့သော် မည်သည့်ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်မဆို တရားရေးဆိုင်ရာ လွတ်လပ်မှုကို အဖွဲ့အစည်းအတွက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်စီအတွက်ဖြစ်စေ အာမခံနိုင်ရမည်။ ထို့အတူ ခွဲခြားမှုကင်းမည့်ဒဏ်ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ သမာသမတ်ကျရမည်။ အဆိုပါ လိုအပ်ချက်သည် အာဏာခွဲဝေခြင်းနှင့် ယင်းကို အပြန်အလှန်စစ်ဆေးထိန်းညှိခြင်းများမှ ဆင်းသက်လာပြီး ၎င်းသည် မဖြစ်မနေ ကာကွယ်ပေးရမည့်ထဲတွင် ပါဝင်သည်။

## ခန့်အပ်ခြင်းဆိုင်ရာ စံချိန်စံနှုန်းများ

တရားရေးအဖွဲ့၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို ပြင်းပြင်းထန်ထန် လျော့ပါးစေမည့် ခန့်အပ်နေရာပေးခြင်းကို ရှောင်ကြဉ်ရန် နိုင်ငံတကာဥပဒေအနေဖြင့် ရွေးချယ်မှုဆိုင်ရာ စံချိန်စံညွှန်းများထဲတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ နိုင်ငံရေးအမြင်များ၊ အသားအရောင်နှင့် လူမျိုးစသည်ကို အထူးထုတ်ပယ်ထားသည်။

အဆိုပါအချက်များသည် တရားစီရင်ရေးလုပ်ငန်းတာဝန်များနှင့် မသက်ဆိုင်ဘဲ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသား ဖြစ်ရန် လိုအပ်သည့်အချက်သာ ခြွင်းချက်ဖြစ်သည်။

## UN၏ အခြေခံစည်းမျဉ်းများတွင် အောက်ပါအတိုင်း ပါရှိသည်။

*"တရားရေးရုံးအတွက် ရွေးချယ်ခံထားရသူများသည် ဂုဏ်သိက္ခာရှိပြီး ဥပဒေပိုင်းတွင် သင့်လျော်သော လေ့ကျင့်မှုများ(သို့) အရည်အသွေးများရှိသူများဖြစ်ရမည်။ မည်သည့် တရားရေးဆိုင်ရာရွေးချယ်မှုမဆို မရိုးသားမမှန်ကန်သော ရည်ရွယ်ချက်မျိုးဖြင့် တရားရေးဆိုင်ရာ ခန့်အပ်နေရာပေးမှုကို တားဆီးကာကွယ်နိုင်ရမည်။"*

တရားသူကြီးများ ရွေးချယ်ခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ကျား/မ၊ နိုင်ငံရေးအမြင် (သို့) အခြားယူဆချက်၊ အမျိုးသားရေး (သို့) လူမှုရေးဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးရပ်သို့ အဆင့်အတန်းတို့အပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း လုံးဝမရှိစေရ။ သို့သော် တရားရေးရုံးအတွက် ဝင်ရောက်ရွေးချယ်ခံသူသည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ယင်းအချက်ကို ခွဲခြားဆက်ဆံခြင်းဟု ထင်မြင်ခြင်းမရှိစေရ။[130]

ထိုနည်းတူစွာ တရားသူကြီးများ၏ ကမ္ဘာလုံးဆိုင်ရာပဋိညာဉ်စာတမ်းတွင် တရားသူကြီးတစ်ဦးဦးကို ရွေးချယ်မှုနှင့်ခန့်အပ်မှုတိုင်း၌ သင့်တော်သော အတတ်ပညာပိုင်းဆိုင်ရာ အရည်အချင်းအပေါ် အခြေခံကာ ဓမ္မဓိဋ္ဌာန်ကျပြီး ပွင့်လင်းမြင်သာသည့် စံချိန်စံညွှန်းရှိရမည်ဟုပြဋ္ဌာန်းထားသည်။[131]

တရားသူကြီးများအတွက် ပြဋ္ဌာန်းဥပဒေဆိုင်ရာ ဥရောပပဋိညာဉ်စာတမ်းတွင် အောက်ပါမသင့်လျော်သော စံညွှန်းများကို ထုတ်ပယ်ထားသည်။

"ဝင်ရောက်ရွေးချယ်ခံသူများအနေဖြင့် ၎င်းတို့ကို လွှဲပြောင်းပေးမည့် ဥပဒေဆိုင်ရာ ကိစ္စများအား လွတ်လပ်စွာနှင့် သမာသမတ်ကျစွာ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိမှုနှင့် ဂုဏ်သိက္ခာကို လေးစားလိုက်နာကာ ဥပဒေကို လိုက်နာကျင့်သုံးခြင်းပေါ်တွင် ပြဋ္ဌာန်းဥပဒေ၏ စည်းမျဉ်းများက အခြေပြုသည်။ ကျား/မ (သို့) လူမျိုး(သို့) ဇစ်မြစ်(သို့) အတွေးအခေါ်နှင့် နိုင်ငံရေးအတွေးအမြင်များ (သို့) ဘာသာရေးဆိုင်ရာ ခံယူချက်များကြောင့် ရွေးချယ်ခံရသူများအား ခွဲခြားဆက်ဆံခြင်းကို ပြဋ္ဌာန်းဥပဒေတွင် ထုတ်ပယ်ထား သည်။"[132]

"တရားသူကြီးများ၏ ပညာသည်ဆန်သော အသက်မွေးမှုနှင့်ဆိုင်သော ဆုံးဖြတ်အမိန့်ချမှုတိုင်းသည် ဓမ္မဓိဋ္ဌာန်ကျသည့် စံချိန်စံညွှန်းအပေါ်အခြေခံရန်လိုပြီး တရားသူကြီးများအား ရွေးချယ်မှုနှင့် အသက်မွေးမှုသည် ကောင်းကျိုးရှိခြင်း၊ အရည်အသွေးကို အလေးထားခြင်း၊ ဂုဏ်သိက္ခာ၊ လုပ်နိုင်စွမ်းနှင့် ထိရောက်မှုတို့ အပေါ် အခြေခံသင့်သည်"ဟု ဥရောပကောင်စီမှ အကြံပြုထားသည်။[133]

130 UN Basic Principles on the Independence of the Judiciary, doc. cit., Principle 10

131 Universal Charter of the Judge, doc. cit. article 9.

132 European Charter on the statute for judges, doc. cit., operative paragraph 2.1. The Charter further envisages that "The statute makes provision for the conditions which guarantee, by requirements linked to educa-tional qualifications or previous experience, the ability specifically to discharge judicial duties." (operative paragraph 2.2)

133 Council of Europe, Recommendation No. R (94) 12, doc. cit., Principle I.2.



တရားသူကြီးတစ်ဦးအား ခန့်အပ်နေရာပေးခြင်းသည် ၎င်း၏အသက်မွေးမှုတွင် တစိတ်တပိုင်းဖြစ်သည့်အလျောက် အဆိုပါ ထောက်ခံအကြံပြုချက်သည် တရားသူကြီးတစ်ဦးမှ တရားရေးဆိုင်ရာ အသက်မွေးလုပ်ငန်းသို့ စတင်ဝင်ရောက်ချိန်လည်းပါသလို နောက်ဆက်တွဲ ရာထူးတိုးသည်အထိလည်း ရည်ညွှန်းသည်။

*"တရားရေးရုံးတွင် ခန့်အပ်နေရာချထားခြင်းအတွက် တစ်ခုတည်းသောစံညွှန်းမှာ ဝင်ရောက်ရွေးချယ်ခံသူ၏ ဂုဏ်သိက္ခာ၊ သင့်လျော်သော လေ့ကျင့်ရေး (သို့) သင်ယူရေးနှင့် တတ်ကျွမ်းမှုစသည်တို့သည် အဆိုပါရုံးနှင့် ကိုက်ညီမှုရှိခြင်းဖြစ်သည်ဟု မျှတသောစစ်ဆေးမှုခံယူခွင့်ဆိုင်ရာ အာဖရိကမူဝါဒနှင့် လမ်းညွှန်ချက်များတွင် ပါရှိသည်"*။

ထို့အပြင် ဝင်ရောက်ရွေးချယ်ခံသူအနေဖြင့် မရှိမဖြစ်လိုအပ်သည့် အရည်အသွေးများကို ညွှန်းပြထားသည့် "လမ်းညွှန်ချက်များတွင် လုပ်ငန်းတာဝန်များကို ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ရန် သင့်လျော်သော လေ့ကျင့်မှု (သို့) သင်ယူလေ့လာမှုမရှိသူအား တရားရေးရုံးတွင် ခန့် အပ်နေရာပေးခြင်းမျိုးမရှိစေရ" ဟု ပါရှိသည်။[134]

အာရှ-ပစိဖိတ်ဒေသတွင်းရှိ ဘေကျင်းစည်းမျဉ်းတွင်လည်း လူမျိုးအပေါ်မူတည်ပြီး ထည့်သွင်းစဉ်းစားသည့် ခွဲခြားဆက်ဆံမှုမျိုးကိုကာကွယ်သည့် ပြဋ္ဌာန်းချက်ရှိသည်။ဆိုလိုသည်မှာ "တရားသူကြီးများရွေးချယ်ရာတွင် လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာရေး၊ နိုင်ငံရေးနှင့်အခြားခံယူချက်၊ လူမျိုးရေး (သို့) လူမှုရေး၊ အိမ်ထောင်ရှိ/မရှိ၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှု၊ မွေးရပ်သို့ အဆင့်အတန်းတို့အပေါ် ခွဲခြားဆက်ဆံခြင်းမျိုးမရှိခြင်းဖြစ်သည်။ သို့သော် တရားသူကြီးအဖြစ် ဝင်ရောက် ရွေးချယ်ခံသူသည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်ဟုသောလိုအပ်ချက်ကို ခွဲခြားဆက်ဆံမှု အနေဖြင့် မယူဆရပေ" ။[135]

Latimer House လမ်းညွှန်ချက်များတွင် အခြားစာချုပ်များပါ ဆင်တူသောပြဋ္ဌာန်းချက်တစ်ခုကို တွေ့မြင်နိုင်ပြီး ၎င်းတွင် တရားရေးအဖွဲ့တွင်း ကွာဟခြားနားချက်များကို ဖယ်ရှားခြင်းဟူသော တာဝန်ဝတ္တရားသည် သီးခြားလက္ခဏာတစ်ခု အဖြစ်ပါဝင်သည်။

134 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, doc. cit., Principle A, paragraphs 4 (i) and (k). The Guidelines also contain a non-discrimination clause, with, however, certain exceptions: "Any person who meets the criteria shall be entitled to be considered for judicial office without discrimination on any grounds such as race, colour, ethnic origin, language, sex, gender, political or other opinion, religion, creed, disability, national or social origin, birth, economic or other status. However, it shall not be discriminatory for states to: 1. prescribe a minimum age or experience for candidates for judicial office; 2. prescribe a maximum or retirement age or duration of service for judicial officers; 3. prescribe that such maximum or retirement age or duration of service may vary with different level of judges, magistrates or other officers in the judiciary; 4. require that only nationals of the state concerned shall be eligible for appointment to judicial office." (Principle 4.j).

135 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit., opera-tive paragraph 13.

*"တရားရေးအဖွဲ့ ၏ ရာထူးအဆင့်တိုင်းအတွက် တရားရေးဆိုင်ရာ ခန့်အပ်မှုများသည် ကျား/မ မညီမျှမှုကို သိသိသာသာဖယ်ရှားခြင်းနှင့် ၎င်း၏ အခြားသမိုင်းဝင် ခွဲခြားဆက်ဆံမှုများအတွက် သင့်လျော်သော ပြဌာန်းချက်များကို အကျိုးရှိရှိသုံးကာ ဆောင်ရွက်သင့်သည်"။*[136]

လူ့အခွင့်အရေးကော်မတီမှ တရားသူကြီးများခန့်အပ်မှုဆိုင်ရာစံညွှန်းကို မကြာမဏဖော်ပြကာ တရားသူကြီးများသည် ၎င်းတို့ ၏ ကျွမ်းကျင်မှုများအပေါ် မူတည်ပြီးခန့် အပ်သင့်ကြောင်းလည်းဆိုသည်။

- Bolivia အစီရင်ခံစာကို စစ်ဆေးပြီးနောက် "ခန့်အပ်ရန် အဆိုပြုထားသည့် တရားသူကြီးများစာရင်းသည် ၎င်းတို့၏ နိုင်ငံရေးအရ နီးနွယ်မှုအပေါ် မဟုတ်ဘဲ ကျွမ်းကျင်လိမ္မာမှုအပေါ် မူတည်သင့်ကြောင်း" ကော်မတီမှ အကြံပြုထားသည်။[137]
- Azerbaijan အစီရင်ခံစာကို စစ်ဆေးပြီးနောက် အဆိုပါနိုင်ငံအနေနှင့် "တရားရေးအဖွဲ့၏ သမာသမတ်ကျမှုနှင့် လွတ်လပ်မှုကိုကာကွယ်ရန် တရားရေးဆိုင်ရာခန့်အပ်မှုနှင့် တာဝန်ချထားပေးမှုများအား ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်အတိုင်းဆောင်ရွက်သင့်ကြောင်း" ကော်မတီမှ အကြံပြုထားသည်။[138]
- Sudan အစီရင်ခံစာကို စစ်ဆေးပြီးနောက် "တရားသူကြီးအတော်များများသည် ဥပဒေဆိုင်ရာ အခြေခံကျွမ်းကျင်မှုများကို အဓိကထားရွေးချယ်ထားခြင်း မဟုတ်သည့်အတွက် တရားရေးအဖွဲ့ သည်အသွင်အပြင်အရရောလက်တွေ့တွင်ပါအမှန်တကယ်လွတ်လပ်သည်မဟုတ်ကြောင်းနှင့် မွတ်စလင်ဘာသာဝင်မဟုတ်သည့် အမျိုးသား(သို့)အမျိုးသမီးများကို တရားရေးအဖွဲ့၏ ရာထူးအနိမ့်အမြင့်တိုင်းတွင် တွေ့ရခဲသည် "ဟု ကော်မတီမှ ဖော်ပြခဲ့သည်။ ထို့ကြောင့် "လူနည်းစုနှင့် အမျိုးသမီးများထဲမှ အရည်အသွေးပြည့်မီသော တရားသူကြီးများ ခန့်ထားရေးအပါအဝင် တရားရေးအဖွဲ့ ၏ လွတ်လပ်မှုနှင့် အတတ်ပညာပိုင်းဆိုင်ရာ လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ရန် စီမံချက် ချကာ ဆောင်ရွက်သင့်ကြောင်း"ကိုပါ ထောက်ခံအကြံပြုခဲ့သည်။[139]
- Slovakia အစီရင်ခံစာကို စစ်ဆေးပြီးနောက် "တရားသူကြီးများ ခန့်အပ်ခြင်းကို ပါလီမန်၏ သဘောတူညီချက်ရမှ အစိုးရကဆောင်ရွက်ရခြင်းသည် တရားရေးအဖွဲ့ ၏ လွတ်လပ်မှုအပေါ် အနှုတ်သဘော သက်ရောက်စေကြောင်း"ကော်မတီမှ "၎င်း၏စိုးရိမ်ပူပန်မှု"ကို ဖော်ပြခဲ့သည်။ ထို့အပြင် "တရားရေးအဖွဲ့ဝင်များအား ခန့်အပ်ခြင်း၊ လစာချီးမြှင့်ခြင်း၊ ရာထူးသက်တမ်း၊ အလုပ်မှထုတ်ပယ်ခြင်းနှင့် အရေးယူအပြစ်ပေးခြင်း စသည်တို့ကို သတ်မှတ်ပြဌာန်းပေးမည့် ဥပဒေများ ချမှတ်ကာ တရားသူကြီးများအား တရားရေးအဖွဲ့ ၏လွတ်လပ်မှုကို အာမခံနိုင်ခြင်း၊ နိုင်ငံရေး လွှမ်းမိုးမှုမှ ကာကွယ်နိုင်ခြင်းတို့အတွက် အထူးစီမံချက်ချမှတ်ရန်"လည်း ထောက်ခံ အကြံပြုခဲ့သည်။[140]
- Moldova သမ္မတနိုင်ငံ၏အစီရင်ခံစာကို စစ်ဆေးပြီးနောက် "တရားသူကြီးများ ခန့်အပ်ရာတွင် ကာလတိုအစမ်းခန့်ပြီး စံနှုန်းတစ်ခုအထိရမှသာလျှင် သက်တမ်းကာလတိုးခြင်းပြုလုပ်ရန်" ကော်မတီမှ အလေးထားဖော်ပြခဲ့သည်။ ထို့အပြင် "တရားသူကြီးများ၏ ရာထူးသက်တမ်းသည် ၎င်းတို့၏ လွတ်လပ်မှုအတွက် သေချာထိရောက်သည့် လုံလောက်သည့် အချိန်အထိသာဖြစ်ရန် ဟူသည့် ပုဒ်မ ၁၄၊ စာပိုဒ်-၁အရ လွတ်လပ်ပြီးသမာသမတ်ကျသော ခုံရုံး၏ ရှေ့မှောက်တွင် မျှတသောစစ်ဆေးမှုခံယူခွင့်နှင့် ကိုက်ညီမှုရှိရန် ဥပဒေကို ပြင်ဆင်ရန်လိုသည်"ဟု သက်ဆိုင်ရာ အစိုးရအား ကော်မတီမှ အကြံပြုခဲ့သည်။[141]
- Paraguay အစီရင်ခံစာကို ခွဲခြမ်းစိတ်ဖြာရာ "တရားရုံးချုပ် တရားသူကြီးများအပါအဝင် တရားသူကြီးများအား ခန့်အပ်မှုနှင့် ရာထူးမှပယ်ရှားမှုဆိုင်ရာ ဓမ္မဓိဌာန်ကျသည့် စံနှုန်းများ မရှိခြင်းသည် တရားရေးအဖွဲ့၏ လွတ်လပ်မှုကို လျော့ပါးစေသည်"ဟု လူ့အခွင့်အရေး ကော်မတီမှ ဆိုသည်။[142]

အဆိုပါ စံညွှန်းများသည် ပညာသည်ဆန်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသည့် အဆိုပါနိုင်ငံများမှ နိုင်ငံတကာတရားသူကြီးများအတွက်လည်း အကျုံးဝင်သည်။ Kosovo ရှိ အခြေအနေ အကြောင်း အစီရင်ခံစာအား ခွဲခြမ်းစိတ်ဖြာပြီးနောက် နိုင်ငံတကာတရားသူကြီးများအား ခန့်အပ်ပြီး နိုင်ငံတကာ တရားသူကြီးများ၏ လွတ်လပ်မှုကို လုံလုံလောက်လောက် အာမခံနိုင်ခြင်းမရှိကြောင်း လူ့အခွင့်အရေးကော်မတီမှ ယင်း၏ပူပန်မှုကို ဖော်ပြခဲ့သည်။ Kosovo ရှိ ကုလသမဂ္ဂမစ်ရှင် အနေဖြင့် "နိုင်ငံတကာ တရားသူကြီးများ ခန့်အပ်မှု၊ လူသစ်ခေါ်ယူမှု၊ အရေးယူအပြစ်ပေးမှု စသည်တို့အား လွတ်လပ်သော လုပ်ငန်းစဉ်များအဖြစ် စတင်လုပ်ဆောင်ရန်" ကော်မတီမှ ထောက်ခံအကြံပြုခဲ့သည်။[143]

Qatarအစီရင်ခံစာကို ခွဲခြမ်းစိတ်ဖြာအပြီးတွင် တရားသူကြီးများ၏ လွတ်လပ်မှုကို လက်ရှိအများဆုံး ခြိမ်းခြောက်ခံရသူများမှာ နိုင်ငံခြားသား တရားသူကြီးများဖြစ်ကြောင်း ညှဉ်းပန်းနှိပ်စက်မှု ကာကွယ်ရေးကော်မတီမှ ၎င်း၏စိုးရိမ်ပူပန်မှုကိုဖော်ပြခဲ့သည်။ အရပ်ဘက်အာဏာပိုင်များမှ နိုင်ငံခြားသား တရားသူကြီးများ၏ နေထိုင်မှုခွင့်ပြုချက်ရရှိစေရန် ပြုလုပ်ပေးရသည့်အလျောက် ၎င်းတို့ရာထူးသက်တမ်း၏လုံခြုံမှုနှင့် အဆိုပါ အာဏာပိုင်များ၏ ဆုံးဖြတ်မှုအပေါ် လွန်ကဲစွာမှီခိုခြင်းတို့ကြောင့် မသေချာမှုများကို ဖြစ်ပေါ်စေပြီး တရားသူကြီးများအနေဖြင့် ဖိအားများရရှိလာစေသည်ဟု ကော်မတီမှ ဆိုသည်။[144]

136 Latimer House Guidelines, doc. cit, Principle II.1.
137 Concluding Observations of the Human Rights Committee on Bolivia, uN document CCPR/C/79/Add.74, para. 34. See also the Concluding Observations on Lebanon, uN document CCPR/C/79/Add.78, para. 15.
138 Concluding Observations of the Human Rights Committee on Azerbaijan, uN document CCPR/CO/73/AZE, para. 14.
139 Concluding Observations of the Human Rights Committee on Sudan, uN document CCPR/C/79/Add.85, para. 21.
140 Concluding Observations of the Human Rights Committee on Slovakia, uN document CCPR/C/79/Add.79, para. 18.
141 Concluding Observations of the Human Rights Committee on the Republic of Moldova, uN document CCPR/CO/75/MdA, para. 12.
142 Concluding Observations of the Human Rights Committee on Paraguay, uN document CCPR/C/PRY/CO/2, para. 17.
143 Concluding observations of the Human Rights Committee on Kosovo (Serbia), uN document CCPR/C/uNK/CO/1, para. 20.
144 Conclusions and Recommendations of the Committee against Torture on Qatar, uN document CAT/C/QAT/ CO/1, para. 11.

## ခန့်အပ်ခြင်းဆိုင်ရာ ကျင့်ထုံးဥပဒေ

ဤအခန်းအတွက် နိဒါန်းတွင်ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတကာဥပဒေသည် ခန့်အပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်မျိုးတည်းသာ ပြဋ္ဌာန်းထားသည်မဟုတ်ပေ။ သို့သော် အထူးသဖြင့် အခြားအာဏာ အဆင့်ဆင့်ခွဲဝေခြင်းများဆိုင်ရာနှင့် ခန့်အပ်ခြင်းများအတွက် အဓိကတာဝန်ကျသော အဖွဲ့ ၏ ထူးခြားသည့် လက္ခဏာများဆိုင်ရာ အခန်းကဏ္ဍတို့တွင် ထည့်တွက်ရမည့် လိုအပ်ချက်အနည်းငယ်ထဲတွင် နိုင်ငံတကာ စာချုပ်စာတမ်း တချို့လည်း ပါဝင်သည်။

အများအားဖြင့် တရားသူကြီးများအနေဖြင့် ၎င်းတို့၏ အရည်အချင်းများအရဖြစ်စေ၊ ဥပဒေပြု လွှတ်တော်နှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို မှီခိုခြင်းကင်းသည့် အဖွဲ့အစည်းများမှဖြစ်စေ ရွေးချယ်ခံရခြင်းက သင့်လျော်သည်။ ဥပမာအားဖြင့်ဆိုရသော် တရားသူကြီးများအတွက် ပြဋ္ဌာန်းဥပဒေဆိုင်ရာ ဥရောပ ပဋိညာဉ် စာတမ်းတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။"ရွေးချယ်ခြင်း၊ လူသစ်ခေါ်ယူခြင်း၊ ခန့်အပ်ခြင်း၊ လုပ်ငန်းပိုင်းတိုးတက်လာခြင်း(သို့)တာဝန်မှရပ်ဆိုင်းခြင်းစသည်တို့အပေါ်တွင်သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်တိုင်းကို လေးစားလိုက်နာလျှက် စီမံအုပ်ချုပ်မှုနှင့် ဥပဒေပြုခြင်းတို့မှ အမှီအခိုကင်းသည့် အာဏာပိုင်အဖွဲ့က ဆောင်ရွက်မည်။ ထိုအဖွဲ့တွင် တရားရေးအဖွဲ့ကို အကျယ်ပြန့်ဆုံး ကိုယ်စားပြုမည့် တရားသူကြီးများပါဝင်ပြီး ယင်းတို့အနက် အနည်းဆုံးထက်ဝက်ခန့်သည် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ က ရွေးချယ်ထားသူများဖြစ်သည်ဟု ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည်။"[145]

ထိုအပိုင်းအတွက် ဥရောပကောင်စီမှ ရာထူးခန့်အပ်ခြင်းဆိုင်ရာနှင့် တရားသူကြီးများအား ရွေးချယ်စိစစ်သည့်အဖွဲ့အတွက် လုပ်ငန်းစဉ်များအား အသေးစိတ်လမ်းညွှန်ချက်များအဖြစ် အောက်ပါအတိုင်း ဖော်ပြထားသည်။

> *"တရားသူကြီးများ၏ အသက်မွေးမှုနှင့် ၎င်းတို့အား ရွေးချယ်ခန့်အပ်မှုတို့ကို ဆုံးဖြတ်ရသည့် အခွင့်အာဏာရှိသူများသည် အစိုးရပိုင်းနှင့် စီမံခန့်ခွဲမှုပိုင်းတွင် ကင်းလွတ်သူများ ဖြစ်သင့်သည်။ ၎င်း၏ လွတ်လပ်မှုကို ကာကွယ်နိုင်ရန် စည်းမျဉ်းများကို လိုက်နာသင့်သည်။ ဥပမာဆိုရလျှင် တရားရေးအဖွဲ့မှ ၎င်းတို့အဖွဲ့အတွက် အဖွဲ့ဝင်များအား ရွေးချယ်ပေးပြီး ခန့်အပ်ရန် အခွင့်အာဏာရှိသူများက လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆုံးဖြတ်ခြင်းကို ဆိုလိုသည်။"*[146]

သို့သော် ကောင်စီအနေနှင့် အချို့သောနိုင်ငံများတွင် အစိုးရက တရားသူကြီးများကို ခန့်အပ်သည်ကို နားလည်သဘောပေါက်ပြီး ထိုသို့ခန့်အပ်ခြင်းသည် တရားရေးအဖွဲ့၏ လွတ်လပ်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကာ လုံခြုံရေးအစီအမံများကိုလည်း ချမှတ်ရမည်။ ထိုသဘောတရားအတွက် ကောင်စီမှ အောက်ပါအတိုင်း ပြဋ္ဌာန်းထားချက်ရှိ၏။ "အခြေခံဥပဒေအရ ကိုက်ညီသည့် (သို့) တရားဝင်သည့် သတ်မှတ်ပြဋ္ဌာန်းထားချက်နှင့် ဓလေ့ထုံးစံများအပေါ်မူတည်၍ အစိုးရမှ တရားသူကြီးများအား ခန့်အပ်ခွင့်ရှိပြီး

145 European Charter on the statute for judges, doc. cit., operative paragraph 1.3

146 Recommendation No. R (94) 12, doc. cit., Principle I.2.c. See also article 9 of the Universal Charter of the Judge: "[…] where this is not ensured in other ways, that are rooted in established and proven tradition, selection should be carried out by an independent body, that include substantial judicial representation"



ခန့်အပ်သည့် လုပ်ထုံးလုပ်နည်းများသည် လက်တွေ့တွင် ပွင့်လင်းမြင်သာပြီး လွတ်လပ်ရမည်။ ဆုံးဖြတ်စီရင်ချက်များသည် အပေါ်တွင် ဖော်ပြထားခဲ့သည့် ဓမ္မဓိဋ္ဌာန်ကျသည့် စံညွှန်းများထက် အခြားမည်သည့် အကြောင်းပြချက်မျိုးနှင့်မျှ လွှမ်းမိုးခြင်းမခံစေရ။"[147]

> *ထိုအပိုင်းအတွက် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုကို တရားရေးအဖွဲ့ဝန်ထမ်းများအား ရွေးချယ်ခွင့်အပ်နှံပြီး အခြားအာဏာအဆင့်ဆင့် ခွဲဝေခြင်းများလည်းပါဝင်သည့် အခြားအဖွဲ့အစည်းများကိုပါ ခွင့်ပြုခြင်းမျိုးကို စံညွှန်းတစ်ခုဖြင့် လိုက်နာကျင့်သုံးရန် African လမ်းညွှန်ချက်များတွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြထားသည်။ "တရားရေးအဖွဲ့များတွင် ခန့်အပ်နေရာချမှုများအတွက် လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိရမည်။ တာဝန်ခံနိုင်ရမည်။ လွတ်လပ်သော အဖွဲ့တစ်ဖွဲ့ဖြစ်လာရေးကိုလည်း အားပေးရမည်။ မည်သို့သော တရားရေးဆိုင်ရာ ရွေးချယ်မှုမျိုးမဆို တရားရေးအဖွဲ့၏တရားမျှတမှုနှင့် သမာသမတ်ကျမှုကို ကာကွယ်နိုင်ရမည်။"*[148]

လူ့အခွင့်အရေးကော်မတီမှ မကြာခဏ ညွှန်းဆိုထားသည်မှာ တရားသူကြီးများအား ခန့်အပ်ရာနှင့် ထောက်ခံအကြံပြုရာတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိသည့် အစီအစဉ်များဖြစ်လာစေရန်ဖြစ်သည်။

- Congo အမှုတွင် "ပဋိညာဉ်စာချုပ်ပါပုဒ်မ ၁၄ စာပိုဒ် ၁အား ချိုးဖောက်ခြင်းဖြင့် တရားရေးအဖွဲ့၏လွတ်လပ်မှုကို တိုက်ခိုက်နေခြင်းများ"နှင့်ပတ်သက်၍ ကော်မတီမှ ၎င်း၏စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။ ထို့အပြင် "တရားသူကြီးများအား ခန့်အပ်ထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ ဌာနခွဲများ အပါအဝင် ဖိအားနှင့်လွှမ်းမိုးမှုများခြင်း၊ လူသစ်ခေါ်ယူခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း စသည်တို့တွင် အဓိကတာဝန်ရှိသည့် လွတ်လပ်မှုယန္တရားမရှိခြင်းကြောင့် လွတ်လပ်မှုအား အတိုင်းအတာ တစ်ခုအထိသာ ရရှိနေသည့်အချက်"ကိုလည်း အထူးဂရုပြုခဲ့သည်။ ကော်မတီမှ Congo အစိုးရအား "တရားရေးအဖွဲ့၏ လွတ်လပ်မှုကို သေချာခိုင်မာစေမည့် သင့်လျော်သော ခြေလှမ်းများဖြင့်သာ ဆောင်ရွက်ရန်အကြံပြုခဲ့ပြီး အထူးသဖြင့် တရားစီရင်ရေးကောင်စီချုပ်၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် စည်းမျဉ်းများအား ပြန်လည်ပြုပြင်ရေးဆွဲခြင်းနှင့် ယင်းအဖွဲ့၏ ထိရောက်မှုရှိသည့် တည်ထောင်မှု နှင့်ပတ်သက် ၍" ထောက်ခံအကြံပြုမှုများ ပြုလုပ်ခဲ့သည်။[149]

147 Recommendation No. R (94) 12, doc. cit., Principle I.2.c, emphasis added. In order to ensure this transparency, a number of examples are provided for in the recommendation: "a special independent and competent body to give the government advice which it follows in practice; or the right for an individual to appeal against a decision to an independent authority; or the authority which makes the decision safeguards against undue or improper influences". This is not an exhaustive list and the examples are not mutually exclusive.

148 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, doc. cit., Principle A, paragraph 4 (h). See also the Beijing Principles, Principles 13 to 17 and the Latimer House Guidelines, doc. cit., principle II.1.

149 Concluding Observations of the Human Rights Committee on the Congo, uN document CCPR/C/79/Add.118, para. 14. The Committee further said that "particular attention should be given to the training of judges and to the system governing their recruitment and discipline, in order to free them from political, financial and other pressures, ensure their security of tenure and enable them to render justice promptly and impartially. It invites the State party to adopt effective measures to that end and to take the appropriate steps to ensure that more judges are given adequate training.

- Liechtensteinအမှုတွင် တရားသူကြီးများရွေးချယ်ရာ၌ ဆုံးဖြတ်မဲကဲ့သို့သော စီမံအုပ်ချုပ်ရေးဘက်၏ ကြားဝင်စွက်ဖက်မှုသည် တရားရေးအဖွဲ့၏ လွတ်လပ်မှုကို လျော့ပါးစေကြောင်း ကော်မတီမှ သုံးသပ်ခဲ့သည်။[150]
- Tajikistanအမှုတွင် "တရားသူကြီးများအား ခန့်အပ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်း လုပ်ငန်းစဉ်များတွင် ထင်ဟပ်နေသည့် တရားရေးအဖွဲ့၏ လွတ်လပ်မှု သိသာထင်ရှားစွာ ပျောက်ဆုံးနေခြင်းအကြောင်း"နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုကို ဖော်ပြပြီးနောက် ကော်မတီမှ Tajikistan အစိုးရအား "ရာထူးအနိမ့်အမြင့် မျိုးစုံရှိသော တရားသူကြီးများအား ခန့်အပ်ခြင်း၊ ရာထူးတိုးပေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းများအတွက် အဓိကတာဝန်ရှိသည့် လွတ်လပ်သောအဖွဲ့တစ်ဖွဲ့ ထားရှိခြင်းဖြင့် တရားရေးအဖွဲ့၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို အပြည့်အဝ အာမခံနိုင်ကြောင်း" ထောက်ခံ အကြံပြုခဲ့သည်။[151]
- Honduras တင်ပြခဲ့သော မှတ်တမ်းအား လေ့လာဆန်းစစ်ပြီး "ပညာသည်များ၏ စည်းမျဉ်းများ၊ ၎င်းတို့အား ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းတို့အား စိစစ်ရန်နှင့် တရားရေးအဖွဲ့၏ လွတ်လပ်မှုအား ကာကွယ်ရန် လွတ်လပ်သောအဖွဲ့တစ်ဖွဲ့ထူထောင်ရန် ပျက်ကွက်ခြင်း"နှင့် ပတ်သက်၍ ကော်မတီမှ စိုးရိမ်ကြောင်းဖော်ပြခဲ့ပြီး အဆိုပါအဖွဲ့မျိုးကို "မဆိုင်းမတွ ထူထောင်ရန်" ထောက်ခံအကြံပြုခဲ့သည်။[152]

ခုံရုံးတစ်ရုံး၏ သမာသမတ်ကျမှုနှင့် လွတ်လပ်မှုအား ယင်းရုံး၏ တရားသူကြီးများအား ခန့်အပ်ပုံနည်းစနစ်က စိန်ခေါ်သကဲ့သို့ဖြစ်နေသည့် အမှုများအား လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားခုံရုံးမှ ကိုင်တွယ် ဖြေရှင်းလျက်ရှိသည်။

- Incal v. Turkeyအမှုတွင် Mr. Incalအား စီရင်ချက်ချပေးခဲ့သည့် ခုံရုံး၏ သမာသမတ်ကျမှုကို တရားရုံးမှ အဆုံးအဖြတ်ပေးခဲ့ရသည်။ စစ်ဘက်တရားသူကြီး၏ တည်ရှိနေမှုသည် တရားခံ၏ လွတ်လပ်သောခုံရုံးရှေ့မှောက်တွင် စစ်ဆေးခံယူနိုင်ခွင့်ကို ချိုးဖောက်ခံရခြင်းဖြစ်ပြီး အဆိုပါ တရားသူကြီးသည် စီမံအုပ်ချုပ်ရေးအဖွဲ့၏ လက်အောက်တွင် ရှိနေသောကြောင့်ဖြစ်သည်ဟု Mr. Incalက လျှောက်လဲချက်ပေးခဲ့သည်။ တရားရုံးမှ အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်။ "တရားရုံးတော်ရှေ့မှောက်တွင် ရောက်ရှိလာခြင်းသည်ပင်လျှင် အတော်အတန်အရေးပါလှပြီဖြစ် သည်။ ဒီမိုကရေစီ ဝါဒကျင့်သုံးသည့် လူ့အဖွဲ့အစည်းတွင် ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းနှင့် စွပ်စွဲချက်များအား ဆုံးဖြတ်ချက်ချရာတွင် တရားရုံးတော်အပေါ်တွင် လူထုနှင့် စွပ်စွဲခံရသူများအနေဖြင့် ယုံကြည်မှုရှိရမည်။ တရားရုံးတစ်ရုံးသည် လွတ်လပ်မှု (သို့) သမာသမတ်ကျမှု ရှိ၊ မရှိကို တိုင်းတာဆုံးဖြတ်ရာတွင် တရားခံ၏ရှုထောင့်သည် အဆုံးအဖြတ် တိတိကျကျ မပေးနိုင်သော်လည်း အရေးပါသည်။ အဆုံးအဖြတ် တိတိကျကျ ပေးနိုင်သည်မှာ တရားခံ၏ သံသယကို ဓမ္မဓိဋ္ဌာန်ကျကျ ရှင်းချက်ထုတ်နိုင် မထုတ်နိုင်ပင်ဖြစ်သည်။" တရားရုံးတော်မှအဆုံးသတ်ပြောကြားလိုက်သည်မှာ Mr.Incalအနေဖြင့် "စိုးရိမ်ပူပန်နေသည်မှာ သဘာဝကျပြီး Izmir အမျိုးသားလုံခြုံရေးတရားရုံးတော်ရှိ တရားသူကြီးများထဲမှ တစ်ဦးသည် စစ်ဘက်တရားသူကြီးဖြစ်ပြီး အမှု၏သဘောတရားနှင့်မဆိုင်သည့် လွှမ်းမိုးမှုကို လွန်ကဲစွာခံရနိုင်သောကြောင့်ဖြစ်ပြီး" ထို့ကြောင့်ပင် "တရားရုံးတော်၏ တရားမျှတမှုနှင့် သမာသမတ်ကျမှုအား သံသယဝင်ရလောက်အောင် သဘာဝကျသည်"။[153]
- Lauko v. Slovakiaအမှုတွင်မူ ဒေသတွင်းရှိရုံးမှ ဒဏ်ငွေချမှတ်ပြီး ခရိုင်ရုံးမှ ယင်းဒဏ်ငွေချမှတ်ခြင်းအား အတည်ပြုပေးပြီးနောက် မျှတသော ခုံရုံးထံတွင် စစ်ဆေးခံရန်ဟူသည့် Mr.Lauko၏ အခွင့်အရေးသည် ချိုးဖောက်ခံရခြင်းရှိမရှိကို တရားရုံးမှ ဆုံးဖြတ်စီရင်ပေးခဲ့သည်။ ဒေသရုံးနှင့် ခရိုင်ရုံးအား "ဒေသတွင်းစီမံအုပ်ချုပ်မှုများအား အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ဆောင်ရွက်ခဲ့ခြင်း"အတွက်တရားစွဲဆိုခဲ့ပြီး "ထိုအဖွဲ့ခေါင်းဆောင်များခန့်အပ်ခြင်းကိုစီမံအုပ်ချုပ်ရေးဌာနနှင့် ယင်းဌာနမှအရာရှိများက ထိန်းချုပ်ထားပြီး ယင်းတို့၏ အလုပ်ခန့်အပ်စာချုပ်များအား အလုပ်သမားဥပဒေ ပြဋ္ဌာန်းထားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး လစာရဝန်ထမ်းများ၏ အဆင့်အတန်းကိုသတ်မှတ်ထားသည်။"

  "ဒေသတွင်းနှင့်ခရိုင်ရုံးများအတွက် ဝန်ထမ်းများခန့်အပ်ရာ၌ ပြင်ပဖိအားများမရှိခြင်းနှင့် လွတ်လပ်မှုအတွက် အာမခံထားခြင်းမျိုး မရှိပါ။ ထိုသို့ဖြစ်ခြင်းက သဘောတူညီချက်၏ ပုဒ်မ ၆(၁) [တရားမျှတသည့် ခုံရုံးတွင်စစ်ဆေးခံခွင့်]ပါအတိုင်း အဆိုပါရုံးများသည် စီမံခန့်ခွဲရေးဌာနနှင့် အမှီအခိုမကင်းကြောင်းကို သိသာထင်ရှားစွာ ပြသနေခြင်းပင်ဖြစ်သည်"ဟု ရုံးတော်မှ မှတ်ချက်ချခဲ့သည်။

  တရားရုံးတော်အရဆိုလျှင် "ပြစ်မှုအသေးစားများအတွက် တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့အား စီမံအုပ်ချုပ်ခြင်းဆိုင်ရာ အာဏာပိုင်များထံအပ်နှံထားခြင်းသည် သဘောတူညီချက်နှင့် ကိုက်ညီမှုရှိပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်အနေနှင့် ပုဒ်မ-၆ ကို အာမခံနိုင်သည့် ခုံရုံးရှေ့မှောက်တွင် ချမှတ်သည့် ဆုံးဖြတ်မှုတိုင်းအား စိန်ခေါ်နိုင်သည့် အခွင့်အရေးရှိသည်။"

  Mr. Lauko၏ ရပိုင်ခွင့်ဖြစ်သည့် "မျှတသောစစ်ဆေးမှုခံယူခွင့်ကို ချိုးဖောက်ခြင်းခံခဲ့ရကြောင်း တရားရုံးတော်မှ စစ်ဆေးတွေ့ ရှိခဲ့သည်။ အကြောင်းမှာ စီရင်ချက်များအား လွတ်လပ်ပြီး တရားမျှတသည့် ခုံရုံးရှေ့မှောက်တွင် ပြန်လည်သုံးသပ် စစ်ဆေးမခံခဲ့ရဘဲ Mr. Lauko၏ တိုင်ကြားချက်

150 Concluding Observations of the Human Rights Committee on Liechtenstein, uN document CCPR/CO/81/LIE, para. 12.

151 Concluding Observations of the Human Rights Committee on Tajikistan, uN document CCPR/CO/84/TJK, para. 17. The Committee against Torture expressed similar concerns at the "inadequate independence and effectiveness of the judiciary, as judges are both appointed and dismissed by the President". See Conclusions and Recommendations of the Committee against Torture on Tajikistan, uN document CAT/C/TJK/CO/1, para. 10.

152 Concluding Observations of the Human Rights Committee on Honduras, uN document CCPR/C/HNd/CO/1, para. 16

153 Incal v. Turkey, doc. cit., paras. 71-73. See also Sahiner v. Turkey, ECtHR judgment of 25 September 2001, Series 2001-IX, paras. 45-46, where the Court said that "where, as in the present case, a tribunal's mem-bers include persons who are in a subordinate position, in terms of their duties and the organisation of their service, vis-à-vis one of the parties, accused persons may entertain a legitimate doubt about those persons'independence. Such a situation seriously affects the confidence which the courts must inspire in a democratic society." The Court concluded that Mr. Sahiner, who had been tried in a martial-law court on charges of attempting to undermine the constitutional order of the State "could have legitimate reason to fear being tried by a bench which included two military judges and an army officer acting under the authority of the martial-law commander. The fact that two civilian judges, whose independence and impar-tiality are not in doubt, sat in that court makes no difference in this respect".

ကို အခြေခံဥပဒေများဆိုင်ရာ တရားရုံးက ပယ်ချခဲ့ပြီး တရားရုံးက အမှုငယ်များအား မကိုင်တွယ်သင့်ကြောင်းကိုသုံးကာ ပယ်ချခဲ့ခြင်းဖြစ်သည်။"[154]

"ပြည်သူ့ အာဏာခွဲဝေခြင်း၏ အဓိက ရည်ရွယ်ချက်သည် တရားသူကြီးများ၏ လွတ်လပ်မှုကို အာမခံရန်ဖြစ်ပြီး ကွဲပြားခြားနားသော နိုင်ငံရေးစနစ်များသည် ခန့်အပ်မှုနှင့် ဖယ်ရှားရေးအတွက် တင်းကြပ်သော စည်းမျဉ်းများကို အသုံးပြုသည်။ တရားသူကြီးများတွင် လွတ်လပ်မှုရှိခြင်းသည် ဆီလျော်သော ခန့်အပ်ခြင်း လုပ်ငန်းစဉ်၊ သတ်မှတ်ရာထူးကာလနှင့် ပြင်ပဖိအားများမှ ကင်းလွတ်ရန်အာမခံခြင်းတို့ ရှိခြင်းဖြစ်သည်"ဟု တရားသူကြီးများ ခန့်အပ်ခြင်းနှင့်ပတ်သတ်၍ လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်နိုင်ငံများဆိုင်ရာ တရားရုံးမှ သုံးသပ်ထားပါသည်။ [155]

## လူများစုမဲဖြင့် ရွေးချယ်ခြင်း

အချို့နိုင်ငံများတွင် တရားသူကြီးများကို လူများစုမဲဖြင့် ရွေးချယ်သည်။ ယင်းသို့ ရွေးချယ်ခြင်းသည် သက်ဆိုင်ရာအဖွဲ့က ခန့်အပ်ခြင်းထက်ပို၍ ဒီမိုကရေစီပီသကာ ပွင့်လင်းမြင်သာမှုရှိသည်ဟု ထင်မြင်ရပါသည်။ လူများစုမဲဖြင့် ရွေးချယ်ခြင်းသည် ထိုရွေးချယ်ခံပုဂ္ဂိုလ်၏ ရာထူးနှင့် ဆီလျော်မှုအတွက် မေးခွန်းများကို ဖြစ်ပေါ်စေသည်။ အမေရိကန်ပြည်ထောင်စု၏ အချို့သောပြည်နယ်များတွင် ထိုသို့ရွေးချယ်မှုနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးကော်မတီက ၎င်း၏စိုးရိမ်ပူပန်မှုကို ဖွင့်ဟခဲ့ပါသည်။ "အချို့သော ပြည်နယ်များတွင် တရားသူကြီးများကို ရွေးချယ်သည့် လက်ရှိစနစ်သည် သဘောတူညီချက်၏ ပုဒ်မ ၁၄ အရ အခွင့်အရေးများ အကောင်အထည်ဖော်မှု (လွတ်လပ်၍ သမာသမတ်ရှိသော ခုံရုံးရှေ့မှောက်တွင် စစ်ဆေးခံပိုင်ခွင့်) အပေါ်တွင် သက်ရောက်မှုရှိပြီး" "အကျိုးကျေးဇူးအရ ရွေးချယ်သောစနစ်ကို ကျင့်သုံးသော ပြည်နယ်များကိုလည်း ကြိုဆိုပါသည်။" ထို့အပြင် "တရားသူကြီး များကို ရွေးကောင်တင်မြှောက်သည့်စနစ်နေရာတွင် လွတ်လပ်သောအဖွဲ့က ခန့်အပ်သည့် အကျိုးကျေးဇူး အပေါ်အခြေခံသည့် စနစ်ကို အစားထိုးရန် ကော်မတီက ထောက်ခံပြောဆိုခဲ့ပါသည်။" [156]

> *တရားသူကြီးများကို ပညာရပ်ဆိုင်ရာ အရည်အသွေးပြည့်မီမှုပေါ်တွင် ပွင့်လင်းမြင်သာသော လုပ်ထုံး လုပ်နည်းဖြင့် ခန့်အပ်ရမည်။ ထိုသို့ ခန့်အပ်ခြင်းကို အုပ်ချုပ်ရေး (သို့) ဥပဒေပြုရေးက ဆောင်ရွက်လျှင် နိုင်ငံတကာစံနှုန်းများက မတားမြစ်သော်လည်း လွပ်လပ်သောအဖွဲ့၏ ရွေးချယ်ခန့်အပ်မှုကို ပို၍ လိုလားပြီး သို့မှသာ နိုင်ငံရေးအရ ပါဝင်ပတ်သတ်မှု ကင်းလွတ်နိုင်မည်။ တရားသူကြီးများကို မည်သည့်အဖွဲ့က ရွေးချယ်ခန့်အပ်သည်ဖြစ်စေ တရားရေးအဖွဲ့သို့ ခန့်အပ်ခံရသူများသည် လိုအပ်သော ကျွမ်းကျင်မှုနှင့် လွတ်လပ်မှုရှိစေရန် အာမခံရမည်။*

154 Lauko v. Slovakia, ECtHR judgment of 2 September 1998, Series 1998-IV, para. 64.

155 IACtHR Constitutional Court Case, doc. cit, paras. 73 and 75 respectively.

156 Concluding Observations of the Human Rights Committee on the United States of America, uN documentCCPR/C/79/Add.50; A/50/40,paras. 266-304, paras. 288 and 301. See also the Committee's ConcludingObservations on Armenia, where it said that "the independence of the judiciary is not fully guaranteed. In particular, it observes that the election of judges by popular vote for a fixed maximum term of six years does not ensure their independence and impartiality", uN document CCPR/C/79/Add.100, para. 8.



# ၆။ ရာထူးသက်တမ်းနှင့် ရာထူးတိုးမြှင့်ခြင်း

## အကျဉ်းချုပ်

တရားသူကြီးများ အမှီအခိုကင်းစေသည့် အခြေခံအချက်တစ်ခုမှာ ရာထူးသက်တမ်း လုံခြုံမှုရှိခြင်းပင်ဖြစ်သည်။ ကာလရှည်အတွက် ရာထူးသက်တမ်း လုံခြုံမှုမရှိလျှင် အချုပ်အခြာအာဏာ၏ အခြားခက်မများဖြစ်သည့် အဓိကအားဖြင့် တရားသူကြီးများ၏ ရာထူးနေရာအား အစားထိုးခန့်ခွင့် အာဏာရှိသူများ၏ လွန်ကဲစွာဖိအားပေးမှုများအား ထိခိုက်ခံစားရပေမည်။ တရားသူကြီးများ ရွေးချယ်ခန့်အပ်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍကို အုပ်ချုပ်ရေးကဏ္ဍက ရယူထားသည့် နိုင်ငံများတွင် ထိုပြဿနာကို အထူးစိုးရိမ်ဖွယ်ရာအဖြစ် တွေ့ရသည်။ ထိုနိုင်ငံများတွင် တရားသူကြီးများသည် ယင်းတို့၏ ရာထူးနေရာအား အစားထိုးရန် နိုင်ငံရေးဖိအားပေးခြင်း ခံရနိုင်သည့် အပြင် အလျော့ပေးဆက်ဆံရသဖြင့် တရားသူကြီးများ၏ အမှီအခိုကင်းမှုများ ထိခိုက်ပွန်းရှလာပါမည်။

တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းစေရေး အာမခံနိုင်သည့် အခြားနည်းလမ်းတစ်ရပ်မှာ တရားသူကြီးများအား ရာထူးတိုးမြှင့်ပေးသည့် သီးသန့်စနစ်တစ်ခု တည်ဆောက်ခြင်းပင်ဖြစ်သည်။ ဤနေရာတွင် ယှဉ်ပြိုင်အရွေးခံစနစ် သို့မဟုတ် လုပ်သက်ဦးစားပေးစနစ်အား လက်ခံနိုင်ပါသည်။ မည်သည့်စနစ်ကို ရွေးချယ်စေကာမူ လွတ်လပ်သောအဖွဲ့အစည်းမှ ဆုံးဖြတ်ပေးသည့် စံသတ်မှတ်ချက်များနှင့်အညီ တရားသူကြီးများ ရာထူးအဆင့် တိုးမြှင့်ရရှိကြရန် နိုင်ငံတော်မှ အာမခံရပါမည်။

## ရာထူးသက်တမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာစံနှုန်းများ

တရားသူကြီးများ၏ တာဝန်ထမ်းဆောင်မှု၊ ရာထူးသက်တမ်းများနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများတွင် သတ်မှတ်ဖော်ပြထားပါသည်။ ဥပမာ-ကုလသမဂ္ဂအဖွဲ့၏ အခြေခံဥပဒေသများတွင် တရားသူကြီးများ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများနှင့် ရာထူးသက်တမ်းများကို တည်ဆဲဥပဒေများ၌ ထည့်သွင်းပြဋ္ဌာန်းခြင်းဖြင့် အာမခံချက်ပေးရန် နိုင်ငံတော်၌ တာဝန်ရှိသည်ဟု ဖော်ပြထားပါသည်။ `တရားသူကြီးများ၏ ရာထူး သက်တမ်း၊ အမှီအခိုကင်းရေး၊ လုံခြုံရေး၊ လစာအလုံအလောက် ရရှိရေး၊ တာဝန်ထမ်းဆောင်မှုတို့ကို ဥပဒေတွင် ပြည့်စုံစွာ ပြဋ္ဌာန်းထားရမည် ´[157] ရာထူးသက်တမ်းနှင့် စပ်လျဉ်း၍ အထူးကိုးကား ဖော်ပြထားသည်မှာ `တရားသူကြီးများ (ခန့်အပ်ခံဖြစ်စေ၊ ရွေးကောက်ခံဖြစ်စေ)အား အငြိမ်းစား မယူမနေရ အသက်အပိုင်း အခြားအထိ သို့မဟုတ် ရာထူးသက်တမ်း ကုန်ဆုံးသည်အထိဟု ပြဋ္ဌာန်းထားလျှင် ထိုကာလအထိ ရာထူး တာဝန်ထမ်းဆောင်စေရန် အာမခံချက်ပေးရမည်။ ´[158]

157 UN Basic Principles on the Independence of the Judiciary, Principle 11. Principle I.3 of the Council of Europe's Recommendation No. R (94 12) is identical.

158 Ibid., Principle 12.

ထိုဉပဒေသတွင် တရားသူကြီးများ ယင်းတို့၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ အမြဲမပြတ် ထမ်းဆောင်နိုင်ရေးအတွက် ဘဝတစ်သက်တာ တာဝန်ထမ်းဆောင်ခြင်းကို ပိုမိုလိုလားသည်ဟု ရှင်းလင်းစွာ ဖော်ပြမထားသော်လည်း ဘဝတစ်သက်တာ တာဝန်ထမ်းဆောင်စေခြင်းက တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုကို လုံခြုံစိတ်ချရစေသည်။

ဘဝတစ်သက်တာ တာဝန်ထမ်းမှုကို Latimer House လမ်းညွှန်ချက်တွင်လည်း ပေးအပ်ထားသည်။ ထိုလမ်းညွှန်ချက်များတွင် ဉပဒေအရ အမြဲတမ်းရာထူးခန့်အပ်တာဝန်ပေးရမည်ဟု ဆိုထားသည်။ အချို့နိုင်ငံများတွင် တရားသူကြီးများကို ယာယီရာထူးတာဝန်အတွက်သာ ခန့်အပ်လိမ့်မည်ဟုလည်း လမ်းညွှန်ချက်များတွင် ဖော်ပြထားသည်။ ထိုခန့်အပ်မှုများသည် တရားသူကြီးများ၏ အမှီအခိုကင်းမှုကို စိတ်ချရစေမည့် ရာထူးခန့်ထားခြင်းဆိုင်ရာ အထွေထွေ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိရပေမည်။ [159] တရားသူကြီးများနှင့်ဆိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် `တရားသူကြီးတစ်ဦးကို ဘဝ တစ်သက်တာအတွက် ခန့်ထားရမည် သို့မဟုတ် တရားစီရင်ရေး အမှီအခိုကင်းမှုကို ခြိမ်းခြောက်မှုမဖြစ်စေလျှင် အခြားသောအချိန်ကာလနှင့် အခြေအနေများအတွက်ခန့်ထားရမည်´[160] ဟု ဖော်ပြထားသည်။

အာဖရိကဒေသတွင်း မျှတစွာတရားရင်ဆိုင်ခွင့်၊ ဉပဒေအကူအညီများ ရယူခွင့်နှင့်ဆိုင်သည့် ဉပဒေသများနှင့် လမ်းညွှန်ချက်များတွင် ဖော်ပြထားသည်မှာ `တရားသူကြီးများ သို့မဟုတ် တရားရေး အဖွဲ့ဝင်များသည် ရာထူးမှအငြိမ်းစားယူရမည့် အသက်အပိုင်းအခြားအထိ သို့မဟုတ် ရာထူးသက်တမ်း ကုန်ဆုံးသည့်အထိ ရာထူးသက်တမ်း လုံခြုံတည်မြဲမှုရှိရမည်´နှင့်`ရာထူးသက်တမ်း လစာ အလုံအလောက်ရရှိခြင်း၊ ပင်စင်၊ အိမ်၊ သွားလာရေးယာဉ်၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လုံခြုံမှုများ၊ အငြိမ်းစားယူရမည့် အသက်အရွယ်၊ စည်းကမ်းတင်းကျပ်ခြင်းနှင့် အကာအကွယ်ပေးမည့် ယန္တရားနှင့် တရားသူကြီးများ၏ တာဝန်ထမ်းဆောင်မှုဆိုင်ရာ အခြားသောအခြေအနေများကို ဉပဒေဖြင့် အတည်ပြုပြဋ္ဌာန်းထားရမည်´[161] ဟုဖြစ်သည်။ အာဖရိကနိုင်ငံများ၏ လမ်းညွှန်ချက်များတွင် အချိန်ကာလ သတ်မှတ်ချက်ဖြင့် ရာထူးခန့်ထားခြင်း မပြုရန် ရှင်းလင်းစွာဖော်ပြထားသည်မှာ " တရားစီရင်ရေး အရာရှိများကို အချိန်ကာလ ပုံသေသတ်မှတ် ထားသော ကန်ထရိုက်စာချုပ်ဖြင့် ခန့်ထားခြင်းမပြုရ"[162] ဟုဖြစ်ပါသည်။

ပေကျင်းဉပဒေသများတွင် ဖော်ပြထားသည်မှာ "တရားသူကြီးများတွင် ရာထူးသက်တမ်း လုံခြုံမှုရှိစေရမည်"ဟုဖြစ်သည်။ သို့ရာတွင် "တရားသူကြီးများ၏ ရာထူးသက်တမ်းကို ပြည်သူ့ဆန္ဒမဲဖြင့် သို့မဟုတ် အခြားတရားဝင် လုပ်ထုံးလုပ်နည်းများဖြင့် မကြာခဏ အတည်ပြုနိုင်သည်"ဟု စနစ်အမျိုးမျိုးအလိုက် ဖော်ပြချက်ကိုလည်း ပေကျင်းဉပဒေသများတွင် လက်ခံထားသည်။ "ဤနေရာတွင် တရားရေးစနစ်တစ်ခုတည်းအောက်တွင် ခန့်အပ်ထားသည့် တရားသူကြီးအားလုံးကို သတ်မှတ်ထားသော အသက်အရွယ် အပိုင်းအခြားတွင် အငြိမ်းစားပေးရမည်"[163] ဟု အကြံပြုလိုသည်။

159 Latimer House Guidelines, doc. cit., Guideline II.1: "Judicial appointments should normally be permanent; whilst in some jurisdictions, contract appointments may be inevitable, such appointments should be subject to appropriate security of tenure".

160 Universal Charter of the Judge, doc. cit.,article 8. The same article also contains a provision on retirement: "Any change to the judicial obligatory retirement age must not have retroactive effect".

161 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, doc. cit., Principle A, paragraphs 4 (l) and (m).

162 Ibid., Principle A, paragraph 4 (n) 3.

163 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit., opera-tive paragraphs 18-20. See also operative paragraph 21, which states that "A judge's tenure must not be altered to the disadvantage of the judge during her or his term of office".



## ရာထူးသက်တမ်းကို ထိခိုက်သည့် ပြုမူဆောင်ရွက်ချက်များ

တရားသူကြီးများ၏ ရာထူးသက်တမ်းကို ထိခိုက်စေသည့် ပြုမူဆောင်ရွက်ချက်များအနက်မှ တစ်ခုမှာ "ယာယီတရားသူကြီးများ" (ဆိုလိုသည်မှာ ရာထူးသက်တမ်း လုံခြုံမှုမရှိပဲ လွတ်လပ်စွာ ရာထူးမှနုတ်ထွက်နိုင်၊ အလုပ်တာဝန်မှ ရပ်နားနိုင်သည့် တရားသူကြီးများ)ကို ခန့်ထားခြင်းပင်ဖြစ်သည်။ အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်၏အဆိုအရ ယာယီတရားသူကြီးများ၏ လက္ခဏာရပ်များအား "အခြေအနေကိုလိုက်၍ ဆောင်ရွက်တတ်ကြပြီး၊ ပြင်ပပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများမှ သို့မဟုတ် တရားစီရင်ရေးကဏ္ဍ၏ အခြားတာဝန်ရှိ ပုဂ္ဂိုလ်များမှ လွန်ကဲစွာဖိအားပေးခြင်း သို့မဟုတ် ကြားဝင်နှောက်ယှက်ခြင်းမှ ဉပဒေကြောင်းအရ အကာအကွယ်ပေးမှုကို မရရှိနိုင်ကြပေ"[164] ဟုဖော်ပြထားသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင်မှ "ယာယီတရားသူကြီးရာခိုင်နှုန်း မြင့်မားနေခြင်းသည် နိုင်ငံသားများ၏ တရားမျှတမှု ခံစားပိုင်ခွင့်နှင့် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုနှင့် အာဏာတည်မြဲမှုကို အာမခံချက်ပေးနေသည့် ရာထူးနေရာ တည်မြဲခွင့်များကို ဆိုးရွားစွာ ထိခိုက်နိုင်သည်" [165] ဟုဆိုထားသည်။

တရားသူကြီးများ၏ ရာထူးသက်တမ်းကို ထိခိုက်စေသည့် အခြားနည်းလမ်းတစ်ခုမှာ တရားသူကြီးများအား အချိန်ကာလအပိုင်းအခြားတစ်ခုရောက်လျှင် ယင်းတို့လုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်/မနိုင် ပြန်လည် စိစစ်ခြင်းပင်ဖြစ်သည်။

- ပီရူးနိုင်ငံကိစ္စအား လေ့လာစိစစ်ရာတွင် တွေ့ရှိရသည့် ပြန်လည်စိစစ်သည့် လုပ်ငန်းအား လူ့အခွင့်အရေးကော်မတီမှ ရည်ညွှန်းခြင်းဖြစ်သည်။ ထိုကိစ္စ၌ ကော်မရှင်က စိုးရိမ်ပူပန်စွာဖြင့် ဖော်ပြခဲ့သည်မှာ "တရားသူကြီးများအား (၃) နှစ်အကြာတွင် အငြိမ်းစားပေးပြီး ပြန်လည် ခန့်ထားခံရရန် ထောက်ခံချက်လိုအပ်သည့် အလေ့အထမှာ ရာထူးသက်တမ်း လုံခြုံရေးကို ငြင်းပယ်ခံရသည့်အတွက် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းမှုကို ထိခိုက်နိုင်သည်" ဟု ဖြစ်သည်။ ကော်မတီက "တရားသူကြီးများ ထောက်ခံချက်ထပ်မံရယူရန် လိုအပ်ချက်ကို ပြန်လည်သုံးသပ်၍ရာထူးသက်တမ်းလုံခြုံစိတ်ချမှုရှိပြီး တရားစီရင်ရေးကဏ္ဍအားအမှီအခိုကင်းစေသည့်စနစ်ဖြင့် အစားထိုးရမည်"[166] ဟု အကြံပြုထားသည်။
- လစ်သူအေးနီးယားကိစ္စတွင် ကော်မတီမှ မှတ်ချက်ပြုထားသည်မှာ လုပ်သက်(၅)နှစ်ပြည့်ပြီးသော ခရိုင်တရားရုံး တရားသူကြီးများသည် အမြဲတမ်းရာထူးခန့်ထားခြင်းခံရရန် အုပ်ချုပ်ရေး အာဏာပိုင်၏ စိစစ်သုံးသပ်မှုကို ခံယူရဆဲဖြစ်သည်ဟုဖြစ်သည်။ ကော်မတီမှ "မည်သည့် စိစစ်သုံးသပ်မှုအစီအစဉ်မဆိုသည် တရားစီရင်ရေးဆိုင်ရာ အတွေ့အကြုံများနှင့်သာ သက်ဆိုင်ရမည်ဖြစ်ပြီး လွတ်လပ်သော ပညာရှင်အဖွဲ့ကသာ ဆောင်ရွက်ရမည်"[167] ဟု အကြံပြုထားသည်။

164 Report on the Situation of Human Rights in Venezuela, OAS document OEA/Ser.L/V/II.118 doc. 4 rev. 2, 29 december 2003, para.

165 Ibid.,para. 160 and the Commission's conclusion that "the provisional tenure of most of the judges in Vene-zuela affects their stability in office, which is a necessary condition for the independence of the judici-ary", at para. 540. See also the Second Report on the Situation of Human Rights in Peru, OAS document OEA/Ser.L/V/II.106, doc. 59 rev., 2 June 2000, paras. 14-15.

166 Concluding Observations of the Human Rights Committee on Peru, Report of the Human Rights Commit-tee, Volume I, GAOR A/51/40, paras. 352 and 364.

167 Concluding Observations of the Human Rights Committee on Lithuania, uN document CCPR/C/79/Add.87, para. 16. See also the Committee's Concluding Observations on Azerbaijan, uN document CCPR/CO/73/AZE, para. 14, where the Committee expressed its concern "at the lack of security of tenure for judges".

- ဗီယက်နမ်နိုင်ငံအမှုတွင် “တရားသူကြီး ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် ရာထူးသက်တမ်း လုံခြုံစိတ်ချမှုမရှိခြင်း” ဟု ကော်မတီက ယင်း၏စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့ခြင်းမှာ တရားသူကြီးများကို (၄)နှစ်သာ ခန့်ထားခြင်းသည် တရားသူကြီးများအား အလွန်အမင်း စည်းကမ်းတင်းကြပ်ရာ ရောက်သကဲ့သို့ နိုင်ငံရေးဖိအားပေးမှုများ သက်ရောက်စေပြီး ယင်းတို့၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို အန္တရာယ်ဖြစ်စေသောကြောင့်ဖြစ်သည်။[168]
- ကာဇက်စတန်နိုင်ငံမှ တင်ပြလာသော အစီရင်ခံစာကို လေ့လာသုံးသပ်ပြီးနောက် ကော်မတီမှ “ တရားသူကြီးများအား စိစစ်ရေးလုပ်ငန်းစဉ်အရ (၇)နှစ်တစ်ခါ ပြန်လည်စိစစ်မှုခံရန် လိုအပ်ချက်၊ လစာအဆင့်နိမ့်ကျခြင်းနှင့် ရာထူးသက်တမ်း မသေချာခြင်းတို့သည် အကျင့်ပျက်ခြစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ကို တွန်းအားပေးနိုင်သည်”[169] ဟု မှတ်ချက်ပြုခဲ့သည်။
- ဥဇ္ဗက်ကစ္စတန်နိုင်ငံအမှုတွင် ကော်မတီမှ “ တရားစီရင်ရေးကဏ္ဍသည် အပြည့်အဝ အမှီအခိုမကင်းပါ။ တရားသူကြီးများ ခန့်ထားမှုကို (၅)နှစ်တစ်ကြိမ် အုပ်ချုပ်ရေးဌာနမှ ပြန်လည်သုံးသပ်ရသည်”[170] ဟု စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။
- ညှဥ်းပန်းနှိပ်စက်မှု ဆန့်ကျင်သော ကော်မတီက အချိန်ပိုင်းတရားသူကြီးများ ခန့်ထားနိုင်ခြေနှင့် စပ်လျဥ်း၍ “တရားသူကြီးများ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို ခြိမ်းခြောက်လိမ့်မည်”[171] ဟု ဖော်ပြခဲ့သည်။

## ရာထူးတိုးမြှင့်ခြင်း

ရာထူးသက်တမ်းဆိုင်ရာ အခြားရှုထောင့်မှာ ရာထူးတိုးမြှင့်ရန် အဆုံးအဖြတ်ပေးသည့် အချက်များပင်ဖြစ်သည်။ ဤကိစ္စအတွက် သတ်မှတ်ချက်များမှာ ရာထူးခန့်ထားမှုဆိုင်ရာ စည်းမျဉ်းများနှင့် ဆင်တူသည်။ ဥပမာ-ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခြေခံဥပဒေသများတွင် -

> *“တရားသူကြီးများအား ရာထူးတိုးမြှင့်ပေးရာတွင် မည်သည့်စနစ်တွင် ရှိနေသည်ဖြစ်စေ အပြုသဘောအချက်များကိုသာ အခြေခံရမည်။ အထူးသဖြင့် စွမ်းဆောင်ရည်၊ ဖြောင့်မတ်မှန်ကန်မှုနှင့် အတွေ့အကြုံ”[172] ဟု ဖြစ်သည်။*

168 Concluding Observations of the Human Rights Committee on Viet Nam, uN document CCPR/CO/75/VNM, para. 10.

169 Concluding Observations of the Human Rights Committee on Kyrgyzstan, uN document CCPR/CO/69/KGZ, para. 15.

170 Concluding Observations of the Human Rights Committee on Uzbekistan, uN document CCPR/CO/83/uZB, para. 16

171 Conclusions and Recommendations of the Committee against Torture on Guyana, uN document CAT/C/GuY/CO/1, para. 17.

172 UN Basic Principles on the Independence of the Judiciary, doc. cit., principle 13. Principle A, paragraph 4 (o) of the Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa is identical.



ပေကျင်းဥပဒေသများတွင်လည်း ထိုနည်းတူဖော်ပြထားသည်။ သို့ရာတွင် အမှီအခိုကင်းမှုကို ထပ်ထည့်ထားပုံမှာ ‘တရားသူကြီးများအား ရာထူးတိုးမြှင့်ပေးရာတွင် အပြုသဘော သုံးသပ်ချက်များဖြစ်သည့် လုပ်ငန်းအသိပညာ၊ ဖြောင့်မတ်မှန်ကန်မှု၊ အမှီအခိုကင်းမှုနှင့် အတွေ့အကြုံတို့အပေါ် အခြေခံရမည်’[173] ဟုဖြစ်သည်။

ဥရောပပဋိညာဉ်စာတမ်း၊ တရားသူကြီးများအတွက် ပြဋ္ဌာန်းချက်များတွင် တရားသူကြီးများအား ရာထူးတိုးမြှင့်ပေးရန် စနစ်နှစ်ခုစဉ်းစားထားသည်။ တစ်ဖက်မှာ လုပ်သက်အခြေခံသော စနစ်ရှိပြီး ထိုစနစ်အရ ရာထူးတစ်ခုတွင် သတ်မှတ်ကာလတစ်ခုအထိ တာဝန်ထမ်းဆောင်ပြီးသော တရားသူကြီးများကို ယင်းတို့၏တာဝန်များ ဆက်လက်ဆောင်ရွက်နိုင်သေးပါက ရာထူးတိုးပေးမည်။ အခြားတစ်ဖက်မှာ စွမ်းဆောင်ရည်အခြေခံသော ရာထူးတိုးမြှင့်ရေးစနစ်ရှိပြီး ထိုစနစ်တွင် လူမျိုး၊ ကျား/မ သို့မဟုတ် ကိုးကွယ်သည့် ဘာသာ  သို့မဟုတ် နိုင်ငံရေးနီးစပ်မှု စသည့် မဆီလျော်သော အချက်များ စဉ်းစားမည်မဟုတ်ပါ။

စာပိုဒ်တွင် ဖော်ပြထားသည်မှာ-“ လုပ်သက်ကို အခြေမခံလျှင် ရာထူးတိုးမြှင့်ရေး စနစ်သည် အရည်အချင်းနှင့် ယုံကြည်၍ ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့မှုအပေါ် လေ့လာသုံးသပ်ထားသည့် စွမ်းဆောင်ရည် သီးသန့် အပေါ်သာ မူတည်ရမည်ဖြစ်ပြီး တရားသူကြီး သို့မဟုတ် တရားသူကြီးများစွာ၏ စွမ်းဆောင်ရည် အကဲဖြတ်မှုနှင့် သက်ဆိုင်ရာတရားသူကြီးနှင့် ဆွေးနွေးမှုရလဒ်များအားဖြင့်သာ ဆုံးဖြတ်ရမည်။ ထို့နောက် ရာထူးတိုးမြှင့်ရေး ဆုံးဖြတ်ချက်ကို စာပိုဒ် 1.3 [အုပ်ချုပ်ရေးကဏ္ဍများနှင့်၊ ဥပဒေပြုရေးကဏ္ဍများအား အမှီအခိုကင်းသော အာဏာပိုင်အဖွဲ့ဖြစ်ပြီး ထိုအာဏာပိုင်အဖွဲ့၏ တရားသူကြီး အနည်းဆုံး(၅၀)ရာခိုင်နှုန်းကို ယင်းတို့၏ လုပ်ဖော်ကိုင်ဖက်များက ရွေးကောက် တင်မြှောက်သည်]တွင်ပါရှိသော သို့မဟုတ် အဆိုပြုလွှာတွင်ဖော်ပြထားသော သို့မဟုတ် ဤသဘောတူညီချက်နှင့်အညီ အာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေငြာရမည်။ ရာထူးတိုးမြှင့်ရေး အဆိုပြုမခံရသည့် တရားသူကြီးများသည် ဤအာဏာ ပိုင်အဖွဲ့သို့ စောဒကတက်ခွင့်ရှိသည်။” [174]

> *တရားသူကြီးများ၏ ရာထူးသက်တမ်းလုံခြုံစိတ်ချရမှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုသည် မရှိမဖြစ်သော အာမခံချက်ကိုပေးသည်။ တရားသူကြီးများအား ရာထူးတိုးမြှင့်ပေးရန် ဆုံးဖြတ်ချက်သည် ရာထူးခန့်ထားစဉ်ကကဲ့သို့ တူညီသည့် ပွင့်လင်းမြင်သာရှိမှုနှင့် တရားမျှတမှုရလဒ်များ ဆက်လက်ဖြစ်ထွန်းစေရမည်။*

173 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit., opera-tive paragraph 17.

174 European Charter on the statute for judges, doc. cit., operative paragraph 4.1.

# ၇။ တာဝန်ခံမှုရှိခြင်း

## အကျဉ်းချုပ်

တရားစီရင်ရေးအမှီအခိုကင်းမှုသည် အရေးပါသော အာမခံချက်ကိုဖြစ်စေသော်လည်း အမှီအခိုကင်းမှုကို အကာအကွယ်ယူ၍ တရားသူကြီးများ၏ ကိုယ်ကျင့်တရား ပျက်ပြားမှုများကို ဖုံးဖိထားနိုင်သည့် အခွင့်အလမ်းများလည်း ဖြစ်ပေါ် စေနိုင်သည်။[175]ထို့ကြောင့်တရားသူကြီးများသည်ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြုမူနေထိုင်ရမည်။ တရားသူကြီးများအား ယင်းတို့ကျင့်ကြံပြုမူရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းစွာချမှတ်ပေးနိုင်ရန်အတွက် နိုင်ငံများစွာသည် ကိုယ်ကျင့်တရားဆိုင်ရာ ဥပဒေသများကို အတည်ပြု ပြဋ္ဌာန်းနေကြသည်။[176]

အချို့ကိစ္စများတွင် ဤဥပဒေများကို တရားသူကြီးများက မူကြမ်းရေးဆွဲကြသည်။ အခြားကိစ္စများတွင် အစိုးရများက တရားသူကြီးများ၏ သဘောထားအမြင်ကို ရယူကြသည်။ ဘင်္ဂလားတရားစီရင်ရေးကျင့်ထုံးဥပဒေသများတွင် တရားသူကြီးများ၏ အပြုအမူကို အဆုံးအဖြတ်ပေးသည့် ဥပဒေသများ ပါဝင်သည်။ ဥပဒေပုဒ်မများစွာတွင် အကြုံးဝင်လျက်ရှိနေသည့် ထိုတန်ဖိုးများမှာ- အမှီအခိုကင်းမှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ ယဉ်ကျေးမှု၊ မျှတမှု၊ ဗဟုသုတ အတွေ့အကြုံပြည့်ဝမှုနှင့် ကာကွယ်စောင့်ရှောက်လိုမှုတို့ ဖြစ်သည်။ တရားသူကြီး၏ အပြုအမူပေါ် မူတည်၍ ရာထူးမှထုတ်ပယ်ရသည့် အခြေခံအကြောင်းများသည် သာမန်အားဖြင့် ဤဥပဒေသများကို အခြေခံလိမ့်မည်။

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ခံမှုရှိခြင်း (ထိုကိစ္စအလို့ငှာ ရှင်းလင်းစွာပြဋ္ဌာန်းထားသော ဥပဒေသများရှိပါသည်) နှင့် တရားသူကြီးက ယင်း၏ပုဂ္ဂလိကဘဝတွင် ကျူးလွန်သော သာမန်ရာဇဝတ်မှု အတွက် တာဝန်ယူမှုရှိခြင်း (ထိုကိစ္စအလို့ငှာ ကျင့်သုံးရမည့် ဥပဒေသများမှာ အခြားလူပုဂ္ဂိုလ်များအတွက် ချမှတ်ထားသော ဥပဒေသများနှင့် အတူတူပင်ဖြစ်သည်)ကို ခွဲခြားထားသင့်သည်။

175 For a discussion on corruption in the judiciary, see Richard J. Scott, "Towards an ethic to control judicial corruption", in Strengthening Judicial Independence, Eliminating Judicial Corruption, CIJL Yearbook 2000, p. 117.

176 See, for instance, the Code of Conduct for United States Judges and the Code of Ethics of the Peruvian Judiciary(Código de Ética del Poder Judicial del Perú).

## တာဝန်ခံမှုရှိခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာစံနှုန်းများ

သာမန်အားဖြင့် တရားသူကြီးများကို မလျော်ကန်စွာ ပြုမူခြင်း၊ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ခြင်း သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ခြင်း သို့မဟုတ် တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သည့် စွမ်းဆောင်ရည် မရှိခြင်းတို့ကြောင့်သာ ရာထူးမှ ထုတ်ပယ်နိုင်သည်။ စေတနာအမှားကြောင့်[177] သို့မဟုတ် ဥပဒေအား အနက်အဓိပ္ပာယ်ကောက်ယူရာတွင် သဘောတူညီချက်မရသဖြင့် တရားသူကြီးများကို ဖယ်ရှားခြင်း သို့မဟုတ် အပြစ်ပေးခြင်း မပြုနိုင်။ ထို့အပြင် စီရင်ဆုံးဖြတ်ချက်ကြောင့် ငွေကြေး ဆုံးပါးပျက်စီးမှုများအတွက် တရားမကြောင်းအရ တရားစွဲဆိုခံရခြင်းမှလည်း ကင်းလွတ်ခွင့်ရှိသည်။[178]

တရားသူကြီးများအား ရာထူးမှထုတ်ပယ်ရန်အတွက် ရှင်းလင်းသော အခြေခံအချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးရန်နှင့် ထိုကိစ္စအဆုံးသတ်နိုင်ရေးအတွက် သင့်လျော်သောလုပ်ငန်းစဉ်များ သတ်မှတ်ပေးရန် နိုင်ငံတော်၌တာဝန်ရှိသည်။ တရားသူကြီးတစ်ဦး၏ ထူးခြားသော အပြုအမူ သို့မဟုတ် အရည်အသွေးကြောင့် ထိုတရားသူကြီးကို ရာထူးမှ ထုတ်ပယ်ရမည့်အခြေအနေတွင် ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခြင်းကို လွတ်လပ်၍ သမာသမတ်ကျသော တရားရေးအဖွဲ့က မျှတစွာ ဆုံးဖြတ်ရမည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခြေခံဥပဒေများတွင် တရားသူကြီးများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ရာထူးမှ ဖယ်ရှားရေးပုဒ်မများစွာ ပါဝင်သည်။ ဥပဒေသ ၁၇ တွင် ဖော်ပြထားသည်မှာ `တရားသူကြီးတစ်ဦးအား စောဒကတက်ခြင်း သို့မဟုတ် တရားစွဲခြင်းများ ရှိခဲ့ပါက ထိုတရားသူကြီး၏ တရားစီရင်ဆုံးဖြတ်မှုများနှင့် ကျွမ်းကျင်မှုအတိုင်းအတာကို မျှတထိရောက်စွာဖြင့် သင့်လျော်သော လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးရမည်။ ထိုတရားသူကြီးသည် မျှတစွာ ကြားနာစစ်ဆေးခံယူခွင့် ရှိရမည်။ စစ်ဆေးသူတရားသူကြီးမှ မတောင်းဆိုလျှင် ကနဦးစစ်ဆေးတွေ့ရှိချက်များကို အတွင်းရေး ထားရမည်။´

ဥပဒေသ ၁၈၊ ရာထူးမှဖယ်ရှားခြင်းဆိုင်ရာ အခြေခံအချက်များတွင် ရာထူးမှဖယ်ရှားခွင့်ပြုနိုင်သည့် အကြောင်းအရာများကို ဖော်ပြထားရာ၌ -

> *`တရားသူကြီးကို စွမ်းဆောင်ရည် မရှိခြင်း သို့မဟုတ် တာဝန် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ကျန်းမာရေးအခြေအနေ မရှိခြင်းတို့ကြောင့်သာလျှင် တာဝန်ထမ်းဆောင်ခြင်းမှ ရပ်ဆိုင်း ထားခြင်း သို့မဟုတ် ရာထူးမှ ဖယ်ရှားခြင်း ပြုလုပ်ရမည်။*[179]

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခြေခံဥပဒေသများ၌ စည်းကမ်းထိန်းသိမ်းရေး ဆုံးဖြတ်ချက်များကိုအယူခံဝင်ရန်အတွက်တရားသူကြီးသည်ဥပဒေပြုရေးအာဏာပိုင်ကိုဖြတ်ကျော်ရမည်ဆိုသည့်အချက်ကို တားမြစ်ပိတ်ပင်ထားသည်။ ဥပဒေသ ၂၀ တွင်` စည်းကမ်းထိန်းသိမ်းရေးဆုံးဖြတ်ချက်များဖြစ်သည့် တာဝန်ထမ်းဆောင်ခြင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ရာထူးမှဖယ်ရှားခြင်းများကို လွတ်လပ်သော သုံးသပ်ချက်များအရသာ ပြုလုပ်နိုင်သည်။ ´[180]

ဥရောပကောင်စီ၏ သဘောထားမှတ်ချက်ဖြစ်သည့် တရားသူကြီးတစ်ဦးအား ရာထူးမှ ဖယ်ရှားရာတွင် အခြေခံရမည့် ရှင်းလင်းသောလမ်းညွှန်ချက်များကို လွတ်လပ်သော တရားစီရင်ရေးအဖွဲ့မှ ချမှတ်ရမည်ဆိုသည့်အချက်အား မီးမောင်းထိုးပြသင့်ပါသည်။

> *အငြိမ်းစားပေးရန် အမိန့်မထွက်မခြင်း ခိုင်လုံသောအကြောင်းပြချက်မရှိပဲ ဥပဒေနှင့်အညီ ခန့်အပ်ထားသော တရားသူကြီးများအား လုပ်ငန်းတာဝန်မှ အမြဲတမ်းဖယ်ရှားထားခြင်းမပြုနိုင်ပါ။´ဥပဒေတွင် တိကျစွာပြဋ္ဌာန်းထားသော ထိုအကြောင်းပြချက်များကို တရားသူကြီးများအား အချိန်ကာလတစ်ခုအတွင်းသာ ရွေးကောက်တင်မြှောက်သော နိုင်ငံများ၌ အသုံးပြုနိုင်သည် သို့မဟုတ် ရာဇဝတ်မှုကျူးလွန်ကြောင်း သို့မဟုတ် စည်းမျဉ်းစည်းကမ်း အလွန်အမင်း ချိုးဖောက်ကြောင်းနှင့် ဆက်စပ်နေပြီး တရားစီရင်ရေးလုပ်ငန်းများကို ထမ်းဆောင်နိုင်သည့် စွမ်းဆောင်ရည် မရှိသည့် အခြေအနေ၌ အသုံးပြုနိုင်သည်။*[181]

အထူးသဖြင့် တရားစီရင်မှုကွပ်ကဲရေးဆိုင်ရာ အထူးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကြားနာစစ်ဆေးမှုလုပ်ငန်းစဉ် အားလုံးတွင် စစ်ဆေးခံ တရားသူကြီးများ၏ အခွင့်အရေးအား အာမခံနိုင်ရမည်ဟု ရာထူးမှဖယ်ရှားရေး ဆိုင်ရာ လိုအပ်ချက်များကို ကောင်ဆယ်မှ ရှင်းလင်းစွာဖော်ပြထားသည်။

> *"စည်းမျဉ်းစည်းကမ်းအရ အရေးယူပြုလုပ်ရန် လိုအပ်သောအခါ တရားရုံးနှင့် မဆက်စပ်သော လုပ်ငန်းစဉ်များအတွက် အထူးစိစစ်ရေးအဖွဲ့ကို နိုင်ငံတော်မှ ဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးရမည်။ ထိုအဖွဲ့သည် မည်သည့်စည်းကမ်း ချိုးဖောက်မှုကိုမဆို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိပြီး ယင်းအဖွဲ့၏ ဆုံးဖြတ်ချက်များကို အဆင့်အမြင့်ဆုံး တရားရေးအရာရှိများအဖွဲ့က ကွပ်ကဲရမည် သို့မဟုတ် ထိုအဖွဲ့ ကိုယ်တိုင်ကပင် အဆင့်အမြင့်ဆုံး တရားရေးအဖွဲ့ဖြစ်သည်။ စစ်ဆေးခံ တရားသူကြီးများအား အနိမ့်ဆုံးအဆင့်အဖြစ် လူ့အခွင့်အရေးဆိုင်ရာ ဥရောပညီလာခံ၏ ပြဋ္ဌာန်းချက်များအတိုင်း ခွင့်ပြုပေးနိုင်ရန် သင့်လျော်သော လုပ်ငန်းစဉ်များကို ဥပဒေ၌ပြဋ္ဌာန်းထားပြီး ဖြစ်ရမည်။ ဥပမာ-အမှုကို လုံလောက်သော အချိန်အတိုင်း*

177 See the Concluding Observations of the Human Rights Committee on Viet Nam, uN document CCPR/CO/75/VNM, para. 10, where the Committee expressed its concern at "the procedures for the selection of judges as well as their lack of security of tenure (appointments of only four years), combined with the possibility, provided by law, of taking disciplinary measures against judges because of errors in judicial decisions. These circumstances expose judges to political pressure and jeopardize their independence and impartiality." (emphasis added)

178 See Principle 16 of the UN Basic Principles on the Independence of the Judiciary, doc. cit., which establishes that "without prejudice to any disciplinary procedure or to any right of appeal or to compensation from the State, in accordance with national law, judges should enjoy personal immunity from civil suits for monetary damages for improper acts or omissions in the exercise of their judicial functions". For other provisions with similar content, see operative paragraph 32 of the Beijing Principlesand article 10 of the Universal Charter of the Judge.

179 See also Principle 19 of the UN Basic Principles, which states that "All disciplinary, suspension or removal proceedings shall be determined in accordance with established standards of judicial conduct". Operative paragraph 27 of the Beijing Principlesis identical.

180 Principle 20 excludes this requirement in specific cases, namely "decisions of the highest court and those of the legislature in impeachment or similar proceedings".

181 Recommendation No. R (94) 12, doc. cit., Principle VI.2. The Recommendation n also contemplates other sanctions short of removal: "where judges fail to carry out their duties in an efficient and proper manner or in the event of disciplinary offences, all necessary measures which do not prejudice judicial independence should be taken. depending on the constitutional principles and the legal provisions and traditions of each state, such measures may include, for instance: a. withdrawal of cases from the judge; b. moving the judge to other judicial tasks within the court; c. economic sanctions such as a reduction in salary for a temporary period; d. suspension." (Principle VI.1).

> *အတာပေး၍ ကြားနာ စစ်ဆေးရမည်။ စစ်ဆေးခံတရားသူကြီးများ၌ မည်သည့်စွဲချက်ကိုမဆို ပြန်လည် ဖြေရှင်းခွင့် ရှိစေရမည်။” [182]*

ဥရောပ ပဋိညာဉ်စာတမ်း၊ တရားသူကြီးများအတွက် ပြဋ္ဌာန်းချက်များတွင် ထိုဥပဒေပုဒ်မနှင့် စပ်လျဉ်းသည့် အသေးစိတ်အကြောင်းအရာများပါဝင်သည်။ အထူးသဖြင့် အထူးသဖြင့် ကြားနာစစ်ဆေးမှု အပေါ် တိုက်ရိုက် သို့မဟုတ် ကြားဝင်စီမံခန့်ခွဲခွင့်ရှိသောအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးခံတရားသူကြီးများသည် လုပ်ထုံးလုပ်နည်းအပေါ် အာမခံချက်များ ခံစားခွင့်ရှိရမည်နှင့် ကျူးလွန်သောပြစ်မှုနှင့် သင့်လျော်သည့် အပြစ်ပေးမှုသာ ရရှိစေရမည်ဟု ပါရှိသည်။

စာပိုဒ် ၅.၁ တွင်`အတည်ပြုပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားများအနက်မှ တစ်ခုကို ပျက်ကွက်ခဲ့သည့် တရားသူကြီးအား အရေးယူမှုပြုရန် ဆုံးဖြတ်ချက်၊ အဆိုတင်ပြမှု၊ သဘောတူညီချက် သို့မဟုတ် ရွေးကောက်ခံတရားသူကြီး ၅၀ ရာခိုင်နှုန်းနှင့် ဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့ သို့မဟုတ် အာဏာပိုင်၏ သဘောတူညီချက်အရ နှစ်ဦးနှစ်ဘက်အား အပြည့်အဝ ကြားနာစစ်ဆေး ခြင်းအပါအဝင် သတ်မှတ်မှုဘောင်အတွင်း စိစစ်မေးမြန်းခြင်းများ ဆောင်ရွက်ရာ၌ စစ်ဆေးခံတရားသူကြီးအား လျှောက်လဲခွင့်ပေးရမည်။ အရေးယူမှုပြုရမည့် အတိုင်းအတာကိုလည်း ဥပဒေတွင် အတည်ပြု ပြဋ္ဌာန်းထားရမည့်အပြင် ရာထူးမှ ဖယ်ရှားခြင်းသည်လည်း ပြစ်မှုနှင့်ပြစ်ဒဏ် မျှတညီညွတ်ရမည်ဆိုသည့် ဥပဒေသအရသာ ဖြစ်ရမည်။ စီရင်ဆုံးဖြတ်သူအာဏာပိုင် သို့မဟုတ် စိစစ်ရေးအဖွဲ့၏ အရေးယူရန် ဆုံးဖြတ်ချက်အား အထက်အဆင့် တရားရေးအာဏာပိုင်ထံ၌ လွတ်လပ်စွာ အယူခံဝင်ခွင့်ရှိရမည်။’ [183]

အာဖရိကနိုင်ငံများ၏ မျှတစွာ တရားစီရင်ခွင့်ဆိုင်ရာ လမ်းညွှန်ချက်များတွင်လည်း ရာထူးမှဖယ်ရှားခြင်းအတွက် တိကျသော စံသတ်မှတ်ချက်များပါဝင်သည်။ အလွန်အမင်း မလျော်ကန်သော အပြုအမူကို ပြုလုပ်ခြင်း သို့မဟုတ် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စွမ်း မရှိခြင်းတို့ကြောင့်သာ တရားသူကြီးများကို ရာထူးမှ ဖယ်ရှားနိုင်သည်ဟု ဖော်ပြထားသည်။ `တရားစီရင်ရေးအရာရှိများအား တရားရုံးနှင့်မအပ်စပ်သည့် မလျော်ကန်သောကိစ္စများ လွန်ကဲစွာ ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မကျန်းမာသဖြင့် တရားစီရင်ရေးလုပ်ငန်းတာဝန်များကို မထမ်းဆောင်နိုင်ခြင်းတို့ကြောင့်သာ အလုပ်တာဝန်မှ ရပ်ဆိုင်းခြင်း သို့မဟုတ် ရာထူးမှဖယ်ရှားခြင်း ပြုလုပ်နိုင်သည်။’[184] အာဖရိကလမ်းညွှန်ချက်များသည် တရားစီရင်ရေးကဏ္ဍကို အမှီအခိုကင်းစေသည့် တစ်ခုတည်းသော စာတမ်းများဖြစ်ပြီး တရားသူကြီးများအား တာဝန်ထမ်းဆောင်ခြင်းမှ ဖယ်ရှားခြင်းကို အထူးတားမြစ်ထားမှုများ ပါဝင်သည်။

> *“တရားသူကြီးများကို ယင်းတို့၏ ဆုံးဖြတ်ချက်များအား အယူခံဝင်ရာ၌ သို့မဟုတ် ပြန်လည်သုံးသပ်ရာ၌ အထက်အဆင့် တရားစီရင်ရေး အဖွဲ့မှ မှားယွင်းသည်ဟု ဆုံးဖြတ်ခဲ့ခြင်းကြောင့် မဟုတ်ပဲ အခြားသော စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ရာထူးမှ ဖယ်ရှားခြင်း မပြုလုပ်ရ”[185]*

182 Recommendation No. R (94) 12, doc. cit., Principle VI.3

183 European Charter on the statute for judges , doccit., operative paragraph 5.1.

184 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, doc. cit., Principle A, paragraph 4 (p).

185 Ibid., Principle A, paragraph 4 (n) 2.



စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုကို စစ်ဆေးရာတွင် လုပ်ထုံးလုပ်နည်းအပိုင်း အာမခံချက်ပေးရန်နှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> *“ စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုဖြင့် တာဝန်ရပ်ဆိုင်းခြင်း သို့မဟုတ် ရာထူးမှဖယ်ရနိုင်သည့် စိစစ်မေးမြန်းမှုမျိုးနှင့် ရင်ဆိုင်နေရသော တရားစီရင်ရေးအရာရှိများအား မျှတစွာ ကြားနာစစ်ဆေးရန် အာမခံချက်ပေးရမည့်အပြင် ယင်းတို့ရွေးချယ်ထားသည့် ဥပဒေအကျိုးဆောင်များက ယင်းတို့အား ကိုယ်စားပြုခွင့် အပါအဝင် အမှီအခိုကင်းသော စိစစ်သုံးသပ်မှု ခံယူခွင့်လည်း ရှိရမည် ။”[186]*

အာရှပစိဖိတ်ဒေသ၌ အဆိုပါ သတ်မှတ်ချက်များမှာ ဆင်တူကြသည်။ ပေကျင်းဥပဒေများအရ တရားသူကြီးများကို စွမ်းဆောင်ရည်မရှိခြင်း သို့မဟုတ် မလျော်ကန်သော ပြုမူဆောင်ရွက်မှုများကြောင့်သာ ရာထူးမှ ဖယ်ရှားနိုင်ကြောင်းကို တရားသူကြီးများကို သက်သေခိုင်လုံစွာ ဖော်ပြနိုင်သည့် စွမ်းဆောင်ရည် မရှိခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်း သို့မဟုတ် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ကျန်းမာရေးအခြေအနေ မရှိခြင်းတို့ကြောင့်သာလျှင် ရာထူးမှ ဖယ်ရှားနိုင်သည်။[187] တရားသူကြီးများ သို့မဟုတ် ထိုကိစ္စအလို့ငှာ အခွင့်အာဏာပေးအပ်ခြင်း ခံထားရသူများအား ရာထူးမှ ဖယ်ရှားရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းပိုင်းနှင့် စပ်လျဉ်း၍ ပေကျင်းဥပဒေများသည် ပြည့်စုံခိုင်လုံမှုမရှိပါ။ သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုများကွဲပြားသည့်အားလျော်စွာ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲနိုင်ကြောင်းကို`တရားသူကြီးများအား ရာထူးမှထုတ်ပယ်ရာတွင် ကျင့်သုံးသော လုပ်ထုံးလုပ်နည်းများသည် လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု မတူညီနိုင်ကြောင်း နားလည်ထားသည်’ အချို့လူ့အဖွဲ့အစည်းများတွင် ရိုးရာအစဉ်အလာအရ ပါလီမန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူးမှထုတ်ပယ်လေ့ရှိပြီး အခြားလူ့အဖွဲ့အစည်းများတွင် ထိုလုပ်ထုံးလုပ်နည်းအား မသင့်လျော်ဟု သတ်မှတ်သည်။ ရာထူးမှထုတ်ပယ်ရန် အခြေခံထားသည့် အချက်အချို့မှာ မသင့်လျော်ပါ။ ထိုအချက်များကို ရံဖန်ရံခါမှသာ အသုံးပြုသည်။ အခြားရည်ရွယ်ချက်ဖြင့် အသုံးပြုမှုများသည် ရာထူးတာဝန်ကို အလွဲသုံးစားပြုလုပ်မှုသို့ ဦးတည်နိုင်သည်။[188] သို့ရာတွင် ဤအခွင့်အာဏာအား ပါလီမန်သို့ မပေးအပ်ထားလျှင် သို့မဟုတ် အယုံအကြည်မရှိအဆိုဖြင့် မဆုံးဖြတ်နိုင်လျှင် တရားသူကြီးအား ရာထူးမှဖယ်ရှားရန် တရားစီရင်ရေးကဏ္ဍက ဆောင်ရွက်ရမည်။[189] ကြီးကြပ်ကွပ်ကဲသူ မည်သူပင်ဖြစ်လင့်ကစား မျှတစွာ ကြားနာ

186 Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, doc. cit., Principle A, paragraph 4 (q). Paragraph (r) further provides that “[…] Complaints against judicial officers shall be proc-essed promptly, expeditiously and fairly”.

187 Beijing Statement of Principles of the Independence of the Judiciary in the LAWASIA Region, doc. cit., opera-tive paragraph 22.

188 Ibid., operative paragraph 23.

189 Ibid., operative paragraph 24. See also operative paragraph 25: “where parliamentary procedures or proce-dures for the removal of a judge by vote of the people do not apply and it is proposed to take steps to secure the removal of a judge, there should, in the first instance, be an examination of the reasons sug-gested for the removal, for the purpose of determining whether formal proceedings should be commenced. Formal proceedings should be commenced only if the preliminary examination indicates that there are adequate reasons for taking them.”

စစ်ဆေးခွင့် ရှိရမည်။ [190]

ဓနသဟာရနိုင်ငံများ၏ တရားစီရင်ရေးကိစ္စအတွက် ရည်ရွယ်ထားသော Latimer House လမ်းညွှန်ချက်များတွင်လည်း တရားစီရင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ရာထူးမှထုတ်ပယ်ရေးနှင့် ဆက်စပ်သော ဖော်ပြချက်များပါဝင်သည်။ ထိုလမ်းညွှန်ချက်တွင် ရာထူးမှထုတ်ပယ်ရသည့် အကြောင်းအရင်း၊ လုပ်ထုံးလုပ်နည်း အာမခံချက်ပေးရန်နှင့် ကြားနာစစ်ဆေးမှုကို ကြီးကြပ်ကွပ်ကဲရသည့် တရားရေးအဖွဲ့ဝင်များ၏ ဂိသေသလက္ခဏာရပ်များကို အထူးဖော်ပြထားသည်။ လမ်းညွှန်ချက် VI တွင်

"ရာထူးမှထုတ်ပယ် ခံရနိုင်သည့် အနေအထားရှိသည့် တရားသူကြီးအား စွဲချက်တင်မှုနှင့် စပ်လျဉ်း၍ အပြည့်အဝ အသိပေးရမည်။ ကြားနာစစ်ဆေးမှုကို ကိုယ်စားပြုခွင့်ပေးရမည်။ ခုံခံပိုင်ခွင့် အပြည့်အဝပေးရမည်။ အမှီအခိုကင်း၍ သမာသမတ်ကျသော တရားစီရင်ရေးအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူခွင့်ပြုရမည်။ တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်နိုင်သည့် အကြောင်းများအား (က) တရားစီရင်ရေးတာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်းနှင့် (ခ) အလွန် မလျော်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းတို့ဖြင့်သာ ကန့်သတ်ထားရမည်။"[191] အများပြည်သူသို့ သတိပေးချက်ထုတ်ပြန်ခြင်းကိုမူ တားမြစ်ထားသည်။[192]

## နိုင်ငံတကာဥပဒေ

လူ့အခွင့်အရေးကော်မတီသည် တရားသူကြီးများအား ရာထူးမှဖယ်ရှားမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်အစီရင်ခံစာများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် အမှုများကို ပြည့်စုံစွာလေ့လာခဲ့သည်။ ကော်မတီ၏ လေ့လာမှုဆိုင်ရာ စာတမ်းများက ထိုကိစ္စအလို့ငှာ နိုင်ငံတကာစံညွှန်းများ သတ်မှတ်ရန် အတည်ပြုခဲ့ပြီး တရားသူကြီးများအား မလျော်ကန်သည့် ပြုမူဆောင်ရွက်မှု သို့မဟုတ် ရာထူးတာဝန်၌ ဆက်လက် ထမ်းဆောင်နိုင်စွမ်းမရှိမှု အကြောင်းများမှတပါး အခြားမည်သည့်အကြောင်းနှင့်မျှ ရာထူးမှထုတ်ပယ်ခြင်း မပြုရန်နှင့် ကြားနာစိစစ်ရာတွင်လည်း မျှတမှုရှိရမည်ဟု ဖော်ပြခဲ့သည်။

- သီရိလင်္ကာနိုင်ငံအမှုတွင် ဗဟိုတရားရုံးချုပ်၊ အယူခံတရားရုံးနှင့် [....]တို့၏တရားသူကြီးများအား ရာထူးမှ ဖယ်ရှားရေးလုပ်ထုံးလုပ်နည်းသည် နိုင်ငံတကာစာချုပ် သဘောတူညီချက် 14 နှင့် မကိုက်ညီပဲ ထိုလုပ်ထုံးလုပ်နည်းများတွင် ပါလီမန်အား တရားသူကြီးများ ရာထူးမှဖယ်ရှားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် ကြီးကြပ်ကွပ်ကဲခွင့် အာဏာပေးထားသည်´ဟု ဖော်ပြခဲ့ပြီး `ပါလီမန်အစား တရားစီရင်ရေးကဏ္ဍအား ထိုအခွင့်အာဏာပေးခြင်းဖြင့် အမှီအခိုကင်းသော တရားစီရင်ရေးအားကောင်းလာစေရန် နိုင်ငံတော်မှ ဆောင်ရွက်ရမည်´[193] ဟုလည်း ကော်မတီက အကြံပြုခဲ့သည်။

190 Ibid., operative paragraph 26: "In any event, the judge who is sought to be removed must have the right to a fair hearing."

191 Latimer House Guidelines, doc. cit., Guideline VI.1, paragraph (a) (i).

192 Ibid., Guideline VI.1, paragraph (a) (iii).

193 Concluding Observations of the Human Rights Committee on Sri Lanka, uN document CCPR/CO/79/LKA, para. 16.



- ဘီလာရုစ်နိုင်ငံအမှုတွင်` ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့် ဗဟိုတရားရုံးချုပ်တရားသူကြီးများအား နိုင်ငံတော်သမ္မတမှ မည်သည့်စည်းမျဉ်းစည်းကမ်းမှ မလိုဘဲ ရာထူးမှဖယ်ရှားနိုင်ကြောင်း တွေ့ရသည်'[194] ဟု ယင်း၏ စိုးရိမ်ပူပန်မှုကို ကော်မတီက ဖော်ပြခဲ့သည်။
- ဗီယက်နမ်နိုင်ငံအမှုတွင်`မလျော်ကန်သော အပြုအမူကိုပြုလုပ်ခဲ့သဖြင့် အပြစ်ရှိကြောင်း အမှီအခိုကင်းသည့် တရားစီရင်ရေးအဖွဲ့မှ မတွေ့ရှိမခြင်း တရားသူကြီးများအား ရာထူးတာဝန်မှဖယ်ရှားခြင်း မပြုရန် အာမခံရမည် ´[195] ဟု ကော်မတီက အစိုးရအား တိုက်တွန်းခဲ့သည်။
- တရားစီရင်ရာ၌ အဂတိလိုက်စားခဲ့သည့် ဂျော်ဂျီယာနိုင်ငံအမှုတွင်`တရားစီရင်ရာ၌ အဂတိလိုက်စားခဲ့ကြောင်း တိုင်ကြားလွှာများကို အမှီအခိုကင်းသော တရားရေးအဖွဲ့က စစ်ဆေးရန်နှင့် ပြစ်မှုနှင့်မျှတသည့် ပြစ်ဒဏ်ချမှတ်စေရန် နိုင်ငံတော်မှ အာမခံရမည်´[196] ဟု ကော်မတီက ဖော်ပြ ခဲ့သည်။
- ရာထူးမှဖယ်ရှားခဲ့သည့် အကျဉ်းချုပ်အစီရင်ခံစာများသည် နိုင်ငံတကာသဘောတူစာချုပ်များနှင့် မကိုက်ညီ[197] ဟု ကော်မတီမှ ဆုံးဖြတ်ခဲ့ပြီး `တရားသူကြီးများကို ခိုင်လုံသည့် အကြောင်းပြချက်ဖြင့် ဥပဒေ၌ ပြဋ္ဌာန်းထားသော အမှီအခိုကင်းသည့် လုပ်ထုံးလုပ်နည်းအရသာ ရာထူးမှဖယ်ရှားရမည် ´[198] ဟုလည်း ဖော်ပြခဲ့သည်။

တရားသူကြီးများကို သမ္မတအမိန့်ဖြင့် ရာထူးမှထုတ်ပယ်ခဲ့ရာတွင် စွဲချက်တင်သော အခြေခံအကြောင်းများမှာ` ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ အဂတိလိုက်စားခြင်း သို့မဟုတ် အတွေ့အကြုံမပြည့်စုံခြင်း၊ တရားသူကြီးများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ မလိုက်နာခြင်း၊ တရားရုံး၏ ဂုဏ်သိက္ခာနှင့် တရားသူကြီးလုပ်ငန်းတာဝန်များ၏ ဂုဏ်သိက္ခာကို ကျဆင်းစေခြင်း ´တို့ ဖြစ်သည့်အပေါ် တရားသူကြီးများသည် တာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ ကတိကဝတ်များ ပြုထားသည့်အပေါ် အမြတ်ထုတ်မှု မရှိခဲ့ကြောင်း လူ့အခွင့်အရေးကော်မတီမှ ကောက်ချက်ချခဲ့သည်။ ဤကတိကဝတ်များအရ တရားသူကြီးများကို တရားလွှတ်တော်ချုပ်သို့ ဆင့်ခေါ်နိုင်သည်။ ထို့အပြင် ဥပဒေနှင့်အညီ အမှုမကြားနာမစစ်ဆေးမီ တရားလွှတ်တော်ချုပ်ဥက္ကဌ၏ အများပြည်သူသို့ ထုတ်ပြန်ပြောကြားမှုသည် တရားသူကြီးအား ရာထူးမှထုတ်ပယ်ရေးကို အားပေးထောက်ခံသကဲ့သို့ ဖြစ်သည့်အပြင် မျှတစွာကြားနာ စစ်ဆေးမှုကိုလည်း ဖျက်ဆီးရာကျသည် " ဟု ကော်မတီက ဖော်ပြထားသည်။ ထို့ကြောင့်အဆိုပါ ရာထူးမှထုတ်ပယ်မှုသည် `တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရန် ကာကွယ်ပေးထားသည့် နိုင်ငံတကာသဘောတူစာချုပ် ပုဒ်မ ၁၄ စာပိုဒ် ၁ အား ထိုးနှက်ခြင်းဖြစ်သည်´[199] ဟု ဆိုခဲ့သည်။

194 Concluding Observations of the Human Rights Committee on Belarus, uN document CCPR/C/79/Add.86, para. 13. See also Communication N° 814/1998, Mikhail Ivanovich Pastukhov v. Belarus (Views adopted on 5 August 2003), uN document CCPR/C/78/d/814/1998, para. 7.3.

195 Concluding Observations of the Human Rights Committee on Vietnam, UN document CCPR/CO/75/VNM, para. 10.

196 Concluding Observations of the Human Rights Committee on Georgia, uN document CCPR/CO/74/GEO, para. 12.

197 Concluding Observations of the Human Rights Committee on The Gambia, uN document CCPR/CO/75/GMB, para. 14.

198 Concluding Observations of the Human Rights Committee on the Republic of Moldova, uN document CCPR/CO/75/MdA, para. 12.

199 Communication N° 933/2000, Adrien Mundyo Busyo, Thomas Osthudi Wongodi, René Sibu Matubuka et. al. v. Democratic Republic of the Congo(Views adopted on 31 July 2003), UN document CCPR/C/78/d/933/2000, para. 5.2.

- အစိုးရဂန်ထမ်းများအား စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်းသည့် အခြေခံအားဖြင့် `အရေးယူမှုများမှလွဲ၍ အစိုးရဂန်ထမ်းများ၏ လုပ်ပိုင်ခွင့်များနှင့် လိုက်နာရန်ဆုံးဖြတ်ချက်များကို နိုင်ငံတကာဥပဒေတွင် ထည့်သွင်းဖော်ပြရန် မလိုအပ်ပါ။ ယင်းတို့ နိုင်ငံဥပဒေများတွင် မည်သို့ပင် သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ ရာဇဂတ်မကင်းသော သဘာဂရှိပါက ရာဇဂတ်ကြောင်းအရ စွဲချက်တင်ရမည်ဟု နိုင်ငံတကာသဘောတူစာချုပ် ပုဒ်မ ၁၄ စာပိုဒ် ၁၊ ဒုတိယအကြောင်းတွင် [....] စည်းကမ်းထိန်းသိမ်းရန် ရာထူးမှထုတ်ပယ်ရေး ဆုံးဖြတ်ချက်ကို တရားရုံး သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ ဆုံးဖြတ်ရန် မလိုပါ။ ကော်မတီမှ စဉ်းစားသည်မှာ လက်ရှိအမှုကဲ့သို့ တရားစီရင်ရေးအဖွဲ့အား စည်းကမ်းထိန်းသိမ်းရေး အစီအမံများ ဆောင်ရွက်ရန် ယုံကြည်အပ်နှံသည့် အချိန်တိုင်းတွင် တရားရုံးများ သို့မဟုတ် တရားစီရင်ရေးအဖွဲ့ များရှေ့မှောက်၌ လူပုဂ္ဂိုလ်အားလုံး၏ တန်းတူညီမျှမှုကို လေးစားလိုက်နာရမည်။ သမာသမတ်ကျမှု၊ တရားမျှတမှုနှင့် သာတူညီမျှအခွင့်အရေးပေးမှုဆိုင်ရာ ဥပဒေသများသည် ဤအာမခံချက်တွင် အကျုံးဝင်သည်။’[200]

ထို့အပြင် စည်းကမ်းထိန်းသိမ်းရန် ကြားနာစိစစ်မှုကာလနှင့်စပ်လျဉ်း၍ `တရားခွင်၌ သာတူညီမျှအခွင့်အရေးရှိကြောင်းကို ပုဒ်မ ၁၄၊ စာပိုဒ် ၁ အရ အာမခံထားပြီး တရားမျှတမှုနှင့် တန်းတူ အခွင့်အရေးရှိမှုကို မထိခိုက်စေရန် နိုင်ငံတော်တရားစီရင်ရေးအဖွဲ့၏ ကြားနာစစ်ဆေးမှုကို မြန်ဆန် ထိရောက်စွာ ဆောင်ရွက်ရမည်’[201] ဟူသော အချက်အပါအဂင် အခြားသော လိုအပ်ချက်များကို ကော်မတီက ဖော်ပြခဲ့သည်။

အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေး တရားရုံးမှလည်း တရားသူကြီးများအား ရာထူးမှထုတ်ပယ်ခြင်းဆိုင်ရာ ကိစ္စများကို ကိုးကားဖော်ပြခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအမှုတွင် တရားသူကြီးများသည် ရာထူးမှထုတ်ပယ်မှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် အမှုရင်ဆိုင်နေစဉ်ကာလအတွင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်များအားလုံး ခံစားခွင့်ရှိရမည်။ ဥပဒေပြုရေးအာဏာပိုင်၏ စွပ်စွဲ ပြစ်တင်မှုဖြင့် ရာထူးမှဖယ်ရှားခံရသော တရားသူကြီး(၃)ဦးက ထိုအမှုကို တင်ပြခြင်းဖြစ်သည်။ ထိုအမှုအား လေ့လာဆန်းစစ်ပြီးနောက် `ပြဋ္ဌာန်းထားသော လုပ်ငန်းစဉ်အတွင်း ကြားနာစစ်ဆေးရန် တာဂန်ရှိသူ အာဏာပိုင်သည် သမာသမတ်ကျကျ ပြုမူရမည်ဖြစ်ပြီး စွပ်စွဲခံအား ခုခံချေပခွင့်ပေးရမည်’ဟု ဆိုထားသည်။ တရားသူကြီးများ၏ မျှတစွာတရားရင်ဆိုင်ခွင့်ကို ချိုးဖောက်ခဲ့ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ `တရားသူကြီးများအား ရာထူးမှဖယ်ရှားရန် တင်ပြခဲ့သော စွပ်စွဲပြစ်တင်ချက်များသည် တရားသူကြီးများ၏ ဥပဒေကြောင်းအရ ရပိုင်ခွင့်များကို အာမခံပေးမှု ရှိ/မရှိ မသေချာသည့်အပြင် တရားသူကြီးများ သမာသမတ်ကျစေရေး လိုအပ်ချက်များနှင့်လည်း မကိုက်ညီခဲ့သောကြောင့်’[202] ဖြစ်သည်။ ထို့အပြင် တရားသူကြီးများအမှု၌ `ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး တရားသူကြီး (၃)ဦးအား စွပ်စွဲ ပြစ်တင်မှုပြုလုပ်ရန် လိုအပ်သော အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုများသည် ဥပဒေပြုရေး အာဏာပိုင်၌ မရှိခဲ့ကြောင်း’[203] တရားရုံးမှ ဆုံးဖြတ်ခဲ့သည်။

200 Communication 1015/2001, Paul Perterer v. Austria (Views adopted 20 July 2004), UN document CCPR/C/81/d/1015/2001, para. 9.4.

201 Communication 1015/2001, Paul Perterer v. Austria (Views adopted 20 July 2004), UN document CCPR/C/81/d/1015/2001, para. 10.7.

202 IACtHR Constitutional Court Case, doc. cit., paragraphs 74 and 84.

203 Ibid., para. 84.



*တရားသူကြီးများသည် ကိုယ်ကျင့်တရားစံနှုန်းများနှင့်အညီ ပြုမူရမည်ဖြစ်ပြီး ထိုသို့ပြုမူရန် ပျက်ကွက်ခဲ့မှုအပေါ် တာဂန်ယူရလိမ့်မည်။ နိုင်ငံတကာဥပဒေတွင် ရှင်းလင်းစွာဖော်ပြထားသည်မှာ တရားသူကြီးများကို အလွန်အမင်း မလျော်ကန်စွာ ပြုမူခြင်း သို့မဟုတ် တာဂန်ထမ်းဆောင်နိုင်စွမ်း မရှိခြင်းတို့ကြောင့်သာ ရာထူးမှထုတ်ပယ်နိုင်သည်။ စည်းကမ်းထိန်းသိမ်းရန် ကြားနာစိစစ်မှုကို အမှီအခိုကင်း၍ သမာသမတ်ကျသော အာဏာပိုင်မှသာ ဆောင်ရွက်ရန်နှင့် ကြားနာစစ်ဆေးမှု လုပ်ထုံးလုပ်နည်းပိုင်းကို အပြည့်အဂ လေးစားလိုက်နာရမည်။*

# ရှေ့နေများ၏ အခန်းကဏ္ဍ

## မိတ်ဆက်

ရှေ့နေများ (တရားသူကြီးများနှင့် အစိုးရရှေ့နေများအပါအဝင်) သည် အဓိကမဏ္ဍိုင်များဖြစ်ပြီး လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ယင်းတို့အပေါ် တည်မှီနေသည်။ ရှေ့နေများသည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြပြီး စွပ်စွဲခံရသူအား တရားခွင်၌ သင့်လျော်သော ခုခံလျှောက်လဲခွင့်ပေးခြင်းဖြင့် မျှတသော တရားစီရင်ခွင့်ကို အာမခံ ပေးကြသည်။

ရှေ့နေများသည် အာဏာရှင်ဆန်ဆန် ဖမ်းဆီးထိန်းသိမ်းခြင်းများအား အဓိကကျသော အခန်းကဏ္ဍမှ ရပ်တည်ကာကွယ်ပေးသည်။ ဥပမာ- ရှေ့တော်သွင်း စာချွန်လွှာထုတ်စေခြင်း။ ရှေ့နေများသည် လူ့အခွင့် အရေးချိုးဖောက်ခံရသော တရားခံများနှင့် ယင်းတို့၏ ဆွေမျိုးသားချင်းများမှ ရာဇဝတ်မှုကျူးလွန်သူများကို တရားစွဲဆိုရာတွင် အကြံပေးခြင်း၊ ကိုယ်စားပြုပေးခြင်းနှင့် တရားခံများ ပြစ်ဒဏ်ကျစေရန် ရည်ရွယ်၍ အမှုလိုက်ပေးခြင်းများလည်း ဆောင်ရွက်ကြသည်။ ထို့အပြင် အခြေခံလူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှု လျော့ရဲနေသော နိုင်ငံတော်ဥပဒေများအား တရားခွင်၌ အကောင်းဆုံးအနေအထားမှ ရပ်တည် စိန်ခေါ်ပေးကြသည်။[204]

အမှုသည်မှ ရှေ့နေခပေးရန် ငွေကြေးမတတ်နိုင်လျှင်တောင် နိုင်ငံတကာဥပဒေများတွင် အသိအမှတ်ပြုထားသည့် မျှတစွာ တရားရင်ဆိုင်ခွင့်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြသည့် ရှေ့နေများသည် ထိုအမှုသည်အတွက် အခမဲ့အမှုလိုက်ပေးခွင့်ရှိသည်။ ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုခံရသည့် မည်သူမဆိုအား အစိုးရရှေ့နေမှ အမှုလိုက်ပေးရမည်။ ထိုအစိုးရရှေ့နေသည် အမှုအား အမှီအခိုကင်းပြီး သမာသမတ်ကျလှသည်ဟူ၍ အမှုများတွင် လေးစားခံရသော တရားစီရင်ရေးအဖွဲ့၏ မျှတသော စီရင်ဆုံးဖြတ်မှု ခံရရေးအတွက် အာမခံပေးရမည်။ ရှေ့နေများသည် တရားရုံးများ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို

---

204 See, for example, the principles 4 and 12 of the United Nations Basic Principles on the Role of Lawyers, adopted by the Eighth united Nations Congress on the Prevention of Crime and the Treatment of Offenders, Havana, Cuba, 27 August to 7 September 1990; the UN Declaration on the Right and Responsibility of Individuals, Groups and Organs of Society to Promote and Protect Universally Recognized Human Rights and Fundamental Freedoms, articles 1, 9, 11; Declaration of Basic Principles of Justice for Victims of Crime and Abuse of Power, Principle 5; Declaration on the Protection of All Persons from Enforced Disappearance, article 13; Principles on the Effective Prevention and Investigation of Extra-legal, Arbitrary and Summary Executions, Principle 6; Principles on the Effective Investigation and Documentation of Torture and Other Cruel, Inhuman or Degrading Treatment or Punishment, Principles 3 and 4; Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment, Principles 11, 12, 15, 17, 18, 23, 25, 32 and 33; United Nations Rules for the Protection of Juveniles Deprived of their Liberty, Rules 18, 60 and 78; United Nations Standard Minimum Rules for the Administration of Juvenile Justice("The Beijing Rules"), Rules 7.1 and 15.1; Standard Minimum Rules for the Treatment of Prisoners, Rule 93; International Convention on the Protection of the Rights of All Migrant Workers and Members of Their Families, articles 17 and 18.

စိန်ခေါ်နိုင်သူများဖြစ်ပြီး စွပ်စွဲခံရသူများ၏ ခုခံချေပခွင့်ကို လေးစားလိုက်နာရလိမ့်မည်။[205]

## ရှေ့နေများ၏အမှီအခိုကင်းမှု

ဥပဒေကြောင်းအရ ကူညီထောက်ပံ့မှုများထိရောက်မှု ရှိစေရန် အမှီအခိုကင်းစွာ ဆောင်ရွက်ရမည်။ ကမ္ဘာ့ကုလသမဂ္ဂ အခြေခံဥပဒေသများ (ရှေ့နေများ၏ အခန်းကဏ္ဍ)အပိုင်း စကားချီးတွင် ဖော်ပြထားသည်မှာ 'လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ပြည့်ပြည့်ဝဝ ကာကွယ်စောင့်ရှောက်ရန် လူသားအားလုံး၌ တာဝန်ရှိသည်။ စီးပွားရေးဆိုင်ရာ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် အရပ်ဘက်နှင့် နိုင်ငံရေးနယ်ပယ်မှလူများအားလုံးသည် အမှီအခိုကင်းသော ဥပဒေပညာရှင်၏ ဥပဒေကြောင်းအရ ထိရောက်စွာ အကူအညီပေးမှုကို လက်ခံရယူရန် လိုအပ်သည်။' [206] ရှေ့နေများနှင့် ဥပဒေပညာရှင် အသိုက်အဝိုင်းတစ်ခုလုံး၏ အမှီအခိုကင်းမှုကို အာမခံချက်ပေးနိုင်မည့် အချို့သော စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ဖော်ပြထားသည်။

## ဥပဒေပညာရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုတွင် မရှိမဖြစ်သော အာမခံချက်များ

ဥပဒေပညာရှင်များယင်းတို့၏လုပ်ငန်းဆောင်တာများကိုအမှီအခိုကင်းစွာဆောင်ရွက်နိုင်စေရန် ယင်းတို့အလုပ်အား ဥပဒေနှင့်မလျော်ညီစွာ ဝင်ရောက်နှောက်ယှက်မှု မရှိစေရေး နိုင်ငံတော်က အကာအကွယ်ပေးရမည်။ ယင်းတို့၏ အမှုသည်များနှင့်ဆက်သွယ်ရာတွင် အနှောက်အယှက်ပေးခြင်းမှ အစပြု၍ ခြိမ်းခြောက်မှုများနှင့် ကိုယ်ထိလက်ရောက်ထိပါး တိုက်ခိုက်မှုများအထိ နှောက်ယှက်မှု အဆင့်ဆင့်ရှိသည်။

- ကမ္ဘာ့ကုလသမဂ္ဂ အခြေခံဥပဒေသများတွင် ဤကိစ္စအလို့ငှာ လုံခြုံစိတ်ချရေး အစီအမံများကို ဖော်ပြထားသည်မှာ 'ရှေ့နေများသည် (က) ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ခြိမ်းခြောက်မှု၊ ဟန့်တားမှု၊ နှိပ်စက်ညှဉ်းပမ်းမှု သို့မဟုတ် မလျော်ကန်သော ကြားဝင်နှောက်ယှက်မှုများ မခံရစေရေး အစိုးရမှ တာဝန်ယူပေးရမည်။ (ခ) နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံပြင်ပ၌ဖြစ်စေ ယင်းတို့၏ အမှုသည်များနှင့် လွတ်လပ်စွာ တိုင်ပင်ဆွေးနွေးနိုင်ရန် ခရီးထွက်ခွင့်ပြုရမည်နှင့် (ဂ) ယင်းတို့၏ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များ၊ စံနှုန်းများ၊ ကိုယ်ကျင့်တရားများနှင့်စပ်လျဉ်း၍ ဝေဒနာခံစားရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်း၊ စွဲချက်တင်ခံရခြင်း သို့မဟုတ် အုပ်ချုပ်ရေး၊ စီးပွားရေး သို့မဟုတ် အခြားသောအရေးယူမှုများကို ပြုလုပ်ခံရခြင်းများ မရှိစေရ။'[207]

205 See, for example, the UN Basic Principles on the Role of Lawyers, doc. cit., Principle 1; International Covenant on Civil and Political Rights, article 14, para. 3 (d); African Charter on Human and Peoples' Rights, article 7, para. 1 (c); European Convention on Human Rights, article 6; American Convention on Human Rights, article 8.

206 United Nations Basic Principles on the Role of Lawyers, doc. cit., Principle 16. Other relevant instruments on the role of lawyers are: the Council of Europe's Recommendation No. R (2000) 21 of the Committee of Ministers to Member States on the freedom of exercise of the profession of lawyerand the Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, Principle I.

207 207. Ibid., Principle 16.



- အခြေခံဥပဒေသများတွင် 'ရှေ့နေများသည် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်သည့်အတွက် လုံခြုံမှုခြိမ်းခြောက်ခံရလျှင် အာဏာပိုင်များမှ ပြည့်ပြည့်ဝဝ အကာအကွယ် ပေးရမည်။' [208] စောဒကတက်ရာတွင် သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုကို စုံစမ်းစစ်ဆေးရာတွင် ပါဝင်သော ရှေ့နေများကို မလျော်ကန်စွာ ပြုမူဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် လက်စားချေခြင်း မခံရစေရန် အစိုးရမှ အကာအကွယ်ပေးရမည်။'[209]

ရှေ့နေများအနေဖြင့် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အနှောက်အယှက် အတားအဆီးများကို လူ့အခွင့်အရေးကော်မတီက ကိုးကားဖော်ပြခဲ့သည်။

- အဇာဘိုင်ဂျန်နိုင်ငံ၏ဥပဒေသစ်အား လေ့လာသောအခါ ကော်မတီက ကောက်ချက်ချခဲ့သည်မှာ 'ဤဥပဒေသည် ရှေ့နေများ၏ လုပ်ငန်းဆောင်တာများ လွတ်လပ်မှုနှင့် အမှီအခိုကင်းမှုကို ထိခိုက်စေသည်'ဟု ဖြစ်သည်။ 'အဖျော်ယမကာအရောင်းဆိုင်သို့ ဝင်ထွက်ခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် အဖျော်ယမကာအရောင်းဆိုင် အသင်းဝင်အဖြစ် ဆောင်ရွက်ခြင်းများသည် ရှေ့နေများ၏ အမှီအခိုကင်းမှုကို မထိခိုက်စေရေး အစိုးရမှ တာဝန်ယူရန်'[210] လည်း အကြံပေးခဲ့သည်။
- လစ်ဗျားနိုင်ငံအမှုတွင် 'တရားရုံးရှေ့နေများသည် အစိုးရဝန်ထမ်းများ မဟုတ်လျှင်လည်း ယင်းတို့၏ ကျွမ်းကျင်မှုကို လွတ်လပ်စွာအသုံးချနိုင်ရေးနှင့် ဥပဒေဆိုင်ရာ အကူအညီ အထောက်အပံ့များ ပေးနိုင်စေရေး' တို့အတွက် ကော်မတီမှ မှတ်ချက်ပြုခဲ့ပြီး 'နိုင်ငံတကာစာချုပ်ပါ အချက် ၁၄ နှင့် အခြေခံဥပဒေသများတွင် ပါဝင်သည့် ရှေ့နေများ၏အခန်းကဏ္ဍတို့နှင့်ပါ အပြည့်အဝ ညီညွတ်စေရေး တာဝန်ခံရန်' [211] အကြံပြုခဲ့သည်။

208 Ibid., Principle 17.

209 See, for example, Declaration on the Protection of All Persons from Enforced Disappearance, article 13; Principles on the Effective Prevention and Investigation of Extra-legal, Arbitrary and Summary Executions, Principle 15; Principles on the Effective Investigation and Documentation of Torture and Other Cruel Inhuman or Degrading Treatment or Punishment, Principle 3

210 Concluding Observations of the Human Rights Committee on Azerbaijan, uN document CCPR/CO/73/AZE, para. 14.

211 Concluding observations of the Human Rights Committee on the Libyan Arab Jamahiriya, CCPR/C/79/Add.101, para. 14.

အပြည်ပြည်ဆိုင်ရာဥပဒေသည် ရှေ့နေများအနေဖြင့် ယင်းတို့လိုက်ပါဆောင်ရွက်နေသော အမှုနှင့်ဆက်စပ်သည့် အချက်အလက်များအားလုံး ရယူနိုင်ရေး လိုအပ်ပုံကို အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်သည် 'ရှေ့နေများအနေဖြင့် ယင်းတို့၏ အမှုသည်များအား ဥပဒေဆိုင်ရာ အကူအညီ အထောက်အပံ့များပေးနိုင်ရန် သင့်လျော်သော သတင်းအချက်အလက်များ၊ ဖိုင်များနှင့် စာရွက်စာတမ်းများကို ရယူနိုင်ရေး သို့မဟုတ် အချိန်လုံလောက်စွာ လက်ဝယ်ထားနိုင်ရေးတို့အတွက် တာဝန်ခံရမည်"[212]

အခြားအရေးကြီးသည့် ဖော်ပြချက်မှာ ရှေ့နေများနှင့် ယင်းတို့၏အမှုသည်များအကြား ဆက်ဆံရေးသည် အတွင်းရေး နှင့် ဆက်စပ်သည်။ ရှေ့နေများအနေဖြင့် ယင်းတို့၏အမှုသည်များအား ထိရောက်စွာ ကိုယ်စားပြုနိုင်ရေးအတွက် ရှေ့နေ-အမှုသည် ဆက်ဆံရေး၏ အုတ်မြစ် ဖြစ်သည့် ဤလျှို့ဝှက်ချက်ကို အတွေ့အကြုံရှိသည့် အာဏာပိုင်များက လေးစားလိုက်နာရမည်။ သို့ဖြစ်၍ ကုလသမဂ္ဂအခြေခံ ဥပဒေသများတွင် ဖော်ပြထားသည်မှာ 'အစိုးရများသည် ရှေ့နေများနှင့် အမှုသည်များအကြား အမှုနှင့် ဆက်စပ်သည့် ဆက်ဆံရေးနှင့် တိုင်ပင်ဆွေးနွေးမှုများအားလုံးကို အတွင်းရေးအဖြစ် အသိအမှတ်ပြု လေးစားလိုက် နာမှုရှိရမည်"[213] ဟု ဖြစ်သည်။

ရှေ့နေများအတွက် အခြားဖြစ်နိုင်သော အဟန့်အတားတစ်ခုမှာ တရားရုံးများနှင့် အခြားအစိုးရ အာဏာပိုင်များ၏ အသိအမှတ်ပြုမခံရခြင်းပင်ဖြစ်သည်။ ရှေ့နေလိုင်စင် ရုပ်သိမ်းခံထားရခြင်း သို့မဟုတ် ရှေ့နေအရည်အချင်း မပြည့်မီခြင်းတို့မှလွဲ၍ အစိုးရအာဏာပိုင်များသည် ရှေ့နေများ၏ အရည်အချင်းကို အသိအမှတ်ပြုရမည်။ကုလသမဂ္ဂအခြေခံဥပဒေသများတွင် ဤအသိအမှတ်ပြုမှုအတွက် ဖော်ပြထားသည်မှာ 'နိုင်ငံတော်၏ တည်ဆဲဥပဒေများအရနှင့် ထိုဥပဒေများကို လိုက်နာကျင့်သုံးခြင်းနှင့် ဤဥပဒေသများနှင့် ကိုက်ညီမှုရှိသည့် ရှေ့နေတစ်ဦး၏ အမှုလိုက်ပါဆောင်ရွက်ခွင့်ကို မည်သည့်တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင်မှ အသိအမှတ်မပြုခြင်း၊ ငြင်းပယ်ခြင်းမပြုရ အကယ်၍ ရှေ့နေသည် အရည်အချင်း မပြည့်မီသူ မဟုတ်ခဲ့လျှင်'[214] ဟု ဖြစ်ပါသည်။

ကုလသမဂ္ဂအခြေခံ ဥပဒေသများ၊ ဥပဒေသ ၁၈ တွင် 'ရှေ့နေများကို ယင်းတို့၏လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ယင်း၏အမှုသည်များနှင့် အတူစွဲမှတ်ခြင်း သို့မဟုတ် အမှုသည်များ၏ အမှုကိစ္စနှင့်အတူစွဲမှတ်ခြင်း မပြုရ'ဟု ဖော်ပြထားပါသည်။ ဤစည်းမျဉ်းသည် အမှုသည်များ၏ အမှုကိစ္စများနှင့် ရှေ့နေများကို အတူစွဲမှတ်ရန် ကြိုးစားသည့် အချို့သောနိုင်ငံများကြောင့် အရေးကြီး စည်းမျဉ်းဖြစ်လာသည်။

212 UN Basic Principles, Principle 21. This Principle also stipulates that "Such access should be provided at the earliest appropriate time". See also, the UN Declaration on the Right and Responsibility of Individuals, Groups and Organs of Society to Promote and Protect Universally Recognized Human Rights and Fundamental Freedoms, articles 1, 9, 11; Declaration on the Protection of All Persons from Enforced Disappearance, article 13 (4); Principles on the Effective Prevention and Investigation of Extra-legal, Arbitrary and Summary Executions, Principle 6; Principles on the Effective Investigation and Documentation of Torture and Other Cruel, Inhuman or Degrading Treatment or Punishment, Principle 4; Body of Principles for the Protection of All Persons under Any Form of Detention or Imprisonment, Principles 11, 12, 15 and 17; and Standard Minimum Rules for the Treatment of Prisoners, Rule 93.

213 UN Basic Principles on the Role of Lawyers, doc. cit., Principle 22. See also Principles for the Protection of All Persons under Any Form of Detention or Imprisonment, principles 18 and Standard Minimum Rules for the Treatment of Prisoners, Rule 93.

214 UN Basic Principles on the Role of Lawyers, doc. cit., Principle 19.



- ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာတစ်ခုတွင် တရားသူကြီးများနှင့် ရှေ့နေများ၏ အမှီအခိုကင်းမှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ 'အစိုးရများမှ ရှေ့နေများကို ယင်းတို့၏အမှုသည်များနှင့်အတူတွဲ၍ စွဲမှတ်သည့်ကိစ္စအပေါ် စောဒကတက်မှုများ များပြားလာသည်။ နိုင်ငံရေးအရ အတိမ်းအစောင်းမခံသော အမှုများတွင် စွပ်စွဲခံရသူအား အမှုလိုက်ပေးသော ရှေ့နေများသည် ဤစွပ်စွဲချက်များနှင့် မကြာခဏကြုံတွေ့ရသည်။'[215] အထူးကိုယ်စားလှယ်မှ ကောက်ချက်ချရာတွင် 'ရှေ့နေများအား ယင်းတို့အမှုသည်များ၏ အမှုနှင့်အတူ စွဲမှတ်ခြင်းအား သက်သေမပြနိုင်စေကာမူ ထိုကိစ္စသည် သက်ဆိုင်ရာရှေ့နေအား ခြိမ်းခြောက်ခြင်းနှင့် နှိပ်စက်ညှဉ်းပမ်းခြင်းဟု မှတ်ယူရမည်။'[216] အပြည်ပြည်ဆိုင်ရာဥပဒေအရ အထူးကိုယ်စားလှယ်မှ ဆိုထားသည်မှာ 'ရှေ့နေများအား ယင်းတို့ အမှုသည်များ၏ အမှုနှင့်အတူ စွဲမှတ်ခြင်းအား သက်သေပြနိုင်ပါက ထိုစောဒကတက်မှုများအား စည်းကမ်းကြီးကြပ်သူ သင့်လျော်ရာ တရားစီရင်ရေးအာဏာပိုင်သို့ ထပ်ဆင့်လွှဲအပ်၍ အစိုးရမှ ဆောင်ရွက်စေရမည်။'[217]

## ပညာရှင်၏တာဝန်ဝတ္တရားများ

အပြည်ပြည်ဆိုင်ရာ ဥပဒေများက ကာကွယ်မှုပေးနိုင်သည့် အတိုင်းအတာထက် ကျော်လွန်သွားလျှင်တောင် ရှေ့နေများ၌ အမှုသည်များနှင့်စပ်လျဉ်းသည့် အခြေခံတာဝန်များရှိကြသည်။ ကုလသမ္မဂ္ဂ အခြေခံဥပဒေများအနက် ဥပဒေသ အမှတ် ၁၃ တွင် ဥပဒေဆိုင်ရာ အကူအညီ အထောက်အပံ့များကို အကောင်းဆုံးပေးသွားရန်မှာ ရှေ့နေများ၏ အခြေခံတာဝန်ပင်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုဥပဒေသအရ ရှေ့နေများ၏တာဝန်တွင်

> *"(က)ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်၊ တာဝန်များနှင့်အညီ အမှုသည်များကို အကြံဉာဏ်များပေးခြင်း၊ အမှုသည်များ၏ ဥပဒေကြောင်းအရ ရပိုင်ခွင့်များ၊ တာဝန်များနှင့်လည်း ဆက်စပ်နေသောကြောင့် တရားစီရင်ရေးစနစ် ကောင်းစွာလည်ပတ်ရန် အကြံဉာဏ်များပေးခြင်း။ (ခ) အမှုသည်များကို အကောင်းဆုံး အကူအညီပေးခြင်းနှင့် အမှုသည်များ၏ ရပိုင်ခွင့်များကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း။ (ဂ) တရားရုံးများ၊ တရားစီရင်ရေးအဖွဲ့များ သို့မဟုတ် သင့်လျော်ရာ အုပ်ချုပ်ရေးအာဏာပိုင်များ ရှေ့မှောက်တွင် အမှုသည်များကို အကူအညီပေးခြင်း။"တို့ ပါဝင်သည်။*

ထို့အပြင် "အမှုသည်များ၏ ရပိုင်ခွင့်များအပေါ် အမြဲလေးစားသစ္စာရှိရမည်။" [218]

215 Report of the Special Rapporteur on the independence of judges and lawyers, UN document E/CN.4/1998/39, para. 179.

216 Ibid.,

217 Ibid., para. 181.

218 UN Basic Principles on the Role of Lawyers, doc. cit., Principle 15.

ထိုတာဝန်များအပြင် ရှေ့နေများသည် မိမိတို့လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် 'ကတိတည်ကြည်မှုနှင့် ပညာရှင်ပီသမှု၊ [....]ကို အမြဲထိန်းသိမ်းထားရမည်။' [219] ရှေ့နေများသည် တရားရေးစီမံခန့်ခွဲမှုများတွင် အဓိကကျသောအခန်းမှ ပါဝင်သောကြောင့် 'လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ [....]များတွင် အသိအမှတ်ပြုထားသော အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်နှင့်[....]ရန်' [220] တာဝန်ရှိသည်။ ဤအခွင့်အရေးများကို ရရှိခံစားရာတွင် 'တည်ဆဲဥပဒေများ၊ အသိအမှတ်ပြုထားသော ရှေ့နေဆိုင်ရာ ကိုယ်ကျင့်တရားများ၊ စံနှုန်းများနှင့်အညီ အမြဲလွတ်လပ်စွာ ပြုမူဆောင်ရွက်ရမည်။'[221]

## လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်

တရားသူကြီးများနှင့်စပ်လျဉ်းသော ဥပဒေများတွင် ဖော်ပြထားသကဲ့သို့ပင် လွတ်လပ်စွာ ဖော်ထုတ်ခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်များသည် ရှေ့နေဆိုင်ရာ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။ ထိုလွတ်လပ်ခွင့်များကို လူတိုင်းခံစားရသော်လည်း တရားရေးစီမံခန့်ခွဲမှုတွင်ကိုယ်တိုင်ကိုယ်ကျ ပါဝင်သူများအတွက် အထူးအရေးကြီးသည်။ ကုလသမဂ္ဂအခြေခံဥပဒေသများအနက် ဥပဒေသ ၂၃ တွင် ထိုလွတ်လပ်ခွင့်ကို ရှင်းလင်းစွာ ဖော်ပြထားရာ 'အခြားသော နိုင်ငံသားများကဲ့သို့ပင် ရှေ့နေများသည်လည်း လွတ်လပ်စွာဖော်ထုတ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်များရှိရမည်။ အထူးသဖြင့် တရားရေး စီမံခန့်ခွဲမှုကိစ္စရပ်များ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်မှုနှင့် မြှင့်တင်ရေးကိစ္စရပ်များ၊ ဥပဒေနှင့်ဆိုင်သော ကိစ္စရပ်များအား ပြည်သူလူထုအကြား ချပြဆွေးနွေးရာတွင် ပါဝင်ခွင့်ရှိသည်။ နိုင်ငံတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့် သို့မဟုတ် အဖွဲ့အစည်းများ တည်ထောင်ခွင့်နှင့် ထိုအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပြီး၊ ထိုဥပဒေနှင့်အညီ ဆောင်ရွက်မှုများကြောင့် သို့မဟုတ် ဥပဒေနှင့်အညီဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သောကြောင့် ရှေ့နေလုပ်ငန်း လုပ်ကိုင်ခြင်းအား တားဆီးပိတ်ပင်ခြင်းမခံရစေရ။ ဤအခွင့်အရေးများကို ရရှိခံစားရာတွင် တည်ဆဲဥပဒေများ၊ အသိအမှတ်ပြုထားသော ရှေ့နေဆိုင်ရာ ကိုယ်ကျင့်တရားများ၊ စံနှုန်းများနှင့်အညီ ပြုမူဆောင်ရွက်ရမည်။'

လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလမ်းညွှန်ချက် ၉ တွင် ပါဝင်သော အချက်များသည် တရားသူကြီးများ အသုံးပြုနိုင်သည့် ကုလသမဂ္ဂစံညွှန်းများနှင့် ထပ်တူကြပြီး ' အစိုးရရှေ့နေများသည် ယင်းတို့၏ဆန္ဒသဘောထားကို ကိုယ်စားပြုစေရန်၊ ယင်းတို့၏ အသိပညာ ဗဟုသုတများ ဆက်လက်တိုးပွားစေရေးသင်တန်းများပေးရန်နှင့် ပညာရှင်ပီသမှုကို ကာကွယ်စောင့်ထိန်းရန် ရှေ့နေအသင်းအဖွဲ့များ သို့မဟုတ် အခြားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်ရှိသည်။'

219 UN Basic Principles on the Role of Lawyers, doc. cit., Principle 12.

220 Ibid., Principle 14.

221 Ibid.



ရှေ့နေပညာရှင်များအသင်း သို့မဟုတ် ရှေ့နေအစည်းအရုံးများနှင့်စပ်လျဉ်း၍ ကုလသမ္မဂ္ဂအခြေခံဥပဒေများတွင် ဖော်ပြထားသည်မှာ "ရှေ့နေများသည် ယင်းတို့၏ ဆန္ဒသဘောထားကို ကိုယ်စားပြုစေရန်၊ ယင်းတို့၏ အသိပညာ ဗဟုသုတများ ဆက်လက်တိုးပွားစေရေး သင်တန်းများပေးရန်နှင့် ပညာရှင်ပီသမှုကို ကာကွယ်စောင့်ထိန်းရန် ယင်းတို့ကိုယ်တိုင် စီမံခန့်ခွဲသော ပညာရှင်အသင်းများကို ဖွဲ့စည်းတည်ထောင်ခွင့်ရှိကြသည်။ ရှေ့နေပညာရှင်များအသင်း၏ အုပ်ချုပ်ရေးအာဏာပိုင်ကို အသင်းဝင်များက ရွေးကောက်တင်မြှောက်ရပြီး ပြင်ပလွှမ်းမိုးမှုမပါစေပဲ အသင်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရမည်။"[222] ထို့အပြင် 'ရှေ့နေပညာရှင်အသင်းများသည် ထိရောက်သော ဥပဒေရေးရာ ဝန်ဆောင်မှုများကို လူတိုင်း သာတူညီမျှရနိုင်ရေးအတွက် တာဝန်ယူပေးရန်နှင့် မလျော်ကန်သော ကြားဝင်နှောက်ယှက်မှုမရှိလျှင် တည်ဆဲဥပဒေများ အသိအမှတ်ပြုထားသော ရှေ့နေဆိုင်ရာ ကိုယ်ကျင့်တရားများ၊ စံနှုန်းများနှင့်အညီ အမှုသည်များအား တိုင်ပင်ဆွေးနွေး၍ အကူအညီ အထောက်အပံ့များပေးနိုင်စေရန် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ " [223] ဤဖော်ပြချက်များက နိုင်ငံတော်သည် ရှေ့နေအသင်းများ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခြင်းကို ကြားဝင်နှောက်ယှက်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိကြောင်း ရှင်းလင်းစွာပြဋ္ဌာန်းသတ်မှတ်ထားသည်။

ဥရောပကောင်ဆယ်ဝန်ကြီးအဆင့် ကော်မတီမှ 'လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းကာကွယ်ရန် အရေးကြီးသဖြင့် စနစ်တကျ ဖွဲ့စည်းထားသော ဥပဒေပညာရှင်အသင်းများ ရှိရမည်ဖြစ်ပြီး ထိုအသင်းများသည် ယင်းတို့အရေးကိစ္စကို ကိုယ်တိုင်ကိုယ်ကျ လွတ်လပ်စွာ စီမံခန့်ခွဲကြရမည်။'[224]

ထို့ကြောင့်ရှေ့နေများအသင်းကို ရှေ့နေများ၏ အရေးကိစ္စများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရှေ့နေပညာရပ် ပိုမိုအားကောင်းလာစေရေး ကာကွယ်စောင့်ရှောက်ရန်ဟူသည့် ရည်ရွယ်ချက် (၂)ရပ်ဖြင့် ဖွဲ့စည်းရမည်။

- အထူးကိုယ်စားလှယ်မှ ထောက်ပြထားသည်မှာ 'ထိုအသင်းများသည် ပါတီစွဲနိုင်ငံရေးနှင့် မမွှေလျော်ရ။ ထိုသို့မွှေလျော်ခြင်းသည် ရှေ့နေပညာ၏ အမှီအခိုကင်းမှုကို လျော့ရဲစေလိမ့်မည်။' ဟုဖြစ်သည်။ အထူးကိုယ်စားလှယ်မှ 'နိုင်ငံရေးမျှော်မှန်းချက်များရှိသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခြင်း' တို့ကို ခွဲခြားပြခဲ့သည်။[225]

အသင်းအဖွဲ့များ စုစည်းမသွားစေရန် တားမြစ်မည့်အစား ရှေ့နေများ၏ လွတ်လပ်စွာ အဖွဲ့အစည်းတည်ထောင်ခွင့်ကို ချိုးဖောက်နေသောနည်းလမ်းမှာ နိုင်ငံတော်မှ ကြီးကြပ်ကွပ်ကဲနေသော အသင်းအဖွဲ့တစ်ခုနှင့် ရှေ့နေများအသင်းတို့ ဆက်သွယ်ပေါင်းစည်းမှု မလုပ်မနေရ စည်းကမ်းချက်ကို ထုတ်ပြန်ခြင်း သို့မဟုတ် အလားတူကိစ္စရပ်ကို ဆောင်ရွက်ခြင်းဖြင့် ရှေ့နေများအသင်း၏ယန္တရားလည်ပတ်ရာတွင် အုပ်ချုပ်သူအာဏာပိုင်များ၏ စီမံခန့်ခွဲမှုကို ပုံစံတစ်မျိုးဖြင့် လိုအပ်လာပေမည်။

222 Ibid., Principle 24.

223 Ibid., Principle 25.

224 Explanatory Memorandum on Recommendation No. R (2000) 21 of the Committee of Ministers to Member States on the freedom of exercise of the profession of lawyer, para. 10.

225 Report of the Special Rapporteur on the independence of judges and lawyers, uN document E/CN.4/1995/39, para. 72.

- ထိုအပြုအမူများကို ဘီလာရုစ်နိုင်ငံ၏ အခြေအနေများအဖြစ် လူ့အခွင့်အရေးကော်မတီမှ ရည်ညွှန်းထားသည်။ ၁၉၉၇ ခုနှစ်၊ မေလ ၃ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေငြာသော 'နိုင်ငံတော် သမ္မတ၏ ပတ်ဘလစ်များနှင့် ရှေ့နေများ၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် သမ္မတအမိန့်တွင် တရားရေးဝန်ကြီးဌာနကို ရှေ့နေလိုင်စင်များထုတ်ပေးခွင့်နှင့် ရှေ့နေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခွင့်အာဏာများ ပေးအပ်ထားပြီး ရှေ့နေလုပ်ငန်းဆောင်ရွက်ရန်အတွက် အဆိုပါဝန်ကြီး ဌာနမှ ကြီးကြပ်ကွပ်ကဲသော ဗဟိုအုပ်ချုပ်မှု ကော်မတီ၏ အဖွဲ့ဝင်များဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမှာ ရှေ့နေများ၏ အမှီအခိုကင်းမှုကို ထိခိုက်စေသည်။' 'တရားစီရင်ရေးကဏ္ဍနှင့် ရှေ့နေပညာရှင်များ အမှီအခိုကင်းရေးသည် ကောင်းမွန်သော တရားရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးကို ကာကွယ်ထိန်းသိမ်းရန်အတွက် မရှိမဖြစ်ပင် ဖြစ်သည်' ဟုလည်း အလေးအနက်ဆိုထားသည်။ ဘီလာရုဒ်အစိုးရအား 'တရားသူကြီးများနှင့် ရှေ့နေများ နိုင်ငံရေး အမှီအခိုကင်းစေရန်နှင့် အခြားသောပြင်ပ ဖိအားများမှသက်သာစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအား ပြန်လည်သုံးသပ်ခြင်းအပါအဝင် သင့်လျော်သော ပြင်ဆင်မှုများ ဆောင်ရွက်ရန်' ကော်မတီမှ တွန်းအားပေးခဲ့သည်။ ဤသို့လျှင် ကမ္ဘာ့ကုလသမ္မဂ္ဂ အခြေခံဥပဒေများတွင် ပါဝင်သည့် ရှေ့နေများ၏ အခန်းကဏ္ဍအပေါ် အာရုံစိုက်မှုရရှိခဲ့သည်။[226]

## တာဝန်ခံမှုရှိခြင်း

လူမှုရေးရာတာဝန်များယူထားရသော အခြားသောပုဂ္ဂိုလ်များနည်းတူ ရှေ့နေများသည် ရှေ့နေကျင့်ဝတ်များနှင့်အညီ ပြုမူနေထိုင်ရမည်။ ဤဥပဒေများတွင် ရှေ့နေများပြုမူဆောင်ရွက်ရမည့် ရှေ့နေကျင့်ဝတ်များအပြင် မလျော်ကန်သော အပြုအမူများအတွက် ရှေ့နေများမှတာဝန်ယူရန် ရှင်းလင်းစွာ ဖော်ပြထားသည်။ ကမ္ဘာ့ကုလသမ္မဂ္ဂအခြေခံဥပဒေများအနက် ဥပဒေသ ၂၉ တွင် ဖော်ပြထားသည့် 'စည်းကမ်းထိန်းသိမ်းရန် ကြားနာစစ်ဆေးမှုမှန်သမျှသည် ရှေ့နေများကျင့်ကြံရမည့် ဥပဒေများ၊ အခြား အသိအမှတ်ပြုထားသော စံညွှန်းများ၊ ရှေ့နေကျင့်ဝတ်များ၊ ဤဥပဒေသများနှင့်အညီ ဖြစ်ရမည်။' ဤဥပဒေသများကို ဥပဒေအရ အခွင့်အာဏာပေးအပ်ထားလျှင် ရှေ့နေများအသင်းက ပြုစုရေးဆွဲခြင်းက ပိုမိုသင့်လျော်စေပြီး၊ သို့မဟုတ်ပါက ထိုအသင်းများ၏ သဘောထားမှတ်ချက်များ ပါဝင်စေရမည်။ ကမ္ဘာ့ ကုလသမ္မဂ္ဂအခြေခံဥပဒေသများတွင် ဤသဘောကိုဖော်ပြထားသည်မှာ 'ရှေ့နေများကျင့်ကြံ ဆောင်ရွက်ရမည့် ဥပဒေများကို ရှေ့နေများကသာ သင့်လျော်ရာ ရှေ့နေပညာရှင်များဖြင့် သို့မဟုတ် ဥပဒေပြုရေး အာဏာပိုင်များဖြင့် တည်ဆဲဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ အသိအမှတ်ပြုထားသော နိုင်ငံတကာ စံညွှန်းများ၊ ရှေ့နေ ကျင့်ဝတ်များနှင့်အညီ ပြုစုရေးဆွဲကြရမည်' [227] ဟုဖြစ်သည်။

226 Concluding Observations of the Human Rights Committee on Belarus, CCPR/C/79/Add.86, para. 14.

227 See article 85 of the Draft Universal Declaration on the Independence of Justice (Singhvi Declaration), which states that “No lawyer shall suffer or be threatened with penal, civil, adminis trative, economic or other sanc-tions by reason of his having advised or assisted any client or for having represented any client’s cause”. On immunity for statements, see Principle 20 of the UN Basic Principles on the Role of Lawyers, which states that “Lawyers shall enjoy civil and penal immunity for relevant statements made in good faith in written or oral pleadings or in their professional appearances before a court, tribunal or other legal or administrative authority”.



ဤဥပဒေများသည် ရှေ့နေဆိုင်ရာ တာဝန်ဝတ္တရားများဖြစ်သည့် သီးသန့်အမှုသည်အား ကိုယ်စားပြုခြင်း သို့မဟုတ် တရားရုံးတွင် အမှုများ တင်သွင်းဖတ်ကြားခြင်းများ ပြုလုပ်ရာတွင် ကြုံတွေ့ရမည့် စည်းကမ်းထိန်းသိမ်းရေးအစီအမံများကို ကြိုတင် မမှန်းဆနိုင်ပါ။[228]

ကမ္ဘာ့ကုလသမဂ္ဂအခြေခံဥပဒေများတွင် ရှေ့နေများအား စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ကြားနာစိစစ်ရာတွင် လိုက်နာရမည့် အခြေခံလိုအပ်ချက်များလည်း ပါဝင်ပါသည်။ ကြားနာစစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုရှိမှသာလျှင် ရှေ့နေများအား အရေးယူနိုင်သည်ဟု ဆိုထားသည်။ ပထမဦးစွာ ရှေ့နေ၏လုပ်ငန်းဆောင်ရွက်မှုအပေါ် စောဒကတက်မှုများအား 'မြန်ဆန်ထိရောက်စွာ သင့်တင့်မျှတသော လုပ်ထုံးလုပ်နည်းဖြင့် ကြားနာစစ်ဆေးရမည်။' [229] ထို့အပြင် ရှေ့နေများသည် 'မျှတစွာ ကြားနာစစ်ဆေးခံခွင့်ရှိသည်။ အထူးသဖြင့် ယင်းတို့ရွေးချယ်ထားသော ရှေ့နေ၏ အကူအညီကို ရယူပိုင်ခွင့်ရှိသည်။'[230] ကြားနာစစ်ဆေးမည့် အာဏာပိုင်အဖွဲ့၏ လက္ခဏာရပ်များ၊ တလက်စတည်း အယူခံဝင်ခြင်းများနှင့်စပ်လျဉ်း၍ ဖော်ပြထားသည်မှာ 'စွပ်စွဲခံရှေ့နေများကို ရှေ့နေ ပညာရှင်များဖြင့် ဖွဲ့စည်းထားသော သမာသမတ်ကျသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ထံမှောက်သို့ သို့မဟုတ် အမှီအခိုကင်းသော ဥပဒေအာဏာပိုင်ထံမှောက်သို့ သို့မဟုတ် တရားရုံးသို့ ဆင့်ခေါ်၍ အမှီအခိုကင်းသော တရားစီရင်ရေးအဖွဲ့၏ သုံးသပ်ချက်များအရသာ စီရင်ဆုံးဖြတ်ရမည်။' [231]

*လူ့အခွင့်အရေးနှင့်တရားဥပဒေစိုးမိုးမှုကို ကာကွယ်စောင့်ရှောက်ရာတွင် ဥပဒေပညာရှင်များသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြသည်။ ရှေ့နေများသည် ကြောက်ရွံ့ခြင်းကင်းပြီး အမှီအခိုကင်းစွာ အလုပ်လုပ်ရမည်။ ယင်းတို့၏အမှုသည်များနှင့် လွတ်လပ်စွာဆက်သွယ် ဆောင်ရွက်ရမည်။ ရှေ့နေများကို ယင်းတို့အမှုသည်၏အမှုများနှင့်အတူ စွဲမှတ်ခြင်းမျိုး မပြုလုပ်ရ။ ရှေ့နေများတွင် လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်နှင့် မည်သည့်ကြားဝင်နှောက်ယှက်မှုမှ မပါဘဲ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် များရှိသည်။ ရှေ့နေများသည် ယင်းတို့၏ ရှေ့နေလုပ်ငန်းဆောင်တာများကို ရှေ့နေကျင့်ဝတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည်။ ရှေ့နေများသည် ကျင့်ကြံ ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မိလျှင် တာဝန်ယူရမည်။*

228 UN Basic Principles, doc. cit., Principle 26.

229 Ibid., Principle 27.

230 Ibid.

231 Ibid., Principle 28.

# အစိုးရရှေ့နေများ၏ အခန်းကဏ္ဍ

## မိတ်ဆက်

အစိုးရရှေ့နေများသည် တရားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ လူ့အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးမှုအပေါ် လေးစားမှုက အင်အားတောင့်တင်းသော အစိုးရရှေ့နေအာဏာပိုင်အဖွဲ့ဖြစ်ပေါ် လာရန် သွယ်ဝိုက်အားပေးရာရောက်သည်။ ထိုအာဏာပိုင်အဖွဲ့သည် ရာဇဝတ်မှုကျူးလွန်သူများကို စုံစမ်းစစ်ဆေးခြင်းနှင့် စွဲချက်တင်စီရင်ခြင်းတို့ကို အမှီအခိုကင်းစွာ သမာသမတ်ကျကျ ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲရသည်။ အစိုးရရှေ့နေအဖွဲ့အစည်းအတွင်းရှိ အစိုးရရှေ့နေတစ်ဦးချင်းစီသည် ယင်း၏လုပ်ငန်းတာဝန်များကို အမှီအခိုကင်း၍ သမာသမတ်ကျစွာဖြင့် စနစ်တကျ ကျေပွန်စွာဆောင်ရွက်နိုင်ရန် အခွင့်အာဏာများ ခွဲဝေရရှိထားရမည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရှေ့နေများဆိုင်ရာ အခန်းကဏ္ဍနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များတွင် 'ရာဇဝတ်မှုများ ကြားနာစစ်ဆေးရာတွင် အစိုးရရှေ့နေများ၏ ထိရောက်မှု၊ သမာသမတ်ကျမှုနှင့် မျှတမှုများကို ထိန်းသိမ်းခြင်း၊ တိုးမြှင့်ခြင်းတို့ဖြင့်' [232] နိုင်ငံတော်အား အကူအညီပေးရန်ဟု ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ဥပဒေသများသည် စွဲချက်တင်ကြားနာစစ်ဆေးရသည့် အာဏာပိုင်များ၏ လုပ်ငန်းသဘာဝ မည်သို့ပင်ဖြစ်စေကာမူ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများအားလုံး အတွက် အသုံးဝင်သည်။ ထို့ကြောင့် ဤလမ်းညွှန်ချက်များသည် ရာထူးခန့်ထားရေး လုပ်ထုံးလုပ်နည်းများ နှင့် နိုင်ငံတော်အတွင်းရှိ အစိုးရရှေ့နေများ လုပ်ငန်းသဘာဝနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ပြောင်းလဲမှုရှိမည် မဟုတ်ပါ။

## သမာသမတ်ကျမှုနှင့် မှန်ကန်စွာတရားစီရင်မှု

အစိုးရရှေ့နေများ ယင်းတို့လုပ်ငန်းတာဝန်များကို သမာသမတ်ကျစွာနှင့် မှန်ကန်စွာဆောင်ရွက် နိုင်ရေးအတွက် နိုင်ငံတော်၌ တာဝန်ရှိသည်။ တရားသူကြီးများ၊ ဥပဒေအကျိုးဆောင် ရှေ့နေများ ကျင့်ကြံ ဆောင်ရွက်ရမည့် ဥပဒေများနှင့်မတူဘဲ အပြည်ပြည်ဆိုင်ရာ ဥပဒေများတွင် အစိုးရရှေ့နေအဖွဲ့အစည်း၏ အမှီအခိုကင်းမှုကို အာမခံချက်ပေးသည့် ဖော်ပြချက်များ မပါဝင်ပါ။ အချို့စနစ်များတွင် အစိုးရရှေ့နေများ ကို အချုပ်အခြာအာဏာ၏ အုပ်ချုပ်ရေးခက်မက ခန့်ထားသည် သို့မဟုတ် အုပ်ချုပ်ရေးခက်မကို အတိုင်း

232 United Nations Guidelines on the Role of Prosecutors, adopted by the Eighth united Nations Congress on the Prevention of Crime and the Treatment of Offenders, Havana, Cuba, 27 August to 7 September 1990, hereinafter UN Guidelines. Other relevant instruments on the role of prosecutors are the Council of Europe's Recommendation No. R (2000) 19 of the Committee of Ministers to member states on the role of public prosecution in the criminal justice systemand the Principles and Guidelines on the Right to a Fair Trial and Legal Assistance in Africa, Principle F.

အတာတစ်ခုအထိ မှီခိုနေရသည်ဖြစ်၍ အစိုးရအဖွဲ့၏ အချို့အမိန့်များကို လက်ခံဆောင်ရွက်ရမည့် တာဝန်ရှိနေခြင်းဖြစ်သည်။ အုပ်ချုပ်ရေးအာဏာပိုင်လက်အောက်မှ အဖွဲ့အစည်းဖြစ်နေခြင်းထက် အမှီအခိုကင်းသော စွဲချက်တင် ကြားနာစစ်ဆေးရေး အာဏာပိုင်ဖြစ်ခြင်းကို ပိုမိုလိုလားသောကြောင့် နိုင်ငံတော်သည် အစိုးရရှေ့နေများ၏ စုံစမ်းစစ်ဆေးမှုများ သမာသမတ်ကျရေးနှင့် မှန်ကန်ရေး၊ စောင့်ကြည့်မည့် အစီအမံများ ထားပေးရန် တာဝန်ရှိသည်။

- မက္ကဆီကိုနိုင်ငံအမှုတွင် အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးသူများ၏ အမှီအခိုကင်းမှုနှင့်စပ်လျဉ်း၍ ဆိုထားသည်မှာ 'အစိုးရရှေ့နေများရုံးသည် အုပ်ချုပ်ရေးအာဏာခက်မ၏ အမှီအခိုကင်းသော အစိတ်အပိုင်းတစ်ခုဖြစ်ရမည်။ တရားစီရင်ရေးဌာနမှ အဖွဲ့ဝင်များအား ရာထူးမှ ထုတ်ပယ်၍မရဟု မှတ်ယူရမည့်အပြင် အခြားသောအာမခံချက်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းပေးရမည်' [233] ဟု ဖြစ်သည်။ ကော်မရှင်မှ စုံစမ်းစစ်ဆေးမှုကို ကောင်းစွာဆောင်ရွက်ရန် 'လုပ်ပိုင်ခွင့်အာဏာလိုအပ်ပြီး အခြားသော အစိုးရဌာနများအပေါ် မှီခိုနေရမှု ကင်းရှင်းရန်လိုအပ်သည်' [234] ဟု ဆိုထားသည်။

အစိုးရရှေ့နေများအား စစ်တပ်စခန်းများတွင် နေရာချထားပြီး တပ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရသော အခြေအနေများ၌ အမေရိကနိုင်ငံများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်က စဉ်းစားမိသည်မှာ 'ဤအခြေအနေသည် အစိုးရရှေ့နေများ၏ အမှီအခိုကင်းမှုနှင့် မှန်ကန်စွာတရားစီရင်မှုကို ဆိုးရွားစွာ ထိခိုက်သည်' [235] ဟူ၍ဖြစ်သည်။

## အရည်အချင်း၊ ရွေးချယ်မှုနှင့် သင်တန်းပေးခြင်း

ကုလသမဂ္ဂလမ်းညွှန်ချက်များသည် အစိုးရရှေ့နေများခန့်ထားရာ၌ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း တစ်ခုတည်းကိုသာ အထူးပြုဖော်ပြမထားပါ။ သို့ရာတွင် လူ့အခွင့်အရေးဆိုင်ရာ အထွေထွေနှင့် အထူးစံညွှန်းများကို သံယောင်လိုက်ရလျှင် ကုလသမ္မဂ္ဂလမ်းညွှန်ချက်များတွင် အစိုးရရှေ့နေများ ရွေးချယ်ခြင်းအတွက် လက်ခံနိုင်သည့် စံသတ်မှတ်ချက်များကို ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်နိုင်ငံတော်မှ မည်သည့် ကြားနာစစ်ဆေးမှုမျိုးအတွက်မဆို 'အစိုးရရှေ့နေများအဖြစ် ရွေးချယ်ဆောင်ရွက်စေသည့် ပုဂ္ဂိုလ်များသည် ဖြောင့်မတ်မှန်ကန်မှုနှင့် စွမ်းဆောင်ရည် ရှိရမည့်အပြင် သင့်လျော်သော လေ့ကျင့်သင်ယူမှုများနှင့် အရည်အချင်းများ ရှိရမည်။' [236] ထို့အပြင် ရွေးချယ်ရေး စံသတ်မှတ်ချက်များသည် တစ်ဖက်သတ်မဆန်ရ။ 'သမာသမတ်ကျမှု သို့မဟုတ် အဂတိလိုက်စားမှုကို ခြေခံသည့် ရွေးချယ်ခန့်ထားမှုများ မဖြစ်စေရန် စောင့်ကြည့်လေ့လာရေး အစီအမံများပါ ပါရှိရမည်။ လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင် ယူဆချက်၊

233 Inter-American Commission of Human Rights, Report on the Situation of Human Rights in Mexico, OEA/Ser.L/V/II.100, doc. 7 rev. 1, para. 372.

234 Inter-American Commission of Human Rights, Report on the Situation of Human Rights in Mexico, doc. cit., para. 381.

235 Inter-American Commission of Human Rights, Third Report on the Human Rights Situation in Colombia, OAS document OEA/Ser.L/V/II.102, doc. 9 rev. 1, of 26 February 1999, para. 108.

236 UN Guidelines on the Role of Prosecutors, doc. cit., Guideline 1.



အမျိုးသားရေး၊ လူမှုရေး သို့မဟုတ် မျိုးနွယ်စု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားရာဇာတိ၊ စီးပွားရေး သို့မဟုတ် အခြားအကြောင်းအချက်များ၊[....]အပေါ် အခြေခံသည့် မည်သည့်ခွဲခြားဆက်ဆံမှု မဆိုသည် ဤခန့်ထားခြင်းတွင် အကျုံးမဝင်ပါ။' [237]

□ ကိုဆိုဗိုအမှုတွင်လူ့အခွင့်အရေးကော်မတီက 'အပြည်ပြည်ဆိုင်ရာ[....]စုံစမ်းစစ်ဆေးရေးအရာရှိများ၏ အမှီအခိုကင်းမှုကို ပြည့်ပြည့်ဝဝ အာမခံချက်မပေးနိုင်ခြင်း' နှင့် ' ဒေသခံ[....]စစ်ဆေးရေးအရာရှိများ၏ လစာအဆင့် နိမ့်ကျမှု' များအပေါ် စိုးရိမ်ပူပန်မှုများဖော်ပြခဲ့ပြီး၊ ကုလသမ္မဂ္ဂ အဖွဲ့၏ ကိုဆိုဗိုတွင် လုပ်ငန်းဆောင်ရွက်မှုများအပေါ် 'အပြည်ပြည်ဆိုင်ရာ[....] စုံစမ်းစစ်ဆေးရေး အရာရှိများအား ရွေးချယ်ခန့်ထားခြင်းနှင့် စည်းကမ်းထိန်းသိမ်းရာတွင် အမှီအခိုကင်းသော လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းသတ်မှတ်ရမည်'နှင့် 'ဒေသခံ [....] စစ်ဆေးရေးအရာရှိများ အဂတိလိုက်စားမှုမှကာကွယ်ရန် ရာထူးသက်တမ်းနှင့် လစာ အလုံအလောက် အာမခံရမည်' ဟု အကြံပြုခဲ့သည်။' [238]

## စုံစမ်းစစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းဆောင်တာများအတွက် အာမခံချက်များ

စုံစမ်းစစ်ဆေးရေးအရာရှိများ ယင်းတို့၏ လုပ်ငန်းတာဝန်များကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာဥပဒေတွင် နိုင်ငံတော်မှ ဆောင်ရွက်ရမည့် စောင့်ကြည့်လေ့လာရေး အစီအမံများ ထည့်သွင်းထားရာ၌ အရေးကြီးဆုံး စောင့်ကြည့်လေ့လာရေးအစီအမံမှာ 'စုံစမ်းစစ်ဆေးရေး အရာရှိများ ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ခြိမ်းခြောက်မှု၊ ဟန့်တားမှု၊ နှိပ်စက်ညှဉ်းဆဲမှု သို့မဟုတ် မလျော်ကန်သော ကြားဝင်နှောက်ယှက်မှု သို့မဟုတ် တရားမကြောင်း၊ ရာဇဝတ်ကြောင်း သို့မဟုတ် အခြားသောလုပ်ပိုင်ခွင့်များအရ မတရားသဖြင့် စွဲချက်တင်ခြင်းများ မခံရစေရေး နိုင်ငံတော်မှ တာဝန်ယူရမည်။' [239] အစိုးရရှေ့နေများကို အဆိုးရွားဆုံး နှောင့်ယှက်ဟန့်တားနိုင်သည့် နည်းလမ်းတစ်ခုမှာ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကုလသမ္မဂ္ဂ လမ်းညွှန်ချက်များ၌ 'စုံစမ်းစစ်ဆေးမှုလုပ်ငန်းတာဝန်များ ဆောင်ရွက်မှုကြောင့် အစိုးရရှေ့နေများ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှု ခြိမ်းခြောက်ခံရသောအခါ' [240] အစိုးရရှေ့နေများနှင့် ယင်းတို့၏မိသားစုများကို ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်သည် အစိုးရ၌ရှိသည်ဟု ဖော်ပြထားသည်။

- ကိုလံဘီယာအမှုတွင် နှိပ်စက်ညှဉ်းပမ်းမှုများနှင့် ဥပဒေပြင်ပကိစ္စရပ်များ၊ ရာဇဝတ်ကြောင်းအရ တဖက်သတ် စွဲချက်တင်စစ်ဆေးသတ်ဖြတ်ခြင်း သို့မဟုတ် အတင်းအကျပ်ဖမ်းဆီး ပြစ်ဒဏ်ချခြင်းနှင့်စပ်လျဉ်း၍ အထူးကိုယ်စားလှယ်ကဆိုသည်မှာ 'တရားစီရင်ရေးအဖွဲ့ဝင်များနှင့် အစိုးရရှေ့နေ ရုံးဝန်ထမ်းအားလုံးအား အသက်နှင့်ခန္ဓာ ခြိမ်းခြောက်ရန်ရှာ အန္တရာယ်ပြုခံရခြင်းမှ

237 Ibid., Guideline 2 (a). As in the case of judges, it is not considered discriminatory to "require a candidate for prosecutorial office to be a national of the country concerned." uN document CCPR/C/uNK/CO/1, para. 20.

238 Concluding Observations of the Human Rights Committee on Kosovo (Serbia), uN document CCPR/C/uNK/CO/1, para. 20.

239 UN Guidelines on the Role of Prosecutors, doc. cit., Guideline 4.

240 Ibid., Guideline 5.

ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများပေးရမည်။ ထိုခြိမ်းခြောက်ရန်ပြုမှုများ၏ ဇစ်မြစ်ကို ရှာဖွေသုံးသပ်ရန်နှင့် ရာဇဝတ်ကြောင်းအရ အမှုဖွင့်ခြင်းနှင့် သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကြားနာစစ်ဆေးမှုများကို သင့်လျော်သလို ဆောင်ရွက်ရမည်။' [241]

အစိုးရရှေ့နေလုပ်ငန်းတာဝန်များကို ကောင်းစွာဆောင်ရွက်နိုင်ရေး အာမခံချက်များတွင် အပါအဝင်ဖြစ်သည့် 'မျှတကောင်းမွန်သော ဝန်ဆောင်မှု၊ လစာအလုံအလောက်နှင့် အသုံးဝင်မည်ဆိုလျှင် ရာထူးသက်တမ်း၊ပင်စင်နှင့်အငြိမ်းစားယူရမည့်အသက်အရွယ်'တို့ကိုအာမခံရမည်။'ထိုလိုအပ်ချက်များနှင့်စပ်လျဉ်း၍ 'ဥပဒေ၌ ပြဋ္ဌာန်းအတည်ပြုခြင်း သို့မဟုတ် နည်းဥပဒေများ ထုတ်ပြန်ကြေငြာခြင်း ပြုလုပ်ရမည်။'[242]

တရားသူကြီးများကဲ့သို့ပင် အစိုးရရှေ့နေများအား အပြုသဘော စံသတ်မှတ်ချက်များဖြင့် ရာထူးတိုးမြှင့်ပေးရမည်။ အထူးသဖြင့် ' အရည်အချင်း၊ စွမ်းဆောင်ရည်၊ ဖြောင့်မတ်မှန်ကန်မှုနှင့် အတွေ့အကြုံများ'ပေါ် မူတည်ရမည်ဖြစ်ပြီး ရာထူးတိုးမြှင့်ရေး လုပ်ထုံးလုပ်နည်းသည် တရားမျှတ၍ သမာသမတ်ကျရမည်။ [243]

## လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်

တရားသူကြီးများ၊ ဥပဒေအကျိုးဆောင်များကဲ့သို့ပင် 'အစိုးရရှေ့နေများသည်လည်း အခြားသော နိုင်ငံသားများကဲ့သို့ပင် လွတ်လပ်စွာဖော်ထုတ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်များ ရှိရမည်။ အထူးသဖြင့် တရားရေးစီမံခန့်ခွဲမှု ကိစ္စရပ်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် မြှင့်တင်ရေးကိစ္စရပ်များ၊ ဥပဒေနှင့်ဆိုင်သော ကိစ္စရပ်များအား ပြည်သူလူထုအကြား ချပြဆွေးနွေးရာတွင် ပါဝင်ခွင့်ရှိသည်။ နိုင်ငံတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခွင့် သို့မဟုတ် အဖွဲ့အစည်းများတည်ထောင်ခွင့်နှင့် ထိုအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပြီး၊ ထိုဥပဒေနှင့်အညီ ဆောင်ရွက်မှုများကြောင့် သို့မဟုတ် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သောကြောင့် အစိုးရရှေ့နေအဖြစ် လုပ်ကိုင်ခြင်းအား မကောင်းကျိုး သက်ရောက်စေခြင်း မရှိရ။ ဤအခွင့်အရေးများကို ရရှိခံစားရာတွင် တည်ဆဲဥပဒေများ၊ အသိအမှတ်ပြုထားသော အစိုးရရှေ့နေဆိုင်ရာ ကိုယ်ကျင့်တရားများ၊ စံနှုန်းများနှင့်အညီ ပြုမူဆောင်ရွက်ရမည်။' [244]

လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလမ်းညွှန်ချက် ၉ တွင် ပါဝင်သောအချက်များသည် တရားသူကြီးများ အသုံးပြုနိုင်သည့် ကုလသမဂ္ဂစံညွှန်းများနှင့် ထပ်တူကျပြီး ' အစိုးရရှေ့နေများသည် ယင်းတို့၏ဆန္ဒသဘောထားကို ကိုယ်စားပြုစေရန်၊ ယင်းတို့၏ အသိပညာဗဟုသုတများ ဆက်လက်တိုးပွားစေရေး သင်တန်းများပေးရန်နှင့် ပညာရှင်ပီသမှုကို ကာကွယ်စောင့်ထိန်းရန် ရှေ့နေအသင်းအဖွဲ့များ သို့မဟုတ် အခြားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်း တည်ထောင်ခွင့်ရှိသည်။'

241 Joint report of the Special Rapporteur on the question of torture and the Special Rapporteur on extrajudicial, summary or arbitrary executions on their visit to Colombia, uN document E/CN.4/1995/111, para. 117 (d).

242 UN Guidelines on the Role of Prosecutors, doc. cit., Guideline 6.

243 Ibid.,Guideline 7.

244 Ibid., Guideline 8.



## အစိုးရရှေ့နေ၏ လုပ်ငန်းတာဝန်များ

တရားမျှတမှုအားစီမံခန့်ခွဲရာတွင် အရေးပါသူများဖြစ်ကြသဖြင့် အစိုးရရှေ့နေများသည် ယုံကြည်အပ်နှံထားသော လုပ်ငန်းတာဝန်များကို သမာသမတ်ကျကျ မှန်ကန်စွာ ဆောင်ရွက်ရမည့်အပြင် နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ ကျား/မ ခွဲခြားမှု သို့မဟုတ် အခြား ခွဲခြားဆက်ဆံမှုမျိုး မရှိစေရန် ရှောင်ကြဉ်ရမည်။ [245]

ဤတာဝန်များ၌ အစိုးရရှေ့နေများ ယင်းတို့၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာနှင့် အဂတိလိုက်စားမှု ကင်းစွာဆောင်ရွက်ရမည့် လမ်းညွှန်ဥပဒေများပါဝင်သည်။ ထို့အပြင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်နှင့် တရားမျှတမှုအား စီမံခန့်ခွဲရာတွင်လုပ်ထုံးလုပ်နည်းမှန်ကန်ရေး တာဝန်ယူရန် စသည့် အထူးလုပ်ငန်းတာဝန်များလည်း ရှိသည်။

- အစိုးရရှေ့နေများသည် ယင်းတို့၏လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ မျှတမြန်ဆန်ထိရောက်စွာ တစိုက်မတ်မတ် ဆောင်ရွက်ရမည့်အပြင် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားကာကွယ်ရန်နှင့် လူ့အခွင့်အရေး မြှင့်တင်ပေးရန်အတွက် လုပ်ထုံးလုပ်နည်းပိုင်း မှန်ကန်ရေး တာဝန်ယူရမည့်အပြင် ရာဇဝတ်မှုများအား တရားမျှတစွာကြားနာစစ်ဆေးရေးစနစ် အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရန် ဆောင်ရွက်ရမည်။[246]

အစိုးရရှေ့နေများသည် ယင်းတို့ကြားသိလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်စစ်ဆေး သက်သေပြရန်လိုအပ်သည်။ အစိုးရရှေ့နေများသည် ဥပဒေနှင့်မလျော်ညီသော နည်းလမ်းများအသုံးပြု၍ ရထားသည်ဟု အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ယင်းတို့သိထား၊ ယုံကြည်ထားသည့် သက်သေများကို အမှု၌ ထည့်သွင်းစဉ်းစားခြင်း မပြုရန် ငြင်းပယ်ရမည်။ ထိုနည်းလမ်းများ၌ စွပ်စွဲခံရသူ၏ လူ့အခွင့်အရေးကို အလွန်အမင်း ချိုးဖောက်ခြင်းများ ဖြစ်ကြသည့် နှိပ်စက်ညှဉ်းပန်းခြင်း၊ သို့မဟုတ် ရက်ရက်စက်စက်ပြုမူခြင်း၊ လူသားမဆန်ခြင်း သို့မဟုတ် သိက္ခာချခြင်း သို့မဟုတ် အပြစ်ပေးခြင်း သို့မဟုတ် အခြားသော လူ့အခွင့်အရေး ထိပါးစော်ကားမှုများ အထူးသဖြင့် ပါဝင်သည်။ ဤအမှုများ၌ ထိုကဲ့သို့သော သက်သေများရှိနေကြောင်း တရားရုံးသို့ တင်ပြရမည့်အပြင် 'တရားမျှတမှုကို ရှေးရှုသည့် အခြားလိုအပ်သမျှ နည်းလမ်းများကိုအသုံးပြု၍ လူ့အခွင့်အရေးချိုးဖောက်သည့် နည်းလမ်းများ အသုံးပြုသူများအား တရားခွင်သို့ပို့ဆောင်ရန်တာဝန်ရှိသည်။' [247]

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အစိုးရရှေ့နေများသည် ပြည့်စုံစေ့စပ် သမာသမတ်ကျသော စုံစမ်းစစ်ဆေးခြင်းကို မဆိုင်းမတွ ပြုလုပ်ရမည်။

- လူ့အခွင့်အရေးကော်မတီက နှိပ်စက်ညှဉ်းပန်းမှုအား ဆန့်ကျင်ထားသည်မှာ အစိုးရရှေ့နေသည် စွပ်စွဲခံရသူအား နှိပ်စက်ထားကြောင်း သက်သေများရှိပါလျှက်နှင့် တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ပလပ်ပေးရေး အယူခံဝင်ရန် ပျက်ကွက်ပါက ယင်းတို့ လုပ်ငန်းတာဝန်များကို သမာသမတ်ကျကျ ဆောင်ရွက်ရန် ကတိအား ဖောက်ဖျက်ကျူးလွန်ရာရောက်သည်။ [248]

245 UN Guidelines on the Role of Prosecutors, doc. cit., Guideline 13, para. (a)

246 Ibid., Guideline 12.

247 Ibid., Guideline 16.

248 Communication N° 60/1996, Khaled Ben M'Barek v. Tunisia(decision of 10 November 1999), uN document CAT/C/23/d/60/1996, para. 11.10.

အစိုးရရှေ့နေများသည် ရာဇဝတ်မှုများ ကြားနာစစ်ဆေးရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ရမည်။ တရားရေးစနစ် အမျိုးမျိုးကွဲပြားသည့်အလျောက် ယင်းတို့၏ အဓိကလုပ်ငန်းတာဝန်များကို ကုလသမဂ္ဂလမ်းညွှန်ချက် ၁၁ တွင် အကျဉ်းချုပ်ဖော်ပြထားရာ၌ 'အစိုးရရှေ့နေများသည် ရာဇဝတ်မှုများ ကြားနာစစ်ဆေးရာတွင် တက်ကြွသော အခန်းကဏ္ဍမှပါဝင်ရမည့်အပြင် တည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းများနှင့်လျော်ညီစွာ ရာဇဝတ်မှု ကြားနာစစ်ဆေးရန်အဖွဲ့ ဖွဲ့စည်းခြင်းများအပါအဝင် ရာဇဝတ်မှုများအား တရားဝင်စုံစမ်းစစ်ဆေးရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊ တရားရုံးဆုံးဖြတ်ချက်များ ဆက်လက်အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားကို ကိုယ်စားပြုသည့်အနေဖြင့် အခြားသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်'ဟု ဖြစ်သည်။

ကုလသမဂ္ဂလမ်းညွှန်ချက်တွင် အစိုးရရှေ့နေရုံးကို တရားစီရင်ရေး လုပ်ငန်းတာဝန်များနှင့် သီးသန့်ခွဲခြားထားရမည်'ဟု ဖော်ပြထားသည်။ ဤဖော်ပြချက်သည် ရှင်းလင်းမှု ရှိသော်လည်း အချို့စနစ်များ၌ အစိုးရရှေ့နေများသည် အချို့သော တရားစီရင်ရေးလုပ်ငန်းတာဝန်များပါ ဆောင်ရွက်ကြရသည်။ ထိုလုပ်ငန်းများတွင် အကာအကွယ်ပေးရန် ထိန်းသိမ်းခြင်း သို့မဟုတ် သက်သေခံစုဆောင်းရန် အမိန့်ပေးခြင်းများ ပါဝင်သည်။ တရားရေးစနစ်၌ ထိုလုပ်ငန်းများကို ခွင့်ပြုထားလျှင်လည်း ကနဦး ကြားနာစစ်ဆေးစဉ်ကာလအထိသာ ကန့်သတ်ထားရမည်ဖြစ်ပြီး စွပ်စွဲခံရသူ၏ အခွင့်အရေးများအား လေးစားသောအားဖြင့် သမာသမတ်ကျကျဆောင်ရွက်ရမည်။ ဤတရားစီရင်ရေးလုပ်ငန်းတာဝန်များသည် တရားစီရင်ရေးအဖွဲ့၏ အမှီအခိုကင်းသော သုံးသပ်ချက်များအရသာဖြစ်ရမည်။

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အစိုးရရှေ့နေများ ဝင်ရောက်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးကော်မရှင်မှ ဖြေရှင်းထားသည်မှာ-

- အုပ်ချုပ်ရေးဌာန၏ အမိန့်ကိုနာခံရသော အစိုးရရှေ့နေမှ သက်သေခံအထောက်အထား အလုံအလောက်မရှိဘဲ ကနဦး ထိန်းသိမ်းထားရန် အမိန့်ကို သက်တမ်းတိုးသည့်အမှု၌ ကော်မတီမှ 'အစိုးရရှေ့နေအား အဖွဲ့အစည်းဆိုင်ရာ သမာသမတ်ကျမှုနှင့် အပြည့်အဝ ဆောင်မှုရှိသည်ဟု မှတ်ယူ၍ တရားစီရင်ခွင့်အာဏာရရှိထားသော အရာရှိကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ပုဒ်မ ၉(၃) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း မှတ်ယူစဉ်းစားနေခြင်းမှာ' [249] ကျေနပ်ဖွယ်ရာ မရှိဟုဆိုထားသည်။

ကုလသမဂ္ဂ လမ်းညွှန်ချက် ၁၅ တွင်ပါဝင်သည့် အစိုးရရှေ့နေများနှင့် စပ်လျဉ်းသည့် အဓိကသတ်မှတ်ချက်တစ်ခုတွင် 'အစိုးရရှေ့နေများသည် အစိုးရအရာရှိများ ကျူးလွန်သည့် ရာဇဝတ်မှုများ အထူးသဖြင့် အဂတိလိုက်စားခြင်း၊ လုပ်ပိုင်ခွင့် အလွဲသုံးစားခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေများမှ အသိအမှတ်ပြုထားပြီး တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသော သို့မဟုတ် ဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေဖြစ်သော အခြားသောရာဇဝတ်မှုများကို ပြင်းပြင်းထန်ထန် ကျူးလွန်ဖောက်ဖျက်ခြင်းတို့အား စုံစမ်းစစ်ဆေးခြင်းနှင့် ကြားနာစစ်ဆေးခြင်းများ ပြုလုပ်ရာတွင် အထူးအလေးထားဆောင်ရွက်ရမည်။' တရားဥပဒေစိုးမိုးရေး မြှင့်တင်ခြင်းနှင့် နိုင်ငံသားအားလုံး အထူးသဖြင့် အစိုးရ

249 Communication N°521/1992, Vladimir Kulomin v. Hungary, (Views of 22 of March 1996), uN document CCPR/C/56/d/521/1992, para. 11.3. Article 9.3 of the Covenant stipulates that "Anyone arrested or detained on a criminal charge shall be brought promptly before a judge or other officer authorized by law to exercise judicial power".



အရာရှိများအပေါ် မျှမျှတတ ဥပဒေကျင့်သုံးခြင်းတွင် အစိုးရရှေ့နေများသည် အဓိကကျသော အနေအထားများမှ ပါဝင်ဆောင်ရွက်နေကြောင်း ဤဖော်ပြချက်က ဆိုထားသည်။

အစိုးရရှေ့နေများအား စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းတို့နှင့် အဓိကသက်ဆိုင်သော လုပ်ငန်းတာဝန်များကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ရန် တာဝန်ပေးထားသော စနစ်များလည်း ရှိသည်။ ကုလသမဂ္ဂ လမ်းညွှန်ချက်များတွင် ထိုကိစ္စနှင့်စပ်လျဉ်းသည့် 'တည်ဆဲဥပဒေ သို့မဟုတ် ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများသည် ကြားနာစစ်ဆေးရေးအဖွဲ့ ဖွဲ့ခြင်းနှင့် အမှုရုတ်သိမ်းခြင်းတို့အပါအဝင် ကြားနာစစ်ဆေး ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များ တရားမျှတရန်နှင့် စဉ်ဆက်မပြတ်ရှိစေရန် လမ်းညွှန်ချက်များပေးရမည်' [250] ဟု ဖော်ပြထားသည်။

အစိုးရရှေ့နေများ၏ အခြားတာဝန်များတွင် သံသယတရားခံ၏ အနေအထားကို ကောင်းစွာနားလည်ပေးသည့်အနေဖြင့် သက်ဆိုင်ရာအခြေအနေအားလုံးကို အလေးထား၍ သံသယတရားခံအပေါ် မည်သည့် ကောင်းကျိုးနှင့်ဆိုးကျိုးများ ရှိသည်ဖြစ်စေကာမူ အမှုစွဲချက်များ မခိုင်လုံလျှင် ကြားနာစစ်ဆေးမှုများကို စတင်ဆောင်ရွက်မှု မပြုခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်ရာ၌ သို့မဟုတ် တရားစီရင်ရာ၌ မလိုအပ်လျှင် အဆိုပါအမှုကိစ္စအား ယင်းတို့လက်ဝယ် အတွင်းရေးအဖြစ်ထားရှိခြင်း၊ တရားခံများ၏ ပုဂ္ဂိုလ်ရေးကိစ္စများကို ထိခိုက်နိုင်သောအခါ တရားခံများ၏ စိုးရိမ်ပူပန်မှုနှင့် အတွေးအမြင်များကို ထည့်စဉ်းစားပေးခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်းတွင် ပါရှိသည့် ရာဇဝတ်မှုနှင့် အာဏာအလွဲသုံးစားမှု တရားခံများအတွက် တရားမျှတစွာ ဆောင်ရွက်ရမည့် ဥပဒေများနှင့်အညီ တရားခံများအား ယင်းတို့ရပိုင်ခွင့်များကို အသိပေးခြင်း၊ ရဲတပ်ဖွဲ့များ၊ တရားရုံးများ၊ ဥပဒေအကျိုးဆောင်များ၊ အများပြည်သူအရေး ကာကွယ်စောင့်ရှောက်သူများ၊ အခြားအစိုးရဌာနများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။ [251]

## စည်းကမ်းထိန်းသိမ်းရန် ကြားနာစစ်ဆေးခြင်း

အစိုးရရှေ့နေများသည် ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဖောက်ဖျက်ကျူးလွန်သည်ဟု သံသယဖြစ်ခံရပါက စည်းကမ်းထိန်းသိမ်းရေး ကြားနာစစ်ဆေးမှုများ ခံယူကာ မိမိတို့အမှားကို တာဝန်ယူရမည်။ ကုလသမဂ္ဂလမ်းညွှန်ချက်များတွင် အစိုးရရှေ့နေများအား အရေးယူနိုင်သည့် ဥပဒေသများနှင့် အရေးယူရန်ကြားနာစစ်ဆေးမှု ခံရစဉ်အတွင်း ယင်းတို့၏ ရပိုင်ခွင့်များကို ရှင်းလင်းသော စံသတ်မှတ်ချက်များဖြင့် ဖော်ပြထားသည်။

အရေးယူရမည့် အခြေခံအချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များတွင် 'အစိုးရရှေ့နေများကို တည်ဆဲဥပဒေအရ သို့မဟုတ် တည်ဆဲနည်းဥပဒေများအရ အရေးယူရမည်' [252] ဟု ဖော်ပြထားသည်။ လမ်းညွှန်ချက်များက အစိုးရရှေ့နေအနေဖြင့် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မရှိခြင်းကို တိတိကျကျ ရည်ညွှန်းမှုမပြုသော်လည်း ဤအချက်သည် အစိုးရရှေ့နေများအား ရာထူးမှ ဖယ်ရှားနိုင်သည့် အခြေခံအကြောင်းတွင် အကျုံးဝင်သည်။

250 UN Guidelines on the Role of Prosecutors, doc. cit., Guideline 17.

251 UN Guidelines on the Role of Prosecutors, doc. cit., Guidelines 14, 13 paras. (b) to (d) and 20.

252 Ibid., Guideline 21.

လမ်းညွှန်ချက်များတွင် စည်းကမ်းထိန်းသိမ်းရန် ကြားနာစစ်ဆေးရာတွင် အသုံးပြုသည့် ဉပဒေသများစွာ ပါဝင်သည်။ ဉပမာ- အစိုးရရှေ့နေများအား တိုင်ကြားမှုများကို 'မြန်ဆန်ထိရောက်စွာနှင့် တရားမျှတစွာ သင့်လျော်သော လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးရမည်။' ထို့အပြင် အစိုးရရှေ့နေများတွင် မျှတစွာ ကြားနာစစ်ဆေးခံပိုင်ခွင့်ရှိပြီး 'စီရင်ဆုံးဖြတ်ချက်များသည် အမှီအခိုကင်းသော သုံးသပ်ချက်များအရသာ ဖြစ်ရမည်။' [253] နောက်ဆုံး၌ ကြားနာစစ်ဆေးမှုရလဒ်သည် 'အပြုသဘောဆောင်သော သုံးသပ်စိစစ်ချက်နှင့် ဆုံးဖြတ်ချက်များ' ဖြစ်ရမည်။[254]

*အစိုးရရှေ့နေများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား အရေးယူခြင်း၊ မျှတစွာ တရားစီရင်ခွင့်ကို လေးစားလိုက်နာပေးခြင်းတို့ဖြင့် တရားရေးဆိုင်ရာ စီမံခန့်ခွဲမှုများအား အဓိကကျသောအခန်းကဏ္ဍမှ ဖြည့်ဆည်းပေးကြသည်။ အစိုးရရှေ့နေများသည် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သမာသမတ်ကျကျ မှန်ကန်စွာ ဆောင်ရွက်ရမည်။ နိုင်ငံတော်သည် အစိုးရရှေ့နေများ ယင်းတို့၏ လုပ်ငန်းတာဝန်များကို အနှောက်အယှက်ကင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူရမည့်အပြင် အစိုးရရှေ့နေများအား တက်တက်ကြွကြွ ကာကွယ် စောင့်ရှောက်ရမည်။ အစိုးရရှေ့နေများသည် အစိုးရအရာရှိများ ကျူးလွန်သော ရာဇဝတ်မှုများကို အလေးထား ဆောင်ရွက်ရမည့်အပြင် လူ့အခွင့်အရေးချိုးဖောက်၍ ရရှိလာသော သက်သေအထောက်အထားများအား လက်ခံသုံးစွဲခြင်း မပြုဘဲ ငြင်းပယ်ရမည်။*

# အပိုင်း ၂

## တရားသူကြီး၊ ရှေ့နေနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်မှုနှင့် တာဝန်ခံမှုဆိုင်ရာနိုင်ငံတကာ သဘောတူစာချုပ်များ

253 UN Guidelines on the Role of Prosecutors, doc. cit., Guideline 21.

254 Ibid.,Guideline 22. The Guideline also says that the disciplinary proceedings “shall be determined in ac-cordance with the law, the code of professional conduct and other established standards and ethics and in he light of the present Guidelines”

# ၁။ ကုလသမဂ္ဂအဖွဲ့ချုပ်

## (က) တရားသူကြီး၊ ရှေ့နေနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်စွာ တရားစီရင်မှုဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများ

### လွတ်လပ်စွာ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ

*(၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ မီလန်မြို့တွင် ကျင်းပခဲ့သော ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်မှုများကို ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ၇ ကြိမ်မြောက် ကုလသမဂ္ဂညီလာခံတွင် ရေးဆွဲခဲ့ပြီး၊ ၁၉၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နေ့နှင့် ၁၉၈၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံများ၏ ဆုံးဖြတ်ချက်အမှတ် ၄၀/၃၂ နှင့် ဆုံးဖြတ်ချက်အမှတ် ၄၀/၁၄၆ တို့ဖြင့် အတည်ပြုခဲ့သည်။)*

---

ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ကမ္ဘာ့ပြည်သူများက တရားမျှတမှုရှိသော လူမှုအသိုက်အဝန်းများဖန်တီးလိုသည့် ၎င်းတို့၏ စိတ်ပိုင်းဖြတ်မှုကို အခိုင်အမာ ပြဆိုခဲ့သည့် အချက်တစ်ချက်ပါဝင်သည်။ ခွဲခြားဆက်ဆံမှု အလျဉ်းမရှိသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားမှုကို အားပေးမြှင့်တင်ရာတွင် နိုင်ငံတကာအတိုင်းအတာဖြင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ဖန်တီးလိုကြခြင်း ဖြစ်သည်။

နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်းတွင်လည်း တရားဥပဒေအရာ၌ သာတူညီမျှမှုရှိရေး၊ ပြစ်မှုကျူးလွန်ကြောင်း အထင်အရှား မတွေ့ရမီအချိန်အထိ အပြစ်မဲ့သူဟု ယူဆခံရရေးနှင့် ဥပဒေအရဖွဲ့စည်းထားပြီး လွတ်လပ်မျှတသော၊ အခွင့်အာဏာရှိသော ခုံရုံး၏ ပွင့်လင်းမျှတမှုရှိသော ကြားနာစစ်ဆေးမှုမျိုး ရရှိရေးတို့အား အလေးပေး တန်ဖိုးထားသည်ဆိုသည့် အချက်တစ်ချက်လည်း ပါဝင်သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်နှစ်ခုလုံးတွင် အထက်ဖော်ပြပါ အခွင့်အရေးများကို အသုံးချခွင့်အား အသိမှတ်ပြုထားသည်။ ထို့အပြင် နိုင်ငံသားနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာသဘောတူ စာချုပ်တွင် အကန့်အသတ်မရှိ အချိန်ဆွဲခြင်းမျိုးမဟုတ်သော တရားစီရင်မှုမျိုးဖြင့်သာ ကြားနာစစ်ဆေးခံရမည် ဆိုသည်ကိုလည်း အသိမှတ်ပြု ဖော်ပြထားသည်။

အထက်ဖော်ပြပါ အခြေခံမူများဖြင့် ပုံဖော်ထားသည့် မျှော်မှန်းချက်နှင့် လက်တွေ့အခြေအနေ အကြား မကြာခဏဆိုသလို ကွာဟနေသည်မှာလည်း အမှန်ပင်ဖြစ်သည်။

နိုင်ငံတိုင်းရှိ တရားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးပိုင်းအနေဖြင့် အဆိုပါ အခြေခံမူများအား လေးစားသင့်ပြီး၊ လက်တွေ့အသုံးချနိုင်ရေးအတွက် အပြည့်အဝ အကောင်အထည်ဖော်ရန်လည်း ဆောင်ရွက်သင့်သည်။

တရားရေးဌာနများတွင် ကျင့်သုံးသည့် ဥပဒေများမှာလည်း အဆိုပါအခြေခံမူများနှင့်အညီ တရားသူကြီးများ ပြုမူကျင့်ကြံ စေနိုင်ရန် ရည်ရွယ်ရေးဆွဲထားသည်များ ဖြစ်သင့်သည်။

တရားသူကြီးများသည် နိုင်ငံသားများ၏ ဘဝ၊ လွတ်လပ်မှု၊ အခွင့်အရေး၊ တာဝန်၊ ဥစ္စာဓနတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များအပေါ် အရေးပါသည့် ဆုံးဖြတ်ချက်ချမှတ်သူများဖြစ်သည်။

ပြစ်မှုကျူးလွန်သူများကိုအရေးယူဆောင်ရွက်ခြင်းနှင့်ပြစ်မှုများကိုကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ခြောက်ကြိမ်မြောက် ကုလသမဂ္ဂညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၁၆ တွင် ရာဇဝတ်မှု တာဆီးထိန်းချုပ်ရေး ကော်မတီမှ ဦးစားပေးလုပ်ဆောင်ပေးရန် တောင်းဆိုထားသည်များ၌ တရားသူကြီးများ လွပ်လပ်စွာ တရားစီရင်နိုင်ရေး၊ တရားသူကြီးများအား လွတ်လပ်စွာ ရွေးချယ်ရေးနှင့် တရားသူကြီးများ၊ တရားရုံးရှေ့နေ များ၏ အဆင့်အတန်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ မွန်းမံသင်တန်းများနှင့် သက်ဆိုင်သော လမ်းညွှန်ချက်များ အား အသေးစိတ် ရှင်းလင်းဖော်ပြရေး ပါဝင်ရန် ပါဝင်သည်။

ထို့ကြောင့် တရားသူကြီးများအား ရွေးချယ်ခြင်း၊ မွန်းမံသင်တန်းပေးခြင်း၊ ၎င်းတို့လိုက်နာရမည့် ကျင့်ဝတ်များ အရေးပါပုံ၊ တရားရေးစနစ်နှင့် ဆက်စပ်သော တရားသူကြီးများ၏ အခန်းကဏ္ဍကို ပထမ ဦးဆုံး စဉ်းစားရန်မှာ သင့်လျော်ပေသည်။

တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုကို ထိန်းသိမ်း၊ မြှင့်တင်ရာတွင် အဖွဲ့ဝင်နိုင်ငံများအတွက် အထောက်အကူဖြစ်စေရန် ရေးဆွဲထားသည့် အောက်ပါအခြေခံမူများကို အစိုးရများမှ ယင်းတို့၏ အမျိုးသား ဥပဒေများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရေး မူဘောင်များအတွင်း ထည့်သွင်းစဉ်းစားခြင်း လေးစားခြင်းများ ရှိသင့်သည်။ ထို့အတူ တရား သူကြီးများ၊ ရှေ့နေများ၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေပြုရေး မဏ္ဍိုင်တို့တွင် ပါဝင်သူများနှင့် ပြည်သူများသတိပြုမိစေရန်လည်း ဆောင်ရွက်သင့်သည်။ ဤအခြေခံမူ များအား ထူးချွန်ထက်မြက်သည့် ရှေ့နေများက ရေးဆွဲထားခြင်း ဖြစ်သည်။ သို့သော် ဤအခြေခံမူများသည် နေရာဒေသတိုင်းရှိ တရားသူကြီးများအားလုံးနှင့် ဆီလျော်စေရန် ရေးဆွဲထားခြင်း ဖြစ်သည်။

## တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု

(၁) နိုင်ငံတော်သည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုကို အကာအကွယ်ပေးရမည်။ နိုင်ငံ၏ ဖွဲ့စည်းပုံ သို့မဟုတ် ဥပဒေများဖြင့်လည်း ကာကွယ်ပေးစေရမည်။ လွတ်လပ်စွာ တရားစီရင်ရေးကို လေးစားလိုက်နာရန်မှာ အစိုးရအားလုံးနှင့် အခြားအင်စတီကျူးရှင်းများ၏ တာဝန်ပင်ဖြစ်သည်။

(၂) တရားရေးအာဏာပိုင်များသည် ၎င်းတို့ကိုင်တွယ်ရသည့် အမှုများအား ခိုင်မာသည့် အချက် အလက်များ၊ တည်ဆဲဥပဒေများနှင့်အညီ သမာသမတ်ကျစွာ စီရင်ဆုံးဖြတ်ရမည်။ ထို့သို့ စီရင် ဆုံးဖြတ်ရာတွင် မည်သည့်အဖွဲ့ သို့မဟုတ် မည်သို့သော အကြောင်းတရားများ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော စွက်ဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုပြုခြင်း၊ ဖိအားပေးခြင်း၊ မက်လုံး ပေးခြင်း၊ မလျော်ဩဇာသုံးခြင်းနှင့် ကန်သတ်ချုပ်ချယ်ခြင်းတို့ ပါဝင်ခြင်း မရှိစေရ။

(၃) တရားရေးအာဏာပိုင်အဖွဲ့တွင် တရားရေးဆိုင်ရာ ကိစ္စရပ်များအားလုံးအား တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ ထို့အတူ စီရင်ဆုံးဖြတ်ပေးရန် တင်ပြလာသည့် တရားရေးဆိုင်ရာ ကိစ္စရပ်တစ်ခု သည် ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော ယင်း၏လုပ်ပိုင်ခွင့်အတွင်း ရှိမရှိကို ဆုံးဖြတ်ရန် အတွက် လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ရှိစေရမည်။

(၄) တရားစီရင်ရေးလုပ်ငန်းစဉ်အပေါ် မသင့်လျော်သော သို့မဟုတ် အကြောင်းမဲ့ ဝင်ရောက်စွက်ဖက် ခြင်းများ မရှိစေရ။ ထို့အတူ တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များကို ပြန်လည်ပြင်ဆင် တည်း ဖြတ်ခြင်းလည်း မပြုလုပ်စေရ။ ဤအခြေခံမူမှာ တရားဥပဒေနှင့်အညီ ဆောင်ရွက်သော တရားသူကြီးတစ်ဦးမှ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာအရ တရားစီရင်ချက်ကို ပြန်လည်သုံးသပ်ခြင်း၊ သို့မဟုတ် ပြစ်ဒဏ်လျှော့ပေါ့ခြင်း သို့မဟုတ် ပြစ်ဒဏ်ပြောင်းလဲ လျှော့ပေါ့ပေးခြင်းတို့အတွက် ဆိုလိုခြင်း မဟုတ်ပေ။

(၅) သာမာန်တရားရုံးများ သို့မဟုတ် ခုံရုံးများသည် အတည်ပြုပြဋ္ဌာန်းထားသော တရားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုကာ လူတိုင်းအား တရားစီရင်ခွင့်ရှိသည်။ သာမာန်တရားရုံး များ၊ ခုံရုံးများနှင့် သက်ဆိုင်သည့် တရားစီရင်ပိုင်ခွင့်ကို အစားထိုးရန်အတွက် မှန်မှန်ကန်ကန် ရေးဆွဲထားသည့် တရားစီရင်ရေး လုပ်ထုံးလုံးနည်းများကို အသုံးမပြုသော ခုံရုံးများကို ဖန်တီး ခြင်း မရှိစေရ။

(၆) တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုအခြေခံမူအရ တရားရေးအာဏာပိုင်များသည် တရားစီရင် ရေး လုပ်ငန်းစဉ်များအား သမာသမတ်ကျစွာ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာ အမှုသည်များ၏ အခွင့်အရေးများကို အသိအမှတ်ပြု လေးစားရန်တို့ လိုအပ်သည်။

(၇) တရားစီရင်ရေးအဖွဲ့မှ ယင်းနှင့်သက်ဆိုင်သော လုပ်ငန်းတာဝန်များကို စည်းစနစ်တကျ ဆောင် ရွက်နိုင်ရန်အတွက် လုံလောက်သော အရင်းအမြစ်များ ထုတ်ပေးရန်မှာ အဖွဲ့ဝင်နိုင်ငံ တိုင်း၏ တာဝန်ဖြစ်သည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအပင်းဖွဲ့စည်းခွင့်

(၈) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအရ တရားသူကြီးများသည် ၎င်းတို့နိုင်ငံ တွင်းရှိ အခြားနိုင်ငံသားများကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သက်ဝင်ယုံကြည်ခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုဝေးပိုင်ခွင့်များရှိသည်။ သို့သော် ထိုသို့သော လွတ်လပ်ခွင့်များကို အသုံးချရာတွင် တရားသူကြီးများအနေဖြင့် ၎င်းတို့၏ ရာထူး၊ သမာသမတ် ရှိမှုနှင့် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်သော အပြုမူများ ဟုတ်မဟုတ်ကိုမူ မဖြစ်မနေ ဆန်းစစ်ရမည်။

(၉) တရားသူကြီးများသည် တရားသူကြီးအစည်းအရုံးများ ဖွဲ့စည်းခြင်း၊ အသင်းဝင်ဖြစ်ခြင်းတို့တွင် လွတ်လပ်မှု ရှိစေရမည်။ ထို့အတူ ၎င်းတို့၏ အကျိုးစီးပွားကိုဖော်ပြရန်၊ ၎င်းတို့၏ ပညာရပ်ဆိုင်ရာ မွန်းမံသင်တန်းများကို အဆင့်မြှင့်ရန်နှင့် ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုကို ကာ ကွယ်ရန်တို့တွင်လည်း လွတ်လပ်မှု ရှိစေရမည်။

## အရည်အချင်း၊ ရွေးချယ်ခြင်းနှင့် မွမ်းမံသင်တန်း

(၁၀) တရားရုံးများအတွက် ရွေးချယ်ခံရမည့်သူတွင် ဥပဒေဆိုင်ရာ အသိမှတ်ပြု လက်မှတ်များ သို့မဟုတ် သင်တန်းတက်ရောက်ထားသူများ ဖြစ်ရမည့်အပြင် သမာသမတ်ကျ၍ အရည်အချင်းရှိသောသူလည်း ဖြစ်စေရမည်။ တရားသူကြီးများ ရွေးချယ်သည့် မည်သည့်နည်းလမ်းတွင်မဆို မလျော်ကန်သောအကျိုးရလိုမှုဖြင့် ခန့်အပ်ခြင်းကို စောင့်ကြည့်ဆန့်ကျင်စေရမည်။ ထို့အတူ တရားသူကြီးများ ရွေးချယ်ခြင်း၌ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား လူမျိုး၊ အသားအရောင်၊ လိင်၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသော အမြင်သဘောထားများ၊ နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး သို့မဟုတ် အဆင့်အတန်းအရ ခွဲခြားခြင်း မပြုစေရ။ သို့သော် သက်ဆိုင်ရာနိုင်ငံ၏နိုင်ငံသားကိုသာ ခန့်အပ်ရမည့်တရားရုံးအတွက်ဖြစ်ပါက ယင်းအား ခွဲခြားရွေးချယ်မှုတစ်ခုဟု မသတ်မှတ်ရ။

(၁၁) တရားသူကြီးများ တာဝန်ထမ်းဆောင်နိုင်သည့် သက်တမ်း၊ ၎င်းတို့၏ လွတ်လပ်မှု၊ လုံခြုံရေး၊ လုံလောက်သောလစာ၊ တာဝန်ထမ်းဆောင်ရန် လိုအပ်ချက်များနှင့် ပင်စင်ယူရမည့် အသက်အရွယ်တို့အား ဥပဒေတစ်ရပ်ဖြင့် အသေအချာ ပြဋ္ဌာန်းထားရမည်။

(၁၂) ခန့်အပ်ခြင်းခံထားရသော သို့မဟုတ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသော တရားသူကြီးများတွင် မဖြစ်မနေ ပင်စင်ယူရမည့် အသက်အရွယ် သို့မဟုတ် ၎င်းတို့၏ အမှုထမ်းသက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်နိုင်စေရမည်။

(၁၃) တရားသူကြီးများအား ရာထူးတိုးမြှင့်ရာတွင် (မည်သည့်နေရာတွင် ရှိသည့်စနစ်ဖြစ်စေ) ဓမ္မဓိဋ္ဌာန်ကျသော အကြောင်းအချက်များ၊ အထူးသဖြင့် စွမ်းဆောင်ရည်၊ သမာသမတ်ကျမှုနှင့် အတွေ့အကြုံတို့အပေါ်တွင် အခြေခံသင့်သည်။

(၁၄) တရားရုံးတွင် တရားသူကြီးများကို ၎င်းတို့ ဆုံးဖြတ်ရမည့် အမှုများလက်ခံရန် တာဝန်ပေးအပ်မှုသည် တရားစီရင်ရေး စီမံအုပ်ချုပ်မှုအတွင်းရှိ ကိစ္စရပ်သာဖြစ်ရမည်။

## အလုပ်နှင့်ပတ်သက်၍ နှုတ်လုံရန်နှင့် ကင်းလွတ်ခွင့်များ

(၁၅) တရားသူကြီးများသည် အများပြည်သူရှေ့မှောက်တွင် ကြားနာစစ်ဆေးခြင်းမှလွဲ၍ ၎င်းတို့၏ တာဝန်ဝတ္တရားအရ စုဆောင်းထားသည့် မပေါက်ကြားသင့်သော အချက်အလက်များ၊ ၎င်းတို့၏ စဉ်းစားချင့်ချိန်မှုများနှင့် ပက်သက်၍ နှုတ်လုံရမည်။ ထိုသို့သော အရေးကိစ္စများတွင် အတင်းအကြပ် ဂန်ခံခိုင်းခံရခြင်းမျိုးလည်း မရှိစေရ။

(၁၆) ရှေ့နေများသည် ၎င်းတို့၏ တရားရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာအတွင်း မလျော်ကန်သော အပြုအမူများ သို့မဟုတ် ချန်လှပ်ခြင်းများအတွက် ငွေကြေးနစ်နာမှုရရှိစေရန် တရားရုံး၌ တရားဆွဲဆိုခြင်းတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်ငြိမ်းခွင့်ကို ခံစားရရှိသင့်သည်။ နိုင်ငံတွင်းတည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်မှပေးအပ်သည့် နစ်နာကြေးရပိုင်ခွင့် သို့မဟုတ် အယူခံခွင့်များ သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် ထိခိုက်နစ်နာမှု မရှိစေရ။



## စည်းကမ်းထိန်းသိမ်းရေး၊ တာဝန်မှ ဆိုင်းငံ့ခြင်းနှင့် တာဝန်မှ ဖယ်ရှားခြင်း

(၁၇) တရားသူကြီးတစ်ဦးအား သူ/သူမ၏ တရားစီရင်ရေးနှင့် ပညာရပ်ဆိုင်ရာ အရည်အသွေးများနှင့် ပတ်သက်၍ တရားစွဲခြင်း သို့မဟုတ် တိုင်းကြားခြင်း ပြုလုပ်ပါက သင့်တင့်လျောက်ပတ်သော လုံးထုံးလုပ်နည်းများဖြင့် မြန်မြန်ဆန်ဆန် မျှမျှတတ အရေးယူ ဆောင်ရွက်စေရမည်။ ထိုတရားသူကြီးတွင် တရားမျှတသော ကြားနာစစ်ဆေးခံခွင့်မျိုး ရရှိစေရမည်။ ထိုသို့သော အရေးကိစ္စမျိုးကို စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်ရာတရားသူကြီး၏ တောင်းဆိုခြင်းမပြုပါက ကနဦးစစ်ဆေးမှုများအား လျှို့ဝှက်ထားစေရမည်။

(၁၈) တရားသူကြီးများသည် ၎င်းတို့၏ တာဝန်နှင့် မသင့်တော်သည့် အရည်အသွေးချို့တဲ့မှု သို့မဟုတ် အပြုအမူများဖြင့်သာ တာဝန်မှ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ဖယ်ရှားခံရခြင်းမျိုး ဖြစ်စေရမည်။

(၁၉) စည်းကမ်းထိန်းသိမ်းရေး၊ တာဝန်မှဆိုင်းငံ့ရေး သို့မဟုတ် တာဝန်မှ ဖယ်ရှားရေးတို့အတွက် ဆောင်ရွက်မှုများ အား လုံးသည် အတည်ပြုထားသည့် တရားသူကြီးများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီသာ စဉ်းစားဆုံးဖြတ်စေရမည်။

(၂၀) စည်းကမ်းပိုင်းအရ အရေးယူရန်၊ တာဝန်မှဆိုင်းငံ့ရန် သို့မဟုတ် တာဝန်မှ ဖယ်ရှားရန် ဆုံးဖြတ်ချက်များသည် လွတ်လပ်သော သုံးသပ်အစီရင်ခံမှုအပေါ်တွင်သာ အခြေခံသင့်သည်။ ဤအခြေခံမှုမှာ အမြင့်ဆုံးတရားရုံးနှင့် စွပ်စွဲပြစ်တင်ခြင်းခံထားရသော ဥပဒေပြုအမတ်များ သို့မဟုတ် အလားတူ အရေးယူဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များနှင့် အကျုံးမဝင်ပေ။

## ရှေ့နေများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သော အခြေခံမူများ

*(ကျူးဘားနိုင်ငံ ဟာဗာနာမြို့တွင် ၁၉၉၀ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာ ၇ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်မှုများကို ကြိုတင် ကာကွယ်ခြင်းဆိုင်ရာ ရှစ်ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံတွင် ရေးဆွဲခဲ့သည်။)*

---

ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ကမ္ဘာ့ပြည်သူများက တရားမျှတမှုရှိသော လူမှုအသိုက်အဝန်းများ ဖန်တီးလိုသည့် ၎င်းတို့၏ စိတ်ပိုင်းဖြတ်မှုကို အခိုင်အမာ ပြဆိုခဲ့သည့် အချက်တစ်ချက်ပါဝင်သည်။ ထို့အတူ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားမှုကို လူမျိုး၊ လိင်၊ ဘာသာစကား၊ သို့မဟုတ် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအရ ခွဲခြားခြင်းမရှိစေဘဲ အားပေးမြှင့်တင်ရာတွင် နိုင်ငံတကာ အတိုင်းအတာဖြင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်လည်း ပါဝင်သည်ဟု ကြေညာခဲ့ကြသည်။

နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် တရားဥပဒေအရာ၌ သာတူညီမျှမှုရှိရေး၊ ပြစ်မှုကျူးလွန်ကြောင်း အထင်အရှားမတွေ့ရှိရသေးခင်တွင် အပြစ်မဲ့သူဟုသာ ယူဆခံရရေးနှင့် လွတ်လပ်၍ ဘက်မလိုက်သော ခုံရုံးတွင် လူအများရှေ့မှောက်၌ တရားမျှတစွာ စစ်ဆေးခံရရေး၊ ပြစ်မှုနှင့် တရားဆွဲစွဲဆိုခြင်းခံရသူများအတွက် ခုခံချေပရေးအတွက် လိုအပ်ချက်အားလုံးကို အာမခံခြင်းအား အလေးပေး တန်ဖိုးထားသည်ဆိုသော အချက်လည်းလည်း ပါဝင်သည်။

ထို့အပြင် နိုင်ငံသားနှင့် နိုင်ငံသားဆိုင်ရာ အခွင့် အရေးများ နိုင်ငံတကာ သဘောတူစာချုပ်တွင် နိုင်ငံသားတိုင်းအား အချိန်အကန့်အသတ်မရှိ ကြာမြင့်ခြင်း မရှိသော စစ်ဆေးမေးမြန်းမှုများကိုသာ ပြုလုပ်စေရမည်ဟု ဖော်ပြထားသော အချက်လည်းပါဝင်သည်။ ထို့အတူ ဥပဒေအရ ဖွဲ့စည်းထားပြီး လုပ်ပိုင်ခွင့်အာဏာရှိသော၊ လွတ်လပ်မျှတသော ခုံရုံးတစ်ခုမှ အများပြည်သူရှေ့မှောက်တွင် တရားမျှတစွာ စစ်ဆေးမေးမြန်းခြင်းမျိုးကိုသာ ခံစေရမည်ဟုလည်း ဖော်ပြထားသည်။

စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တွင်လည်း ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အကျုံးဝင်သောနိုင်ငံများ၏ တာဝန်ဝတ္တရားမှာ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်အား လေးစားလိုက်နာရေးကို အားပေးမြှင့်တင်ရမည်ဟု ထပ်မံတောင်းဆိုထားသော အချက်လည်း ပါဝင်သည်။

ထောင်ချခံရခြင်း သို့မဟုတ် အကြောင်းအမျိုးမျိုးဖြင့် ထိန်းသိမ်းခံထားရသူများအားလုံးအား ကာကွယ်ရေးဆိုင်ရာ အခြေခံမူများ၏ အဓိကအချက်မှာ ထိန်းသိမ်းခံထားရသူတစ်ဦးတွင် ဥပဒေအကြံပေး၏အကူအညီ ရပိုင်ခွင့်၊ ဆက်သွယ်ခွင့်နှင့် အကြံဉာဏ်ရယူခွင့်များ ရှိသည်ဟူသော အချက်လည်း ပါဝင်သည်။

အကျဉ်းသားများအပေါ် ပြုမူဆက်ဆံခြင်းအတွက် စံသတ်မှတ်ချက် အနိမ့်ဆုံး စည်းမျဉ်းစည်းကမ်းများတွင် ပြစ်မှုထင်ရှားကြောင်း မတွေ့ရှိရသေးသော အကျဉ်းသားများအား တရားဥပဒေကြောင်းအရ အကူအညီပေးခြင်း၊ ဥပဒေအကြံပေးနှင့် လျှို့ဝှက်ဆက်သွယ်ခြင်းများ အသေအချာပြုလုပ်ပေးရန် အကြံပေးထားသည့် အချက်လည်း ပါဝင်သည်။



သေဒဏ်ချမှတ်ခံထားရသူများအား ကာကွယ်ရန် အာမခံထားသော ကာကွယ်မှုများတွင် သေဒဏ်ချမှတ်ခြင်းခံရမည့် ပြစ်မှုတစ်ခုဖြင့် သံသယဖြစ်ခံရခြင်း သို့မဟုတ် စွဲချက်တင်ခြင်းခံထားရသော သူတိုင်းတွင် နိုင်ငံသားနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာသဘောတူစာချုပ်၏ ပုဒ်မ ၁၄ နှင့်အညီ စစ်ဆေးမေးမြန်းမှုအားလုံး၌ လုံလောက်သော တရားဥပဒေကြောင်းအရ အကူအညီပေးမှုများ မဖြစ်မနေ ရရှိပိုင်ခွင့်ရှိသည်ဟူသော အချက်ကို ထပ်လောင်းအတည်ပြုထားသည်။

ရာဇဝတ်မှု ကျူးလွန်ခြင်းခံရသူများနှင့် အာဏာချိုးဖောက်ခြင်းခံရသူများအတွက် တရားမျှတမှုရှိရေးဆိုင် အခြေခံမူများ ကြေညာချက်တွင် ရာဇဝတ်မှုကျူးလွန်ခြင်း ခံရသူများအတွက် တရားမျှတမှုရှိရေး၊ မျှမျှတတ ဆက်ဆံခံရရေး၊ နစ်နာကြေးနှင့် အကူအညီများ ရရှိရေးတို့ တိုးတက်လာစေရန်အတွက် အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် သတ်မှတ် ဆောင်ရွက်မှုများ ထားရှိရန် အကြံပေးထားသည့် အချက်လည်း ပါဝင်သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ ရပ်တည်ရှင်သန်မှုအတွက် လူသားတိုင်း၌ ၎င်းတို့၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအတွက် လုံလောက်သော အကာအကွယ်ပေးမှုများ ရပိုင်ခွင့်ရှိသည်။ ယင်းအတွက် လူသားတိုင်းသည် လွတ်လပ်သော တရားရေးပညာရှင်တစ်ဦး၏ တရားဥပဒေကြောင်းအရ အကူအညီပေးခြင်းကို ထိထိရောက်ရောက် ရယူပိုင်ခွင့်ရှိသည်။

ရှေ့နေအစည်းအရုံးများသည် အသက်မွေးဝမ်းကြောင်းမှု ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကျင့်ဝတ်များအား ထိန်းသိမ်းခြင်း၊ အဖွဲ့ဝင်များအပေါ် ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ မလျော်ကန်သည့်တင်းကြပ်မှုနှင့် ချိုးဖောက်မှုများ ကျူးလွန်ခြင်းတို့မှကာကွယ်ခြင်း၊ တရားဥပဒေကြောင်းအရ အကူအညီပေးမှုများ လိုအပ်ပါက ကူညီဆောင်ရွက်ပေးခြင်းနှင့် အများပြည်သူ အကျိုးစီးပွားနှင့် တရားမျှတမှုရှိရေးတို့အတွက် ဆောင်ရွက်မှုများတွင် အစိုးရများ အခြားအင်စတီကျူးရှင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ အောက်တွင်ဖော်ပြထားသည့် ရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ အခြေခံမူများမှာ ရှေ့နေများနှင့် သက်ဆိုင်သော အခန်းကဏ္ဍအား အားပေးမြှင့်တင်ရန်နှင့် အာမခံပေးရန်တို့အတွက် အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် ရေးဆွဲပေးထားခြင်းဖြစ်သည်။ အစိုးရများအနေဖြင့် ထိုအခြေခံမူများအား ယင်းတို့၏ အမျိုးသားလွှတ်တော်နှင့် လက်တွေ့ကျင့်သုံးနေသည့် ဥပဒေမူဘောင်များတွင် တလေးတစား ထည့်သွင်းစဉ်းစားသင့်သည်။ ထို့အတူ ရှေ့နေများအပြင် တရားသူကြီးများ၊ တရားရုံးရှေ့နေများ၊ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် တာဝန်ထမ်းဆောင်နေသူများ၊ ဥပဒေပြုလွှတ်တော် အမတ်များနှင့် သာမာန်ပြည်သူများ ကဲ့သို့သော အခြားပုဂ္ဂိုလ်များ သတိပြုမိစေရန်လည်း ဆောင်ရွက်သင့်သည်။ တရားဝင်အသိမှတ်ပြု ရှေ့နေတစ်ဦး မဟုတ်သော်လည်း ရှေ့နေများ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသော ပုဂ္ဂိုလ်များသည်လည်း လိုအပ်ပါက ဤအခြေခံမူများတွင် အကျုံးဝင်စေရမည်။

## ရှေ့နေများ ခေါ်ယူခွင့်၊ ဥပဒေဆိုင်ရာဝန်ဆောင်မှုများ ရပိုင်ခွင့်

၁။ ရာဇဝတ်မှုဖြင့် ရင်ဆိုင်နေရသူတိုင်းသည် စစ်ဆေးမေးမြန်းမှုအဆင့်ဆင့်၌ ၎င်းတို့အတွက် ခုခံရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းရန်တို့အတွက် ၎င်းတို့ကိုယ်တိုင် ရွေးချယ်သည့် ရှေ့နေ၏ အကူအညီကို ရပိုင်ခွင့်ရှိသည်။

၂။ အစိုးရများသည် ၎င်းတို့တရားစီရင်ပိုင်ခွင့်ရှိသော အရေးကိစ္စများနှင့် ၎င်းတို့၏ နယ်ပိုင်နက်အတွင်းမှ လူပုဂ္ဂိုလ်အားလုံးအတွက် ရှေ့နေများ၏အကူအညီကို အညီအမျှထိထိရောက်ရောက် ရရှိနိုင်စေရန် အကျိုးရှိပြီး လိုအပ်ချက်နှင့်အညီ တုံ့ပြန်နိုင်စွမ်းရှိသော လုပ်ထုံးလုပ်နည်းများ ရှိနေစေရန် အသေအချာဆောင်ရွက်စေရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လူမျိုး၊ အသားအရောင်၊ လူမျိုးစု ဇစ်မြစ်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသော အမြင်သဘောထားများ၊ နိုင်ငံသား သို့မဟုတ် လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး၊ စီးပွားရေး သို့မဟုတ် အခြားသော အဆင့်အတန်းများအရ ခွဲခြားဆက်ဆံမှုကဲ့သို့သော အတန်းအစား ခွဲခြားမှုများ မရှိစေရ။

၃။ ဆင်းရဲနွမ်းပါးသူများ သို့မဟုတ် အခြားသော အပစ်ပယ်ခံ လူပုဂ္ဂိုလ်များအတွက် တရားဥပဒေကြောင်းအရ အကူအညီပေးရန် လုံလောက်သော ငွေကြေးနှင့် အခြားရင်းမြစ်များအား လိုအပ်သလို ထောက်ပံ့ပေးခြင်းကို အစိုးရများမှ အသေအချာ ဆောင်ရွက်စေရမည်။ ရှေ့နေအစည်းအရုံးများသည်လည်း အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ အကူအညီ၊ အထောက်အပံ့များနှင့် အခြားသော ရင်းမြစ်များကို မဖြစ်မနေ ထောက်ပံ့ပေးရမည်။

၄။ အစိုးရများနှင့် ရှေ့နေအဖွဲ့အစည်းများသည် ပြည်သူများအား ဥပဒေအရ ခွင့်ပြုထားသည့် အခွင့်အရေးများနှင့် တာဝန်များအကြောင်း ပညာပေးသည့် အစီအစဉ်များကို အားပေးမြှင့်တင်စေရမည်။ ထို့အတူ ၎င်းတို့၏ အခြေခံလွတ်လပ် ခွင့်များအား ကာကွယ်ရန်အတွက် ရှေ့နေများ၏ အရေးပါသော အခန်းကဏ္ဍကိုလည်း ပညာပေးရန် အားပေးမြှင့်တင်စေရမည်။ ဆင်းရဲ နွမ်းပါးသူများနှင့် အပစ်ပယ်ခံ လူပုဂ္ဂိုလ်များအား အကူအညီပေးရန်အထွက် အထူးဂရုပြုသင့်သည်။ သို့မှသာ ၎င်းတို့၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်တိုင် ကာကွယ်နိုင်မည်ဖြစ်ပြီး၊ လိုအပ်ပါက ရှေ့နေများ၏ အကူအညီကို ရယူနိုင်မည် ဖြစ်သည်။

## ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှု ကိစ္စရပ်များတွင် အထူးသတိထားကာကွယ်စောင့်ရှောက်ရမည့်အရာများ

၅။ ရာဇဝတ်မှုတစ်ခုဖြင့် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် စွပ်စွဲခြင်းခံထားရသူတိုင်းသည် ၎င်းတို့၏သဘောဆန္ဒအလျောက် ရွေးချယ်သော ရှေ့နေတစ်ဦး၏ အကူအညီအား ရပိုင်ခွင့်ရှိသည်ဆိုသည်ကို ပြောရေးဆိုခွင့်ရှိသည့် အာဏာပိုင်တစ်ဦးက ချက်ခြင်းအသိပေးရေးအား အစိုးရများမှ အသေအချာ ဆောင်ရွက်စေရမည်။

၆။ တရားမျှတမှုရှိရန် အလွန်လိုအပ်သော ရာဇဝတ်မှုတစ်ခုဖြင့် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် စွပ်စွဲခြင်းခံထားရသည့် ရှေ့နေမရှိသူများတွင် တရားဥပဒေကြောင်းအရ ထိရောက်သော အကူအညီပေးမှုတစ်ရပ် ရရှိရန်အလို့ငှာ သက်ဆိုင်ရာ ရာဇဝတ်မှု၏ သဘောသဘာဝကို နားလည်သည့် အရည်အချင်းနှင့် အတွေ့အကြုံရှိသော ရှေ့နေတစ်ဦး ရရှိပိုင်ခွင့် ရှိစေရမည်။ ထိုသို့ကူညီရန်အတွက် ရှေ့နေအားပေးဆောင်ရန် ငွေကြေးမလုံလောက်ပါကလည်း ၎င်းတို့ကိုယ်တိုင် ပေးဆောင်စေခြင်း မရှိစေရ။

၇။ ရာဇဝတ်မှုဖြင့် သို့မဟုတ် အခြားအကြောင်းဖြင့် ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ခံထားရသူအားလုံးတွင် ရှေ့နေအလျင်အမြန် ရရှိခွင့်ရှိပြီး မည်သို့သော အမှုကိစ္စဖြင့် ၄၈ နာရီထက် ကျော်လွန်ကာ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းများ မပြုလုပ်ရန် အစိုးရများက ထပ်မံကြီးကြပ်စေရမည်။

၈။ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ သို့မဟုတ် ထောင်ချခြင်းခံထားရသူအားလုံးတွင် ၎င်းတို့ရှေ့နေနှင့် တွေ့ဆုံနိုင်မည့် လုံလောက်သော အခွင့်အလမ်း၊ အချိန်၊ အကူအညီများ ရရှိပိုင်ခွင့်ရှိသည်။ ရှေ့နေနှင့်ဆက်သွယ်ရန် အကြံဉာဏ်ရယူရန် အချိန်ကြံ့ကြာခြင်းမရှိစေရ။ ထို့အတူ ကြားဖြတ် နားထောင်ခြင်း သို့မဟုတ် ဆင်ဆာဖြတ်ခြင်းလည်းမရှိစေရ။ အပြည့်အဝ လျှို့ဝှက်ပေးရမည်။ ထိုသို့သော အကြံဉာဏ်ပေးမှုများကို တရားဥပဒေအား လက်တွေ့ အကောင်အထည်ဖော်နေသည့် တာဝန်ရှိသူများ၏ မျက်စိရှေ့မှောက်တွင် ပြုလုပ်စေနိုင်သော်လည်း နားဖြင့်ကြားနိုင်သည့် နေရာမျိုးတွင် မဖြစ်စေရပေ။

## အရည်အချင်းများနှင့် မွန်းမံသင်တန်းများ

၉။ စံချိန်စံညွှန်းမီသော ပညာရေးနှင့် လေ့ကျင့်သင်ကြားမှုများကို ရှေ့နေများရရှိစေရန် အစိုးရများ၊ ရှေ့နေအဖွဲ့အစည်းများနှင့် ဥပဒေပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများက အသေအချာ ဆောင်ရွက်သင့်သည်။ ထို့အတူ နိုင်တကာဥပဒေများ၊ ပြည်တွင်းဥပဒေများမှ အသိမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ၊ ရှေ့နေများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်များ၊ အကောင်းဆုံးသော အခြေအနေများကို သတိပြုမိစေရန်လည်း ဆောင်ရွက်ပေးရမည်။

၁၀။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ဥပဒေပညာသင်ယူခြင်း သို့မဟုတ် ယင်းပညာဖြင့် အသက်မွေးဝမ်းကြောင်းမှုပြုခြင်း၌ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာ၊ နိုင်ငံရေးသို့မဟုတ် အခြားသော အတွေးအခေါ်များ၊ နိုင်ငံသား သို့မဟုတ် လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး သို့မဟုတ် အဆင့်အတန်းအရ ခွဲခြားခြင်းများ မရှိစေရန် အစိုးရများ၊ ရှေ့နေအစည်းအရုံးများ၊ ဥပဒေပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများက အသေအချာဆောင်ရွက်ရမည်။ သို့သော် သက်ဆိုင်ရာ နိုင်ငံ၏ နိုင်ငံသားကိုသာ ခန့်အပ်ရမည့် တရားရုံးအတွက်ဖြစ်ပါက ယင်းအားခွဲခြားရွေးချယ်မှု တစ်ခုဟု မသတ်မှတ်ရ။

၁၁။ ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများ၊ ဓလေ့များ သို့မဟုတ် ဘာသာစကားများ သို့မဟုတ် အတိတ်ကာလအတွင်း ခွဲခြားဆက်ဆံခြင်း ခံထားရသော လူ့အုပ်စုများ၊ လူမှုအသိုင်းအဝိုင်းများ သို့မဟုတ် ဒေသများတွင် တရားဥပဒေကြောင်းအရ အကူအညီပေးမှုများရရှိရန် လိုအပ်ချက်များ မပြည့်မီပါက အဆိုပါ လူမှုအသိုင်းအဝိုင်းအတွင်းမှ လူပုဂ္ဂိုလ်များအား ဥပဒေပညာရပ်များ သင်ကြားနိုင်မည့် အထူးအရေးယူဆောင်ရွက်မှုများကို အစိုးရများ၊ ရှေ့နေအစည်းအရုံးများနှင့် ဥပဒေ ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများက ဖော်ဆောင်ပေးသင့်သည်။ ထို့အတူ ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် မွန်းမံသင်တန်းများ ရရှိရေးကိုလည်း အသေအချာဆောင်ရွက်ပေးသင့်သည်။

## တာဝန်ဝတ္တရားများနှင့် လုပ်ငန်းတာဝန်များ

၁၂။ ရှေ့နေများသည် ၎င်းတို့ပညာရပ်နှင့် သက်ဆိုင်သာ လေးစားမှုနှင့် ဂုဏ်သိက္ခာကို တရားဥပဒေရေးရာ စီမံအုပ်ချုပ်မှု၏ မရှိမဖြစ် အရေးပါသော အရာများအဖြစ် အစဉ်အမြဲ မဖြစ်မနေ ထိန်းသိမ်းစေရမည်။

၁၃။ အမှုသည်များနှင့် သက်ဆိုင်သည့် ရှေ့နေများ၏ တာဝန်ဝတ္တရားများတွင် အောက်ပါတို့ ပါဝင်သည်။

(က) အမှုသည်များအား ၎င်းတို့၏ တရားဝင်အခွင့်အရေးများ၊ ဝတ္တရားများအကြောင်းကို အကြံပေးရှင်းလင်းပြရမည်။ ထို့အတူ ၎င်းတို့၏ တရားဝင်အခွင့်အရေးများ၊ ဝတ္တရာများမှာ တရားဥပဒေစီရင်ရေးစနစ်တစ်ခု၏ လုပ်ရိုးလုပ်စဉ်များနှင့်သက်ဆိုင်သည့် အကြောင်းကိုလည်း ရှင်းပြရမည်။

(ခ) အမှုသည်များအား သင့်တင့်လျောက်ပတ်သည့် နည်းလမ်းအားလုံးဖြင့် ကူညီရန်နှင့် ၎င်းတို့၏ အကျိုးစီးပွားများကိုကာကွယ်ရန် တရားဥပဒေကြောင်းအရ ဆောင်ရွက်ပေးရန်။

(ဂ) တရားရုံး၊ ခုံရုံး သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင်များ ရှေ့မှောက်တွင် အမှုသည်များအား သင့်လျော်သလို အကူအညီပေးရန်။

၁၄။ အမှုသည်များ၏အခွင့်အရေးများကို ကာကွယ်ရေးနှင့် တရားမျှတမှုရှိရေးကို မြှင့်တင်ဆောင်ရွက်ပေးနေသော ရှေ့နေများသည် ၎င်းတို့၏ နိုင်ငံနှင့် နိုင်ငံတကာဥပဒေများမှ အသိမှတ်ပြုထားသည့် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား ကာကွယ်စောင့်ရှောက်စေရမည်။ ထို့အတူ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ၊ ဥပဒေများ၊ တရားရေးပညာရှင်များ၏ ကျင့်ဝတ်များနှင့်အညီ လွတ်လွတ်လပ်လပ် လုံ့လဝီရိယရှိရှိ အမြဲတမ်း ဆောင်ရွက်စေရမည်။

၁၅။ ရှေ့နေများသည် ၎င်းတို့အမှုသည်များ၏ အကျိုးစီးပွားများကို အစဉ်သဖြင့် တာဝန်သိစွာ လေးစားသမှု ပြုစေရမည်။ ရှေ့နေများ၏ လုပ်ငန်းတာဝန်များအတွက်လည်း တာဝန်ယူရမည်။



၁၆။ အစိုးရများသည်လည်း ရှေ့နေများအတွက် အောက်ဖော်ပြပါအချက်များကို အသေအချာ ဆောင်ရွက်ပေးရမည်။ က) ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အနှောင့်အယှက်ပေးခြင်း သို့မဟုတ် မမှန်မကန် ဝင်ရောက်စွက်ဖက်ခြင်းများနှင့် မကြုံတွေ့စေရဘဲ တရားရေးဆိုင်ရာ လုပ်ငန်းတာဝန်များ အားလုံးကို ဆောင်ရွက်နိုင်ရန်။ ခ) သက်ဆိုင်ရာနိုင်ငံတွင်းတွင် ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေ လွတ်လပ်စွာ ခရီးသွားနိုင်ရန်နှင့် အမှုသည်များအား လွတ်လပ်စွာ အကြံဉာဏ်ပေးနိုင်ရန်။ ဂ) အသိမှတ်ပြုထားသည့် တရားရေးဆိုင်ရာ တာဝန်များ၊ စံချိန်စံညွှန်းများ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်မှုများအတွက် တရားဆွဲဆိုခြင်း သို့မဟုတ် အုပ်ချုပ်ရေး၊ စီးပွားရေး သို့မဟုတ် အခြားနည်းလမ်းများဖြင့် အရေးယူခြင်း မခံရစေရန် သို့မဟုတ် ခြိမ်းခြောက်ခြင်း မခံရစေရန်။

၁၇။ တရားရေးဆိုင်ရာတာဝန်များ ပျက်ကွက်သည့်အတွက် ရှေ့နေများ၏ လုံခြုံရေးအား ခြိမ်းခြောက်ခံရပါက အာဏာပိုင်များသည် ၎င်းတို့၏ လုံခြုံရေးအတွက် လုံလောက်သော စောင့်ရှောက်မှုများ ပြုလုပ်ပေးရမည်။

၁၈။ တရားရေးတာဝန်များ ပျက်ကွက်ခြင်းအတွက် ရှေ့နေများအား ၎င်းတို့၏အမှုသည်များ သို့မဟုတ် အမှုသည်များ၏ အမှုများဖြင့် ဆက်စပ်ခြင်း မပြုစေရ။

၁၉။ ရှေ့နေတစ်ဦးသည် အမျိုးသားဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ဤအခြေခံမူများနှင့်အညီ ရှေ့နေအဖြစ်မှပိတ်ပင်ခြင်း မခံရသေးလျှင် သူ သို့မဟုတ် သူမ၏ အမှုသည်အတွက် ဆောင်ရွက်ပေးနိုင်သည့် ရှေ့နေများ၏ အခွင့်အရေးကို အသိမှတ်ပြုရန် တရားရုံး သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်များက အကြံပေးအကျိုးဆောင်ခွင့်အရ ငြင်းဆန်ခြင်း မရှိစေရ။

၂၀။ ရှေ့နေများသည် တရားတစ်ခု၊ ခုံရုံး သို့မဟုတ် အခြားသော ဥပဒေဆိုင်ရာ အာဏာပိုင်များ သို့မဟုတ် တရားရေးအာဏာပိုင်များ၏ ရှေ့မှောက်တွင် ထိုက်သင့်လျော်ကန်သော ထွက်ဆိုချက်များအား မှန်မှန်ကန်ကန် ရေးသားထုတ်ချေခြင်း သို့မဟုတ် နှုတ်အားဖြင့် ထုချေခြင်း သို့မဟုတ် ဥပဒေကြောင်းအရ ရုံးတော်သို့ လာရောက်ခြင်းများအတွက် တရားမရေးရာနှင့် ပြစ်မှုဆိုင်ရာ အကာအကွယ်ပေးမှုများ ရရှိစံစားစေရမည်။

၂၁။ ရှေ့နေများမှ ၎င်းတို့၏ အမှုသည်များအတွက် တရားဥပဒေကြောင်းအရ ထိရောက်သော အကူအညီများပေးနိုင်ရန်အတွက် အခွင့်အာဏာရ တရားရေးအာဏာပိုင်များမှ ၎င်းတို့လက်ဝယ်ရှိသော သို့မဟုတ် ထိန်းချုပ်ထားသော သက်ဆိုင်ရာ အချက်အလက်များ၊ အမှုတွဲများ၊ အထောက်အထားများကို ရှေ့နေများ လုံလောက်သည့်အချိန်တစ်ခုအတွင်း ရရှိနိုင်စေရန် အသေအချာ ဆောင်ရွက်ရေးမှာ အခွင့်အာဏာရ တရားရေးအာဏာပိုင်များ၏ တာဝန်ပင်ဖြစ်သည်။

၂၂။ တရားရေးကိစ္စဖြင့် ဆက်ဆက်မှုရှိနေသည့် ရှေ့နေများနှင့် ၎င်းတို့အမှုသည်များအကြား ဆက်သွယ်ခြင်း၊ အကြံပေးခြင်းများ အားလုံးမှာ လျှို့ဝှက်ထားရန် ဖြစ်သည်ဆိုသည်ကို အစိုးရများမှ အသိမှတ်ပြု လေးစားရမည်။

## လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ရေးနှင့် အသင်းအပင်းဖွဲ့စည်းရေး

၂၃။ ရှေ့နေများသည် အခြားသော နိုင်ငံသားများကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ဆိုပိုင်ခွင့်၊ ယုံကြည်ကိုးကွယ်ပိုင်ခွင့်၊ အသင်းအပင်း ဖွဲ့စည်းပိုင်ခွင့်နှင့် စုရုံးပိုင်ခွင့်များရှိသည်။ အထူးသဖြင့် ရှေ့နေများတွင် ဥပဒေနှင့်သက်ဆိုင်သော အရေးကိစ္စများ၊ တရားမျှတမှုရှိစွာ အုပ်ချုပ်ရေးကိစ္စရပ်များ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် အများပြည်သူဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရှိမည်။ ထို့အတူ ဒေသအဆင့်၊ နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်ရှိ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့် သို့မဟုတ် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်များ၊ အစည်းအဝေး တက်ခွင့်များလည်း ရှိစေရမည်။ ယင်းအတွက် တရားဥပဒေနှင့်ညီညွတ်သော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် တရားဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုများတွင် ပါဝင်ခြင်း အကြောင်းပြချက်တို့ဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုတွင် ကန့်သတ်ချုပ်ချယ်ခံရခြင်း မရှိစေရ။

## ရှေ့နေများအစည်းအရုံး

၂၄။ ရှေ့နေများသည် ၎င်းတို့၏ အကျိုးစီးပွားအား ကိုယ်စားပြုရန်၊ ၎င်းတို့၏ ပညာရေးနှင့် အရည်အသွေး မြင့်တက်ရေးတို့အတွက် ဆက်လက်လေ့လာနိုင်ရန်နှင့် ပညာရပ်ဆိုင်ရာ ဂုဏ်သိက္ခာအား ကာကွယ်ရန်တို့အတွက် ၎င်းတို့ကိုယ်တိုင်အုပ်ချုပ်သည့် ရှေ့နေအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်နှင့် အသင်းဝင်ဖြစ်ခွင်တို့ ရရှိစေရမည်။ ရှေ့နေအစည်းအရုံးများ၏ အမှုဆောင်အဖွဲ့အား ယင်းအစည်းရုံး၏ အဖွဲ့ဝင်များမှ ရွေးချယ်စေရမည်ဖြစ်သည့်အပြင် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်လည်း ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုများ မပြုလုပ်စေရ။

၂၅။ ရှေ့နေများအစည်းအရုံးသည် အစိုးရများနှင့် မဖြစ်မနေ ပူးပေါင်းဆောင်ရွက်ရမည်။ လူတိုင်း၌ ထိရောက် မျှတသော ဥပဒေကြောင်းအရ အကူအညီပေးမှုများ ရရှိစေရန်အတွက် ဖြစ်သည်။ ထို့အတူ ရှေ့နေများသည် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ ကျင့်ဝတ်များ၊ တည်ဆဲဥပဒေများနှင့်အညီ ၎င်းတို့၏ အမှုသည်များအား အကြံဉာဏ်ပေးခြင်း၊ ကူညီခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဖြစ်သည်။ ထို့သို့ဆောင်ရွက်ရာတွင် မလျော်ကန်သော ဝင်ရောက်စွက်ဖက်မှုများ မရှိစေရ။

## စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ

၂၆။ ရှေ့နေများ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များအား နိုင်ငံတွင်း ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ နိုင်ငံတကာ အသိအမှတ်ပြု စံချိန်စံညွှန်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ ဥပဒေပြုအဖွဲ့မှ သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဥပဒေပညာရှင်များက ရေးဆွဲစေရမည်။



၂၇။ ရှေ့နေများ၏ ပညာရပ်ဆိုင်ရာ အရည်အသွေးနှင့်ပတ်သက်သော တရားစွဲဆိုမှုများ သို့မဟုတ် တိုင်ကြားချက်များအား သင့်လျော်သော အရေးယူဆောင်များဖြင့် မြန်မြန်ဆန်ဆန် မျှမျှတတ ဆောင်ရွက်စေရမည်။ ရှေ့နေများတွင် ကိုယ်တိုင်ရွေးချယ်သည့် ရှေ့နေ၏ အကူအညီကို ရပိုင်ခွင့်အပါအဝင် တရားမျှတသော ကြားနာစစ်ဆေးမှု ရရှိပိုင်ခွင့်ရှိသည်။

၂၈။ ရှေ့နေများအပေါ်ပြုလုပ်သည့် စည်းကမ်းပိုင်းဆိုင်ရာ ကြားနာစစ်ဆေးမှုများအား ဥပဒေပညာရှင်များ ဖွဲ့စည်း ထားသည့် ဘက်မလိုက်သော စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဥပဒေအရ ဖွဲ့စည်းထားသည့် လွတ်လပ်သော တရားရေးအာဏာပိုင်အဖွဲ့ သို့မဟုတ် တရားရုံးတော်တစ်ခု၏ ရှေ့မှောက်တွင် ပြုလုပ်စေရမည်။ ထို့အတူ လွတ်လပ်သော တရားစီရင်စစ်ဆေးမှုတစ်ခု ဖြစ်စေရမည်။

၂၉။ အားလုံးသော စည်းကမ်းပိုင်းဆိုင်ရာ ကြားနာစစ်ဆေးမှုများအား စဉ်းစားဆုံးဖြတ်ရာတွင် တရားရေးပညာရှင်များ မဖြစ်မနေလိုက်နာရမည့် စည်းကမ်းများ၊ အခြားသော အသိမှတ်ပြု စံချိန်စံညွှန်းများ၊ ကျင့်ဝတ်များ၊ ဤအခြေခံမူများနှင့် အညီသာ ပြုလုပ်စေရမည်။

## အစိုးရရှေ့နေများ၏ အခန်းကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များ

*(ကျူးဘားနိုင်ငံ ဟာဗာနာမြို့တွင် ၁၉၉၀ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာ ၇ ရက်နေ့အထိ ကျင်းပသော ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်မှုများကို ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ရှစ်ကြိမ်မြောက် ကုလသမဂ္ဂညီလာခံတွင် ရေးဆွဲခဲ့သည်။)*

---

ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ကမ္ဘာ့ပြည်သူများက တရားမျှတမှုရှိသော လူမှုအသိုင်းအဝိုင်းများဖန်တီးလိုသည့် ၎င်းတို့၏ စိတ်ပိုင်းဖြတ်မှုကို အခိုင်အမာပြဆိုခဲ့သည့် အချက်တစ်ချက်ပါဝင်သည်။ ထို့အတူ ထိုသို့ဖန်တီးလိုသည့် ရည်ရွယ်ချက်များမှာ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားမှုအား လူမျိုး၊ လိင်၊ ဘာသာစကား၊ သို့မဟုတ် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအရ ခွဲခြားခြင်းမရှိဘဲ အားပေးမြှင့်တင်ရာတွင် နိုင်ငံတကာ အတိုင်းအတာဖြင့် အောင်မြင်စွာ ပူးပေါင်းဆောင် ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ဖန်တီးလိုကြခြင်း ဖြစ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် တရားဥပဒေအရာ၌ သာတူညီမျှမှုရှိရေး၊ ပြစ်မှုကျူးလွန်ကြောင်း အထင်အရှား မတွေ့ရှိရသေးခင်တွင် အပြစ်မဲ့သူဟုသာ ယူဆခံရရေးနှင့် လွတ်လပ်၍ ဘက်မလိုက်သော ခုံရုံးတွင် လူအများရှေ့မှောက်၌ တရားမျှတစွာ စစ်ဆေးခံရရေးကို အလေးပေး တန်ဖိုးထားသည်ဆိုသော အချက်လည်းလည်း ပါဝင်သည်။

အထက်ဖော်ပြပါ အခြေခံမူများဖြင့် ပုံဖော်ထားသည့် မျှော်မှန်းချက်နှင့် လက်တွေ့အခြေအနေအကြား မကြာခဏဆိုသလို ကွာဟနေသည်ကို ထောက်ရှုသင့်သည်။ နိုင်ငံတိုင်းရှိ တရားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးပိုင်းအနေဖြင့် အဆိုပါ အခြေခံမူများအား လေးစားသင့်ပြီး၊ လက်တွေ့ အသုံးချနိုင်ရေးအတွက် အပြည့်အဝ အကောင်အထည်ဖော်ရန်လည်း ဆောင်ရွက်သင့်သည်။

အစိုးရရှေ့နေများသည် တရားရေးဆိုင်ရာစီမံအုပ်ချုပ်မှု၏ အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပြီး၊ ၎င်းတို့၏ အရေးကြီးတာဝန်များနှင့် ပတ်သက်သည့် ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ဥပဒေများသည် အထက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများအား ၎င်းတို့မှ လေးစားလိုက်နာစေရေးကို အားပေးမြှင့်တင်သင့်သည်။ သို့မှသာ တရားမျှတ၍ သာတူညီမျှမှုရှိသော ရာဇဝတ်မှု စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့အတူ နိုင်ငံသားများ တရားဥပဒေချိုးဖောက်မှု မရှိစေရန်လည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အစိုးရရှေ့နေများသည် ၎င်းတို့၏ တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် ပညာရပ်ဆိုင်ရာ အရည်အချင်းများ ပြည့်မီနေစေရန် အသေအချာ ဆောင်ရွက်ရမည်။ ထိုသို့ အသေအချာ ဆောင်ရွက်ရန်အတွက် တရားဥပဒေရေးရာနှင့် ပညာရပ်ဆိုင်ရာ မွန်းမံသင်တန်းများ၊ တရားရုံးရှေ့နေသစ်များ စုဆောင်းခြင်းတို့တွင် တိုးတက်သည့် နည်းလမ်းများများကို အသုံးပြုရမည်။ ထို့အတူ ရာဇဝတ်မှုများ တိုက်ဖျက်ရေးရှိ ၎င်းတို့၏ အခန်းကဏ္ဍနှင့် သက်ဆိုင်သည့် သင့်လျော်သော ဆောင်ရွက်မှုများအတွက် လိုအပ်သော နည်းလမ်းများအားလုံးကို ဖန်တီးပေးရမည်။ အထူးသဖြင့် အသွင်သစ်၊ ရှုထောင့်အသစ်တို့ဖြင့် ဖန်တီးပေးပေးရမည်။



ပြစ်မှုကျူးလွန်သူများကိုအရေးယူဆောင်ရွက်ခြင်းနှင့်ပြစ်မှုများကိုကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ငါးကြိမ်မြောက် ကုလသမဂ္ဂညီလာခံ၏ အကြံပေးချက်အပေါ်တွင် အခြေခံကာ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၃၄/၁၆၉ ဖြင့် တရားဥပဒေစိုးမိုးမှုကို လက်တွေ့အကောင်အထည် ဖော်နေသည့် အရာရှိများ လိုက်နာရမည့် ကျင့်ဝတ်များကို ရေးဆွဲခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်မှုများကို ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ခြောက်ကြိမ်မြောက် ကုလသမဂ္ဂညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၁၆ တွင် ရာဇဝတ်မှုတာဆီး၊ ထိန်းချုပ်ရေးကော်မတီမှ ဦးစားပေးလုပ်ဆောင်ရမည့် အရာများတွင် တရားသူကြီးများ လွပ်လပ်စွာ တရားစီရင်နိုင်ရေး၊ တရားသူကြီးများ ရွေးချယ်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးရှေ့နေများ၏ အဆင့်အတန်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ မွန်းမံသင်တန်းများနှင့် သက်ဆိုင်သော လမ်းညွှန်ချက်များအား အသေးစိတ် ရှင်းလင်းဖော်ပြရေးပါဝင်ရန် တောင်းဆိုထားသည့် အချက်လည်း ပါဝင်သည်။

ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်မှုများကို ကြိုတင် ကာကွယ်ခြင်းဆိုင်ရာ ခုနစ်ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တရားသူအကြီးများ၏ လွတ်လပ်စွာ တရားစီရင်နိုင်ရေးဆိုင်ရာ အခြေခံမူများအား ရေးဆွဲခဲ့သည်။ ယင်းအခြေခံမူများအား ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်နှင့် ဒီဇင်ဘာ ၁၃ ရက်တို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံများ၏ ဆုံးဖြတ်ချက် အမှတ် ၄၀/၃၂ နှင့် ၄၀/၁၄၆ တို့ဖြင့် အတည်ပြုခဲ့သည်။

ရာဇဝတ်မှု ကျူးလွန်ခြင်းခံရသူများနှင့် အာဏာအလွဲသုံးစားမှုအတွက် တရားမျှတမှုရှိရေးဆိုင် အခြေခံမူများ ကြေညာချက်တွင် ရာဇဝတ်မှုကျူးလွန်ခြင်း ခံရသူများအတွက် တရားမျှတမှုရှိရေး၊ မျှမျှတတ ဆက်ဆံခံရရေး၊ နစ်နာကြေးနှင့် အကူအညီများ ရရှိရေးတို့ တိုးတက်လာစေရန်အတွက် အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် သတ်မှတ် ဆောင်ရွက်မှုများထားရှိရန် အကြံပေးထားသည့် အချက်လည်း ပါဝင်သည်။

ရာဇဝတ်မှုကျူးလွန်ခြင်းခံရသူများနှင့်အာဏာအလွဲသုံးစားမှုအတွက်တရားမျှတမှုရှိရေးဆိုင်ရာ ကော်မတီ၏ ခုနစ်ကြိမ်မြောက် ညီလာခံဆုံးဖြတ်ချက်တွင် လမ်းညွှန်ချက်များ လိုအပ်သည်ကို စဉ်းစားရန် တောင်းဆိုသည့်အချက်လည်း ပါဝင်သည်။ ရွေးချယ်ခြင်း၊ တရားရုံးရှေ့နေများ၏ ပညာရပ်ဆိုင်ရာ မွန်းမံသင်တန်းများနှင့် အဆင့်အတန်း၊ ၎င်းတို့၏တာဝန်နှင့် ကျင့်ဝတ်များ၊ ရာဇဝတ်မှုများနှင့် ပတ်သက်၍ တရားမျှတသော စနစ်တစ်ခု အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ၎င်းတို့၏ ဆောင်ရွက်မှုများ အားကောင်းလာစေမည့် နည်းလမ်းများ၊ ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးကြားနာမှုများရှိ ၎င်းတို့၏ အခန်းကဏ္ဍနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ရှိသည့် ၎င်းတို့၏ အခွင့်အလမ်းများ၊ ကုလသမဂ္ဂအဖွဲ့ချုပ်၏ အနာဂတ် ညီလာခံများတွင် အစီရင်ခံရေးတို့နှင့် သက်ဆိုင်သော လမ်းညွှန်းချက်များ လိုအပ်ခြင်းကို စဉ်းစားရန် အတွက် ယခုကဲ့သို့ တောင်းဆိုခြင်းဖြစ်သည်။

အောက်တွင်ဖော်ပြထားသည့် အဆိုပါလမ်းညွှန်ချက်များမှာ ရာဇဝတ်မှုဆိုင်ရာ ကြားနာစစ်ဆေးမှုများတွင် တရားရုံး ရှေ့နေများ၏ ဘက်မလိုက်မှု၊ ထိရောက်မျှတမှုတို့ကို အသေအချာ မြှင့်တင်ပေးနိုင်မည့် အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်များကို ဖော်ပြထားသည်။ ယင်းလမ်းညွှန်ချက်များအား အစိုးရများမှ ယင်းတို့၏ ဥပဒေပြုလွှတ်တော်နှင့် လက်တွေ့ကျင့်သုံးနေသည့် ဥပဒေမူဘောင်များအတွင်း တလေးတစား ထည့်သွင်းစဉ်းစားသင့်သည်။ ထို့အတူ တရားရုံးရှေ့နေများသာမက၊ တရားသူကြီးများ၊ ရှေ့နေများ၊ အုပ်ချုပ်ရေး

မဏ္ဍိုင်တွင်တာဝန်ထမ်းဆောင်နေသူများနှင့်ဥပဒေပြုလွှတ်တော်အမတ်များနှင့်သာမာန်ပြည်သူများလည်း သတိထားမိစေရန် ဆောင်ရွက်ပေးသင့်သည်။ လက်ရှိလမ်းညွှန်ချက်များမှာ မူအားဖြင့် အမြဲတမ်း အစိုးရရှေ့နေများအတွက် ရေးဆွဲထားခြင်းဖြစ်သော်လည်း ၎င်းတို့သည် လတ်တလော လိုအပ်ချက်အရ ခန့်အပ်သည့် တရားရုံးရှေ့နေများအတွက်လည်း သင့်တော်သလို သာတူညီမျှ အကျုံးဝင်သည်။

## အရည်အချင်း၊ ရွေးချယ်ခြင်းနှင့် မွမ်းမံသင်တန်းများ

၁။ အစိုးရရှေ့နေတစ်ဦးအဖြစ် ရွေးချယ်ခံရသူသည် သမာသမတ်ကျပြီး သက်ဆိုင်ရာ မွမ်းမံသင်တန်းနှင့် အရည်အချင်းများ ပိုင်ဆိုင်ထားသူသာ ဖြစ်စေရမည်။

၂။ နိုင်ငံတော်ကလည်း အောက်ပါအချက်တို့အား အသေအချာ ဆောင်ရွက်စေရမည်။

(က) အစိုးရရှေ့နေများကို ရွေးချယ်သည့် စံသတ်မှတ်ချက်များမှာ ဘက်လိုက်ခြင်း သို့မဟုတ် ပုဂ္ဂိုလ်စွဲဖြင့် ဆောင်ရွက်ခြင်းတို့အပေါ်တွင် အခြေခံသည့် ရွေးချယ်မှုများမှ ကာကွယ်ရန် ဖြစ်သည်။ ထို့အတူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသောအတွေး အမြင်သဘောထားများ၊ နိုင်ငံသားဖြစ်ခြင်း၊ လူမျိုး သို့မဟုတ် လူမှုဇစ်မြစ်၊ မျိုးရိုး၊ စီးပွားရေး သို့မဟုတ် အခြားအဆင့်အတန်းများအရ ခွဲခြားရွေးချယ်ခြင်းမှလည်း ကာကွယ်ရန် ဖြစ်သည်။ သို့သော် အစိုးရရှေ့နေရာထူးအတွက် ကိုယ်စားလှယ်လောင်းမှာ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်ဆိုပါက ယင်းအား ခွဲခြားရွေးချယ်မှုတစ်ခုဟု မသတ်မှတ်ရ။

(ခ) အစိုးရရှေ့နေများတွင် သင့်တင့်လျောက်ပတ်သောပညာရေးနှင့် မွမ်းမံသင်တန်းများ ရှိသည်။ ထို့အတူ ၎င်းတို့အား နိုင်တကာနှင့် ပြည်တွင်းဥပဒေများမှ အသိမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ၊ ရှေ့နေများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်များ၊ အကောင်းဆုံးသော အခြေအနေများကို သတိပြုမိစေရန်လည်း ဆောင်ရွက် ပေးရမည်။

## ရာထူးနှင့် အမှုထမ်းမှု အခြေအနေ

၃။ တရားရေးအုပ်ချုပ်မှုတွင် မရှိမဖြစ်အရေးပါသည့် ကိုယ်စားလှယ်များဖြစ်သော အစိုးရရှေ့နေများသည် ၎င်းတို့၏ ရိုးဖြောင့်မှုနှင့် ၎င်းတို့အသက်မွေးမှု၏ ဂုဏ်သိက္ခာကို အချိန်တိုင်းတွင် ထိန်းသိမ်းရမည်။

၄။ အစိုးရရှေ့နေများအနေနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ ဒုက္ခပေးခြင်း၊ ပြည်သူ၊ အဖွဲ့အစည်းနှင့် အခြားတာဝန်များကို ထိခိုက်စေအောင် မလျော်သောနည်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်းများမရှိဘဲ လုပ်ဆောင်နိုင်စေရန် အစိုးရက သေချာအောင် လုပ်ပေးရမည်ဖြစ်သည်။



၅။ အစိုးရရှေ့နေနှင့် ၎င်း၏မိသားစုကို ရှေ့နေလုပ်ငန်းဆိုင်ရာများ လုပ်ဆောင်မှုအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုခံရပါက ၎င်းရှေ့နေနှင့် မိသားစုကို အာဏာပိုင်များက ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ပေးရမည်။

၆။ အစိုးရရှေ့နေ၏ ဂန်ဆောင်မှုများအတွက် သင့်လျော်သောအခြေအနေ၊ လုံလောက်သော ဝင်ငွေခံစားခွင့်နှင့် အပ်စပ်မှုရှိပါက ရာထူး၊ ပင်စင်၊ အငြိမ်းစားယူရမည့် အသက်အရွယ် စသည်တို့ကို ဥပဒေ၊ သို့မဟုတ် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းသတ်မှတ်ထားရမည်။

၇။ အစိုးရရှေ့နေများကို ရာထူးတိုးပေးသည့် စနစ်ရှိလျှင် ဓမ္မဓိဋ္ဌာန်ကျသည့် အချက်များဖြစ်သည့် လုပ်ငန်းဆိုင်ရာ ပညာအရည်အချင်း၊ တတ်ကျွမ်းမှု၊ ရိုးသားမှုနှင့် လုပ်ငန်းအတွေ့အကြုံစသည့် အချက်များအပေါ်တွင် အခြေခံပြီး မျှတ၍ ဘက်မလိုက်သော ဆုံးဖြတ်ချက်ပေါ်တွင် မူတည်ကာ တိုးမြှင့်ပေးရမည်။

## လွတ်လပ်စွာထုတ်ဖော်မှုနှင့် အသင်းအပင်း ဖွဲ့စည်းမှု

၈။ အစိုးရရှေ့နေများသည် အခြားသော နိုင်ငံသားများကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ဆိုပိုင်ခွင့်၊ ယုံကြည်ကိုးကွယ်ပိုင်ခွင့်၊ အသင်းအပင်း ဖွဲ့စည်းပိုင်ခွင့်နှင့် စုရုံးပိုင်ခွင့်များရှိသည်။ အထူးသဖြင့် ရှေ့နေများတွင် ဥပဒေနှင့်သက်ဆိုင်သော အရေးကိစ္စများ၊ တရားမျှတမှုရှိစွာ အုပ်ချုပ်ရေး ကိစ္စရပ်များ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည့် အများပြည်သူဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရှိမည်။ ထို့အတူ ဒေသအဆင့်၊ နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်ရှိ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့် သို့မဟုတ် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်များ၊ အစည်းအဝေး တက်ခွင့်များလည်း ရှိစေရမည်။ ယင်းအတွက် တရားဥပဒေနှင့်ညီညွတ်သော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် တရားဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုများတွင်ပါဝင်ခြင်း အကြောင်းပြချက်တို့ဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုတွင် ကန့်သတ်ချုပ်ချယ်ခံရခြင်း မရှိစေရ။

၉။ အစိုးရရှေ့နေများသည် ၎င်းတို့၏ စိတ်ဝင်စားမှုကို ကိုယ်စားပြုရန်၊ အတတ်ပညာဆိုင်ရာ လေ့ကျင့်မှုများကို တိုးမြှင့်ရန်၊ ရာထူးအနေအထားကို ကာကွယ်ရန် အသက်မွေးဝမ်း ကျောင်းမှုဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် အခြားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်၊ ပါဝင်ခွင့်ရှိရမည်။

## ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများရှိ အခန်းကဏ္ဍ

၁၀။ အစိုးရရှေ့နေများ၏ ရုံးခန်းသည် တရားစီရင်ရေးလုပ်ငန်းများနှင့် တင်းကျပ်စွာ ခွဲခြားထားရမည်။

၁၁။ အစိုးရရှေ့နေများသည် အမှုတည်ဆောက်ခြင်းအပါအဝင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် တက်ကြွစွာပါဝင်ရမည်။ ဥပဒေရှိထားလျှင်၊ သို့မဟုတ် ဒေသတွင်း ကျင့်သုံးလျှင် ရာဇဝတ်မှုများကို ထောက်လှမ်းခြင်းတွင် အဆိုပါထောက်လှမ်းမှုများကို ကြီးကြပ်ပေးခြင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ပေးခြင်းနှင့် လူထုအကျိုးကို ကိုယ်စားပြုပြီး အခြားလုပ်ဆောင်ချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ရမည်။

၁၂။ အစိုးရရှေ့နေများသည် တရားဥပဒေနှင့်အညီ ၎င်းတို့၏ တာဝန်များကို မျှတစွာ၊ ညီညွတ်စွာ၊ မြန်ဆန် ထိရောက်စွာ လုပ်ဆောင်ရမည်။ ထို့အတူ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးကို ထိန်းသိမ်းရမည်ဖြစ်သည်။ သို့မှသာ ပြစ်မှုများကို စီရင်ရသည့် လုပ်ငန်းစဉ်များကို သေချာစေခြင်း၊ မြန်ဆန်စွာ လုပ်ကိုင်နိုင်စေခြင်းတို့ကို အထောက်အပံ့ဖြစ်စေမည်။

၁၃။ ၎င်းတို့၏ တာဝန်များကို လုပ်ကိုင်ရာတွင် အစိုးရရှေ့နေများသည်-

(က) ၎င်းတို့၏ လုပ်ဆောင်ချက်များကို သမာသမတ်ကျစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ လိင်ပိုင်းဆိုင်ရာနှင့် ခွဲခြားနှိမ့်ချမှုပုံစံအားလုံးကို ရှောင်ကြဉ်ရမည်။

(ခ) လူထုအကျိုးကို ကာကွယ်ခြင်း၊ ဓမ္မဓိဋ္ဌာန်ကျစွာ ဆောင်ရွက်ခြင်း၊ သံသယရှိသူနှင့် နစ်နာသူကြား မှန်ကန်သင့်လျော်သော သဘောထားကို ထားရှိခြင်း၊ သံသယရှိသူအပေါ် ကောင်းကျိုး ဆိုးကျိုးမရွေးပဲ ဆက်စပ်အခြေအနေအားလုံးကို အာရုံစိုက်ရမည်။

(ဂ) တာဝန်အရလုပ်ဆောင်ရမှု သို့မဟုတ် တရားစီရင်မှုအတွက် လိုအပ်လျှင်မှအပ လျှို့ဝှက်အပ်သော အရာများကို လျှို့ဝှက်ထိန်းသိမ်းပေးထားရမည်။

(ဃ) နစ်နာသူ၏ ကိုယ်ကျိုးကို ထိခိုက်မှုရှိလျှင် ၎င်းတို့၏အမြင်နှင့် ပူပန်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ရာဇဝတ်မှုတွင် နစ်နာသူနှင့် အာဏာတလွဲသုံးမှု တို့အတွက် တရားမျှတမှု၏ အခြေခံမူဂါဒများ ကြေညာချက်နှင့်အညီ နစ်နာသူတို့ကို ၎င်းတို့ အခွင့်အရေးများကို အသိပေးပြီးဖြစ်ကြောင်း သေချာစေရမည်။

၁၄။ ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုအရ စွပ်စွဲမှုသည် အခြေအမြစ် မရှိကြောင်းတွေ့ရှိလျှင် အစိုးရရှေ့နေများသည် တရားစွဲဆိုမှုကို စတင်ခြင်း၊ ဆက်လုပ်လုပ်ကိုင်ခြင်း သို့မဟုတ် တရားစွဲသည့် လုပ်ငန်းစဉ်အတွင်း ဆက်လက်တည်ရှိနေမည့် ကြိုးပမ်းအားထုတ်မှု အားလုံး မလုပ်ရ။

၁၅။ အစိုးရရှေ့နေများသည် ပြည်သူ့အရာထမ်းများက ကျူးလွန်သည့်ပြစ်မှုများကို အထူး အာရုံစိုက်ထားရမည်။ အထူးသဖြင့် လာဘ်စားခြင်း၊ အာဏာတလွဲသုံးခြင်း၊ လူ့အခွင့်အရေးကို စိုးရိမ်ဖွယ်ရာ ချိုးဖောက်ခြင်းနှင့် နိုင်ငံတကာဥပဒေများက သတ်မှတ်ထားသော ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ ဥပဒေအရသတ်မှတ်ထားသော သို့မဟုတ် အရပ်ဒေသက ရာဇဝတ်မှုအဖြစ် သတ်မှတ်မှုထားသော အဆိုပါပြစ်မှုများကို ပြည်သူ့အရာထမ်းများက ကျူးလွန်လျှင် အထူးအာရုံစိုက်ရမည်။



၁၆။ အစိုးရရှေ့နေများသည် သံသယရှိသူဘက်ကို ဆန့်ကျင်သည့် သက်သေကို ထွက်ဆိုနိုင်းလျှင် အဆိုပါသက်သေသည် တရားမဝင်သည့်နည်းလမ်းများ အထူးသဖြင့် နှိပ်စက်ညှဉ်းပန်း ရက်စက်သော၊ လူမဆန်သော သို့မဟုတ် သိက္ခာမဲ့သော ပြုမူမှု အပြစ်ပေးမှုနှင့် လူ့အခွင့်အရေးကို ချိုးဖောက်ကာ ရရှိထားသည်ဟုသိလျှင် သို့မဟုတ် ယုံကြည်ရလျှင် သံသယရှိသူ၏ လူ့အခွင့်အရေးကို လေးနက်စွာ ချိုးဖောက်ခြင်းဖြစ်သဖြင့် အဆိုပါသက်သေ၏ ထွက်ဆိုခြင်းကို ငြင်းပယ်ခြင်း၊ သို့မဟုတ် တရားရုံးသို့ သတင်းပေးခြင်း ပြုလုပ်ရမည်။ ထို့အပြင် တရားစီရင်ရေးသို့ အဆိုပါ နည်းလမ်းများအသုံးပြုကာ ယူဆောင်လာသည့်တာဝန်ရှိသူကို သေချာစေရန် လိုအပ်သည့် အဆင့်များအားလုံး လုပ်ဆောင်ရမည်။

## လိုအပ်သလို ဆောင်ရွက်ရမည့် လုပ်ငန်းများ

၁၇။ အစိုးရရှေ့နေများကို လိုအပ်သလို ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပ်နှင်းထားသည့် နိုင်ငံများတွင် ဥပဒေများ၊ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများသည် တရားစွဲဆိုမှုကို တည်ဆောက်ခြင်း၊ စွန့်လွှတ်ခြင်းများအပါအဝင် တရားစွဲဆိုမှုလုပ်ငန်းစဉ်တွင် ဆုံးဖြတ်မှုများ ပြုလုပ်ရာတွင် မျှတမှုနှင့် ကျိုးကြောင်းညီညွတ်မှုကို တိုးမြှင့်ပေးမည့် လမ်းညွှန်ချက်များကို ပြဋ္ဌာန်းပေးရမည်။

## တရားစွဲဆိုခြင်းအတွက် အခြားနည်းလမ်းများ

၁၈။ နိုင်ငံ၏ ဥပဒေအရ အစိုးရရှေ့နေများသည် သံသယရှိသူနှင့် နစ်နာသူတို့၏ အခွင့်အရေးကို လေးစားသောအားဖြင့် တရားစွဲဆိုမှုကို စွန့်လွှတ်ရန်၊ အခြေအနေရဖြစ်စေ အကြွင်းမဲ့ဖြစ်စေ တရားစွဲဆိုခြင်းကို ဆက်မလုပ်တော့ရန်၊ သမားရိုးကျ တရားစီရင်မှုစနစ်မှ ပြစ်မှုကို ပြောင်းလဲရန် စဉ်းစားဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ထိုသို့ဆုံးဖြတ်ရာတွင် တရားရုံးတွင် ဝန်ပိုများလျော့ချရန်သာမက တရားစီရင်မှုမပြုမီ အချုပ်ချထားခြင်း၊ စွဲချက်တင်ခြင်းနှင့် ပြစ်မှုစီရင်ခြင်းတို့အတွက် ကဲ့ရဲ့အပြစ်ဆိုမှုများကို ရှောင်ကြဉ်နိုင်ရန်နှင့် ထောင်ချခြင်းကြောင့် ဖြစ်ပေါ်သည့် ဆိုးကျိုးများကို ရှောင်ကြဉ်နိုင်ရန် နိုင်ငံများအနေနှင့် ဖြစ်နိုင်ခြေရှိသော ကွဲပြားသည့် အစီအစဉ်များကို ယူသုံးရန် အပြည့်အဝရှာဖွေသင့်သည်။

၁၉။ အရွယ်မရောက်သေးသူတစ်ဦးကို တရားစွဲသင့် မစွဲသင့် ဆုံးဖြတ်ရခြင်းတို့ကဲ့သို့ အစိုးရရှေ့နေများကို လိုအပ်သလို ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အပ်နှင်းထားသည့်နိုင်ငံများတွင် ပြစ်မှု၏ သဘောသဘာဝနှင့် အတိမ်အနက်၊ လူမှုအသိုင်းအဝိုင်းကို ကာကွယ်ပေးမှု၊ အရွယ်မရောက်သေးသူ လူငယ်၏ ပင်ကိုယ်စရိုက်နှင့် နောက်ခံအခြေအနေတို့ကို ထည့်သွင်းကာ အလေးပေး စဉ်းစားပေးရမည်။ ဆုံးဖြတ်ချက်ကို ချရာတွင် ရှေ့နေသည် အရွယ်မရောက်သေးသူ တရားစီရင် ရေးဥပဒေများနှင့် လုပ်ငန်းစဉ်များထဲရှိ အခြားနည်းလမ်းဖြင့် တရားစွဲဆိုမှုများကို လုပ်ဆောင်နိုင်ခြင်း ရှိမရှိ အထူးထည့်သွင်းစဉ်းစားရမည်။ ရှေ့နေများအနေနှင့် လုံလောက်သည့်

ပမာဏ ပြင်းထန်မှုရှိမှသာ အရွယ်မရောက်သေးသူကို တရားစွဲဆိုမှုပြုလုပ်နိုင်စေရန် အစွမ်းကုန် ကြိုးပမ်းရမည်။

## အခြားအစိုးရ အေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေး

၂၀။ တရားစွဲဆိုမှု၏ မျှတမှုနှင့် အကျိုးသက်ရောက်မှုကို သေချာစေရန် အစိုးရရှေ့နေများသည် ရဲများ၊ တရားရုံးများ၊ ဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ၊ ပြည်သူ့အကျိုးဆောင် ရှေ့နေများနှင့် အခြားအစိုးရ အေဂျင်စီများ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းရမည်။

## စည်းကမ်းပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ

၂၁။ အစိုးရရှေ့နေများ၏ စည်းကမ်းနှင့်ဆိုင်သော ပြစ်မှုများကို ဥပဒေသို့မဟုတ် ဥပဒေဆိုင်ရာ စည်းမျဉ်းများပေါ်တွင်သာ အခြေခံရမည်။ အစိုးရရှေ့နေများသည် ၎င်းတို့အလုပ်ဆိုင်ရာစံနှုန်း များကိုကျော်လွန်ကာ ပြုမူသည်ဟု စွပ်စွဲလာသည့် စောတကတက်ခြင်းများကို သင့်လျော်သော လုပ်ငန်း စဉ်များအောက်တွင် မြန်ဆန်ထိရောက် မျှတစွာ ကိုင်တွယ်လုပ်ဆောင်ရမည်။ အစိုးရ ရှေ့နေများအနေနှင့် မျှတသည့် ကြားနာမှုလုပ်ဆောင်ရန် အခွင့်အရေးရှိသည်။ ဆုံးဖြတ်ချက်ကို လွတ်လပ်သော ခြုံငုံသုံးသပ်ချက်ပေါ်တွင် မူတည်ပြီး ချမှတ်ရမည်။

၂၂။ အစိုးရရှေ့နေများအတွက် စည်းကမ်းပိုင်းဆိုင်ရာ တရားစွဲဆိုမှုများသည် ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုနှင့် ဆုံးဖြတ်ချက်ဖြစ်ရန် အာမခံရမည်။ ဆုံးဖြတ်ရာတွင် ဥပဒေ၊ အသက်မွေးဝမ်း ကျောင်း အလုပ်ဆိုင်ရာ ကျင့်ထုံးနှင့် အခြားတည်ရှိပြီးဖြစ်သော စံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ လက်ရှိရှိနေသော လမ်းညွှန်ချက်များ၏ အောက်တွင်ဆုံးဖြတ်ရမည်ဖြစ်သည်။

## စည်းမျဉ်းများကို လိုက်နာခြင်း

၂၃။ အစိုးရရှေ့နေများသည် လက်ရှိ လမ်းညွှန်ချက်များကို လေးစားရမည်။ ထို့အတူ အဆိုပါလမ်း ညွှန်ချက်များကို ကာကွယ်ရမည်ဖြစ်ပြီး လမ်းညွှန်ချက်များကို တစ်နည်းနည်းဖြင့် ဖောက်ဖျက် ခြင်းကို ကိုယ်စွမ်းရှိသ၍ တက်ကြွစွာ ဆန့်ကျင်ရမည်။

၂၄။ အစိုးရ ရှေ့နေများအနေနှင့် အဆိုပါစည်းမျဉ်းများကို ဖောက်ဖျက်မှုဖြစ်ပွားသည်ဟု ယုံကြည် လောက်စရာ အကြောင်းရှိပါက အဆိုပါအကြောင်းကိစ္စကို ကိုယ့်အထက်အရာရှိများကို တင်ပြ ရမည်။ လိုအပ်လျှင် ပြန်လည်သုံးသပ်နိုင်သည့် သို့မဟုတ် ပြုပြင်နိုင်သည့် အစွမ်းရှိသည့် သင့် လျော်သာ အာဏာပိုင်များ အဖွဲ့များထံ တင်ပြရမည်။



## တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာ အခြေခံမူများကို ထိရောက်စွာ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များ

*(စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၉၈၉/၆၀ ဖြင့် ပြဋ္ဌာန်းပြီး ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်စွဲဖြင့် ထုတ်ပြန်သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၄၄/၁၆၂ ဖြင့် သဘောတူ ညီခဲ့ကြသည်။)*

---

### လုပ်ငန်းစဉ် ၁

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းကျင့်သုံးမှု ဓလေ့နှင့်အညီ နိုင်ငံတိုင်းသည် ၎င်းတို့၏ တရားစီရင်ရေးစနစ်တွင် တရားစီရင်ရေးလွတ်လပ်မှု၏ အခြေခံမူများကို လိုက်နာ အကောင်အထည်ဖော် ရမည်။

### လုပ်ငန်းစဉ် ၂

အခြေခံမူများနှင့် ဆန့်ကျင်၍ မည်သည့်တရားသူကြီးကိုမှ ရည်ရွယ်ချက်ရှိရှိ ရွေးကောက်တင် မြှောက်ခြင်း၊ တာဝန်ထမ်းဆောင်စေခြင်း မပြုစေရ။ မည်သည့်တရားသူကြီးကမဆို ခန့်အပ်ခြင်း သို့မဟုတ် ရွေးကောက်ခြင်း၊ တာဝန်ထမ်းဆောင်စေခြင်းတို့အတွက် တရားစီရင်ရေး အမှုထမ်းခွင့်ကို လက်ခံခြင်း မပြုရ။ ထိုသို့ပြုခြင်းသည် အခြေခံမူများနှင့် ညီညွတ်ခြင်းမရှိပေ။

### လုပ်ငန်းစဉ် ၃

အကူတရားသူကြီးများရှိလျှင် ၎င်းတို့အပါအဝင် တရားသူကြီးအားလုံး အခြေခံမူများကို လိုက် နာကျင့်သုံးရမည်။

### လုပ်ငန်းစဉ် ၄

နိုင်ငံတိုင်းသည် အခြေခံမူများကို အနည်းဆုံးနိုင်ငံ၏ အဓိက သို့မဟုတ် ရုံးသုံးဘာသာစကား သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားဖြင့် ကျယ်ကျယ်ပြန့်ပြန့် လူသိစေရန် ဖြန့်စေရမည်။ အခြေခံမူများတွင် ပါဝင်သည့် အကြောင်းအရာများနှင့် အရေးကြီးပုံကို တရားသူကြီးများ၊ ရှေ့နေများ၊ အမှု ဆောင်အဖွဲ့ဝင်များ၊ ဥပဒေပြုအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့ထံသို့ သင့်လျော်သည့်ပုံစံဖြင့် အသိပေးရ မည်။ သို့မှသာ တရားစီရင်ရေးစနစ်မူဘောင်အတွင်း ၎င်းတို့၏ လိုက်နာကျင့်သုံးမှုကို မြှင့်တင်နိုင်မည် ဖြစ်သည်။ အထူးသဖြင့် တရားစီရင်ရေးအဖွဲ့ဝင်အားလုံး အခြေခံမူများကို စာသားဖြင့်ရယူနိုင်ရန် နိုင်ငံ တိုင်းက ဆောင်ရွက်ပေးရမည်။

### လုပ်ငန်းစဉ် ၅

အခြေခံမူများ၏ မူအချက် ၇ နှင့် ၁၁ တို့ကို အကောင်အထည်ဖော်ရာတွင် အမှုပမာဏအရ တရားသူကြီးများ လုံလောက်သည့် အရေအတွက် ခန့်အပ်ခြင်း၊ တရားရုံးများကို လိုအပ်သည့် ဝန်ထမ်းနှင့်

ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ တရားသူကြီးများ၏ သင့်လျော်သည့် ကိုယ်ရေးကိုယ်တာ လုံခြုံမှုပေးခြင်း၊ ခံစားခွင့်နှင့် အခကြေးငွေပေးအပ်ခြင်းတို့ အပါအဝင် တရားစီရင်ရေးစနစ် လုပ်ငန်းလည်ပတ်ရန် လုံလောက်သည့်အခြေခံရင်းမြစ်များ လိုအပ်ချက်အပေါ် နိုင်ငံများအနေနှင့် အထူးအာရုံစိုက်ရန် လိုအပ်သည်။

## လုပ်ငန်းစဉ် ၆

လူမှုအသိုင်းအဝိုင်းအတွင်း တရားစီရင်ရေး၏ အခန်းကဏ္ဍနှင့် တရားစီရင်ရေး လွတ်လပ်မှုအတွက် လိုအပ်ချက်များနှင့် ပတ်သက်၍ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့် ဆွေးနွေးပွဲများကို နိုင်ငံများက အားပေးရမည်။

## လုပ်ငန်းစဉ် ၇

စီးပွားရေးနှင့် လူမှုရေးကောင်စီဆုံးဖြတ်ချက် ၁၉၈၀/၁၀၊ အခန်း ၇ အရ အခြေခံမူများကို ဖြန့်ဖြူးခြင်း၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့်အကောင်အထည် ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် အတားအဆီးများ၊ နိုင်ငံတကာအသိုင်းအဝိုင်းထံမှ လိုအပ်နိုင်သည့် အကူအညီများ အပါအဝင် အခြေခံမူများကို အကောင်အထည်ဖော်ရသည့် တိုးတက်အောင်မြင်မှုများကို ၁၉၈၈ ခုနှစ်မှစတင်ကာ အဖွဲ့ဝင်နိုင်ငံအားလုံး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ငါးနှစ်တစ်ကြိမ် တင်ပြရမည်။

## လုပ်ငန်းစဉ် ၈

အထွေထွေအတွင်းရေးမှူးချုပ်သည် အခြေခံမူများကို လေးစားသမှုဖြင့်လုပ်ကိုင်သည့် တိုးတက်မှု၊ လုပ်ငန်းစဉ် ၇ အရ အစိုးရများထံမှ ရရှိသည့် သတင်းအချက်အလက်များနှင့် ကုလသမဂ္ဂစနစ်အတွင်း အခြားရရှိနိုင်သော အချက်အလက်များပေါ်တွင် မူတည်ကာ ငါးနှစ်တစ်ကြိမ် လွတ်လပ်သော အစီရင်ခံစာများကို ပြင်ဆင်ကာ ရာဇဝတ်မှုကာကွယ်ရေးနှင့် ထိန်းချုပ်ခြင်းကော်မတီထံ တင်ပြရမည်။

ကုလသမဂ္ဂစနစ်အတွင်း အခြားရရှိနိုင်သော အချက်အလက်များတွင် အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်သော အကြံပေးများမှပေးသော လေ့ကျင့်ရေးများ၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများမှ ရရှိသောအချက်အလက်များ ပါဝင်သည်။ အဆိုပါ အစီရင်ခံစာကို ပြင်ဆင်ရာတွင် အထွေထွေအတွင်းရေးမှူးချုပ်သည် အထူးပြုအေဂျင်စီများ၊ သက်ဆိုင်ရာ အစိုးရခြင်းချိတ် ဆက်ထားသည့် အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အထူးသဖြင့် တရားသူကြီးနှင့် ရှေ့နေလုပ်ငန်း အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ အတိုင်ပင်ခံများ၏ ရပ်တည်ချက်နှင့်အတူ ထည့်သွင်းရမည်ဖြစ်ပြီး အဆိုပါအေဂျင်စီများနှင့် အဖွဲ့အစည်းများမှ ပေးသော သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားရမည်။

## လုပ်ငန်းစဉ် ၉

အထွေထွေအတွင်းရေးမှူးချုပ်သည် အခြေခံမူဂါဒများ၊ လုပ်ငန်းစဉ် ၇ နှင့် ၈ အရ အကောင်အထည်ဖော်ရာတွင် လက်ရှိအကောင်အထည်ဖော်နေသော လုပ်ငန်းစဉ်များနှင့် အခါအားလျော်စွာ ပေါ်ပေါက်သည့် အစီရင်ခံစာများကို တတ်နိုင်သမျှ ဘာသာစကားအများဆုံးဖြင့် ဖြန့်ဖြူးရမည်ဖြစ်ပြီး ဖြန့်ဖြူးနိုင်သည့် စောင်ရေအများဆုံးဖြစ်စေရန် နိုင်ငံများ၊ အစိုးရချင်း ချိတ်ဆက်ထားသော အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အားလုံးထံရောက်ရှိရန် ဆောင်ရွက်ရမည်။



## လုပ်ငန်းစဉ် ၁၀

အထွေထွေအတွင်းရေးမှူးချုပ်သည် အခြေခံမူဂါဒများကို တတ်နိုင်သလောက် အကျယ်ပြန့်ဆုံး ညွှန်းဆိုပေးရမည်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်း၏ ဆက်စပ်အစီအစဉ်များအတွင်းရှိ အခြေခံမူဂါဒပါ စာသားများနှင့်လက်ရှိအကောင်အထည်ဖော်နေသောလုပ်ငန်းစဉ်များကိုစီးပွားရေးနှင့်လူမှုရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၁၉၈၆ / ၁၀၊ ဆက်ရှင် V အရဆောင်ရွက်သော လူ့အခွင့်အရေး - နိုင်ငံတကာ သဘောတူစာချုပ်များအား စုစည်းထားခြင်း ကုလသမဂ္ဂစာစောင်တွင် အမြန်ဆုံး ထည့်သွင်းအသုံးပြုစေရမည်။

## လုပ်ငန်းစဉ် ၁၁

နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကုလသမဂ္ဂ၊ အထူးသဖြင့် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးမှုဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့သည်-

(က) အစိုးရများက ခိုင်မာလွတ်လပ်ပြီး ထိရောက်သော တရားရေးစနစ် တည်ထောင်ရာတွင် အကူအညီ တောင်းခံလာပါက ကူညီပေးရမည်။

(ခ) အစိုးရများက ၎င်းအဖွဲ့အစည်းများကို အကူအညီ တောင်းခံနိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တရားရေးဆိုင်ရာကိစ္စရပ်များတွင် ပညာရှင်များနှင့် ဒေသတွင်းနှင့် ဒေသအချင်းချင်းချိတ်ဆက်ထားသော အကြံပေးများ၏ ဝန်ဆောင်မှုများကို အခြေခံမူဂါဒများကို အကောင်အထည်ဖော်ရာတွင် ကူညီပေးရမည်။

(ဂ) အခြေခံမူဂါဒများကို အကောင်အထည်ဖော်ရာတွင် ထိရောက်သည့် အတိုင်းအဆပမာဏအပေါ် သုတေသနများ တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဒေသတွင် တိုးတက်မှုအသစ်များအပေါ်တွင် အလေးထား လုပ်ဆောင်ရမည်။

(ဃ) လူမှုအသိုင်းအဝိုင်းအတွင်း တရားစီရင်ရေး၏ အခန်းကဏ္ဍ၊ လွတ်လပ်ခွင့် လိုအပ်မှုနှင့် အဆိုပါပန်းတိုင်များကို အရောက်လှမ်းနိုင်ရန် အခြေခံမူဂါဒများကို အကောင်အထည်ဖော်ရသည့် အရေးပါမှုတို့အတွက် နိုင်ငံအတွင်းနှင့် ဒေသတွင်း ဆွေးနွေးပွဲများနှင့်အတူ ပညာသည်နှင့် ပညာသည်မဟုတ်သော အဆင့်များအတွက် အစည်းအဝေးများပါ တိုးမြှင့်လုပ်ဆောင်ရမည်။

(င) ရာဇဝတ်မှု ကာကွယ်ခြင်း နှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတို့အတွက် ကုလသမဂ္ဂ၏ ဒေသတွင်းနှင့် ချိတ်ဆက်ထားသောဒေသအတွင်းရှိသုတေသနများ၊ လေ့ကျင့်သင်ကြားရေးအဖွဲ့များနှင့် အခြေခံမူဂါဒများကို အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂစနစ်အတွင်း သီးခြားရှိနေသောအဖွဲ့များကို ထိရောက်သည့် ထောက်ပံ့မှုများ ခိုင်မာစေရမည်။

## လုပ်ငန်းစဉ် ၁၂

ရာဇဝတ်မှု ကာကွယ်ခြင်းနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတို့အတွက် ကုလသမဂ္ဂ၏ ဒေသတွင်းနှင့် ချိတ်ဆက်ထားသောဒေသအတွင်းရှိ သုတေသနများ၊ လေ့ကျင့်သင်ကြားရေးအဖွဲ့များနှင့် အခြေခံမူဂါဒများကို အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂစနစ်အတွင်း သီးခြားရှိနေသော အဖွဲ့များကလည်း အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွင် ကူညီပေးရမည်။

၄င်းတို့သည် ၄င်းတို့၏ သုတေသနများ၊ လေ့ကျင့်သင်ကြားရေး အစီအစဉ်များတွင် အခြေခံမူဂါဒများကို ကျင့်သုံးခြင်းကို မြှင့်တင်သည့် နည်းလမ်းများ နည်းစနစ်များအပေါ် အထူးအလေးပေးရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ တောင်းဆိုချက်အပေါ် မူတည်၍ နည်းပညာအထောက်အပံ့များ ပေးအပ်ရမည်ဖြစ်သည်။

အဆိုပါရည်ရွယ်ချက်အတွက်ကုလသမဂ္ဂအဖွဲ့အစည်းများသည်နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် အစိုးရခြင်းချိတ်ဆက်ထားသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်ရိုးများနှင့်၊ သင်ကြားရေး ကိရိယာများကို မူဂါဒနှင့် လက်ရှိ အကောင်အထည်ဖော်နေသော လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ အဆင့်မြှင့်တင်ပေးရမည်။

အဆိုပါ သင်ထောက်ကူပစ္စည်းများသည် အဆင့်အားလုံးအတွက် ဥပဒေပညာပေးအစီအစဉ်များ၊ လူ့အခွင့်အရေးနှင့် ဆက်စပ်ဘာသာရပ်များတွင် အထူးပြုထားသည့် သင်ရိုးများအတွက် အသုံးပြုရန် အဆင်ပြေရမည်။

## လုပ်ငန်းစဉ် ၁၃

ဒေသတွင်း ကော်မရှင်များ၊ အထူးပြု အေဂျင်စီများနှင့် ကုလသမဂ္ဂစနစ်အတွင်းရှိ သီးခြားအဖွဲ့များနှင့် အခြားသက်ဆိုင်ရာ အစိုးရချင်း ချိတ်ဆက်အဖွဲ့အစည်းများသည် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ရမည်။

၄င်းတို့သည် အခြေခံမူဂါဒများကို ဖြန့်ဖြူးခြင်းအတွက် ကြိုးပမ်းမှုများ၊ ကြိုးပမ်းသည့် အတိုင်းအတာနှင့်တွေ့ရသည့် အတားအဆီးများ၊ အားနည်းချက်များကို အထွေထွေအတွင်းရေးမှူးချုပ်ထံ တင်ပြရမည်။

အထွေထွေအတွင်းရေးမှူးချုပ်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို စီးပွားရေးနှင့် လူမှုရေးကောင်စီအတွင်းရှိ အကြံပေးများနှင့်အတူ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်နှင့် အခြားဆက်စပ်လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်စေရန် ဆောင်ရွက်ရမည်။

## လုပ်ငန်းစဉ် ၁၄

ရာဇဝတ်မှုများ ကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း ကော်မတီသည်လုပ်ငန်းစဉ် ၆ နှင့် ၇ အရ အခါအားလျော်စွာပေါ်ပေါက်သည့် အစီရင်ခံခြင်းများအပါအဝင် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီကို ကူညီပေးရမည်။

ထိုသို့ပြုရာတွင် ကော်မတီသည် အခြေခံမူဂါဒများကို အကောင်အထည်ဖော်ရာတွင် တည်ရှိနေသည့် အတားအဆီးများ၊ သို့မဟုတ် အားနည်းချက်များနှင့် ထိုသို့ဖြစ်ရသည့် အကြောင်းများကို ဖော်ထုတ်သတ်မှတ်ပေးရမည်။



ထိုသို့ သတ်မှတ်ဖော်ထုတ်ရာတွင် ကော်မတီသည် အဖွဲ့ကြီး၊ ကောင်စီနှင့် ကုလသမဂ္ဂ၏ အခြားဆက်စပ် လူ့အခွင့်အရေးအဖွဲ့အစည်းများထံသို့ အခြေခံမူဂါဒများကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ထပ်မံလုပ်ဆောင်စရာများနှင့် ပတ်သက်ပြီး တိကျသည့် အကြံပြုချက်များ သင့်လျော်သလို ပေးရမည်။

## လုပ်ငန်းစဉ် ၁၅

ရာဇဝတ်မှုများ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းကော်မတီသည် အထွေထွေညီလာခံ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီနှင့် ကုလသမဂ္ဂ၏အခြားဆက်စပ် လူ့အခွင့်အရေးအဖွဲ့အစည်းများကို ၄င်းတို့၏ စုံစမ်းရေးကော်မရှင်များ သို့မဟုတ် အဖွဲ့များမှ သက်ဆိုင်ရာ အစီရင်ခံစာများ၏ အကြံပြုချက်အရ ကူညီပေးရမည်။ ထိုသို့ပြုရာတွင် အခြေခံမူဂါဒများကို အကောင်အထည်ဖော်ခြင်းနှင့် ကျင့်သုံးခြင်းတို့နှင့် ဆက်စပ်နီးနွယ်သည့် ကိစ္စရပ်များကို လေးစားလိုက်နာရမည်။

# တရားစီရင်ရေး လွတ်လပ်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ကြေညာချက်မူကြမ်း (Singhvi ကြေညာချက်)

---

## တရားသူကြီးများ

### ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ချက်များ

၁။ တရားရေးဂန်ထမ်းများ၏ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ချက်များတွင် အောက်ပါအချက်များ ပါဝင်ရမည်။

(က) မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကိုမျှ ဘက်လိုက်မှုမရှိပဲ ဥပဒေနှင့်အညီ စီရင်စစ်ဆေးခြင်း။

(ခ) တရားစီရင်ရေး ၏ လုပ်ပိုင်ခွင့်အတွင်းမှ လူ့အခွင့်အရေးအတွက် လိုက်နာစောင့်ထိန်းခြင်းနှင့် ကြိုးပမ်းမှုကို မြှင့်တင်ပေးခြင်း

(ဂ) လူတိုင်းကို တရားဥပဒေစိုးမိုးမှုအကာအကွယ်အောက်တွင် လုံခြုံစွာနေထိုင်နိုင်စေခြင်း

## လွတ်လပ်မှု

၂။ တရားသူကြီးများသည် ပုဂ္ဂိုလ်ရေးအရ လွတ်လပ်မှုရှိရမည်ဖြစ်ပြီး အမှုများကို ဆုံးဖြတ်ရာတွင် အချက်အလက်များကို ချင့်ချိန်ကပ်ကြည့်ရှုပြီး၊ အတားအဆီး၊ လွှမ်းမိုးမှု၊ ဆွဲဆောင်မှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှုနှင့် ဝင်ရောက်စွက်ဖက်မှုတို့ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အကြောင်းပြချက်တစုံတရာကြောင့်ဖြစ်စေ လွှမ်းမိုးမခံဘဲ ဥပဒေကို နားလည်သဘောပေါက်ခြင်းဖြင့်သာ ဆုံးဖြတ်ရမည်။

၃။ ဆုံးဖြတ်ချက်ချသည့်အပိုင်းတွင် တရားသူကြီးများသည် လွတ်လပ်ရမည်ဖြစ်သလို တရားစီရင်ရေး လုပ်ဖော်ကိုင်ဖက်များနှင့် ၄င်း၏ အထက်လူကြီးများကလည်း လွတ်လပ်မှုရှိရမည်။

တရားစီရင်ရေးစနစ်၏ ရာထူးကြီးငယ်အလိုက်အဖွဲ့အစည်းနှင့် ရာထူးအဆင့်ကွဲပြားမှုက တရားသူကြီး၏ တရားစီရင်ချက်ကို ဖတ်ကြားရာတွင် ဝင်ရောက်စွက်ဖက်ခွင့် လုံးဝမရှိစေရ။

တရားသူကြီးများသည် ၄င်းတို့အပိုင်းတွင် တစ်ဦးချင်းဖြစ်စေ စုပေါင်းပါဝင်၍ဖြစ်စေ တရားစီရင်ရေးစနစ်အတွင်းရှိ ဥပဒေစည်းမျဉ်းအတိုင်း တာဝန်ယူမှုအပြည့်ဖြင့် ၄င်းတို့၏ လုပ်ငန်းများကို လုပ်ဆောင်ရမည်။



၄။ တရားစီရင်ရေးသည် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။

၅။ (က) တရားစီရင်ရေးသည် တိုက်ရိုက်ဖြစ်စေ၊ ကိုယ်ပိုင် တရားစီရင်ဆုံးဖြတ်ခွင့်နှင့် ကျွမ်းကျင်လိမ္မာမှုအပါအဝင် တရားရေးသဘာဝအရ ကိစ္စရပ်များအပေါ်ခြုံငုံကာ ပြန်လည် သုံးသပ်ခြင်း နည်းလမ်းဖြင့်ဖြစ်စေ တရားစီရင်ဆုံးဖြတ်ခွင့် ရှိရမည်။

(ခ) တရားရုံးများတွင် သင့်လျော်စွာ အပ်နှင်းထားသော တရားစီရင်ဆုံးဖြတ်ခွင့်ကို အစားထိုးရန် အထူးတရားရုံးများ တည်ထောင်ခြင်းမပြုရ။

(ဂ) လူတိုင်းသည် တရားရုံးများမှ ဥပဒေကြောင်းအရ ပြန်သုံးသပ်ရန် လိုအပ်လျင် သာမန်တရားရုံးများနှင့် တရားစီရင်ရေးခုံရုံးများ၏ မလိုလားအပ်သော ကြန့်ကြာမှုများ မရှိစေဘဲ အမြန်ချက်ချင်း စမ်းသပ်စစ်ဆေးခံပိုင်ခွင့်ရှိသည်။

(ဃ) နိုင်ငံတစ်နိုင်ငံ၏ တည်ရှိမှုကို ခြိမ်းခြောက်သည့် အရေးပေါ် အခြေအနေတစ်ရပ်နှင့် ကြုံတွေ့နေရသည့်အချိန်တွင် ဥပဒေအား မျက်ကွယ်ပြုမှုအချို့ကို ခွင့်ပြုကောင်း ခွင့်ပြုနိုင်သည်။ သို့သော် ဥပဒေတွင် အတိအကျပြဋ္ဌာန်းထားသည့် အခြေနေများ အောက်တွင်သာ ခွင့်ပြုနိုင်သည်။ ထို့အပြင် နိုင်ငံတကာအသိမှတ်ပြု အနိမ့်ဆုံး စံချိန်စံညွှန်းများနှင့် တရားရုံး၏ ပြန်လည်သုံးသပ်မှုတို့ဖြင့် အကိုက်ညီနိုင်ဆုံးသော အခြေအနေ တစ်ရပ်လည်း ဖြစ်ရမည်။

(င) ထိုသို့သော အရေးပေါ် အခြေအနေများတွင် နိုင်ငံတော်သည် ပြစ်မှုကျူးလွန်မှုတစ်ခုခုဖြင့် တရားဆွဲဆိုခြင်းခံထားရသည့် နိုင်ငံသားများအား သာမန်အရပ်ဖက်တရားရုံးများမှ စစ်ဆေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်စေရမည်။ ထို့အတူ လူပုဂ္ဂိုလ်များအား ဆွဲချက်တစ်စုံတစ်ရာမရှိဘဲ အုပ်ချုပ်ရေးအာဏာပိုင်များက ဖမ်းဆီး ထိန်းသိမ်းထားခြင်းကို တရားရုံးများ သို့မဟုတ် အခြားသော သီးခြားလွတ်လပ်သည့် အာဏာပိုင်များက တရားရုံးအမိန့် သို့မဟုတ် အလားတူ လုပ်ထုံးလုပ်နည်းများကို အသုံးပြုကာ ပြန်လည် စစ်ဆေးစေရမည်။ သို့မှသာ ထိန်းသိမ်းထားခြင်းသည် တရားဥပဒေနှင့် ညီမည်ဖြစ်ပြီး မတော်မတရားပြုမှု ဆက်ဆံခြင်းခံထားရသည်ဟူသော စွပ်စွဲချက်များကို စုံစမ်းမေးမြန်း နိုင်မည်ဖြစ်သည်။

(စ) စစ်ခုံရုံး၏ တရားစီရင်ဆုံးဖြတ်ခွင့်ကို စစ်ဘက်ဆိုင်ရာ ပြစ်မှုများအတွက်သာ ကန့်သတ်ထားသင့်သည်။ ၄င်းကဲ့သို့ ခုံရုံးများမှလည်း ဥပဒေအရအဆင့်မီသော အယူခံတရားရုံး သို့မဟုတ် ခုံရုံး သို့မဟုတ် ဥပဒေအရ အစားပေးလျော်သည့် တရားရုံးတို့ထံ လျှောက်လွှာတင်ခြင်းဖြင့် အမှုဖျက်သိမ်းပေးရန် အယူခံဝင်ခွင့်ရှိရမည်။

(ဆ) တရားစီရင်ရေး လုပ်ငန်းစဉ်အတွင်း မည်သည့်အာဏာမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။

(ဇ) နိုင်ငံတော် အုပ်ချုပ်မှုကဏ္ဍသည် တရားစီရင်ရေး စီမံအုပ်ချုပ်မှုပြုနေသည့် တရားရုံးမှ တရားရေးဂန်ထမ်းများ၏ လုပ်ငန်းများကို ဝင်ရောက်ထိန်းချုပ်ခြင်း မပြုရ။

(ဈ) နိုင်ငံတော် အုပ်ချုပ်မှုကဏ္ဍသည် တရားရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုကို ခေတ္တရပ်ဆိုင်းခြင်း၊ အပြီးတိုင် ရပ်ဆိုင်းခြင်းတို့ ပြုလုပ်နိုင်သည့် အခွင့်အာဏာမရှိစေရ။

(ည) နိုင်ငံတော်အုပ်ချုပ်မှုကဏ္ဍသည်အငြင်းပွားမှုတစ်ခုခုအတွက်တရားရေးဆုံးဖြတ်ချက်ကို ကြို တင်ဟန့်ထားခြင်း၊ သို့မဟုတ် ဖြုတ်ပယ်ခြင်း၊ သို့မဟုတ် တရားရုံး၏ ဆုံးဖြတ်ချက်ကို လျော့ကန်စွာ အကောင်အထည်ဖော်နေသည်ကို တစ်စုံတစ်ရာ ပြုလုပ်ခြင်းဖြင့်အနှောင့် အယှက်ပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၆။ မည်သည့် ဥပဒေပြုအဖွဲ့အစည်းနှင့် အုပ်ချုပ်မှုကဏ္ဍကမှ တရားရုံး၏ တိကျသောဆုံးဖြတ်ချက်ကို ဆန့်ကျင်ဘက်ဖြစ်စေရန် နောက်ကြောင်းပြန်ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ကို သက်ရောက်မှုရှိစေရန် တရားရုံး၏ ဖွဲ့စည်းပုံကို ပြောင်းလဲရန် ကြိုးပမ်းခြင်း မပြုရ။

၇။ တရားသူကြီးများသည် ၄င်းတို့၏ တရားစီရင်ခွင့် လွတ်လပ်မှုကို ကာကွယ်ရန်အတွက် စုပေါင်းလုပ်ဆောင်မှုပြုရန် အခွင့်ရှိသည်။

၈။ တရားသူကြီးများသည် ဂုဏ်သိက္ခာ၊ ၄င်းတို့၏ အမှုထမ်းရွက်မှုအပေါ် တာဝန်ယူမှုနှင့် တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုကို ထိန်းသိမ်းရန် မိမိကိုယ်ကို ဆန်းစစ်သင့်သည်

အဆိုပါမူဝါဒကြောင်းရ တရားသူကြီးများသည် လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ထုတ်ဖော်ခွင့်၊ ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်း ဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် လှုပ်ရှားခွင့်တို့ ပြုလုပ်ရန် အခွင့်ရှိသည်။

## အရည်အချင်း၊ ရွေးချယ်မှုနှင့် မွမ်းမံသင်ကြားခြင်း

၉။ တရားရေးအမှုထမ်းခွင့် အတွက်စာမေးပွဲဝင်ဖြေသူများသည် တစ်ဦးချင်းရိုးသားမှုနှင့် စွမ်းဆောင်ရည် ရှိရမည်။

အကူတရားသူကြီးများ ခန့်အပ်မှုမှလွဲ၍ ဝင်ဖြေသူများသည် တရားရေးအမှုထမ်းဆောင်ရန် တန်းတူဝင်ရောက်ရွေးချယ်ခံခွင့် ရှိရမည်ဖြစ်ပြီး ဥပဒေကြောင်းရာများကို ကျွမ်းကျင်စေရန် သေချာလေ့ကျင့် သင်ကြားပေးရမည်။

၁၀။ တရားသူကြီးများကို ရွေးချယ်ရာတွင် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအတွေးအမြင်၊ နိုင်ငံသား၊ ဘာသာစကား သို့မဟုတ် လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ မျိုးရိုးအဆင့်အတန်းတို့ကြောင့် ခွဲခြားနှိမ့်ချခြင်းမရှိစေရ။ သို့သော် နိုင်ငံသားဖြစ်ရန် လိုအပ်ချက်နှင့် တရားရုံး၏ သင့်လျော်မှုအပေါ် မူတည်ကာ ရွေးချယ်နိုင်သည်။

၁၁။ (က) တရားရေးဝန်ထမ်း ရွေးချယ်မှုစံနှုန်းနှင့် လုပ်ငန်းစဉ်များသည် လူမှုအသိုင်းအဝိုင်း၏ တရားစီရင်ရေးကို ရှုထောင့်ပေါင်းစုံမှ ကောင်းစွာထင်ဟပ်စေရန် စဉ်းစားဆုံးဖြတ်ရမည်။

(ခ) တရားရေးဝန်ထမ်းရွေးချယ်ခြင်း နည်းလမ်းများသည် မသမာသည့် ရည်ရွယ်ချက်များအတွက် တရားရေးဝန်ထမ်းခန့်အပ်ခြင်းများမှ တိတိကျကျ ကာကွယ်ရမည်။

(ဂ) တရားရေးဝန်ထမ်းခန့်အပ်ရာတွင် နိုင်ငံအုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး သို့မဟုတ် မဲဆန္ဒရှင်များက ပါဝင်ပက်သက်မှုတွင် မသမာသော ရည်ရွယ်ချက်နှင့် နည်းလမ်းများကို တိတိကျကျ ကာကွယ်ခြင်းဖြင့် ထိုသို့ပါဝင်ပတ်သက်မှုသည် တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် ကိုက်ညီမှုရှိရမည်။



ပညာရပ်အပေါ် ကျွမ်းကျင်မှုနှင့် ရိုးသားမှုအမြင်မှ ကြည့်လျှင် အသင့်တော်ဆုံး ခန့်အပ်မှုဖြစ်စေရန်၊ တစ်ကိုယ်ရည် လွတ်လပ်မှုကို ကာကွယ်ထိန်းသိမ်းရန် ကြိုးပမ်းမှုပြုရမည်။

အတတ်နိုင်ဆုံးအခြေအနေတွင် တရားရေးဝန်ထမ်း ခန့်အပ်မှုများအတွက် တရားရေးဝန်ထမ်းများနှင့် ဥပဒေရေးရာ ကျွမ်းကျင်သူများအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးရန်၊ ရာထူးခန့်ထားခြင်းအတွက် ချိန်းဆိုခြင်းနှင့် အကြံပြုခြင်းများ လုပ်ဆောင်ရန် တရားရေးအဖွဲ့ဝင်များနှင့် ဥပဒေပညာရှင်များအဖွဲ့က ထိရောက်စွာ ပါဝင်ဆောင်ရွက်ရမည်။

၁၂။ တရားသူကြီးများ ပညာဆက်လက်သင်ကြားခွင့် ရရှိစေရမည်။

## တာဝန်ကျရာနေရာ၊ ရာထူးတိုးမြှင့်ခြင်းနှင့် ရာထူးပြောင်းရွှေ့ခြင်း

၁၃။ တရားသူကြီးတစ်ဦးကို ခန့်အပ်ခြင်း၊ သို့မဟုတ် တရားရေးအမှုထမ်းခွင့်အတွက် ရွေးကောက်ခြင်းအပြီးတွင် ကိုယ်ပိုင်ဆုံးဖြတ်ရသည့် တာဝန်များ ပေးအပ်ခံရပါက ထိုသို့ တာဝန်ခွဲဝေသတ်မှတ်မှုကို တရားရေးဝန်ထမ်းများက သို့မဟုတ် တရားရေးဝန်ထမ်းများ၏ အဆင့်မြင့်ကောင်စီကဲ့သို့ အဖွဲ့အစည်းမျိုးရှိလျှင် ထိုအဖွဲ့အစည်းက လုပ်ဆောင်ရမည်။

၁၄။ တရားသူကြီးတစ်ဦးကို ရာထူးတိုးမြှင့်ခြင်းသည် အဆိုပါတရားသူကြီး၏ ရိုးသားမှု၊ လွတ်လပ်မှု၊ ပရော်ဖက်ရှင်နယ်စွမ်းရည်၊ အတွေ့အကြုံ၊ လူသားဆန်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန် ကတိကဝတ်ရှိ မှုတို့ကို ဓမ္မဓိဋ္ဌာန်ကျကျ ချဉ်းကပ်သုံးသပ်ခြင်းအပေါ် မူတည် ရွေးချယ်ရမည်။ မသမာသောရည်ရွယ်ချက်ဖြင့် ရာထူးတိုးမြှင့်ခြင်း လုံးဝမပြုရ။

၁၅။ ရာထူးကို ပုံမှန် အလှည့်ကျပေးခြင်း သို့မဟုတ် တိုးမြှင့်ခြင်းစနစ်ကို လိုက်နာခြင်းမှအပ တရားသူကြီးများသည် တရားစီရင်ပိုင်ခွင့်နေရာ၊ လုပ်ငန်းတာဝန်တစ်ခုမှ အခြားတစ်ခုသို့ ၄င်းတို့၏ သဘောတူညီချက်မပါဘဲ ပြောင်းရွှေ့ခြင်း မပြုစေရ။ သို့သော် အဆိုပါပြောင်းရွှေ့မှုမျိုးသည် တရားသူကြီးအဖွဲ့က သေချာသုံးသပ်ချမှတ်ထားသော တူညီမှုဂါဒကို လိုက်နာရခြင်းဖြစ်လျှင် တရားသူကြီးတစ်ဦးတစ်ယောက်က သဘောမတူညီဟု အကြောင်းပြ ဆုပ်ကိုင်ထားနိုင်ခြင်း မရှိစေရ။

## လုပ်ပိုင်ခွင့်

၁၆။ (က) တရားသူကြီးများ၏ ရုံးထိုင်သက်တမ်းကာလ၊ ၄င်းတို့၏ လွတ်လပ်မှု၊ လုံခြုံမှု၊ လုံလောက်သည့် ခံစားခွင့်နှင့် အမှုထမ်းရသည့် အခြေအနေများကို ဥပဒေဖြင့် လုံခြုံမှုရှိအောင် ပြုလုပ်ပေးထားရမည်ဖြစ်ပြီး အကျိုးယုတ်စေအောင် ပြောင်းလဲခြင်းမပြုရ။

(ခ) စည်းကမ်းထိန်းသိမ်းရခြင်းနှင့် ထုတ်ပယ်ခြင်းများနှင့် ဆပ်စပ်၍ အထောက်အပံ့များကို ရှေ့တွင် ဆက်လက် ဖော်ပြသွားမည်။

တရားသူကြီးများသည် ခန့်အပ်ခံရသည်ဖြစ်စေ ရွေးချယ်ခံရသည်ဖြစ်စေ သတ်မှတ်ထားသော အငြိမ်းစားယူသည့် အသက်အရွယ်အထိ သို့မဟုတ် ဥပဒေကြောင်းအရ သက်တမ်းကုန်ဆုံးသည်အထိ လုပ်ပိုင်ခွင့်ကို အာမခံချက်ပေးရမည်။

၁၇။ တရားသူကြီးများကို ခန့်အပ်လိုက်သည့် ကနဦးကာလတွင် အစမ်းခန့်ကာလရှိနိုင်သော်လည်း အဆိုပါ ကိစ္စမျိုးတွင် အစမ်းခန့်ကာလ၏ လုပ်ပိုင်ခွင့်နှင့် အတည်ခန့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်းတို့သည် တရားသူကြီးအဖွဲ့ သို့မဟုတ် တရားသူကြီးများ၏ အထက်ကောင်စီ၏ ချုပ်ကိုင်မှုအောက်တွင် အဓိက ထားရှိရမည်။

၁၈။ (က) ၎င်းတို့၏ ရုံးထိုင်သက်တမ်းကာလအတွင်း တရားသူကြီးများသည် လစာကို ခံစားရမည်ဖြစ်ပြီး အငြိမ်းစား ယူပြီးနောက်တွင်လည်း ပင်စင်လစာခံစားရရှိမည်။

(ခ) တရားသူကြီးများ၏ လစာနှင့်ပင်စင်များသည် လုံလောက်မှုရှိရမည်။ ရာထူး၊ ဂုဏ်သိက္ခာ၊ အမှုထမ်းရွက်ရာတွင် တာဝန်ကျေပွန်မှုတို့နှင့် အချိုးညီမျှရမည်ဖြစ်ပြီး ငွေကြေးဖောင်းပွမှု၏ သက်ရောက်မှုကို လျော့ချနိုင်ရန်၊ သို့မဟုတ် ဖြေရှင်းနိုင်ရန် လိုအပ်သလိုပြန်လည် သုံးသပ်ပေးရမည်။

(ဂ) အမှုထမ်းဆောင်နေသည့် တရားသူကြီး၏ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၎င်းတို့၏ ဆန္ဒမပါပဲ ပြောင်း လဲခြင်းမပြုရ။

၁၉။ နိုင်ငံတော်အုပ်ချုပ်ရေး အာဏာပိုင်များသည် တရားသူကြီးနှင့် ၎င်း၏မိသားစု လုံခြုံရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ပေးမှုကို အချိန်တိုင်း သေချာစေရမည်။

## ကင်းလွတ်ခွင့်နှင့် အထူးအခွင့်အရေးများ

၂၀။ တရားသူကြီးများ၏ တရားစီရင်ရေးလုပ်ငန်းများကြောင့် ၎င်းတို့ကို တရားစွဲခြင်းမှ ကာကွယ်ပေးရမည်ဖြစ်ပြီး သင့်လျော်သည့် တရားရေးအခွင့်အာဏာ ခွင့်ပြုမိန့်ရရှိခြင်းမှလွဲ၍ တရားစွဲဆိုခြင်းမရှိစေရ။

၂၁။ တရားသူကြီးများသည် ၎င်းတို့၏ တာဝန်ကြောင့်သာ စုဆောင်းရရှိပြီး အများပြည်သူရှေ့ စစ်မေးခြင်းမှ ရရှိခြင်းမဟုတ်သော လျှို့ဝှက်အပ်သော သတင်းအချက်အလက်များနှင့် တည်ငြိမ်သော ဆုံးဖြတ်ချက်ကိုချရာတွင် ပညာသည်ပီသသောလျှို့ဝှက်မှုကို ထားရှိရမည်။ အဆိုပါကိစ္စမျိုး တွင် တရားသူကြီးများသည် သက်သေအဖြစ်တင်ပြရန်မလိုအပ်ပေ။

## စည်းကမ်းနှင့် မညီမှုများ

၂၂။ တရားသူကြီးများသည် တရားစီရင်သည့်စွမ်းဆောင်ရည်မရှိလျှင် ၎င်းတို့၏ တရားစီရင်ရေးလွတ်လပ်ခွင့်ကို ထိခိုက်စေသဖြင့် တာဝန်ထမ်းဆောင်ခြင်း မပြုရ။



၂၃။ တရားသူကြီးများနှင့် တရားရုံးများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီဖြစ်စေ၊ ပြဋ္ဌာန်းဥပဒေတွင် ခွင့်ပြုလျှင်ဖြစ်စေ ထိုအခြေအနေမှတစ်ပါး အကြံဉာဏ်အတွေးအမြင်များ ပေးအပ်ခြင်းမပြုရ။

၂၄။ တရားသူကြီးများသည် ၎င်းတို့ ကိုယ်ရေးကိုယ်တာရင်းနှီးမြှုပ်နှံမှုကို မတော်တဆပြုမိခြင်း သို့မဟုတ် ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ထားခြင်းမှတစ်ပါး စီးပွားရေးလုပ်ဆောင်မှုများမှ ရှောင်ကြဉ်ရမည်။ ဥပဒေလုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ခြင်း မပြုရ။

၂၅။ တရားသူကြီးတစ်ဦးသည် ၎င်း၏အပိုင်းတွင် ဘက်လိုက်သည်ဟု ကျိုးကြောင်းဆီလျော်သော ပူပန်မှုဖြစ်ပေါ်လျှင် သို့မဟုတ် လုပ်ငန်းဆောင်တာများ သဟဇာတမဖြစ်ခြင်းကြောင့် အကျိုးစီးပွား ပဋိပက္ခများဖြစ်ပေါ်လာလျှင် အမှုစီရင်ခြင်းမပြုရ။

## ပြစ်ဒဏ်ပေးမှုနှင့် ထုတ်ပယ်ခြင်း

၂၆။ (က) တရားသူကြီးတစ်ဦးနှင့် ပတ်သက်၍ မကျေနပ်မှုတစ်စုံတစ်ရာရှိလျှင် သင့်လျော်သော အမှုအကျင့်ဖြင့် ထိရောက်လျင်မြန်စွာ၊ မျှတစွာ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး တရားသူကြီးအနေနှင့် မကျေနပ်မှုအပေါ် သုံးသပ်ချက်ပေးရန် ကနဦးအဆင့်တွင် အခွင့်အရေးရှိရမည်။ မကျေနပ်မှုကို စစ်ဆေးရာတွင် ကနဦးအဆင့်၌ တရားသူကြီးက တောင်းဆိုလာလျှင်မှတစ်ပါး လျှို့ဝှက်ထားရမည်။

(ခ) တရားသူကြီးကို ပြစ်ဒဏ်ပေးရန် သို့မဟုတ် ထုတ်ပယ်ရန် စစ်ဆေးဆောင်ရွက်ရာတွင် တရားရုံးတော်တွင် သို့မဟုတ် တရားရေးဝန်ထမ်းအဖွဲ့ဝင်များ အများစုပါဝင်ဖွဲ့စည်းထားသော ဘုတ်အဖွဲ့၏ရှေ့တွင် ပြုလုပ်ရမည်။

စွပ်စွဲပြစ်တင်ခြင်းကြောင့် ထုတ်ပယ်ရသည့် အခွင့်အာဏာသည် ဥပဒေပြုအဖွဲ့အစည်းတွင် တရားရုံး သို့မဟုတ် ဘုတ်အဖွဲ့၏ ထောက်ခံချက်ဖြင့် အပ်နှင်းရမည်။

၂၇။ ပြစ်ဒဏ်ပေးမှုနှင့်ဆိုင်သော လုပ်ဆောင်ချက်အားလုံးသည် တည်ဆောက်ထားသော တရားရေးလုပ်ဆောင်မှုစံနှုန်းများ အပေါ်တွင် အခြေခံရမည်။

၂၈။ တရားသူကြီးကို ပြစ်ဒဏ်ပေးရန် စစ်ဆေးလုပ်ဆောင်ချက်များသည် တရားသူကြီးအတွက် မျှတစေရန်နှင့် အပြည့်အဝ ကြားနာစစ်ဆေးရန် အခွင့်ရှိကြောင်း သေချာစေရမည်။

၂၉။ တရားသူကြီးများကို ပြစ်ဒဏ်ပေးရန် စစ်ဆေးလုပ်ဆောင်ချက်များမှ ထွက်ပေါ်လာသော တရားစီရင်ချက်များကို ချမှတ်ရာတွင် ကင်မရာရှေ့၊ သို့မဟုတ် လူထုရှေ့တွင်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လူထုထံ ထုတ်ပြန်ပေးရမည်။

၃၀။ တရားသူကြီးတစ်ဦးသည် အရည်အချင်းမပြည့်မီခြင်း၊ သို့မဟုတ် အပြုအမူမမှန်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရန် မသင့်လျော်ဟု ဆုံးဖြတ်ခြင်းမှတပါး ထုတ်ပယ်ခြင်းမပြုရ။

၃၁။ တရားရုံးကို ဖျက်သိမ်းခံရသည့် ကိစ္စရပ်မျိုးတွင် သတ်မှတ်ကာလအတွက် ရွေးကောက်ထားသူများမှလွဲ၍ အဆိုပါတရားရုံးတွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများကို ထိခိုက်မှုမရှိစေဘဲ အခြားတရားရုံးသို့ တူညီသော ရာထူးဖြင့် ပြောင်းရွှေ့ပေးရမည်။

## တရားရုံး စီမံခန့်ခွဲခြင်း

၃၂။ စီမံရေးအမှုထမ်းများနှင့် အကူဝန်ထမ်းတို့ကို ထိန်းချုပ်ကွပ်ကဲခြင်းအပါအဝင် တရားရုံး စီမံခန့်ခွဲခြင်းအတွက် အဓိကတာဝန်ကို တရားသူကြီးအဖွဲ့ သို့မဟုတ် တရားသူကြီးအဖွဲ့က ကိုယ်စားပြုပါဝင်ပြီး ထိရောက်သည့် အခန်းကဏ္ဍရှိသည့် အဖွဲ့အစည်းထံ အပ်နှံထားရမည်။

၃၃။ တရားစီရင်မှုအတွက် စီမံခန့်ခွဲခြင်းကို လုပ်ဆောင်နိုင်ရန် လုံလောက်သည့် အရင်းအမြစ်များ ပေးအပ်ရန်မှာ နိုင်ငံအစိုးရအတွက် အမြင့်ဆုံးဦးစားပေး ဖြစ်ရမည်။ အဆိုပါရင်းမြစ်များတွင် တရားစီရင်ရေး၏ လွတ်လပ်မှု၊ ဂုဏ်သိက္ခာ၊ ထိရောက်မှု (တရားစီရင်ရေးနှင့် စီမံရေးအမှုထမ်းများ) တို့ကို ထိန်းသိမ်းရန်နှင့် လုပ်ငန်းလည်ပတ်ရန် ဘတ်ဂျက်တို့အတွက် သင့်လျော်သည့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့ ပစ္စည်းများပါဝင်သည်။

၃၄။ တရားရုံးအတွက် ဘတ်ဂျက်သည် တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် လိုအပ်ချက်များကို ရရှိနိုင်စေရန် ကျွမ်းကျင်သော အာဏာပိုင်နှင့် တရားသူကြီးအဖွဲ့တို့ ပူးပေါင်းပြင်ဆင်ရမည်။

၃၅။ တရားသူကြီး တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် တရားသူကြီးအများအပြားပါဝင်သည့် တရားရုံးဌာနကို ဥပဒေအရ သို့မဟုတ် တရားရုံးစည်းမျဉ်းများအရ အမှုများတာဝန်ပေးရာတွင် တရားသူကြီးအဖွဲ့တွင်သာ တာဝန်ရှိသည်။

၃၆။ တရားရုံးအကြီးအကဲသည် စီမံခန့်ခွဲရေးကိစ္စရပ်များတွင်သာ တရားသူကြီးများအပေါ် ကြီးကြပ်မှုအာဏာကျင့်သုံးရမည်။

## အထွေထွေ

၃၇။ တရားသူကြီးတစ်ဦးသည် အမှုကိုင်တွယ်ရာတွင် မျှတစွာဆောင်ရွက်ရမည်ဖြစ်ပြီး ကြမ်းတမ်းစွာ ဆက်ဆံသည်ဟု စွပ်စွဲချက်များအပါအဝင် အဖွဲ့တစ်ဖွဲ့ သို့မဟုတ် မျက်မြင်သက်သေတစ်ဦး၏ အခွင့်အရေးကို ထိခိုက်စေနိုင်သည့် စွပ်စွဲမှုတိုင်းကို အပြည့်အဝ စုံစမ်းမေးမြန်းရမည်။

၃၈။ တရားသူကြီးများသည် တရားရေးအဖွဲ့ဝင်များ၊ ပူးတွဲတရားသူကြီးများ၊ ရှေ့နေများ၊ အစိုးရရှေ့နေများနှင့် ဂျူရီအဖွဲ့ဝင်များကို အမှုအလိုက် လေးစားရမည်။

၃၉။ နိုင်ငံတော်သည် တရားရုံးများ၏ အမိန့်များနှင့် တရားစီရင်ချက်များကို သင့်လျော်သည့် အကောင်အထည်ဖော်မှုရှိကြောင်း သေချာစေရမည်။ သို့သော် အမိန့်များကို အကောင်အထည်ဖော်ခြင်းနှင့် တာဝန်ထမ်းဆောင်မှုနှင့် လုပ်ငန်းစဉ်များအပေါ် ကြီးကြပ်ကွပ်ကဲခြင်းကို တရားသူကြီး အဖွဲ့ထံတွင်သာ အပ်နှင်းထားရမည်။



၄၀။ တရားသူကြီးများသည် လူ့အခွင့်အရေးစံနှုန်းများကို ထူထောင်သည့် နိုင်ငံတကာကွန်ဗန်းရှင်းများနှင့် အခြားကိရိယာများကို အမြဲမပြတ်သိရှိအောင်လုပ်ရမည်။ ထို့အတူ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများမှ ခွင့်ပြုထားသည့် ပမာဏအတွင်း တတ်နိုင်သလောက် အကောင်အထည်ဖော်ရန် ကြိုးပမ်းရမည်။

၄၁။ နိုင်ငံတကာ တရားသူကြီးများ၊ ပူးတွဲတရားသူကြီးများ၊ ခုံသမာဓိများ၊ အစိုးရရှေ့နေများ၊ တရားရေးလုပ်ငန်းများ လုပ်ကိုင်နေသော တရားရေးအဖွဲ့ဝင်များအပါအဝင် တရားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်အားလုံးသည် အဆိုပါ အခြေခံမူဂါဒနှင့် စံနှုန်းများကို အခြေအနေ တစ်ရပ်အရ မကျင့်သုံးနိုင်ခြင်း မဆီလျော်ဖြစ်နေခြင်းမှ အပ လိုက်နာကျင့်သုံးရမည်။

## အကဲဖြတ်လူကြီးများ

၄၂။ အကဲဖြတ်လူကြီး တစ်ယောက်သည် တရားသူကြီးတစ်ယောက်၏ တာဝန်များ၊ ပူးတွဲ သို့မဟုတ် အကူ တရားသူကြီး သို့မဟုတ် အကြံပေး သို့မဟုတ် ဥပဒေ၊ နည်းပညာ ကျွမ်းကျင်သူများ၏ လုပ်ငန်းများကိုပါ လုပ်ဆောင်ရနိုင်သည်။

အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပူးတွဲတရားသူကြီးသည် ၎င်းတို့၏ တာဝန်များကို ပယ်ဖျက်ထားရမည်ဖြစ်ပြီး လုပ်ငန်းများကို မျက်နှာမလိုက်ဘဲ လွတ်လပ်စွာလုပ်ဆောင်ရမည်။ တရားသူကြီးများလိုက်နာရသည့် မူဂါဒများနှင့် စံနှုန်းများကို ပူးတွဲတရားသူကြီးများကလည်း အခြေအနေ တစ်ရပ်အရ မကျင့်သုံးနိုင်ခြင်း မဆီလျော်ဖြစ်နေခြင်းမှ အပ လိုက်နာကျင့်သုံးရမည်။

၄၃။ အကဲဖြတ်လူကြီး သို့မဟုတ် ပြည်သူ့အကဲဖြတ်လူကြီးများ သို့မဟုတ် Nyaya Panchas များသည် သတ်မှတ်ကာလတစ်ခုအတွက် မဲပေးခွင့်နှင့် မဲဆန္ဒရှင်များက ရွေးချယ်ကာ အခြားရွေးချယ်ထားသော၊ သို့မဟုတ် ခန့်အပ်ထားသော တရားသူကြီးများနှင့်အတူ စီရင်ဆုံးဖြတ်ရသည့် လုပ်ငန်းစဉ်တွင် ပါဝင်ရန် ဥပဒေပြဋ္ဌာန်းထားနိုင်သည်။

နိုင်ငံသားများအကြား အကဲဖြတ်လူကြီး အဖြစ်ရွေးကောက်ခံရန် အရည်အချင်းပြည့်မီမှုရှိလျှင် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားအတွေးအမြင်၊ နိုင်ငံသား နှင့် လူမှုအသိုင်းအဝိုင်း၊ ပိုင်ဆိုင်မှု၊ မွေးဖွားလာသည့် အခြေအနေတို့ကို အကြောင်းပြု၍ ခွဲခြား နှိမ့်ချခြင်းမပြုရ။

၎င်းတို့၏ ရွေးကောက်ပွဲများတွင် ထိုကဲ့သို့ အကဲဖြတ်လူကြီးများသည် ၎င်းတို့၏အကဲဖြတ် တာဝန်များကိုဆောင်ရွက်ရန် သတ်မှတ်ထားသော ကာလတိုအတွက် ဂျူရီအဖွဲ့ဝင်အတွင်း သွတ်သွင်းခံရနိုင်သည်။

အကဲဖြတ်လူကြီးကို ပညာရပ်ပိုင်းဆိုင်ရာအကြံဉာဏ်၊ အကူအညီ သို့မဟုတ် ၎င်းတို့၏ အထူးပြု အသိအမြင်များမှ အကူအညီရရန်၊ လွယ်ကူရိုးရှင်းသော တရားစီရင် ဆုံးဖြတ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လည်း ခန့်အပ်ခံရနိုင်သည်။

၄၄။ အကဲဖြတ်လူကြီးကို ၄င်းတို့တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားအတွက် ထိုက်တန်လုံလောက်သော သင့်လျော်သည့်ပမာဏရှိသည့် ထောက်ပံ့ကြေးကို ၄င်းတို့ကို အလုပ်ခန့်အပ်ထားသည့် နေရာမှပေးအပ်ခြင်းမရှိလျှင် နိုင်ငံတော်မှ ပေးအပ်ရမည်။

၄၅။ စီရင်ဆုံးဖြတ်ခွင့် လုပ်ငန်းစဉ်တွင်ပါဝင်ရန် ရွေးချယ်ခံရသူ သို့မဟုတ် နည်းပညာနှင့် အခြားအကူအညီများအတွက် ခန့်အပ်ခံရသူ အကဲဖြတ်လူကြီးသည် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အခြားအတားအဆီးများ၊ လွှမ်းမိုးမှုများ၊ ဆွဲဆောင်မှုများ၊ ဖိအားများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် ဝင်ရောက်စွက်ဖက်မှုများမှ ကင်းလွတ်ရမည်။ သို့သော်ငြား ရွေးကောက်ခံရသည့် အဆိုပါ အကဲဖြတ်လူကြီးက တရားစီရင်ရေးစနစ်အတွင်း နိုင်ငံသားများ ပါဝင်ပတ်သက်မှုစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သူ၏မဲဆန္ဒရှင်များကို အခါအားလျော်စွာ ဖြေရှင်းချက်များပေးနိုင်သည်။

၄၆။ အကဲဖြတ်လူကြီးသည် တရားသူကြီးများ၊ နိုင်ငံအုပ်ချုပ်ရေးအဖွဲ့နှင့် ဥပဒေပြုရေးအဖွဲ့တို့နှင့် လွတ်ကင်းရမည်ဖြစ်ပြီး တရားစီရင်ဆုံးဖြတ်မှုတွင် အတိုင်းအတာတစ်ခုအထိ ပါဝင်ရန်အခွင့်ရှိသည်။ တရားစီရင်ရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန် ပြည်သူက ရွေးကောက်လိုက်သော အကဲဖြတ်လူကြီးများသည် မှတ်တမ်းနှင့်မဆိုင်ဘဲ သဘောထားကွဲလွဲမှုများကို ကိုယ်ပိုင်မှတ်တမ်းထားရန် အခွင့်ရှိသည်။

၄၇။ အကဲဖြတ်လူကြီးများကို ဂျူရီစာရင်းသွင်းသည့် နည်းလမ်းများသည် မသမာသော ရည်ရွယ်ချက်နှင့် စာရင်းသွင်းခြင်းမှ အတိမ်းအစောင်းမရှိ ကာကွယ်ရမည်။

၄၈။ တရားစီရင်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်တွင်ပါဝင်ရန် ရွေးကောက်ခံရသည့် အစိုးရ အကဲဖြတ်လူကြီးများနှင့် Nyaya Panchas များအတွက် အသားပေးလုပ်ဆောင်ရမည့် ကိစ္စများနှင့် ညွှန်ကြားချက်များကို ကြိုတင်စီမံထားသင့်သည်။

၄၉။ အကဲဖြတ်လူကြီးတစ်ဦးသည် ၄င်း၏ မဲဆန္ဒရှင်များက ပြန်လည်ခေါ်ယူခြင်း၊ အရည်အချင်းမပြည့်မီခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊ သို့မဟုတ် ထုတ်ပယ်ခံရခြင်း ဖြစ်နိုင်သည်။ သို့သော် ပြဋ္ဌာန်းထားသော ဥပဒေများအရ လုပ်ငန်းစဉ်များမှာ တင်းကြပ်မှုရှိသည်။

[...]

## ရှေ့နေများ

### အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၇၃။ ယခုအခန်းတွင်-

(က) ရှေ့နေဆိုသည်မှာ အမှုသည်၏ကိုယ်စား လျှောက်လဲရန် အရည်အချင်းပြည့်မီပြီး လျှောက်လဲပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ၄င်းသည် ဥပဒေကို ကျင့်သုံးရန်၊ တရားရုံးရှေ့တွင် ထွက်ဆိုရန်နှင့် ၄င်း၏ အမှုသည်ကို ဥပဒေရေးရာကိစ္စများတွင် အကြံပေးရန်၊ ကိုယ်စားပြုရန် အခွင့်ရှိသူဖြစ်သည်။ ဤအခန်း၏ ရည်ရွယ်ချက်တွင် ကိုယ်စားလှယ်များ၊ လက်ထောက်များ၊ ရှေ့နေချုပ်များ၊ ပညာရှင်အဆင့်များနှင့် ရှေ့နေလုပ်ငန်းဆောင်တာများတွင် တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်နှင့်အထက် လုပ်ဆောင်ရန် ခွင့်ပြုခံရသော၊ အခွင့်ရှိသော သူအားလုံးကို ဆိုလိုသည်။ ထိုသိုYပါဝင်မှုမှာ မသင့်လျော် သို့မဟုတ် မဆီလျော် ဖြစ်နေသည်ဟု ညွှန်းဆိုခံရခြင်းမှ လွဲ၍ အားလုံးပါဝင်သည်။

(ခ) တရားရေးဝန်ထမ်းအဖွဲ့ဆိုသည်မှာ ပရောက်ဖက်ရှင်နယ် အဖွဲ့အစည်း၊ အစည်းအရုံး၊ ဌာန၊ အစုအဖွဲ့၊ ဗျူရို၊ ကောင်စီနှင့် တရားစီရင်ရေးအတွင်းရှိ ပရော်ဖက်ရှင်နယ် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားသော အဖွဲ့အစည်းအားလုံးကို ဆိုလိုသည်။ ဤအခန်း၏ ရည်ရွယ်ချက်တွင် ကိုယ်စားလှယ်များ၊ လက်ထောက်များ၊ ရှေ့နေချုပ်များ၊ ပညာရှင်အဆင့်များနှင့် ရှေ့နေလုပ်ငန်းဆောင်တာများတွင် တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်နှင့်အထက် လုပ်ဆောင်ရန် ခွင့်ပြုခံရသော၊ အခွင့်ရှိသော သူအားလုံးနှင့် အကျုံးဝင်အမည်ပေးထားသော အဖွဲ့အစည်းတိုင်း ပါဝင်သည်။ ထိုသို့ပါဝင်မှုမှာ မသင့်လျော် သို့မဟုတ် မဆီလျော် ဖြစ်နေသည်ဟု ညွှန်းဆိုခံရခြင်းမှ လွဲ၍ အားလုံးပါဝင်သည်။

### အခြေခံ မူများ

၇၄။ တရားစီရင်ရေး အလုပ်အကိုင်၏ လွတ်လပ်မှုသည် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအတွက် မရှိမဖြစ်သော အာမခံချက်ဖြစ်စေသည်။

၇၅။ တရားစီရင်မှုကို စီမံသည့်စနစ်သည် ရှေ့နေများအနေနှင့် ၄င်းတို့၏ အသက်မွေးမှုလုပ်ငန်းတာဝန်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အလုံးစုံဖြစ်စေ အတားအဆီး၊ လွှမ်းမိုးမှု၊ ဆွဲဆောင်မှု၊ ဖိအား၊ ခြိမ်းခြောက်မှုနှင့် စွက်ဖက်မှုတို့မှ လွတ်လပ်သည်ဟု အာမခံချက် ပေးနိုင်သော မျှတ၊ ညီမျှသည့် စနစ်ဖြစ်ရမည်။

၇၆။ လူတိုင်းသည် မိမိ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးကို ကာကွယ်ရန် မိမိရှေ့နေကို လွတ်လပ်စွာရွေးချယ်ပြီး ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများကို ထိရောက်စွာ ရယူနိုင်ခွင့်ရှိရမည်။

### ဥပဒေပညာရေးနှင့် ဥပဒေအသက်မွေးဝမ်းကျောင်းမှုသို့ ဝင်ရောက်ခြင်း

၇၇။ ဥပဒေ ပညာရေးနှင့် ဥပဒေအသက်မွေးဝမ်းကျောင်းမှု သတ်မှတ်အရည်အချင်းပြည့်မီ သူတိုင်းဝင်ခွင့်ရှိရမည်ဖြစ်ပြီး လူမျိုး၊ အသားအရောင်၊ လိင်၊ နိုင်ငံရေးနှင့် အခြားခံယူချက်၊ နိုင်ငံသား၊ ဘာသာစကား သို့မဟုတ် လူမှုရင်းမြစ်၊ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ မျိုးရိုးအခြေအနေစသည့် အကြောင်းပြချက်ဖြင့် ၄င်း၏ အခွင့်အရေးကို ငြင်းပယ်ခြင်း မပြုစေရ။

၇၈။ ဥပဒေဆိုင်ရာ ပညာရေးသည် လူထုအကျိုးစီးပွားကို မြှင့်တင်ရန် ရေးဆွဲထားရမည်ဖြစ်သည်။ ထို့အတူ နည်းစနစ်ပိုင်းအရ ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး ရှေ့နေ၏ ကျင့်ဝတ်တာဝန်များနှင့် စံနှုန်းများ၊ လူ့အခွင့်အရေးနှင့် နိုင်ငံနှင့် နိုင်ငံတကာဥပဒေများက အသိအမှတ်ပြုထားသော အခြေခံလွတ်လပ်ခွင့်တို့၏ ကျင့်ဝတ်တာဝန်များ၊ စံနှုန်းများကို သိရှိစေရန် ရေးဆွဲထားသင့်သည်။

၇၉။ ဥပဒေဆိုင်ရာ ပညာရေးအစီအစဉ်များသည် ဆင်းရဲသူများကို ဥပဒေဝန်ဆောင်မှုပေးရာတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများကို မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းတို့အပါအဝင် ရှေ့နေ၏ လူမှုတာဝန်ယူမှုများကိုလည်း ထည့်သွင်းထားသင့်သည်။

၈၀။ လိုအပ်သည့် အရည်အချင်းရှိပြီး၊ ရိုးသား စရိုက်ကောင်းမွန်သည့် မည်သူမဆို ရှေ့နေတစ်ဦးဖြစ်စေရန် အခွင့်ရှိရမည်။ ထို့ပြင် လူမျိုး၊ အသားအရောင်၊ လိင်၊ နိုင်ငံရေးနှင့် အခြားခံယူချက်၊ နိုင်ငံသား၊ ဘာသာစကား သို့မဟုတ် လူမှု ရင်းမြစ်၊ ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ မျိုးရိုးအခြေအနေ၊ နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးတို့ကို ကာကွယ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခံရဖူးသူ စသည့်အကြောင်းပြချက်များဖြင့် ခွဲခြားနှိမ့်ချမှုမရှိဘဲ ရှေ့နေအဖြစ် လုပ်ကိုင်ခွင့်ရှိရမည်။

ရှေ့နေတစ်ဦးကို ရှေ့နေလိုက်ခွင့်ပိတ်ခြင်း၊ စည်းကမ်းနှင့်မညီသဖြင့် ပိတ်ပင်ခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ဆိုင်းငံ့ထားခြင်းတို့အတွက် အခြေအနေများသည် လက်တွေ့ကျရမည်ဖြစ်ပြီး နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် ရှေ့နေများနှင့် ရှေ့နေလုပ်ငန်းလုပ်ကိုင်သူများ ကျင့်သုံးရသည့် ထုံးတမ်းများတွင် သတ်မှတ်ပြဋ္ဌာန်းထားရ မည်။

## လူထုနှင့် ပက်သက်သည့် ဥပဒေပညာရေး

တရားဥပဒေစိုးမိုးရေးအတွက် အခြေခံမှုများ၊ တရားစီရင်ရေးနှင့် တရားရေး အလုပ်အကိုင်၏ လွတ်လပ်မှုအရေးပါပုံ၊ ရှေ့နေများ၊ တရားသူကြီးများ၊ ဂျူရီလူကြီးများနှင့် ပူးတွဲတရားသူကြီးများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုတို့ကို ကာကွယ်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတို့ကို ပြည်သူအား အသိပညာပေးရန်၊ ပြည်သူကို ၎င်းတို့၏ အခွင့်အရေးများ၊ တာဝန်များနှင့် သက်ဆိုင်သော၊ ရရှိနိုင်သော တရားဥပဒေအခွင့်အရေးများကို အသိပေးရန်တို့သည် ရှေ့နေများနှင့် တရားရေးအဖွဲ့အစည်းများ၏ တာဝန်ဖြစ်သည်။

အထူးသဖြင့် တရားရေးအဖွဲ့အစည်းများသည် ရှေ့နေများနှင့် သာမန်ပြည်သူလူထုအတွက်ပါ သင့်လျော်သော ပညာရေးအစီအစဉ်များကို ပြင်ဆင်အကောင်အထည်ဖော်ရမည်။ ထို့အတူ အဆိုပါ အစီအစဉ်များကို မြှင့်တင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အာဏာပိုင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူ့အဖွဲ့များနှင့် ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းရမည်။



## ရှေ့နေများ၏ တာဝန်နှင့် အခွင့်အရေးများ

၈၂။ ရှေ့နေတစ်ဦးက သူ၏ အမှုသည်အတွက်လုပ်ရမည့် တာဝန်များတွင်-

(က) အမှုသည်ကို သူ၏ ဥပဒေဆိုင်ရာအခွင့်အရေးနှင့် တာဝန်များကို အကြံပေးခြင်း၊ အမှုသည်၏ ဥပဒေဆိုင်ရာအခွင့်အရေးနှင့် တာဝန်များနှင့် ဆက်စပ်သ၍ တရားရေးစနစ်၏ အလုပ်လုပ်ပုံကို အကြံပြုတင်ပြခြင်း၊

(ခ) အမှုသည်ကို သင့်လျော်သည့် နည်းလမ်းတိုင်းဖြင့် ကူညီပြီး အမှုသည်နှင့် သူ၏အကျိုးစီးပွားကို ကာကွယ်ရန် ဥပဒေဆိုင်ရာ ကိစ္စများလုပ်ဆောင်ပေးခြင်း၊

(ဂ) တရားရုံးများ၊ ခုံရုံးများနှင့် အုပ်ချုပ်မှုအာဏာပိုင်များ၏ ရှေ့မှောက်တွင် ကိုယ်စားပြုပေးခြင်းတို့ ပါဝင်သည်။

၈၃။ ရှေ့နေတစ်ဦးသည် အမှုသည်၏ ဆန္ဒနှင့်အညီ သူ၏တာဝန်များကို လွတ်လပ်စွာ၊ ဂီရိယရှိစွာနှင့် အကြောက်အရွံ့ကင်းစွာ လုပ်ဆောင်ရမည်ဖြစ်ပြီး ၎င်း၏အလုပ်အကိုင်နှင့် ပတ်သတ်သော စည်းမျဉ်းများ၊ စံနှုန်းများနှင့် ကျင့်ဝတ်များကို အာဏာပိုင်များ သို့မဟုတ် လူထုထံမှ တားမြစ်ခြင်းနှင့် ဖိအားမရှိစေဘဲ လုပ်ဆောင်ရမည်။

၈၄။ လူတိုင်းနှင့် လူအုပ်စုတိုင်းသည် ၎င်းတို့၏ အကျိုးစီးပွား သို့မဟုတ် အမှုကို ကာကွယ်ရန် ဥပဒေဘောင်အတွင်းမှ ရှေ့နေ၏ အကူအညီရယူပိုင်ခွင့်ရှိသည်။ ထိုတာဝန်ကို အစွမ်းရှိသ၍ ရိုးသားလွတ်လပ်စွာ ဆောင်ရွက်ပေးရခြင်းမှာ ရှေ့နေ၏တာဝန်ဖြစ်သည်။ အကျိုးဆက်အားဖြင့် ကျော်ကြားသည်ဖြစ်စေ မကျော်ကြားသည်ဖြစ်စေ ၎င်းအမှုသည် သို့မဟုတ် အမှုအတွက် ရှေ့နေကို အာဏာပိုင်များကဖြစ်စေ ပြည်သူကဖြစ်စေ ရွေးချယ်ပေးရခြင်းမဟုတ်ပေ။

၈၅။ မည်သည့်ရှေ့နေမဆို အမှုသည်အတွက် အကြံပေးခြင်း၊ ကူညီခြင်း၊ အမှုသည်၏ အမှုကို ကိုယ်စားပြုခြင်း စသည့် အကြောင်းရင်းများကြောင့် ပြစ်မှုဆိုင်ရာ၊ တရားမရေးရာ၊ အုပ်ချုပ်မှုရေးရာ၊ စီးပွားရေးရာ သို့မဟုတ် အခြားအရေး ယူမှုတို့ဖြင့် ဒုက္ခဖြစ်စေခြင်း၊ ခြိမ်းခြောက်ခံရခြင်း မဖြစ်စေရ။

၈၆။ ရှေ့နေတစ်ဦးသည် အုပ်ချုပ်ရေးဌာန သို့မဟုတ် ဒေသတွင်းဆွေးနွေးပွဲ ရှေ့မှောက်တွင် ကိုယ်စားပြုခွင့်ကို ဥပဒေဖြင့် ပလပ်ထားလျှင်၊ သို့မဟုတ် ရှေ့နေတစ်ဦးကို သက်ဆိုင်ရာ အာဏာပိုင်က တာဝန်မှဆိုင်းငံ့ထားလျှင်၊ စည်းကမ်းကြောင့်ပယ်ထားလျှင်၊ ရှေ့နေလိုက်ခွင့် ရုတ်သိမ်းထားလျှင် ၎င်းကို ချန်လှပ်ထားရမည်။

၎င်းရှေ့နေ၏ အမှုသည်အတွက် ကိုယ်စားပြုခွင့်ကို မည်သည့်တရားရုံးနှင့် အုပ်ချုပ်မှု အာဏာပိုင်ကမှ ငြင်းပယ်ခြင်းမပြုစေရဆိုထားသော်လည်း ထိုသို့ဖယ်ထုတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ စည်းကမ်းနှင့်မညီသဖြင့် ပယ်ခြင်း သို့မဟုတ် ရှေ့နေလိုက်ခွင့် ရုတ်သိမ်းခြင်းတို့သည် လွတ်လပ်သည့် တရားရေးဆိုင်ရာပြန်လည်သုံးသပ်ချက် နှင့် ဆန့်ကျင်ခြင်းမရှိစေရ။

၈၇။ တရားသူကြီးအဖွဲ့ကို သင့်လျော်သည့် လေးစားမှုပေးခြင်းသည် ရှေ့နေတစ်ဦး၏ တာဝန်ဖြစ်သည်။ တရားရုံးတွင် ကြားနာစစ်ဆေးရာတွင် ရှေ့နေသည် သတ်မှတ်အမှုတစ်ခုတွင် တစ်ဖက်

ရှေ့နေ၏ ပါဝင်ပတ်သက်မှု၊ သို့မဟုတ် လုပ်ဆောင်မှုကို ကန့်ကွက်နိုင်သည့် အခွင့်ရှိသည်။

၈၈။ တရားရုံးမထီမဲ့မြင်ပြုမှုအတွက် ရှေ့နေတစ်ဦးကို တရားစွဲဆိုမှုရှိလျှင် ရှေ့နေကို အမှုလုပ်သည့် တရားသူကြီးတစ်ဦး သို့မဟုတ် အများသည် အဆိုပါရှေ့နေကို အရေးယူမှုတစ်စုံတစ်ရာ မပြုစေရဘဲ အဆိုပါရှေ့နေ၏ လျှောက်လဲချက်များကို ကြားနာရန်ပယ်ချခြင်းနှင့် အမှုကို ဆိုင်းငံ့ခြင်းတို့ ပြုနိုင်သည်။

၈၉။ အဆိုပါမူဝါဒများတွင် ညွှန်းဆိုထားသည့်အတိုင်း ရှေ့နေတစ်ဦးသည် ကောင်းမွန်သော ယုံကြည်မှုကြောင့် လက်ဖြင့်ရေးသား၊ နှုတ်ဖြင့်လျှောက်ထားချက်များ၊ သို့မဟုတ် သူ၏ အလုပ်အကိုင်နှင့်ပတ်သက်ပြီး တရားရုံးရှေ့၊ ခုံရုံး၊ အခြား ဥပဒေသို့မဟုတ် အုပ်ချုပ်မှု အာဏာပိုင်များရှေ့မှောက်တွင် ထွက်ဆိုမှုတို့နှင့် ပတ်သက်၍ တရားမမှု၊ ပြစ်မှုတို့မှ ကင်းလွတ်ခွင့်ရရှိရမည်။

၉၀။ အကြံပေးခြင်း၊ ကူညီပေးခြင်းနှင့် လွှတ်မြောက်ခွင့်ကို ပိတ်ပင်ခံထားရသူတို့ကို ကိုယ်စားပြုရာတွင် ရှေ့နေ၏ လွတ်လပ်မှုကို အာမခံချက်ပေးရမည်ဖြစ်ပြီး သို့မှသာ အဆိုပါလူများသည် လွတ်လပ် မျှတသော ဥပဒေဆိုင်ရာ အကူအညီကို ရရှိကြမည်ဖြစ်သည်။

အမှုလိုက်ပါပေးမည့် ရှေ့နေနှင့် အာဏာပိုင်များအကြား မှီခိုနေခြင်း၊ ကြိုတင်စီစဉ်နေခြင်းနှင့် ပူးပေါင်းလိမ် လည်ရန်ညှိထားသည့် မည်သည့်အကြံပေးချက်ကိုမဆို ဆန့်ကျင်နိုင်ရန် အကာအကွယ်ပြုထားရမည်။

၉၁။ ရှေ့နေများကို ၎င်းတို့၏ အလုပ်ပိုင်း ဆိုင်ရာတာဝန်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အောက်ပါ ခံစားခွင့်များ၊ အထူးအခွင့်အရေးများ ပေးအပ်ထားရန်လိုသည်။

(က) ရှေ့နေအမှုသည် ဆက်ဆံရေး၏ လျှို့ဝှက်မှုနှင့် အဆိုပါလျှို့ဝှက်ချက်ကို ထိခိုက်စေလျှင် သက်သေခံအဖြစ် ပေးအပ်ခြင်းကို ငြင်းပယ်နိုင်ခွင့်

(ခ) မူရင်းနိုင်ငံများနှင့် ပြည်ပနိုင်ငံအကြား အမှုသည်များနှင့် လွတ်လပ်စွာ ခရီးသွားလာခွင့်နှင့် အကြံပေးနိုင်ခွင့်

(ဂ) အမှုသည်များထံသို့ သွားရောက်လည်ပတ်ရန်၊ ဆက်သွယ်ရန်နှင့် အကြံဉာဏ်ရယူခွင့်

(ဃ) လွတ်လပ်စွာရှာဖွေခွင့်၊ လက်ခံရယူခွင့်နှင့် ၎င်းတို့အလုပ်အကိုင်ဆိုင်ရာ စည်းမျဉ်းများကို ခံစားခွင့်၊ အလုပ်နှင့်ဆိုင်သည့် သတင်းနှင့် အတွေးအမြင်များကို ပေးခွင့်

(င) အမှုသည် သို့မဟုတ် အမှုကို ကျိုးကြောင်းဆီလျော်သော ကိုယ်ရေးကိုယ်တာ သို့မဟုတ် အလုပ်နှင့် စပ်လျဉ်း၍ လက်ခံရန် သို့မဟုတ် ငြင်းဆိုရန် အခွင့်

၉၂။ ရှေ့နေများသည် လွတ်လပ်စွာယုံကြည်ခွင့်၊ ထုတ်ဖော်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုရုံးခွင့်တို့ရှိသည်။ အထူးသဖြင့် ၎င်းတို့ရရှိရမည့် အခွင့်အရေးသည်-

(က) ဥပဒေနှင့် တရားရေးစီမံခန့်ခွဲမှုဆိုင်ရာ လူထုဆွေးနွေးပွဲများတွင် ပါဝင်ခွင့် ရှိရမည်။

(ခ) ပြည်တွင်း၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် အဖွဲ့အစည်းများကို လွတ်လပ်စွာ ပါဝင်ခွင့်၊ ဖွဲ့စည်းခွင့်ရှိရမည်။



(ဂ) လူထုအကျိုးအတွက် ဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အဆိုပြုခြင်းနှင့် အကြံပြုထောက်ခံခြင်းများ ပြုလုပ်ရမည်ဖြစ်ပြီး လူထုကိုလည်း အဆိုပါကိစ္စနှင့် ပတ်သက်၍ အသိပေးရမည်။

(ဃ) မိမိနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝများတွင် အပြည့်အဝ တက်ကြွစွာ ပါဝင်ရမည်။

၉၃။ ရှေ့နေများအတွက် လစာနှင့် ခံစားခွင့်များအတွက် အသုံးပြုသည့် စည်းမျဉ်း၊ စည်းကမ်းများသည် ၎င်းတို့အတွက် မျှတလုံလောက်သည့် ဝင်ငွေဖြစ်စေရန် စီမံထားရမည်ဖြစ်ပြီး ဥပဒေအကူအညီ ရယူမှုများသည် လူထုတတ်နိုင်အောင် သင့်တင့်သော သတ်မှတ်ချက်များဖြင့် စီမံထားရမည်။

## ဆင်းရဲသားများအတွက် ဥပဒေဝန်ဆောင်မှု

၉၄။ လွတ်လပ်သော တရားရေးဝန်ထမ်းဆိုသည့် အသိအမြင်အတွက် လိုအပ်သည့်ရလဒ်သည် အဆိုပါအဖွဲ့ဝင်များက လူ့အဖွဲ့အစည်းအားလုံးသို့ ၎င်းတို့၏ ဝန်ဆောင်မှုများရရှိစေရန် ဆောင်ရွက်ရေးဖြစ်သည်။ အထူးသဖြင့် အားနည်းနေသောအပိုင်းများအတွက် ပြုလုပ်ပေးရမည်။ သို့မှသာ သင့်လျော်သောအခြေအနေတွင် အခမဲ့ဥပဒေဝန်ဆောင်မှုကို ပေးအပ်နိုင်မည်ဖြစ်ပြီး လူတိုင်း တရားမျှတမှုကို ရရှိနိုင်မည်။ တရားရေးဝန်ထမ်းသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာ တစ်ဦးချင်း၊ အစုအဖွဲ့ချင်းအတွက် လူ့အခွင့်အရေးများကို ကာကွယ်ခြင်းဖြင့် တရားမျှတမှု၏ အကြောင်းတရားများကို မြှင့်တင်နိုင်ပေမည်။

၉၅။ တရားဝင် တရားစွဲဆိုရန် တရားစရိတ် မတတ်နိုင်သူများအတွက် အစိုးရက သင့်လျော်သော ဥပဒေဝန်ဆောင်မှုအစီအစဉ်များအတွက် လုံလောက်သည့် ရန်ပုံငွေထောက်ပံ့ပေးရန် တာဝန်ရှိသည်။ ထိုကဲ့သို့အမှုမျိုး တွင် ဥပဒေဝန်ဆောင်မှုကို ဖန်တီးပေးနိုင်ရန် စံနှုန်းနှင့် လုပ်ငန်းစဉ်များ ဖော်ပြညွှန်းဆိုမှုပြုလုပ်ထားရန် အစိုးရတွင် တာဝန်ရှိသည်။

၉၆။ ပြည်သူလူထုရန်ပုံငွေ တစ်စိတ်တစ်ပိုင်းဖြင့် ဖြစ်စေ၊ အလုံးစုံဖြစ်စေ လည်ပတ်သည့် အဖွဲ့အစည်းများ၊ အစီအစဉ်များတွင် ပါဝင်သည့် ရှေ့နေများသည် လုံလောက်သည့် ခံစားခွင့်များရရှိရမည်ဖြစ်ပြီး ၎င်းတို့အလုပ်အကိုင်နှင့် သက်ဆိုင်သည့် လွတ်လပ်ခွင့်အတွက် အာမခံရမည်။ အထူးသဖြင့်-

(က) ယင်းကဲ့သို့ အစီအစဉ်များ၏ ဦးတည်ရာသည် တရားရေးဝန်ထမ်းအဖွဲ့များ သို့မဟုတ် အဆိုပါလုပ်ငန်းမှ အဖွဲ့ဝင်များဖြင့် အဓိကဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသို့ ယုံကြည်အပ်နှံရန် ဖြစ်သည်။ အဆိုပါအဖွဲ့များသည် ၎င်းတို့၏ မူဝါဒများကို ထိရောက်သည့် ထိန်းကွပ်မှုရှိရမည်ဖြစ်ပြီး ဘတ်ဂျက်နှင့် ဝန်ထမ်းများကို သတ်မှတ်ခန့်ခွဲပေးရမည်။

(ခ) ထိုအရာကို အသိအမှတ်ပြုခြင်းဖြင့် တရားမျှတမှုအတွက် ဝန်ဆောင်မှုပေးရာတွင် ရှေ့နေ၏ အဓိကတာဝန်သည် ၎င်း၏ အတတ်ပညာနှင့် တရားစီရင်မှုအတွက် ကိုယ်စားပြုအကြံဉာဏ်ပေးရမည့် ၎င်း၏အမှုသည်သာ ဖြစ်သည်။

## ရှေ့နေအသင်းအဖွဲ့

၉၇။ တည်ထောင်ထားသည့် တရားစီရင်ရေးစနစ်တစ်ခုချင်းစီတွင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လွတ်လပ်ပြီး ကိုယ်ပိုင်စီမံအုပ်ချုပ်နိုင်သည့် ရှေ့နေအဖွဲ့အစည်းများ ရှိနိုင်သည်။ ၎င်းအဖွဲ့များ၏ကောင်စီ သို့မဟုတ် အုပ်ချုပ်မှုအဖွဲ့ကို အဖွဲ့ဝင်များက အခြားသူတစ်ဦးတစ်ယောက်၏ ဝင်ရောက်နှောင့်ယှက်မှု တစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာရွေးကောက်ရမည်။

ထိုအကြောင်းကြောင့် ၎င်းတို့အခွင့်အရေးကို နစ်နာမှုမရှိစေပဲ အခြားရှေ့နေများ၊ ဂျူရီများ၏ အလုပ်အကိုင် ပိုင်းဆိုင်ရာ အဖွဲ့အစည်းများသို့ ဝင်ရောက်ခွင့်၊ ဖွဲ့စည်းခွင့် ရှိရမည်။

၉၈။ တရားရေးအလုပ်အကိုင်၏ လွတ်လပ်ခွင့်ကို ထိန်းသိမ်းရန်နှင့် စည်းလုံးမှုကို အားပေးမြှင့်တင်ရန်မှာ ရှေ့နေတစ်ဦး၏ တာဝန်ဖြစ်ပြီး သင့်လျော်သည့် တရားရေးအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်ရန် လိုသည်။

## ရှေ့နေအသင်း၏ လုပ်ငန်းတာဝန်များ

၉၉။ ရှေ့နေအသင်း၏ လုပ်ငန်းတာဝန်များသည် ဥပဒေပညာသည်များ၏ လွတ်လပ်မှုကို ရှေးရှုရမည်။

(က) ကြောက်ရွံ့ခြင်း (သို့) မျက်နှာသာပေးခြင်း မရှိဘဲ တရားမျှတမှု၏ အကြောင်းရင်းကို တိုးမြှင့်ရန်၊ ထိန်းသိမ်းရန်။

(ခ) လေးစားမှု၊ ရာထူးဂုဏ်၊ သိက္ခာ၊ စွမ်းဆောင်ရည်၊ ကျင့်ဝတ်၊ ကျင့်ဝတ်စံနှုန်းများနှင့် ပညာရပ်ဆိုင်ရာ စည်းကမ်းများကို ထိန်းသိမ်းရန်။

(ဂ) လူ့အဖွဲ့အစည်းအတွင်းရှိ ရှေ့နေများ၏ အခန်းကဏ္ဍကို ခုခံကာကွယ်ရန်နှင့် လွတ်လပ်ခွင့်ကို ထိန်းသိမ်းရန်။

(ဃ) တရားစီရင်ရေးအဖွဲ့ ၏ ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုကို တိုးမြှင့်ရန်၊ ခုခံကာကွယ်ရန်။

(င) ဥပဒေအထောက်အကူပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းအပါအဝင် တရားဥပဒေကို ပြည်သူများ လွတ်လပ်ညီမျှစွာ ချဉ်းကပ်နိုင်မှုကို တိုးမြှင့်ပေးရန်။

(စ) တရားစွဲဆိုမှုတိုင်းတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအရ စွမ်းဆောင်ရည်ရှိသော လွတ်လပ်ပြီး သမာသမတ်ကျသော ခုံရုံးရှေ့မှောက်တွင် မျှတသည့် လူထုကြားနာခွင့်ကို တိုးမြှင့်ရန်။

(ဆ) ဥပဒေပြုပြင်ပြောင်းလဲရေးကို တိုးမြှင့်ရန်နှင့် ထောက်ခံအားပေးရန်၊ လက်ရှိနှင့် အဆိုပြုထားသော ဥပဒေအကြောင်းအရာ၊ သဘောပေါက်နားလည်မှုနှင့် အသုံးပြုမှုတို့နှင့် စပ်လျဉ်းသည့် လူထုဆွေးနွေးပွဲများတိုးမြှင့်ပေးရန်၊ မှတ်ချက်ပေးရန်။



(ဇ) ဥပဒေအသက်မွေးဝမ်းကျောင်းမှုသို့ ဝင်ရောက်ရန်အတွက် ကနဦးလိုအပ်ချက်အဖြစ် ဥပဒေပညာရေး၏ အဆင့်အတန်းစံနှုန်းကို မြှင့်တင်ရန်

(ဈ) ကိုယ်ကျင့်တရားနှင့် အရည်အသွေးရှိသည့် လူပုဂ္ဂိုလ်များသည် ခွဲခြားဆက်ဆံခြင်း မခံရဘဲ အသက်မွေးဝမ်းကျောင်းမှုသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ရရှိစေရန်နှင့် အလုပ်သင်ရှေ့နေများအတွက် အထောက်အကူပေးရန်။

(ည) ရှေ့နေအဖွဲ့ဝင်များ၏ ကောင်းကျိုးကို မြှင့်တင်ရန် ၎င်းတို့၏ မိသားစုများအား သင့်လျော်သလို ထောက်ပံ့ကူညီရန်။

(ဋ) အပြည်ပြည်ဆိုင်ရာ ရှေ့နေအသင်းအဖွဲ့များ၏ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခွင့်ရရန်။

၁၀၀။ အကယ်၍ တရားစွဲဆိုမှုတွင် ပါဝင်သူက နိုင်ငံခြားမှ ရှေ့နေကို ပြည်တွင်းမှ ရှေ့နေနှင့်အတူ လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိလျှင် ရှေ့နေအသင်းသည် နိုင်ငံခြားရှေ့နေကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကြားနာခွင့်ရှိသူများနှင့် ဆက်ဆံနိုင်ရန် တတ်အားသမျှ အကူအညီပေးရမည်။

၁၀၁။ ရှေ့နေအသင်းအဖွဲ့များသည် ရှေ့နေများ၏ လွတ်လပ်မှုအား ကာကွယ်စောင့်ရှောက်ခြင်းကို ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်ရှေ့နေတဦးဦးအား ဖမ်းဆီးထိန်းသိမ်းခြင်း၊ သို့မဟုတ် ၎င်း၏ အဝန်းအပိုင်းအတွင်းရှိ အမှုလိုက်ပါဆောင်ရွက်နေသော ရှေ့နေကို ဖမ်းဆီးထိန်းသိမ်းခြင်း အတွက် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းတရားနှင့် ဥပဒေဆိုင်ရာ အခြေခံအချက်တို့ကို ချက်ချင်းအကြောင်းကြားရမည်။ ၎င်းရည်ရွယ်ချက်အတွက် ရှေ့နေအသင်းအဖွဲ့သည် အောက်ပါအချက်များကို သိခွင့်ရှိသည်။

(က) ရှေ့နေ သို့မဟုတ် ၎င်း၏ ပစ္စည်းဥစ္စာအား ရှာဖွေခြင်း၊

(ခ) ၎င်းလက်ဝယ်တွင်ရှိသော အထောက်အထား စာရွက်စာတမ်းများကို သိမ်းယူခြင်း

(ဂ) ရှေ့နေတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသော မေးခွန်း (သို့) တရားစွဲဆိုမှုနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်ခုခု

ထိုအမှုကိစ္စတွင် ရှေ့နေအသင်းကို ဥက္ကဋ္ဌ (သို့) အဆိုပြုထားသူတစ်ဦးက ကိုယ်စားပြုပြီး တရားစွဲဆိုမှုကို ခြေရာခံကာ ရှေ့နေအလုပ်၏ သိပ်သည်းလျှို့ဝှက်မှုနှင့် လွတ်လပ်မှုတို့အပေါ် ကာကွယ်ပေးမှု ရှိမရှိ စုံစမ်းပါမည်။

## စည်းကမ်းပိုင်းအရ တရားစွဲဆိုခြင်း

၁၀၂။ ရှေ့နေအသင်းသည် ဥပဒေအရ ရှေ့နေများ၏ ပညာသည်ကျင့်ဝတ်ပြဋ္ဌာန်းချက်ကို ချမှတ်ပြဋ္ဌာန်းပါက ယင်းပြဋ္ဌာန်းချက်ကို ဥပဒေပြုရမည်။

၁၀၃။ ရှေ့နေအသင်း(သို့) ရှေ့နေများပါဝင်သော ပြဋ္ဌာန်းဥပဒေအရ လွတ်လပ်သည့် အာဏာပိုင်အဖွဲ့အစည်းသည် ၎င်းကိုယ်တိုင်ဖြစ်စေ (သို့ ) တရားစွဲဆိုသူ တစ်ဦးဦး (သို့ ) ပြည်သူအကျိုးလိုလားသူ

တစ်ဦးဦးက တောင်းဆို၍ဖြစ်စေ၊ ရှေ့နေများကို စည်းကမ်းထိန်းသိမ်းမှုအရ တရားစွဲဆိုရန် လုပ်ပိုင်ခွင့်ရှိသည်။ တရားရုံး(သို့)ပြည်သူ့အာဏာပိုင်က ရှေ့နေအသင်း (သို့)ပြဋ္ဌာန်းဥပဒေအရ အာဏာပိုင်အဖွဲ့ထံသို့ အမှုတင်သွင်းလျှင် ယင်းကိုအခြေခံ၍ စည်းကမ်းထိန်းသိမ်းရေးအရ တရားစွဲဆိုခြင်းကို ဆောင်ရွက်နိုင်သည်။

၁၀၄။ စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူမှုကို ရှေ့နေအသင်းက ဖွဲ့စည်းထားသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဦးစွာဆောင်ရွက်ရမည်။

၁၀၅။ အယူခံဝင်ခြင်းသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်မှသည် သင့်လျော်သော အယူခံအဖွဲ့ထံ ဖြစ်သည်။

၁၀၆။ စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူဆောင်ရွက်မှုများကို ဤကြေညာချက်စာတမ်းပါ စည်းကမ်းများအရ တရားမျှတသော သင့်လျော်သည့် လုပ်ဆောင်မှုဖြစ်စေရန် အပြည့်အဝ သတိထား၍ ဆောင်ရွက်ရမည်။



# ခ။ နိုင်ငံများကြား ချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ

## နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်

*(၁၉၉၆ ဒီဇင်ဘာ ၁၆ ရက် အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၂၀၀ A (XXI)အရ ပြဋ္ဌာန်းပြီး လက်မှတ်ထိုးခြင်း၊ အတည်ပြုခြင်းနှင့်ထပ်တိုးခြင်း။ ၁၉၇၆ မတ်လ ၂၃ ရက်မှစကာ တရားဝင် သက်ရောက်မှုရှိစေသည်။)*

---

### ပုဒ်မ ၁၄

၁။ တရားရုံးများနှင့် ခုံရုံးများရှေ့တွင် လူသားများအားလုံး အတူတူပင်ဖြစ်သည်။ ပြစ်မှုတစ်ခုခုဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား တရားဥပဒေအရ တရားစွဲဆိုရာတွင် လူတိုင်း၌ တရားဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အရည်အချင်းပြည့်မီသည့် လွတ်လပ်၍ ဘက်မလိုက်ပဲ သမာသမတ်ကျသည့် ခုံရုံးရှေ့မှောက်တွင် မျှတသော လူထုကြားနာခွင့်ရှိသည်။

## ပြောင်းရွှေ့အလုပ်သမားများအားလုံးနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံး၏ အခွင့်အရေးနှင့်ရပိုင်ခွင့်ကို အကာအကွယ်ပေးသည့် နိုင်ငံတကာ သဘောတူညီချက်

*(၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၈ ရက် အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၄၅/၁၅၈ အရ ပြဋ္ဌာန်းပြီး ၂၀၀၃ ဇူလိုင် ၁ ရက်မှစ၍ တရားဝင် သက်ရောက်မှုရှိစေသည်။)*

---

### ပုဒ်မ ၁၈

၁။ ပြောင်းရွှေ့အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးသည် တရားရုံးများနှင့် ခုံရုံးများရှေ့မှောက်တွင် ၎င်းတို့ရောက်ရှိနေသော နိုင်ငံမှ နိုင်ငံသားများနည်းတူ သာတူညီမျှမှုကို ခံစားခွင့်ရှိသည်။ ပြစ်မှုတစ်ခုခုဖြင့် ၎င်းတို့အား တရားဥပဒေအရ တရားစွဲဆိုရာတွင် ၎င်းတို့၌ တရားဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အရည်အချင်းပြည့်မီသည့် လွတ်လပ်၍ ဘက်မလိုက်ဘဲ သမာသမတ်ကျသည့် ခုံရုံးရှေ့မှောက်တွင် မျှတသော လူထုကြားနာခွင့်ရှိသည်။



## ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်

*(၁၉၈၉ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက် အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၄၄/၂၅ အရ ပြဋ္ဌာန်းပြီး လက်မှတ်ထိုးခြင်း။ ၁၉၉၀ စက်တင်ဘာ ၂ ရက်မှစ၍ တရားဝင်သက်ရောက်မှု ရှိစေသည်။)*

---

### ပုဒ်မ ၃၇

### နိုင်ငံများသည် အောက်ပါအချက်ကို သေချာစွာ စောင့်ထိန်းရမည်။

(ဃ) လွတ်လပ်ခွင့်မရသော ကလေးတိုင်းသည် ဥပဒေနှင့် အခြားသင့်လျော်သော အထောက်အပံ့၊ ၎င်းတို့ခံစားခွင့်မရသော လွတ်လပ်မှုအတွက် တရားဥပဒေနှင့် ညီညွတ်မှုဖြစ်ရန် စိန်ခေါ်ခွင့်ကို တရားရုံး (သို့) အရည်အချင်းပြည့်မီသည့် လွတ်လပ်၍ ဘက်မလိုက်ပဲ သမာသမတ်ကျသည့် အာဏာပိုင်ရှေ့မှောက်တွင် ချက်ချင်းရယူနိုင်ခွင့်ရှိရမည်။ ထိုသို့ ဆောင်ရွက်မှုအတွက် ချက်ချင်း ဆုံးဖြတ်ချက်ရယူနိုင်ခွင့်ရှိရမည်။

## လူသားအားလုံးကို လက်စတုံးဖောက်ဖျက်မှုမှကာကွယ်ခြင်း နိုင်ငံတကာ သဘောတူညီချက်

*(၂၀၀၆ ဒီဇင်ဘာ ၂၀ တွင် ပြဋ္ဌာန်းသည်။)*

---

### ပုဒ်မ ၁၁

[. . .]

၃။ လက်စတုံးဖောက်ဖျက်မှုနှင့် သက်ဆိုင်သော ပြစ်မှုအတွက် တရားစွဲဆိုခံရသူကို တရားစွဲဆိုမှု အဆင့်တိုင်းတွင် မျှတသော ဆက်ဆံမှု အာမခံပေးရမည်။ အတင်းအကြပ်ပျောက် ကွယ်စေမှု ပြစ်မှုနှင့် စစ်ဆေးခံရသော ပုဂ္ဂိုလ်သည် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အရည်အချင်းပြည့်မီသည့် လွတ်လပ်၍ ဘက်မလိုက်ဘဲ သမာသမတ်ကျသည့် ခုံရုံးရှေ့မှောက်တွင် တရားရင်ဆိုင်ခွင့် ခံစားခွင့်ရှိရသည်။



# ၈။ ကြေညာချက်စံနှုန်းများ

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း

*(၁၉၄၈ ဒီဇင်ဘာ ၁၀ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၂၁၇ A (III) အရ ပြဋ္ဌာန်းသည်။)*

---

### ပုဒ်မ ၁၀

လူတိုင်းတွင် ပြစ်မှုတစ်ခုခုဖြင့် တရားဥပဒေအရ တရားစွဲဆိုခံရသည့်အခါ တရားဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အရည်အချင်းပြည့်မီသည့် လွတ်လပ်၍ ဘက်မလိုက်ဘဲ သမာသမတ်ကျသည့် ခုံရုံးရှေ့မှောက်တွင် မျှတသော လူထုကြားနာခွင့်အတွက် တန်းတူညီမျှမှု အပြည့်အဝ ရရှိခံစားနိုင်သည်။

## တကမ္ဘာလုံးက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို တိုးမြှင့်ကာကွယ်ရန် လူတစ်ဦးချင်း၊ လူအုပ်စုများနှင့် လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်ရှိမှုများဆိုင်ရာ ကြေညာချက်

*(၁၉၉၉ မတ် ၈ ရက် တွင် ပြဌာန်းသော အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၅၃/၁၄၄ အရ)*

---

### ပုဒ်မ ၉

၂။ [....] လွတ်လပ်ခွင့် (သို့) အခွင့်အရေး ချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် မည်သူတစ်ဦးတစ်ယောက်တွင်မဆို မိမိကိုယ်တိုင်သော်လည်းကောင်း (သို့) ဥပဒေအရ အာဏာလွှဲအပ်ခြင်းခံရသော ကိုယ်စားပြုမှုမှတဆင့်သော်လည်းကောင်း ဥပဒေအရ ဖွဲ့စည်းထားသော လွတ်လပ်သော၊ ဘက်မလိုက်သော အရည်အချင်းရှိသော တရားစီရင်ရေးအဖွဲ့ (သို့) အခြားအာဏာပိုင်ရှေ့တွင် လူထုကြားနာခွင့်ရရန် စောဒကတက်ခွင့်ရှိပါသည်။ ဥပဒေအရ အာဏာပိုင်ထံမှ ဆုံးဖြတ်ချက်ရယူခွင့်ရှိပြီး အကယ်၍ အဆိုပါပုဂ္ဂိုလ်၏ အခွင့်အရေး (သို့) လွတ်လပ်ခွင့်များ ချိုးဖောက်ခံရပါက သက်ဆိုင်ရာ လျော်ကြေးများပါဝင်သည့် နစ်နာကြေးရယူခွင့်နှင့် အပြီးသတ်ဆုံးဖြတ်ချက်ချမှုနှင့် ဆုလဒ်ကို နှောင့်နှေးမှုတစ်စုံတစ်ရာမရှိဘဲ ဆောင်ရွက်ပေးရပါမည်။



# ဃ။ အခြားစံချိန်စံနှုန်းများ

## လူ့အခွင့်အရေးကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၄/၃၃

*(၂၀၀၄ ၊ ဧပြီ ၁၄ တွင် မဲပေးခြင်းမရှိပဲ ပြဌာန်းခဲ့ပါသည်။)*

---

### တရားစီရင်ရေးအဖွဲ့၊ ဂျူရီနှင့် အကဲဖြတ်လူကြီးများ၏ လွတ်လပ်မှုနှင့် ဘက်မလိုက်မှုနှင့် ရှေ့နေများ၏ အမှီအခိုကင်းလွတ်လပ်မှု

#### လူ့အခွင့်အရေးကော်မရှင်သည်

၇။ အစိုးရများအားလုံးသည် တရားသူကြီးများနှင့် ရှေ့နေများ၏ လွတ်လပ်မှုကို လေးစားရန်နှင့် ထိန်းသိမ်းရန်၊ ၎င်းတို့၏ ပညာရပ်ဆိုင်ရာတာဝန်များကို မည်သည့် နှောင့်ယှက်မှုမျိုး၊ အန္တရာယ်ပေးမှုမျိုး မပါဝင်ဘဲ ထိရောက်သော ဥပဒေပြုရေး၊ ဥပဒေပြဌာန်းရေးနှင့် အခြားသင့်လျော်သော ဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံထားပါသည်။

## လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် ၂၀၀၃/၃၉

*(၂၀၀၃ ဧပြီ ၂၃ တွင် ထောက်ခံမဲ ၃၁ မဲ၊ ကန့်ကွက်မဲ ၁ မဲ၊ ကြားနေမဲ ၂၁ မဲဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။)*

---

### တရားစီရင်ရေးစနစ်၏ ဂုဏ်သိက္ခာ

**လူ့အခွင့်အရေးကော်မရှင်သည် -**

၁။ တစ်စုံတစ်ယောက်အား ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲဆိုခံရလျှင် ထိုသူသည် ၎င်း၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို တောင်းဆိုရာ၌ လွတ်လပ်သော ဘက်မလိုက်သည့် ခုံရုံးများရှေ့မှောက်တွင် မျှတသော လူထုကြားနာမှုကို တရားမျှတမှု အပြည့်အဝဖြင့် ပိုင်ဆိုင်နိုင်မည်ဟု ထပ်လောင်းပြောကြားပါသည်။

၂။ လူတိုင်းတွင် ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများကို အသုံးပြုသည့် သာမန်တရားရုံးများ (သို့) ခုံရုံးများတွင် စစ်ဆေးစီရင်မှု ခံယူခွင့်ရှိပြီး အဆိုပါ ဥပဒေအရ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများကို အသုံးမပြုသော ခုံရုံးများကိုလည်း သာမန်တရားရုံးများ (သို့) တရားစီရင်ရေးခုံရုံးများနေရာတွင် အစားထိုးရန် ဖွဲ့စည်းခြင်း မပြုရန် ထပ်မံပြောကြားပါသည်။

၃။ လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော အရည်အသွေးပြည့်မီသည့်၊ လွတ်လပ်သည့် ဘက်မလိုက်သော ခုံရုံးများရှေ့မှောက်တွင် မျှတသည့် ကြားနာစစ်ဆေး ခံယူခွင့်ရှိသည်ဟု လည်း ထပ်မံ၍ ပြောကြားပါသည်။

[....]

၆။ ပြစ်မှုကျူးလွန်သူကို စစ်ဆေးစီရင်သည့် မည်သည့် တရားရုံးမဆို လွတ်လပ်မှုနှင့် သမာသမတ်ကျမှု စည်းမျဉ်းများပေါ်တွင် အခြေခံရမည်ဟု အလေးအနက် ပြောကြားပါသည်။



## နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးရှေ့မှောက်တွင် ရှေ့နေ၏ ပညာသည်ဆန်သော ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်း

*(၂၀၀၅ ဒီဇင်ဘာ ၂ ရက်တွင် တတိယ စုံညီအစည်းအဝေးက တညီတညွတ်တည်း အတည်ပြု ပြဋ္ဌာန်းခဲ့သည်။)*

---

### အခန်း ၁ - အထွေထွေပြဋ္ဌာန်းချက်များ

[....]

**ပုဒ်မ ၆ - ရှေ့နေ၏ လွတ်လပ်မှု**

၁။ ရှေ့နေသည် ဂုဏ်သိက္ခာရှိရှိ အမှီအခိုကင်းကင်းနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည်။

၂။ ရှေ့နေသည်

(က) ၎င်း၏ အမှီအခိုကင်းမှု၊ သိက္ခာ (သို့) လွတ်လပ်မှုအပေါ် ပြင်ပဖိအား သက်ရောက်စေရန် ခွင့်မပြုရပါ။

(ခ) ၎င်း၏ လွတ်လပ်မှုအပေါ် အပေးအယူသဘောဖြင့် သက်ရောက်စေမည့် ကြောင်း ကျိုးဆီလျော်သော အဆုံးသတ်မျိုးကို ဖော်ဆောင်ပေးမည့် မည်သည့်အရာကိုမျှ မလုပ်ဆောင်ရပါ။

**ပုဒ်မ ၇ - ရှေ့နေ၏ ပညာသည်ဆန်သော ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်း**

၁။ ရှေ့နေသည် Chamber ၊ တရားလိုဘက်ရှေ့နေနှင့် ၎င်း၏ရုံးခန်းမှ အဖွဲ့ဝင်များ၊ မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ဌာနမှ အဖွဲ့ဝင်များ၊ အမှုသည်၊ တစ်ဖက်မှ အမှုလိုက်ရှေ့နေ၊ စွပ်စွဲခံရသူများ၊ နစ်နာသူများ၊ မျက်မြင်သက်သေများနှင့် အမှုကိစ္စနှင့်စပ်လျဉ်းသော အခြားသူများနှင့် ဆက်ဆံရာတွင် လေးစား၍ ယဉ်ကျေးပျူငှာရမည်။

၂။ ရှေ့နေသည် တရားရုံးရှေ့မှောက်တွင် ဥပဒေကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်မှုမြင့်မားပြီး ယင်းကို ထိန်းသိမ်းနိုင်ရမည်။ ထိုကဲ့သို့သော ကျွမ်းကျင်မှုကို ထိန်းသိမ်းရန်လိုအပ်သည်။ သင်တန်းပို့ချမှုတွင် ပါဝင်ရမည်။

၃။ ရှေ့နေသည် ပြဋ္ဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်ရာ နည်းဥပဒေ၊ တရားရုံးဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် တရားရုံးက လိုက်နာကျင့်သုံးရန် ချမှတ်ထားသော စီရင်ထုံးများနှင့် အဆိုပါ ကျင့်ဝတ်အတည်ပြု ပြဋ္ဌာန်းခြင်းတို့ကိုလည်း အချိန် တိုင်းတွင် လိုက်နာကျင့်သုံးရမည်။

၄။ ရှေ့နေသည် ၎င်း၏လက်ထောက်များ၊ အခြားဝန်ထမ်းများဖြစ်သော စုံစမ်းစစ်ဆေးရေးသမားများ၊ စာရေးများနှင့် သုတေသီများ၏ အလုပ်များကို ဖော်ပြပါ ကျင့်ဝတ်နှင့် ကိုက်ညီမှု ရှိမရှိ ကြီးကြပ်ကွပ်ကဲရမည်။

## ပုဒ်မ ၈ - ပညာသည်ဆန်သော လျှို့ဝှက်မှုနှင့် အတွင်းရေးသိုသိပ်မှုကို လေးစားလိုက်နာခြင်း

၁။ ရှေ့နေသည် ပြဋ္ဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာ နည်းဥပဒေနှင့် တရားရုံးတော် စည်းမျဉ်းဥပဒေများနှင့်အညီ အမှုနှင့်ဆိုင်သော သတင်းအချက်အလက် များအပေါ်တွင် ပညာသည်ဆန်သော လျှို့ဝှက်မှုနှင့် အတွင်းရေးသိုသိပ်မှုကို လေးစားလိုက်နာပြီး ကျင့်သုံးရမည်။

၂။ ဤပုဒ်မ၏ အပိုဒ် ၁ တွင် ရည်ညွှန်းထားသော ပြဋ္ဌာန်းချက်များသည် ပြဋ္ဌာန်းဥပဒေ၏ ပုဒ်မ ၆၄ စာပိုဒ် ၆ (ဂ) နှင့် စာပိုဒ် ၇ ၊ ပုဒ်မ ၆၇ စာပိုဒ် ၁ (ခ) ၊ ပုဒ်မ ၆၈ နှင့် ပုဒ်မ ၇၂ တို့နှင့်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာ နည်းဥပဒေ၏ စည်းမျဉ်း ၇၂ ၊ ၇၃ ၊ ၈၁ တို့နှင့်လည်းကောင်း၊ တရားရုံးဆိုင်ရာ စည်းမျဉ်းဥပဒေများ၏ စည်းမျဉ်း ၉၇ နှင့် လည်းကောင်း တူညီမှုရှိပါသည်။ ရှေ့နေသည် ဤစည်းမျဉ်းမှ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် တရားရုံးအမိန့်များကို လိုက်နာမှုရှိရမည်။

၃။ ရှေ့နေသည် ဤပုဒ်မပါ စာပိုဒ် ၁ နှင့် ၂ အရ ထိန်းသိမ်းထားသော သတင်း အချက်အလက်များကို တွဲဖက် အမှုလိုက်သူ၊ လက်ထောက်များနှင့် အမှုကိုကိုင်တွယ်သော ဝန်ထမ်းများအား ၎င်း၏ တာဝန်ကိုထမ်းဆောင်ရန်အတွက်သာအမှုနှင့်ဆက်စပ်နေသောသတင်းအချက်အလက်များကို အသိပေးရမည်။

၄။ ဤပုဒ်မ၏ စာပိုဒ် ၃ အရ အမှုလိုက်ရှေ့နေသည် ဤပုဒ်မပါ စာပိုဒ် ၁ နှင့် ၂ အရ ထိန်းသိမ်းထားသော သတင်းအချက်အလက်များကို ဖော်ထုတ်ပြောဆိုရာတွင် ယင်းသို့ပြောဆိုမှုသည် ပြဋ္ဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်ရာ နည်းဥပဒေနှင့် တရားရုံး၏ စည်းမျဉ်းဥပဒေများပါ ပြဋ္ဌာန်းချက်များ (သို့) ဤစည်းမျဉ်း (သို့) တရားရုံး၏အမိန့်အရထုတ်ဖော်ခြင်းသာလျှင်ဖြစ်ရမည်။ အထူးသဖြင့် အမှုလိုက်ရှေ့နေသည် ၎င်းအကာအကွယ်ပေးထားသော နစ်နာသူများနှင့် မျက်မြင်သက်သေများ၏အကြောင်း (သို့) ၎င်းတို့၏ မည်သူမည်ဝါဖြစ်သည့်အကြောင်းနှင့် မည်သည့်နေရာတွင်ရှိသည် စသည့် လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို တရားရုံး၏ အမိန့်ဖြင့် ခိုင်းစေခြင်း မရှိလျှင် ထိုသို့ မဖော်ထုတ်နိုင်ပေ။



## ပုဒ်မ ၉ - ရှေ့နေနှင့် အမှုသည်၏ဆက်ဆံရေး

၁။ အမှုလိုက်ရှေ့နေသည် အခြားသောပုဂ္ဂိုလ်များ အထူးသဖြင့် ၎င်း၏အမှုသည်နှင့် ပတ်သက်၍ လူမျိုး၊ အရောင်၊ တိုင်းရင်းသား (သို့) နိုင်ငံသားဇစ်မြစ်၊ နိုင်သံသား၊ နိုင်ငံရေးအမြင်၊ ဘာသာရေး ခံယူချက်၊ ကျား-မဖြစ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ မသန်စွမ်းခြင်း၊ လက်ထပ်ရှိခြင်း၊ မရှိခြင်း (သို့) အခြား ပုဂ္ဂလိကဆိုင်ရာ (သို့) စီးပွား ရေးအဆင့်အတန်းတို့နှင့် ဆက်စပ်ပြီး ခွဲခြားဆက်ဆံမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၂။ အမှုသည်နှင့် ဆက်ဆံရာတွင် အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်း နှိပ်စက်ခံရသူများ (သို့) လိင်မှုဆိုင်ရာ အကြမ်းဖက်မှုခံရသူများ (သို့) ကလေး၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ကိုယ်စားပြုပေးသည့် အမှုလိုက်ရှေ့နေ ဖြစ်နေလျှင် အမှုလိုက်ရှေ့နေသည် အမှုသည်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေအနေများနှင့် လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားရမည်။

၃။ အမှုသည်သည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု (သို့) အခြားအကြောင်းပြချက် တစ်ခုခုကြောင့် အမှုသည်သည် ကိုယ်စားပြုမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ကောင်းမွန်စွာ မချမှတ်နိုင်သည့် အခြေအနေမျိုးတွင် အမှုလိုက်ရှေ့နေသည် မှတ်ပုံတင်အရာရှိ နှင့် သက်ဆိုင်ရာ Chamber သို့ အကြောင်းကြားရမည်။ အမှုလိုက်ရှေ့နေသည် ပြဋ္ဌာန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာ နည်းဥပဒေတို့အရ သင့်တင့်လျောက်ပတ်သော ဥပဒေအရ ကိုယ်စားပြုမှုအတွက် လိုအပ်သောအဆင့်များ လုပ်ဆောင်ရမည်။

၄။ ရှေ့နေသည် အမှုသည်နှင့် ဆက်ဆံရာတွင် လိင်ဆက်ဆံမှုကို တောင်းဆိုခြင်း၊ ခြိမ်းခြောက်၍ အတင်းအဓမ္မပြုခြင်း၊ ခြိမ်းခြောက်ခြင်း (သို့)မသင့်လျော်သော လွှမ်းမိုးမှု တစ်စုံတစ်ရာ ပြုလုပ်ခြင်း စသည့် မလျော်ကန်သော အပြုအမူမျိုး မလုပ်ရပါ။

## ပုဒ်မ ၁၀ - ကြော်ငြာခြင်း

၁။ ရှေ့နေသည် ဖော်ပြပါ သတင်းအချက်အလက်နှင့်ပတ်သက်၍ ကြော်ငြာနိုင်သည်။

(က) ယင်းအချက်သည် တိကျခိုင်မာမှုရှိပြီး

(ခ) လျှို့ဝှက်သိုသိပ်မှုနှင့် အကျိုးခံစားခွင့်စသည့် အမှုလိုက်ရှေ့နေ၏တာဝန်များကိုလေးစားလိုက်နာမှုရှိရမည်။

## အခန်း (၂) - ရှေ့နေ၏ ကိုယ်စားပြုမှု

[....]

### ပုဒ်မ ၁၂ - ကိုယ်စားပြုမှုကိုတားမြစ်သည့် အဟန့်အတားများ

၁။ ရှေ့နေသည် အောက်ဖော်ပြပါ အမှုများတွင် အမှုသည်ကို ကိုယ်စားမပြုနိုင်ပါ။

(က) ရှေ့နေ (သို့) ၎င်း၏တွဲဖက်များက လက်ခံထားသည့် အမှုနှင့်တူနေလျှင် (သို့) ဆက်စပ်မှုရှိနေလျှင် (သို့) အခြားအမှုသည်တစ်ဦးကို ကိုယ်စားပြုပြီး ဖြစ်နေလျှင်၊ အမှုသည်၏ အကျိုးစီးပွားသည် ယခင်အမှုသည်၏ အကျိုးစီးပွားနှင့် လိုက်ဖက်မှု၊ ကိုက်ညီမှု မရှိလျှင်၊ ဆွေးနွေးတိုင်ပင်ပြီးနောက် အမှုသည်နှင့် ယခင်အမှုသည်တို့က သဘောတူညီမှု မရှိလျှင် (သို့)

(ခ) ရှေ့နေသည် တရားရုံးတွင် ဂန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်က အမှု၏ လျှို့ဝှက်အချက်အလက်များကို ထိန်းသိမ်းသူ (သို့) ထိန်းသိမ်းရာတွင် ပါဝင်နေသူဖြစ်ခဲ့ပြီး ထိုအမှုနှင့် ဆက်စပ်နေသော အမှုကို ကိုယ်စားမပြုနိုင်ပါ။

အကယ်၍ တရားစီရင်မှု အကျိုးကျေးဇူးအရ ဆီလျော်မှန်ကန်သည်ဟု ယူဆလျှင် အမှုလိုက်ရှေ့နေ၏ တောင်းဆိုမှုဖြစ်သော ထိုဟန့်တားမှုကို တရားရုံး၏ အမိန့်ဖြင့် ဖယ်ရှားနိုင်သည်။ အမှုလိုက်ရှေ့နေသည် ယခင်က တရားရုံးဂန်ထမ်းဖြစ်ခဲ့သောကြောင့် ၎င်း၏ ယခင်ရာထူးအတိုင်း လိုက်နာရမည့် လျှို့ဝှက်သိုသိပ်မှု တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

၂။ ဤပုဒ်မ၏ စာပိုဒ်-၁ (က) တွင် ဆွေးနွေးတိုင်ပင်ပြီးနောက် သဘောတူညီမှု ရရှိခဲ့ပြီး ရှေ့နေသည် လက်ရှိအခြေအနေ (သို့) ပဋိပက္ခဖြစ်မှုနှင့် ရရှိခဲ့သော သဘောတူညီချက်ကို တရားရုံးသို့ တင်ပြရမည်။ ထိုသို့တင်ပြမှုကို ဤစည်းမျဉ်းပါ ပုဒ်မ ၈ နှင့် စည်းမျဉ်း ၇၃ အရသော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာ နည်းဥပဒေမှ စည်းမျဉ်း - ၁ အရသော်လည်းကောင်း ရှေ့နေ၏ လျှို့ဝှက်သိုသိပ်မှုတာဝန်နှင့် ကိုက်ညီမှုရှိရမည်။

၃။ ရှေ့နေ (သို့) ၎င်း၏တွဲဖက်ရှေ့နေက သက်သေအဖြစ် ရပ်တည်ရန်ဖြစ်နိုင်ချေရှိသည့် အမှုမျိုးတွင် အမှုလိုက်ရှေ့နေအဖြစ် ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။

(က) အကယ်၍ သက်သေထွက်ဆိုချက်သည် ပြိုင်ဘက်ကင်းသော အကြောင်းအရာ မဟုတ်ခဲ့လျှင် (သို့)

(ခ) အကယ်၍ သက်သေထွက်ဆိုချက်သည် အမှုအတွက်ပေးသော ဥပဒေဂန်ဆောင်မှု၏ သဘောသဘာဝ ၊ တန်ဖိုးနှင့် ပတ်သက်မှုမရှိလျှင်

၄။ ဤပုဒ်မသည် ဤစည်းမျဉ်း၏ ပုဒ်မ ၁၆ သို့ ထိခိုက်နစ်နာအောင် ပြု၍ မရပါ။



### ပုဒ်မ ၁၃ - ကိုယ်စားပြုမှု သဘောတူညီချက်ကို ရှေ့နေမှ ငြင်းဆိုခြင်း

၁။ ရှေ့နေသည် မည်သည့်အကြောင်းပြချက်မျှ မပေးဘဲ သဘောတူညီချက်ကို ငြင်းပယ် နိုင်ခွင့်ရှိသည်။

၂။ ရှေ့နေသည် အောက်ပါအခြေအနေများတွင် သဘောတူညီချက်ကို ငြင်းဆိုရန် တာဝန်ရှိသည်။

(က) ဤစည်းမျဉ်း၏ ပုဒ်မ ၁၆ အရ အကျိုးစီးပွား ပဋိပက္ခဖြစ်လျှင်

(ခ) ရှေ့နေသည် အမှုကို သတိဂီရိယဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်ခြင်း မရှိလျှင်

(ဂ) ရှေ့နေအနေဖြင့် ၎င်းတွင် လိုအပ်သော ကျွမ်းကျင်မှု မရှိဟု ထင်မြင်ခဲ့လျှင်

### ပုဒ်မ ၁၄ - ကိုယ်စားပြုမှု သဘောတူညီချက်အပေါ်တွင် သဘောရိုးဖြင့် ဆောင်ရွက်ခြင်း

၁။ အမှုသည်နှင့် ရှေ့နေ၏ ဆက်ဆံရေးသည် ပွင့်လင်းမှုဖလှယ်ခြင်းနှင့် ယုံကြည်မှုဖြစ်ပြီး ရှေ့နေအနေဖြင့် အမှုသည်နှင့် ဆက်ဆံရာတွင် သဘောရိုးဖြင့်သာ ဆက်ဆံရန်ဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်ရန် ရှေ့နေသည် အချိန်တိုင်းတွင် အမှုသည်ကို မျှတမှု ဂုဏ်သိက္ခာနှင့် ရိုးသား ပွင့်လင်းစွာဖြင့် ဆက်ဆံရမည်။

၂။ အမှုသည်ကို ကိုယ်စားပြုရာတွင် ရှေ့နေသည် -

(က) အမှုသည်၏ ဆုံးဖြတ်ချက်အတိုင်း ၎င်းတို့ဖြစ်စေလိုသည့် ကိုယ်စားပြုမှု ရည်ရွယ်ချက်အတိုင်းဖြစ်စေရန်လည်းကောင်း၊ ပြဋ္ဌာန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဒေသဆိုင်ရာ နည်းဥပဒေများနှင့် ဤစည်းမျဉ်းနှင့် ကိုက်ညီမှုရှိနေသ၍လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ခ) အမှုသည်၏ ရည်ရွယ်ချက်များ ပြည့်ဝစေမည့်ရှေ့နေ၏ ကိုယ်စားပြုမှုပုံစံကို အမှုသည်အား အကြံပေးရမည်။

### ပုဒ်မ ၁၅ - ရှေ့နေနှင့် အမှုသည်တို့ကြား အပြန်အလှန်ဆက်သွယ်မှု

၁။ ရှေ့နေသည် ၎င်း၏ ကိုယ်စားပြုမှုနှင့်ပတ်သက်၍ အမှုသည်အနေဖြင့် ကောင်းမွန်သည့် ဆုံးဖြတ်ချက်များချနိုင်ရန် ရှင်းလင်းချက်များအားလုံးကို အမှုသည်သို့ ကြောင်းကျိုး ဆီလျော်စွာ ရှင်းပြပေးရမည်။

၂။ ရှေ့နေသည် သဘောတူညီချက်မှ နုတ်ထွက်သွားသည့်အခါ (သို့) သဘောတူညီချက်ကို ရပ်ဆိုင်းလိုက်သည့်အခါ ကိုယ်စားပြုမှု ပြီးဆုံးချိန်နောက်ပိုင်း ရှေ့နေ၏ တာဝန်ဝတ္တရားများကို ထိခိုက်နစ်နာမှု မရှိစေဘဲ ထိုအမှုသည် (သို့) ၎င်း၏နေရာတွင် အစားထိုးဝင်ရောက်လာသော အမှုလိုက်ရှေ့နေအား ၎င်းရရှိထားသော သတင်းအချက်အလက်များကို တတ်နိုင်သမျှချက်ချင်း ပေးရမည်။

၃။ အမှုသည်နှင့် ပြောဆိုဆက်ဆံသည့်အခါ ရှေ့နေသည် ၎င်းတို့၏ ပြောဆိုဆက်ဆံမှုကို လျှို့ဝှက်ထိန်းသိမ်းထားရမည်။

## ပုဒ်မ ၁၆ - အကျိုးစီးပွား ဂိုရောဓိဖြစ်ခြင်း

၁။ အမှုလိုက်ရှေ့နေသည် အကျိုးစီးပွား ဂိုရောဓိဖြစ်မှုမျိုး မပေါ်ပေါက်စေရန် ဂရုစိုက်လုပ်ကိုင်ဆောင်ရွက်ရမည်။ ပြဋ္ဌာန်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာနည်းဥပဒေနှင့် ဤစည်းမျဉ်းအရ ရှေ့နေသည် အမှုသည်၏ အကျိုးစီးပွား၊ မိမိ၏အကျိုးစီးပွား အခြားသူ၊ အဖွဲ့အစည်း (သို့) နိုင်ငံတော်၏ အကျိုးစီးပွားထက် ပို၍ ဦးစားပေး အလေးထားရမည်။

၂။ အမှုလိုက်ရှေ့နေကို နစ်နာသူများ (သို့) နစ်နာသူအုပ်စု အချို့အတွက် ဘုံဥပဒေကိုယ်စားလှယ်အဖြစ် ခန့်အပ်(သို့)ဆက်လက်ရှိနေသည့်အခါ ၎င်းအနေဖြင့် အမှုသည်များ အားလုံးကို ကိုယ်စားပြုမှု၏ သဘောသဘာဝနှင့် အုပ်စုအတွင်း အကျိုးစီးပွား ဂိုရောဓိ ဖြစ်နိုင်မှုကို ရှင်းပြထားရန်လိုအပ်သည်။ ရှေ့နေအနေဖြင့် ၎င်း၏အမှုသည်အားလုံးအတွက် အမျိုးမျိုးဖြစ်နေသော သို့သော် မပြောင်းလဲသည့် ရပ်တည်ချက်များအတွက် တရားမျှတသော ကိုယ်စားပြုမှုဖြစ်စေရန် ဂရုစိုက်ဆောင်ရွက်ရမည်။

၃။ အကယ်၍ အကျိုးစီးပွားများ ဂိုရောဓိဖြစ်လာပါက ရှေ့နေသည် ထိခိုက်နိုင်ချေရှိသော အမှုသည်များကို ပဋိပက္ခဖြစ်တည်မှုအကြောင်း ချက်ချင်း အသိပေးရမည်။

(က) ချိန်ဘာ၏ သဘောတူညီမှုရ ယူပြီး အမှုသည်တစ်ဦး (သို့) တစ်ဦးထက်ပိုသည့် အမှုသည်များကို ကိုယ်စားပြုခြင်းမှ နှုတ်ထွက်နိုင်သည်။

(ခ) ထိခိုက်နိုင်ချေရှိသော အမှုသည်များအားလုံးက ၎င်းတို့ကို ဆက်လက်ကိုယ်စားပြုပေးရန် စာဖြင့် ရေးသားထားသည့် သဘောတူညီချက် အပြည့်အစုံကို ရယူနိုင်သည်။

## ပုဒ်မ ၁၇ - ကိုယ်စားပြုမှု သဘောတူညီချက်ကာလ

၁။ ရှေ့နေသည် အမှုသည်ကို အောက်ဖော်ပြပါ အချိန်အထိ အကြံပေး၊ ကိုယ်စားပြုရမည်။

(က) တရားရုံးရှေ့မှောက်တွင် အယူခံဝင်ခြင်း အပါအဝင် အမှုကိုအပြီးသတ် ဆုံးဖြတ်ပြီးချိန်အထိ၊

(ခ) ဤစည်းမျဉ်းပါ ပုဒ်မ ၁၆ (သို့) ၁၈ အရ အမှုလိုက်ရှေ့နေသည် သဘောတူညီချက်မှ နှုတ်ထွက်သည့်အချိန် (သို့)

(ဂ) တရားရုံးက တာဝန်ခန့်အပ်ထားသော အမှုလိုက်ရှေ့နေသည် ရာထူးမှထုတ်ခံရချိန်။

၂။ ရှေ့နေ၏ အမှုသည်အပေါ်ထားရှိရမည့် တာဝန်သည် ဤစည်းမျဉ်းအောက်တွင် တာဝန်များမှ လွှဲ၍ ကိုယ်စားပြုမှု ပြီးဆုံးချိန်အထိ ဆက်လက်ဆောင်ရွက်ရမည်။



## ပုဒ်မ ၁၈ - ကိုယ်စားပြုမှု ပြီးဆုံးခြင်း

၁။ ချိန်ဘာ၏ ကနဦး သဘောတူညီချက်အရ အမှုလိုက်ရှေ့နေသည် တရားရုံး၏ စည်းမျဉ်းများအရ သဘောတူညီချက်မှ နှုတ်ထွက်နိုင်သည်။

(က) အကယ်၍ အမှုသည်က ဆန္ဒရှိသည့် ဆောင်ရွက်ရန်လောဆော်နေသည့် ရည်ရွယ်ချက်ကို ရှေ့နေက မနှစ်မြို့လျှင် (သို့)

(ခ) ရှေ့နေ၏ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အမှုသည်က တာဝန်ဖြည့်ဆည်းရန် ပျက်ကွက်ပြီး အမှုသည်အနေဖြင့် ၎င်း၏ တာဝန်ဝတ္တရားကို ဖြည့်ဆည်းနိုင်ခြင်း မရှိပါက ရှေ့နေက နှုတ်ထွက်မည့်အကြောင်း ကြောင်းကျိုးဆီလျော်သည့် သတိပေးချက် ထုတ်ပြန်ရမည်။

၂။ ရှေ့နေသည် သဘောတူညီချက်မှ နှုတ်ထွက်သည့်အခါ ၎င်းသည် ဤစည်းမျဉ်းပါ လျှို့ဝှက်သိုသိပ်မှုနှင့် သက်ဆိုင်သော ပုဒ်မ ၈ ပြဋ္ဌာန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာနည်းဥပဒေတို့ကို ဆက်လက်နာခံရဆဲ ဖြစ်သည်။

၃။ ရှေ့နေကို အမှုသည်က အမှုမှ ဖယ်ထုတ်ခဲ့လျှင် တရားရုံး၏ စည်းမျဉ်းများအရ အမှုလိုက်ရှေ့နေကို နှုတ်ထွက်စေသည်။

၄။ ရှေ့နေသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုဖြစ်ခဲ့လျှင် အမှုသည်အား ကိုယ်စားပြုနိုင်မှုကို ထိခိုက်စေသောကြောင့် ရှေ့နေ၏ တောင်းဆိုမှုကြောင့်ဖြစ်စေ (သို့) အမှုသည် (သို့) မှတ်ပုံတင်အရာရှိ၏ တောင်းဆိုမှုကြောင့်ဖြစ်စေ ၎င်းကို ရုံးမှ ထုတ်ပယ်နိုင်သည်။

၅။ ဤစည်းမျဉ်းပါ ပုဒ်မ ၁၅ စာပိုဒ် ၂ တွင် ဖော်ပြထားသော တာဝန်များကို ထမ်းဆောင်ရမည့်အပြင် အမှုလိုက်ရှေ့နေသည် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအားလုံး အပါအဝင် အမှုဖိုင်တစ်ခုလုံးကို ၎င်းနေရာတွင် အစားထိုးသည့် ရှေ့နေအား လွှဲပြောင်းပေးရမည်။

## ပုဒ်မ ၁၉ - အမှုတွဲဖိုင်များ ထိန်းသိမ်းထားခြင်း

၁။ ကိုယ်စားပြုမှု ပြီးဆုံးပြီးနောက် အမှုလိုက်ရှေ့နေသည် ၎င်းဆောင်ရွက်ထားသော အမှုတွဲဖိုင်များကို သဘောတူညီချက်အရ ငါးနှစ် ထိန်းသိမ်းထားရမည်။ အမှုလိုက်ရှေ့နေ အနေဖြင့် ငြင်းဆိုရန် တစ်စုံတစ်ရာ မရှိလျှင် အမှုသည်ဟောင်းအား ယင်းဖိုင်တွဲကို ကြည့်ခွင့်၊ စစ်ဆေးခွင့်ပေးရမည်။ ထိုသို့ ထိန်းသိမ်းထားသည့် သက်တမ်းကျော်လွန်သွားပြီးနောက် အမှုလိုက်ရှေ့နေ အနေဖြင့် လျှို့ဝှက်သိုသိပ်မှုကို ထိန်းသိမ်းသည့်အနေဖြင့် ယင်းဖိုင်ကို မည်သို့မည်ပုံ စွန့်ပစ်မည်ဆိုသည်ကို ၎င်း၏အမှုသည်ဟောင်း၊ ထိုအမှုသည်၏ အမွေဆက်ခံသူ (သို့) မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားမှုကို ရယူရမည်။

### ပုဒ်မ ၂၀ - ရှေ့နေ၏ အမှုလိုက်စရိတ်

သဘောတူညီချက် မပြုလုပ်ခင်ကပင် ရှေ့နေသည် ကျသင့်မည့် အမှုလိုက်စရိတ်နှင့် ထိုသို့ သတ်မှတ်ရသည့် စံနှုန်းများ၊ ကုန်ကျစရိတ်ငွေတောင်းခံမှုနှင့် အမှုသည်က ရရှိနိုင်မည့် ကုန်ကျစရိတ်တို့ တွက်ချက်မှု အခြေခံကို အမှု သည်အား ကြိုတင်၍ ပြောပြထားရမည်။

### ပုဒ်မ ၂၁ - တားမြစ်ချက်များ

၁။ ပုဒ်မ ၂၂ ရှိလင့်ကစား အကယ်၍ အမှုသည်က ရေးသားထားသော သဘောတူညီချက်တွင် ဆွေးနွေးတိုင်ပင်ပြီးနောက် အခကြေးငွေကို အခြားနေရာတွင် သွားရောက်ထုတ်ယူနိုင်သည်ဟု မပါရှိခဲ့လျှင် အမှုလိုက်ရှေ့နေသည် အခကြေးငွေကို ငွေသား (သို့) မည်သည့်ပုံစံမျိုးနှင့်ဖြစ်စေ အမှုသည်မဟုတ်သော တခြားသူထံမှ လက်ခံခြင်းမပြုရပါ။ အမှုလိုက်ရှေ့နေ၏ လွတ်လပ်မှုနှင့် ဆက်ဆံရေးကိုလည်း ထိခိုက်မည်မဟုတ်ပါ။

၂။ ရှေ့နေသည် အမှုလိုက်ခ အခကြေးငွေကို ၎င်းကိုင်တွယ်သည့် အမှု၏ရလဒ်ပေါ် မူတည်၍ ဝေပုံကျခွဲဝေခြင်း မပြုလုပ်ရပါ။

၃။ ရှေ့နေသည် အမှုသည်၏ငွေကို ၎င်း၏ကိုယ်ပိုင်ငွေ (သို့) ၎င်း၏အလုပ်ရှင် (သို့) လုပ်ဖော်ကိုင်ဖက်၏ငွေနှင့် ရောထွေးမှု မပြုရပါ။ အမှုလိုက်ရှေ့နေသည် အမှုသည်ကိုယ်စား ငွေကို လက်မခံရပါ။

၄။ ရှေ့နေသည် အမှုသည်ထံမှ ငွေကြေး (သို့) ပိုင်ဆိုင်မှု ပစ္စည်း တစ်ခုတရာ ချေးငှားခြင်း မပြုရပါ။

### ပုဒ်မ ၂၂ - ရှေ့နေကို ဥပဒေအထောက်အကူ မူဘောင်အတွင်း အခကြေးငွေပေးခြင်း

၁။ ရှေ့နေ၏ ဥပဒေအကူအညီပေးခြင်းကြောင့် အမှု သည် အနေဖြင့် အကျိုးကျေးဇူး တစ်စုံတစ်ရာ ခံစားရရှိလျှင် ယင်းအတွက် အမှုလိုက်ခကို တရားရုံး၏ မှတ်ပုံတင်ဌာနက သီးခြားပေးရမည်။ အမှုလိုက်ရှေ့နေသည် အခြားနေရာမှ အခကြေးငွေကို ငွေကြေးဖြင့် (သို့) အခြားနည်းလမ်းဖြင့် ရယူခြင်း မပြုရပါ။

၂။ ရှေ့နေရရှိသည့် အမှုလိုက်ခ (သို့) ပိုင်ဆိုင်ပစ္စည်း (သို့) ငွေကို အမှုသည်၊ ၎င်း၏ ဆွေမျိုးများ၊ ရင်းနှီးသူများ (သို့) အမှုသည်၏ ပုဂ္ဂလိကအကျိုးကျေးဇူးနှင့် ဆက်စပ်နေသည့် တတိယလူ့အဖွဲ့အစည်းသို့ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ လွှဲပြောင်းခြင်း မပြုရပါ။

၃။ ဥပဒေအကူအညီပေးရန် လက်ခံပြီးသည့်အခါ ရှေ့နေသည် ဤပုဒ်မပါ တာဝန်ဝတ္တရားများကို လေးစားလိုက်နာပါမည်ဟု လက်မှတ်ရေးထိုးရပါမည်။ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို မှတ်ပုံတင်ဌာနသို့ ပေးပို့ပါမည်။

၄။ ရှေ့နေကို ဤပုဒ်မပါ တာဝန်ဝတ္တရားများကို ချိုးဖောက်ရန် တောင်းဆိုခြင်းခံရလျှင် တိုက်တွန်းခြင်းခံရလျှင် (သို့) အားပေးခြင်းခံရလျှင် ရှေ့နေအနေဖြင့် အမှုသည်ကို ထိုသို့ မပြုလုပ်ရန် တားမြစ်အကြံပေးရမည်။

၅။ ဤပုဒ်မပါ တာဝန်ဝတ္တရားများကို ရှေ့နေက ဖောက်ဖျက်ခြင်းသည် ကျင့်ဝတ်ပျက်ရာ ရောက်ပြီး ဤစည်းမျဉ်းပါ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်နှင့်လည်း ငြိစွန်းပါသည်။ ယင်း ဖောက်ဖျက်မှုကြောင့် ရှေ့နေသည် တရားရုံးတွင် အလုပ်လုပ်ခွင့် တစ်သက်တာ ပိတ်ပင်ခံရနိုင်ပြီး ရှေ့နေစာရင်းမှ ပယ်ဖျက်ခံရကာ သက်ဆိုင်ရာ နိုင်ငံအာဏာပိုင် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းခံရမည်။



## အခန်း ၃ တရားရုံးနှင့် အခြားသူများ၏ ဆက်ဆံရေး

### ပုဒ်မ ၂၃ - ချိန်ဘာများ ၊ တရားသူကြီးများနှင့် ဆက်ဆံရေး

ခြွင်းချက်အနေအထားမျိုးတွင် အမှုကိုကိုယ်တွယ်သော တရားသူကြီး (သို့) ချိန်ဘာက ရှေ့နေကို ခွင့်မပြုလျှင် ရှေ့နေအနေဖြင့် -

(က) သင့်တင့်လျောက်ပတ်သော တရားရေးဘောင်အတွင်းမှလွဲ၍ အမှုကိစ္စတစ်စုံတစ်ရာ အကျိုးကျေးဇူးရှိရေးအတွက် တရားသူကြီး (သို့) ချိန်ဘာမှ ဆွေမျိုးတော်စပ်သူ တစ်ဦးဦးဖြင့် ဆက်သွယ်ခြင်း မပြုရပါ။

(ခ) မှတ်ပုံတင်ဌာနမှတဆင့် ပေးခြင်းမှလွဲ၍ သက်သေ၊ မှတ်စု (သို့) စာရွက်စာတမ်းများကို တရားသူကြီး (သို့) ချိန်ဘာသို့ လွှဲပြောင်း မပေးရပါ။

### ပုဒ်မ ၂၄ - တရားရုံးသို့ တာဝန်ဝတ္တရားများ

၁။ ရှေ့နေအနေဖြင့် ၎င်း၏လုပ်ဆောင်မှုများ (သို့) ၎င်း၏ လက်ထောက်များ (သို့) ဝန်ထမ်းများက လက်ရှိဆောင်ရွက်နေသော အမှုအပေါ် ထိခိုက်မှုတစ်စုံတစ်ရာ မဖြစ်စေရန်နှင့် တရားရုံးကို သိက္ခာချသည့် အပြုအမူမျိုး မဖြစ်စေရန် လိုအပ်သည်များကို ဆောင်ရွက်ရမည်။

၂။ ရှေ့နေသည် အမှုသည်၏အမှုကို တင်ပြဆောင်ရွက်ပေးရန် တာဝန်ရှိပြီး ထိုအကြောင်းအရာအပေါ် ကောက်ချက်များ၏ ရည်ရွယ်ချက်များနှင့် မေးခွန်းများအပေါ် ပုဂ္ဂလိက ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

၃။ ရှေ့နေသည် တရားရုံးကို လှည့်ဖြားခြင်း (သို့) သိလျက်နှင့် သတင်းမှားပေးခြင်း မပြုလုပ်ရပါ။ ရှေ့နေအနေဖြင့် ၎င်းကိုယ်တိုင်၊ ၎င်း၏လက်ထောက်များ (သို့) ဝန်ထမ်းများ၏ မှားယွင်းဖော်ပြချက်ကို သိလျှင်သိခြင်း ပြင်ဆင်ရန်လိုအပ်သည်များကို လုပ်ဆောင်ရမည်။

၄။ ရှေ့နေအနေဖြင့် တရားခွင်တွင် ပါဝင်နေသောသူတစ်ယောက်နှင့် အထက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် တောင်းဆိုမှု (သို့) စာရွက်စာတမ်းကို တင်ပြခြင်း မပြုရပါ။

၅။ တရားခွင် လုပ်ဆောင်မှုများတွင် မလိုအပ်သော ကုန်ကျစရိတ် (သို့) နှောင့်နှေးမှုကို ရှောင်ကြဉ်ရန် ရှေ့နေသည် အမှုသည်အတွက် လျင်မြန်ထိရောက်စွာ ကိုယ်စားပြုရမည်။

### ပုဒ်မ ၂၅ - သက်သေ

၁။ ရှေ့နေသည် တရားရုံးသို့တင်ပြသည့် ရေးသားထားသော နှုတ်ဖြင့် (သို့) အခြား ပုံစံတစ်ခုခုဖြင့် ဖော်ပြသော သက်သေ၏ ဂုဏ်သိက္ခာကို တစ်ချိန်လုံး ထိန်းသိမ်းစောင့်ရှောက်ရမည်။ မမှန်ကန်ဟု ထင်မြင်ယူဆရသော သက်သေကို မတင်ပြရပါ။

၂။ အကယ်၍ ရှေ့နေအနေဖြင့် သက်သေစုဆောင်းနေစဉ်အတွင်း ထိုသက်သေသည် ဖျက်ဆီးခံရမည် (သို့) ခွင့်ပြုချက်မရဘဲ ဝင်ရောက်စွက်ဖက်ခံရမည်ဟု ကြောင်းကျိုးဆီလျော်စွာ ယုံကြည်ပါက လုပ်ထုံးလုပ်နည်းနှင့် သက်သေဆိုင်ရာ နည်းဥပဒေ ၁၁၆ အရ Chamber ကို သက်သေစုဆောင်းရေး အမိန့်ထုတ်ပေးရန် တောင်းဆိုရသည်။

### ပုဒ်မ ၂၆ - ကိုယ်စားမပြုသူများနှင့် ဆက်ဆံရေး

၁။ ရှေ့နေသည် အမှုသည်ကို ကိုယ်စားပြု ဆောင်ရွက်ရာတွင် အမှုသည်၏ အကျိုးကျေးဇူးအတွက် ၎င်းက ကိုယ်စားပြုမှုမရှိသော သူကိုလည်း တွေ့ဆုံဆက်ဆံနိုင်သည်။

၂။ ထိုသို့ ၎င်းကိုယ်စားပြုထားခြင်းမရှိသောသူများနှင့် တွေ့ဆုံရာတွင် ရှေ့နေသည်-

(က) ၎င်းတို့ကို ရှေ့နေထံမှ အကူအညီတောင်းခံနိုင်ခွင့်နှင့် ဖြစ်နိုင်လျှင် ဥပဒေ အထောက်အကူ ရယူနိုင်ခွင့်တို့ကို အသိပေးအကြောင်းကြားရမည်။

(ခ) ရှေ့နေနှင့် အမှုသည်ကြားက အထူးလျှို့ဝှက်ချက် ထိန်းသိမ်းမှုကို ချိုးဖောက် ခြင်းမရှိဘဲ အမှုလိုက်ရှေ့နေ၏ ကိုယ်စားပြုနှင့် ထိုသို့ဆက်ဆံရခြင်း၏ ရည်ရွယ်ချက်ကို အသိပေးအကြောင်းကြားရမည်။

၃။ အကယ်၍ ရှေ့နေအနေဖြင့် ၎င်းကိုယ်စားမပြုသော ပုဂ္ဂိုလ်နှင့်တွေ့ဆုံခြင်း (သို့) ဆက်ဆံခြင်းသည် အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်ချေရှိသည်ဟု သတိပြုမိလျှင် ဤပုဒ်မ၏ စာပိုဒ်-၁ ရှိလင့်ကစား အမှုလိုက်ရှေ့နေအနေဖြင့် အဆိုပါပုဂ္ဂိုလ်နှင့် ထပ်မံဆက်သွယ်ခြင်း (သို့) ဆက်ဆံခြင်းကို ချက်ချင်းရှောင်ရှားနိုင်သည်။

### ပုဒ်မ ၂၇ - အခြားရှေ့နေများနှင့် ဆက်ဆံရေး

၁။ အခြားရှေ့နေများနှင့် ၎င်းတို့၏ အမှုသည်များနှင့် ဆက်ဆံရာတွင် ရှေ့နေသည် မျှမျှတတ၊ သစ္စာရှိရှိဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံရမည်။

၂။ အမှုသည်များကို ကိုယ်စားပြုသည့် ရှေ့နေများသည် တရားစွဲဆိုရေးနှင့်ဆိုင်သော (သို့) မသက်ဆိုင်သော ကိစ္စရပ်များတွင် အကျိုးတူဖြစ်ပြီး အကြောင်းအရာနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ကို ဖလှယ်ရန် သဘောတူညီထားကြလျှင် ၎င်းတို့၏ အပြန်အလှန် ဆက်သွယ်မှုကို လျှို့ဝှက်ထိန်းသိမ်းရမည်။



၃။ အမှုလိုက်ရှေ့နေများကြား အပြန်အလှန်ဆက်သွယ်မှုကို လျှို့ဝှက်ရန် လိုအပ်သည်ဟု မယူဆလျှင် ထိုဆက်သွယ်မှုကို လျှို့ဝှက်ထားမည်မဟုတ်ကြောင်းကို အစကတည်းက သေချာရှင်းလင်းစွာ ပြောပြထားရမည်။

### ပုဒ်မ ၂၈ - အခြားရှေ့နေက ကိုယ်စားပြုသောသူများနှင့် ဆက်ဆံရေး

အမှုလိုက်ရှေ့နေသည် အခြားရှေ့နေ၏ အမှုသည်ကို ထိုရှေ့နေမှ တဆင့်သော်လည်းကောင်း၊ ထိုရှေ့နေ၏ ခွင့်ပြုချက်ဖြင့်သော်လည်းကောင်း တွေ့နိုင်ပြီး၊ တိုက်ရိုက် မတွေ့ရပါ။

### ပုဒ်မ ၂၉ - မျက်မြင်သက်သေများနှင့် ထိခိုက်နစ်နာသူများနှင့် ဆက်ဆံရေး

၁။ ရှေ့နေသည် မျက်မြင်သက်သေများနှင့် ထိခိုက်နစ်နာသူများကို တရားခွင်အတွင်း (သို့) တရားခွင်ပြင်ပတွင် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း (သို့) သိက္ခာကျအောင်ပြုမူခြင်း တို့ကို ရှောင်ရှားပြီး မမျှတသော (သို့) မလိုအပ်သော ဖိအားများပေးခြင်းမှ ဖယ်ကြဉ်ရမည်။

၂။ ရှေ့နေသည် ညှင်းပမ်းနှိပ်စက်ခံရသူများ (သို့) ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခံရသူများ (သို့) လိင်အကြမ်းဖက်ခံရသူများ (သို့) ထိုသို့အကြမ်းဖက်ခံရသည့် ကလေး၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ထည့်သွင်းစဉ်းစားရမည်။

## အခန်း ၄ - စည်းကမ်းထိန်းသိမ်းရေးအဖွဲ့

### ပုဒ်မ ၃၀ - အခြားစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ပဋိပက္ခဖြစ်ခြင်း

ဤပြဌာန်းချက်၏ **ပုဒ်မ ၃၈** အရ လက်ရှိအခန်းသည် ဤပြဌာန်းချက်နှင့် သက်ဆိုင်သော ရှေ့နေများအပေါ် သက်ရောက်မှုရှိစေမည့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ အာဏာအပေါ် ဘက်လိုက်မှု မရှိစေရ -

### ပုဒ်မ ၃၁ - မမှန်မကန် ပြုလုပ်ခြင်း

ရှေ့နေသည် အောက်ပါတို့ကို ကျူးလွန်လျှင် မမှန်မကန် ပြုလုပ်ရာရောက်သည်။

(က) အကယ်၍ ကျင့်ဝတ်ပိုင်းဆိုင်ရာ (သို့) ပညာသည်ပီသသော တာဝန်နှင့် စပ်လျဉ်းသည့် ဤပြဌာန်းချက်၊ ပြဌာန်းချက်ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် သက်သေနည်းဥပဒေများနှင့် တရားရုံး၏ စည်းမျဉ်းစည်းကမ်းများ (သို့) မှတ်တမ်းဌာန၏ စည်းကမ်းများကို ချိုးဖောက်ရန် (သို့) ချိုးဖောက်ရန် ကြိုးစားခဲ့လျှင်

(ခ) ဤပုဒ်မစာပိုဒ်(က)ကို ရည်ညွှန်းလျက် တစ်စုံတစ်ယောက်ကို မမှန်မကန် ဆောင်ရွက်ရန် သိလျက်နှင့် ကူညီလျှင် (သို့) တိုက်တွန်းလျှင် (သို့) အခြားသူ၏ လုပ်ဆောင်မှုမှတဆင့် မမှန်မကန်ဆောင်ရွက်လျှင် (သို့)

(ဂ) ဤအခန်းပါ စည်းကမ်းထိန်းသိမ်းရေး ဆုံးဖြတ်ချက်နှင့် ကိုက်ညီမှု မရှိလျှင်

## ပုဒ်မ ၃၂ - လက်ထောက်များ (သို့) အခြားဝန်ထမ်းများ၏ လုပ်ရပ်အပေါ် တာဝန်ယူခြင်း

၁။ ဤပြဋ္ဌာန်းချက် ပုဒ်မ ၃၁ အရ ရှေ့နေသည် ၎င်း၏လုပ်ထောက်များ (သို့) ဝန်ထမ်းများ၏ မမှန်မကန် ပြုလုပ်မှုအတွက် တာဝန်ရှိသည်။

(က) အကယ်၍ ရှေ့နေသည် ထိုသို့မမှန်မကန်ဆောင်ရွက်မှုကို အမိန့်ပေးခဲ့လျှင် (သို့) သဘောတူခွင့်ပြု ခဲ့လျှင် (သို့)

(ခ) အကယ်၍ရှေ့နေသည် ထိုသို့မမှန်မကန် ဆောင်ရွက်မှုပြုခြင်းသည် ချိုးဖောက်ရာရောက်သည်ကို သိလျက် (သို့) ချိုးဖောက်မှုကို အကြောင်းကြားပါလျက်နှင့် ကြောင်းကျိုးဆီလျော်သော တန်ပြန်ဆောင်ရွက်မှု တစ်စုံတစ်ရာ မပြုလုပ်ခဲ့လျှင်

၂။ ရှေ့နေသည် ဤပြဋ္ဌာန်းချက်က ချမှတ်ထားသော စံချိန်စံညွှန်းများကို ၎င်း၏ လက်ထောက်များ (သို့) ဝန်ထမ်းများကို ညွှန်ကြားရမည်။

## ပုဒ်မ ၃၃ - ကော်မရှင်နာ

၁။ ဤပြဋ္ဌာန်းချက်အရ မမှန်မကန် ပြုလုပ်မှုများအတွက် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိသော ကော်မရှင်နာကို လေးနှစ်တာသက်တမ်းအတွက် ဥက္ကဋ္ဌက ရွေးချယ်ခန့်အပ်ရမည်။ ပညာသည်ပီသသော ကျင့်ဝတ်နှင့် ဥပဒေရေးရာတို့တွင် ကျွမ်းကျင်မှုရှိသောသူများထံမှ ကော်မရှင်နာကို ရွေးချယ်မည်ဖြစ်သည်။

၂။ ကော်မရှင်နာကို နောက်တစ်ကြိမ် ပြန်လည် ရွေးကောက်တင်မြှောက်ခြင်းမရှိပါ။ လုပ်ပိုင်ခွင့်သက်တမ်းကုန်ဆုံးချိန်တွင် စုံစမ်းစစ်ဆေးဆဲအမှုက မပြီးပြတ်သေးပါက ကော်မရှင်နာ အနေဖြင့် ထိုစုံစမ်းစစ်ဆေးမှုကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ရမည်။

## ပုဒ်မ ၃၄ - မမှန်မကန်ဆောင်ရွက်မှု တိုင်ကြားစာကို အမှုဖွင့်ခြင်း

၁။ ဤပြဋ္ဌာန်းချက်ပါ ပုဒ်မ ၃၁၊ ၃၂ အရ အမှုလိုက်ရှေ့နေ၏ မမှန်မကန်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် တိုင်စာများကို မှတ်ပုံတင်ဌာနသို့ အောက်ပါပုဂ္ဂိုလ် (သို့)အဖွဲ့အစည်းက တင်ပြနိုင်သည်။

(က) ဤအမှုနှင့်ပတ်သက်သည့် ချိန်ဘာ။



(ခ) အဆိုပါ မမှန်မကန်ဆောင်ရွက်မှုကြောင့် အခွင့်အရေး (သို့) အကျိုးစီးပွားတစ်စုံတစ်ရာ ထိခိုက်ခံရသည့်သူ (သို့) လူအုပ်စု

၂။ တိုင်ကြားစာကို ရေးသားတိုင်ကြားရမည် (သို့) တိုင်ကြားမည့်သူအနေဖြင့် ထိုသို့ မပြုလုပ်နိုင်လျှင် မှတ်ပုံတင်ဌာန၏ ဝန်ထမ်းတစ်ဦးရှေ့တွင် နှုတ်ဖြင့် တိုင်ကြားနိုင်သည်။ တိုင်ကြားသူမည်သူမည်ဝါဖြစ်သည်ကို ဖော်ပြပြီး မည်သည့်အမှုလိုက်ရှေ့နေကို တိုင်ကြားသည်ကိုလည်း ဖော်ပြပါ မမှန်မကန်ပြုလုပ်မှုကို တတ်နိုင်သမျှ အသေးစိတ်တင်ပြရမည်။

၃။ မှတ်ပုံတင်အရာရှိသည် ထိုတိုင်ကြားစာကို ကော်မရှင်နာထံသို့ တင်ပြရမည်။

၄။ ဤပြဋ္ဌာန်းချက်ပါ ပုဒ်မ ၃၁ ၊ ၃၂ ကို ရည်ညွှန်း၍ မှတ်ပုံတင်အရာရှိသည်လည်း ထိုမမှန်မကန်ပြုလုပ်မှုကို မိမိသဘောဖြင့် ကော်မရှင်နာထံသို့ တင်ပြတိုင်ကြားနိုင်သည်။

၅။ ထိုတိုင်ကြားမှုများအားလုံးကို မှတ်ပုံတင်ဌာနက လျှို့ဝှက်ထိန်းသိမ်းထားရမည်။

## ပုဒ်မ ၃၅ - သတ်မှတ်ထားသောကာလ

အမှုကိစ္စတွင် မမှန်မကန်ပြုလုပ်မှုဖြင့် ရှေ့နေကို တိုင်ကြားနိုင်ခွင့်သည် ကိုယ်စားပြုမှု သဘောတူညီချက် ပြီးဆုံးပြီး ငါးနှစ်ကြာသည့်အခါ သက်တမ်းကုန်လွန်သည်။

## ပုဒ်မ ၃၆ - စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှု

၁။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်သုံးဦးရှိပြီး နှစ်ဦးသည် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ပြီး တစ်ဦးက ယာယီဖြစ်သည်။

၂။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ဝင်များသည် ဤပြဋ္ဌာန်းချက်အရ ၎င်းတို့၏ တာဝန်များကို လွတ်လပ်ပြီး ဘက်မလိုက်သည့် ပုံစံဖြင့် ထမ်းဆောင်သည်။

၃။ မှတ်ပုံတင်ဌာနသည် ဤပုဒ်မ စာပိုဒ် (၄)အရ အမှုလိုက်ရှေ့နေများ၊ သင့်လျော်သော အမျိုးသားအာဏာပိုင်များနှင့်တိုင်ပင်ပြီး ရွေးကောက်ပွဲအတွက် ထိုက်သင့်သော ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၄။ ဤပုဒ်မ စာပိုဒ် ၁၀ အရ အမြဲတမ်းအဖွဲ့ဝင်နှစ်ဦးနှင့် သီးခြားအဖွဲ့ဝင်တို့ကို တရားရုံးရှေ့မှောက်တွင် လေးနှစ်သက်တမ်းအတွက် တာဝန်ထမ်းရွက်ရန် အမှုလိုက်ရှေ့နေများအားလုံးက ရွေးချယ်ရမည်။ ပညာသည်ပီသသော ကျင့်ဝတ်နှင့် ဥပဒေရေးရာ ကျွမ်းကျင်သူများကြားမှ ရွေးချယ်ရမည်။

၅။ သီးခြားအဖွဲ့ဝင်ကို စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်များအတွက် အမှုလိုက်ရှေ့နေများ၏ လုပ်ဆောင်ချက်များအားလုံးကို တည့်မတ်ထိန်းချုပ်ပေးမည့် အမျိုးသားအာဏာပိုင်အဖွဲ့က ခန့်အပ်မည်။

၆။ အမြဲတမ်းအဖွဲ့ဝင်များသည် ပြန်လည်ရွေးကောက်ခံခွင့် မရှိပါ။

၇။ ဤပုဒ်မစာပိုဒ် ၄ ရှိလင့်ကစား ပထမရွေးကောက်တင်မြှောက်မှုတွင် အမြဲတမ်းအဖွဲ့ဝင်များ အနက် တစ်ဦးကို ခြောက်နှစ်သက်တမ်းအတွက် မဲဖြင့်ဆုံးဖြတ်မည်။

၈။ ရွေးချယ်မှုတစ်ခုပြီးသည့်နောက်နှင့် အသစ်ရွေးချယ်သော စည်းကမ်းထိန်းသိမ်းရေးဘုတ် အဖွဲ့၏ ပထမအကြိမ်အစည်းအဝေးမတိုင်မီ အမြဲတမ်းနှင့် အလှည့်ကျအဖွဲ့ဝင်များသည် အမြဲတမ်း အဖွဲ့ဝင်တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်မည်။

၉။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်အားလုံးတွင် တူညီသော အခွင့်အရေးနှင့် မဲပေးပိုင်ခွင့်ရှိသည်။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သည် မဲအများစုဖြင့် ဆုံးဖြတ်မည်။ ဤပုဒ်မ စာပိုဒ် ၁၀ အရ အမှုကိစ္စပေါ်တွင် တာဝန်ယူရသော အလှည့်ကျအဖွဲ့ဝင်သည် ထိုကိစ္စပေါ်တွင် တာဝန်ယူရသော အမြဲတမ်းအဖွဲ့ဝင်နှင့် သီးခြားအဖွဲ့ဝင်များကဲ့သို့ တူညီသော အခွင့်အရေးနှင့် မဲပေးပိုင်ခွင့် ရှိသည်။

၁၀။ အကယ်၍ အမြဲတမ်းအဖွဲ့ဝင်တစ်သီးက ထိုကိစ္စကို မကိုင်တွယ်နိုင်လျှင် (သို့) စည်းကမ်း ထိန်းသိမ်းရေးဘုတ်အဖွဲ့အတွက် တာဝန်မထမ်းရွက်နိုင်လျှင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်သော ဥက္ကဋ္ဌ (သို့) အခြားအမြဲတမ်းအဖွဲ့ဝင်က စည်းကမ်းထိန်းသိမ်းရေး ဘုတ်အဖွဲ့၏ အစားထိုးနေရာတွင် အလှည့်ကျအဖွဲ့ဝင်ကို တာဝန်ယူရန် တောင်းဆိုရမည်။

၁၁။ အမြဲတမ်းအဖွဲ့ဝင်များ (သို့) လုပ်ပိုင်ခွင့် သက်တမ်းကုန်ပြီဖြစ်သော အလှည့်ကျအဖွဲ့ဝင်များက ၎င်းတို့ကိုင်တွယ်နေသော ကိစ္စများကို အယူခံဝင်ခြင်းအပါအဝင် အားလုံးအပြီးသတ်ဆုံးဖြတ် ပြီးသည်အထိ ဆက်လက်ကိုင်တွယ်ရမည်။

၁၂။ မှတ်ပုံတင်အရာရှိသည် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သို့ အထွေထွေအတွင်းရေးမှူးရုံး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းတစ်ဦးကို ခန့်အပ်ရမည်။ ခန့် အပ်ပြီးနောက် ထိုသက်ဆိုင်ရာ မှတ်ပုံတင်ဌာနဝန်ထမ်းသည် မှတ်ပုံတင်ဌာနနှင့် ခပ်ခွာခွာ နေပြီး ဤပြဋ္ဌာန်းချက်ပုဒ်မ ၄၄ စာပိုဒ် ၁၂ အရ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ အထွေထွေ အတွင်းရေးမှူးရုံးအတွက်သာ အလုပ်လုပ်ရမည်။

## ပုဒ်မ ၃၇ - ပဏာမ လုပ်ထုံးလုပ်နည်းများ

၁။ အကယ်၍ တိုင်ကြားမှုသည် ဤပြဋ္ဌာန်းချက်ပါ ပုဒ်မ ၃၄ ၏ လိုအပ်ချက်နှင့် ပြည့်စုံလျှင် ကော်မရှင်နာသည် စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ ထိုတိုင်ကြားမှုကို ရှေ့နေထံသို့ အကြောင်းကြားတင်ပြရမည်။ တိုင်ကြားမှု စတင်အကြောင်း ကြားသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ထိုရှေ့နေသည် ပြန်လည်တုန့်ပြန် ဖြေရှင်းတင်ပြရမည်။

၂။ ထိုတုန့်ပြန်ဖြေရှင်းမှုက စွပ်စွဲထားသော မမှန်မကန်ပြုမှုသည် အမျိုးသားအာဏာပိုင် ရှေ့မှောက် တွင် စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ဆောင် သင့်၊ မသင့် ဖော်ပြပေး မည်။ ထိုသို့ဖြစ်ခဲ့လျှင် အောက်ပါတို့ ပါဝင်ရမည်။



(က) ထိုစွပ်စွဲခံရသော မမှန်မကန်ပြုမှုအပေါ်တွင် ဆုံးဖြတ်မည့် အမျိုးသားအာဏာပိုင်အဖွဲ့ အကြောင်းဖော်ပြချက်။

(ခ) အမျိုးသားအာဏာပိုင်အဖွဲ့၏ တရားဝင်သတင်းပေးပို့ချက်က စည်းကမ်းထိန်းသိမ်း ရေးလုပ်ထုံးလုပ်နည်းများ၏ အခြေခံဖြစ်သည့် စွပ်စွဲခံရသော အချက်အလက်များ ဖော် ပြခြင်းဖြစ်သည်။

## ပုဒ်မ ၃၈ - စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များ၏ လိုက်ဖက်မှု

၁။ ဤပြဋ္ဌာန်းချက်ပါ စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းကို စည်းကမ်းထိန်းသိမ်းရေးဘုတ် အဖွဲ့က ကျင့်သုံးရမည်။

၂။ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ အကြောင်းကြားခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့အတွက် စည်းကမ်းထိန်းဦမ်းရေးဘုတ်အဖွဲ့၏ သီးခြားအဖွဲ့ဝင်သည် သက်ဆိုင်ရာ အမျိုးသားအာဏာ ပိုင်နှင့် ထိတွေ့ဆက်ဆံသည့်သူ ဖြစ်ရမည်။

၃။ စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းနှင့်ဆိုင်သော အမှုလိုက်ရှေ့နေအနေဖြင့် ထိုကိစ္စကို ကိုင်တွယ်သည့် အမျိုးသားအဖွဲ့အစည်းကို ထိုစွပ်စွဲခံရသော မမှန်မကန်ပြုမှု စုံစမ်းရေးအတွက် တိုးတက်မှု တစုံတရာနှင့် အပြီးသတ်ဆုံးဖြတ်ချက်ကို စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သို့ တင်ပြရန် တောင်းဆိုနိုင်သည်။ ထိုသို့ အကြောင်းကြားမှုအတွက် ပံ့ပိုးကူညီပေးမည့် လိုအပ် သော လုပ်ဆောင်မှု မှန်သမျှကို ဆောင်ရွက်ရမည်။

၄။ ထိုသို့ စွပ်စွဲခံရသော မမှန်မကန်ပြုမှုသည် သက်ဆိုင်ရာ အမျိုးသားအာဏာပိုင်အဖွဲ့ရှေ့တွင် ခင်းကျင်းပြသပြီးသည့် စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်း၏ အခြေခံဖြစ်နေသည့်အခါ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ ရှေ့မှောက်ရှိလုပ်ငန်းစဉ်ကို ယခင်လုပ်ထုံးလုပ်နည်းအ တွက် နောက်ဆုံး ဆုံးဖြတ်ချက် ချသည်အထိ ရပ်တန့်ထားရမည်။

(က) ဤပုဒ်မ စာပိုဒ် ၂ အရ အမျိုးသားအာဏာပိုင်အဖွဲ့က အကြောင်းကြားမှုနှင့် တိုင်ပင် ဆွေးနွေးမှု ကို သတ်မှတ်ချိန်အတွင်း မပြန်ကြားခဲ့လျှင်

(ခ) စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့အနေဖြင့် ရရှိသော သတင်းအချက်အလက်များကို ကျေနပ် မှုမရှိလျှင် (သို့)

(ဂ) ရရှိသည့် သတင်းအချက်အလက်ပေါ်မူတည်၍ အမျိုးသားအာဏာပိုင်အဖွဲ့အနေဖြင့် စည်းကမ်း ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းကို အပြီးသတ် မပြုလုပ်နိုင် (သို့) ပြုလုပ်၍ ဆန္ဒမရှိဟု စည်း ကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့က ယူဆလျှင်

၅။ အမျိုးသားအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရလျှင်ရချင်း

(က) အကယ်၍ ဤပြဋ္ဌာန်းချက်အောက်တွင် မမှန်မကန်ပြုလုပ်မှု တိုင်ကြားလွှာကို ချမှတ် လိုက်သည့် ဆုံးဖြတ်ချက်က လုံလောက်အောင် ဖြေရှင်းမပေးနိုင်လျှင် စည်းကမ်းထိန်း သိမ်းရေးအဖွဲ့က ထိုလုပ်ငန်းစဉ်ကို ပိတ်သိမ်းကြောင်း ကြေညာရမည်။ (သို့)

(ခ) အမျိုးသားအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ရှေ့တွင် တင်ပြထားသော မမှန်မကန်ပြုမှုကို တစ်စိတ်တစ်ပိုင်း (သို့) လုံးဝ ခြုံငုံမိမှုမရှိလျှင် လုပ်ငန်းစဉ်ကိုဆက်လုပ်မည်ဟု စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကြေညာရမည်။

၆။ ဤပုဒ်မ စာပိုဒ် ၃ နှင့် ၄ တွင် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့အနေဖြင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော အမှုလိုက်ရှေ့နေကို တင်ပြမည့် မှတ်တမ်း (သို့) သက်သေတစ်စုံတစ်ရာ အပါအဝင် အသေးစိတ် အချက်အလက်ပေးရန် တောင်းဆိုနိုင်သည်။

၇။ ဤပုဒ်မကို အခြေခံသည့် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ရှေ့တွင် အယူခံဝင်နိုင်သည်။

## ပုဒ်မ ၃၉ - စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်

၁။ အကယ်၍ မမှန်မကန် ပြုလုပ်သည်ဟူသော စွပ်စွဲချက်သည် အချက်အလက်အရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း အခြေအမြစ်မရှိဟု ပေးပို့သည့် အချက်အလက်များကို အခြေခံပြီး ကော်မရှင်နာက ဆုံးဖြတ်ခဲ့လျှင် နောက်ထပ် စစ်ဆေးမှုတစုံတရာ မရှိတော့ဘဲ။ စုံစမ်းစစ်ဆေးမှု ရပ်တန့်ကာ ထိုတိုင်ကြားမှုက ပလပ်မည်ဖြစ်သည်။ ၎င်းအနေဖြင့် တိုင်ကြားသူကိုလည်း အသိပေးမည်။

၂။ အကယ်၍ ကော်မရှင်နာကစဉ်းစားပြီး ရှေ့နေအပေါ် မမှန်မကန် ပြုလုပ်သည်ဟူသည့် စွပ်စွဲချက်ကို ချက်ချင်း စုံစမ်းစစ်ဆေးပြီး စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သို့ အစီရင်ခံစာတင်ခြင်း (သို့) ထိုလုပ်ငန်းစဉ်ကို အဆုံးသတ်ခြင်းကို ဆောင်ရွက်မည်။

၃။ ကော်မရှင်နာအနေဖြင့် နှုတ်ဖြင့်ရေးသားသည့် (သို့) အခြားပုံစံအမျိုးမျိုးဖြင့် စသည့် သက်သေများအားလုံးသည် သင့်တင့်လျောက်ပတ်မှုရှိပြီး ထိုက်သင့်သော သက်သေခံအတည်ပြုမှုတန်ဖိုးရှိပါက အားလုံးကို ထည့်သွင်းစဉ်းစားမည်။

၄။ ကော်မရှင်နာသည် သင့်လျော်သည်ဟု ထင်မြင်ယူဆလျှင် အခင်အမင် မပျက်စေသောနည်းကို အသုံးပြုနိုင်သည်။ ကော်မရှင်နာသည် အခင်အမင်မပျက်သော ဖြေရှင်းနည်းပုံစံဖြစ်စေမည့် လုပ်ဆောင်မှုများ၏ ရလဒ်ကို စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သို့ တင်ပြပြီး ဘုတ်အဖွဲ့က စဉ်းစားပေးနိုင်သည်။ ဤပြဋ္ဌာန်းချက်အရ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ လုပ်ဆောင်နိုင်စွမ်း (သို့) အာဏာကို မည်သည့်အခင်မင်မပျက်စေစေသော ဖြေရှင်းမှုပုံစံကမျှ မထိခိုက်စေရပါ။

၅။ ကော်မရှင်နာ၏ အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေး ဘုတ်အဖွဲ့သို့ တင်ပြမည်။

၆။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ ကြားနာမှုသည် တရားဝင်ဖြစ်ရမည်။ သို့သော် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သည် ကြားနာမှု (သို့) ၎င်း၏တစိတ်တပိုင်းကို တံခါးပိတ်ပုံစံဖြင့်လည်း ကျင်းပရန် ဆုံးဖြတ်နိုင်သည်။ အထူးသဖြင့် ကော်မရှင်နာ၏အစီရင်ခံစာပါ အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရန် (သို့) ထိခိုက်နစ်နာသူများနှင့် သက်သေများကို ကာကွယ်ပေးရန် အတွက်ဖြစ်သည်။

၇။ ကော်မရှင်နာနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အမှုလိုက်ရှေ့နေကို ခေါ်ဆိုပြီး ကြားနာရမည်။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သည် အမှန်တရားအတွက် လိုအပ်သော မည်သူကိုမဆို ခေါ်ဆိုကြားနာနိုင်သည်။

၈။ ခြွင်းချက်အမှုကိစ္စများတွင် စွပ်စွဲခံရသော မမှန်မကန်ပြုမှု၏ သဘောသဘာဝသည် တရားစီရင်မှု၏ အကျိုးကျေးဇူးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေမည်ဆိုလျှင် ကော်မရှင်နာအနေဖြင့် ချိန်ဘာသို့ အရေးပေါ် အဆိုပြုချက် (motion) ချမှတ်ပြီး တိုင်ကြားမှုခံရသည့် ရှေ့နေကို ခေါ်ယူရမည်။ ထို့ကြောင့်လိုအပ်လျှင် ထိုရှေ့နေကို တာဝန်မှ ယာယီရပ်နားကြောင်း ကြေညာရမည်။

## ပုဒ်မ ၄၀ - စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်မှ ရှေ့နေ၏ အခွင့်အရေး

၁။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်နှင့် ငြိသောရှေ့နေသည် အခြားရှေ့နေထံမှ အကူအညီတောင်းခံနိုင်သည်။

၂။ ရှေ့နေသည် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ရှေ့တွင် ဆိတ်ဆိတ်နေနိုင်ပြီး ထိုသို့ ဆိတ်ဆိတ်နေခြင်းကို တင်ပြထားသော အချက်အလက်များကိုကြည့်၍ ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်နိုင်သည်။

၃။ ရှေ့နေသည် ကော်မရှင်နာက စုဆောင်းထားသော ကော်မရှင်နာ၏ အစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များနှင့် သက်သေများအားလုံးကို ဖွင့်ချပိုင်ခွင့်ရှိသည်။

၄။ ရှေ့နေကို မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရန် အချိန်ပေးရမည်။

၅။ ရှေ့နေတွင် ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ရှေ့နေမှသော်လည်းကောင်း၊ မေးခွန်းမေးပိုင်ခွင့်ရှိပြီး စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့က မည်သူ့ကိုမဆို ရှေ့မှောက်တွင် ခေါ်ယူမေးမြန်းနိုင်သည်။

## ပုဒ်မ ၄၁ - စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များ

၁။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သည် တင်ပြလာသော သက်သေကို အခြေခံကာ မမှန်မကန် လုပ်ဆောင်မှု မတွေ့ပါဟုဆိုပြီး လုပ်ငန်းစဉ်ကို အဆုံးသတ်နိုင်သည်။ (သို့) အမှုလိုက်ရှေ့နေသည် ထိုစွပ်စွဲခံရသော မမှန်မကန်ပြုမှုကို ကျူးလွန်သည်ဟု အဆုံးသတ်နိုင်သည်။

၂။ ဆုံးဖြတ်ချက်ကို လူထုသို့ ကြေညာရမည်။ ယင်းဆုံးဖြတ်ချက်၏ ကြောင်းကျိုးဆီလျော်မှုကို အကြောင်းအကျိုးနှင့်တကွ ရေးသားဖော်ပြထုတ်ဝေရမည်။

၃။ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာရှေ့နေနှင့် မှတ်ပုံတင်အရာရှိထံသို့ အသိပေးရမည်။

၄။ နောက်ဆုံး ဆုံးဖြတ်ချက်ကိုချပြီးသောအခါ တရားရုံး၏ တရားဝင်ဂျာနယ်တွင် ထုတ်ပြန်ပြီး အမျိုးသားအာဏာပိုင်အဖွဲ့သို့ ဖြန့်ဝေသည်။

**ပုဒ်မ ၄၂ - အရေးယူခြင်း**

၁။ မမှန်မကန် ပြုလုပ်သည်ကို အတည်ပြု စစ်ဆေးပြီးနောက် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သည် အောက်ဖော်ပြပါ အရေးယူမှုတစ်ခု (သို့) တစ်ခုထက်ပို၍ လုပ်ဆောင်နိုင်သည်။

(က) သတိပေးခြင်း။

(ခ) ရှေ့နေ၏ ပုဂ္ဂလိကဖိုင်အတွင်း အများပြည်သူဝင်ရောက်၍ အပြစ်ဖော် ဆုံးမခြင်း။

(ဂ) ဒဏ်ကြေး ယူရို ၃၀၀၀ဝ အထိ ပေးဆောင်စေခြင်း။

(ဃ) တရားရုံး ရှေ့မှောက်တွင် ရှေ့နေအဖြစ် ပြန်လည်အလုပ်လုပ်ခွင့် ရပ်ဆိုင်းခြင်းကို နှစ်နှစ်ထက် မကျော်လွန်စေရ။

(င) တရားရုံးရှေ့မှောက်တွင် ရှေ့နေအဖြစ် ပြန်လည်အလုပ်လုပ်ခွင့်ကို အမြဲတမ်းမြစ်လိုက်ခြင်းနှင့် အမှုလိုက်ရှေ့နေစာရင်းမှ ပယ်ဖျက်ခြင်း။

၂။ သတိပေးမှုတွင် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ အကြံပေးမှု ပါဝင်နိုင်သည်။

၃။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်သည် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ဆုံးဖြတ်ပိုင်ခွင့်အတွင်းတွင် ရှိရမည်။

**ပုဒ်မ ၄၃ - အယူခံဝင်ခြင်း**

၁။ အရေးယူခံရသော ရှေ့နေနှင့် ကော်မရှင်နာထံတွင် ဖြစ်ရပ်မှန် (သို့) ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံပိုင်ခွင့် ရှိပါသည်။

၂။ ဆုံးဖြတ်ချက် ချမှတ်ပြီး ရက်သုံးဆယ်အတွင်း စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးရုံးထံသို့ အယူခံခြင်းကို အသိပေးရမည်။

၃။ စည်းကမ်းထိန်းသိမ်းရေး ဘုတ်အဖွဲ့၏ အထွေထွေအတွင်းရေးမှူးရုံးသည် အယူခံဝင်ခြင်းအကြောင်းကြားစာကို စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးရုံးထံ တင်ပြရမည်။

၄။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးရုံးသည် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ ရှေ့မှောက်တွင် ဆောင်ရွက်သော လုပ်ငန်းစဉ်များအတိုင်း အယူခံဝင်မှုကို ဆုံးဖြတ်ပါမည်။



**ပုဒ်မ ၄၄ - စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့၏ ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှု**

၁။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့သည် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အယူခံဝင်ခြင်းကို ဆုံးဖြတ်ပေးရမည်။

၂။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ဝင်များသည် ဤပြဋ္ဌာန်းချက်အောက်တွင် ၎င်းတို့၏ တာဝန်များကို လွတ်လပ်ပြီး သမာသမတ်ရှိရှိ ထမ်းဆောင်ရမည်။

၃။ မှတ်ပုံတင်ဌာနသည် ဤပုဒ်မစာပိုဒ် ၅ ပါ ရွေးကောက်တင်မြှောက်မှုအတွက် ထိုက်သင့်သော ဆောင်ရွက်မှုများကို ရှေ့နေနှင့်သင့်လျော်သော အမျိုးသားအာဏာပိုင်တို့နှင့် တိုင်ပင်ဆွေးနွေးကာ ဆောင်ရွက်ရမည်။

၄။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့တွင် အဖွဲ့ဝင် ငါးဦးရှိမည်။

(က) တရားရုံးစည်းမျဉ်းများအနက် စည်းမျဉ်း ၁၀ အရ တရားသူကြီးသုံးဦးကို ဦးစားပေး ထည့်သွင်းစဉ်းစားမည်။

**အောက်ပါတရားသူကြီးများ မပါဝင်ပါ -**

- ကိုင်တွယ်သည့်အမှုမှ စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းစဉ်သို့ တိုင်ကြားမှုခံရသည့် တရားသူကြီးများ။
- ကော်မရှင်နာကို ခန့်သည့် ဥက္ကဋ္ဌအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဦး (သို့) ယခင်အဖွဲ့ဝင်များ။

(ခ) ဤပုဒ်မ စာပိုဒ် ၅ အရ ရွေးချယ်ထားသော ပုဂ္ဂိုလ်နှစ်ဦး

၅။ ဤပုဒ်မ စာပိုဒ် ၄ (ခ) ကို ရည်ညွှန်းသည့် စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ဝင်နှစ်ဦးနှင့် ဤပုဒ်မအပိုဒ် ၆ အရ အစားထိုးနေရာယူမည့် အလှည့်ကျအဖွဲ့ဝင်တစ်ဦးတို့ကို လေးနှစ်သက်တမ်းအတွက် တရားရုံးရှေ့မှောက်တွင် လျှောက်လဲခွင့်ရှိသော အမှုလိုက်ရှေ့နေများ အားလုံးက ရွေးချယ်မည်။ ၎င်းတို့ကို ပညာသည်ပီသသော ကျင့်ဝတ်နှင့် ဥပဒေရေးရာတို့တွင် ကျွမ်းကျင်မှုရှိသည့်သူများထံမှ ရွေးချယ်မည်။

၆။ အကယ်၍ ရွေးချယ်ခံရသူတစ်ဦးသည် အမှုကို မကိုင်တွယ်နိုင်လျှင် (သို့) စည်းကမ်းထိန်းသိမ်းရေးအယူခံဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်လျှင် အလှည့်ကျအဖွဲ့ဝင်ကို ထိုဘုတ်အဖွဲ့တွင် အစားထိုးရန် ဥက္ကဋ္ဌက တောင်းဆိုရမည်။

၇။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ဝင်များ၏ တာဝန်သည် စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့ဝင်များ၏ တာဝန်များနှင့် မတူညီပါ။

၈။ ရွေးချယ်ခံရသည့်အဖွဲ့ဝင်များသည် ပြန်လည်ရွေးကောက်တင်မြှောက်မှုတွင် မပါဝင်ရပါ။

၉။ ဤပုဒ်မ၏စာပိုဒ် ၄ (က) အရ ရည်ညွှန်းထားသော တရားသူကြီး သုံးဦးအနက် ဦးစားပေး တရားသူကြီးတစ်ဦးကို စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်မည်။

၁၀။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့ဝင်များအားလုံးတွင် တူညီသော အခွင့်အရေးနှင့် မဲပေးခွင့်ရှိသည်။ စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့သည် မဲအများစုဖြင့် ဆုံးဖြတ်

မည်။ ဤပုဒ်မစာပိုဒ် ၆ ပါ အမှုကိစ္စကို ကိုင်တွယ်သော အလုပ်ညှဲ့ကျအဖွဲ့ဝင် အမှုကိုကိုင်တွယ်သော အခြားအဖွဲ့ဝင်များကဲ့သို့ပင် တူညီသော အခွင့်အရေးနှင့် မဲပေးခွင့်ရှိရမည်။

၁၁။ လုပ်ပိုင်ခွင့်အာဏာကုန်ပြီဖြစ်သည့် အဖွဲ့ဝင်များသည် ၎င်းတို့ဆောင်ရွက်နေသော အမှုများအားလုံးကို အပြီးသတ်ဆုံးဖြတ်ပြီးသည်အထိ ဆက်လက်ဆောင်ရွက်ရမည်။

၁၂။ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့သို့ အထွေထွေအတွင်းရေးမှူးရုံး ဝန်ဆောင်မှုများ ဆောင်ရွက်ရန် ဤပြဋ္ဌာန်းချက် ပုဒ်မ ၃၆ ၊ စာပိုဒ် ၁၂ အရ မှတ်ပုံတင်အရာရှိက ခန့်အပ်သည့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းသည် စည်းကမ်းထိန်းသိမ်းရေး အယူခံဘုတ်အဖွဲ့သို့လည်း အလားတူ ဝန်ဆောင်မှုမျိုးပေးရမည်။ ခန့်အပ်ပြီးနောက် မှတ်ပုံတင်ဌာနမှ သက်ဆိုင်ရာဝန်ထမ်းသည် မှတ်ပုံတင်ဌာနနှင့် ကင်းကင်းရှင်းရှင်း နေရမည်။



# စစ်ဘက်ခုံရုံးများမှ တရားစီရင်ရေးကို စီမံသော စည်းမျဉ်းမူကြမ်း

*(လူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေး ဆပ်ကော်မရှင်၏ ၂၀၀၅ ခုနှစ် ၅၇ ကြိမ်မြောက် အစည်းအဝေးတွင် ပြဋ္ဌာန်းပါသည်။)*

---

**စည်းမျဉ်းအမှတ် ၁ - ဖွဲ့စည်းပုံဥပဒေ (သို့) ဥပဒေက စစ်ဘက်ခုံရုံးကို ဖွဲ့စည်းခြင်း**

အာဏာခွဲဝေရေး စည်းမျဉ်းကို လေးစားလိုက်နာကာ စစ်ဘက်ခုံရုံးများကို ဖွဲ့စည်းပုံဥပဒေ (သို့) ဥပဒေ ဖြင့်သာ ဖွဲ့စည်းတည်ဆောက်သည်။ ၎င်းတို့သည် အထွေထွေတရားစီရင်ရေးစနစ်ဖြင့် ခွဲထုတ်၍မရသော အစိတ်အပိုင်းဖြစ်သည်။

**စည်းမျဉ်းအမှတ် ၂ - နိုင်ငံတကာ ဥပဒေ စံနှုန်းများကို လေးစားခြင်း**

စစ်ဘက်ခုံရုံးများသည် အခြေအနေအားလုံးတွင် နိုင်ငံတကာ အသိအမှတ်ပြုသည့် စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအပါအဝင် မျှတသော တရားရင်ဆိုင်ရမှုကို အာမခံနိုင်ရမည်။

[...]

**စည်းမျဉ်းအမှတ် ၄ - အရပ်သားများကို စစ်ဆေးမည့် စစ်ဘက်တရားရုံးများ၏ တရားစီရင်မှု**

သဘောတရားအရ စစ်ဘက်တရားရုံးများတွင် အရပ်သားများကို စစ်ဆေးရန် တရားစီရင်ပိုင်ခွင့် မရှိပါ။ အခြေအနေအားလုံးတွင် မည်သည့် ပြစ်မှုမျိုးဖြင့် စွပ်စွဲခံရသည့် အရပ်သားများဖြစ်စေ ၎င်းတို့ကို အရပ်ဘက် တရားရုံးများကသာ စစ်ဆေးစီရင်စေရမည်။

[...]

**စည်းမျဉ်းအမှတ် ၇ - စစ်ဘက်တရားရုံးများ၏ လက်တွေ့အသုံးကျသော အမိန့်အာဏာ**

စစ်ဘက်တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်ကို စစ်ဘက်ဝန်ထမ်းများက ကျူးလွန်သော တင်းကြပ်သော စစ်ဘက်သဘောသဘာဝ ပြစ်မှုများအတွက်သာ ကန့်သတ်ထားရမည်။ စစ်ဘက်တရားရုံးများသည် ပြစ်မှုကျူးလွန်မှုများအတွက် စစ်ဘက်ဆိုင်ရာ ရာထူးအဆင့်အရ ထိုပုဂ္ဂိုလ်များကို စစ်ဆေးစီရင်မည်။

**စည်းမျဉ်းအမှတ် ၈ - ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် စွပ်စွဲခံရသူများအား စစ်ဆေးစီရင်ခြင်း**

ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် အလွန်အကျွံ တရားရေးရာ စီမံခန့်ခွဲမှုများ၊ အတင်းအဓမ္မပျောက်ကွယ်စေခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းတို့အတွက် မေးမြန်းစုံစမ်းရန်နှင့် ထိုပြစ်မှုများနှင့် စွပ်စွဲခံရသော သူများကို စုံစမ်းစစ်ဆေးရာတွင် စစ်ဘက်တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်ကို ဘေးဖယ်ထားပြီး သာမန်တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်ကို ဦးစားပေးရမည်။

[...]

**စည်းမျဉ်းအမှတ် ၁၁ - ရှေ့တော်သွင်း စာချွန်လွှာအမိန့်အား အာမခံခြင်း**

လွတ်လပ်မှုဆုံးရှုံးရသည့် မည်သူမဆို မည်သည့်အခြေအနေတွင်မဆို ၎င်းတို့၏ ဆုံးရှုံးမှုအတွက် တရားရုံးရှေ့မှောက်တွင် ရုံးထုတ်မိန့်တောင်းခံခွင့် အပါအဝင် အခြားတရားစွဲခြင်းကို ပြုလုပ်ပိုင်ခွင့်ရှိသည်။ တရားရုံးကလည်း ၎င်း၏ ထိန်းသိမ်းခံရမှုအတွက် နှောင့်နှေးမှု တစုံတရာမရှိဘဲ ဥပဒေနှင့် လျော်ညီအောင်ဆုံးဖြတ်ကာ အကယ်၍ ထိုသို့ထိန်းသိမ်းထားမှုသည် ဥပဒေနှင့် ကိုက်ညီမှုမရှိလျှင် လွှတ်ပေးရန် အမိန့်ပေးရမည်။ ရုံးထုတ်မိန့်အတွက် အသနားခံခွင့် (သို့) အခြားကုစားနည်းများကို လူတစ်ဦးတစ်ယောက်၏အခွင့်အရေးအဖြစ် ရှုမြင်ကာ ထိုအာမခံခြင်းကို မည်သည့်အခြေအနေမျိုးတွင်မဆို သာမန်တရားရုံးများ၏ အထူးတရားစီရင်ပိုင်ခွင့် အတွင်းတွင်သာရှိသည်။ တရားသူကြီးသည် မည်သည့်အခြေအနေတွင်မဆို ထိန်းသိမ်းထားသူရှိသည့် မည်သည့်နေရာကိုမဆို သွားရောက် ချဉ်းကပ်နိုင်ရမည်။

**စည်းမျဉ်းအမှတ် ၁၂ - စွမ်းဆောင်ရည်ရှိသော၊ လွတ်လပ်၍ သမာသမတ်ကျသော ခုံရုံးတွင် စစ်ဆေးစီရင်ခံပိုင်ခွင့်**

စစ်ဘက်တရားရုံးများ၏ တရားရုံးများ၏ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်မှုသည် လူတိုင်းတွင် ကနဦးစုံစမ်းစစ်ဆေးမှုမှသည် တရားစွဲဆိုခြင်းအထိ အဆင့်တိုင်းတွင် စွမ်းဆောင်ရည်ရှိသော လွတ်လပ်၍ သမာသမတ်ကျသော ခုံရုံးရှေ့မှောက်တွင် စစ်ဆေးစီရင်ခံပိုင်ခွင့်ရှိသည်။ စစ်ဘက်တရားရုံးများရှိ တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ရွေးချယ်ထားသောသူသည် ဂုဏ်သိက္ခာနှင့် စွမ်းရည်ပြည့်ဝပြီး လိုအပ်သော ဥပဒေသင်တန်းတက်ရောက်ထားပြီး အရည်အချင်းပြည့်မီကြောင်း သက်သေပြနိုင်ရမည်။ စစ်ဘက်တရားသူကြီးများတွင် စစ်ဘက်ဆိုင်ရာ ဂါစဉ်အလိုက် လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို အာမခံနိုင်သည့် အဆင့်အတန်းရှိရမည်။ မည်သည့်အခြေအနေမျိုးတွင်မှ စစ်ဘက်တရားရုံးများသည် မည်သူမည်ဝါမှန်းမသိသော တရားသူကြီးများနှင့် ရှေ့နေများအသုံးပြုပြီး တရားစီရင်ရေးလုပ်ငန်းတွင် မပါဝင်စေရပါ။

[...]

**စည်းမျဉ်းအမှတ် ၁၆ - သာမန်တရားရုံးများတွင် လက်ကိုင်ပြုထားသည့် လုပ်ငန်းစဉ်များ**

စစ်ဘက်ခုံရုံးများသည် မည်သည့်အမှုတွင်မဆို ၎င်းတို့၏ အခွင့်အာဏာကို ကနဦးကတည်းက ကန့်သတ်ထားရမည်။ အထူးသဖြင့် အယူခံဝင်ခြင်းကဲ့သို့သော လုပ်ထုံးလုပ်နည်းများကို အရပ်ဘက်တရားရုံးများ ရှေ့မှောက်တွင် လုပ်ဆောင်ရမည်။ မည်သည့်အခြေအနေတွင်မဆို တရားဥပဒေဆိုင်ရာ ညီညွတ်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှုများကို အမြင့်ဆုံးအရပ်ဘက် တရားရုံးက ဖြေရှင်းရမည်။

စစ်ဘက်ခုံရုံးများနှင့် သာမန်တရားရုံးများကြားရှိ အခွင့်အာဏာနှင့် တရားစီရင်ပိုင်ခွင့်တို့၏ ပဋိပက္ခကို တရားရုံးချုပ် (သို့) ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးကဲ့သို့သော အဆင့်မြင့်တရားရေးအဖွဲ့က ဖြေရှင်းပေးရမည်။ အဆိုပါ တရားရေးအဖွဲ့သည် သာမန်တရားရုံးစနစ်၏ တစိတ်တပိုင်းဖြစ်ပြီး လွတ်လပ်သော၊ သမာသမတ်ကျသော၊ ကျွမ်းကျင်မှုရှိသော တရားသူကြီးများနှင့် ဖွဲ့စည်းထားသည်။

[...]



## ၂။ အခြားကမ္ဘာလုံးဆိုင်ရာ စံနှုန်းများ

## တရားရေးအမူအကျင့်များဆိုင်ရာ Bangalore မူများ

*(တရားရေးဂုဏ်သိက္ခာကို မြှင့်တင်ခြင်းဆိုင်ရာ တရားရေးအဖွဲ့မှ အတည်ပြုထားသည့် တရားရေး အမူအကျင့်များဆိုင်ရာ Bangaloreဥပဒေမူကြမ်း၂၀၀၁ အား ၂၀၀၂ခုနှစ် နိုဝင်ဘာလ ၂၅ မှ ၂၆အတွင်း the Peace Palace,the Hagueတွင် ကျင်းပခဲ့သည့် တရားသူကြီးများစားပွဲဝိုင်း အစည်းအဝေးတွင် ပြန်လည်ပြင်ဆင်ထားပါသည်။)*

---

### နိဒါန်း

ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အခြေခံစည်းမျဉ်းအဖြစ် သတ်မှတ်ထားခြင်းမှာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ ပြစ်မှုဆိုင်ရာတရားစွဲဆိုချက်များအတွက် အဆုံးအဖြတ်ပေးမှုကို လွတ်လပ်ပြီး သမာသမတ်ကျသည့် ခုံရုံး၏ ရှေ့မှောက်တွင် လူတိုင်း တန်းတူညီမျှမှုရှိကာ မျှတသည့် လူထုကြားနာခွင့်ရှိခြင်းပင်ဖြစ်သည်။

နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အချက်များကို အာမခံထားပါသည်။ လူတိုင်းတရားရုံးရှေ့တွင် တန်းတူညီမျှမှု ရှိရမည်။ တရားစွဲဆိုရာတွင် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ ပြစ်မှုဆိုင်ရာ တရားစွဲဆိုချက်များနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးရာတွင်လည်း လူတိုင်း သာတူညီမျှရှိရမည်။

လွန်ကြူးသောနှောင့်နှေးမှုများမရှိဘဲ တရားဥပဒေနှင့်အညီ လွတ်လပ်ကာ သမာသမတ်ကျသည့် အခွင့်အာဏာရှိ တရားခုံရုံးများရှေ့တွင် မျှတသော လူထုကြားနာခွင့်ကို လူတိုင်းရရှိရမည်။

အထက်ဖော်ပြပါ အခြေခံမူများနှင့် အခွင့်အရေးများသည် ဒေသတွင်းလူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများ၊ ပြည်တွင်း အခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် ဖြတ်ထုံး၊ တရားရေးလုပ်ထုံး လုပ်နည်းများနှင့် အစဉ်အလာများစသည်တို့တွင် ထင်ဟပ်နေခြင်း (သို့) တရားဝင်အသိအမှတ် ပြုထားခြင်းများရှိသည်။

သမာသမတ်ကျသော၊ အခွင့်အာဏာရှိသော၊ လွတ်လပ်သောတရားရေးအဖွဲ့မှ လူ့အခွင့်အရေးများအား ကာကွယ်ပေးခြင်း၏ အရေးပါသည့်အချက်မှာ အခြားအခွင့်အရေးများအား အကောင်အထည်ဖော်ရာတွင် သင့်လျော်သော တရားစီရင်မှုအပေါ် အခြေခံအားဖြင့် မူတည်နေသည်။

တရားရုံးများသည် တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကျင့်သုံးမှုအား ထိန်းသိမ်းနိုင်ရန် သမာသမတ်ကျပြီးလွတ်လပ်ကာ အခွင့်အာဏာရှိသော တရားရေးအဖွဲ့သည် မရှိမဖြစ်လိုအပ်သည်။

ခေတ်မီသော ဒီမိုကရက်တစ် လူ့အဖွဲ့ အစည်း၏ အရေးအပါဆုံး အချက်မှာ တရားစီရင်မှုစနစ်၊ ကျင့်ဝတ်နိုင်နင်းခြင်းနှင့် တရားရေးဂုဏ်သိက္ခာတို့အပေါ် ပြည်သူမှ ယုံကြည်ခြင်းပင်ဖြစ်သည်။

တရားသူကြီးအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ တရားရေးရုံးအား ပြည်သူ့ယုံကြည်မှု အဖြစ် လေးစားဂုဏ်ယူကာ တရားရေးစနစ်တွင် ပြည်သူ၏ယုံကြည်မှု တိုးတက်လာစေရန်နှင့် ရှိရင်းစွဲ ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းရမည်။

တရားရေးအမှုအကျင့်စံနှုန်းများ မြင့်မားတိုးတက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် အဓိကကျသော တာဝန်သည် နိုင်ငံတိုင်းရှိ တရားရေးအဖွဲ့ထံတွင် ရှိသည်။

ထို့အပြင် တရားရေးအဖွဲ့၏ လွတ်လပ်မှုအတွက် ကုလသမ္မဂ္ဂ၏ အခြေခံမူများသည် တရားရေးအဖွဲ့၏ လွတ်လပ်မှုအား လုံခြုံစေရန်နှင့် တိုးမြှင့်ရန်အတွက် ရေးဆွဲထားခြင်းဖြစ်ပြီး နိုင်ငံများအတွက် အဓိက ရည်ရွယ်သည်။

အောက်ပါမူများသည် တရားသူကြီးများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုတို့နှင့် ပတ်သက်၍ စံညွှန်းများ ချမှတ်ရန် ရည်ရွယ်ပါသည်။ အဆိုပါမူများသည် တရားသူကြီးများအား လမ်းညွှန်ချက်ပေးရန်နှင့် တရားရေးအမှုအကျင့်များနှင့်စပ်လျဉ်းသည့် တရားရေးမူဘောင်ကို ချမှတ်နိုင်ရန် ရည်ရွယ်ကာ ရေးဆွဲထားခြင်းဖြစ်သည်။ ထို့အပြင် ယင်းစည်းမျဉ်းများသည် စီမံခန့်ခွဲရေးနှင့် ဥပဒေပြုအဖွဲ့မှ အဖွဲ့ဝင်များ၊ ရှေ့နေများနှင့် ပြည်သူများအား တရားရေးအဖွဲ့ကို ပိုမိုနားလည်လာပြီး အားပေးထောက်ခံလာရန် ရည်ရွယ်ထားပါသည်။

အဆိုပါမူများတွင် ကြိုတင်ကောက်ချက်ချထားသည်မှာ တရားသူကြီးများသည် လွတ်လပ်ပြီး သမာသမတ်ကျသည့် တရားရေးစံညွှန်းများအား ပြုပြင်ထိန်းသိမ်းရန်အတွက် ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့ အစည်းများအပေါ် ကျင့်ဝတ်ပိုင်းဆိုင်ရာ အမှုအကျင့်များအတွက် တာဝန်ယူမှုကို ဖော်ပြထားပါသည်။ ယင်းတရားရေးစံညွှန်းများကိုလည်း နဂိုရှိနေသည့် ဥပဒေစည်းမျဉ်းများနှင့် ကွဲလွဲမှုမရှိစေဘဲ ထပ်ပေါင်းဖြည့်ရန် ရည်ရွယ်သည်။

## စံ - ၁ ။ လွတ်လပ်မှု

### မူ

တရားရေးဆိုင်ရာ လွတ်လပ်မှုဟူသည် တရားဥပဒေစိုးမိုးရေးနှင့် မျှတသော ကြားနာစစ်ဆေးမှု ခံယူခြင်းဟူသည့် အခြေခံအာမခံချက်အတွက် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် တရားသူကြီးတစ်ဦး အနေနှင့် တစ်ဦးတစ်ယောက်တည်းဘက်မှ ကြည့်လျှင်ဖြစ်စေ၊ အဖွဲ့အစည်းဘက်မှ ကြည့်လျှင်ဖြစ်စေ၊ တရားရေးဆိုင်ရာ လွတ်လပ်မှုကို ထိန်းသိမ်းကာကွယ်ရမည့်အပြင် စံပြနမူနာလည်း ဖြစ်ရမည်။



### ကျင့်သုံးခြင်း

၁.၁။ တရားသူကြီးတစ်ဦးသည် တရားရေးလုပ်ငန်းတာဝန်များအား လွတ်လပ်စွာဆောင်ရွက်ရာတွင် ဖြစ်ရပ်မှန်အချက်အလက်များအပေါ် သုံးသပ်မှုကို အခြေခံပြီး ထိုသို့ဆောင်ရွက်ရာတွင် ယင်းတရားသူကြီး၏ ဥပဒေအပေါ် တာဝန်သိစိတ်၊ ပြင်ပမှလွှမ်းမိုးမှုများ၊ မက်လုံးများ၊ ဖိအားများ၊ ခြိမ်းခြောက်မှုများ (သို့) ကြားဝင်နှောင့်ယှက်မှုများ စသည်တို့က တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အရပ်မှ မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ ထိုလွှမ်းမိုးမှုများမှ ကင်းဝေးရမည်။

၁.၂။ တရားသူကြီးတစ်ဦးသည် ပြည်သူများနှင့်ဆက်ဆံရာနှင့် ၎င်းစီရင်ဆုံးဖြတ်ရသည့် အငြင်းပွားဖွယ်အမှုများမှ ပုဂ္ဂိုလ်များနှင့်ဆက်ဆံရာတို့တွင် လွတ်လပ်မှုရှိရမည်။

၁.၃။ တရားသူကြီးတစ်ဦးသည် အစိုးရဌာနများဖြစ်သော စီမံအုပ်ချုပ်ရေးနှင့် ဥပဒေပြုဌာနများနှင့် မဆီလျော်သော ဆက်သွယ်မှုများ၊ လွှမ်းမိုးမှုများမှ ကင်းဝေးရမည့်အပြင် ယင်းတို့နှင့် ကင်းရှင်းသည့် အကြောင်းအကျိုး သုံးသပ်တတ်သော လေ့လာသူလည်း ဖြစ်ရမည်။

၁.၄။ တရားရေးတာဝန်များ ထမ်းဆောင်ရာတွင် တရားသူကြီးတစ်ဦးသည် အခြားတရားရေးအဖွဲ့ ဝင်လုပ်ဖော်ကိုင်ဖက်များထံမှ အမိန့်အခိုင်းရမည်ဖြစ်ကာ တာဝန်ယူထားရသည့် စီရင်ချက်များကို လွတ်လပ်စွာ ဆောင်ရွက်ရမည်။

၁.၅။ တရားရေးအဖွဲ့၏ အသင်းအဖွဲ့ အလိုက် လွတ်လပ်မှုရှိခြင်းနှင့် လုပ်ငန်းသဘောအရ လွတ်လပ်မှုရှိခြင်းအား ဆက်လက်ထိန်းသိမ်းရန်နှင့် တိုးမြှင့်ရန် တရားသူကြီးတစ်ဦးအနေနှင့် တရားရေးတာဝန်များကို ထမ်းဆောင်ရာတွင် ခုခံအကာအကွယ်ပေးခြင်းကို အားပေးထိန်းသိမ်းသင့်သည်။

၁.၆။ တရားရေးဆိုင်ရာလွတ်လပ်မှုကို ထိန်းသိမ်းရန် အခြေခံကျသော တရားရေးအပေါ် ပြည်သူ့ ယုံကြည်မှုကို အားပေးရန် တရားသူကြီးတစ်ဦးအနေနှင့် စံနှုန်းမြင့် တရားရေးအမှုအကျင့်များအား ပြသတိုးမြှင့်သွားရမည်။

## စံ - ၂ ။ သမာသမတ်ကျမှု

### မူ

သမာသမတ်ကျမှုသည် တရားရေးရုံး၏ တာဝန်ထမ်းဆောင်မှုအတွက် မရှိမဖြစ်အရေးပါသည်။ စီရင်ဆုံးဖြတ်ချက်ချရာတွင်သာမက ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင်ပါ သမာသမတ်ကျရန်လိုသည်။

### ကျင့်သုံးခြင်း

၂.၁။ တရားသူကြီးသည် ၎င်း၏ တရားရေးတာဝန်များအား မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်း(သို့) မလိုမုန်းထားခြင်းများအား ရှောင်ကြဉ်ကာ ထမ်းဆောင်ရမည်။

၂.၂။ တရားရုံးတော်အတွင်းဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ တရားသူကြီး၏အမူအကျင့်များသည် တရားရေးအဖွဲ့နှင့် ၎င်း၏ သမာသမတ်ကျမှုကိုဖော်ပြပြီး ပြည်သူများ၊ ဥပဒေဆိုင်ရာ ပညာသည်နှင့် အမှုသည်များ၏ ယုံကြည်မှုကို ထိန်းသိမ်းမြှင့်တင်နိုင်ရမည်။

၂.၃။ တရားသူကြီးသည် ၎င်းအနေနှင့် အမှု ကြားနာခြင်း (သို့) စီရင်ချက်ချခြင်းကို ပိတ်ပင်ခံရနိုင်သည့် အခြေအနေမျိုးကို နည်းနိုင်သမျှနည်းစေရန်အတွက် ပြုမူသင့်သည်။

၂.၄။ တရားသူကြီးသည် အမှု၏လုပ်ငန်းစဉ်အကြောင်းကို မသိဘဲ ထင်မြင်သုံးသပ်ချက်ပေးခြင်းသည် ယင်းအမှု၏ ရလဒ်ကို အကျိုးသက်ရောက်စေခြင်း (သို့) အမှု၏သိသာထင်ရှားသော တရားမျှတမှုအား ထိခိုက်စေခြင်းတို့ ဖြစ်စေနိုင်သည်။ ထို့ကြောင့် တရားသူကြီးအနေနှင့် လူထုရှေ့တွင် မည်သို့သော ထင်မြင်သုံးသပ်မှုကိုမဆို မပေးသင့်ကြောင်းနှင့် ပေးခဲ့ပါက မည်သည့်အမှုနှင့် ပုဂ္ဂိုလ်တို့အတွက်မဆို မျှတသော စစ်ဆေးစီရင်မှုအပေါ် သက်ရောက်မှုဖြစ်သွားစေနိုင်သည်။

၂.၅။ တရားသူကြီးသည် အမှုကိစ္စနှင့်ပတ်သတ်၍ သမာသမတ်ကျစွာ မဆုံးဖြတ်နိုင်လျှင် (သို့) လေ့လာအကဲဖြတ်သူက ထိုသို့ထင်မြင်လျှင် တရားသူကြီးအနေဖြင့် အမှုကိစ္စမှ မိမိ၏ဆန္ဒဖြင့် နှုတ်ထွက်ခွင့်ရှိသည်။ အဆိုပါ အမှုကိစ္စမျိုးမှာ အတိအကျသတ်မှတ်ထားသည် မဟုတ်သော်လည်း နမူနာကို အောက်တွင် ဖော်ပြထားသည်။

၂.၅.၁။ တရားသူကြီးသည် တစ်ဖက်လူနှင့်ပတ်သက်၍ ဘက်လိုက်ခြင်း(သို့) မလိုမုန်းထားစိတ်ရှိနေခြင်း၊ (သို့) တစ်ဖက်လူနှင့်ပတ်သတ်၍သိထားသမျှသည် အမှုနှင့်ယှဉ်လျှင် အငြင်းပွားဖွယ်ရာ ဖြစ်နေခြင်း။

၂.၅.၂။ တရားသူကြီးသည် မကြာသေးခင်က အငြင်းပွားမှုတွင် အဓိကကျသည့် မျက်မြင်သက်သေ (သို့) ရှေ့နေအဖြစ် ပါဝင်ခဲ့ခြင်း။

၂.၅.၃။ တရားသူကြီး (သို့) ၎င်း၏ မိသားစုဝင်မှ အငြင်းပွားမှု၏ စီရင်ချက် ရလဒ်အပေါ်တွင် စီးပွားရေးအရ စိတ်ဝင်စားမှုရှိခြင်း။

တရားသူကြီးသည် စည်းကမ်းနှင့်မကိုက်ညီ၍ အမှုဆက်လက်စစ်ဆေးရန်ပိတ်ခံရခြင်းသည် အခြားတရားခုံရုံးမှ အမှုတွင် ဝင်ရောက်စစ်ဆေးခြင်းမျိုး မဟုတ်လျှင် မလိုအပ်ပေ (သို့) အရေးပေါ် အခြေအနေကြောင့် ဆက်လက်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် တရားမျှတမှုသည် ဆိုးဆိုးရွားရွား ပျက်စီးယိုယွင်းသွားမည်သာ ဖြစ်သည်။

## စံ - ၃ ။ ဂုဏ်သိက္ခာ

**မူ**

တရားရေးရုံး၏ သင့်လျော်သော တာဝန်ထမ်းဆောင်မှုတိုင်းအတွက် ဂုဏ်သိက္ခာ မရှိမဖြစ်လိုသည်။



**ကျင့်သုံးခြင်း**

၃.၁။ တရားသူကြီးသည် ၎င်း၏ အမူအကျင့်မှာ သင့်တော်သော လေ့လာအကဲဖြတ်သူ၏အမြင်တွင် အပြစ်ဆိုစရာရှိမရှိ သေချာစေရမည်။

၃.၂။ တရားသူကြီးတစ်ဦး၏ အပြုအမူနှင့် အမူအကျင့်သည် တရားရေးအဖွဲ့၏ ဂုဏ်သိက္ခာအား ပြည်သူမှ ယုံကြည်ကိုးစားမှုကို ထပ်လောင်းအတည်ပြုခြင်းဖြစ်ရမည်။ တရားမျှတမှုကို လုပ်ဆောင်ရုံနှင့်မရ၊ လုပ်ဆောင်နေသည်ကို မြင်သာအောင်ပြရမည်။

## စံ - ၄ ။ သိက္ခာရှိမှု

**မူ**

သိက္ခာရှိမှုနှင့် သိက္ခာရှိမှုကို ပေါ်လွင်စေခြင်းသည် တရားသူကြီးတစ်ဦး၏ လုပ်ဆောင်မှုတိုင်းအတွက် မရှိမဖြစ် လိုအပ်သည်။

**ကျင့်သုံးခြင်း**

၄.၁။ တရားသူကြီးတစ်ဦးအနေဖြင့် သိက္ခာမရှိမှုနှင့် သိက္ခာမရှိသည့် အပြုအမူအားလုံးကို လုပ်ဆောင်မှုတိုင်းတွင် ရှောင်ကြဉ်သင့်သည်။

၄.၂။ ပြည်သူ၏ဆန်းစစ်မှုကိုအမြဲခံနေရသည့်အတွက် တရားသူကြီးအနေဖြင့် သာမန်ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးအဖြစ် ရှုမြင်သည့် ပုဂ္ဂလိကကန့်သတ်ချက်များကို လွတ်လွတ်လပ်လပ် စိတ်ပါလက်ပါ လက်ခံသင့်သည်။ အထူးသဖြင့် တရားသူကြီးသည် တရားရေးရုံး၏ အကျင့်သိက္ခာနှင့် လိုက်လျောညီထွေ ဖြစ်သည့် နည်းလမ်းမျိုးဖြင့် ပြုမူနေထိုင်သင့်သည်။

၄.၃။ တရားသူကြီးတစ်ဦးသည် ၎င်းထိုင်သည့် တရားရုံးတွင် ပုံမှန်အလုပ်ဆင်းနေသည့် ဥပဒေပညာသည် တစ်ဦးချင်းစီနှင့် ပုဂ္ဂိုလ်ရေးအရ ဆက်ဆံရေးမျိုးကို ရှောင်ကြဉ်သင့်သည်။ မဟုတ်လျှင် သံသယဝင်စေခြင်း၊ မျက်နှာသာပေးမိခြင်းနှင့် ဘက်လိုက်မှုတို့ ဖြစ်လာနိုင်သည်။

၄.၄။ တရားသူကြီးသည် ၎င်း၏ မိသားစုဝင်က အမှုသည်ဖြစ်နေခြင်း (သို့) အမှုနှင့် တစ်မျိုးတစ်ဖုံ ဆက်နွှယ်နေခြင်းတို့ ကြုံလာပါက စီရင်ချက်ချရာတွင် ပါဝင်ခြင်းမပြုသင့်။

၄.၅။ တရားသူကြီးတစ်ဦးသည် ၎င်းနေထိုင်ရာနေရာတွင် ဥပဒေပညာသည်များအား အမှုသည်လက်ခံခွင့်ပေးထားခြင်း (သို့) အခြားဥပဒေပညာသည်အဖွဲ့ဝင်များအား လက်ခံခွင့်ပေးထားခြင်းမျိုး ခွင့်မပြုရ။

၄.၆။ တရားသူကြီးတစ်ယောက်သည် အခြားပြည်သူများကဲ့သို့ပင် လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ရှိသည်။ သို့သော် ထိုအခွင့်အရေးကို အသုံးပြုရာတွင် တရားရေးအဖွဲ့၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှု၊ တရားရေးရုံး၏ ဂုဏ်သိက္ခာအား ထိန်းသိမ်းထားနိုင်သည့် အမူအကျင့်မျိုးရှိစေရန်

အမြဲတစေ မိမိကိုယ်ကို သတိပေးကျင့်သုံးနေရမည်။

၄.၇။ တရားသူကြီးသည် ၎င်း၏ပုဂ္ဂလိက ငွေကြေး အကျိုးအမြတ်များအကြောင်းနှင့် တရားစီရင်ရေး အတွက် ငွေကြေး အကျိုးအမြတ်များအကြောင်းကို မိမိကိုယ်မိမိ အမြဲအသိပေးနေပြီး ၎င်း၏ မိသားစုဝင်များ၏ ငွေကြေးဆိုင်ရာ အကျိုးအမြတ်များအကြောင်းကိုလည်း သိရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်။

၄.၈။ တရားသူကြီးသည် ၎င်း၏ မိသားစုဝင်များ၊ လူမှုကွန်ရက် (သို့) အခြား မသင့်လျော်သော ဆက်ဆံရေးတို့က တရားသူကြီးတစ်ဦး၏ တရားရေးအမူအကျင့်နှင့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးစေမှုကို ခွင့်မပြုရပါ။

၄.၉။ တရားသူကြီးတစ်ဦးသည် တရားရေးရုံး၏ ဂုဏ်ဒြပ်အား ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုရန် မိသားစုဝင်အား ငှားပေးခြင်းဖြစ်စေ၊ ကိုယ်တိုင်အသုံးပြုခြင်းဖြစ်စေ၊ အခြားသူများအတွက်ဖြစ်စေ မပြုလုပ်ရပါ။ ထို့အပြင် တရားသူကြီးတစ်ဦးသည် ၎င်း၏ တရားရေးတာဝန်များ ဆောင်ရွက်မှုအပေါ် အထူးအခွင့်အရေးရှိသူ တစ်စုံတစ်ယောက်က မသင့်လျော်စွာ လွှမ်းမိုးရန် ကြိုးစားနေကြောင်း ထင်မြင်ချက်ကို အခြားသူများအား မပြောရပါ။

၄.၁၀။ တရားသူကြီးများ၏ တရားရေးဆိုင်ရာနေရာဌာနအချို့အပေါ် မူတည်ပြီး ရရှိလာသည့် လျှို့ဝှက်အချက်အလက်များအား အသုံးပြုခြင်းနှင့် တရားသူကြီး၏ တရားရေးဆိုင်ရာတာဝန်များနှင့် မသက်ဆိုင်သည့် ရည်ရွယ်ချက်ဖြင့် ထုတ်ဖော်ဖွင့်ဟပြောဆိုခြင်းကို လုံးဝမပြုလုပ်ရ။

၄.၁၁။ တရားရေးလုပ်ငန်းများကို ထမ်းဆောင်ရန် တရားသူကြီးသည် အောက်ပါအတိုင်း ဖြစ်ရမည်။

၄.၁၁.၁။ တရားဥပဒေ၊ ဥပဒေရေးရာစနစ်၊ တရားစီရင်မှုနှင့် အခြားသက်ဆိုင်ရာ အကြောင်းအရာများအတွက် စာရေးခြင်း၊ စာသင်ပေးခြင်း၊ လက်ချာပေးခြင်းနှင့် အခြားလုပ်ဆောင်ချက်များတွင် ပါဝင်ခြင်း။

၄.၁.၂။ တရားဥပဒေ၊ ဥပဒေရေးရာစနစ်၊ တရားစီရင်မှုနှင့် အခြားသက်ဆိုင်ရာ အကြောင်းအရာများအတွက် တရားဝင်အဖွဲ့ရှေ့မှောက်တွင် လူထုကြားနာခြင်းကို တက်ရောက်ခြင်း။

၄.၁.၃။ တရားသူကြီးတစ်ဦးသည် တရားဝင်အဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခြင်း (သို့) အခြားအစိုးရကော်မရှင်များ၊ ကော်မတီများ (သို့) အကြံပေးအဖွဲ့များ စသည်တို့တွင် အဖွဲ့ဝင်ဖြစ်ခြင်းသည် မိမိသိရှိထားသည့် သမာသမတ်ကျမှုနှင့် နိုင်ငံရေးအရ ကြားနေဝါဒများနှင့် ကိုက်ညီမှုရှိလျှင် ဆောင်ရွက်နိုင်သည်။

၄.၁.၄။ တရားရေးရုံး၏ ဂုဏ်သိက္ခာအား ရှုတ်ချခံရမှု (သို့) တရားရေးတာဝန်များအား ဆောင်ရွက်ရာတွင် နှောင့်ယှက်ကြားဝင်မှုတို့မရှိသ၍ အခြားလူပ်ရှားမှုများတွင် ပါဝင်နိုင်သည်။

၄.၁၂။ တရားသူကြီးသည် တရားရေးရုံးတွင် အလုပ်လုပ်နေသမျှ ကာလပတ်လုံး ဥပဒေဖြင့် အသက်မမွေးရပါ။



၄.၁၃။ တရားသူကြီးသည် တရားသူကြီးများ အဖွဲ့အစည်းများအား တည်ထောင်နိုင်(သို့) ပါဝင်နိုင် (သို့) တရားသူကြီးများ၏ စိတ်ဝင်စားမှုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ ဖွဲ့စည်းနိုင် (သို့) ပါဝင်နိုင်သည်။

၄.၁၄။ တရားသူကြီးနှင့် ၎င်း၏ မိသားစုဝင်များသည် တရားရေးတာဝန်များ ထမ်းဆောင်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်ကိစ္စ (သို့) ဆောင်ရွက်ပြီး (သို့) ဆောင်ရွက်ရန် ပျက်ကွက်သည့်ကိစ္စများအတွက် -

တန်စိုးလက်ဆောင်၊ အမွေပစ္စည်း၊ အကြွေး (သို့) မျက်နှာသာပေးမှုများကို လက်ခံခြင်း၊ တောင်းဆိုခြင်း လုံးဝမရှိရ။

၄.၁၅။ တရားသူကြီးသည် တရားရုံးဝန်ထမ်း (သို့) အခြားသူများအား တရားသူကြီး၏ လွှမ်းမိုးမှု၊ လမ်းညွှန်မှုနှင့် အာဏာတို့အားခံစားခွင့်ပေးပြီး တရားရေးတာဝန်များ ထမ်းဆောင်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်ကိစ္စ (သို့) ဆောင်ရွက်ပြီး (သို့) ဆောင်ရွက်ရန် ပျက်ကွက်သည့် ကိစ္စများအတွက်

တန်စိုးလက်ဆောင်၊ အမွေပစ္စည်း၊ အကြွေး (သို့) မျက်နှာသာပေးမှုများကို လက်ခံခြင်း၊ တောင်းဆိုခြင်း လုံးဝမရှိရ။

၄.၁၆။ တရားဥပဒေနှင့် ဥပဒေရေးရာ လိုအပ်ချက်များအား ပြည်သူသို့ ထုတ်ဖော်ရာတွင် တရားသူကြီးသည် လက်ဆောင်၊ အကျိုးရလဒ်နှင့် ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခြင်းခံရနိုင်သည်။ ထိုသို့ ပေးအပ်ချီးမြှင့်ခြင်းသည် တရားသူကြီး၏ တရားရေးတာဝန်များ ထမ်းဆောင်မှုကို လွှမ်းမိုးရန် (သို့) ဘက်လိုက်မှုကို ပေါ်လွင်စေခြင်းမျိုးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းမျိုး မဟုတ်ပေ။

## စံ - ၅ ။ တန်းတူညီမျှမှု

**မူ**

တရားရေးရုံး၏ လုပ်ကိုင်ဆောင်ရွက်ချက်မှုများတွင် တရားရုံးတော်ရှေ့မှောက်၌ လူတိုင်း တန်းတူညီမျှ ရှိရေးသည် မရှိမဖြစ်လိုအပ်သည်။

### ကျင့်သုံးခြင်း

၅.၁။ တရားသူကြီးသည် လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာ၊ နိုင်ငံသား၊ ဇာတ်နိမ့်ဇာတ်မြင့်၊ မသန်မစွမ်း၊ အသက်၊ အိမ်ထောင်ရှိ/မရှိ၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေနှင့် အခြားအကြောင်းပြချက်များ (မဆီလျော်သော အကြောင်းရင်းများ) ကဲ့သို့သော လူမှုအဖွဲ့အစည်းတွင် မတူညီသောနေရာမှ မတူညီမှုများပေါ်ပေါက်နေခြင်းကို နားလည်သဘော ပေါက်ကာ အသိ အမြဲရှိနေရမည်။

၅.၂။ တရားသူကြီးသည် တရားရေးတာဝန်များ ထမ်းဆောင်ရာတွင် မဆီလျော်သော အကြောင်းရင်းများကြောင့် တစ်ဦးတစ်ယောက် (သို့)အဖွဲ့အား စကားဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ ဘက်လိုက်ခြင်း (သို့) မလိုမုန်းထားခြင်းမပြုရ။

၅.၃။ တရားရေးတာဝန်များအား ဆောင်ရွက်ရာတွင် တရားသူကြီးအနေဖြင့် ပါတီများ၊ မျက်မြင်သက်သေများ၊ ရှေ့နေများ၊ တရားရုံးဝန်ထမ်းများနှင့် တရားရေးအဖွဲ့မှ လုပ်ဖော်ကိုင်ဖက်များကဲ့သို့သော လူတန်းစား အားလုံးအတွက်ထည့်သွင်းစဉ်းစားပြီး မဆီလျော်သော၊ အရေးမကြီးသော အကြောင်းရင်းများဖြင့် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ဆောင်ရွက်ရမည်။

၅.၄။ တရားသူကြီးသည် တရားရုံးဝန်ထမ်းနှင့် အခြားသူများအား တရားသူကြီး၏ လွှမ်းမိုးမှု၊ ညွှန်ကြားချက် (သို့) ထိန်းချုပ်မှုတို့ကိုပေးပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တရားရုံးရှေ့မှောက်တွင် မဆီလျော်သော အကြောင်းအရာများဖြင့် ခွဲခြားဆက်ဆံခြင်း မပြုရပါ။

၅.၅။ တရားသူကြီးအနေဖြင့် တရားစွဲဆိုမှု၌ ရှေ့နေများကို တရားရုံးတော်ရှေ့မှောက်တွင် ဥပဒေကြောင်းအရ အကြောင်းကိစ္စကိုက်ညီ ဆီလျော်ပြီး တရားဝင်ထောက်ခံအားပေးမှု ဖြစ်စေသည့် အချက်မှလွဲ၍ စကားဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ မသက်ဆိုင်သောအကြောင်းအရာများ၌ ဘက်လိုက်ခြင်း (သို့) မလိုမုန်းထားမှု ရှိခြင်းတို့ကို ရှောင်ကြဉ်စေရမည်။

**စံ - ၆ ။ စွမ်းဆောင်ရည်နှင့် ဂီရိယ**

**မူ**

စွမ်းဆောင်ရည်နှင့် ဂီရိယသည် တရားရေးရုံး၏ လုပ်ဆောင်မှုများအတွက် အခြေခံကျသည်။

**ကျင့်သုံးခြင်း**

၆.၁။ တရားသူကြီးတစ်ဦးအနေဖြင့် အခြားဆောင်ရွက်မှုများထက် တရားရေးတာဝန်များကို ဦးစားပေးရမည်။

၆.၂။ တရားသူကြီးတစ်ဦးသည် ၎င်း၏ ပညာသည်ဆန်မှုကို တရားရေးတာဝန်များတွင် မြှုပ်နှံထားသင့်သည်။ အဆိုပါပညာသည်ဆန်မှုတွင် တရားရေးလုပ်ငန်းတာဝန်များအား ဆောင်ရွက်ခြင်း၊ တရားရုံးတာဝန်များနှင့် စီရင်ဆုံးဖြတ်ချက်ချခြင်းများသာမကပဲ တရားရုံး၏ လုပ်ငန်းများ (သို့) တရားရေးရုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းများအား ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

၆.၃။ တရားသူကြီးတစ်ဦးအနေဖြင့် တရားရေးတာဝန်များ ထမ်းဆောင်ရန်အတွက် လိုအပ်သည့် အသိပညာ၊ စွမ်းရည်နှင့်ကိုယ်ရည်ကိုယ်သွေးများအား ထိန်းသိမ်း၊ မြှင့်တင်ရမည်။ ထို့အတွက် တရားသူကြီးများအား လေ့ကျင့်သင်တန်းပေးခြင်းနှင့် အခြားထောက်ပံ့မှုများကို တရားရေးထိန်းချုပ်မှုများအောက်မှ ပံ့ပိုးပေးရမည်။



၆.၄။ တရားသူကြီးတစ်ဦးအနေဖြင့် လူ့အခွင့်အရေးစံနှုန်းများ အကြောင်းဖော်ပြထားသည့် စာချုပ်များနှင့် နိုင်ငံတကာ သဘောတူညီချက်များအပါအဝင် နိုင်ငံတကာဥပဒေတိုးတက်မှုများအကြောင်း အစဉ်တစိုက် သိရှိနေရမည်။

၆.၅။ တရားသူကြီးတစ်ဦးအနေဖြင့် ဆိုင်းငံ့ထားသည့် စီရင်ချက်များ အပါအဝင် တရားရေး တာဝန်များအားလုံးကို ကျွမ်းကျင်စွာ၊ မျှတစွာနှင့် ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရမည်။

၆.၆။ တရားသူကြီးတစ်ဦးသည် တရားရုံးတော်ရှေ့မှောက်ရှိ တရားစွဲဆိုခြင်းများအားလုံးတွင် တင့်တယ်သော အမူအကျင့်နှင့် အမိန့်ကို ထိန်းသိမ်းပြီး အမှုသည်များ၊ ဂျူရီအဖွဲ့ဝင်လူကြီးများ၊ မျက်မြင်သက်သေများ၊ ရှေ့နေများနှင့် တရားသူကြီးမှ တရားဝင်ဆက်ဆံဆောင်ရွက်ရသည့်သူများ နှင့်ဆက်ဆံရာတွင် စိတ်ရှည်သည်းခံကာ သိက္ခာရှိရှိနှင့် ရည်ရည်မွန်မွန် ပြုမူသင့်သည်။ တရားသူကြီး၏ လွှမ်းမိုးမှု၊ ညွှန်ကြားချက် (သို့) ထိန်းချုပ်မှုများအား လေးစားလိုက်နာသည့် ဥပဒေကိုယ်စားပြုသူများ၊ တရားရုံးဝန်ထမ်းများနှင့် အခြားပုဂ္ဂိုလ်များ၏ တူညီသော အမူအကျင့်တို့ကိုလည်း လိုအပ်ပါသည်။

၆.၇။ တရားသူကြီးသည် တရားရေးတာဝန်များအား ကြိုးကြိုးစားစားထမ်းဆောင်ခြင်းနှင့် သဟဇာတမဖြစ်သည့် အမူအကျင့်မျိုးကို မဆောင်ရွက်ရပါ။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

တရားရုံး၏ သဘောသဘာဝအရ ထိရောက်သော လုပ်ဆောင်ချက်များကို ပြည်တွင်းတရားရေးအဖွဲ့များက ချမှတ်ရမည်။ ထိုစည်းမျဉ်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ယန္တရားအား အထောက်အပံ့ပြုရန် ဖြစ်သည်။ အကယ်၍ ထိုကဲ့သို့သော ယန္တယားများ တရားစီရင်ရေးကဏ္ဍတွင် မရှိသေးပါက ဖြစ်သည်။

## တရားသူကြီးများ၏ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်

*(၁၉၉၉ နိုဝင်ဘာ ၁၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ တရားသူကြီးများအဖွဲ့က အတည်ပြုသည်။)*

---

### နိဒါန်း

တစ်ကမ္ဘာလုံးမှ တရားသူကြီးများက ဤပဋိညာဉ် မူကြမ်းဖြစ်ပေါ်စေရန် ပိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။ လက်ရှိပဋိညာဉ်သည် ၎င်းတို့လုပ်ဆောင်မှု၏ ရလဒ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ တရားသူကြီးများအဖွဲ့မှ အဖွဲ့ဝင်များက အထွေထွေစံနှုန်းများအဖြစ် အတည်ပြုပေးသည်။

ပဋိညာဉ်ပါ အချက်အလက်များကို ၁၉၉၉ နိုဝင်ဘာ ၁၇ တွင် ထိုင်ပေတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ တရားသူကြီးများအဖွဲ့ ဗဟိုကောင်စီ အစည်းအဝေးကို တက်ရောက်သူ ကိုယ်စားလှယ်များက တညီတညွတ်တည်း သဘောတူထောက်ခံခဲ့ကြသည်။

### ပုဒ်မ ၁ - လွတ်လပ်မှု

တရားသူကြီးများသည် လူတိုင်းအတွက် တရားမျှတသော တရားစီရင်မှုမျိုးဖြစ်စေရန် ဆောင်ရွက်ရမည်။ တရားသူကြီးများသည် လူတစ်ဦးချင်း၏အရပ်ဘက်အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများကို အဆုံးအဖြတ်ပေးရာတွင် (သို့) ၎င်းတို့ကို ပြစ်မှုဖြင့် တရားစွဲဆိုရာတွင် ၎င်းတို့၏ အခွင့်အရေးဖြစ်သော မျှတသည့် လူထုကြားနာခွင့်ကို သင့်လျော်သည့် အချိန်ကာလအတွင်းတွင် ဥပဒေအရဖွဲ့စည်းထားသော လွတ်လပ်ပြီး သမာသမတ်ကျသည့် ခုံရုံးရှေ့မှောက်တွင် တရားစီရင်ခံပိုင်ခွင့်ကို မြှင့်တင်ပေးရမည်။

တရားသူကြီးများ၏လွတ်လပ်မှုသည် တရားဥပဒေအရဘက်မလိုက်သော တရားစီရင်မှုအတွက် မရှိမဖြစ် အရေးပါသည်။ ၎င်းကို ခွဲခြားထား၍ မရပါ။ အမျိုးသား (သို့) နိုင်ငံတကာ အဖွဲ့အစည်းများ အားလုံးနှင့် အာဏာပိုင်များအားလုံးက ထိုလွတ်လပ်မှုကို လေးစား၊ ကာကွယ်၊ ခုခံကြရပါမည်။

### ပုဒ်မ ၂ - အဆင့်အတန်း

တရားရေးလွတ်လပ်မှုကို ဥပဒေအရ ခွင့်ပြုပေးရမည်ဖြစ်ကာ တရားရေးရုံးကို အခြားသော အာဏာပိုင်အဖွဲ့များ၏ လွှမ်းမိုးမှုမှ အမှန်တကယ် စစ်မှန်စွာ ထိရောက်စွာ လွတ်လပ်နိုင်ရန် ဖွဲ့စည်း၊ ကာကွယ်ပေးရပါမည်။ တရားရုံးကို တာဝန်ယူထားသော တရားသူကြီးသည် တရားစီရင်ရေးအာဏာကို လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဖိအားများမှ ကင်းလွတ်ပြီး လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရမည်။ အခြားတရားသူကြီးများနှင့် တရားရေး စီမံခန့်ခွဲမှုအဖွဲ့၏ လွှမ်းမိုးမှုကင်းလွတ်ပြီး လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရမည်။



### ပုဒ်မ ၃ - ဥပဒေနှင့် အညီဆောင်ရွက်ခြင်း

တရားရေးတာဝန်များ ထမ်းဆောင်ရာတွင် တရားသူကြီးများသည် ဥပဒေမျက်နှာတစ်ခုတည်းကို ကြည့်ရမည်ဖြစ်ကာ ဥပဒေကိုသာလျှင် စဉ်းစားရမည်။

### ပုဒ်မ ၄ - ပုဂ္ဂလိက လုပ်ပိုင်ခွင့်

သက်ဆိုင်ရာအမှုကိစ္စအတွက် ပို၍မြင့်သော တရားရုံးများက အယူခံဝင်ခွင့်ပေးထားသည်မှလွဲ၍ တရား သူကြီး၏ တရားရေးဆုံးဖြတ်ချက်ကို လွှမ်းမိုးစေမည့် အမိန့်နှင့် ညွှန်ကြားချက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ တရားသူကြီးအား မပေးရပါ။

### ပုဒ်မ ၅ - ဘက်မလိုက်ခြင်း နှင့် သည်းခံခြင်း

တရားရေးတာဝန်များဆောင်ရွက်ရာတွင် တရားသူကြီးသည် သမာသမတ်ရမည်။ သမာသမတ်ကျသည်ဟု အများကမြင်ရမည်။

တရားသူကြီးသည် ၎င်း၏တာဝန်များကို တရားရုံး၏ သိက္ခာနှင့် ပါဝင်သူအားလုံး၏ သိက္ခာကို ထောက်ထား ရှေးရှုပြီး ဆောင်ရွက်ရမည်။

### ပုဒ်မ ၆ - ကျွမ်းကျင်မှု

တရားသူကြီးသည် ၎င်း၏ တာဝန်ဝတ္တရားများကို နှောင့်နှေးခြင်း တစုံတရာ မရှိစေဘဲ ဂီရိယရှိရှိ၊ ကျွမ်းကျွမ်းကျင်ကျင်ဖြင့် ထမ်းဆောင်ရမည်။

### ပုဒ်မ ၇ - ပြင်ပလုပ်ဆောင်ချက်

တရားသူကြီး၏ တာဝန်၊ အဆင့်အတန်းနှင့် ကိုက်ညီမှုမရှိသည့် အများပြည်သူနှင့်ဆိုင်သော (သို့) ပုဂ္ဂလိက တာဝန်များ၊ ငွေရသော (သို့) မရသော တာဝန်များကို တရားသူကြီးအနေဖြင့် ဆောင်ရွက်ခွင့် မရှိပါ။

တရားသူကြီးသည် ၎င်း၏ သဘောတူညီမှု မပါဘဲ ပြင်ပခန့်အပ်မှုများကို လက်မခံရပါ။

### ပုဒ်မ ၈ - ရာထူးလက်ကိုင်ထားခြင်း

ဥပဒေအရနှင့် သင့်တင့်လျောက်ပတ်သော စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများ မရှိပါဘဲနှင့် တရားသူကြီးကို ရွှေ့ပြောင်းခြင်း၊ ရာထူးဆိုင်းငံ့ခြင်း (သို့) ဖယ်ရှားခြင်း မပြုလုပ်ရပါ။

တရားသူကြီးကို တစ်သက်တာအတွက် (သို့) သက်ဆိုင်ရာကာလနှင့် အခြေအနေအတွက် ခန့်အပ်ပြီး တရားရေးလွတ်လပ်မှုကို အန္တရာယ် မဖြစ်စေရပါ။

တရားရေးတာဝန်ထမ်းဆောင်မှုမှ အနားယူသည့် အသက်နှင့်စပ်လျဉ်း၍ အပြောင်းအလဲ တစ်စုံတစ်ရာရှိခဲ့ပါက နောက်ကြောင်း ပြန်သက်ရောက်မှုရှိမည် မဟုတ်ပါ။

## ပုဒ်မ ၉ - ခန့်အပ်ခြင်း

တရားသူကြီးကို ရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းတို့ကို သင့်တင့်လျောက်ပတ်သော ပညာသည် အရည်အချင်းပေါ်အခြေခံပြီး ဓမ္မဓိဋ္ဌာန်ကျသော၊ ပွင့်လင်းမြင်သာမှုရှိသော စံနှုန်းများအရ ဆောင်ရွက်ရမည်။ အခြေခိုင်နေပြီဖြစ်သော ထုံးတမ်းစဉ်လာများတွင် စွဲမြဲနေသော အခြားနည်းလမ်းများကလည်း ယင်းအချက်ကို အာမ မခံနိုင်ပါ။ တရားရေးကိုယ်စားပြုမှုရှိသော လွတ်လပ်သော အဖွဲ့အစည်းကသာ ရွေးချယ်မှု ပြုလုပ်ရမည်။

## ပုဒ်မ ၁၀ - တရားမ နှင့် ပြစ်မှုဆိုင်ရာ တာဝန်ယူမှု

တရားသူကြီးကို ဖမ်းဆီးခြင်းအပါအဝင် ပြစ်မှုဖြင့် အရေးယူခြင်းနှင့် တရားမမှုဖြင့် အရေးယူခြင်း တို့ကို ၎င်း၏လွတ်လပ်မှုကို မလွှမ်းမိုးနိုင်သည့် အခြေအနေမျိုးတွင်သာ ခွင့်ပြုနိုင်သည်။

## ပုဒ်မ ၁၁ - တရားစီရင်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်

တရားသူကြီးများအား တရားစီရင်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်မှုများသည် တရားသူကြီးများ၏ စစ်မှန်သော လွတ်လပ်မှုနှင့် သက်ဆိုင်မည်မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ကြောင်းကျိုးဆီလျော်မှုကိုသာလျှင် ထည့်သွင်းစဉ်းစားပေးပါမည်။

အခြေခိုင်နေပြီဖြစ်သော ထုံးတမ်းစဉ်လာများတွင် စွဲမြဲနေသော အခြားနည်းလမ်းများကလည်း ယင်းအချက်ကို အာမ မခံနိုင်ပါ။ တရားစီရင်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်ကို တရားရေးကိုယ်စားပြုမှုရှိသော လွတ်လပ်သော အဖွဲ့များက လုပ်ဆောင်ပါမည်။

တရားသူကြီးအား စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူသည့်အခါ လက်ရှိဥပဒေနှင့် လုပ်ငန်းစဉ်အတွက် ကြိုတင်ရေးဆွဲထားသော စည်းမျဉ်းများအရ အရေးယူနိုင်သည်။

## ပုဒ်မ ၁၂ - အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

တရားသူကြီးတစ်ဦး၏ ပညာရှင်အဖွဲ့အစည်းတွင် ပါဝင်ခွင့်ကို အသိအမှတ်ပြုပေးရမည်ဖြစ်ပြီး တရားသူကြီးများ ပြဋ္ဌာန်းဥပဒေနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် တရားစီရင်ပုံတို့ကို အသုံးပြုခြင်းနှင့် ပတ်သက်ပြီး အကြံဉာဏ်ရယူနိုင်ရန် ခွင့်ပြုပေးမည်။ ထို့အပြင် ၎င်းတို့၏ တရားဝင်အကျိုးကျေးဇူးများကို ခုခံကာကွယ်ရန် ခွင့်ပြုပေးရမည်။



## ပုဒ်မ ၁၃ - အခကြေးငွေပေးခြင်းနှင့် အလုပ်မှအနားယူခြင်း

စစ်မှန်သော စီးပွားရေးအရ လွတ်လပ်မှုရှိစေရန် တရားသူကြီးသည် လုံလောက်သော အခကြေးငွေရရှိရမည်။ ထိုငွေသည် တရားသူကြီး၏ အလုပ်ရလဒ်ပေါ် မမူတည်ပါ။ ၎င်း၏ တရားရေးဂန်ဆောင်မှုပေးသည့် ကာလအတွင်း အခကြေးငွေကို မလျှော့ချရပါ။

တရားသူကြီး၏ ပညာရှင်အမျိုးအမည်အလိုက် နှစ်စဉ်ထုတ်ပေးငွေ (သို့) ပင်စင်ဖြင့် အလုပ်မှ အနားယူခွင့်ရှိသည်။ အနားယူပြီးနောက်ပိုင်းတွင် တရားသူကြီးဖြစ်နေသောကြောင့် နောက်ထပ်ဥပဒေ ပညာသည်အလုပ် လုပ်ခြင်းကို မဟန့်တားနိုင်ပါ။

## ပုဒ်မ ၁၄ - ထောက်ပံ့ကူညီခြင်း

အစိုးရသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာဖြင့် တရားစီရင်ရေးအဖွဲ့ကို ၎င်းတို့၏ တာဝန်ကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် လိုအပ်သောနည်းလမ်းများဖြင့် ပံ့ပိုးပေးရမည်။ တရားစီရင်ရေးအဖွဲ့သည် ထိုကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆုံးဖြတ်ခွင့်ရှိရမည်။ (သို့) ထိုဆုံးဖြတ်ချက်များကို ကြားနာခွင့်ရှိရမည်။

## ပုဒ်မ ၁၅ - တရားစွဲဆိုခြင်း

အကယ်၍ တရားစွဲ အဖွဲ့၏ အဖွဲ့ဝင်များသည် တရားသူကြီးများဖြစ်နေလျှင် အထက် ဖော်ပြပါ စည်းမျဉ်းများကို အဆိုပါတရားသူကြီးများသို့ ကျင့်သုံးရမည်။

## အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးဆိုင်ရာ Burgh House ဥပဒေသများ

*အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ သမာဓိခုံအဖွဲ့များ၏ လုပ်ငန်းသဘာဝနှင့် လုပ်ထုံးလုပ်နည်းများ အပေါ် အပြည်ပြည်ဆိုင်ရာ ဥပဒေအသင်း၏ လေ့လာရေးအဖွဲ့မှ အမှုနှင့်ယှဉ်တွဲလေ့လာထားရာ၌-*

အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးလုပ်ငန်းများ ထိရောက်တရားဝင်စေရေး ရှုထောင့်မှ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးနှင့် သမာသမတ်ကျရေးအတွက် အထွေထွေ အသုံးပြုနိုင်သည့် လမ်းညွှန်ချက်များလိုအပ်ပုံကို အသိအမှတ်ပြု၍။

တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးဆိုင်ရာ ကုလသမဂ္ဂ အခြေခံဥပဒေသများ (၁၉၈၅) နှင့် တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးနှင့် မျှတစွာကြားနာစစ်ဆေးမှုကို ခံယူပိုင်ခွင့်တို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများနှင့် စံချိန်စံညွှန်းများအား အလေးထား၍။

အမျိုးသားရေးနှင့်မသက်ဆိုင်သော အနေအထားမှကြည့်၍ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍ၌ ရင်ဆိုင်နေရသော အထူးစိန်ခေါ်မှုများကို အလေးထားအာရုံစိုက်၍။

တရားရုံးတစ်ရုံး သို့မဟုတ် သမာဓိခုံအဖွဲ့တစ်ဖွဲ့တွင် ယင်းတို့ ကိုယ်ပိုင်လက္ခဏာရပ်များနှင့် လုပ်ငန်းတာဝန်များ ရှိကြသည်ဟုမှတ်ယူ၍ အချို့ကိစ္စများတွင် တရားသူကြီးများသည် အချိန်ပိုင်းသာ တာဝန်ရှိခြင်း သို့မဟုတ် သင့်သလို၊ ကြုံသလို တာဝန်ယူပေးသော တရားသူကြီးများ သို့မဟုတ် ဤအမှုကိစ္စတစ်ခုတည်းအတွက်သာ တာဝန်ရှိသော တရားသူကြီးများ။

## အပြည်ပြည်ဆိုင်ရာဥပဒေတွင် ပါရှိသည့် အောက်ပါဥပဒေသများကို အထွေထွေအသုံးပြုရန် စဉ်းစား၍။

- တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးအတွက် တရားသူကြီးများသည် ယင်းတို့တာဝန်ယူရသောအမှုမှ အမှုသည်များနှင့် အမှီအခိုကင်းရမည်။ ယင်းတို့၏ မူရင်းနိုင်ငံများ သို့မဟုတ် ယင်းတို့ နေထိုင် တာဝန်ထမ်းဆောင်ရာ နိုင်ငံများနှင့် တရားရုံး သို့မဟုတ် သမာဓိခုံအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပေးသည့် အပြည်ပြည်ဆိုင်ရာအသင်းများနှင့် အမှီအခို ကင်းရမည်။
- တရားသူကြီးများသည် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်၏ လွန်ကဲသော လွှမ်းမိုးချုပ်ကိုင်မှုမှ လွတ်ကင်းရမည်။
- တရားသူကြီးများသည် အမှုများကို အမှုနှင့်ဆိုင်သော အချက်အလက်များ အခြေခံ၍ တည်ဆဲဥပဒေနှင့်အညီ သမာသမတ်ကျစွာ ဆုံးဖြတ်ရမည်။
- တရားသူကြီးများသည် အနေအထားတစ်ခုသို့ရောက်လျှင် ပုဂ္ဂိုလ်ရေး အကျိုးစီးပွားနှင့် စပ်လျဉ်း၍ မည်သည့်သဘောကွဲလွဲမှုမဆို ဖြစ်လာနိုင်သည်ကို ကောင်းစွာမြင်၍ ရှောင်ကြဉ်ရမည်။
- တရားသူကြီးများသည် တရားစီရင်ဆုံးဖြတ်ရာတွင်နှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ရာတွင် မလျော်ကန်သော အပြုအမူများကို ရှောင်ကြဉ်ရမည်။

လက်ရှိအပြည်ပြည်ဆိုင်ရာတရားရုံးများနှင့် သမာဓိခုံများတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သော တရားသူကြီးများသည် အောက်ပါဥပဒေသများကို အဓိကအားဖြင့် အသုံးပြုကြရန် အဆိုပြုရမည်။ ဥပဒေသများသည် သင့်သလိုကြုံသလို တာဝန်ထမ်းဆောင်ရသော တရားသူကြီးများ၊ အမှုကိစ္စ တစ်ခုတည်းအတွက်သာ တာဝန်ပေးခြင်းခံရသော တရားသူကြီးများ၊ အချိန်ပိုင်းတရားသူကြီးများ၊ အပြည်ပြည်ဆိုင်ရာအငြင်းပွားမှု ကြားနာစစ်ဆေးခြင်းများနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအာဏာ ကျင့်သုံးရသော အခြားကိစ္စရပ်များတွင် သင့်လျော်စွာ အသုံးပြုနိုင်ရမည်။

### ၁။ အမှီအခိုကင်းခြင်းနှင့် ကြားဝင်နှောက်ယှက်မှုမှ လွတ်ကင်းခြင်း

၁.၁။ တရားရုံးနှင့်တရားသူကြီးများသည် ယင်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်နှောက်ယှက်မှုမှ သို့မဟုတ် မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အကြောင်းအရာများ၏ လွှမ်းမိုးချုပ်ကိုင်ခြင်းမှမဆို ကင်းလွတ်စေရမည်။

၁.၂။ တရားရုံးတစ်ရုံးအား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် သို့မဟုတ် နာယကအဖွဲ့အစည်း၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းတည်ထောင်သောအခါ တရားရုံးနှင့် တရားသူကြီးများသည် ယင်းတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဆိုပါ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းရှိ အခြားသော အစိတ်အပိုင်းများ၏ ကြားဝင် နှောက်ယှက်မှု သို့မဟုတ် နာယကအဖွဲ့အစည်း၏ လွှမ်းမိုးမှုမှ ကင်းလွတ်စေရမည်။ တရားစီရင်ရေးလုပ်ငန်းစဉ်အတွင်း ဆိုင်းငံ့ထားသောအမှုများ၊ တရားသူကြီးများအား တာဝန်ပေးထားသော အမှုများနှင့် တရားရုံးနှင့် ယင်း၏ မှတ်ပုံတင်ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ဤလွတ်လပ်ခွင့်ကို အသုံးပြုရမည်။

၁.၃။ တရားရုံးသည် ရုံးတွင်းစီမံခန့်ခွဲရေးကိစ္စရပ်များ၊ ဝန်ထမ်း ရွေးချယ်ခန့်ထားရေးမူဝါဒ၊ သတင်းအချက်အလက်စနစ်များနှင့် ရန်ပုံငွေခွဲဝေချထားပေးခြင်းများ အပါအဝင်အား လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁.၄. တရားရုံး၏ စဉ်းစားဆင်ခြင်သုံးသပ်မှုများအား အတွင်းရေးအဖြစ် ထားရှိရမည်။

### ၂။ အဆိုပြုခြင်း၊ ရွေးကောက်ခြင်းနှင့် ခန့်ထားခြင်း

၂.၁။ စီမံအုပ်ချုပ်မှုအပိုင်းနှင့်စပ်လျဉ်း၍ စိတ်ဓာတ်မြင့်မားသည့် လက္ခဏာရပ်များရှိပြီး ရိုးဖြောင့်မှုနှင့် အမှန်တရားမြတ်နိုးမှုရှိသူများ၊ သင့်လျော်ရာကျွမ်းကျင်မှု အရည်အချင်း၊ ဗဟုသုတနှင့် တရားရုံးဆိုင်ရာ အတွေ့အကြုံရှိသူများအနက်မှ တရားသူကြီးများကို ရွေးချယ်ရမည်။

၂.၂။ တရားသူကြီးများအား အဆိုပြုခြင်း၊ ရွေးကောက်ခြင်းနှင့် ခန့်ထားခြင်းလုပ်ထုံးလုပ်နည်းများတွင် မတူညီသော နေရာဒေသများ၊ တရားရေးစနစ်များကို မျှတစွာ ကိုယ်စားပြုရန်၊ အမျိုးသား

တရားသူကြီးများနှင့် အမျိုးသမီးတရားသူကြီးများကို စဉ်းစားရန်၊ သင့်လျော်သော ပုဂ္ဂိုလ်ရေး ကျွမ်းကျင်မှုအရည်အချင်းများသည် တရားသူကြီးအဆိုပြုခြင်း၊ ရွေးကောက်ခြင်းနှင့် ခန့်ထားခြင်းအတွက် စဉ်းစားမှုများအပေါ် လွှမ်းမိုးမှုရှိရမည်။

၂.၃။ တရားသူကြီး အဆိုပြုခြင်း၊ ရွေးကောက်ခြင်းနှင့်ခန့်ထားခြင်း လုပ်ထုံးလုပ်နည်းများသည် ပွင့်လင်းမြင်သာမှု ရှိရမည်။ မလျော်ကန်သော စဉ်းစားဆုံးဖြတ်မှုများကြောင့် အဆိုပြုခံခြင်း၊ ရွေးကောက်ခံရခြင်းနှင့် ခန့်ထားခံရခြင်းမျိုး မရှိစေရေး သင့်လျော်သော လုံခြုံရေးအစီအမံများ ထားရှိရမည်။

၂.၄။ တရားသူကြီး အဆိုပြုခြင်း၊ ရွေးကောက်ခြင်းနှင့် ခန့်ထားခြင်း လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များ၊ တရားသူကြီးလောင်းများ၏ သတင်းအချက်အလက်များကို အများပြည်သူသို့ အချိန်မီထိရောက်စွာ ထုတ်ပြန်ကြေညာခြင်းအား တရားသူကြီးအဆိုပြုခြင်း၊ ရွေးကောက်ခြင်းနှင့် ခန့်ထားခြင်းလုပ်ငန်းစဉ်များအတွက် တာဝန်ရှိသူ အခြားအဖွဲ့အစည်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းမှ ဆောင်ရွက်ရမည်။

၂.၅။ တရားသူကြီးများ ပြန်လည် ရွေးကောက်တင်မြှောက်ခြင်းကို တရားရုံး စီမံခန့်ခွဲမှုအပိုင်းမှ ခွင့်ပြုလျှင် တရားသူကြီးများ အဆိုပြုခြင်း၊ ရွေးကောက်ခြင်း၊ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် အထက်တွင် ပြဌာန်းထားသော ဥပဒေသများ၊ စံသတ်မှတ်ချက်များအား တရားသူကြီး ပြန်လည် ရွေးကောက်တင်မြှောက်ရန်အတွက် လိုအပ်သလို ပြောင်းလဲပြင်ဆင်ရမည်။

## ၃။ ရာထူးသက်တမ်းလုံခြုံစိတ်ချမှုရှိခြင်း

၃.၁။ တရားသူကြီးများသည် ယင်းတို့ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချရမှုရှိကြရမည်။ တရားသူကြီးများကို အထူးသတ်မှတ်ထားသော အချက်အလက်များကြောင့်သာ ကြိုတင်ပြဌာန်းသတ်မှတ် ထားသော သင့်လျော်သည့်လုပ်ထုံးလုပ်နည်းနှင့်အညီ ရာထူးမှ ဖယ်ရှားရမည်။

၃.၂။ တရားရုံးတစ်ရုံးစီ၏ အုပ်ချုပ်မှုအပိုင်းသည် တရားသူကြီးများကို ယင်းတို့လုပ်ငန်းတာဝန်များအား အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် အတိုဆုံးအချိန်ကာလတစ်ခုအတွက်သာ ခန့်ထားရမည်။

## ၄။ ခံစားခွင့်နှင့်လစာ

၄.၁။ တရားသူကြီးများ၏ အဓိကခံစားခွင့်အခြေအနေများကို ဥပဒေနှင့်အညီ ပြဌာန်းထားသော စာချုပ်စာတမ်းများ၊ ဥပဒေများတွင် သတ်မှတ်ပြဌာန်းထားရမည်။

၄.၂။ တရားသူကြီးများ၏ လစာနှင့်အခြားသော အဓိကခံစားခွင့်များကို တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း လွန်ကဲစွာ ပြောင်းလဲသတ်မှတ်မှု မပြုလုပ်ရ။



၄.၃။ တရားသူကြီးများသည် လစာအလုံအလောက်ရရှိရမည်ဖြစ်ပြီး ထိုလစာကို နေထိုင်မှုစရိတ်များ မြင့်တက်လာမှုနှင့်အညီ ပုံမှန် ပြန်လည်ညှိနှိုင်းသတ်မှတ်ပေးရမည်။

၄.၄။ ခံစားခွင့်အခြေအနေများတွင် ပင်စင်လစာအလုံအလောက် စီစဉ်ပေးရမည်ဟု ပါဝင်သည်။

## ၅။ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ

၅.၁။ တရားသူကြီးများသည် သံတမန်ကင်းလွတ်ခွင့်များနှင့် ညီမျှသော ကင်းလွတ်ခွင့်များ အပြည့်အဝ ရရှိ ခံစားစေရမည်။ အထူးသဖြင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှ ထွက်ပေါ်လာသည့် နစ်နာမှုများအတွက် တရားစွဲဆိုခြင်းအားလုံးမှ ကင်းလွတ်ခွင့်ရှိသည်။

၅.၂။ တရားသူကြီးများ၏ ကင်းလွတ်ခွင့်ကို ငြင်းပယ်ရန် တရားရုံးကသာ ပြုလုပ်နိုင်သည်။ အဆိုပါ ကင်းလွတ်ခွင့်သည် တရားမျှတမှုကို ဟန့်တားစေလိမ့်မည်ဟု ထင်မြင်ယူဆပါက မည်သည့်အမှုတွင်မဆို တရားစီရင်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဘက်လိုက်မှုမရှိပဲ ထိုကင်းလွတ်ခွင့်ကို တရားရုံးမှ ငြင်းပယ်နိုင်သည်။

၅.၃။ တရားရုံး၊ တရားသူကြီးများနှင့် မှတ်ပုံတင်ဌာန၏ စာရွက်စာတမ်းများအား တရားရုံးအရေးကိစ္စနှင့်ဆက်စပ်နေသမျှ ကာလပတ်လုံး ကျူးလွန်ဖောက်ဖျက်မှု မပြုရ။

၅.၄။ အပြည်ပြည်ဆိုင်ရာတရားရုံး ရုံးစိုက်ရာနိုင်ငံသည် တရားသူကြီးများနှင့် ယင်းတို့မိသားစုများ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောအစီအမံများ ဆောင်ရွက်ရမည်။ တရားသူကြီးများကို ယင်းတို့လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့်ဆက်စပ်နေသည့် ဆိုးရွားသော သက်ရောက်မှုများမှ အကာအကွယ်ပေးရမည်။

## ၆။ ရန်ပုံငွေရရှိသုံးစွဲမှု

နိုင်ငံတော်အစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် တရားရုံးများနှင့် တရားသူကြီးများ ယင်းတို့လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပစ္စည်းများနှင့် ဝန်ထမ်းအဆင့်ဆင့် ခန့်ထားခြင်းများ အပါအဝင် အရင်းအမြစ် အလုံအလောက်ပေးရမည်။

## ၇။ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်

၇.၁။ တရားသူကြီးများသည် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း၌ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းများ ရရှိရမည်။ ဤလွတ်လပ်ခွင့်များကို ရယူခံစားရာတွင် တရားစီရင်ရေးလုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေဖြစ်သည့် အနေအထားဖြင့်သာ ရယူခံစားရမည်။ ဤလွတ်လပ်ခွင့်သည် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို မထိခိုက်စေရ သို့မဟုတ် ထိခိုက်မှုရှိနိုင်သည်ဟု မထင်မြင်မိစေရ။

၇.၂။ တရားသူကြီးများသည် အမှုနှင့်စပ်လျဉ်းသည့် စဉ်းစားဆင်ခြင် သုံးသပ်မှုများကို အတွင်းရေးအဖြစ် ထိန်းသိမ်းရမည်။ ဆိုင်းငံ့မှုများနှင့်စပ်လျဉ်း၍ တရားရုံးပြင်ပ၌ သဘောထားမှတ်ချက်ပြုခြင်းမျိုး မပြုလုပ်ရ။

၇.၃။ တရားသူကြီးများသည် ယင်းတို့ကိုယ်ပိုင်နှင့် အခြားတရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ဖြစ်စေ မည်သည့်ဥပဒေပြုမှုမဆိုနှင့် ဥပဒေမူကြမ်းများ၊ အဆိုပြုချက်များ သို့မဟုတ် ယင်းတို့တရားရုံးသို့ ရောက်ရှိလာမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ဖြစ်စေ တရားရုံးပြင်ပတွင် သဘောထားမှတ်ချက်ပြုခြင်းအား သင့်လျော်သော ကန့်သတ်ချက်များအတွင်းသာ ပြုလုပ်ရမည်။

## ၈။ တရားရုံးပြင်ပလှုပ်ရှားမှုများ

၈.၁။ တရားသူကြီးများသည် ယင်းတို့၏ တရားစီရင်ရေးလုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေမှုမရှိသော သို့မဟုတ် ယင်းတို့အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်သော တရားရုံး၏ လုပ်ငန်းတာဝန်များအား အချိန်နှင့်တပြေးညီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးနှင့် သို့မဟုတ် ယင်းတို့၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို ထိခိုက်နိုင်သည့် သို့မဟုတ် ထိခိုက်မှု ရှိနိုင်သည့်ဟု ထင်မြင်နိုင်သည့် မည်သည့်တရားရုံး ပြင်ပ လှုပ်ရှားမှုများတွင်မဆို ပါဝင်ဆောင်ရွက်မှုမပြုရ။

၈.၂။ တရားသူကြီးများသည် မည်သည့်နိုင်ငံရေးလုပ်ငန်းကိုမျှ မပြုလုပ်ရ။

၈.၃။ တရားရုံးတိုင်းသည် တရားသူကြီးများ၏ တရားရုံးပြင်ပ လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များပေးရန်နှင့် အမှုသည်များ၏ မည်သည့် စိုးရိမ်ပူပန်မှုကိုမဆို ဖော်ပြနိုင်သည့် သင့်လျော်သော နည်းလမ်းများရှိစေရန် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာပြဋ္ဌာန်းထားရမည်။

## ၉။ အမှုနှင့်ဆက်နွယ်မှုရှိခဲ့ခြင်း

၉.၁။ တရားသူကြီးများသည် အတိတ်ကာလက ကိုယ်စားလှယ်အဖြစ်၊ ဥပဒေအကျိုးဆောင်အဖြစ်၊ တရားရုံးရှေ့နေအဖြစ်၊ အကြံပေးအဖြစ်၊ ကျွမ်းကျင်သူအဖြစ် သို့မဟုတ် အမှုသည် တစ်ဖက်ဖက်အတွက် အခြားသော မည်သည့်အတိုင်းအတာဖြင့်မဆို ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် အမှု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံး သို့မဟုတ် အငြင်းပွားမှု အကြောင်းအရာကိုသာ စဉ်းစားပေးသည့် သို့မဟုတ် အငြင်းပွားမှုဖြန်ဖြေရေး အဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် အမှုတစ်ခုအား ကြားနာစစ်ဆေးမှုတွင် တာဝန်မယူရပါ။

၉.၂။ တရားသူကြီးများသည် ယင်းတို့၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို ထိခိုက်နိုင်သည့် သို့မဟုတ် ထိခိုက်နိုင်သည်ဟု အကျိုးကြောင်းသင့် ထင်မြင်ပါက ယင်းတို့နှင့် တစ်နည်းနည်းဖြင့် ပက်သက်ဆက်နွယ်မှုရှိနေသည့် အမှုကိစ္စတစ်ခုတွင် ကြားနာစစ်ဆေးမှုမပြုလုပ်ရ။



## ၁၀။ အမှုသည်နှင့်ဆက်နွယ်မှုရှိခဲ့ခြင်း

တရားသူကြီးများသည် လွန်ခဲ့သောသုံးနှစ်က သို့မဟုတ် တရားရုံးမှပြဋ္ဌာန်းထားသော အခြားသော အချိန်ကာလ အပိုင်းအခြားတစ်ခုအတွင်း၌ အမှုသည်တစ်ဖက်ဖက်၏ ကိုယ်စားလှယ်အဖြစ်၊ ဥပဒေအကျိုးဆောင်အဖြစ်၊ အကြံပေးအဖြစ်၊ တရားရုံးရှေ့နေအဖြစ်၊ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခဲ့သည့် အမှုတစ်ခု သို့မဟုတ် လွန်ခဲ့သောသုံးနှစ်က သို့မဟုတ် တရားရုံးမှပြဋ္ဌာန်းထားသော အခြားသော အချိန်ကာလ တစ်ခုအတွင်း၌ အမှုသည်တစ်ဖက်ဖက်နှင့် ယင်းတို့ကျွမ်းကျင်သော ပညာရပ်ပိုင်းအရ သို့မဟုတ် ပုဂ္ဂိုလ်ရေးအရ ဆက်နွယ်ပက်သက်မှုရှိခဲ့သည့် အမှုအား ကြားနာစစ်ဆေးမှုတွင် ပါဝင်ဆောင်ရွက်မှု မပြုလုပ်ရ။

## ၁၁။ အမှုစီရင်ချက်အပေါ်၌ အခွင့်အရေးများရှိနေခြင်း

၁၁.၁။ အမှုစီရင်ချက်အပေါ်၌ ဂုဏ်သိက္ခာပစ္စည်းပိုင်ဆိုင်မှု၊ ပညာရပ်ကျွမ်းကျင်မှု သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအခွင့်အရေးများရှိနေသော မည်သည့်အမှုတွင်မျှ တရားသူကြီးများ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၁၁.၂။ တရားသူကြီးများနှင့်ဆက်နွယ်ပက်သက်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် အကြောင်းအရာများက အမှုစီရင်ချက်အပေါ်၌ ဂုဏ်သိက္ခာပစ္စည်းပိုင်ဆိုင်မှု၊ ပညာရပ်ကျွမ်းကျင်မှု သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အရေးများရှိနေသည့် မည်သည့်အမှုတွင်မျှ အဆိုပါတရားသူကြီးများ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၁၁.၃။ တရားသူကြီးများသည် အမှုကြားနာစစ်ဆေးရန်အတွက် အမှုသည် တစ်ဖက်ဖက်ထံမှ မည်သည့် အိတ်ပိတ်ပေးငွေကိုမျှ သို့မဟုတ် တရားသူကြီး၏ ပါဝင်ကြားနာစစ်ဆေးမှုအတွက် မည်သည့်ပေးငွေကိုမျှ လက်မခံရ။

## ၁၂။ အမှုသည်တစ်ဖက်ဖက်နှင့် အချိတ်အဆက်ရှိခြင်း

၁၂.၁။ တရားသူကြီးများသည် အမှုသည်များ၊ ကိုယ်စားလှယ်များ၊ ဥပဒေအကျိုးဆောင်များ၊ တရားရုံးရှေ့နေများ၊ အကြံပေးများနှင့် ဆိုင်းငံ့ထားသောအမှုနှင့် ပတ်သက်သည့် အခြားပုဂ္ဂိုလ်များ၊ အကြောင်းအရာများနှင့် ပုဂ္ဂိုလ်ရေး အချိတ်အဆက်ပြုလုပ်ရာတွင် ကောင်းစွာ သတိထားရမည်။ မည်သည့်အချိတ်အဆက်မဆို ပြုလုပ်ရာတွင် ယင်းတို့၏ တရားရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေဖြစ်ရန်နှင့် ယင်းတို့၏အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို မထိခိုက်နိုင် သို့မဟုတ် မထိခိုက်နိုင်ဟု အကျိုးအကြောင်းသင့် ထင်မြင်ယူဆရသည့် အနေအထားဖြင့်သာ ပြုလုပ်ရမည်။

၁၂.၂။ တရားသူကြီးများသည် အမှုသည်တစ်ဖက်ဖက်မှ သီးခြားတွေ့ဆုံမှုပြုလုပ်ရန် ကမ်းလှမ်းလာမှုကို လက်သင့်မခံရ။ တရားရုံးစည်းမျဉ်းစည်းကမ်းများတွင် ထိုကိစ္စအားခွင့်ပြုထားလျှင် ထိုတွေ့ဆုံမှုကို တရားရုံးနှင့် အခြားအမှုသည် တစ်ဖက်သို့ ထုတ်ဖော်ပြောဆိုရမည်။

## ၁၃။ တာဝန်ထမ်းဆောင်မှုပြီးဆုံးပြီးနောက်ပိုင်းကာလများအတွက် စည်းကမ်းသတ်မှတ်ချက်များ

၁၃.၁။ တရားသူကြီးများသည် ယင်းတို့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ယင်းတို့၏အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို ထိခိုက်နိုင်သည့် သို့မဟုတ် ထိခိုက်နိုင်သည်ဟု အကျိုးအကြောင်းသင့် ထင်မြင်ယူဆနိုင်ပါက ယင်းတို့တာဝန်ယူ ဆောင်ရွက်ရသော အမှု၏ အမှုသည်တစ်ဖက်ဖက်ထံမှ သို့မဟုတ် ထိုအမှုသည်တစ်ဖက်ဖက် နှင့်ဆက်စပ်နေသော မည်သည့် အကြောင်းအရာများမှ မဆို၊ မည်သည့် အလုပ်အကိုင်အခွင့်အရေး၊ အလုပ်ခန့်အပ်မှု သို့မဟုတ် အကျိုးအမြတ်များကိုမျှ ရယူခြင်း သို့မဟုတ် လက်ခံခြင်းမပြုရ။

၁၃.၂။ တရားရုံးစည်းမျဉ်းစည်းကမ်းများက ထိုကိစ္စအား ခွင့်ပြုထားသည့်အခါမှတပါး တရားသူကြီးဟောင်းများသည် ယင်းတို့တာဝန်ထမ်းဆောင်စဉ်က ကြားနာစိစစ်ခဲ့သည့် မည်သည့် အမှုကိစ္စမဆိုအား မည်သည့်အတိုင်းအတာမျှ ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၃.၃။ တရားသူကြီးဟောင်းများသည် တရားရုံးမှထွက်လာပြီး သုံးနှစ်ကြာကာလတွင် သို့မဟုတ် တရားရုံးမှ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ကာလအတိုင်းအတာအတွင်း တရားရုံး၌ ယင်းတို့ တာဝန်ထမ်းဆောင်စဉ်က တာဝန်ယူခဲ့သည့် မည်သည့်အမှုမဆို၏ ကိုယ်စားလှယ်အဖြစ်၊ ဥပဒေ အကျိုးဆောင်အဖြစ်၊ အကြံပေးအဖြစ် သို့မဟုတ် တရားရုံးရှေ့နေအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၁၃.၄။ တရားသူကြီးဟောင်းများသည် ယင်းတို့တာဝန်ယူခဲ့သည့်အမှု၏ အမှုသည်တစ်ဖက်ဖက်မှ သို့မဟုတ် အမှုသည်တစ်ဖက်ဖက်နှင့် ပတ်သက်နေသည့် မည်သည့် အကြောင်းအရာများမှ မဆို အလုပ်အကိုင်အခွင့်အရေး၊ ရာထူးခန့်အပ်ခြင်း သို့မဟုတ် အကျိုးအမြတ်များ လက်ခံရယူခြင်းနှင့် စပ်လျဉ်း၍ တားမြစ်ချက်ကို ကောင်းစွာလိုက်နာရမည်။

## ၁၄။ ထုတ်ဖော်ပြသခြင်း

၁၄.၁။ တရားသူကြီးများသည် ဥပဒေသ ၇ မှ ၁၃ အထိပြဋ္ဌာန်းချက်များကို အသုံးချမိလျှင် တရားရုံးသို့ သို့မဟုတ် အမှုနှင့်စပ်လျဉ်းသော အမှုသည်များသို့ ယင်းတို့သတိပြုမိသည့် အခြေအနေများ တွင် မည်သည့်အချိန်၌မဆို ထိုကိစ္စအား ထုတ်ဖော်ပြသရမည်။

၁၄.၂။ တရားရုံးတိုင်းသည် တရားသူကြီးများအနေဖြင့် ယင်းတို့၏ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှုကို ထိခိုက်နိုင်သော သို့မဟုတ် ထိခိုက်နိုင်သည်ဟု အကျိုးအကြောင်းသင့် ထင်မြင်ယူဆရသော ကိစ္စရပ်များကို တရားရုံးသို့ ထုတ်ဖော်ပြသနိုင်ရန်နှင့် အမှုနှင့်စပ်လျဉ်းသည့် အမှုသည်များအား အဆိုပါကိစ္စရပ်များကို သင့်လျော်သလို ထုတ်ဖော်ပြသနိုင်စေရန် လုပ်ထုံးလုပ်နည်းများ ကောင်းစွာ သတ်မှတ်ပြဋ္ဌာန်းရမည်။



## ၁၅။ တောင်းဆိုပိုင်ခွင့် စွန့်လွှတ်ခြင်း

ဥပဒေသ ၇ မှ ၁၃ အထိသည် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အထက်ဖော်ပြပါ မည်သည့် ဥပဒေသနှင့်မဆို ငြိစွန်းနေသည့် မည်သည့်အချက်အလက်ကိုမဆို ကောင်းစွာ ထုတ်ဖော်ပြသမှုကြောင့် အဆိုပါ တရားသူကြီး၏ အမှုကြားနာစစ်ဆေးမှုကို ကန့်ကွက်ရန်မရှိကြောင်း တရားရုံးမှ ဖော်ပြပြီး အမှုသည်များကလည်း အဆိုပါတရားသူကြီး၏ ကြားနာစစ်ဆေးမှုကို သဘောတူကြောင်း အသိပေး ဖော်ပြပါက အဆိုပါတရားသူကြီးအား ထိုအမှုကိုစီရင်ဆုံးဖြတ်ခြင်းမှ မတားဆီးနိုင်ပါ။

## ၁၆။ နုတ်ထွက်ခြင်း သို့မဟုတ် အရည်အချင်းမပြည့်မီခြင်း

တရားရုံးတိုင်းသည် ဤဥပဒေများအရ သို့မဟုတ် တရားသူကြီး၏စွမ်းဆောင်ရည်မရှိခြင်းကြောင့် အမှုတစ်ခုအား တရားသူကြီးမှ ကြားနာစီရင်ဆုံးဖြတ်မှုကို တားမြစ်နိုင်သည့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားရမည်။ ဤလုပ်ထုံးလုပ်နည်းများကို တရားသူကြီး၊ တရားရုံး သို့မဟုတ် အမှုနှင့်စပ်လျဉ်းသည့် မည်သည့် အမှုသည်မဆိုမှ သိရှိနားလည်စေရမည်။

## ၁၇။ မလျော်ကန်သော အပြုအမူပြုလုပ်ခြင်း

၁၇.၁။ တရားသူကြီး၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို ထိခိုက်နိုင်သည့် မလျော်မကန် ပြုလုပ်ကြောင်း သို့မဟုတ် တာဝန်ဝတ္တရားဖောက်ဖျက်ကြောင်း အထူးတိုင်ကြားမှုကို စိစစ် အရေးယူနိုင်သည့် လုပ်ထုံးလုပ်နည်းများအား တရားရုံးတိုင်းမှ ပြဋ္ဌာန်းထားရမည်။

၁၇.၂။ ထိုတိုင်ကြားမှုများသည် အခြေအမြစ်မရှိကြောင်းထင်ရှားပါက အကျဉ်းရုံးဖြေရှင်း ဆောင်ရွက်ရမည်။ ပြည့်ပြည့်ဝဝ ကြားနာစစ်ဆေးမှု ပြုလုပ်ရန်လိုအပ်သည်ဟု တရားရုံးမှ ဆုံးဖြတ်သည့် မည်သည့်အမှု၌မဆို တရားသူကြီး၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်နှင့် သိုသိုသိပ်သိပ် လုံခြုံရေးအစီအမံများကို ပြုလုပ်ရန် ဥပဒေ၌ အလုံအလောက် ပြဋ္ဌာန်းထားရမည်။

၁၇.၃။ တရားစီရင်ရေးအာဏာပိုင်များသည် တရားသူကြီးအား ရာထူးမှဖယ်ရှားခြင်း အပါအဝင် သင့်လျော်သော ပြစ်ဒဏ်များ ချမှတ်ရမည်။

၁၇.၄။ မည်သည့် တိုင်ကြားမှုမဆို၌ စီရင်ဆုံးဖြတ်ချက်ကို တရားလိုအား အသိပေးရမည်။

## ၃။ ဥရောပကောင်စီ

**က။ တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ အမှီအခိုကင်းရေးဆိုင်ရာ အထူးစံချိန် စံညွှန်းများ**

အမှီအခိုကင်းမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် တရားသူကြီးများ၏ အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့်ကော်မတီမှ သဘောထားမှတ်ချက်အမှတ် R(94)12.

*(၁၉၉၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့၊ ၅၁၈ ကြိမ်မြောက် ဒုတိယဝန်ကြီးများ အစည်းအဝေးတွင် ဝန်ကြီးအဆင့်ကော်မတီမှ ပြဋ္ဌာန်းသည်။)*

---

ဝန်ကြီးအဆင့် ကော်မတီ၊ ဥရောပကောင်ဆယ်၏ ပြဋ္ဌာန်းချက် ပုဒ်မ ၁၅-ခ အရ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ရေးညီလာခံ (ညီလာခံဟုသာ နောက်ပိုင်းတွင် ရည်ညွှန်းပါမည်)၏ ပုဒ်မ ၆ တွင် ဖော်ပြထားသည်မှာ 'တရားဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အမှီအခိုကင်း၍ သမာသမတ်ကျသည့် သမာဓိခုံအဖွဲ့မှ အများပြည်သူ ရှေ့မှောက်၌ သင့်တင့်မျှတသော အချိန်အတိုင်းအတာတစ်ခုအတွင်းတွင် မျှတစွာကြားနာစစ်ဆေးမှုကို လူတိုင်း ခံယူခွင့်ရှိသည်' ဟု ဖြစ်သည်။

တရားစီရင်ရေးကဏ္ဍ အမှီအခိုကင်းရေးဆိုင်ရာ ကုလသမဂ္ဂ အခြေခံဥပဒေသများအား အလေးထား၍ ၁၉၈၅ နိုဝင်ဘာတွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုသည်။

တရားစီရင်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသော တရားသူကြီးများနှင့် အခြားလူပုဂ္ဂိုလ်များသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍ၌ ရှိနေခြင်းကို အသိအမှတ်ပြု၍။

ဒီမိုကရေစီနိုင်ငံများ၌ တရားဥပဒေစိုးမိုးမှုများ အားကောင်းလာစေရန် တရားသူကြီးများ၏ အမှီအခိုကင်းမှုကို မြှင့်တင်လိုသည့် ဆန္ဒရှိ၍။

ထိရောက်မျှတသော တရားရေးစနစ်ဖြစ်ရေးအတွက် တရားသူကြီးများ၏ ရာထူးနှင့်အာဏာကို ထောက်ပံ့ရန် လိုအပ်ချက်ကို သိမြင်၍။

လူပုဂ္ဂိုလ်အားလုံး၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရမည့် တရားစီရင်ရေး တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာပေါင်းချုပ်ကို တရားစီရင်ရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များဟုဆိုပြီး ထို လုပ်ငန်းတာဝန်များအား ကောင်းစွာထမ်းဆောင်ရန် လိုလားသည်ကို သတိပြုမိ၍။

တရားသူကြီးတစ်ဦးချင်းစီနှင့် တရားစီရင်ရေးကဏ္ဍတစ်ခုလုံး၏ အခန်းကဏ္ဍကို မြှင့်တင်ရေးနှင့် အောက်ပါဥပဒေသများကို လိုက်နာကျင့်သုံးခြင်းဖြင့် တရားသူကြီးတစ်ဦးချင်းစီနှင့် တရားစီရင်ရေးကဏ္ဍ တစ်ခုလုံး၏ အမှီအခိုကင်းမှုနှင့် လုပ်ငန်းကျွမ်းကျင် ထိရောက်မှုများ အားကောင်းလာစေရေး လိုအပ်သည့် ဥပဒေပုဒ်မများကို အဖွဲ့ဝင်နိုင်ငံအစိုးရများမှ ကူးယူမွေးစားခြင်း သို့မဟုတ် ထည့်သွင်းအားဖြည့် ပေးခြင်းများ ပြုလုပ်ရန် အကြံပေး၍။



## အကြံပေးမှုအတိုင်းအတာ

၁။ ဤအကြံဉာဏ်များကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ၊ ရာဇဝတ်မှုဆိုင်ရာ၊ တရားမမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေကိစ္စရပ်များအား ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်အားလုံး အသုံးပြုရမည်။

၂။ ဥပမာအားဖြင့် တရားသူကြီးများ၏ လစာ၊ ဘဝတက်လမ်းတို့နှင့်စပ်လျဉ်းသည့် ဥပဒေသများတွင် ဤအကြံဉာဏ်များကို ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတရားသူကြီးများအတွက်သာ အသုံးပြုရမည်ဟု ရှင်းလင်းစွာ ပြဋ္ဌာန်းသတ်မှတ်ထားသည့်အခါမှတပါး အခြားအခြေအနေများတွင် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသော တရားသူကြီးများနှင့် အခြားသော လူပုဂ္ဂိုလ်များအတွက် ဤအကြံဉာဏ်များကို အသုံးပြုရမည်။

**ဥပဒေသ - ၁။ တရားသူကြီးများ အမှီအခိုကင်းရေးဆိုင်ရာ အထွေထွေဥပဒေများ**

၁။ တရားသူကြီးများ အမှီအခိုကင်းရေးကို လေးစားလိုက်နာရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် လိုအပ်သော ဆောင်ရွက်မှုအားလုံး ပြုလုပ်ရမည်။

၂။ အထူးသဖြင့် အောက်ပါ ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

(က) အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းဖြင့် တရားသူကြီးများ အမှီအခိုကင်းရေး အာမခံချက်ပေးရမည်။ ဥပမာ- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အထူးပြဋ္ဌာန်းချက်များ ထည့်သွင်းခြင်း သို့မဟုတ် အခြားသော ဥပဒေများပြဋ္ဌာန်းသတ်မှတ်ခြင်း သို့မဟုတ် ဤအကြံဉာဏ်များကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများသို့ ပေါင်းစပ်ဖြည့်သွင်းခြင်း။ နိုင်ငံတစ်နိုင်ငံ၏ ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ ဤဥပဒေများကို ပြဋ္ဌာန်းရမည်။ ဥပမာအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

(၁) ဥပဒေကြောင်းအရ တရားသူကြီးများ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်သည့် လုပ်ထုံးလုပ်နည်းပြင်ပ၌ မည်သည့်ပြန်လည်ပြင်ဆင်ခြင်းမျှ မပြုလုပ်ရ။

(၂) တရားသူကြီးများ၏ တာဝန်ထမ်းဆောင်မှုကာလနှင့် လစာတို့ကို ဥပဒေဖြင့် အာမခံချက်ပေးရမည်။

(၃) တရားရုံးများကိုယ်တိုင်မှလွဲ၍ အခြားမည်သည့်အဖွဲ့အစည်းမျှ တရားရုံးများ၏ လုပ်ရည်ကိုင်ရည်ကို မဆုံးဖြတ်နိုင်ပါ။

(၄) ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း သို့မဟုတ် အလားတူ ဆုံးဖြတ်ချက်များကြောင့်မှတပါး အစိုးရအဖွဲ့ သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင်သည် တရားရုံး စီရင်ဆုံးဖြတ်ချက်ကို နောက်ကြောင်းပြန် ပလပ်သည့် မည်သည့် ဆုံးဖြတ်ချက်မှ မချမှတ်နိုင်ပါ။

(ခ) အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အာဏာခက်မများသည် တရားသူကြီးများ အမှီအခိုကင်းရေးအတွက် အာမခံရမည်ဖြစ်ပြီး တရားသူကြီးများ အမှီအခိုကင်းရေးကို အန္တရာယ်ပြုနိုင်သည့် မည်သည့် လုပ်ဆောင်ချက်မျှ မပြုလုပ်ရ။

(ဂ) တရားသူကြီးများ၏ ပညာရှင် ဘဝလမ်းကြောင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များသည် အပြုသဘော စံသတ်မှတ်ချက်များကိုသာ အခြေခံရမည်။ တရားသူကြီးများ ရွေးချယ်ခြင်းနှင့် ရာထူးသက်တမ်းတို့သည် တရားသူကြီးများ၏ အရည်အချင်းများ၊ ဖြောင့်မတ်မှု၊ စွမ်းဆောင်ရည်၊ လုပ်ငန်းကျွမ်းကျင်မှုတို့နှင့် စပ်လျဉ်းသည့် ကောင်းသောလက္ခဏာရပ်များအပေါ် အခြေခံရမည်။ တရားသူကြီးများ ရွေးချယ်ခြင်းနှင့် ရာထူးသက်တမ်းကိစ္စ ဆုံးဖြတ်ပေးရသော အာဏာပိုင်များသည် အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးအာဏာပိုင်တို့နှင့် အမှီအခိုကင်းရမည်။ ဤအမှီအခိုကင်းမှုကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် တရားသူကြီးများကို တရားစီရင်ရေးကဏ္ဍမှ ရွေးချယ်ရမည့်အပြင် ထိုကိစ္စ အလို့ငှာ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေများကို တရားစီရင်ရေးအာဏာပိုင်က ဆုံးဖြတ် ပြဋ္ဌာန်းထားရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ် တည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများက တရားသူကြီးများအား အစိုးရအဖွဲ့မှ ခန့်ထားခွင့်ပြုထားလျှင် တရားသူကြီး ခန့်ထားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် လက်တွေ့အားဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး အမှီအခိုကင်းကြောင်း အစိုးရအဖွဲ့မှ တာဝန်ခံရမည့်အပြင် ရာထူးခန့်ထားရေး ဆုံးဖြတ်ချက်များသည် အထက်တွင်ဖော်ပြခဲ့သော အပြုသဘော စံသတ်မှတ်ချက်များနှင့်သာ ဆက်စပ်ရမည်ဖြစ်ပြီး အခြားမည်သည့် အကြောင်းပြချက်များကမျှ ထိုဆုံးဖြတ်ချက်များကို လွှမ်းမိုးချုပ်ကိုင်မှု မရှိစေရ။ ဤတာဝန်ခံမှုတွင် အောက်ပါဖော်ပြချက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရှိနိုင်သည်။

(၁) အမှီအခိုကင်း၍ လုပ်ငန်းအတွေ့အကြုံရှိသော အထူးအဖွဲ့အစည်းက အစိုးရအား အကြံဉာဏ်ပေးရန်နှင့် အစိုးရမှ ထိုအကြံဉာဏ်အား လက်တွေ့လိုက်နာဆောင်ရွက်ခြင်း သို့မဟုတ်

(၂) တရားစီရင်ဆုံးဖြတ်ချက်များအား မကျေနပ်လျှင် အမှီအခိုကင်းသော အာဏာပိုင်ထံ၌ မည်သူမဆို အယူခံဝင်ခွင့် သို့မဟုတ်

(၃) အဆုံးအဖြတ်ပေးရသည့် အာဏာပိုင်အပေါ် လွန်ကဲစွာ သို့မဟုတ် မလျော်ကန်သော လွှမ်းမိုးချုပ်ကိုင်မှုများ မရှိစေရေး လုံခြုံစိတ်ချသည့် အစီအမံများ ပြုလုပ်ခြင်း။

(ဃ) အမှုများစီရင်ဆုံးဖြတ်ရာ၌ တရားသူကြီးများ အမှီအခိုကင်းရမည်ဖြစ်ပြီး မည်သည့်အာဏာပိုင် အစိတ်အပိုင်းကမျှ မည်သည့်အကြောင်းပြချက်ဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ တားမြစ်ပိတ်ပင်မှု၊ မလျော်ကန်သော လွှမ်းမိုးချုပ်ကိုင်မှု၊ ဆွဲဆောင် သိမ်းသွင်းမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု သို့မဟုတ် ကြားဝင်နှောက်ယှက်မှုမျှ မပါဘဲ စီရင်ဆုံးဖြတ်ရမည်။ တရားသူကြီးများအား အထက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးစားသူများအပေါ် အရေးယူရန် ဥပဒေ၌ ပြဋ္ဌာန်းထားရမည်။ တရားသူကြီးများသည် အမှုများကို သမာသမတ်ကျစွာ ဆုံးဖြတ်နိုင်ရန်အတွက် အချုပ်အနှောင်ကင်းသော လွတ်လပ်ခွင့်များ ရရှိရမည်ဖြစ်ပြီး ယင်းတို့၏ ဝေဖန်ပိုင်းခြား နိုင်စွမ်းအားဖြင့် အမှုနှင့်ဆိုင်သော အချက်အလက်များကို အဓိပ္ပာယ်ကောက်ယူ၍ တည်ဆဲဥပဒေများနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ တရားသူကြီးများသည် အမှုများနှင့် စပ်လျဉ်းသည့် ကောင်းကျိုးများကို တရားစီရင်ရေးကဏ္ဍအပြင်မှ လူများအား အစီရင်ခံတင်ပြခြင်း မပြုလုပ်ရ။

(င) အမှုများဖြန့်ဝေခြင်းအား မည်သည့် အမှုသည်တစ်ဖက်ဖက်ကမျှ သို့မဟုတ် အမှု၏ရလဒ်နှင့်ပတ်သက်နေသော မည်သည့်လူပုဂ္ဂိုလ်ကမျှ လွှမ်းမိုးချုပ်ကိုင်မှု မရှိစေရ။ ဤဖြန့်ဝေခြင်းကို ဥပမာအားဖြင့် မဲနှိုက်ခြင်း သို့မဟုတ် အက္ခရာစဉ်အလိုက် အလိုအလျောက်ဖြန့်ဝေသောစနစ် သို့မဟုတ် အလားတူစနစ်အချို့ဖြင့် ပြုလုပ်ရမည်။

(စ) ဥပမာအားဖြင့် အလွန်အမင်း နာမကျန်းဖြစ်ခြင်း သို့မဟုတ် အကျိုးစီးပွားနှင့် မကိုက်ညီခြင်း စသည့် ခိုင်လုံသောအကြောင်းပြချက်များမရှိပဲ တရားသူကြီးတစ်ဦးထံမှ အမှုတစ်ခုကို ရုပ်သိမ်းခြင်း မပြုလုပ်ရ။ အမှုပြန်လည်ရုပ်သိမ်းနိုင်သော အကြောင်းပြချက်များနှင့် လုပ်ထုံးလုပ်နည်းများ အားလုံးကို ဥပဒေ၌ ပြဋ္ဌာန်းထားရမည်ဖြစ်ပြီး အစိုးရအဖွဲ့ သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင်၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့် မည်သည့် လွှမ်းမိုးချုပ်ကိုင်မှုမျှ မရှိစေရ။ တရားသူကြီးတစ်ဦးထံမှ အမှုတစ်ခုကို ပြန်လည်ရုပ်သိမ်းရေး ဆုံးဖြတ်ချက်ပေးရသည့် အာဏာပိုင်သည် တရားသူကြီးများကဲ့သို့ပင် တရားစီရင်ရေး အမှီအခို ကင်းရမည်။

၃။ ခန့်အပ်ခံ သို့မဟုတ် ရွေးကောက်ခံတရားသူကြီးများသည် အငြိမ်းစားယူရမည့် အသက်ရွယ်ရောက်သည်အထိ သို့မဟုတ် ယင်းတို့၏ ရာထူးသက်တမ်းကုန်ဆုံးသည်ကာလအထိ သို့မဟုတ် ထိုကာလအထိ တာဝန်ထမ်းဆောင်နိုင်ရေး အာမခံချက်ရရှိရမည်။

## ဥပဒေသ -၂။ တရားသူကြီးများ၏ စီရင်ခွင့်အာဏာ

၁။ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်များ သို့မဟုတ် အမှုနှင့်ဆက်စပ်နေသော လူပုဂ္ဂိုလ်အားလုံးသည် တရားသူကြီး၏ စီရင်ခွင့်အာဏာ အတွင်း၌ရှိသည်။

၂။ တရားသူကြီးများ၌ အာဏာအလုံအလောက်ရှိရမည်ဖြစ်ပြီး ယင်းတို့လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်နှင့် ယင်းတို့၏ စီရင်ခွင့်အာဏာနှင့် တရားရုံး၏ဂုဏ်သိက္ခာကို ထိန်းသိမ်းထားနိုင်ရန် အတွက် ထိုအာဏာများကို ကျင့်သုံးနိုင်ရမည်။

## ဥပဒေသ-၃။ ကောင်းမွန်သော လုပ်ငန်းခွင်အနေအထား

၁။ တရားသူကြီးများ ကျွမ်းကျင်စွာတာဝန်ထမ်းဆောင်နိုင်ရန် ကောင်းမွန်သော အလုပ်ခွင် အနေအထားများ ပေးရမည်။ အထူးသဖြင့်-

(က) တရားသူကြီး အလုံအလောက် ခန့်ထားခြင်းနှင့် သင့်လျော်ရာ သင်တန်းများပေးခြင်း၊ ဥပမာ-တရားရုံးများတွင်နှင့် အခြားသောအာဏာပိုင်များနှင့် အဖွဲ့အစည်းများတွင် လက်တွေ့သင်တန်းများပေးခြင်း၊ အလုပ်မခန့်မီနှင့် တာဝန်ထမ်းဆောင်စဉ်အတွင်း သင်တန်းများပေးခြင်း။ ဤသင်တန်းများသည် တရားသူကြီးများအတွက် အခမဲ့ ဖြစ်ရမည်ဖြစ်ပြီး မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ကနဦး စီရင်ထုံးများနှင့် ပိုမို ဆက်စပ်ရမည်။ ဖြစ်နိုင်လျှင် ဥရောပအပါအဝင် နိုင်ငံရပ်ခြားအာဏာပိုင်များနှင့် တရားရုံးများသို့ လေ့လာရေးခရီးများပါ ဤသင်တန်းတွင် ပါဝင်ရမည်။

(ခ) တရားသူကြီးများအားထားရှိသည့် အဆင့်အတန်းနှင့် လစာတို့သည် ယင်းတို့၏ ပညာရှင် ဂုဏ်ဒြပ်၊ အလုပ်၏ ဝန်ထုပ်ဝန်ပိုးတို့နှင့် အချိုးညီမျှမှု ရှိခြင်း။

(ဂ) လုပ်နိုင်ကိုင်နိုင်သော တရားသူကြီးများကို ရွေးချယ်ခန့်အပ်နိုင်ရန်နှင့် ထိန်းသိမ်းထားနိုင်ရန် ရိုးရှင်းသော ရာထူးတက်လမ်း ဖွဲ့စည်းပုံရှိခြင်း။

(ဃ) တရားသူကြီးများအလွန်အမင်းနှောင့်နှေးမှုမရှိပဲ ကျွမ်းကျင်စွာတာဝန်ထမ်းဆောင်နိုင်ရန်အတွက် အထောက်အကူပြုဝန်ထမ်းများ၊ အထူးသဖြင့် ရုံးလုပ်ငန်းသုံး အလိုအလျောက်စက်ပစ္စည်းများနှင့် အချက်အလက်များ စုစည်းစစ်ဆေးပေးသည့် အထောက်အကူပြုပစ္စည်းများအပါအဝင် စက်ပစ္စည်းကိရိယာ အလုံအလောက် ပေးထားခြင်း။

(င) တရားရုံးများတွင် အလုပ်တာဝန်များ မနိုင်မနင်းဖြစ်ရခြင်းကို လျော့ပေါ့တားမြစ်ရေးနှင့် စပ်လျဉ်းသည့် အစီအမံများ၊ အကြံပြုချက် R(86) 12 အရ တရားစီရင်ရေးနှင့် မသက်ဆိုင်သော လုပ်ငန်းတာဝန်များကို အခြားလူပုဂ္ဂိုလ်များသို့ တာဝန်ပေးနိုင်ရေး လိုအပ်သော အစီအမံများချမှတ်ခြင်း။

၂။ တရားသူကြီးများ၏ လုံခြုံရေးအတွက် လိုအပ်သောအစီအမံများပြုလုပ်ရမည်။ ဥပမာ- တရားရုံးအဆောက်အဦ၏ ဥပစာတွင် လုံခြုံရေးအစောင့်များ ချထားခြင်း သို့မဟုတ် အလွန်အမင်း ခြိမ်းခြောက်မှုခံနေရသော သို့မဟုတ် အလွန်အမင်း ခြိမ်းခြောက်မှုခံရနိုင်သော တရားသူကြီးများအား ရဲအစောင့်အရှောက်ချထားပေးခြင်း။

**ဥပဒေသ - ၄။ အသင်းအဖွဲ့များ**

တရားသူကြီးများသည် ယင်းတို့ချည်းသက်သက် သို့မဟုတ် အခြားသော အဖွဲ့အစည်းနှင့်ပူးတွဲ၍ ယင်းတို့၏ အမှီအခိုကင်းမှုကို စောင့်ထိန်းရန်နှင့် ယင်းတို့ စိတ်ဝင်စားမှုကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ရမည်။

**ဥပဒေသ - ၅။ တရားစီရင်ရေးတာဝန်ဝတ္တရားများ**

၁။ အမှုအခင်းများအား ကြားနာစစ်ဆေးဆုံးဖြတ်ရာတွင် တရားသူကြီးများသည် လူပုဂ္ဂိုလ်အားလုံး၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြသည်။



၂။ တရားသူကြီးများတွင် ဥပဒေနှင့်လျော်ညီစွာ အမှုများကို မျှတမြန်ဆန် ကျွမ်းကျင်စွာဖြေရှင်းဆောင်ရွက်ရမည့် တာဝန်ရှိသကဲ့သို့ ထိုတရားစီရင်ရေး တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရန် အာဏာများပါ ပေးအပ်ထားရမည်။

၃။ တရားသူကြီးများတွင် အထူးသဖြင့် အောက်ပါ တာဝန်ဝတ္တရားများ ရှိကြသည်။

(က) အမှုအားလုံးအား အမှီအခိုကင်းစွာ ဆောင်ရွက်ရန်။

(ခ) တရားသူကြီးများသည် သမာသမတ်ကျသည့် အပြုအမူဖြင့် အမှုနှင့်ဆိုင်သော အချက်အလက်များအပေါ် သုံးသပ်ချက်များအရ တည်ဆဲဥပဒေများကို ကောင်းစွာ နားလည်သဘောပေါက်ထားသည့်အလျောက် အမှုသည်နှစ်ဖက်လုံးအား မျှတစွာ ကြားနာစစ်ဆေးပေးရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာညီလာခံများ၌ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ လုပ်ထုံးလုပ်နည်းပိုင်းနှင့်စပ်လျဉ်းသည့် အမှုသည်များ၏ အခွင့်အရေးများကို လေးစားလိုက်နာသောအားဖြင့်သာ အမှုများကို ဆောင်ရွက်ရန်။

(ဂ) ခိုင်လုံသောအကြောင်းပြချက်များအရသာ အမှုမှနောက်ဆုတ်ခြင်း သို့မဟုတ် စီရင်ဆုံးဖြတ်ရန် ငြင်းပယ်ခြင်း ပြုလုပ်ရန်။ ထိုအကြောင်းပြချက်များကို ဥပဒေကြောင်းအရ အဓိပ္ပာယ်ဖွင့်ထားရမည်ဖြစ်ပြီး ဥပမာအားဖြင့်-အလွန်အမင်း ကျန်းမာရေးချို့တဲ့မှုနှင့် ဆက်စပ်နေခြင်း၊ အကျိုးစီးပွားနှင့် မကိုက်ညီခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ အကျိုးကျေးဇူးများ။

(ဃ) လိုအပ်လျှင် သမာသမတ်ကျသော လုပ်ထုံးလုပ်နည်းအပိုင်းအား အမှုသည်များသို့ ရှင်းလင်း ချပြပေးရန်။

(င) သင့်တော်လျှင် ရင်းရင်းနှီးနှီး ညှိနှိုင်းပြီး ပြေလည်မှုရယူရေး အမှုသည်များအား တိုက်တွန်းရန်။

(စ) တည်ဆဲဥပဒေ သို့မဟုတ် လက်တွေ့ကျင့်ထုံးများ၌ ဖော်ပြထားလျှင်မှတပါး အများပြည်သူ လွယ်ကူစွာနားလည်နိုင်သော ဘာသာစကားဖြင့် ယင်းတို့၏ စီရင်ဆုံးဖြတ်ချက်များအတွက် ရှင်းလင်းပြည့်စုံသော အကြောင်းပြချက်များပေးရန်။

(ဆ) ယင်းတို့တာဝန်များကို ကျွမ်းကျင်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်သည့် မည်သည့်သင်တန်းကိုမဆို တက်ရောက်ရန်။

**ဥပဒေသ - ၆။ တာဝန်ဝတ္တရားများပျက်ကွက်ခြင်းနှင့် စည်းမျဉ်းစည်းကမ်း ကျူးလွန်ဖောက်ဖျက်ခြင်းများ**

၁။ တရားသူကြီးများသည် ယင်းတို့တာဝန်များကို ကျွမ်းကျင်ကောင်းမွန်စွာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် စည်းမျဉ်းစည်းကမ်း ချိုးဖောက်လျှင် တရားစီရင်ရေးကဏ္ဍ၏ အမှီအခိုကင်းမှုကို ဘက်လိုက်ရာမကျသည့် လိုအပ်သမျှ အစီအမံများအားလုံး ဆောင်ရွက်ရမည်။ နိုင်ငံတိုင်း၏ဖွဲ့စည်းပုံအခြေခံဥပဒေပါပုဒ်မများ၊ တည်ဆဲဥပဒေများနှင့် ဓလေ့ထုံးတမ်းများအပေါ်မူတည်၍ ထိုအစီအမံများတွင် ဥပမာအားဖြင့် ပါဝင်ရမည်မှာ-

(က) တရားသူကြီးထံမှ အမှုများ ရုတ်သိမ်းခြင်း။

(ခ) တရားသူကြီးများအား တရားရုံးအတွင်းရှိ အခြားသောတရားစီရင်ရေး လုပ်ငန်းတာဝန်များသို့ လွှဲပြောင်းတာဝန်ချထားခြင်း။

(ဂ) စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ ဥပမာ-ယာယီကာလတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း။

(ဃ) တာဝန်မှ ရပ်ဆိုင်းထားခြင်း။

၂။ ခန့်အပ်ခံတရားသူကြီးများကို ခိုင်လုံသော အကြောင်းပြချက်များမရှိဘဲ အငြိမ်းစားယူရမည့် အသက်အရွယ်ရောက်သည်အထိ လုပ်ငန်းတာဝန်မှ အမြဲတမ်းဖယ်ရှားထားခြင်း မပြုလုပ်နိုင်ပါ။ ဤအကြောင်းပြချက်များကို ဥပဒေ၌ တိကျစွာ ပြဋ္ဌာန်းထားရမည်ဖြစ်ပြီး တရားသူကြီးများကို အချိန်ကာလတစ်ခုအတွင်းသာ ရွေးကောက်တင်မြှောက်သောနိုင်ငံများ၌ အသုံးပြုနိုင်သည် သို့မဟုတ် ဤအကြောင်းပြချက်များသည် တရားစီရင်ရေး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် စွမ်းဆောင်ရည်မရှိခြင်းနှင့် ဆက်စပ်နေပြီး ရာဇဝတ်မှုကျူးလွန်ခြင်း သို့မဟုတ် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လွန်ကဲစွာ ကျူးလွန်ဖောက်ဖျက်ခြင်းတို့ ပါဝင်သည်။

၃။ ဤစာပိုဒ် ဥပဒေသ ၁ နှင့် ၂ တွင် ဖော်ပြထားသော အစီအမံများကို လိုက်နာဆောင်ရွက်ရန် လိုအပ်သဖြင့် နိုင်ငံများသည် တရားရုံးနှင့်မဆက်စပ်သော ကိစ္စများအတွက် စည်းမျဉ်းစည်းကမ်း ကြီးကြပ်ရန် အရေးယူမှုများနှင့် ပြစ်ဒဏ်ချမှတ်မှုများ ဆောင်ရွက်ရန် အထူး ဝါရင့်အဖွဲ့အား ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ရန် စဉ်းစားထားရမည်။ ထိုအဖွဲ့၏ ဆုံးဖြတ်ချက်များကို အမြင့်ဆုံးတရားရုံးမှ ကြီးကြပ်ကွပ်ကဲရမည် သို့မဟုတ် ထိုအဖွဲ့ကိုယ်တိုင်ပင် အမြင့်ဆုံးတရားရေး အဖွဲ့ဖြစ်ရမည်။ အပြည်ပြည်ဆိုင်ရာစာချုပ်တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်း လိုအပ်ချက်များအားလုံး ရရှိခံစားခွင့်ကို စစ်ဆေးခံတရားသူကြီးများအား အနိမ့်ဆုံးအဆင့်အနေဖြင့် ပေးရမည်ဖြစ်ပြီး ထိုကိစ္စအလို့ငှာ သင့်လျော်သော လုပ်ထုံးလုပ်နည်းများကို ဥပဒေ၌ ပြဋ္ဌာန်းထားရမည်။ ဥပမာ - အမှုကို သင့်လျော်သော အချိန်ကာလတစ်ခုအတွင်း၌သာ ကြားနာရပြီး တရားသူကြီးများအား မည်သည့်စွပ်စွဲချက်ကိုမဆို ခုခံချေပခွင့် ပေးရမည်။



## ရှေ့နေပညာရပ်အား လွတ်လပ်စွာအသုံးချခွင့်နှင့်စပ်လျဉ်းသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် ကော်မတီမှ အကြံပြုချက် R(2000) 21.

(၂၀၀၀ ခုနှစ် အောက်တိုဘာလ ၂၅ ရက်၊ ၂၇၂ ကြိမ်မြောက် ဒုတိယဝန်ကြီးအစည်းအဝေးတွင် ဝန်ကြီးအဆင့်ကော်မတီမှ ပြဋ္ဌာန်းခဲ့သည်။)

**ဥရောပကောင်စီ ဝန်ကြီးအဆင့်ကော်မတီမှ ပြဋ္ဌာန်းထားသော ပုဒ်မ ၁၅.ခ အရ**

ဥရောပလူ့အခွင့်အရေးညီလာခံတွင် ဖော်ပြချက်များနှင့် အလေးထား၍လည်းကောင်း။

၁၉၉၀ ဒီဇင်ဘာလ ကျွမ်းကျင်သူအတွက် ညီလာခံမှ တင်ပြလာသော ရှေ့နေများ၏ အခန်းကဏ္ဍ ဆိုင်ရာ ကုလသမဂ္ဂအခြေခံဥပဒေသများအား အလေးထား၍လည်းကောင်း။

၁၉၉၄ အောက်တိုဘာလ ၁၃ ရက်၊ ဥရောပကောင်စီ ဝန်ကြီးအဆင့်ကော်မတီမှ ချမှတ်ခဲ့သည့် အကြံပြုချက် R(94) 12 တွင် တရားသူကြီးများ အမှီအခိုကင်းရေး လုပ်ငန်းကျွမ်းကျင်မှုနှင့် တရားသူကြီးများ၏ အခန်းကဏ္ဍများအား အလေးထား၍လည်းကောင်း။

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ကြသော ရှေ့နေများ၊ ရှေ့နေအသင်းများအား မီးမောင်းထိုးပြခြင်းဖြင့်လည်းကောင်း။

ရှေ့နေများသည် လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်သည့် အခန်းကဏ္ဍမှ အထူးပါဝင်ဆောင်ရွက်ကြသည်ဖြစ်ရာ တရားဥပဒေစိုးမိုးမှုများ အားကောင်းလာစေရေးအတွက် ရှေ့နေပညာရပ် လွတ်လပ်စွာအသုံးချခွင့်များ မြှင့်တင်ပေးရန် လိုလားခြင်းဖြင့်လည်းကောင်း။

ရှေ့နေများသည် မည်သည့်အာဏာပိုင် အစိတ်အပိုင်းကမျှ မည်သည့်အကြောင်းပြချက်ဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ မည်သည့် မလျော်ကန်သော တားမြစ်ပိတ်ပင်မှု၊ လွှမ်းမိုးချုပ်ကိုင်မှု၊ ဆွဲဆောင်သိမ်းသွင်းမှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှုများ သို့မဟုတ် ကြားဝင်နှောက်ယှက်မှုမျှမပါဲ အမှီအခိုကင်းစွာဖြင့် ယင်းတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် တရားရေးစီမံခန့်ခွဲသူများက မျှတသည့် စနစ်တစ်ခု အာမခံပေးရန် လိုအပ်နေသည်ကို သိရှိစေခြင်းဖြင့်လည်းကောင်း။

ရှေ့နေများသည် သင်တန်းများလုံလောက်စွာတက်ရောက်ရန်နှင့် ယင်းတို့အမှုသည်များအပေါ် ဆောင်ရွက်ပေးရမည့် တာဝန်များနှင့် တရားရုံး၌ တာဝန်ခံရသည့်တာဝန်များ သင့်တင့်မျှတစွာ ထိန်းညှိကွပ်ကဲနိုင်ရန်လိုအပ်ပြီး ယင်းတို့တာဝန်ဝတ္တရားများကို ကောင်းစွာ ဆောင်ရွက်နိုင်စေလိုသည့် ဆန္ဒရှိကြောင်း သိရှိစေခြင်းဖြင့်လည်းကောင်း။

မျှတစွာတရားရင်ဆိုင်ခွင့်တွင် စီးပွားရေးချို့တဲ့သောလူပုဂ္ဂိုလ်များအနေဖြင့် ရှေ့နေ၏ အကျိုးဆောင်ပေးမှုများ ရရှိရန် လိုအပ်သည်ကို စဉ်းစားထားခြင်းဖြင့်လည်းကောင်း။

ဤအကြံပြုချက်တွင်ပါဝင်သော ဥပဒေသများကို ကျင့်သုံးနိုင်ရေးအတွက် ဥပဒေသများ ပြဋ္ဌာန်းရန် သို့မဟုတ် တည်ဆဲဥပဒေများတွင် ဖြည့်ဆည်းထည့်သွင်းရန်စသည့် လိုအပ်သမျှ အစီအမံများကို ပြုလုပ်ရန် အစိုးရများအား အကြံပေးခြင်းဖြင့်လည်းကောင်း။

ဤအကြံပြုချက်အရ 'ရှေ့နေ' ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ သူ သို့မဟုတ် သူမ၏ အမှုသည်များအတွက် အသနားခံရန်နှင့် အမှုကိစ္စဆောင်ရွက်ပေးရန်၊ တည်ဆဲဥပဒေများကို လိုက်နာကျင့်သုံးရန်၊ တရားရုံးရှေ့မှောက်၌လျှောက်လဲရန် သို့မဟုတ် အမှုသည်များ၏ ဥပဒေရေးရာ ကိစ္စရပ်များအား အကြံပေးရန်နှင့် ကိုယ်စားပြုပေးရန်အလို့ငှာ အခွင့်အာဏာပေးအပ်ခြင်းခံထားရသည့် လူပုဂ္ဂိုလ်ပင် ဖြစ်သည်။

## ဥပဒေသ - ၁။ ရှေ့နေပညာရပ်အား လွတ်လပ်စွာကျင့်သုံးခွင့်ဆိုင်ရာ အထွေထွေဥပဒေသများ

၁။ အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ ပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းဖော်ပြချက်များနှင့်အညီ အာဏာပိုင်များ သို့မဟုတ် ပြည်သူများအား ဘက်လိုက်ဆက်ဆံခြင်းနှင့် မလျော်ကန်သော ကြားဝင်နှောက်ယှက်မှု မရှိစေဘဲ ရှေ့နေပညာရပ်များ လွတ်လပ်စွာ ကျင့်သုံးခွင့်ကို လေးစား လိုက်နာရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် လိုအပ်သမျှ အစီအမံများအားလုံး ဆောင်ရွက်ရမည်။

၂။ ရှေ့နေအဖြစ် လက်တွေ့ဆောင်ရွက်ခွင့်ပြုရန် သို့မဟုတ် ရှေ့နေပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအား လက်ခံပေးရန် ဆုံးဖြတ်ချက်များကို အမှီအခိုကင်းသော အဖွဲ့အစည်းမှ ချမှတ်ရမည်။ ဤဆုံးဖြတ်ချက်များကို အမှီအခိုကင်းသော အဖွဲ့အစည်းမှ ဆောင်ရွက်သော်လည်း အမှီအခိုကင်း၍ သမာသမတ်ကျသော တရားရေးအာဏာပိုင်မှ ပြန်လည်သုံးသပ်ရမည်။

၃။ ရှေ့နေများသည် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ လှုပ်ရှားခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်များရှိသည်။ အထူးသဖြင့် ဥပဒေနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို အများပြည်သူရှေ့မှောက်၌ ဆွေးနွေးရာတွင်ပါဝင်ခွင့်၊ တရားရေးစီမံခန့်ခွဲမှုတွင် ပါဝင်ခွင့်နှင့် ဥပဒေကို ပြန်လည်ပြင်ဆင်ရန် တိုက်တွန်းခွင့်များရှိသည်။

၄။ ရှေ့နေပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရာတွင် ရှေ့နေများအပေါ် အရေးယူမှုများ သို့မဟုတ် ဖိအားပေးမှုဖြင့် ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် ဝေဒနာခံစားရခြင်းများ မရှိစေရ။

၅။ ရှေ့နေများသည် ယင်းတို့အမှုသည်များ အထူးသဖြင့် ချုပ်နှောင်ခံထားရသူများ၊ နှိပ်စက်ခံရသူများနှင့် လွတ်လပ်စွာ အဆက်အသွယ်ပြုလုပ်နိုင်ရမည်။ ပြဋ္ဌာန်းထားသော ရှေ့နေပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ယင်းတို့အမှုသည်များနှင့် သီးသန့်ဆွေးနွေးနိုင်ရန်နှင့် ယင်းတို့အမှုသည်များကို ကိုယ်စားပြုနိုင်ရန် အမှုသည်များနှင့် လွတ်လပ်စွာ အဆက်အသွယ် ပြုလုပ်နိုင်ရမည်။

၆။ ရှေ့နေ-အမှုသည်ဆက်ဆံရေး၏အတွင်းရေးကိုလေးစားလိုက်နာရေးလိုအပ်သည့်အစီအမံများအားလုံး ဆောင်ရွက်ရမည်။ ဤဥပဒေသကို တည်ဆဲဥပဒေနှင့် လိုက်လျောညီထွေဖြစ်မှသာ ခွင့်ပြုရမည်။

၇။ ရှေ့နေပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများအရ တရားရုံး၌ လျှောက်လဲနိုင်သော အရည်အချင်းရှိသည့် ရှေ့နေများအား တရားရုံး၌ အမှုများလျှောက်လဲခြင်းကို ငြင်းပယ်ခြင်းမပြုရ။ ရှေ့နေများသည် ယင်းတို့အမှုသည်များ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ခုခံကာကွယ်စဉ်အတွင်း သက်ဆိုင်ရာ အမှုတွဲများအားလုံးကို ကြည့်ရှုကူးယူခွင့်ရှိရမည်။

၈။ အမှုတစ်ခုတွင် ပါဝင်လျှောက်လဲကြသော ရှေ့နေအားလုံးကို တရားရုံးမှ အညီအမျှ အလေးထားရမည်။

## ဥပဒေသ - ၂။ ဥပဒေပညာရပ်၊ သင်တန်းနှင့် ဥပဒေပညာရပ်ကျွမ်းကျင်မှုသို့ ရောက်ရှိခြင်း

၁။ ဥပဒေပညာရေးကို ရယူပြီးနောက် ဥပဒေပညာရပ်ကျွမ်းကျင်စေရန် ဆက်လက်ဆောင်ရွက်ခြင်းကို ကျား/မ သတ်မှတ်ချက် သို့မဟုတ် ကျား/မ ဦးစားပေးချက်၊ အမျိုးအနွယ်၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်သောဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားယုံကြည်ချက်၊ လူမျိုးရေး သို့မဟုတ် လူမှုအသိုင်းအဝိုင်းမှ ဆင်းသက်လာခြင်း၊ တိုင်းရင်းသား လူနည်းစု အနွယ်ဝင်ဖြစ်ခြင်း၊ ပစ္စည်း ဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားရာဇာတိ သို့မဟုတ် ကိုယ်ကာယ မသန်စွမ်းမှုတို့အရ မငြင်းပယ်ရပါ။

၂။ ဥပဒေပညာရပ်ကျွမ်းကျင်ရေး၏ အခြေခံစံနှုန်းများအတိုင်း ဥပဒေသင်တန်း တက်ရောက်နိုင်ရန်၊ ရှေ့နေကျင့်ဝတ်များ ရရှိကျင့်သုံးနိုင်စေရန်နှင့် ရှေ့နေများ စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်ရန် လိုအပ်သော အစီအမံများအားလုံးကို ဆောင်ရွက်ရမည်။

၃။ ဥပဒေကျွမ်းကျင်မှုများ အားကောင်းလာစေရန်၊ လူမျိုးရေးနှင့် လူ့အခွင့်အရေးကိစ္စများ ပညာပေး ဖြန့်ဝေမှု တိုးတက်လာစေရန်၊ အမှုသည်များ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ရှေ့နေများက လေးစားလိုက်နာရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ မြှင့်တင်ရန်နှင့် ကောင်းမွန်သော တရားရေးဆိုင်ရာ စီမံခန့်ခွဲမှုများအတွက် အထောက်အပံ့ရစေရန် အလို့ငှာ စဉ်ဆက်မပြတ် သင်ယူလေ့လာခြင်း အစီအစဉ်များ အပါအဝင် ဥပဒေပညာရေးကို ရယူကြရမည်။

## ဥပဒေသ -၃။ ရှေ့နေများ၏တာဝန်နှင့် အခန်းကဏ္ဍ

၁။ ရှေ့နေအစည်းအရုံးများ သို့မဟုတ် အခြားသောရှေ့နေအသင်းများသည် ရှေ့နေပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ရှေ့နေကျင့်ထုံးများကိုရေးဆွဲရမည်။ အမှုသည်များ၏ ဥပဒေကြောင်းအရ ရပိုင်ခွင့်ရှိသော အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ခုခံကာကွယ်ရာ၌ ရှေ့နေများမှ အမှီအခိုကင်း၍ မျှတစွာ တစိုက်မတ်မတ် ဆောင်ရွက်ကြရန် အသင်းများက တာဝန်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများအရ ရှေ့နေများသည် ရှေ့နေလုပ်ငန်း၏ အတွင်းရေးများကို လေးစားလိုက်နာရမည်။ အမှုသည်၏ သဘောတူညီချက်မရဘဲ ဤလျှို့ဝှက်ရမည့်အချက်များ ပေါက်ကြားလျှင် သင့်လျော်ရာ အရေးယူမှုများ ခံရမည်။

၃။ ရှေ့နေ၏ အမှုသည်များအပေါ် ထားရှိရမည့် တာဝန်များတွင်-

(က) အမှုသည်များ၏ ဥပဒေကြောင်းအရ ရပိုင်ခွင့်များနှင့် တာဝန်များ၊ အမှု၏ အကျိုးဆက်များနှင့် အနိုင်အရှုံးရလဒ်၊ ငွေကြေးကုန်ကျစရိတ် အပါအဝင်အား အကြံပေးခြင်း။

(ခ) အမှုကို ရင်းရင်းနှီးနှီး ညှိနှိုင်းအဖြေရှာရန် ဦးစွာ ကြိုးပမ်းဆောင်ရွက်ခြင်း။

(ဂ) အမှုသည်များ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်၊ လေးစားလိုက်နာရန်နှင့် တွန်းအားပေးရန် ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်း။

(ဃ) အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့ အငြင်းပွားမှုများကို ရှောင်ကြဉ်ခြင်း။

(င) ယင်းတို့ ကောင်းစွာ စီမံအုပ်ချုပ်နိုင်သည့် ပမာဏထက်ပိုသော အလုပ်များကို လက်မခံခြင်း။

၄။ ရှေ့နေများသည် တရားစီရင်ရေးကဏ္ဍကို လေးစားမှုရှိရမည့်အပြင် ယင်းတို့တာဝန်များကို တရားရုံး၌ ဆောင်ရွက်ကြရာတွင် တည်ဆဲဥပဒေများ၊ အခြားစည်းမျဉ်းများ၊ ရှေ့နေပညာရပ်၏ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေဖြစ်ရမည်။ ရှေ့နေများ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ရှောင်ပြေးခြင်းကြောင့် အမှုသည်များ သို့မဟုတ် ယင်းတို့၏ ဥပဒေ အကျိုးဆောင်မှုကို လိုအပ်သော အခြားသူများ၏ အကျိုးစီးပွား ပျက်ဆီးခြင်းမရှိစေရန် ရှောင်ကြဉ်ရမည်။

**ဥပဒေသ - ၄။ လူပုဂ္ဂိုလ်အားလုံး ရှေ့နေများနှင့်တိုင်ပင်ဆွေးနွေးနိုင်ရေး လမ်းဖွင့်ပေးခြင်း။**

၁။ အမှီအခိုကင်းသော ရှေ့နေများ၏ ထိရောက်စွာ ဥပဒေအကျိုးဆောင်မှုများကို လူပုဂ္ဂိုလ်အားလုံး ရရှိခံစားနိုင်ရန် လိုအပ်သော အစီအမံအားလုံး ဆောင်ရွက်ရမည်။

၂။ စီးပွားရေး အခြေအနေ အားမရှိသော လူပုဂ္ဂိုလ်များအားလည်း ဥပဒေ အကျိုးဆောင်ပေးရန် ရှေ့နေများအား တိုက်တွန်းရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများသည် တရားမျှတမှုကို လူတိုင်း ရရှိခံစားနိုင်စေရန်နှင့် ငွေရေးကြေးရေး ချို့တဲ့သူများ အထူးသဖြင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များ ဆုံးရှုံးနေသူများလည်း ထိရောက်သော ဥပဒေ အကျိုးဆောင်မှုများ ရရှိခံစားနိုင်စေရန် ဆောင်ရွက်ကြရမည်။

၄။ ရှေ့နေစရိတ် အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသည် ပြည်သူ့ရန်ပုံငွေမှလာသည့် အချက်သည် အမှုသည်များအား ဝန်ဆောင်မှုပေးရမည့် ရှေ့နေ တာဝန်ဝတ္တရားများအပေါ် သက်ရောက်မှု မရှိစေရ။

**ဥပဒေသ - ၅။ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရှေ့နေပညာရပ်၏ စံချိန်စံညွှန်းများ အားကောင်းလာစေရန်နှင့် ရှေ့နေများ၏ အမှီအခိုကင်းမှုနှင့် ရှေ့နေအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဒေသခံ ရှေ့နေအသင်းများ၊ ပြည်တွင်းရှေ့နေအသင်းများနှင့် ပြည်ပရှေ့နေအသင်းများကို ရှေ့နေများချည်း သက်သက်ဖြင့်



သော သို့မဟုတ် အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍လည်း အသင်းအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အသင်းအဖွဲ့များသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းများကို ခွင့်ပြုခြင်း၊ တွန်းအားပေးခြင်းများ ပြုလုပ်ရမည်။

၂။ ရှေ့နေအစည်းအရုံးများ သို့မဟုတ် အခြားသော ရှေ့နေပညာကျွမ်းကျင်မှုများ ရှိကြသည့် ရှေ့နေအသင်းအဖွဲ့များသည် အသင်းဝင်ရှေ့နေများကိုယ်တိုင် စီမံခန့်ခွဲသောအသင်းများ ဖြစ်ကြပြီး အာဏာပိုင်များ၊ ပြည်သူများနှင့် အမှီအခိုကင်းရမည်။

၃။ ရှေ့နေအစည်းအရုံးများ သို့မဟုတ် အခြားသော ရှေ့နေပညာရပ် ကျွမ်းကျင်မှုများ ရှိကြသည့် ရှေ့နေအသင်းအဖွဲ့များကို ကာကွယ်စောင့်ရှောက်ခြင်း၊ မလျော်ကန်သော တားမြစ်ပိတ်ပင်မှုများ၊ ထိပါးနှောင့်ယှက်မှုများဖြင့် ယင်းတို့၏ အမှီအခိုကင်းမှုကို ကျူးလွန်ဖောက်ဖျက်ခြင်းမှ ခုခံကာကွယ် ခြင်းများကို လေးစားရမည်။

၄။ ရှေ့နေအစည်းအရုံးများ သို့မဟုတ် အခြားသောရှေ့နေပညာရပ် ကျွမ်းကျင်မှုများရှိကြသည့် ရှေ့နေအသင်းအဖွဲ့များအား ရှေ့နေများ၏ အမှီအခိုကင်းမှုကို အာမခံပေးရန် တိုက်တွန်းရမည်။ ထိုအာမခံမှုများတွင်

(က) ကြောက်ရွံ့မှုကင်းစွာဖြင့် တရားမျှတမှုအား ကြိုးပမ်းမြှင့်တင်ရန်။

(ခ) လူ့အဖွဲ့အစည်းတွင် ရှေ့နေများ၏ အခန်းကဏ္ဍကို ခုခံကာကွယ်ရန်နှင့် အထူးသဖြင့် ရှေ့နေများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် ဖြောင့်မတ်မှန်ကန်မှုကို ထိန်းသိမ်းထားရန်။

(ဂ) စီးပွားရေးအခြေအနေအား မရှိသော လူပုဂ္ဂိုလ်များလည်း တရားမျှတမှုကို ရရှိခံစားနိုင်စေရေး ရှေ့နေများ၏ ပါဝင်ကူညီဆောင်ရွက်မှုကို မြှင့်တင်ရန် အထူးသဖြင့် ဥပဒေဆိုင်ရာ အကူအညီများနှင့် အကြံဉာဏ်များပေးရန်။

(ဃ) ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ တည်ဆဲဥပဒေများနှင့် အဆိုပြုထားသော ဥပဒေများအပေါ် ထောက်ပြဆွေးနွေးခြင်းများကို ထောက်ပံ့မြှင့်တင်ပေးရန်။

(င) အသင်းဝင် ရှေ့နေများ၏ သက်သာချောင်ချိရေး ကိစ္စရပ်များကို မြှင့်တင်ပေးရန်၊ အသင်းဝင်ရှေ့နေများ သို့မဟုတ် ယင်းတို့၏ မိသားစုများက အကူအညီ လိုအပ်နေသော အခြေအနေများတွင် ကူညီထောက်ပံ့ပေးရန်။

(စ) အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ရှေ့နေအသင်းများ၊ အစိုးရများနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သူများနှင့်ဆိုင်သော အပြည်ပြည် ဆိုင်ရာ အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာကြည့်ရှု၍ ရှေ့နေများ၏ အခန်းကဏ္ဍကိုမြှင့်တင်ရေးအတွက် အခြားနိုင်ငံများမှ ရှေ့နေများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

(ဆ) ရှေ့နေများနှင့် စပ်လျဉ်းသည့် ဖြစ်နိုင်သမျှ အမြင့်ဆုံး စံချိန်စံညွှန်းများကို ဖော်ထုတ် မြှင့်တင်ပေးရန် ၊ ရှေ့နေကျင့်ထုံးဆိုင်ရာ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ရှေ့နေများက လေးစားလိုက်နာစေရေး ကာကွယ်စောင့်ရှောက်သွားရန်။

၅။ ရှေ့နေအစည်းအရုံးများ သို့မဟုတ် အခြားသော ရှေ့နေပညာရပ် ကျွမ်းကျင်မှုများရှိကြသည့် ရှေ့နေအသင်းအဖွဲ့များသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှေ့နေအကျိုးစီးပွားများအား ခုခံကာကွယ်ခြင်းများ အပါအဝင် လိုအပ်သမျှ အစီအမံများကို ပြုလုပ်ကြရမည်။

(က) ရှေ့နေတစ်ဦးဦးအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍

(ခ) ရှေ့နေတစ်ဦးဦး၏ ဖြောင့်မတ်မှန်ကန်မှုကို စစ်ဆေးမေးမြန်းရန် ချမှတ်သည့် မည်သည့် ဆုံးဖြတ်ချက်မဆိုနှင့်စပ်လျဉ်း၍

(ဂ) ရှေ့နေများ၏ ခန္ဓာကိုယ် သို့မဟုတ် ပစ္စည်းဥစ္စာများအပေါ် မည်သည့် ရှာဖွေစစ်ဆေးမှု ကိုမဆို

(ဃ) ရှေ့နေတစ်ဦးဦး ပိုင်ဆိုင်သည့် စာရွက်စာတမ်းများ သို့မဟုတ် အရာဝတ္ထုအပေါ် မည်သည့် လက်ရောက်ရယူမှုကိုမဆို

(င) သတင်းမီဒီယာ အစီရင်ခံစာများအား ရှေ့နေများကိုယ်စား ဖြန့်ချိခြင်း။

**ဥပဒေသ - ၆။ စည်းကမ်းထိန်းသိမ်းရန်ကြားနာစစ်ဆေးခြင်းများ**

၁။ ရှေ့နေအစည်းအရုံးများသည် အခြားရှေ့နေများ သို့မဟုတ် ဥပဒေပြုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ပြဋ္ဌာန်းထားသော ရှေ့နေကျင့်ဝတ်စံချိန်စံညွှန်းများနှင့်အညီ ပြုမူဆောင်ရွက်မှု မရှိသည့် ရှေ့နေများအား စည်းကမ်းထိန်းသိမ်းရန် တရားစွဲဆို စစ်ဆေးမှုများ အပါအဝင် သင့်လျော်သော အရေးယူမှုများ ပြုလုပ်ရမည်။

၂။ ရှေ့နေအစည်းအရုံးများ သို့မဟုတ် အခြားသော ရှေ့နေပညာ ကျွမ်းကျင်မှုများရှိကြသည့် ရှေ့နေအသင်းအဖွဲ့များသည် ရှေ့နေများအား စည်းကမ်းထိန်းသိမ်းရန် တရားစွဲဆိုစစ်ဆေးမှုများ အတွက် တာဝန်ရှိသည် သို့မဟုတ် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၃။ စည်းကမ်းထိန်းသိမ်းရန် တရားစွဲဆို စစ်ဆေးမှုများကို လူ့အခွင့်အရေးဆိုင်ရာ ဥရောပညီလာခံ၌ ပြဋ္ဌာန်းထားသော ဥပဒေသများ၊ နည်းဥပဒေသများအား အပြည့်အဝလေးစားလိုက်နာသော အားဖြင့်သာ ဆောင်ရွက်ရမည်။ ထိုဥပဒေသများနှင့် နည်းဥပဒေသများတွင် တရားစွဲဆိုခံရသော ရှေ့နေ၏ ရပိုင်ခွင့်များအား လေးစားရန်နှင့် တရားစီရင်ရေးအာဏာပိုင်၏ သုံးသပ်ချက်အရသာ စီရင်ဆုံးဖြတ်ရန် တို့လည်းပါဝင်သည်။

၄။ စည်းမျဉ်းစည်းကမ်းချိုးဖောက်သူ ရှေ့နေများအား အရေးယူအပြစ်ပေးရာတွင် ပြစ်မှုနှင့် ပြစ်ဒဏ် မျှတစေရမည်ဟူသည့် ဥပဒေသကို လေးစားလိုက်နာရမည်။



## ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၌ အစိုးရရှေ့နေများ၏ အခန်းကဏ္ဍအား အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့်ကော်မတီမှ အကြံပြုချက် R(2000) 19.

*(၂၀၀၀ ခုနှစ် အောက်တိုဘာလ ၆ ရက်၊ ၇၂၄ ကြိမ်မြောက် ဒုတိယဝန်ကြီးအစည်းအဝေးတွင် ဝန်ကြီး အဆင့်ကော်မတီမှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။)*

---

ဥရောပကောင်စီ ဝန်ကြီးအဆင့်ကော်မတီမှ ပြဋ္ဌာန်းထားသော ပုဒ်မ ၁၅-ခ အရ-

ဥရောပကောင်စီ၏ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုစည်းလုံးညီညွတ်မှုရှိစေရန် ဖြစ်သည်ကို ပြန်လည်စဉ်းစား၍။

ဒီမိုကရေစီ၏ အခြေခံစစ်မှန်သော အနှစ်သာရများအားလုံးပါဝင်သည့် တရားဥပဒေစိုးမိုးရေးအား မြှင့်တင်ရန်သည် ဥရောပကောင်စီ၏ ရည်ရွယ်ချက်ဖြစ်သည်ကို စိတ်နှလုံးသွင်း၍။

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်သည် တရားဥပဒေစိုးမိုးမှုကို ကာကွယ်စောင့်ထိန်းရာ၌ အဓိကအခန်းမှ ပါဝင်သည်ကို စဉ်းစား၍။

နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့် ရာဇဝတ်မှုများ တိုက်ဖျက်ရေးအဆင့်မြှင့်တင်ရန် အဖွဲ့ဝင်နိုင်ငံ များအားလုံး၌ လိုအပ်နေသည်ကို သိရှိ၍။

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ရေး သဘောတူစာချုပ်များ တွင်ပြဋ္ဌာန်းခဲ့သောဥပဒေသများအားကာကွယ်စောင့်ထိန်းရင်းပြစ်မှုဆိုင်ရာနိုင်ငံတော်တရားစီရင်ရေးစနစ် သာမက ရာဇဝတ်မှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများပါ ထိရောက် တိုးတက်ရမည်ဟုစဉ်းစား၍။

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နှင့် ရာဇဝတ်မှုနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများတွင် အစိုးရရှေ့နေများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်ကို သိရှိ၍။

အဖွဲ့ဝင်နိုင်ငံများအတွင်း အစိုးရရှေ့နေများဆိုင်ရာ ဥပဒေသများကို တူညီစွာအဓိပ္ပာယ်ဖွင့်ကြရေး တွန်းအားပေးရမည်ကို သိရှိ၍။

ဝန်ကြီးအဆင့်ကော်မတီမှ မွေးစားခဲ့သည့် ရာဇဝတ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေသများနှင့် နည်းဥပဒေများအားလုံးကို အက္ခရာဖြင့် မှတ်တမ်းတင်၍။

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၌ အစိုးရရှေ့နေများ၏ ကဏ္ဍနှင့်စပ်လျဉ်းသည့် ဥပဒေပြုမှုများ၊ ဥပဒေ ကျင့်ထုံးမှုများအား အောက်ပါဥပဒေသများ အပေါ် အခြေခံရန် အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများအား အကြံပေး၍။

## အစိုးရရှေ့နေ၏ လုပ်ငန်းတာဝန်များ

၁။ အစိုးရရှေ့နေများသည် အစိုးရအာဏာပိုင်များဖြစ်ပြီး ပြည်သူ့ကိုယ်စား၊ ပြည်သူ့အကျိုးအတွက် ဥပဒေများ အသုံးပြု၍ ပြစ်မှုကျူးလွန်သူများကို ရာဇဝတ်ကြောင်းအရ အရေးယူရာတွင် လူပုဂ္ဂိုလ် တစ်ဦး ချင်းစီ၏ အခွင့်အရေးများနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၏ ထိရောက်မှုရှိရန် လိုအပ်ပုံများကို အလေး ထားကြရမည်။

၂။ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အားလုံးတွင် အစိုးရရှေ့နေများသည်

- စွဲချက်တင်မှုများကို အစပျိုးဆောင်ရွက်မည် သို့မဟုတ် ဆက်လက်စွဲချက်တင် ဆောင်ရွက်မည်ကို ဆုံးဖြတ်ရမည်။
- တရားရုံးများ၌ စွဲချက်တင်ခြင်းကို ပြုလုပ်ရမည်။
- တရားရုံး၏ စီရင်ဆုံးဖြတ်ချက်အားလုံး သို့မဟုတ် အချို့နှင့်စပ်လျဉ်း၍ အယူခံဝင်နိုင်သည် သို့မဟုတ် အယူခံဝင်ရေး ဆောင်ရွက်သည်။

၃။ အချို့သောပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များတွင် အစိုးရရှေ့နေများသည်

- ပြစ်မှုဆိုင်ရာ နိုင်ငံတော်အဆင့်မူဝါဒများကို လိုက်နာကျင့်သုံးရမည်။ သင့်လျော်ပါက တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်၊ မြို့နယ်အဆင့်များတွင်ပါ ထိုမူဝါဒများကို အသုံးပြုရမည်။
- စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရမည်၊ လမ်းညွှန်ရမည် သို့မဟုတ် ကြီးကြပ်ကွပ်ကဲရမည်။
- တရားခံများကို ထိရောက်စွာ အကူအညီပေးရန် အာမခံရမည်။
- စွဲချက်တင်မည်၊ အခြားနည်းလမ်းများဖြင့် ဆောင်ရွက်မည် စသည်ဖြင့် ဆုံးဖြတ်ရမည်။
- တရားရုံး၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ကွပ်ကဲရမည်။
- စသည်ဖြင့်

## အစိုးရရှေ့နေများအား ယင်းတို့လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်မှုများပေးခြင်း

၄။ နိုင်ငံတော်သည် အစိုးရရှေ့နေများ ယင်းတိုလုပ်ငန်းတာဝန်များကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်စေရန် ထိရောက်သော အစီအမံများဖြစ်သည့် ဥပဒေအရ အဖွဲ့အစည်းဆိုင်ရာ အခြေအနေများအရ နှင့် အထောက်အပံ့ အလုံအလောက်ပေးထားသော အခြေအနေများအရ အထူးသဖြင့် ငွေကြေး ရန်ပုံငွေ အခက်အခဲကြောင့် ထုခွဲရောင်းချခြင်းများ မဖြစ်စေရန် အာမခံရမည်။ ဤအခြေအနေများကို အစိုးရရှေ့နေများ၏ ကိုယ်စားလှယ်များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်၍ ပြဋ္ဌာန်းသတ်မှတ်ထားရမည်။



၅။ နိုင်ငံတော်သည်

(က) အစိုးရရှေ့နေများအား ရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် အလုပ်/တာဝန် လွှဲပြောင်းပေးခြင်းများအား ဆောင်ရွက်ရာတွင် သမာသမတ်ကျ၍ မျှတသော လုပ်ထုံးလုပ်နည်းများအရသာ အရေးပါသော လူအုပ်စုများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းများအား တားမြစ်၍ ခွဲခြားဆက်ဆံသည့် အခြေခံအချက်များဖြစ်သည့် ကျား/မ သတ်မှတ်ချက်၊ လူမျိုး၊ အသားအရောင်၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားသော ထင်မြင်ယူဆချက်၊ အမျိုးသားရေး သို့မဟုတ် လူမှုရေးနောက်ခံရှိခြင်း၊ တိုင်းရင်းသားလူနည်းစု အသင်းဝင်ဖြစ်ခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားရာဇာတိ သို့မဟုတ် အခြားသော အခြေအနေများအား ထည့်သွင်းစဉ်းစားမှုမပြုပဲ ဆောင်ရွက်ရမည်။

(ခ) အစိုးရရှေ့နေများ၏ ရာထူးသက်တမ်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် အလုပ်/တာဝန် ပြောင်းရွှေ့ချထားပေးခြင်းများအား စီမံခန့်ခွဲရာတွင် အများသိရှိပြီးဖြစ်သော အပြုသဘောစံသတ်မှတ်ချက်များဖြစ်သည့် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများအား အခြေခံ၍သာ ဆောင်ရွက်ရမည်။

(ဂ) အစိုးရရှေ့နေများအား အလုပ်/တာဝန်ပြောင်းရွှေ့ချထားခြင်းသည် လုပ်ငန်း လိုအပ်ချက်အရသာ ဖြစ်ရမည်။

(ဃ) အစိုးရရှေ့နေများအား သင့်လျော်သော ခံစားခွင့်အခြေအနေများ ဖြစ်ကြသည့် လစာ၊ ရာထူးသက်တမ်းနှင့် ပင်စင်ခံစားခွင့်များကို အငြိမ်းစားယူရန် သင့်လျော်သော အသက်အရွယ်နှင့် ယင်းတို့၏ အရေးပါမှု အတိုင်းအတာအရ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်း ပေးရမည်။

(င) အစိုးရရှေ့နေများအား စည်းကမ်းထိန်းသိမ်းရန် တရားစွဲဆိုစစ်ဆေးရမည့် အခြေအနေများကို ဥပဒေ၌ ပြဋ္ဌာန်းထားရမည်။ ထိုစစ်ဆေးမှုသည် မျှတ၍ အပြုသဘောဆန်သော ဆုံးဖြတ်ချက်များဖြစ်ရန် အာမခံရမည့်အပြင် အမှီအခိုကင်းပြီး သမာသမတ်ကျသော သုံးသပ်ချက်များအရသာ ဖြစ်ရမည်။

(စ) အစိုးရရှေ့နေများသည် ကျေနပ်ဖွယ်ရာကောင်းသော လုပ်ထုံးလုပ်နည်းများကို ခံစားခွင့်ရှိရမည်။ ထိုလုပ်ထုံးလုပ်နည်းများသည် ဥပဒေကြောင်းအရ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များကို ထိခိုက်လာပါက သမာဓိခုံအဖွဲ့သို့ တင်ပြခွင့်များ ပါဝင်သည်။

(ဆ) လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်သောကြောင့် ပုဂ္ဂိုလ်ရေး လုံခြုံမှုကို ခြိမ်းခြောက်ခံရသော အစိုးရရှေ့နေများနှင့် ယင်းတို့၏ မိသားစုများကို အာဏာပိုင်များမှ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများပေးရမည်။

၆။ နိုင်ငံတော်သည် အစိုးရရှေ့နေများ၏ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်များကို အာမခံနိုင်ရေး အစီအမံများပြုလုပ်ရမည်။ အထူးသဖြင့် တရားရေးစီမံခန့်ခွဲမှုကိစ္စရပ်များ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုနှင့် မြှင့်တင်

ရေးကိစ္စရပ်များ၊ ဥပဒေနှင့်ဆိုင်သောကိစ္စရပ်များအား ပြည်သူလူထုအကြား ချပြဆွေးနွေးရာတွင် ပါဝင်ခွင့်ရှိသည်။ နိုင်ငံတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့် သို့မဟုတ် အဖွဲ့အစည်းများတည်ထောင်ခွင့်နှင့် ထိုအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပြီး ထိုဥပဒေနှင့်အညီ ဆောင်ရွက်မှုများကြောင့် သို့မဟုတ် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သောကြောင့် အစိုးရရှေ့နေအဖြစ် လုပ်ကိုင်ခြင်း အားမကောင်းကျိုးသက်ရောက်ခြင်းမရှိစေရ။ အထက်တွင်ဖော်ပြထားသောအခွင့်အရေးများကို ဥပဒေ ပြဋ္ဌာန်းချက်များအရသာ ကန့်သတ်နိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ [255] ၌ သတ်မှတ်ထားသော အစိုးရရှေ့နေများ၏ အခန်းကဏ္ဍကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်းလိုအပ်သည်။ အထက်ပါ အခွင့်အရေးများကို ချိုးဖောက်ခံရလျှင် ထိရောက်သောကုစားမှုများကို ရရှိခံစားစေရမည်။

၇။ အမြိတမ်းရာထူးအတွက် ခန့်အပ်ခြင်းမခံရမီကပင် သင်တန်းသည် အစိုးရရှေ့နေများအတွက် တာဝန်နှင့်အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်သည် အစိုးရရှေ့နေများအား ရာထူး မခန့်အပ်မီနှင့် ခန့်အပ်ပြီးနောက်ပိုင်းတွင် ကောင်းမွန်သောပညာရေးနှင့် သင်တန်းများ ရရှိခံစား ကြစေရန် ထိရောက်သော ဆောင်ရွက်မှုများပြုလုပ်ရမည်။ အထူးသဖြင့် အစိုးရရှေ့နေများအား အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဗဟုသုတများ ရရှိစေရမည်။

(က) အစိုးရရှေ့နေရုံး၏ မွေးရာပါ တာဝန်ဝတ္တရားများနှင့် စည်းမျဉ်းစည်းကမ်းများ၊

(ခ) သံသယတရားခံများ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများနှင့် သက်သေများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာနှင့် တရားရေးဆိုင်ရာကာကွယ်စောင့်ရှောက်မှုများ ပေးခြင်း၊

(ဂ) လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ရေး သဘောတူစာချုပ်ပါ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၊ အထူးသဖြင့် သဘောတူစာချုပ် ပုဒ်မ ၅ နှင့် ၆ တွင် ဖော်ပြထားသော အခွင့်အရေးများ

(ဃ) တရားစီရင်ရေးကဏ္ဍအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဆိုင်ရာ ဥပဒေသများနှင့် လက်တွေ့ကျင့်ထုံးများ

(င) အစိုးရရှေ့နေများ၏ လုပ်ငန်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ရှိစေရေး လိုအပ်သည့် အုပ်ချုပ်မှုစနစ်များနှင့် အထောက်အကူပစ္စည်းများ

ထို့အပြင် ယနေ့ခေတ်အခြေအနေများအရ အထူးသဖြင့် ရာဇဝတ်မှု အမျိုးအစားများ၊ ပြစ်မှုများတိုးတက် ဖြစ်ပေါ်လာပုံတို့နှင့်စပ်လျဉ်းပြီး ပြစ်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိလာသည့်အလျောက် အထူးကိစ္စရပ်များ သို့မဟုတ် သီးသန့်ကဏ္ဍများအတွက် အစိုးရရှေ့နေများအား ထပ်တိုးသင်တန်းများ ပေးနိုင်ရေး၊ နိုင်ငံတော်မှ ထိရောက်သော ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

255 The word "constitutional" is used here with reference to the legally established aims and powers of the- public prosecutor, not to the Constitution of any state.



၈။ ပြစ်မှုပုံစံအမျိုးမျိုး တိုးတက်ဖြစ်ပေါ်နေမှု အထူးသဖြင့် စနစ်တကျ ပြစ်မှုကျူးလွန်မှုများကို ကောင်းစွာ သိရှိကိုင်တွယ်နိုင်ရန် ပြစ်မှုဆိုင်ရာ အထူးနားလည်ကျွမ်းကျင်မှုကို အရေးတကြီး လိုအပ်လာပြီဟုမြင်ရမည်။ သို့ဖြစ်၍ အစိုးရရှေ့နေများအသင်းများ၏ ဆောင်ရွက်မှုများ၊ သင်တန်းများ၊ လုပ်ငန်းခွင် တိုးတက်ရာ တိုးတက်ကြောင်းများသည် အရေးကြီးနေပြီဖြစ်သည်။ ပညာရှင်မျိုးစုံ ပါဝင်သော အဖွဲ့များ ဖွဲ့စည်း၍ အစိုးရရှေ့နေများ ယင်းတို့လုပ်ငန်းတာဝန်များကို ကောင်းစွာ ဆောင်ရွက်နိုင်ရေး ကူညီပေးရမည်ဖြစ်သည်။

၉။ အစိုးရရှေ့နေများအသင်းများအား ယင်းတို့၏ အသင်းအဖွဲ့လုပ်ငန်း တာဝန်များနှင့်စပ်လျဉ်း၍ အထူးသဖြင့်အမှုများ တာဝန်ပေးခြင်းနှင့် ပြန်လည်၍တာဝန်ပေးခြင်းများသည် အစိုးရရှေ့နေများ၏ သမာသမတ်ကျရေး၊ အမှီအခိုကင်းရေး လိုအပ်ချက်နှင့် ကိုက်ညီရမည့်အပြင် ပြစ်မှုဆိုင်ရာ တရားစီရင် ဆုံးဖြတ်မှုစနစ် ကောင်းစွာ လည်ပတ်နိုင်ရေး မြှင့်တင်နိုင်ရမည်။ အထူးသဖြင့် အမှုကိစ္စတစ်ခုချင်းစီအတွက် လုံးလုံးလျားလျား လိုအပ်သော ဥပဒေကျွမ်းကျင်မှု အရည်အချင်းများနှင့် အထူးကျွမ်းကျင်မှုများ ဖြစ်ရမည်။

၁၀။ အစိုးရရှေ့နေသည် သူ သို့မဟုတ် သူမ အား စာဖြင့်သာ ညွှန်ကြားချက်ပေးရန် မေတ္တာရပ်ခံခွင့်ရှိသည်။ အကယ်၍ သူ သို့မဟုတ် သူမ သို့ ညွှန်ကြားမှုများသည် တရားမဝင်ကြောင်း သို့မဟုတ် သူ သို့မဟုတ် သူမ၏ ဝေဖန်ပိုင်းခြားနိုင်စွမ်းအရ မဖြစ်နိုင်ဟု ယုံကြည်ပါက ဌာနတွင်း စစ်ဆေးမေးမြန်းမှု အလုံအလောက်ရရှိနိုင်ပြီး ထိုကိစ္စသည် သူ သို့မဟုတ် သူမအား လုပ်ငန်းတာဝန်မှ တဖြည်းဖြည်းချင်း ဖယ်ထုတ်ခြင်း သို့ ဦးတည်လာနိုင်သည်။

**အစိုးရရှေ့နေများ ၊ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဥပဒေပြုရေး အာဏာပိုင်များအကြား ဆက်ဆံရေး**

၁၁။ အစိုးရရှေ့နေသည် တရားမမျှတစွာ ဝင်ရောက် ကြားနာ စစ်ဆေးမှု သို့မဟုတ် တရားမမျှတစွာ တရားမကြောင်းအရ၊ ရာဇဝတ်ကြောင်းအရ သို့မဟုတ် အခြားသောလုပ်ပိုင်ခွင့်များအရ စွဲချက်တင်မှုများ မခံရဘဲ ယင်းတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သော အစီအမံများကို နိုင်ငံတော်မှ ဆောင်ရွက်ရမည်။ သို့ရာတွင် အစိုးရရှေ့နေရုံး သည် ယင်း၏လုပ်ငန်းတာဝန်တစ်ရပ်လုံးနှင့် အထူးသဖြင့် ဦးစားပေးလုပ်ငန်းရပ်များ ချမှတ် ဆောင်ရွက်ရာ၌ လူသိရှင်ကြား ပုံမှန် အစီရင်ခံရမည်။

၁၂။ အစိုးရရှေ့နေများသည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာ၏ လုပ်ပိုင်ခွင့်များကို ကြားဝင်နှောက်ယှက်ခြင်း မပြုလုပ်ရ။

၁၃။ အစိုးရရှေ့နေရုံးသည် အစိုးရ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သောအခါ အစိုးရသည် ထိရောက်သော အစီအမံများချမှတ်၍

(က) အစိုးရရှေ့နေရုံးအပေါ် အစိုးရ၏ အာဏာသက်ရောက်မှု အတိုင်းအတာနှင့် သဘာဝကို ဥပဒေ၌ ပြဋ္ဌာန်းရမည်။

(ခ) အစိုးရသည် ယင်း၏အာဏာများကို ပွင့်လင်းမြင်သာရှိစွာဖြင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ နိုင်ငံတော်ဥပဒေများ၊ အထွေထွေဥပဒေသများနှင့်အညီ ကျင့်သုံးရမည်။

(ဂ) အစိုးရသည် ညွှန်ကြားချက်များပေးရမည်။ ထိုညွှန်ကြားချက်များကို စာဖြင့် အပြည့်အစုံ ရေးသားထုတ်ပြန်ရမည်။

(ဃ) အစိုးရသည် အစိုးရရှေ့နေရုံးအား အထူးအမှုတစ်ခုကို ကြားနာစစ်ဆေးရန် ညွှန်ကြားချက် ထုတ်ပိုင်ခွင့်ရှိသည်။ ဤညွှန်ကြားချက်သည် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်ညီညွတ်ရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုအား လေးစားလိုက်နာသော အာမခံချက် အလုံအလောက်ပါရှိရမည်။ တည်ဆဲအစိုးရသည် ဥပမာ အားဖြင့်-

- ဂါရင့်အစိုးရရှေ့နေ သို့မဟုတ် အစိုးရရှေ့နေလုပ်ငန်းဆောင်ရွက်နေသူထံမှ စာဖြင့်သဘောတူညီချက် ဦးစွာရယူရမည်။
- အထူးသဖြင့် အစိုးရရှေ့နေ၏ အကြံဉာဏ်အတိုင်း မလုပ်လိုပဲ ရာထူးကြီးငယ်အလိုက်သာ အဆင့်ဆင့်ဆက်လက် ညွှန်ကြားဆောင်ရွက်စေသည့်အခါ စာဖြင့်ရေးထားသော ညွှန်ကြားချက်များကို ကောင်းစွာ ရှင်းပြရမည်။
- ကြားနာစစ်ဆေးမှု မစတင်မီ၌ ဤအကြံဉာဏ်များနှင့် ညွှန်ကြားချက်များကို ဖိုင်တွဲထားရမည်။ သို့မှသာ အခြားတာဝန်ရှိသူများလည်း ရယူကြည့်ရှုနိုင်ပြီး အကြံဉာဏ်များပေးနိုင်ပေမည်။

(င) အစိုးရရှေ့နေများသည် ယင်းတို့အား စာဖြင့်ညွှန်ကြားချက်များအတိုင်း ရေးသားတင်ပြရန် တာဝန်ရှိစေကာမူ တရားရေးဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ယင်းတို့စိတ်ကြိုက်ရွေးချယ်၍ တရားရုံးသို့ လွတ်လပ်စွာ တင်ပြနိုင်ကြသည်။

(စ) အမှုတစ်ခုတွင် ဝင်ရောက်ကြားနာစစ်ဆေးမှုမပြုရန် ညွှန်ကြားချက်များပေးခြင်းကို ဥပဒေ၌ တားမြစ်ထားသည်။ အမှုနှင့်မဆက်စပ်ပါက ဤညွှန်ကြားချက်များကို ထူးခြားကိစ္စဟု မှတ်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း စာပိုဒ် (ဃ) နှင့် (င) ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရမည့်အပြင် ပွင့်လင်းမြင်သာမှုကို အာမခံသည့် အမြင်ဖြင့် သင့်လျော်သော ကွပ်ကဲမှုရှိရမည်။

၁၄။ အစိုးရနှင့် အစိုးရရှေ့နေများအကြား အမှီအခိုကင်းနေသော နိုင်ငံများတွင် အစိုးရရှေ့နေများ၏ အမှီအခိုကင်းမှု သဘာဝနှင့် အတိုင်းအတာကို ဥပဒေဖြင့်ပြဋ္ဌာန်းနိုင်ရေးအတွက် ထိရောက်သော အစီအမံများကို နိုင်ငံတော်မှ ချမှတ်ရမည်။

၁၅။ ပြစ်မှုဆိုင်ရာ မူဝါဒများ၏ မျှတမှုနှင့် ထိရောက်မှုကို မြှင့်တင်ရန် အစိုးရရှေ့နေများသည် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ရမည်။



၁၆။ အစိုးရရှေ့နေများသည် အထူးသဖြင့် အဂတိလိုက်စားခြင်း၊ လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားခြင်း၊ လူ့အခွင့်အရေးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေမှ အသိအမှတ်ပြုထားသော အခြားရာဇဝတ်မှုများအား အလွန်အမင်း ကျူးလွန်ဖောက်ဖျက်ခြင်းစသည့် အစိုးရဝန်ထမ်းများ ကျူးလွန်သည့် မည်သည့်အမှုကိုမဆို ဟန့်တားပိတ်ပင်ခြင်းမပြုပဲ ကြားနာစစ်ဆေးရမည်။

၁၇။ အစိုးရရှေ့နေများ၏ တရားဝင်အခွင့်အရေးများ၊ အတွေ့အကြုံများနှင့် အခန်းကဏ္ဍများကို ဥပဒေ၌ ပြဋ္ဌာန်းထားသည့်နည်းတူ တရားရုံးတရားသူကြီးများ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုအပေါ် ဥပဒေကြောင်းအရ သံသယမရှိနိုင်စေရေး သင့်လျော်သော အစီအမံများကို အစိုးရမှချမှတ်ထားရမည်။

၁၈။ အကယ်၍ တရား ရေး စနစ်မှခွင့်ပြုလျှင် နိုင်ငံတော်သည် လူပုဂ္ဂိုလ်တစ်ဦးတည်းကိုပင် အစိုးရရှေ့နေတာဝန်များနှင့် တရားသူကြီးတာဝန်များကို အပြန်အလှန်ချမှတ်နိုင်ရန် လိုအပ်သော အစီအမံများ ပြုလုပ်ရမည်။ ထိုသို့ပြောင်းလဲတာဝန်ချမှတ်ခြင်းသည် သက်ဆိုင်ရာပုဂ္ဂိုလ် ကိုယ်တိုင်၏မြင့်မြင့်မားမားတောင်းဆိုမှုအရသာ လုံခြုံရေးအစီအမံများကိုလေးစားလိုက်နာသောအားဖြင့် ဆောင်ရွက်ရမည်။

၁၉။ အစိုးရရှေ့နေများသည် တရားသူကြီးများ၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုကို တိတိကျကျ လေးစားလိုက်နာရမည်။ အထူးသဖြင့် တရားစီရင်ဆုံးဖြတ်ချက်များအပေါ် သံသယမဝင်ရမည့်အပြင် တရားစီရင်ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရာတွင် မနှောင့်နှေးစေရ။ အယူခံဝင်ခွင့်အတွက် ဆောင်ရွက်ရာတွင် သို့မဟုတ် အခြားသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအား ဆောင်ရွက်ရာတွင် အချိန်ရ ရပါမည်။

၂၀။ အစိုးရရှေ့နေများသည် တရားရုံး၌ တရားစွဲဆိုရာတွင် အပြုသဘောဆောင်၍ မျှတမှုရှိရမည်။ အထူးသဖြင့် မျှတသောတရားရေး စီမံခန့်ခွဲမှုများဖြစ်စေရန် အမှုနှင့်ဆိုင်သော အချက်အလက်အားလုံးနှင့် ဥပဒေကြောင်းအရ အငြင်းပွားမှုများကို တရားရုံးသို့တင်ပြရမည်။

## အစိုးရရှေ့နေများ နှင့် ရဲတပ်ဖွဲ့များအကြား ဆက်ဆံရေး

၂၁။ သာမန်အားဖြင့် အစိုးရရှေ့နေများသည် တရားစွဲဆိုမှုအား စတင်ဆောင်ရွက်မည် သို့မဟုတ် ဆက်လက်ဆောင်ရွက်မည်ကို ဆုံးဖြတ်သောအခါ ရဲများ၏ စုံစမ်းစစ်ဆေးမှုများအား ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ ကို နောက်ဆုံးထား စစ်ဆေးရသည်။ ဤသို့လျှင် အစိုးရရှေ့နေများသည် ရဲများ၏ လူ့အခွင့်အရေး စောင့်ရှောက်မှုကို စောင့်ကြည့်သုံးသပ်နိုင်ကြသည်။

၂၂။ ရဲတပ်ဖွဲ့ကို အစိုးရရှေ့နေရုံး၏ အုပ်ချုပ်မှုအောက်တွင် ထားလိုသည့် သို့မဟုတ် အစိုးရရှေ့နေမှ ရဲများ၏ စုံစမ်းစစ်ဆေးမှုများကို ဦးစီးဦးရွက်ပြုရသည့် သို့မဟုတ် ကြီးကြပ်ကွပ်ကဲရသည့် နိုင်ငံများတွင် အစိုးရရှေ့နေများ အောက်ပါကိစ္စများကို ဆောင်ရွက်နိုင်ရန် ထိရောက်သော အစီအမံများကို နိုင်ငံတော်မှ ဆောင်ရွက်ရမည်။

(က) ပြစ်မှုဆိုင်ရာမှုဂါဒကို အဓိကအလေးထားဆောင်ရွက်ရေး ရှုထောင့်မှနေ၍ မည်သည့် အမှုအမျိုးအစားကို ဦးစွာကိုင်တွယ်ဆုံးဖြတ်ရမည်ကို ဆုံးဖြတ်ခြင်း၊ သက်သေရှာဖွေစုဆောင်းရသည့် အကြောင်းရင်းများ၊ အသုံးပြုရမည့် ဂန်ထမ်းအင်အား၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည့် အချိန်ကာလ၊ အစိုးရရှေ့နေအားပေးရမည့် အချက်အလက်များ စသည်နှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့အား သင့်လျော်သော ညွှန်ကြားချက်များပေးခြင်း။

(ခ) ရဲဌာနများစွာ ရှိနေသောအခါ အမှုများကို အသင့်တော်ဆုံးဌာနသို့ ခွဲဝေ ချထားပေးခြင်း။

(ဂ) ညွှန်ကြားချက်များနှင့် ဥပဒေ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန် လိုအပ်သော လေ့လာဆန်းစစ်မှုများနှင့် ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ခြင်း။

(ဃ) တဖြည်းဖြည်းချင်း ကျူးကျော် ဖောက်ဖျက်မှုများအား အရေးယူခြင်း သို့မဟုတ် အရေးယူမှုတိုးမြှင့်ခြင်းအား သင့်တော်သလို ဆောင်ရွက်ခြင်း။

၂၃။ ရဲဌာနသည် အစိုးရရှေ့နေရုံးနှင့် အမှီအခိုကင်းသောအခါတွင် ထိုအဖွဲ့အစည်းနှစ်ခုအကြား လုပ်ငန်းသဘောအရ သင့်တော်သော ပူးပေါင်းဆောင်ရွက်မှုများရှိနေစေရန် အစိုးရမှ ထိရောက်သော အစီအမံများ ဆောင်ရွက်ရမည်။

## အစိုးရရှေ့နေများမှ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ အပေါ် ပြုမူ ဆောင်ရွက်ရမည့် လုပ်ငန်းတာဂန်များ

၂၄။ အစိုးရရှေ့နေများသည် ယင်းတို့ လုပ်ငန်းတာဂန်များကို ဆောင်ရွက်ရာတွင် အထူးသဖြင့်-

(က) မျှတစွာ၊ သမာသမတ်ကျစွာနှင့် အပြုသဘောအရ တာဂန်များကို ဆောင်ရွက်ရမည်။

(ခ) လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် သတ်မှတ်ပြဋ္ဌာန်းထားသော လူ့အခွင့်အရေးများကို လေးစားလိုက်နာ ကာကွယ် စောင့်ရှောက်ရမည်။

(ဂ) ပြစ်မှုဆိုင်ရာ တရားစီရင် ဆုံးဖြတ်ရေးစနစ်အား ဖြစ်နိုင်သမျှ မြန်ဆန်ထိရောက်စွာ လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်။

၂၅။ အစိုးရရှေ့နေများသည် ကျား/မ သတ်မှတ်ချက်၊ လူမျိုး၊ အသားအရောင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်သော ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြား ယူဆချက်၊ အမျိုးသားရေးနောက်ခံ သို့မဟုတ် လူမှုရေးနောက်ခံ၊ တိုင်းရင်းသား လူနည်းစု အနွယ်ဝင်ဖြစ်ခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ မွေးဖွားရာဇာတိ၊ ကျန်းမာရေး၊ ကိုယ်ခန္ဓာ မသန်စွမ်းမှု သို့မဟုတ် အခြားသော အခြေအနေများကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမှ ရှောင်ကြဉ်ရမည်။

၂၆။ အစိုးရရှေ့နေများသည် ဥပဒေရှေ့မှောက်၌ အားလုံး သာတူညီမျှ ဖြစ်စေရေး အာမခံရမည်။ သံသယများအပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး မည်သို့ပင် သက်ရောက်စေကာမူ သံသယတရားခံအပေါ် သက်ရောက်နိုင်မည့် အခြေအနေများ အပါအဝင် အမှုနှင့်စပ်လျဉ်းသည့် အခြေအနေအားလုံးကို အစိုးရရှေ့နေများ ကိုယ်တိုင်ကိုယ်ကျ ကောင်းစွာနားလည် သဘောပေါက်ထားရမည်။



၂၇။ စွဲချက်များသည် အခြေအမြစ်မရှိကြောင်း သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုမှ ဖော်ပြနေလျှင် အစိုးရရှေ့နေများသည် တရားစွဲဆိုခြင်းကို စတင်ခြင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ခြင်း မပြုလုပ်ရ။

၂၈။ အစိုးရရှေ့နေများသည် ဥပဒေနှင့် ဆန့်ကျင်သော စစ်ဆေးမေးမြန်းမှုနည်းလမ်းများကို အသုံးပြု၍ ရရှိထားသည်ဟု အကျိုးအကြောင်းခိုင်လုံစွာဖြင့် ယင်းသို့ သိရှိသည့် သို့မဟုတ် ယုံကြည်သည့် သက်သေ အထောက်အထားများကို တရားရုံးသို့တင်ပြခြင်း မပြုရ၊ သံသယရှိလျှင် ထိုသက်သေအား လက်ခံခွင့်ပြုနိုင်ရေးအတွက် စစ်ဆေးပေးရန် အစိုးရရှေ့နေများမှ တရားရုံးသို့ လျှောက်ထားရမည်။

၂၉။ အစိုးရရှေ့နေများသည် အမှုသည်နှစ်ဖက်လုံးအား မျှတစွာ ဆက်ဆံရမည် ဟူသည့် ဥပဒေသကို စောင့်ရှောက်ထိန်းသိမ်းရမည်။ အထူးသဖြင့် ယင်းတို့လက်ဝယ်ရှိနေသည့် သတင်းအချက်အလက်များကို အခြားအမှုသည် တစ်ဖက်ဖက်သို့ ဖော်ထုတ်ပြသခြင်းဖြင့် မျှတစွာ တရားစီရင်ဆုံးဖြတ်မှုအပေါ် ထိခိုက်မှုရှိနိုင်သည်ဖြစ်ရာ ထိုကိစ္စအား ရှောင်ကြဉ်ရန် ဥပဒေ၌ ပြဋ္ဌာန်းထားရမည်။

၃၀။ အစိုးရရှေ့နေများသည် တရားစီရင်ဆုံးဖြတ်ရာ၌ သို့မဟုတ် ဥပဒေအရ ဖော်ထုတ်ပြသရန် မလိုအပ်လျှင်၊ အထူးသဖြင့် သံသယတရားခံအပေါ် အပြစ်ကင်းကြောင်း မှန်းဆ သုံးသပ်ချက်များကို ဆုံးရှုံးနိုင်လျှင် ကြားလူများထံမှ ရရှိသော သတင်းအချက်လက်များကို အတွင်းရေးအဖြစ် ထားရှိရမည်။

၃၁။ အစိုးရရှေ့နေများသည် သံသယတရားခံ၏ အခြေခံ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို တားဆီးပိတ်ပင်သည့် အစီအမံများ ဆောင်ရွက်ခွင့်ရှိသော်လည်း ထိုအစီအမံများကို တရားစီရင်ရေးအပိုင်းမှ ကြပ်မတ်ကွပ်ကဲနိုင်သည်။

၃၂။ အစိုးရရှေ့နေများသည် သက်သေများ၏အကျိုးအတွက် ကောင်းစွာ အလေးထား ဆောင်ရွက်ရမည်။ အထူးသဖြင့် သက်သေများ၏ အသက်အန္တရာယ်လုံခြုံမှုနှင့် ပုဂ္ဂိုလ်ရေးကိစ္စများကို ကာကွယ်စောင့်ရှောက်ရန် အစီအမံများ ဆောင်ရွက်ခြင်း ပြုလုပ်ရမည်။ သို့မဟုတ် မြှင့်တင်ရမည် သို့မဟုတ် ထိုအစီအမံများ ဆောင်ရွက်ခြင်း ရှိ/ မရှိ ကြည့်ရှုလေ့လာရမည်။

၃၃။ အစိုးရရှေ့နေများသည် တရားခံများ၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများကို တရားခံများ၏ ထိခိုက်သောအခါ အမြင်နှင့် စိုးရိမ်ပူပန်မှုများကို ကောင်းစွာ အလေးထား ဆောင်ရွက်ရမည်။ တရားခံများအား ယင်းတို့၏ ကိုယ်ပိုင်အခွင့်အရေးများနှင့် ကြားနာစစ်ဆေးမည့် လုပ်ငန်းလုပ်နည်းပိုင်းအဆင့်ဆင့်ကို အသိပေးမှုများ ပြုလုပ်ရမည် သို့မဟုတ် အသိပေးမှုများ မြှင့်တင်ရမည်။

၃၄။ အများအသိအမှတ်ပြုခံရသည့် သူများက သို့မဟုတ် ထင်ရှားသော ဂုဏ်ဒြပ်ရှိသည့်သူများက သက်ဆိုင်ရာတရားခံများအပေါ် စိတ်ဝင်စားလျှင် အစိုးရရှေ့နေများ၏ ဆုံးဖြတ်ချက်များကို စိန်ခေါ်နိုင်စေရမည်။ အမှုအပေါ်ရာထူးအဆင့်ဆင့် စစ်ဆေးသုံးသပ်ပြီးနောက် တရားစီရင်ရေး သုံးသပ်ချက်များအရ သို့မဟုတ် ထိုအခွင့်အာဏာ ရရှိထားသူများအနေဖြင့် ပုဂ္ဂလိကဆိုင်ရာ တရားစွဲဆိုစစ်ဆေးမှု၌ ပါဝင်ဆောင်ရွက်ရန် ဤစိန်ခေါ်မှုကို ပြုလုပ်နိုင်သည်။

၃၅။ အစိုးရရှေ့နေများအား ယင်းတို့တာဝန်များကို ဆောင်ရွက်ရာ၌ အစိုးရရှေ့နေဆိုင်ရာ ကျင့်ထုံးများနှင့်ချည်နှောင်ထားနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ရမည်။ ထိုကျင့်ထုံးများကို ကျူးလွန်ဖောက်ဖျက်လျှင် အထက်တွင် ဖော်ပြခဲ့သော စာပိုဒ် ၅ နှင့်အညီ သင့်လျော်သော အရေးယူအပြစ်ပေးမှုများ ပြုလုပ်နိုင်သည်။ အစိုးရရှေ့နေများ၏ ဆောင်ရွက်မှုများကို ဌာနတွင်း ပုံမှန်သုံးသပ် စစ်ဆေးမှုများ ပြုလုပ်ရမည်။

၃၆။ (က) အစိုးရရှေ့နေများ၏ လုပ်ငန်းဆောင်ရွက်မှုများ မျှတထိရောက်မှုရှိရေးနှင့် တစိုက်မတ်မတ်ရှိရေး မြှင့်တင်ရန် ရှုထောင့်မှနေ၍ အစိုးရသည်

- အထက်အောက်အဆင့်ဆင့်ဆိုင်ရာ တင်ပြဆောင်ရွက်ရသော အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် မထိရောက်သော သို့မဟုတ် တားမြစ်နိုင်သော ဗျူရိုကရေစီ ပုံစံများဖြစ်မသွားစေရန် ထိုလုပ်ငန်းလုပ်နည်းများအပေါ် စဉ်းစားရမည်။
- ပြစ်မှုဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အထွေထွေ ညွှန်ကြားချက်များ ချမှတ်ရမည်။
- မှားယွင်းစွာ ဆုံးဖြတ်ချက်ချမှု မရှိစေရေးအရံအတားအနေဖြင့် အမှုတစ်ခုစီ၌ စီရင်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ရည်ညွှန်းကိုးကားရမည့် အထွေထွေဥပဒေသများနှင့် စံသတ်မှတ်ချက်များကို ချမှတ်ရမည်။

(ခ) အထက်ဖော်ပြပါ အဖွဲ့အစည်းဆိုင်ရာ နည်းလမ်းများ၊ လမ်းညွှန်ချက်များ၊ ဥပဒေသများနှင့် စံသတ်မှတ်ချက်များကို ပါလီမန် သို့မဟုတ် အစိုးရမှ ဆုံးဖြတ်ရမည်။ သို့မဟုတ် အစိုးရရှေ့နေများ၏ အမှီအခိုကင်းမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်တည်ဆဲ ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားလျှင် အစိုးရရှေ့နေများ၏ ကိုယ်စားလှယ်များမှ ဆုံးဖြတ်ရမည်။

(ဂ) အထက်ဖော်ပြပါအဖွဲ့အစည်း၊ လမ်းညွှန်ချက်များ၊ ဥပဒေသများနှင့်စံသတ်မှတ်ချက်များကို အများပြည်သူအား အသိပေးရမည်။ ယင်းတို့ထံသို့ ဆက်သွယ် အကူအညီတောင်းလာသော မည်သူ့ကိုမဆို ပြန်လည်ဆက်သွယ် ဆောင်ရွက်ပေးရမည်။

## အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

၃၇။ တရားစီရင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အခြားဌာနများ သို့မဟုတ် အဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့် အခန်းကဏ္ဍဖြစ်စေကာမူ အစိုးရရှေ့နေများနှင့် အခြားသော နိုင်ငံခြားတိုင်းပြည်များအကြား တိုက်ရိုက်ဆက်ဆံ ဆောင်ရွက်မှုများကို အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များရှိလျှင် ထိုစာချုပ်များ၏ သတ်မှတ်မူဘောင်များအတွင်းမှ သို့မဟုတ် လက်တွေ့အစီအစဉ်များကို အခြေခံ၍ ဆက်လက် ဆောင်ရွက်ရမည်။

၃၈။ အပြည်ပြည်ဆိုင်ရာ တရားစီရင်မှု ပူးပေါင်းဆောင်ရွက်ရေး သတ်မှတ်မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းနယ်ပယ်များ၌ အစိုးရရှေ့နေများနှင့် တိုက်ရိုက် ပူးပေါင်း ဆောင်ရွက်မှုအဆင့်များ တိုးမြှင့် ဆောင်ရွက်ရမည်။ ဤအဆင့်များတွင် ပါဝင်သည်မှာ -

(က) စာအုပ်စာတမ်း ဖြန့်ဝေခြင်း

(ခ) တရားစွဲဆိုစီရင်ဆုံးဖြတ်ရသည့် အခြားသော အာဏာပိုင်များအား ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်၊ လိပ်စာ၊ ကျွမ်းကျင်မှုနယ်ပယ်များ၊ တာဝန်ယူထားသည့် အပိုင်းစသည့် ကိုယ်ရေးအချက်များကို စုစည်းစာရင်းပြုစုခြင်း၊

(ဂ) အထူးသဖြင့် အစိုးရရှေ့နေချုပ်အဆင့် ပုံမှန်အစည်းအဝေးများ ကျင်းပခြင်းဖြင့် နိုင်ငံရပ်ခြားမှ အစိုးရရှေ့နေများအကြား ပုဂ္ဂိုလ်ရေးအဆက်အသွယ် မပြတ်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အသိပညာ ဗဟုသုတ တိုးတက်ရေးဆောင်ရွက်ခြင်း၊

(င) နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် အခြေစိုက်သော ပြည်သူ့ဆက်ဆံရေး ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များကို မိတ်ဆက်ခြင်း၊

(စ) နိုင်ငံခြားဘာသာစကားများ သင်တန်းပေးခြင်း၊

(ဆ) အိုင်တီ နည်းပညာအသုံးပြု၍ သတင်းအချက်အလက်ပေးပို့မှုများ ဖွံ့ဖြိုးတိုးတက် စေခြင်း၊

(ဇ) ပြစ်မှုဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန်ဝေမျှအကူအညီပေးရေးနှင့် စပ်လျဉ်း၍ အခြားနိုင်ငံများနှင့် လုပ်ငန်းအတွေ့အကြုံဆွေးနွေးပွဲများ ကျင်းပခြင်း။

၃၉။ အကျိုးအကြောင်းဝေဖန် စိစစ်မှုတိုးတက်စေရန်နှင့် အပြန်အလှန် အကူအညီပေးရေး လုပ်ငန်းစဉ်အရ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အောင်မြင်စေရန် ဆောင်ရွက်ရာတွင် အောက်ပါတို့ကို မြှင့်တင်ပေးရမည်။

(က) သာမန်အားဖြင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၌ အစိုးရရှေ့နေများ တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပုံကို သိမြင်စေခြင်း။

(ခ) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်၌ အချို့အစိုးရရှေ့နေများ၏ အထူးနားလည်တတ်ကျွမ်းမှုများ။

၄၀။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တာဝန်ခံ အစိုးရရှေ့နေသည် အကူအညီပေးမည့် နိုင်ငံမှ အာဏာပိုင်ထံသို့ အပြန်အလှန် အကူအညီပေးရန် တိုက်ရိုက်ဆက်သွယ် မေတ္တာရပ်ခံရမည်။ ထိုမေတ္တာရပ်ခံချက်ကိုရရှိသော နိုင်ငံ၏ အာဏာပိုင်မှ ယင်းတို့ရရှိထားသော အထောက်အထားများကို မေတ္တာရပ်ခံသည့် နိုင်ငံ၏တာဝန်ခံရှေ့နေထံသို့ တိုက်ရိုက်ပြန်လည် ပေးပို့ရမည်။

## တရားသူကြီးများအတွက် ပြဌာန်းချက်နှင့် ရှင်းလင်းဖော်ပြချက် စာချွန်လွှာဆိုင်ရာ ဥရောပငြိညာဉ်စာချုပ်

*[DAJ/DOC (98)]*

---

၁၉၉၈ ခုနှစ် ဇူလိုင် ၈ ရက်မှ ၁၀ ရက်အတွင်း ဥရောပသမဂ္ဂကောင်စီက စီစဉ်ကျင်းပခဲ့သော ဥရောပတိုက်အတွင်းရှိ ရှေ့နေများအတွက် ပြဌာန်းချက်ဆိုင်ရာ ကဏ္ဍစုံအစည်းအဝေးတွင် တက်ရောက်ခဲ့သူများသည် ---

"ဥပဒေအရ ဖွဲ့စည်းထားပြီး လွတ်လပ်၍ ဘက်လိုက်မှုမရှိသော ခုံရုံးတစ်ခု၏ တရားမျှတ၍ ပွင့်လင်းမြင်သာသော ကြားနာစစ်ဆေးမှုတစ်ခုကို ကြောင်းကျိုးဆီလျော်သည့် အချိန်တစ်ခုအတွင်း လူတိုင်းအား စစ်ဆေးခွင့်ရှိသည်" ဟု ပြဌာန်းထားသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်၏ အပိုဒ်ခွဲ ၆ အား ထည့်သွင်းနီးနှောခဲ့ကြသည်။

၁၉၈၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အတည်ပြုခဲ့သည့် လွတ်လပ်စွာ တရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများကိုလည်း ထည့်သွင်းနီးနှောခဲ့ကြသည်။

ဥရောပကောင်စီ၏ ဝန်ကြီးများ ကော်မတီမှ အဖွဲ့ဝင်နိုင်ငံများသို့ အကြံပြုခဲ့သည့် အကြံပြုထောက်ခံချက် အမှတ် (ဒ) (၉၄) ၁၂ ကိုလည်း နီးနှောခဲ့ကြသည်။ တရားသူကြီးများ လွတ်လပ်စွာ တရားစီရင်နိုင်ရေး၊ ၎င်းတို့၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များ၊ ဥရောပတိုက်အတွင်းရှိ တရားသူကြီးများ ပြောဆိုဆွေးနွေးခဲ့သည်များကို ဖော်ပြထားသည့် ၎င်းတို့ကိုယ်တိုင် ရေးဆွဲခဲ့သည့် ရည်မှန်းချက်များနှင့် သက်ဆိုင်သော အကြံပြုချက်ကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တရားဥပဒေ၏ အကျိုးခံစားခွင့် ပိုမိုခိုင်မာလာစေရန်နှင့် ဒီမိုကရေစီ နိုင်ငံများအတွင်း၌ တသီးပုဂ္ဂလ လွတ်လပ်ခွင့်များကာကွယ်ရန်၊ ထိုသို့ကာကွယ်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်တို့အတွက် လိုအပ်သော လွတ်လပ်စွာ တရားစီရင်ရေးကို မြှင့်တင်ရေးအား စောင့်ကြည့်လေ့လာရေးနှင့် ပတ်သက်၍လည်း နီးနှောခဲ့ကြသည်။

တရားသူကြီးများ၏ လုပ်ရည်ကိုင်ရည်ရှိမှု၊ လွတ်လပ်မျှတစွာ တရားစီရင်နိုင်ရေးတို့အား အကောင်းဆုံး အကာအကွယ်ပေးနိုင်ရေးကို ပိုမိုခိုင်မာလာစေရန် ရည်ရွယ်သော ပြဌာန်းချက်များအား ဥရောပနိုင်ငံများ အားလုံးအတွက် တရားဝင်စာချုပ်စာတမ်းတစ်ခုအတွင်း အသေးစိတ်ဖော်ပြသင့်သည်ကိုလည်း သတိပြုမိခဲ့ကြသည်။

အမျိုးမျိုးသော ဥရောပနိုင်ငံများ၏ တရားသူကြီးများဆိုင်ရာ ပြဌာန်းချက်တွင် ဤစည်းမျဉ်းစည်းကမ်းများအား ထည့်သွင်းစဉ်းစားစေရန်လည်း အလိုရှိခဲ့ကြသည်။ အကောင်းဆုံးသော အနေအထားဖြင့် အကာ အကွယ်ပေးထားသည့် တိကျသော စည်းကမ်းချက်များ ပါရှိစေရန်အတွက် ယခုကဲ့သို့ စဉ်းစားစေလိုကြခြင်းဖြစ်သည်။



အထက်တွင် ဖော်ပြခဲ့သည့် နီးနှောဆွေးနွေးချက်များဖြင့် တရားသူကြီးများအတွက် ပြဌာန်းချက်ဆိုင်ရာ ဥရောပသမဂ္ဂ ပငြိညာဉ်စာချုပ်ကို ရေးဆွဲခဲ့သည်။

### ၁။ အထွေထွေ အခြေခံစည်းမျဉ်းများ

၁.၁။ မိမိတို့၏ အခွင့်အရေးများကို ကာကွယ်ရန် ယုံကြည်အားကိုးသည့် တရားရုံးနှင့် တရားသူကြီးအားလုံးထံမှ လူသားတိုင်း တရားဝင်မျှော်လင့်သော သမာသမတ်ကျမှု၊ လွတ်လပ်စွာ တရားစီရင်မှုနှင့် ဘက်လိုက်မှုမရှိခြင်းတို့ အသေအချာရှိနေစေရန် တရားသူကြီးများဆိုင်ရာ ပြဌာန်းချက်မှ ရည်းမှန်းထားသည်။ ထိုသို့သော သမာသမတ်ကျမှု၊ လွတ်လပ်စွာ တရားစီရင်မှုနှင့် ဘက်လိုက်မှုမရှိခြင်းတို့အပေါ် ယုံကြည်မှုအား ထိခိုက်စေရန် ရည်ရွယ်သော ပြဌာန်းချက်၊ လုပ်ထုံးလုပ်နည်းအားလုံးကို ဤပြဌာန်းချက်တွင် ထည့်သွင်းထားခြင်း မရှိပေ။ ယခုလက်ရှိ ပြဌာန်းချက်သည် အထက်တွင်ဖော်ပြခဲ့သည့် ရည်မှန်းချက်များ အောင်မြင်နိုင်ရေးကို အသေချာဆုံးဖြစ်စေမည့် စည်းမျဉ်းစည်းကမ်းများအား အနာဂတ်အတွက် ရေးဆွဲထားခြင်းဖြစ်သည်။ ပြဌာန်းချက်ပါ စည်းမျဉ်းများသည် ဥရောပနိုင်ငံအမျိုးမျိုးရှိ အကာကွယ်ပေးမှု အနေအထားကို မြှင့်တင်ရန်လည်း ရည်ရွယ်သည်။ သက်ဆိုင်ရာနိုင်ငံတိုင်းတွင် အောင်မြင်ပြီးဖြစ်သည့် အကာကွယ်ပေးမှု အနေအထား အမျိုးမျိုး အားနည်းသွားစေရန် နိုင်ငံအလိုက် ပြဌာန်းချက်တွင် ပြင်ဆင်ခြင်းကိုလည်း ဤစည်းမျဉ်းစည်းကမ်းများက မထောက်ခံပေ။

၁.၂။ ဥရောပနိုင်ငံတစ်နိုင်ငံချင်းစီတွင် တရားသူကြီးများအတွက် ပြဌာန်းချက်များအား အမြင့်ဆုံးသောဌာနတွင်း စံသတ်မှတ်ချက်များအဖြစ် စနစ်တကျ ဖော်ပြထားသည်။ ထို့အတူ စံသတ်မှတ်ချက်ပါယင်း၏ စည်းမျဉ်းစည်းကမ်းများကိုလည်း အနည်းဆုံးအဆင့်အဖြစ် တရားဥပဒေပြုရေး အဆင့်တွင် ဖော်ပြထားသည်။

၁.၃။ တရားသူကြီးတစ်ဦးအား ရွေးချယ်ခြင်း၊ အသစ်စုဆောင်းခန့်အပ်ခြင်း၊ ရာထူးတိုးခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပတ်ခြင်းတို့နှင့် စပ်လျဉ်း၍ တရားစီရင်ရေးကဏ္ဍ၏ အကျယ်ပြန့်ဆုံးသော ကိုယ်စားပြုမှုကို အာမခံထားသည့် နည်းလမ်းများဖြင့် တရားသူကြီးများမှ ရွေးကောက်တင်မြှောက်သော တရားသူကြီးများ၏ တစ်ဝက်ခန့်ပါဝင်သည့် အာဏာပိုင်အဖွဲ့တစ်ဖွဲ့မှ ကြားဝင်ဆောင်ရွက်ခြင်းကို ဤပြဌာန်းချက်က နားလည်မျှော်လင့်ထားသည်။ ထို့အဖွဲ့သည် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားဥပဒေပြုရေးမဏ္ဍိုင်တို့နှင့် မဆိုင်သည့် သီးခြားလွတ်လပ်သော အဖွဲ့ဖြစ်ရမည်။

၁.၄။ ပြဌာန်းချက်ပါ မိမိ၏အခွင့်အရေးများ သို့မဟုတ် ယေဘုယျအားဖြင့် မိမိ၏တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၊ သို့မဟုတ် တရားစီရင်ရေးလုပ်ငန်းစဉ်အား ခြိမ်းခြောက်ခံနေရသည် သို့မဟုတ် တစ်နည်းနည်းဖြင့် ငြင်းပယ်ခံနေရသည်ဟု ယုံကြည်သည့် တရားသူကြီးတိုင်းတွင် ဖြေရှင်းနိုင်ရန် သို့မဟုတ် ဖြေရှင်းရန် အဆိုပြုချက်တစ်ခုကို ပေးနိုင်မည့် ထိရောက်သော နည်းလမ်းများရှိသည့် အထက်ဖော်ပြပါ အမှီခိုကင်းမဲ့သော တရားရေးအာဏာပိုင်အဖွဲ့ကို မီငြမ်းကိုးကားနိုင်ခွင့်အား ဤပြဌာန်းချက်မှ ခွင့်ပြုထားသည်။

၁.၅။ တရားသူကြီးများသည် ၎င်းတို့၏တာဝန်များအား ထမ်းဆောင်နေစဉ်တွင် ၎င်းတို့၏ အရည်အချင်း မြင့်မားစေရေးကို ထိန်းသိမ်းရန်အတွက် အလွယ်တကူ တွေ့ဆုံနိုင်ရန်၊ လူပုဂ္ဂိုလ်တိုင်းအား လေးစားမှုရှိရန်၊ သတိဂီရိယရှိရန်တို့ လိုအပ်သည်။ ယင်းမှာ ပြစ်မှုဆုံးဖြတ်ချက်အတွက် အချိန်တိုင်းလိုအပ်သည်။ ထိုသို့သော ဆုံးဖြတ်ချက်များမှာလည်း အမှုစစ်ဆေးနေစဉ် အချိန်အတွင်း ၎င်းတို့တို့အား ယုံကြည်စွာပေးအပ်ထားသော အချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းရန်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အခွင့်အရေးများအား ကာကွယ်ပေးခြင်းတို့ အပေါ်တွင် မူတည်သည်။

၁.၆။ တရားသူကြီးများမှ ၎င်းတို့၏ တာဝန်များအား ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးနှင့် အထူးသဖြင့် တရား စီရင်ရေးကိစ္စရပ်များအား ကြောင်းကျိုးသင့်လျော်သည့် အချိန်တစ်ခုအတွင်း ဖြေရှင်းနိုင်ရေးတို့အတွက် လိုအပ်သော နည်းလမ်းများရှိစေရန် အသေအချာ ဆောင်ရွက်ရေးမှာ အစိုးရ၏ တာဝန်ပင်ဖြစ်သည်။

၁.၇။ တရားသူကြီးများမှ ဖွဲ့စည်းထားခြင်းဖြစ်ပြီး တရားသူကြီးအားလုံး လွတ်လပ်စွာ အသင်းဝင်ခွင့်ရှိနိုင်သည့် တရာသူကြီးများအစည်းအရုံးသည် ၎င်းတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များမှ အပ်နှင်းထားသော အခွင့်အရေးများကို ကာကွယ်ရန်အတွက် သိသိသာသာ အထောက်အကူ ဖြစ်စေသည်။ အထူးသဖြင့် ၎င်းတို့နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်သည့် အာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့်ပတ်သက်၍ အထောက်အကူ ဖြစ်စေသည်။

၁.၈။ တရားရုံးများ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ၊ တရားသူကြီးများ၏ ရံပုံငွေအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ နိုင်ငံအဆင့်နှင့် ဒေသအဆင့်တွင် ခွဲဝေပေးခြင်းတို့၌ တရားသူကြီးများသည် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ တစ်ဆင့် ပတ်သက်ဆက်နွယ်မှုရှိသည်။ ၎င်းတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန်အတွက် ၎င်းတို့၏ အကြံဉာဏ်ကို ရယူရမည်။ ထို့အတူ ၎င်းတို့၏ လစာခံစားခွင့်နှင့် လူမှုဖူလုံရေးတို့အတွက် စည်းမျဉ်းစည်းကမ်းများအား ဆုံးဖြတ်ရာတွင်လည်း ၎င်းတို့၏ အကြံဉာဏ်ကို ရယူရမည်။

## ၂။ ရွေးချယ်ခြင်း၊ စုဆောင်းခြင်းနှင့် အလုပ်ဝင်စအချိန်တွင် ပို့ချသည့် မွန်းမံသင်တန်းများ

၂.၁။ တရားသူကြီးများအား သီးခြားလွတ်လပ်သော အဖွဲ့တစ်ဖွဲ့ သို့မဟုတ် တရားသူကြီးများအဖွဲ့မှ ရွေးချယ် စုဆောင်းခြင်းနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများမှာ ရွေးချယ်ခံရမည့် တရားသူကြီးများအား တာဝန်ပေးအပ်မည့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအား လွတ်လပ်မျှတစွာ ဆန်းစစ်အကဲဖြတ်နိုင်သည့် ၎င်းတို့၏ အရည်အသွေးနှင့် လူတစ်ဦးချင်းဆိုင်ရာ ဂုဏ်သိက္ခာ အပေါ် လေးစားသည့် ၎င်းတို့အပေါ် သက်ရောက်သည့် ဥပဒေများအား လက်တွေ့အသုံးချနိုင်မှုတို့အပေါ်တွင် အခြေခံရွေးချယ်ခြင်းဖြစ်သည်။ ဤပြဋ္ဌာန်းချက်သည် တရားသူကြီးလောင်းများအား လိင်အရ သို့မဟုတ် လူမျိုးစု သို့မဟုတ် လူမှုဇစ်မြစ် သို့မဟုတ် ၎င်းတို့၏ အတွေးအခေါ်နှင့် နိုင်ငံရေးဆိုင်ရာ အမြင်သဘောထားများ သို့မဟုတ် ဘာသာရေးယုံကြည်မှုတို့ကြောင့် ရွေးချယ်မှုမပြုခြင်းအား ငြင်းပယ်ထားသည်။

၂.၂။ တရားသူကြီးများဆိုင်ရာ ပြဋ္ဌာန်းချက်သည် တရားစီရင်ရေးတာဝန်ကို တိတိပပ ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို အာမခံထားသည့် အခြေအနေများအတွက် စည်းကမ်းများ ရေးဆွဲထားခြင်းဖြစ်သည်။ ထို့သို့ ထမ်းဆောင်နိုင်ရန်အတွက် ပညာရေး အရည်အချင်းများ သို့မဟုတ် ယခင်အတွေ့အကြုံများနှင့် ဆက်စပ်သော လိုအပ်ချက်များ ပြည့်မီစေရမည်။

၂.၃။ တရားစီရင်ရေးတာဝန်များကို ထိရောက်စွာဆောင်ရွက်မည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရန် ပြင်ဆင်ရေးအတွက် နိုင်ငံတော်၏ စိုက်ထုတ်ငွေဖြင့် သင့်လျော်သည့် မွန်းမံသင်တန်းများ ပြုလုပ်ပေးခြင်းကို ဤပြဋ္ဌာန်းချက်မှ အာမခံ ပေးထားသည်။ တရားရေးတာဝန်များ ထမ်းဆောင်ရန်နှင့် နီးကပ်စွာစပ်မှုရှိသော ပွင့်လင်းမှုရှိခြင်း၊ လုပ်ရည်ကိုင်ရည်ရှိခြင်းနှင့် မျှတမှုရှိခြင်းတို့အတွက် လိုအပ်ချက်များအား စဉ်းစားပြီးနောက် သင့်လျော်သော သင်တန်းအစီအစဉ်များနှင့် အဆိုပါသင်တန်းများအား လက်တွေ့အကောင်အထည်ဖော်မည့် အဖွဲ့များအား ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၃ တွင် ဖော်ပြထားသည့် အာဏာပိုင်အဖွဲ့မှ အသေအချာ ဖော်ဆောင်ပေးရမည်။

## ၃။ ခန့်အပ်ခြင်းနှင့် ရာထူးမှ မဖယ်ရှားနိုင်ခြင်း

၃.၁။ ရွေးချယ်ထားသည့် ကိုယ်စားလှယ်လောင်းတစ်ဦးအား တရားသူကြီးတစ်ဦးအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ခုံရုံးတစ်ရုံးတွင် တာဝန်ပေးအပ်ရန် ဆုံးဖြတ်ချက်တို့အား ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၃ တွင် ဖော်ပြထားသည့် အာဏာပိုင်အဖွဲ့မှ ဆောင်ရွက်ခြင်း သို့မဟုတ် ယင်းအဖွဲ့၏ အဆိုပြုချက် သို့မဟုတ် ယင်းအဖွဲ့၏ အကြံပြုချက် သို့မဟုတ် ယင်းအဖွဲ့၏ သဘောတူညီချက် သို့မဟုတ် ယင်းအဖွဲ့မှ ရွေးချယ်ပြီးနောက် ဆောင်ရွက်နိုင်သည်။

၃.၂။ တရားသူကြီးလောင်းတစ်ဦး၏ ယခင်ဆောင်ရွက်မှုများ သို့မဟုတ် ၎င်းနှင့် နီးစပ်သူများ၏ ဆောင်ရွက်မှုများသည် အဆိုပါတရားသူကြီးလောင်း၏ မျှတမှု၊ လွတ်လပ်စွာ တရားစီရင်မှုတို့နှင့် သက်ဆိုင်သည့် တရားဝင်မှုရှိခြင်း၊ ဓမ္မဓိဋ္ဌာန် ကျခြင်းတို့အပေါ် သံသယဖြစ်စေနိုင်ပါက ၎င်းအား တရားရုံးတစ်ရုံး၏ တရားသူကြီးအဖြစ် ခန့်အပ်ခြင်းအား ဟန့်တားခွင့်ကို ဤပြဋ္ဌာန်းချက်တွင် ထည့်သွင်း ရေးသားထားသည်။

၃.၃။ အမြဲတမ်းတရားသူကြီးအဖြစ် ခန့်အပ်ကြောင်း အတည်မပြုခင် သို့မဟုတ် အကန့်အသတ်ရှိသည့် အချိန်တစ်ခုအတွင်း တာဝန်ထမ်းဆောင်ရန်အတွက် စုဆောင်းခြင်းမတိုင်မီတွင် တရားသူကြီးတစ်ဦးအဖြစ် ရွေးချယ်ထားပြီးနောက် အစမ်းခန့်ကာလတစ်ခုကို ခွင့်ပြုထားသည့် လူသစ်စုဆောင်းရေး လုပ်ထုံးလုပ်နည်းများတွင် အမြဲတမ်းခန့်အပ်ခြင်း မပြုရန် သို့မဟုတ် သက်တမ်းတိုးခြင်းမပြုရန် ဆုံးဖြတ်ချက်အား ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၃ တွင် ဖော်ပြထားသည့် သီးခြားလွတ်လပ်မှုရှိသော အာဏာပိုင်အဖွဲ့မှသာ ဆောင်ရွက်ခြင်း သို့မဟုတ် ယင်းအဖွဲ့၏ အဆိုပြုချက် သို့မဟုတ် အကြံပြုချက် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် အမြင်သဘောထားကို ရယူပြီးမှသာ ဆောင်ရွက်နိုင်သည်။ ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၄ တွင် ဖော်ပြထားသည့် စည်းမျဉ်း

စည်းကမ်းများသည် အစမ်းခန့်ကာလဖြင့် တာဝန်ထမ်းဆောင်နေသူ များအတွက် အသုံးပြုရန်ဖြစ်သည်။

၃.၄။ တရားရုံးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် တရားသူကြီးတစ်ဦးအား ဆန္ဒအလျောက် သဘောတူညီမှုမရှိဘဲ အခြားတရားရုံးတစ်ခုသို့ ပြောင်းရွှေ့ခန့်အပ်ခြင်း သို့မဟုတ် တာဝန်ပေးခြင်းအား မူအားဖြင့် ပြုလုပ်၍မရပေ။ ရာထူးတိုးမြှင့် ပေးခြင်းဖြင့်ပင် ပြုလုပ်၍ မရပေ။ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုနှင့်အညီ အမိန့်ချမှတ်ဆောင်ရွက်သည့် ပြောင်းရွှေ့ခြင်းနှင့် အနီးနားရှိ အခြားရုံးတစ်ခုတွင် အင်အားဖြည့်ရန်အတွက် ယာယီဆောင်ရွက်စေသည့် ပြောင်းရွှေ့ခြင်းများကိုသာ ဤအခြေခံမူမှ ချွင်းချက်အဖြစ် ခွင့်ပြုထားသည်။ ထိုသို့သော ပြောင်းရွှေ့တာဝန်ပေးမှုအတွက် အမြင့်ဆုံးသော အချိန်ကာလအား ပြဋ္ဌာန်းချက်တွင် တင်းတင်းကြပ်ကြပ်ကန့်သတ်ထားပြီး ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၄ ပါ စည်းကမ်းချက်များအား လက်တွေ့အသုံးချခြင်းတွင် ဘက်လိုက်မှု မရှိစေရ။

## ၄။ အသက်မွေးဝမ်းကြောင်းမှု တိုးတက်ရေး

၄.၁။ လုပ်သက်အပေါ်တွင် အခြေမခံသည့် ရာထူးတိုးမြှင့်သော စနစ်မျိုး မဟုတ်ပါက ရာထူးတိုးမြှင့်ခြင်းကို သက်ဆိုင်ရာ တရားသူကြီးအား ပေးအပ်ထားသည့် တာဝန်များကို ထမ်းဆောင်စဉ်တွေ့ရှိရသော အရည်အချင်းနှင့် အရည်အသွေးတို့အပေါ်တွင်သာ လုံးဝဥဿုံ အခြေခံသင့်သည်။ ယင်းတို့ကိုလည်း သက်ဆိုင်ရာတရားသူကြီးနှင့် အခြားတရားသူကြီးတစ်ဦး သို့မဟုတ် တရားသူကြီးအချို့ဖြင့် ပြုလုပ်သည့် လက်တွေ့ကျသော လုပ်ငန်းခွင့်ဆိုင်ရာ စွမ်းဆောင်ရည် အကဲဖြတ်ဆန်းစစ်ချက်ရလဒ်များပေါ်တွင် အခြေခံရမည်။ ထို့နောက် ရာထူးတိုးမြှင့်ပေးရန် ဆုံးဖြတ်ချက်အား ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၃ တွင် ဖော်ပြထားသော အာဏာပိုင်အဖွဲ့မှ ကြေညာခြင်း သို့မဟုတ် ယင်း၏ အဆိုပြုချက် သို့မဟုတ် သဘောတူညီချက်ဖြင့် ကြေညာရမည်ဖြစ်သည်။ ရာထူးတိုးမြှင့်ခြင်းမပြုရန် အကြံပြုခံရသော တရားသူကြီးများသည် ဆုံးဖြတ်ချက်အား ကြေညာခြင်းမပြုမီ စာဒက တက်ပိုင်ခွင့်ရှိသည်။

၄.၂။ တရားသူကြီးများမှ ၎င်းတို့၏ တရားစီရင်ရေးတာဝန်နှင့် မသက်ဆိုင်သည့် ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။ ယင်းတို့မှာ နိုင်ငံသားများအဖြစ်ဖြင့် ၎င်းတို့ရပိုင်ရှိသော တစ်သီးပုဂ္ဂလအခွင့်အရေးများပင် ဖြစ်သည်။ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆောင်ရွက်မှုများသည် တရားသူကြီးတစ်ဦးပေါ် ထားရှိသောယုံကြည်မှု သို့မဟုတ် တရားသူကြီးတစ်ဦး၏ မျှတမှု သို့မဟုတ် လွတ်လပ်စွာ တရားစီရင်မှုတို့နှင့် သင့်လျော်ပါက အထက် ဖော်ပြပါ လွတ်လပ်ခွင့်အား ကန့်သတ်ခြင်း မပြုနိုင်ပေ။ ထို့အတူ အမှုကိစ္စများအား ကြောင်းကျိုးဆီလျော်မှုရှိသည့် အချိန်အတိုင်းအတာတစ်ခုအတွင်း အာရုံစူးစိုက်မှုရှိရှိ ဖြေရှင်းနိုင်ရန်လိုအပ်ချက်အား ပြည့်မီပါကလည်း ကန့်သတ်ခြင်း မပြုနိုင်ပေ။

၄.၃။ တရားသူကြီးများသည် ၎င်းတို့၏ သမာသမတ်ကျမှုနှင့် လွတ်လပ်စွာ တရားစီရင်မှုတို့အပေါ် ယုံကြည်မှုကို အသေအချာထိခိုက်စေမည့် အပြုအမူ၊ လုပ်ဆောင်ချက် သို့မဟုတ် မျက်နှာအမူ



အရာများ ပြုလုပ်ခြင်းအား မဖြစ်မနေ ရှောင်ရှားရမည်။

၄.၄။ နိုင်ငံတော်မှ ကျခံသည့် မွန်းမံသင်တန်းများ ပုံမှန်တက်ရောက်ခွင့်ရခြင်းဖြင့် တာဝန် ထမ်းဆောင်ရန်အတွက် တရားသူကြီးများ လိုအပ်သည့် အသိပညာဗဟုသုတနှင့် နည်းပညာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် ဤပြဋ္ဌာန်းချက်မှ အာမခံပေးထားသည်။

## ၅။ တာဝန်ဝတ္တရားများ

၅.၁။ တရားသူကြီးတစ်ဦးမှ ပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် တာဝန်တစ်ခုအား ပျက်ကွက်ခြင်းအတွက် ဆုံးဖြတ်ချက်ချမှတ်၍ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ကောင်း ပြုလုပ်နိုင်ပေမည်။ ထိုသို့သော အရေးယူမျိုးအား အရွေးချယ်ခံ တရားသူကြီးများ၏ တစ်ဝက်ထက်မနည်းဖြင့် ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့ သို့မဟုတ် ခုံရုံးတစ်ရုံး၏ သဘောတူညီမှုဖြင့် သို့မဟုတ် အဆိုပြုမှုတစ်ခု သို့မဟုတ် အကြံပြုချက်များ ထွက်ပေါ်လာပြီးမှသာ ပြုလုပ်နိုင်သည်။ ထို့အတူ သက်ဆိုင်သူများ အားလုံးပါဝင်သည့် ကြားနာစစ်ဆေးမှုတစ်ခုဖြင့် အရေးယူဆောင်ရွက်သည့် မူဘောင်အတွင်းမှသာ ဆောင်ရွက်ရမည် ဖြစ်ပြီး စစ်ဆေးခြင်းခံရသည့် တရားသူကြီးတွင်လည်း ကိုယ်စားလှယ်ရပိုင်ခွင့်ရှိသည်။

အရေးယူအပြစ်ပေးနိုင်သည့် အတိုင်းအတာကိုလည်း ဤပြဋ္ဌာန်းချက်တွင် ဖော်ပြထားပြီး အရေးယူအပြစ်ပေးခြင်းသည်လည်း ကိုယ်စားလှယ် အချိုးကျပါဝင်မှု မူဘောင်ပေါ်တွင် အခြေခံသည်။ အမိန့်ချမှတ်သည့် တရားစီရင်ရေးဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့တစ်ဖွဲ့၊ ခုံရုံးတစ်ရုံး သို့မဟုတ် တရားရေးအာဏာပိုင်တစ်ဦး၏ ဆုံးဖြတ်ချက်အား ဤပြဋ္ဌာန်းချက်၌ ဖော်ပြထားသကဲ့သို့ အခွင့်အာဏာပိုရှိသော တရားရေးအာဏာပိုင်အဖွဲ့တစ်ဖွဲ့ထံတွင် လွတ်လပ်စွာ အယူခံနိုင်သည်။

၅.၂။ တာဝန်ထမ်းဆောင်နေသည့် တရားသူကြီးတစ်ဦး၏ ဆုံးဖြတ်ချက် သို့မဟုတ် အပြုအမူကြောင့် မှားယွင်းစွာဖြင့် ထိခိုက်နစ်နာမှု ဖြစ်စေခြင်းအတွက် နစ်နာကြေးအား နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်ပေးရမည်။ တရားရေးတာဝန်များကို ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများအား လုံးဝဥဿုံ သို့မဟုတ် လက်မခံနိုင်ဖွယ် ချိုးဖောက်ခြင်း ဖြစ်ရပ်များအတွက် တရားဥပဒေကြောင်းအရ ကြားနာစစ်ဆေးခြင်းဖြင့် ကျူးလွန်သူတရားသူကြီးထံမှ လျော်ကြေးငွေအား တိတိကျကျ သတ်မှတ်ထားသည့် အကန့်အသတ်ရှိသော မူဘောင်တစ်ခုနှင့်အညီ ရယူခြင်းအား နိုင်ငံတော်မှ ပြုလုပ်နိုင်ချေ ရှိစေရန်အတွက် ဤပြဋ္ဌာန်းချက်တွင် ခွင့်ပြုကောင်း ခွင့်ပြုနိုင်သည်။ တိုင်းကြားမှုကို ကြားနာစစ်ဆေးမည့် လုပ်ပိုင်ခွင့်အာဏာရှိသော တရားရုံးအား ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၃ တွင် ဖော်ပြထားသည့် အာဏာပိုင်အဖွဲ့၏ ကြိုတင် သဘောတူညီမှုဖြင့်သာ ဖွဲ့စည်းရမည်။

၅.၃။ တရားမျှတမှုရှိစွာ ဆောင်ရွက်နိုင်မှုမရှိသည့် အမှုကိစ္စတစ်ခုနှင့် ပတ်သက်သည့် တိုင်းကြားချက်အား သီးခြားလွတ်လပ်သော တရားစီရင်ရေးအဖွဲ့တစ်ဖွဲ့သို့ တင်ပြလိုပါက တိကျသော လုပ်ထုံး

လုပ်နည်းများ မပါစေကာမူ လူတိုင်းတင်ပြနိုင် ရမည်။ ထိုတိုင်းကြားချက်အား စေ့စပ်သေချာစွာ စစ်ဆေးသည့်အခါတွင် တရားသူကြီးတစ်ဦးမှ တာဝန်ပျက်ကွက်သည်ကို ထင်ထင်ရှားရှားတွေ့ ရှိပါက သီခြားလွတ်လပ်သော တရားစီရင်ရေးအဖွဲ့မှ ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၅ တွင် ဖော်ပြထားသကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာ ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့သို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် အနိမ့်ဆုံးအဆင့်အဖြစ် ပြဋ္ဌာန်းချက်အရလုပ်ပိုင်ခွင့်ရှိသည့် အာဏာပိုင်အဖွဲ့တစ်ဖွဲ့သို့ လွှဲပေးရန် အကြံပေးခြင်းတို့ပြုလုပ်ရန် သီခြားလွတ်လပ်သော တရားစီရင်ရေးအဖွဲ့တွင် လုပ်ပိုင်ခွင့်အာဏာရှိသည်။

## ၆။ လစာငွေနှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်

၆.၁။ တရားစီရင်ရေး လုပ်ငန်းတာဝန်များကို ဝန်ထမ်းကောင်းပီသစွာ ထမ်းဆောင်နေသော တရားသူကြီးများသည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်နှင့် ပတ်သက်သော ၎င်းတို့၏ အပြုအမူများ၊ ဆုံးဖြတ်ချက်များအား လွှမ်းမိုးရန်ရည်ရွယ်သော ဖိအားများမှ အကာအကွယ်ရနိုင်စေမည့် လစာငွေအကျိုးခံစားခွင့်များ ရပိုင်ခွင့်ရှိသည်။ ထိုသို့သော ဖိအားများမှာ ၎င်းတို့၏ လွတ်လပ်မျှတစွာ တရားစီရင်နိုင်ရေးအား ထိခိုက်စေနိုင်သည်။

၆.၂။ လစာငွေအကျိုးခံစားခွင့်မှာ တာဝန်ထမ်းဆောင်သည့်သက်တမ်း၊ ဝန်ထမ်းကောင်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခံထားရသော တရားသူကြီးများ၏ တာဝန်များ၊ ၎င်းတို့အပေါ် ပေးအပ်ထားသည့် တာဝန်များ၏ အရေးပါမှုတို့အပေါ်တွင် မူတည်ကာ အမျိုးမျိုးကွဲပြားနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိသော အခြေအနေများအောက်တွင် ဆန်းစစ်လေ့လာရမည်။

၆.၃။ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် တရားသူကြီးများတွင် နာမကျန်းဖြစ်မှု၊ မီးဖွားခွင့်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဆုံးရှုံးခြင်း၊ အသက်အရွယ် ကြီးရင့်ခြင်း၊ သေဆုံးခြင်းတို့ ကဲ့သို့သော လူမှုရေးဆိုင်ရာ နစ်နာမှုများ မရှိစေရန်အတွက် ဤပြဋ္ဌာန်းချက်က အာမခံထားသည်။

၆.၄။ အထူးသဖြင့် တရားစီရင်ရေး တာဝန်များ ထမ်းဆောင်ရမည့် သက်တမ်းအား အပြည့်အဝ ထမ်းဆောင်ပြီးနောက် အနားယူရမည့် တရားဝင်အသက်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သည့် တရားသူကြီးများအား ပင်စင်ပေးရမည်ဖြစ်ပြီး ပင်စင်လစာမှာလည်း တရားသူကြီးတစ်ဦးအဖြစ် ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သည့် နောက်ဆုံးနှစ်များတွင် ရရှိသည့် လစာငွေပမာဏနှင့် နီးစပ်နိုင်သမျှနီးစပ်သော ပမာဏဖြစ်ရေးအား ဤပြဋ္ဌာန်းချက်တွင် အသေအချာ ဖော်ပြထားသည်။



## ၇။ ရာထူးမှ ရပ်စဲခြင်း

၇.၁။ နုတ်ထွက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာအကျန်းမာမှုအရ ဆေးပင်စင်ယူခြင်း၊ တာဝန်ထမ်းဆောင်နိုင်သည့် အသက်အရွယ် မဟုတ်တော့ခြင်း၊ တာဝန်ထမ်းဆောင်ရန် သတ်မှတ်ကာလ ကုန်ဆုံးခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းတို့ကဲ့သို့သော အခြေအနေများဖြင့် တာဝန်ထမ်းဆောင်ခြင်းမှ ရပ်နားရမည့် တရားသူကြီးတစ်ဦးသည် ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၅.၁ တွင် ဖော်ပြထားသည့် စည်းမျဉ်းများကဲ့သို့သော လုပ်ငန်းစဉ်မူဘောင်များနှင့်အညီ ကြေငြာရမည်။

၇.၂။ တာဝန်ထမ်းဆောင်နိုင်သည့် အသက်အရွယ် မဟုတ်တော့ခြင်းနှင့် တရားဝန်ထမ်းဆောင်ရန် သတ်မှတ်ကာလ ကုန်ဆုံးခြင်းတို့မှအပ ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၇.၁ ပါ ဖော်ပြချက်ပါ အကြောင်းတစ်ခုခုဖြင့် တာဝန်ထမ်းဆောင်ခြင်းရပ်နားရန် ဆောင်ရွက်ခြင်းအား ဤပြဋ္ဌာန်းချက်၏ အပိုဒ် ၁.၃ တွင် ဖော်ပြထားသည့် အာဏာပိုင်အဖွဲ့မှ အတည်ပြုရမည်။

## ရှင်းလင်းဖော်ပြချက် စာချွန်လွှာ

### ၁။ အထွေထွေစည်းမျဉ်းစည်းကမ်းများ

ဥရောပပဋိညာဉ်စာချုပ်၏ စည်းမျဉ်းစည်းကမ်းများသည် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကြောင်းမှုပြုနေသည့် တရားသူကြီးများ အတွက်သာမက ဥပဒေပညာသင်ယူထားခြင်း မရှိသည့် တရားသူကြီးများအတွက်ပါ ရေးဆွဲထားခြင်းဖြစ်သည်။ တရားသူကြီးတိုင်းသည် ၎င်းတို့အား စုဆောင်းရွေးချယ်ခြင်း၊ အလုပ်နှင့် အံဝင်ခွင်ကျမဖြစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခံရခြင်းတို့နှင့် ပတ်သက်၍ အကာအကွယ်ပေးမှု အချို့ ရရှိသင့်သောကြောင့် ဖြစ်သည်။ သို့သော် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကြောင်းမှုပြုနေသည့် တရားသူကြီးများနှင့် သက်ဆိုင်သည့် အသေးစိတ် စည်းမျဉ်းစည်း ကမ်းများကိုလည်း ထည့်သွင်းရေးဆွဲထားသည်။ တကယ်တမ်းတွင်လည်း ဤအသေးစိတ် စည်းမျဉ်းစည်းကမ်းများမှာ အသက်မွေးဝမ်းကြောင်းမှု ကဲ့သို့သော အချို့သော အယူအဆများပေါ်တွင် အခြေခံထားသည်။

တရားသူကြီးများအတွက် ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ်၏ စည်းမျဉ်းစည်းကမ်းများသည် ပြည်သူများမှ တင်ပြလာသည့် ရာဇဝတ်မှုများ၊ တရားမမှုများ၊ အုပ်ချုပ်ရေး သို့မဟုတ် အခြားတရားစီရင်ရေးအမှုများ သို့မဟုတ် ဆုံးဖြတ်ပေးရန် တောင်းဆိုလာသည့် အမှုအခင်းအများကို တရားစီရင် ပိုင်ခွင့်ရှိသည့် တရားသူကြီးများအားလုံးအတွက် ဖြစ်သည်။ ရာဇဝတ်မှုများ၊ တရားမမှုများ၊ အုပ်ချုပ်ရေး သို့မဟုတ် အခြားတရားစီရင်ရေးအမှုများကို ဆိုလိုခြင်းဖြစ်သည်။

၁.၁။ ဤပဋိညာဉ်စာချုပ်သည် တရားသူကြီးများအတွက် ပြဋ္ဌာန်းချက်၏ မာတိကာကို ရှင်းပြရန် ကြိုးပမ်းအားထုတ် ထားသည်။ ပြည်သူများမှ ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် ယုံကြည်ခြင်း ခံထားရသော တရားရုံးများနှင့် တရားသူကြီးများထံမှ မျှော်လင့်ခွင့်ရှိသော လုပ်ရည်ကိုင်ရည်ရှိရေး၊ လွတ်လွတ်မျှတစွာ တရားစီရင်နိုင်ရေးတို့ကို သေချာစေမည့် ရည်မှန်းချက်များအပေါ်တွင် အခြေခံက ရှင်းပြရန်ဖြစ်သည်။ ထို့ကြောင့် ဤပဋိညာဉ်စာချုပ်သည် ရှင်းလင်းသည့် ရည်ရွယ်ချက်များမပါဘဲ တည်ရှိနေခြင်းမဟုတ်ပေ။ တရားရုံးများနှင့် တရားသူကြီးများ၏ အကာကွယ်ပေးမှုကို ရပိုင်ခွင့်ရှိသည့် လူတိုင်းတွင် ထိုသို့သော အကာကွယ်ပေးမှုများ ထိရောက်စွာ ရရှိခွင့်ကို မဖြစ်မနေ ကာကွယ်ပေးရန် အာမခံစေနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် တည်ရှိနေခြင်း ဖြစ်သည်။

တစ်သီးပုဂ္ဂလများအပေါ် ယခုကဲ့သို့သော အကာကွယ်ပေးမှုများအား ရရှိစေရန်အတွက် စွမ်းဆောင်ရည်ပေါ်တွင် မူတည်သည့် လုပ်ရည်ကိုင်ရည်ရှိမှု၊ လွတ်လပ်မျှတစွာ တရားစီရင်မှုတို့ ရှိရမည်ဖြစ်သည်။ တရားသူကြီးများဆိုင်ရာ ပြဋ္ဌာန်းချက်သည် ယင်းအခွင့်အရေးများကို အာမခံစေသည့်အတွက် ယင်းတို့မှာ အပေါင်းလက္ခဆောင်သည့် ရည်ညွှန်းချက်များဖြစ်သည်။ သို့သော် ထိုသို့သော လုပ်ရည်ကိုင်ရည်နှင့် လွတ်လပ်မျှတစွာ တရားစီရင်ရေးတို့အပေါ် လူထုယုံကြည်မှုအား ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည့် အစိတ်အပိုင်းများ မပါဝင်သည့်အတွက် အနုတ်လက္ခဏာဆောင်သည့် ရည်ညွှန်းချက်များလည်း ဖြစ်သည်။



ပဋိညာဉ်စာချုပ်၏ စည်းမျဉ်းစည်းကမ်းများအား မဖြစ်မနေ လိုက်နာရန် သင့်မသင့်ဆိုသည်ကိုမူ မေးခွန်းထုတ်ဆဲပင် ဖြစ်သည်။ ဥပမာ - သာတူညီမျှမှုရှိသော အကာကွယ်ပေးမှုများကို ဖော်ဆောင်ပေးနိုင်မည်ဟု ယူဆသော ပြဋ္ဌာန်းချက်အမျိုးမျိုးအား အစားထိုး အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်ပါ စည်းမျဉ်းစည်းကမ်းများအား တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အမျိုးသား ပြဋ္ဌာန်းချက်များတွင် ထည့်သွင်းရေးဆွဲရန် သင့်မသင့် သို့မဟုတ် အကြံပြုချက်များအား မဖြစ်မနေ လိုက်နာစေရန် သင့်မသင့်တို့ ကဲ့သို့သော မေးခွန်းများဖြစ်သည်။

တရားစီရင်ရေးအား အကာကွယ်ပေးသည့် ပြဋ္ဌာန်းချက်များအား သက်ဆိုင်ရာနိုင်ငံ၏ တရားစီရင်ရေးစနစ်အတွင်း ဖော်ပြထားခြင်း မရှိသလောက် နည်းပါးနေသော်ငြားလည်း ထိုသို့သော အကာကွယ်ပေးမှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးထားသည့် ကာလရှည်ကြာစွာ တည်တံ့နေသည့် စနစ်တကျ အသုံးပြုပြီးသည့် နိုင်ငံအဆင့် တရားစီရင်ရေး စနစ်များကို ဂေဖန်ရန် တွန့်ဆုတ်နေခြင်းက ဒုတိယမေးခွန်းအားမေးမြန်းခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

သို့သော် ဥရောပကောင်စီ၏ အဖွဲ့ဝင်နိုင်ငံသစ်များအပါအဝင် နိုင်ငံတော်တော်များများတွင် တရားသူကြီးများအား ခန့်အပ်ခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း သို့မဟုတ် တာဝန်မှထုတ်ပယ်ခြင်းတို့နှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများအား နိုင်ငံရေးအာဏာပိုင်များက ရေးဆွဲထားမှုမရှိခြင်း၊ လုပ်ရည်ကိုင်ရည်၊ လွတ်လပ်မျှတစွာ တရားစီရင်ရေးတို့နှင့် ပတ်သက်သည့် အကာကွယ်ပေးမှုများ ထိရောက်မှုမရှိခြင်းများ ရှိနေသည်။

ထို့အကြောင်းကြောင့် ပဋိညာဉ်ပါအချက်များမှာ ဥပဒေဖြင့် သတ်သတ်မှတ်မှတ်လုပ်ကိုင်ခြင်း မရှိသော်လည်း ရှေ့တွင်ဖော်ပြခဲ့သည့် ရည်ရွယ်ချက်များ အောင်မြင်နိုင်ရန် ၎င်းတို့မှာ အသင့်လျော်ဆုံး နည်းလမ်းများအဖြစ် တည်ရှိလျက်ရှိကြသည်။

တရားသူကြီးများကို နိုင်ငံသားများက တိုက်ရိုက်ရွေးကောက်သည့် စနစ်မျိုးတွင် ပဋိညာဉ်ပါ အခြေအနေအများစုကို အသုံးချနိုင်ခြင်းမရှိပေ။ ထိုသို့ ရွေးကောက်သည့် စနစ်များနှင့် ကိုက်ညီမှုရှိသော အချက်အလက်များအားလုံး ပါဝင်သည့် ပဋိညာဉ်တစ်ခုရေးဆွဲရန်မှာလည်း မဖြစ်နိုင်ပေ။ အကြောင်းမှာ ထိုသို့ရေးဆွဲခြင်းဖြင့် ပါဝင်သည့်အချက်များကို အနိမ့်ဆုံးဘုံပိုင်းခြေအဆင့်ထိ လျော့ကျသွားစေနိုင်သဖြင့် ဖြစ်သည်။

ထိုသို့ဆိုသဖြင့် ပဋိညာဉ်က ရွေးကောက်သည့် စနစ်ကို တရားမဝင်ဖြစ်စေရန် ရည်ရွယ်ရင်းလည်း မဟုတ်ပေ။ အကြောင်းမှာ ထိုစနစ်ရှိရာနေရာနိုင်ငံများမှ နိုင်ငံသားများသည် အနှစ်သာရ ပြည့်ဝသော ဒီမိုကရေစီကို ရရှိခြင်းကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့အနေနှင့် တရားရေးအာဏာပိုင်ကို ရွေးကောက်သည့် စနစ်များအတွင်း အဆိုပါ အချက်အလက်များကို အတတ်နိုင်ဆုံးထည့်သွင်း ကျင့်သုံးရန် စဉ်းစားရမည်ဖြစ်သည်။

ဥပမာအားဖြင့်စာပိုဒ် ၂.၂နှင့် ၂.၃တို့တွင်ပြဋ္ဌာန်းထားသည့်အချက်အချက်များ(ပထမစာကြောင်း) သည် အထူးသင့်လျော်သည့် အကာအကွယ်များကို ထည့်သွင်းထားသဖြင့် အဆိုပါစနစ်မျိုးတွင် သေချာပေါက် ကျင့်သုံးနိုင်ပေသည်။

ပဋိညာဉ်ပါ အချက်အလက်များသည် အမျိုးမျိုးသော ဥရောပတိုင်းပြည်များတွင် အာမခံချက်အဆင့်ကို မြှင့်တင်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ မြှင့်တင်ပေးခြင်းသည် နိုင်ငံတစ်နိုင်ငံတွင် တည်ရှိပြီး ဖြစ်သည့် အဆင့်အပေါ်တွင် အမှီသဟဲ ပြုနေရပေသည်။

သို့သော် ပဋိညာဉ်ပါ အချက်အလက်များကို နိုင်ငံတော်အဆင့် ဥပဒေများကို ပြောင်းလဲရသည့် အခြေခံ အကြောင်းတရားအဖြစ် အသုံးမပြုရ။ အခြားနိုင်ငံတစ်နိုင်ငံ အောင်မြင်ပြီးသား အာမခံချက်များကို နိုင်ငံတစ်နိုင်ငံက လျော့ကျသွားစေနိုင်သောကြောင့် ဖြစ်သည်။

၁.၂။ တရားသူကြီးများအတွက် ဥပဒေများပေါင်းစပ်ဖွဲ့စည်းထားသည့် အခြေခံကျသော မူဂါဒများတွင် တရားသူကြီးများနှင့် တရားရုံးများ၏ စွမ်းရည်၊ လွတ်လပ်မှုနှင့် မျက်နှာမလိုက်မှုတို့အပေါ် အကာအကွယ်ကို ထည့်သွင်းစဉ်းစားကာ ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် စံနှုန်းသတ်မှတ်ထားသော စည်းမျဉ်းဥပဒေများဖြင့် အမြင့်ဆုံးပြဋ္ဌာန်းပေးရမည်။ ဥရောပနိုင်ငံများတွင် ထိုကဲ့သို့ အခြေခံအကြောင်းကို တည်ထောင်ထားပြီးဖြစ်သည်။

ပြဋ္ဌာန်းထားသော ဥပဒေတွင် ပါဝင်သည့် စည်းမျဉ်းများသည် ဥပဒေပြုအဆင့်တွင် ပုံမှန်အားဖြင့် ဥပဒေပြုရမည်ဖြစ်ပြီး ထိုအရာသည် ပြင်လွယ်ပြောင်းလွယ်ရှိသော ဖွဲ့စည်းပုံရှိသည့် နိုင်ငံများတွင် အမြင့်ဆုံးအဆင့်လည်း ဖြစ်သည်။

ဥပဒေပြုအဖွဲ့ သို့မဟုတ် ဖွဲ့စည်းပုံတွင်ရှိသည့် စည်းမျဉ်းများနှင့် အခြေခံမူဂါဒများကို ထိန်းသိမ်းရခြင်းသည် ဥပဒေများကို အမှုအနိုင်အရှုံးဆုံးဖြတ်ရာတွင် မသင့်လျော်သော ပြီးစလွယ်လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ခြင်းမှ ကာကွယ်ရန် ဖြစ်သည်။

အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူဂါဒများကို ထိန်းသိမ်းလျင် ၎င်းသည် ဥပဒေကို ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ခြင်း သို့မဟုတ် ဥပဒေချိုးဖောက်နိုင်သည့် သက်ရောက်မှုများရှိခြင်းမှ ကာကွယ်ပေးသည်။

ထိုသို့ ပြဋ္ဌာန်းခြင်းအားဖြင့် အဆိုပါမူဂါဒများသည် ပြည်တွင်းဥပဒေစနစ်အတွင်း ပါဝင်ရမည်ဖြစ်သည်။ ဥရောပနိုင်ငံများတွင် စည်းနှောင်မှုရှိသည့် နိုင်ငံတကာဆိုင်ရာ ကိရိယာတစ်ခုအဖြစ် ပြဋ္ဌာန်းထားသော ကာကွယ်သည့် အချက်အလက်များအတွက် လုပ်ဆောင်သော အဆိုပါစနစ်များအောက်ရှိ လေးစားသမှုကို ပဋိညာဉ်က မလေ့လာဘဲ ကြိုတင်ဆုံးဖြတ်မှု ပြုမည် မဟုတ်ပေ။

အဆိုပါအချက်မှာ မှန်ကန်ပြီး နိဒါန်းတွင်ဖော်ပြခဲ့သည့်အတိုင်း ပြဋ္ဌာန်းချက်များအကြားတွင် ပဋိညာဉ်သည် အဓိကအပိုင်းကို ရယူထားသည်။

၁.၃။ တရားသူကြီးများကို ရွေးချယ်ရန်၊ ခန့်အပ်ရန်၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် ဖွံ့ဖြိုးရန် သို့မဟုတ် ၎င်းတို့ကို အမှုထမ်းမှုမှထုတ်ပယ်ရန် ဆုံးဖြတ်ချက်တစ်ခု လိုအပ်လာသည့်အခါ ပဋိညာဉ်သည် အုပ်ချုပ်မှုအဖွဲ့နှင့် ဥပဒေပြုမှုအဖွဲ့တို့မှ ဖွဲ့စည်းထားသော လွတ်လပ်သည့် အဖွဲ့တစ်ဖွဲ့ဖြင့် ကြားဝင်ဖြန်ဖြေပေးရန် ကူညီပေးသည်။

အဆိုပါ ပြဋ္ဌာန်းချက် အတွက် စကားလုံးသုံးနှုန်းပုံသည် အမျိုးမျိုးသော အခြေအနေ အရပ်ရပ်အပေါ် လွှမ်းခြုံမှုရှိစေရန် ရည်ရွယ်ထားသည်။ အုပ်ချုပ်မှု၊ သို့မဟုတ် ဥပဒေပြုမှုအဖွဲ့တစ်ဖွဲ့အတွက် အကြံဉာဏ်မှသည် လွတ်လပ်သည့် အဖွဲ့အစည်းမှ လက်တွေ့ဆုံးဖြတ်ချက် ချနိုင်



သည်အထိ ကျယ်ပြန့်မှုရှိသည်။

နိုင်ငံအလိုက် စနစ်များအတွင်းရှိ ကွဲပြားမှုများကို ထည့်တွက်ရန်လည်း လိုအပ်သည်။အချို့နိုင်ငံများသည် ရာထူးခန့်အပ်မှုများအတွက် တာဝန်ရှိသော နိုင်ငံရေးအဖွဲ့အစည်းနေရာတွင် လွတ်လပ်သော အဖွဲ့အစည်းကို အစားသွင်းခြင်းအား လက်ခံရန် ခက်ခဲလျက်ရှိသည်။

သို့သော်လည်း ထိုသို့ကိစ္စမျိုးများတွင် တကယ့်တာဝန်ယူရခြင်းမျိုးမဟုတ်၊ တရားဝင် ရာထူးခန့် အဖွဲ့မျိုးလည်းမဟုတ်ဘဲ အနည်းဆုံး လွတ်လပ်သော အဖွဲ့အစည်း၏ အကြံဉာဏ် သို့မဟုတ် ထောက်ခံချက်ရရှိရန် လုပ်ဆောင်စေခြင်းမှာ အရေးပါသော မက်လုံးဖြစ်သည်။

ပဋိညာဉ်၏ အနှစ်သာရမှာ လွတ်လပ်သောအဖွဲ့အစည်း၏ ထောက်ခံချက်များနှင့် အကြံဉာဏ်များတွင် ကျင့်သုံးရမည့် ယေဘုယျနည်းလမ်းများကို အာမခံသောအချက် ပါဝင်ခြင်းမရှိပေ။ ထိုထောက်ခံချက်နှင့် အကြံဉာဏ်များကို မလိုက်နာသော နိုင်ငံရေး သို့မဟုတ် စီမံအုပ်ချုပ်ရေးအာဏာပိုင်များသည် အနည်းဆုံး ၎င်းတို့လိုက်နာရန် ငြင်းဆိုရသည့် အကြောင်းပြချက်ကို သိသာထင်ရှားစွာပြရန် တာဝန်ရှိသည်။

ပဋိညာဉ်ပါ အဆိုပါပြဋ္ဌာန်းချက်အတွက် စကားလုံးသုံးနှုန်းပုံသည် လွတ်လပ်သည့် အဖွဲ့အစည်းကို တိုက်ရိုက်အကြံပြုချက်ဖြင့် ဖြစ်စေ၊ တရားဝင် အကြံပြုချက်ဖြင့် ဖြစ်စေ၊ ထောက်ခံချက်တစ်ခုခုဖြင့်ဖြစ်စေ၊ အဆိုပြုချက် သို့မဟုတ် လက်တွေ့ဆုံးဖြတ်ချက်တစ်ခုဖြင့် ဖြစ်စေ ကြားဝင်နိုင် စေရန် လုပ်ဆောင်ပေးထားသည်။

လွတ်လပ်သောအဖွဲ့အစည်း၏ အဖွဲ့ဝင်များထံမှ မေးခွန်းပေါ်ထွက်လာပေသည်။ ထိုအချက်တွင် ပဋိညာဉ်သည် လွတ်လပ်သောအဖွဲ့အစည်း၏ အနည်းဆုံး တစ်ဝက်ကို ရွေးကောက်ခံထားရသည့် တရားသူကြီးများက ကိုယ်စားပြုရမည်ဟု ပြဋ္ဌာန်းထားသည်။ ဆိုလိုရင်းမှာ လွတ်လပ်သော အဖွဲ့အစည်းတွင် တရားသူကြီးများကို လူနည်းစုဖြစ် မနေစေသလို လူများစုလည်း ဖြစ်မနေစေရန် လိုလားခြင်းဖြစ်သည်။

ဥရောပနိုင်ငံများရှိ အမျိုးမျိုးသော အတွေးအမြင်များနှင့် စကားစစ်ထိုးပွဲများ၏ အမြင်အရ အနည်းဆုံး တရားသူကြီး ၅၀ ရာခိုင်နှုန်းပါဝင်ခြင်းသည် အတော်အတန်မြင့်မားသည့် အကာအကွယ်ဖြစ်ရုံသာမက အခြားနိုင်ငံဆိုင်ရာ စနစ်များအတွင်းရှိ မူဂါဒများအပေါ် စဉ်းစားသုံးသပ်ခြင်းအတွက် အခြားဆုံးဖြတ်ချက် များကိုပါ လေးစားစေမည်ဟု ဆိုသည်။

လွတ်လပ်သော အဖွဲ့အစည်းတွင်ပါဝင်မည့် တရားသူကြီးအဖွဲ့ဝင်များကို ၎င်းတို့နှင့် ဆက်စပ်သက်ဆိုင်သူများက ရွေးကောက်ရန်လိုအပ်ပြီး အဖွဲ့အစည်း၏ လွတ်လပ်မှုလိုအပ်သော နေရာနယ်ပယ်များတွင် အုပ်ချုပ်မှု သို့မဟုတ် ဥပဒေပြုအဖွဲ့အစည်းမှ နိုင်ငံရေးအာဏာပိုင် တစ်ဦးတစ်ယောက်က အဖွဲ့ဝင်များကို ရွေးကောက်ခြင်း၊ ခန့်အပ်ခြင်းတို့ကို တားမြစ်ထားသည်။

ထိုသို့ လုပ်ငန်းစဉ်မျိုးအောက်တွင် တရားသူကြီးများကို ခန့်အပ်ခြင်းနှင့် တရားသူကြီး၏ အခန်းကဏ္ဍတို့သည် ပါတီနိုင်ငံရေး ဘက်လိုက်မှုရှိနေမည့် အန္တရာယ်လည်းရှိနိုင်သည်။ လွတ်လပ်သော အဖွဲ့အစည်းတွင်ပါဝင်သည့် တရားသူကြီးများသည် ၎င်းတို့ကို ပါတီများမှ တင်မြှောက်ခြင်း သို့မဟုတ် ရွေးကောက်ခြင်းနည်းဖြင့် အဆိုပါ နိုင်ငံ ရေးပါတီများက ထောက်ခံမှုရှာဖွေခြင်းကို

ဆန့်ကျင်ရမည်ဖြစ်သည်။

အဆုံးသတ်အနေဖြင့် သီးခြားမဲပေးမှုစနစ်ကို ခိုင်ခိုင်မာမာတောင်းဆိုထားခြင်းမရှိပဲ ပဋိညာဉ်သည် အဖွဲ့အစည်းအတွက် တရားသူကြီးများ ရွေးကောက်ခြင်းနည်းလမ်းသည် တရားသူကြီးများ အကျယ်ပြန့်ဆုံး ကိုယ်စားပြုနိုင်မှုကို အာမခံရမည်ဟု ညွှန်းဆိုဖော်ပြထားသည်။

၁.၄။ တရားသူကြီး၏ အခွင့်အရေးသည် ဥပဒေ သို့မဟုတ် ယေဘုယျလွတ်လပ်မှု၊ သို့မဟုတ် ဥပဒေ လုပ်ငန်းစဉ်၏ အောက်တွင် ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် ချိုးဖောက်ခံရခြင်းတို့ ဖြစ်ပေါ်လျှင် ပဋိညာဉ်သည် တရားသူကြီးတိုင်း၏ အယူခံဝင်ပိုင်ခွင့်ကို မြတ်နိုးထိန်းသိမ်းထားပါသည်။ ဆိုလိုသည်မှာ တရားသူကြီးများသည် ၎င်းတို့၏အခွင့်အရေး ချိုးဖောက်ခံရခြင်းအပေါ် ခုခံချေပခွင့် မဲ့ခြင်း မဖြစ်စေရန် ဖြစ်သည်။

အယူခံဝင်ပိုင်ခွင့်သည် လိုအပ်သည့် အကာအကွယ်တစ်ခုဖြစ်သည်။ အကြောင်းမှာ တရားသူကြီးများ၏ ထိရောက်သည့် အကောင်အထည်ဖော်ခွင့်အတွက် အာမခံချက်ပေးမည့် ယန္တရားတစ်ခုက နောက်ခံမပြုထားလျှင် တရားစီရင်ရေးကို ကာကွယ်ရမည့် မူဂါဒများဆိုသည်မှာ ဆန္ဒသက်သက် အတွေးတစ်ခုမျှသာ ဖြစ်နေပေလိမ့်မည်။

တရားသူကြီးတစ်ဦးချင်းစီ၏ အခြေအနေအပေါ် ဆုံးဖြတ်ချက် တစုံတရာမချမှတ်ရသေးမီ လွတ်လပ်သောအဖွဲ့၏ ကြားဝင်ဖြန်ဖြေမှုသည် တရားသူကြီး၏ လွတ်လပ်မှုအပေါ် သက်ရောက်မှုရှိနေချိန်တွင် အခြေအနေ အားလုံးကို လွှမ်းခြုံနိုင်မည် မဟုတ်ပေ။ တရားသူကြီးများသည် ကိုယ့်အစွမ်းအစဖြင့်ကိုယ် အဆိုပါအဖွဲ့သို့ လျှောက်ထားနိုင်စေရေးမှာ အလွန်အရေးပါပေသည်။

ပဋိညာဉ်က ဖွဲ့စည်းထားသော အဖွဲ့သည် တရားသူကြီး၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိပါးသည့် အခြေအနေကို ဖြေရှင်းပေးနိုင်သည့် အစွမ်း၊ သို့မဟုတ် အခွင့်ရှိသော အာဏာပိုင်က ဖြေရှင်းပေးရန် အရေးဆိုနိုင်သည့် အစွမ်းရှိရမည်ဟု ပြဌာန်းထားသည်။

ဤနည်းစနစ်သည်နိုင်ငံများ၏ကွဲပြားခြားနားသောစနစ်များကိုထည့်သွင်းတွက်ချက်ထားသည်။ အခြေအနေတစ်ရပ်တွင် လွတ်လပ်သောအဖွဲ့အစည်း၏ တိုက်ရိုက်အကြံပြုချက်သည် စောဒကတက်စရာဖြစ်နေသည့် အခြေအနေကို ကုစားရန် မေးခွန်းထုတ်ရာတွင် အာဏာပိုင်များအတွက် အတန်ကြီးမားသော မက်လုံးဖြစ်စေသည်။

၁.၅။ ပဋိညာဉ်သည် တရားသူကြီးများက ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် အဓိကတာဝန်များကို ပြဌာန်းထားသည်။

"အလုပ်ပြီးမြောက်နိုင်စွမ်း"ဆိုသည့် စကားရပ်သည် အမှုများကို မှန်ကန်စွာစီရင်ရန် လိုအပ်သည့် အချိန်နှင့် ထိုသို့အရေးပါသည့် တာဝန်အတွက် အထင်အရှားလိုအပ်သော အားစိုက်မှုနှင့် နှီးကြားမှုတို့အတွက် လိုအပ်သည့်အချိန်ကို ဆိုလိုသည်။ အကြောင်းမှာ တရားသူကြီး၏ ဆုံးဖြတ်ချက်သည် တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးကို ကာကွယ်ပေးသည့်အတွက် ဖြစ်သည်။



တစ်ဦးတစ်ယောက်ချင်းစီအတွက် လေးစားမှုသည် တရားသူကြီးပိုင်ဆိုင်သည့် အခွင့်အာဏာနေရာမျိုးအတွက် အထူးအရေးပါပေသည်။ အထူးသဖြင့် လူတစ်ချင်းစီသည် တရားရေးစနစ်ဖြင့် ရင်ဆိုင်တွေ့ရသည့် အခါမျိုးတွင် အလွန်ထိခိုက်လွယ်သည်ဟု ခံစားရသဖြင့် ဖြစ်သည်။

ဤစာပိုဒ်သည် တရားစစ်ဆေးမှုများတွင် သိရသည့် လျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို လေးစားရန်မှာ တရားသူကြီး၏ တာဝန်ဖြစ်သည်ဟု ညွှန်းဆိုလိုခြင်းဖြစ်သည်။ အဆုံးသတ်တွင် တရားသူကြီးများသည် အမှုများကို ကြားနာစစ်ဆေးရာတွင် လိုအပ်သည့် မြင့်မားသောစွမ်းရည်ကို ထိန်းသိမ်းရမည်ဟု ညွှန်ပြထားသည်။

ဆိုလိုသည်မှာ မြင့်မားသော စွမ်းဆောင်ရည်နှင့် အရည်အချင်းသည်  အမှုများကို စစ်ဆေးရာတွင်နှင့် စီရင်ဆုံးဖြတ်ချက်ချရာတွင် တရားသူကြီးတစ်ဦးအတွက် ပုံသေလိုအပ်ချက်ဖြစ်သည်။ တရားသူကြီးသည် သူ၏ မြင့်မားသောအရည်အချင်းကို လိုအပ်လျှင် နောက်ထပ် မွမ်းမံသင်တန်းများတက်ရောက်ကာ ထိန်းသိမ်းထားရမည် ဖြစ်သည်။ စာပိုဒ်နောက်ပိုင်းတွင် တရားသူကြီးများသည် မွမ်းမံသင်တန်းများ တက်ရောက်နိုင်ရန် ခွင့်ပြု ချက်ရှိရမည်ဟု ဖော်ပြထားသည်။

၁.၆။ နိုင်ငံတော်အနေနှင့် တရားသူကြီးများက ၎င်းတို့၏တာဝန်များကို မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ အထူးသဖြင့် သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း အမှုများကို ကိုင်တွယ်နိုင်ရေးအတွက် လိုအပ်သည့် နည်းလမ်းများရှိ စေရန် သေချာအောင်လုပ်ဆောင်ပေးရမည့် တာဝန်ရှိသည်ဟု ပဋိညာဉ်က  ရှင်းလင်းဖွင့်ဆိုထားသည်။

နိုင်ငံတော်၏တာဝန်ကို ရှင်းလင်းစွာညွှန်းဆိုဖော်ပြခြင်းမရှိလျှင် တရားသူကြီးများ၏ တာဝန်နှင့် ဆက်စပ်သည့် အဆိုပြုချက်အတွက် တရားမျှတအောင်ပြဆိုမှုမှာ ပျက်စီးသွားမည်ဖြစ်သည်။

၁.၇။ ပဋိညာဉ်သည် တရားသူကြီးများဖွဲ့စည်းသော အလုပ်အကိုင်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးကို အသိအမှတ်ပြုပြီး တရားသူကြီးတိုင်းသည် ဥပဒေဆိုင်ရာ ခွဲခြားနှိမ့်ချမှုများကို ဟန့်တားနိုင်ခွင့်နှင့် ဆက်နွယ်၍ လွတ်လပ်စွာဖြင့် အသင်းအဖွဲ့များကို ပါဝင်ခွင့် ရှိသည်။

ထိုအချက်က အဆိုပါအဖွဲ့အစည်းများသည် အာဏာပိုင်များနှင့် အဖွဲ့အစည်းများက တရားသူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် သက်ရောက်စေသည့် ပါဝင်မှုမျိုးမပြုနိုင်ရန် တရားသူကြီးများ၏ ပြဌာန်းချက်ပါ အခွင့်အရေးများကို ကာကွယ်ရာတွင် အထောက်အပံ့ဖြစ်စေသည်။

ပဋိညာဉ်က အဖွဲ့အစည်းများကို တရားသူကြီးများ၏ ပြဌာန်းအခွင့်အရေးများ ကာကွယ်ရန် သီးသန့်တာဝန်ရှိသည်ဟု တာဝန်ပေးအပ်ထားခြင်းမဟုတ်သော်လည်း အာဏာပိုင်များနှင့် အဖွဲ့အစည်းများက တရားသူကြီး၏ ဆုံးဖြတ်ချက်များတွင် ပါဝင်ပတ်သက်ခြင်းဖြစ်လျှင် ထိုသို့ကာကွယ်မှုပြုရန် ညွှန်းဆိုထားသည်။ ထိုအရာကို စာပိုဒ် ၁.၃ ရှိ လွတ်လပ်သော အာဏာပိုင်များတွင်လည်း ကျင့်သုံးသည်။

၁.၈။ ပဋိညာဉ်သည် တရားသူကြီးများကို ၎င်းတို့၏ ကိုယ်စားလှယ်များမှတစ်ဆင့် ဆက်နွယ်စေရန် ထောက်ပံ့ထားသည်။အထူးသဖြင့်စာပိုဒ်၁.၃တွင်ညွှန်းဆိုထားသောအာဏာပိုင်အဖွဲ့ဝင်များနှင့် တရားရုံး၏ စီမံအုပ်ချုပ်မှုအပေါ် ဆုံးဖြတ်ချက်များ၊ တရားရုံး၏ ရသုံးငွေစာရင်းဆိုင်ရာ ရင်းမြစ်များနှင့် အဆိုပါဆုံးဖြတ်ချက်များကို ဒေသတွင်း၊ နိုင်ငံတွင်း အကောင်ထည်ဖော်ခြင်းတို့နှင့်အတူ

ငှင်းတို့၏ အလုပ်အကိုင်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများမှ တစ်ဆင့် ဆက်နွယ်ရမည်။

တိကျသည့် ဥပဒေပုံစံ သို့မဟုတ် အတားအဆီးများ၏ အတိုင်းအတာကို အရေးဆိုပြောကြားထားခြင်းမရှိဘဲ အဆိုပါပြဋ္ဌာန်းချက်များသည် တရားရေး ဘတ်ဂျက်အလုံးစုံနှင့် တရားရုံးတစ်ခုချင်းစီအတွက် ကြိုတင်လျာထားသော ရင်းမြစ်များကို စူးစမ်းလေ့လာရန် တရားသူကြီးများ ဆက်နွယ်ပတ်သက်သင့်သည်ဟု ချမှတ်ထားသည်။ ထိုသို့ပြုလုပ်ခြင်းက နိုင်ငံအဆင့် သို့မဟုတ် ဒေသတွင်းအဆင့်တို့တွင် တိုင်ပင်ခြင်း သို့မဟုတ် ကိုယ်စားပြုခြင်းလုပ်ငန်းစဉ်များ ထူထောင်ရန် ညွှန်းဆိုခြင်းဖြစ်သည်။

ထိုအချက်သည် တရားစီရင်ရေးနှင့် တရားရုံးများ စီမံအုပ်ချုပ်ရေးအပေါ် ပိုမိုကျယ်ပြန့်စွာ အကျိုးသက်ရောက်စေသည်။ ပဋိညာဉ်က တရားသူကြီးများသည် အဆိုပါ စီမံအုပ်ချုပ်မှုများအတွက် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များကို လျစ်လျူရှုထားရန်လည်း မလိုအပ်ပေ။

ပြဋ္ဌာန်းဥပဒေတွင် အပြောင်းအလဲတစ်စုံတစ်ရာအတွက် အဆိုပြုခြင်း၊ သို့မဟုတ် ငှင်းတို့ခံစားရသော အခြေခံများကိုပြောင်းလဲရန် အဆိုပြုခြင်း၊ သို့မဟုတ် အငြိမ်းစားယူလျှင်ရရှိမည့် ပင်စင် အပါအဝင် လူမှုဖူလုံရေးတို့နှင့် ပတ်သက်ပြီး တရားသူကြီးများ၏ ကိုယ်စားလှယ်များ သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ အဖွဲ့အစည်းများမှ တရားသူကြီးများ အကြံဉာဏ်ရယူမှုသည် အဆိုပါ နယ်ပယ်များတွင် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် တရားသူကြီးများက လစ်လျူရှု မထားမိစေရန် သေချာရမည်။

သို့သော်ငြား ပဋိညာဉ်သည် ဖွဲ့စည်းပုံအောက်တွင် အဆိုပါကိစ္စများအတွက် တာဝန်ရှိသော နိုင်ငံတော်အဆင့် အဖွဲ့ကအစည်းများထံ ဆုံးဖြတ်ချက်ချခွင့် အာဏာအပ်နှင်းထားခြင်းအပေါ် ကျူးကျော်ထိပါးရန် အခွင့်မရှိပေ။

## ၂။ ရွေးချယ်ခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် ကနဦးသင်တန်းပေးခြင်း

၂.၁။ တရားရေးကိုယ်စားလှယ်များကို လွတ်လပ်သောအဖွဲ့ (သို့) ရွေးချယ်ရေးအဖွဲ့က ရွေးချယ်စုဆောင်းသည်။ ရွေးချယ်ရေးအဖွဲ့သည် စာပိုဒ် ၁.၃ အရ လွတ်လပ်သော အာဏာပိုင်အဖွဲ့အစည်း ဖြစ်ရမည်မဆိုသော်လည်း သဘောတူညီချက်အနေဖြင့် မလိုအပ်ပါ။ ဆိုလိုသည်မှာ ရွေးချယ်ရေးအဖွဲ့သည်လွတ်လပ်၍ အမှီအခိုကင်းလျှင် စုံစမ်းစစ်ဆေးရေး (သို့) ရွေးချယ်ရေးအဖွဲ့ကို အသုံးပြုနိုင်သည်။ လက်တွေ့တွင် ရွေးချယ်ရေး လုပ်ထုံးလုပ်နည်းသည် အမှန်တကယ် ခန့်အပ်မှု လုပ်ငန်းစဉ်နှင့် ရံဖန်ရံခါ ခြားနားမှုရှိသည်။ ရွေးချယ်ရေး လုပ်ငန်းစဉ်နှင့် တွဲဖက်ထားသည့် ကာကွယ်ပေးခြင်းကို ဖော်ပြရန်အရေးပါသည်။

ရွေးချယ်ရေးအဖွဲ့၏ ရွေးချယ်မှုသည် ထမ်းဆောင်ရမည့် တာဝန်များ၏ သဘောသဘာဝနှင့် နီးစပ်သည့် စံနှုန်းများအပေါ် အခြေခံရမည်။



အဓိကရည်ရွယ်ချက်သည် ကိုယ်စားလှယ်များ၏ လွတ်လွတ်လပ်လပ် တွေးခေါ်မှုကို ဆန်းစစ်သည့် တရားသူကြီးများက ကြားနာသည့်အမှုများအပေါ် လွတ်လပ်စွာ သုံးသပ်ခြင်းကို အကဲဖြတ်ရန်ဖြစ်သည်။ တရားရေးတာဝန်များ ထမ်းရွက်ရာတွင် ဘက်မလိုက်ရေးသည် အလွန်အရေးပါသည်။ ဥပဒေကို အသုံးပြုနိုင်သည့် စွမ်းရည်သည် ဥပဒေဆိုင်ရာ ဗဟုသုတနှင့် ငှင်းကို လက်တွေ့ကျင့်သုံးနိုင်သည့် အရည်အသွေးဖြစ်ပြီး ငှင်းတို့နှစ်ခုသည် ခြားနားသည့် ကျွမ်းကျင်မှု နှစ်ခုဖြစ်သည်။

ရွေးချယ်ရေးအဖွဲ့သည် ကိုယ်စားလှယ်များ၏ တရားသူကြီးအဖြစ် လုပ်ဆောင်မှုကို လူ့သိက္ခာပေါ် လေးစားမှုကို အခြေခံရမည်ဟုဆိုသည်။ ယင်းသည်ရာထူး အာဏာရှိသူများနှင့် ဒုက္ခရောက်နေသော တရားစွဲဆိုသူများကြား အရေးပါသည်။

နောက်ဆုံးတွင် ရွေးချယ်မှုကို ကျား/မ၊ လူမျိုးစု (သို့) လူမှုဇစ်မြစ်၊ အတွေးအမြင် (သို့) နိုင်ငံရေး အတွေးအခေါ် (သို့) ဘာသာရေးယုံကြည်ချက် စသည့် ခွဲခြားဆက်ဆံမှု စံနှုန်းများအပေါ် အခြေမခံရပါ။

၂.၂။ တရားရေးရုံးများတွင်ထမ်းဆောင်ရမည့် တာဝန်များအတွက် စွမ်းရည်ပြည့်ဝစေရန် ရွေးချယ်ရေးနှင့် လူသစ်စုဆောင်းရေး စည်းမျဉ်းများတွင် အရည်အချင်းနှင့် ယခင်အတွေ့အကြုံများကို လိုအပ်ချက်များအဖြစ် သတ်မှတ်မည်။ ဥပမာ - စုဆောင်းရာတွင် ဥပဒေရေးရာ (သို့) တရားရေး အတွေ့အကြုံရှိသည့် နှစ်အရေအတွက်ကို ထည့်သွင်းစေသည်။

၂.၃။ တရားရုံး၏ သဘောသဘာဝအရ တရားသူကြီးသည် လူ့သိက္ခာကို လေးစားရန် ခက်ခဲသည့် ရှုပ်ထွေးသောအခြေအနေမျိုးတွင် ကြားဝင်လာပြီး အတည်ပြုစစ်ဆေးမှုတွင် ပါရီမီ ရှိ၊ မရှိကို ဆန်းစစ်သည်။ အတည်ပြုခြင်းသည် ထိုရုံးအတွက် မည်သည့်အခါမျှ လုံလောက်သည်ဟူ၍ မရှိပါ။

တရားရေးတာဝန်များ ထမ်းဆောင်ရန် ရွေးချယ်ခံရသောသူများသည် အစိုးရက ငွေကြေးထောက်ပံ့ပေးသော သင်တန်းများတက်ရောက်ကာ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ကြရမည်။

လွတ်လပ်မှုနှင့် ဘက်မလိုက်သော ဆုံးဖြတ်ချက်များ ချမှတ်ရန် ပြင်ဆင်ရာတွင် သတိထားရမည်မှာ စွမ်းဆောင်ရည်၊ သမာသမတ်ကျခြင်းနှင့် ငှင်းတို့ကို အကောင်အထည်ဖော်နေသည့် အဖွဲ့၏ တာဝန်များတွင်လည်း အာမခံထားပါသည်။ ထို့ကြောင့် သဘောတူညီချက်က စာပိုဒ် ၁.၃ တွင် ဖော်ပြထားသော အာဏာပိုင်အဖွဲ့သည် သင့်လျော်သော သင်တန်းပို့ချမှု အနေအထားနှင့် ယင်းကို အကောင်အထည်ဖော်နေသော အဖွဲ့များတွင် တရားရေးတာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သော စိတ်ဓာတ်ပွင့်လင်းမှု၊ စွမ်းဆောင်ရည်နှင့် သမာသမတ်ကျမှုတို့ကို အာမခံနိုင်ရမည်။ ထိုအာဏာပိုင်အဖွဲ့သည် ထိုသို့ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် ရင်းမြစ်များရှိရမည်။ ပြဋ္ဌာန်းဥပဒေတွင် ဖော်ပြထားသော စည်းမျဉ်းများသည် ဤအဖွဲ့၏ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်ကို အသေးစိတ်ဖော်ပြပြီး ယင်းသည် သင်တန်းပို့ချရေးအဖွဲ့များက အကောင်အထည်ဖော်နေမှုနှင့် ငှင်းတို့၏ အစီအစဉ်များနှင့် ဆက်စပ်မှုကိုလည်း ဖော်ပြရမည်။

## ၃။ ခန့်အပ်ခြင်းနှင့် မဖယ်ရှားနိုင်ခြင်း

၃.၁။ အမျိုးသားစနစ်များသည် အမှန်တကယ် ရွေးချယ်ရေး လုပ်ထုံးလုပ်နည်းနှင့် တရားသူကြီး ခန့်အပ်ရေးလုပ်ငန်းစဉ်များနှင့် တရားရုံးသို့ ခန့်အပ်လိုက်ချိန်တို့ကြားရှိ ခြားနားချက်များကို ဖော်ပြသည်။ တရားသူကြီးများခန့်အပ်ခြင်းကို စာပိုဒ် ၁.၃ ပါ လွတ်လပ်သော အာဏာပိုင် အဖွဲ့က ဆောင်ရွက်ပြီး ထိုဆုံးဖြတ်ချက်များကို တင်ပြအစီရင်ခံခြင်း (သို့) ထောက်ခံခြင်း (သို့) သဘောတူညီမှု (သို့) သဘောတားအတိုင်း လုပ်ဆောင်ခြင်းတို့ဖြင့် ရရှိလာခြင်းဖြစ် သည်။

၃.၂။ သဘောတူညီချက်သည် သဟဇာတဖြစ်ခြင်းကိုလည်း ပြောဆိုခဲ့သည်။ ယင်းက လုံးဝ သဟ ဇာတ မဖြစ်ခြင်းအယူကို စွန့်ပစ်ပြီး ကိုယ်စားလှယ်၏ အကြောင်းအရာများ (သို့) ယခင် အတိတ် ဖြစ်ရပ်များအပေါ် မူတည်ပြီး တရားရေးခန့်အပ်မှုများကို နှောင့်နှေးစေနိုင်သည်။

အခြားတစ်ဖက်ကကြည့်လျှင် တရားသူကြီးကို သက်ဆိုင်ရာ တရားရုံးသို့ ခန့်အပ်မည်ဆိုလျှင် အထက်ပါအခြေအနေမျိုးကို ထည့်သွင်းစဉ်းစားပြီး တရားသူကြီး၏ သမာသမတ်ရှိမှုနှင့် လွတ် လပ်မှုအပေါ် တရားဝင်အရသော်လည်းကောင်း၊ ဓမ္မဓိဋ္ဌာန်ကျကျသော်လည်းကောင်း သံသယ ရှိပါသည်။ ဥပမာ မြို့တစ်မြို့တွင် ရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူကို ထိုမြို့တွင်ပင် တရားသူကြီးအဖြစ် ချက်ချင်းတာဝန်ခန့်အပ်မည် မဟုတ်ပါ။ တရားသူကြီးတစ်ဦး၏ ဇနီး/ ခင်ပွန်း၊ မိခင်၊ ဖခင် တစ်ဦးဦးက ဥပမာအားဖြင့် ထိုမြို့တွင်ပင် မြို့ဝန် (သို့) လွှတ်တော် အမတ်ဖြစ်နေခဲ့လျှင် တရားသူကြီးကို ထိုမြို့တွင် တာဝန်ချထားပေးရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် တရားသူကြီးများကို တရားရုံးတစ်ခုတွင် တာဝန်ချထားမည်ဆိုလျှင် တရားသူကြီးများ၏ လွတ် လပ်မှုနှင့် သမာသမတ်ကျမှုအပေါ် တရားဝင်ဖြစ်သော၊ ဓမ္မဓိဋ္ဌာန်ကျသော သံသယများကို ဖြစ် စေနိုင်သည့် အခြေအနေမျိုးကို သက်ဆိုင်ရာပြဋ္ဌာန်း ဥပဒေအရ ထည့်သွင်းစဉ်းစားရမည်။

၃.၃။ အချို့နိုင်ငံများတွင် လူသစ်စုဆောင်းရေးလုပ်ထုံးလုပ်နည်းများအရ အမြဲတမ်း တရားရေးဆိုင်ရာ အပ်နှင်းမှုမပြုမီ အစမ်းခန့်ကာလ သတ်မှတ်ပေးပြီး တချို့ကမူ ကာလတစ်ခုသတ်မှတ်ကာ လုပ်ဆောင်စေပြီးမှ စာချုပ်ပြန်လည် ချုပ်ဆိုသည်။

ဤသို့သော အခြေအနေမျိုးအတွက် အမြဲတမ်းခန့်အပ်ခြင်း (သို့) ခန့်အပ်မှုကို အသစ်တစ်ဖန် ဆောင်ရွက်ခြင်းတို့အတွက် ဆုံးဖြတ်ချက်ကို စာပိုဒ် ၁.၃တွင် ဖော်ပြထားသော လွတ်လပ်သည့် အာဏာပိုင်အဖွဲ့ကသာလျှင် ဆောင်ရွက်နိုင်ပြီး အဆိုပြု၊ အကြံပေး (သို့) ၎င်း၏ အကြံဉာဏ် အတိုင်း လုပ်ဆောင်ရမည်။ အစမ်းခန့်ကာလ (သို့) စာချုပ်ဖြင့် အသစ်ပြန်လည် ချုပ်ဆိုခြင်းသည် တာဝန်ခန့်အပ်ခံရမည့် (သို့) စာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုမည့် တရားသူကြီး၏ လွတ်လပ် မှုနှင့်သမာသမတ်ကျမှု ရှုထောင့်အတွက် မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ထို့ကြောင့် လုံခြုံရေး ကို လွတ်လပ်သော အာဏာပိုင်အဖွဲ့ မှတဆင့် ပေးရမည်။

တရားသူကြီးကို စမ်းသပ်စစ်ဆေးဆဲ ကာလဖြစ်ပါက သဘောတူညီချက်အရ လွတ်လပ်သည့် အာဏာပိုင်အဖွဲ့ကို ရည်ညွှန်းရာတွင် စာပိုဒ် ၁၄ ကို အသုံးပြုရမည်။



၃.၄။ သဘောတူညီချက်သည် တရားသူကြီးများအား ဖယ်ရှားနိုင်မှုမရှိခြင်းကိုလည်း ဖော်ပြထားသည်။ ဆိုလိုသည်မှာ တရားသူကြီးကို အခြားတရားရုံးတစ်ခုသို့ ခန့်အပ်၍ မရပါ။

(သို့)၎င်း၏ သဘောတူညီမှုမပါဘဲ တာဝန်ကို ပြောင်းယူ၍ မရပါ။ သို့သော် ခြွင်းချက် အနေဖြင့် စည်းကမ်းထိန်းသိမ်းရေးမူဘောင်အတွင်းတွင်မူ ရွှေ့ပြောင်းခြင်းကို ဆောင်ရွက်နိုင်သည်။ဥပမာ တရားရုံးစနစ်ကို တရားဝင်ပြန်လည်ဖွဲ့စည်းမည်ဆိုလျှင် တရားရုံးကိုပိတ်ကာ ထိုတရားရုံးမှ တရားသူကြီးကို အနီးနားမှတရားရုံးတွင် ဝင်ရောက်ကူညီပေးရန် ယာယီရွှေ့ပြောင်းပေးနိုင် သည်။ ထိုသို့ယာယီပြောင်းရွှေ့ခြင်းကို သက်ဆိုင်ရာပြဋ္ဌာန်း ဥပဒေက ကန့်သတ်ထားရမည်။

တရားသူကြီးကို ၎င်း၏ သဘောတူညီချက်မပါဘဲ ပြောင်းရွှေ့ခြင်းသည် အလွန်သတိထား ရသော ပြသနာဖြစ်ပြီး စာပိုဒ် ၁.၄ ကို တရားသူကြီးသည် ထိုသို့ပြောင်းရွှေ့မှုကို စုံစမ်းစစ်ဆေး မည့် လွတ်လပ်သော အာဏာပိုင်ရှေ့မှောက်တွင် အယူခံဝင်ခွင့်ရှိသည်။ အယူခံဝင်ခွင့်သည် သဘောတူညီချက်တွင် ဖော်ပြမထားသော အခြေအနေမျိုးကို ကုစားပေးနိုင်သည်။ သဘော တူညီချက်တွင် တရားသူကြီးတစ်ဦးသည် အလုပ် အလွန်များသဖြင့် ၎င်း၏တာဝန်များကို သာမန်အားဖြင့် ပြီးစီးအောင် မဆောင်ရွက်နိုင်သည့် အခြေအနေကို ဖော်ပြထားပါသည်။

## ၄။ အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေး

၄.၁။ သက်တမ်းပေါ်မူတည်ပြီး ရာထူးတိုးသော တရားသူကြီးများမှလွဲ၍ သဘောတူညီချက်တွင် အောက်ပါစနစ်တစ်ခုကို ဖော်ပြထားသည်။ ယင်းစနစ်က တရားသူကြီးများ၏ လွတ်လပ်မှုကို ထိထိရောက်ရောက် အကာအကွယ်ပေးပြီး သက်ဆိုင်ရာနိုင်ငံများတွင် အပြည့်အဝ အာမခံပေး သည့် အရည်အသွေးမြင့်သူများကို စုဆောင်းရန် အားပေးထားသည်။ အရေးကြီးသည့် နောက်တစ်ချက်မှာ တရားသူကြီး၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို ရာထူးတိုးပြီးနောက် မထိခိုက်စေရေးဖြစ်သည်။ ဖြစ်နိုင်ချေရှိသော ပြသနာနှစ်ခုမှာ ရာထူးမတက်ရန် တရားမဝင် တားမြစ်ခြင်းခံရသော တရားသူကြီးများနှင့် ထူးထူးကဲကဲ ရာထူးတက်သည့် တရားသူကြီးများ ဟူ၍ ဖြစ်သည်။

ထို့ကြောင့် သဘောတူညီချက်တွင် ရာထူးတက်ခြင်းနှင့်ဆိုင်သော စံနှုန်းများဖြစ်သည့် တရား ရေးတာဝန်များ ထမ်းရွက်ရာတွင် အရည်အချင်းရှိခြင်း၊ ထက်မြက်ခြင်းတို့ကို သီးခြားဖော်ပြထား ပြီး ယင်းတို့ကို တရားသူကြီးတစ်ဦး (သို့) တစ်ဦးနှင့်အထက်က ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ် ချက်များနှင့် ဆုံးဖြတ်ကာ ထိုရာထူးတက်မည့် တရားသူကြီးနှင့် ဆွေးနွေးသည်။

ရာထူးတက်ခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ထိုအကဲဖြတ်မှုများအပေါ် မူတည်ကာ စာပိုဒ် ၁.၃ အညွှန်းပါ လွတ်လပ်သော အာဏာပိုင်၏ အဆိုပြုချက် (သို့) ထောက်ခံချက် (သို့) သဘောတူညီချက် (သို့) အကြံဉာဏ်အတိုင်း လုပ်ဆောင်နိုင်သည်။ ရာထူးတိုးမြှင့်ပေးရန် အမည်စာရင်း တင်သွင်းခံရသည့် လွတ်လပ်သည့် အာဏာပိုင်အဖွဲ့၏ စစ်ဆေးခံရမည့် တရား သူကြီးသည် ဖော်ပြပါ အာဏာပိုင်ရှေ့မှောက်တွင် ၎င်း၏ကိစ္စကို တင်ပြရမည်။

စာပိုဒ် ၄.၁ ပါ ပြဋ္ဌာန်းချက်များသည် တရားသူကြီးများ ရာထူးတိုးခြင်းအတွက်သာ အသုံးပြုခြင်းဖြစ်ပြီး တရားရေးတွင် ရာထူးအဆင့်ဆင့်မရှိသဖြင့် စနစ်များက တရားရေးလွတ်လပ်မှုကို အထူးကာကွယ်ထားသည်။

၄.၂။ သဘောတူညီချက်သည် တရားရေးလုပ်ငန်းတာဝန်များအတိုင်း လုပ်ဆောင်ရမည်။ တရားသူကြီးများသည် တရားရေးလုပ်ပိုင်ခွင့် ပြင်ပတွင် နိုင်ငံသားအခွင့်အရေးကို လွတ်လွတ်လပ်လပ်ခံစားနိုင်သည်။ ထိုလွတ်လပ်မှုတွင် ကန့်သတ်မှုမရှိပါ။ သို့သော် ပြင်ပလုပ်ဆောင်ချက်များဆောင်ရွက်နေသော တရားသူကြီးများသည် ၎င်းတို့ ၏ သမာသမတ်ကျမှုနှင့် လွတ်လပ်မှုအပေါ်ပြည်သူ့ ယုံကြည်မှုနှင့် မကင်းကွာစေရပါ (သို့) ၎င်းတို့ကိုတင်ပြသော အမှုများကို ဂရုတစိုက်နှင့်သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရမည်။

သဘောတူညီမှုသည် မည်သည့်လုပ်ဆောင်မှုကိုမျှ အတိအကျဖော်ခြင်းမရှိပါ။ ပြင်ပလုပ်ဆောင်မှုများ၏ ဆိုးကျိုးများပေါ်တွင် တရားရေးတာဝန်များထမ်းရွက်မှုကို လက်တွေ့ကျကျ အကဲဖြတ်ရမည်။ တရားသူကြီးများအား လစာပေးသည့်အခါသည် စာပေ (သို့) အနုပညာတွင် ပါဝင်ခြင်းထက် လုပ်ဆောင်မှုများတွင် ပါဝင်နိုင်ရန် ခွင့်ပြုချက်တောင်းခံရမည်ဟု သဘောတူညီချက်ကပြဋ္ဌာန်းသည်။

၄.၃။ သဘောတူညီချက်သည် "တရားရေးအရ လိမ္မာသိုသိပ်မှု" ပြသနာကို ဖြေရှင်းပေးပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ဥရောပ သဘောတူညီချက် ပုဒ်မ - ၆နှင့် လူ့အခွင့်အရေး ဥရောပတရားရုံး၏ စီရင်ချက်အခြေခံဥပဒေများမှ ရပ်တည်ချက်တစ်ခုကို ဤသဘောတူညီချက်ကပြဋ္ဌာန်းသည်။ ယင်းအချက်က တရားသူကြီးများသည် ၎င်းတို့၏ သမာသမတ်ကျမှုနှင့် လွတ်လပ်မှုအပေါ် ပြည်သူ့ယုံကြည်မှုကို ထိပါးယုတ်လျော့စေသည်။ အပြုအမူ၊ လုပ်ဆောင်မှု (သို့) ဖော်ပြမှုတို့ကို ရှောင်ကြဉ်ရမည်။ ထိုသို့ယုံကြည်မှု ယုတ်လျော့စေသည့် အညွှန်းဖော်ပြချက်သည် တရားသူကြီးကို လူမှုရေးနှင့် နိုင်ငံရေးအရ အပယ်ခံဖြစ်စေမည့် အလွန်မာကြောမှုကို ဖယ်ရှားရမည်။

၄.၄။ သဘောတူညီချက်သည် "တရားသူကြီးများ၏ ဌာနတွင်းသင်တန်းတက်ခွင့် အခွင့်အရေး" ကို ချမှတ်ပြီး တရားသူကြီးအနေဖြင့် လူထု၏ ကုန်ကျစရိတ်ဖြင့် စီစဉ်ထားသော သင်တန်းများကို ပုံမှန်တက်ရမည်။ တရားသူကြီးများအနေဖြင့် ၎င်းတို့၏ နည်းပညာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ထိန်းသိမ်းတိုးတက်စေရမည်။ ထိုသင်တန်းများ သည် စနစ်တကျရှိသဖြင့် စာပိုဒ် ၂.၃ တွင် ဖော်ပြထားချက်ကို လေးစားလိုက်နာရမည်။ ၎င်းသည် စာပိုဒ် ၁.၃ တွင် ရည်ညွှန်းသည့် လွပ်လပ်သည့် အာဏာပိုင်အဖွဲ့ ၏ အခန်းကဏ္ဍနှင့် ဆက်စပ်ပေးပြီး သင်တန်းပါ အကြောင်းအရာနှင့် ယင်းသင်တန်းကို အကောင်အထည်ဖော်သည့်အဖွဲ့ ၏ တာဝန်များကို သင့်လျော်မှုရှိစေရန် အာမခံပေးရမည်။ ပွင့်လင်းမှု၊ စွမ်းဆောင်မှုနှင့် သမာသမတ်ကျမှု လိုအပ်ချက်များအတွက် လုပ်ဆောင်ရမည်။

စာပိုဒ် ၂.၃ နှင့် စာပိုဒ် ၄.၄ တွင် သင်တန်းပို့ချခြင်းဆိုင်ရာ အာမခံချက်များကို ပျော့ပြောင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားပြီး နိုင်ငံအမျိုးမျိုး၏ သင်တန်းပို့ချမှုစနစ်နှင့် ကိုက်ညီမှုစေရန် ဖော်ပြထားပေးသည်။ အချို့နိုင်ငံများတွင် သင်တန်းပို့ချရေးကောလိပ်များကို တရားရေးဝန်ကြီးဌာန၊



အချို့နိုင်ငံများတွင် တရားသူကြီးများအဆင့်မြင့် ကောင်စီအောက်တွင်၊ ပုဂ္ဂလိက ဥပဒေဖောင်ဒေးရှင်းများအောက်တွင် စသည်ဖြင့် အမျိုးမျိုးရှိကြသည်။

## ၅။ တာဝန်

၅.၁။ သဘောတူညီချက်သည် တရားသူကြီး၏ စည်းကမ်းပိုင်းဆိုင်ရာတာဝန်ကို ဖော်ပြထားသည်။ စည်းကမ်းပိုင်းအရ အရေးယူဆောင်ရွက်နိုင်မှု အကိုးအကားဖြင့် စတင်ထားပြီး တရားသူကြီး၏ပြဋ္ဌာန်းဥပဒေပါ တိကျစွာ အဓိပ္ပာယ်ရှင်းလင်းဖော်ပြပေးထားသော တာဝန်များအနက်မှ တစ်ခုကို တရားသူကြီးအနေဖြင့် အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့လျှင် အရေးယူခံရပါမည်။ အရေးယူမည့် ပြစ်ဒဏ်များကို တရားသူကြီးများ၏ ပြဋ္ဌာန်းဥပဒေတွင် ဖော်ပြထားပါသည်။

ထို့အပြင် သဘောတူညီချက်သည် စည်းကမ်းထိန်းသိမ်းရေး ကြားနာမှုနှင့် သက်ဆိုင်သည့် အာမခံချက်များကို ချမှတ်ပေးသည့် စည်းကမ်းပိုင်းအရ အရေးယူမှုကို ရွေးကောက်ထားသော တရားသူကြီး အနည်းဆုံးထက်ဝက်ခန့် ပါဝင်သော ခုံရုံး (သို့) အာဏာပိုင်အဖွဲ့ ၏ သဘောတူညီချက် (သို့) ထောက်ခံချက် (သို့) အဆိုပြုချက်အပေါ် အခြေခံကာ ဆုံးဖြတ်မည်။ စည်းကမ်းထိန်းသိမ်းရေးနှင့် အရေးယူခံရမည့် တရားသူကြီးကို အပြည့်အဝ ကြားနာခွင့်နှင့် ကိုယ်စားပြုမှုအတွက် ခွင့်ပြုပေးရမည်။ အကယ်၍ အရေးယူမည်ဆိုပါက ပြစ်ဒဏ်အမျိုးအစားကို ရွေးချယ်ကာ အချိုးအစားလိုက် ကိုယ်စားပြုမှုစည်းမျဉ်းကို လေးစားလိုက်နာရမည်။ သဘောတူညီချက်တွင် ရွေးကောက်ထားသော တရားသူကြီး အနည်းဆုံး ထက်ဝက်ခန့်ပါဝင်သော ခုံရုံး (သို့) အာဏာပိုင်အဖွဲ့ ၏ အရေးယူပြစ်ဒဏ်ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် အဆင့်မြင့် တရားရေးအာဏာပိုင်အဖွဲ့ထံတွင် အယူခံဝင်ခွင့်ရှိသည်။ လက်ရှိပြဋ္ဌာန်းချက်သည် ပါလီမန်က ချမှတ်သောအရေးယူမှုအပေါ် အယူခံဝင်ခွင့်မဟုတ်ပါ။

၅.၂။ သဘောတူညီချက်သည် တရားသူကြီး၏ အရပ်ဘက်နှင့် ငွေကြေးအရ တာဝန်ယူမှုကို ဖော်ပြထားပါသည်။ တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် မှားယွင်းသောအပြုအမူ (သို့) ဥပဒေနှင့်မညီညွတ်သော လုပ်ဆောင်မှုအတွက် ထိခိုက်နစ်နာမှုကို နိုင်ငံတော်က ပေးလျော်ရမည်ဟုလည်းဖော်ပြထားသည်။ ဆိုလိုသည်မှာ အစိုးရသည် ထိခိုက်နစ်နာသူတိုင်းကို လျော်ကြေးပေးရမည်ဟူ၍ ဖြစ်သည်။

ထိုကဲ့သို့သော ကိစ္စမျိုးအတွက် သဘောတူညီချက်က မှားယွင်းသော အပြုအမူ (သို့) ဥပဒေနှင့်မညီညွတ်သောလုပ်ဆောင်မှုကို ရည်ညွှန်းခြင်းမဟုတ်ပဲ ထို 'မှားယွင်းသော' 'ဥပဒေနှင့် မညီညွတ်သော' အပြုအမူကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှုကိုသာ အလေးပေးဖော်ပြထားသည်။ တာဝန်ရှိမှုကို တရားသူကြီး၏ မှားယွင်းသော အပြုအမူအပေါ် အခြေမခံဘဲ မှားယွင်းသောအပြုအမူ (သို့) ဥပဒေနှင့် မညီညွတ်သော လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော ထူးခြားဆန်းကြယ်သော၊ သမားရိုးကျမဟုတ်သော၊ ဆိုးရွားပြင်းထန်သော ထိခိုက်မှုပေါ်တွင်သာ အခြေခံသည်။ တရားသူကြီးများ၏ တရားရေးလွတ်လပ်မှုကို အရပ်ဘက်တာဝန်ရှိမှုစနစ်ကြောင့် ထိခိုက်မှု မရှိစေရပါ။

အစိုးရက အာမခံပေးလိုက်ရသော ထိခိုက်နစ်နာမှုသည် တရားရေးတာဝန်ထမ်းဆောင်မှု အပေါ် ကြီးကြပ်သည့် စည်းမျဉ်းများကို မနစ်မြို့စရာ၊ သီးမခံနိုင်စရာကောင်းလောက်အောင် ချိုးဖောက်ခြင်းဖြစ်ပြီး ထိုလျော်ကြေးကို တရားသူကြီးက ပြဋ္ဌာန်းဥပဒေတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပြန်လည်ပေးချေရန် နိုင်ငံတော်က ထိုတရားသူကြီးကို ဥပဒေအရ တရားစွဲဆိုမှု ပြုလုပ်နိုင်သည်ဟုလည်း ဖော်ပြထားပါသည်။

မနစ်မြို့စရာကောင်းသော သီးမခံနိုင်စရာ လျစ်လျူရှုမှုနှင့် ပေးလျော်ရန် ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းသည် လုပ်ငန်းစဉ်သည် ညှဉ်းပန်းနှိပ်စက်မှု မပါဝင်ရပါ။ စာပိုဒ် ၁.၃ အရ ညွှန်းဆိုထားသော အာဏာပိုင်အဖွဲ့သည် ကနဦးသဘောတူညီချက်အရ ဆောင်ရွက်မည့် တောင်းဆိုမှုကို သက်ဆိုင်ရာ တရားရုံးထံသို့ တင်ပြရမည်။

၅.၃။ သဘောတူညီချက်သည် ပြည်သူ့ကိုယ်စားလှယ်များက တရားစီရင်ရေး အာဏာအလွဲသုံးမှု အပေါ် တိုင်ကြားမှုများကိုလည်း ဖော်ပြခဲ့ပါသည်။

နိုင်ငံများတွင် တိုင်ကြားမှုများအတွက် လုပ်ငန်းစဉ်များကို အဆင့်အမျိုးမျိုးဖြင့် ဖွဲ့စည်းလုပ်ဆောင်ထားပြီး ယင်းလုပ်ထုံးလုပ်နည်းများသည် အမြဲတမ်း စနစ်တကျ မဖြစ်လှပါ။

ထို့ကြောင့် မည်သူမဆို တရားစီရင်ရေးအာဏာ အလွဲသုံးမှုအပေါ် တိုင်ကြားမှုကို သီးခြားလုပ်ထုံးလုပ်နည်းမလိုဘဲ လွတ်လပ်သည့် အာဏာပိုင်အဖွဲ့သို့ တင်ပြနိုင်ပါသည်။ တရားသူကြီးက စည်းကမ်းချိုးဖောက်သည်ကို ရှင်းရှင်းလင်းလင်းဖော်ပြရန် အဆိုပါ အဖွဲ့က သေသေချာချာစဉ်းစားသုံးသပ်ရမည်ဖြစ်ပြီး ယင်းကို တရားသူကြီးများအပေါ် စီရင်ပိုင်ခွင့်ရှိသည့် စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ (သို့) အမျိုးသား ပြဋ္ဌာန်းဥပဒေအောက်ရှိ သက်ဆိုင်ရာအဖွဲ့သို့ လွှဲပြောင်းပေးနိုင်သည်။

တိုင်ကြားမှုကို လက်ခံပေးသည့် အဖွဲ့ကဲ့သို့ပင် ဤအဖွဲ့နှင့် ဤအာဏာပိုင် အဖွဲ့အစည်းတို့သည်လည်း အလားတူ တူညီသောသဘောထားကို ချမှတ်ရန် ကန့်သတ်မထားပါ။ စစ်ဆေးခံရမည့်သူများက တိုင်ကြားမှုလုပ်ငန်းစဉ်ကို မမှန်မကန်ဖြစ်စေရန် တရားရေးစနစ်အပေါ် ဖိအားပေးနိုင်သည့်အန္တရာယ်ကို မည်သို့ကာကွယ်ရမည်ကိုလည်း ဖော်ပြထားပါသည်။

လွတ်လပ်သည့် သက်ဆိုင်ရာအဖွဲ့ကို တရားသူကြီးများစည်းကမ်းချိုးဖောက်ခြင်းကို အတည်ပြုရန်ဟူ၍ သီးခြားရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်ပါ။ တရားသူကြီးများသည် မမှန်မကန် တရားစီရင်မှုအပေါ်တွင် လက်ဂါးကြီးမအုပ်ရပါ။ လွတ်လပ်သည့် အဖွဲ့အနေဖြင့် အမှုကို စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင် (သို့) ရှေ့နေများ၊ တရားရုံး အရာရှိများနှင့် တရားရုံးအမိန့်များအတွက် တာဝန်ယူဆောင်ရွက်သော အဖွဲ့ထံသို့ လွှဲပြောင်းပေးနိုင်သည်။

သဘောတူညီချက်သည် တရားသူကြီးများအတွက် ပြဋ္ဌာန်းဥပဒေနှင့်လည်း ဆက်စပ်ဖော်ပြထားပြီး တရားသူကြီးများအား လွှဲပြောင်းပေးခြင်းကို အသေးစိတ်တင်ပြရမည်။



## ၆။ လစာနှင့် လူမှုဖူလုံရေး

ဤခေါင်းစဉ်အောက်ရှိ ပြဋ္ဌာန်းချက်များသည် ကျွမ်းကျင်ပညာရှင် တရားသူကြီးများနှင့်သာ သက်ဆိုင်သည်။

၆.၁။ တရားသူကြီးများအား ၎င်းတို့၏ တရားရေးတာဝန်ထမ်းဆောင်မှုအတွက် ပေးသောလစာကို သတ်မှတ်ပေးရမည်ဖြစ်ပြီး လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို ထိခိုက်စေသော ၎င်းတို့၏ ဆုံးဖြတ်ချက်များ (သို့) တရားရေးအပြုအမူကို လွှမ်းမိုးစေမည့် ဖိအားများမှ ကာကွယ်ပေးရမည်။

လစာနှုန်းထားသည် တရားသူကြီးများကို ဖိအားမှ ကာကွယ်ပေးရန်ဖြစ်ပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမှ အဆင့်မြင့်အရာရှိများ၏ လစာနှင့်နှိုင်းယှဉ်ကိုးကားရန် မဟုတ်ပါ။ ကွဲပြား ခြားနားသော အမျိုးသားစနစ်များတွင် ထိုကဲ့သို့သော ရာထူးများကို နှိုင်းယှဉ်နိုင်ရန် ခဲယဉ်းသည်။

၆.၂။ တရားသူကြီးများ၏ လစာသည် ၎င်းတို့၏ ဝန်ထမ်းသက်တမ်း၊ ထမ်းဆောင်သည့် တာဝန်၏ သဘောသဘာဝ၊ စနေ၊ တနင်္ဂနွေတွင် တာဝန်ထမ်းဆောင်ခြင်း အပါအဝင် တာဝန်များ၏ အရေးပါမှုတို့အပေါ်တွင် မူတည်ကာ အမျိုးမျိုးဖြစ်နိုင်ပါသည်။ လစာနှုန်းထားမြင့်စေရန် ညှိပေးရာတွင် ပွင့်လင်းမြင်သာမှုစံနှုန်းဖြင့် အကဲဖြတ်လုပ်ဆောင်ပြီး အလုပ်ပြီးမြောက်မှု (သို့) ရရှိနိုင်မှုစသည့်အချက်များကို ထည့်သွင်း စဉ်းစားခြင်းမပြုဘဲ ခွဲခြားဆက်ဆံမှုမဖြစ်စေရန် ရှောင်ကြဉ်ပါ။

၆.၃။ တရားသူကြီးများကို ဖျားနာခြင်း၊ မီးဖွားခြင်း၊ တာဝန်မထမ်းဆောင်နိုင်တော့ခြင်း၊ အသက်အရွယ် ကြီးရင့်ခြင်းနှင့် ကွယ်လွန်ခြင်းစသည့် ဖြစ်မြဲလူမှုရေးအန္တရာယ်များမှ ကာကွယ်ခြင်း ကဲ့သို့သော လူမှုဖူလုံရေး အကျိုးကျေးဇူးများ ခံစားရစေရန် သဘောတူညီချက်တွင် ဖော်ပြထားပါသည်။

၆.၄။ သတ်မှတ်အချိန်ကာလကို တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး အနားယူရမည့် အရွယ် ရောက်လာသော တရားသူကြီးများအနေဖြင့် ပင်စင်ခံစားခွင့်ရှိပြီး ယင်းပင်စင်သည် ၎င်းတို့၏ တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်သည့် နောက်ဆုံးလစာနှင့် တတ်နိုင်သမျှ နီးစပ်မှုရှိရမည်။

## ၇။ ရာထူးမှ ရပ်စဲခြင်း

၇.၁။ တရားသူကြီးကို တာဝန်မှရပ်စဲသည့် အခြေအနေကို ဖော်ပြပေးရမည်။ ရာထူးမှ ရပ်စဲသည့် အကြောင်းရင်းများကို အပြည့်အစုံဖော်ပြရန် အရေးကြီးသည်။ တရားသူကြီးသည် နုတ်ထွက်သည့်အခါ ခန္ဓာကိုယ်ကျန်းမာရေးအရ ရာထူးတွင် ဆက်လက်လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း ဆေးလက်မှတ်ပါရှိရမည်။ အနားယူရမည့် အသက်အရွယ်၊ တာဝန်ထမ်းဆောင်ရမည့် သတ်မှတ်ရာထူးသက်တမ်း ပြည့်သွားခြင်း (သို့) စည်းကမ်းထိန်းသိမ်းခံရသဖြင့် ရာထူးမှ ဖယ်ရှားခံရခြင်း စသည့်အခြေအနေတို့ကြောင့် အနားယူရခြင်း ဖြစ်နိုင်ပါသည်။

၇.၂ အနားယူရမည့် အသက်အရွယ်ရောက်ခြင်း (သို့) တာဝန်ထမ်းဆောင်ရမည့် သတ်မှတ် ရာထူးသက်တမ်း ပြည့်သွားခြင်းစသည့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းတာဝန်မှ ရပ်စဲနိုင်သည်။ ဒီအချက်ကို အခက်အခဲ တစ်စုံတရာမရှိဘဲ ရရှိနိုင်ပြီး စာပိုဒ် ၁.၃ ရည်ညွှန်း ချက်ပါ အာဏာပိုင်က

အတည်ပြုပေးရမည်။ ရာထူးမှ ရပ်စဲခြင်းသည် ထိုအာဏာပိုင်အဖွဲ့က တိတိကျကျဆုံးဖြတ်ပြီး အလုပ်မှထုတ်ခြင်းဖြစ်နိုင်သလို (သို့) အဆိုပြုခြင်း (သို့) ထောက်ခံခြင်း (သို့) ထိုအဖွဲ့၏ သဘောတူညီချက်ကြောင့်လည်း ဖြစ်နိုင်သည်ကို အလွယ်တကူ နားလည်သဘောပေါက်နိုင်ပါသည်။



# ခ။ နိုင်ငံများကြားချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ

## လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်ရေး ဥရောပသဘောတူညီချက်

*(၁၉၅၀ စက်တင်ဘာ ၄ ရက် ရောမတွင် ပြဋ္ဌာန်းသည်။)*

---

**ပုဒ်မ ၆**

၁။ အရပ်ဘက်အခွင့်အရေးနှင့် တာဝန်များအတွက်သော်လည်းကောင်း (သို့) ပြစ်မှုတစ်စုံတရာဖြင့် တရား စွဲဆိုခံရလျှင်သော်လည်းကောင်း လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော လွတ်လပ်သော ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း မျှတသော လူထုကြားနာခွင့် ရရှိရမည်။

# ဂ။ အခြားစံနှုန်းများ

## လူ့အခွင့်အရေးနှင့်အကြမ်းဖက်မှုဆန့်ကျင်ရေး ဥရောပကောက်စီဝန်ကြီးများကော်မတီ၏ လမ်းညွှန်ချက်များ

*(၂၀၀၅ ဇူလိုင် ၁၅ တွင် ပြဋ္ဌာန်းသည်။)*

---

**IX ဥပဒေအရ တရားစွဲဆိုခြင်း။**

၁။ အကြမ်းဖက်မှုဖြင့် စွပ်စွဲခံရသည့် ပုဂ္ဂိုလ်သည်ဥပဒေအရ ဖွဲ့စည်းထားသော လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးများရှေ့မှောက်တွင် သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း မျှတသော လူထုကြားနာခွင့် ရရှိရမည်။



# Inter – American စနစ်

# က။ နိုင်ငံများကြားချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ

## လူ့အခွင့်အရေးဆိုင်ရာ အမေရိကန် သဘောတူညီချက်

*(၁၉၆၉ နိုဝင်ဘာ ၂၂ တွင် San Jose, Coste Rica တွင် ကျင်းပသော လူ့အခွင့်အရေးဆိုင်ရာ Inter America အထူးဆွေးနွေးပွဲတွင် ပြဋ္ဌာန်းခဲ့သည်။)*

---

**ပုဒ်မ ၈ - မျှတသော စစ်ဆေးစီရင်မှုခံယူခွင့်**

၁။ ပြစ်မှုဖြင့် တရားစွဲဆိုခံရလျှင်ဖြစ်စေ (သို့) အရပ်ဘက်၊ အလုပ်သမားရေးရာ၊ ဘဏ္ဍာရေး (သို့) အခြားစသည့် အခွင့်အရေးများနှင့် တာဝန်များအတွက်ဖြစ်စေ လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးများရှေ့မှောက်တွင် သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း မျှတသော လူထုကြားနာခွင့် ရရှိရမည်။

# ခ။ ကြေညာချက်စံနှုန်းများ

## လူသားများ၏ အခွင့်အရေးများနှင့် တာဝန်များဆိုင်ရာ အမေရိကန် ကြေညာချက်

*(၁၉၄၈ ခုနှစ်တွင် Bogota ၊ ကိုလံဘီယာတွင် ကျင်းပသော နဝမအကြိမ်မြောက် အမေရိကန်ပြည်နယ်များဆိုင်ရာ နိုင်ငံတကာ ညီလာခံက အတည်ပြုထားပါသည်။)*

---

**ပုဒ်မ XXVI**

စွပ်စွဲခံရသူတိုင်းသည် အပြစ်ရှိသည်ဟု သက်သေမပြနိုင်ခင်အထိ အပြစ်မရှိဟု သတ်မှတ်ရမည်။ ပြစ်မှု ကျူးလွန်သည်ဟု စွပ်စွဲခံရသောသူတိုင်းတွင် တည်ဆဲဥပဒေများအရ ဖွဲ့စည်းထားသော တရားရုံးများရှေ့မှောက်တွင် ဘက်မလိုက်သည့် လူထုကြားနာခွင့် ရရှိရမည်။ ရက်စက်ကြမ်းကြုတ်သော မထင်ရှားသော ပုံမှန်မဟုတ်သည့် အပြစ်ပေးမှုများ မရရှိစေရပါ။



## Inter – American ဒီမိုကရက်တစ် သဘောတူညီချက်

*(၂၀၀၁ စက်တင်ဘာ ၁၁ တွင် Lima၊ ပီရူးတွင် ကျင်းပသော OAS အထွေထွေညီလာခံ အထူးအစည်းအဝေးတွင် ပြဋ္ဌာန်းသည်။)*

---

**ပုဒ်မ ၃**

ကိုယ်စားပြုမှုရှိသော ဒီမိုကရေစီ၏ အရေးပါသော အချက်များတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် လေးစားလိုက်နာမှု၊ [...]နှင့် အာဏာခွဲဝေခြင်းနှင့် အစိုးရဌာနများ၏ လွတ်လပ်မှုတို့ ပါဝင်သည်။

**ပုဒ်မ ၄**

[...]

အဖွဲ့အစည်းများအားလုံးနှင့် လူမှုကဏ္ဍများအားလုံး၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံတော်အဖွဲ့အစည်းများအားလုံး ဥပဒေအရ ဖွဲ့စည်းထားသော အရပ်ဘက်အာဏာပိုင်နှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်းသည် ဒီမိုကရေစီအတွက် အထူးအရေးပါသည်။

# ၅။ အာဖရိကစနစ်

## က။ တရားသူကြီးများ၊ ရှေ့နေများနှင့် အစိုးရရှေ့နေများ၏ လွတ်လပ်မှုအတွက် စံနှုန်းများ

### အာဖရိက၏ မျှတသောတရားစီရင်ရေးနှင့် ဥပဒေအထောက်အကူ အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ

*(၂၀၀၃ ခုနှစ် ဇူလိုင် ၄ - ၁၂ တွင် Maputo ၌ ကျင်းပသော AU ခေါင်းဆောင်များ အစည်းအဝေးနှင့် ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် အာဖရိကန်ကော်မရှင်၏ လုပ်ဆောင်မှု အစီရင်ခံစာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြဌာန်းသည်။)*

---

## က။ ဥပဒေရေးရာ တရားစွဲဆိုမှု လုပ်ငန်းစဉ်အားလုံးအတွက် အသုံးပြုနိုင်သော အထွေထွေ စည်းမျဉ်းများ

**တရားမျှတသော လူထုကြားနာခြင်း**

ပြစ်မှုဖြင့် တရားစွဲဆိုခံရလျှင်ဖြစ်စေ (သို့) အခွင့်အရေးများနှင့် တာဝန်များအတွက်ဖြစ်စေ လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော စွမ်းဆောင်ရည်မြင့်သော လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် မျှတသော လူထုကြားနာခွင့်ရရှိရမည်။

**၄။ လွတ်လပ်သည့်ခုံရုံး**

(က) တရားရေးအဖွဲ့နှင့် တရားရေးအရာရှိများ၏ လွတ်လပ်မှုကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဥပဒေများက အာမခံရမည်ဖြစ်ပြီး အစိုးရ၊ ယင်းအေဂျင်စီများနှင့် အာဏာပိုင်များက လေးစားလိုက်နာရမည်။

(ခ) တရားရေးအဖွဲ့အစည်းများကို ဥပဒေအရဖွဲ့စည်းပြီး ယင်းတို့တွင် တရားဥပဒေ စိုးမိုးရေးကို အခြေခံထားသည့် လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ သတ်မှတ်ဖော်ပြထားသည့် တရားစွဲဆိုခြင်း လုပ်ထုံးလုပ်နည်းများအတိုင်း အမှုများကို စစ်ဆေးစီရင် ရမည်ဖြစ်သည်။

(ဂ) တရားစီရင်ရေးအဖွဲ့တွင် တရားရေး သဘောသဘာဝရှိသော အမှုများအားလုံး အပေါ်တွင် စီရင်ပိုင်ခွင့်ရှိပြီး ဥပဒေကသတ်မှတ်ပြဋ္ဌာန်းပေးထားသော လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ဆုံးဖြတ်ပေးရန် တင်ပြလာသော အမှုများအတွက် အထူးအာဏာရှိသည်။

(ဃ) တရားရေးအဖွဲ့၏စီရင်ပိုင်ခွင့်ကို အငြင်းပွားမှုဖြစ်ပွားသည့် ပြစ်မှုဖြစ်ပွားသည့် နေရာ၊ အငြင်းပွားမှုဖြစ်သည့် ပစ္စည်း၏တည်နေရာ အငြင်းပွားသူများ အမြဲတမ်းနေထိုင်သည့် နိုင်ငံများနှင့် ၎င်းတို့ကြားရှိ သဘောတူညီချက်တို့ကို စဉ်းစားပြီးမှ ဆုံးဖြတ်ရမည်။

(င) ဥပဒေအရပြဋ္ဌာန်းထားသော ဥပဒေ လုပ်ထုံးလုပ်နည်းများကို မကျင့်သုံးသည့် စစ်ဘက် (သို့) အခြားအထူးခုံရုံးများကို သာမန်တရားရေးရုံးများ၏ တရားစီရင် ပိုင်ခွင့်ကို အစားထိုးဖယ်ရှားရန် မဖွဲ့စည်းရပါ။

(စ) တရားရေးလုပ်ငန်းစဉ်များပေါ်တွင် မဆီလျော်သော အကြောင်းမဲ့လွှမ်းမိုးမှုများ မရှိစေရ၊ တရားရေးအဖွဲ့၏ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ခြင်း မပြုလုပ်ရပါ။ သို့သော် တရားရေးအရ ပြန်လည်သုံးသပ်ခြင်း (သို့) ဥပဒေအရ ထိုသို့ဆောင်ရွက်ရန် ထိုက်သင့်သော အာဏာပိုင်အဖွဲ့အစည်းက အကျဉ်းချထားမှုကာလကို သက်သာစေခြင်း (သို့) ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဆ) တရားရေးအဖွဲ့အားလုံးသည် စီမံခန့်ခွဲရေးဌာန၏ လွှမ်းမိုးမှုမပါဘဲ လွတ်လပ်ပြီး အမှီအခိုကင်းရမည်။

(ဇ) တရားရေးအဖွဲ့များသို့ ခန့်အပ်ခြင်းလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု ရှိရမည်။ ထိုရည်ရွယ်ချက်အတွက် လွတ်လပ်သည့်အဖွဲ့ တည်ထောင်မှုကို အားပေးရမည်။ တရားရေးရွေးချယ်မှုနည်းလမ်းသည် မည်သည့်နည်းလမ်းကို အသုံးပြုသည်ဖြစ်စေ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုနှင့် သမာသမတ်ရှိမှုကို စောင့်ထိန်းပေးရမည်။

(ဈ) တရားရေးရုံးများတွင် ခန့်အပ်ခြင်းအတွက် တစ်ခုတည်းသော စံသည် ဂုဏ်သိက္ခာ၊ သင့်တင့်လျောက်ပတ်သော လေ့ကျင့်သင်ယူမှု (သို့) လေ့လာမှုနှင့် စွမ်းရည်ရှိမှုတို့ကိုသာ အခြေခံပြီး ဤရာထူးနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်မည်ဖြစ်သည်။

(ည) ထိုစံနှင့် ကိုက်ညီသော မည်သူ့ကိုမဆို တရားရေးရုံးတွင်ခန့်အပ်ရန် စဉ်းစားမည်ဖြစ်ကာ ထိုသို့ထည့်သွင်းစဉ်းစားရာတွင် လူမျိုး၊ အရောင်၊ တိုင်းရင်းသားဖြစ်ခြင်း၊ ဘာသာ၊ ကျား/မ၊ နိုင်ငံရေး (သို့) အခြားသော တရားများ၊ ဘာသာ၊ အယူဂါဒ၊ မသန်မစွမ်းဖြစ်ခြင်း၊ အမျိုးသားရေး (သို့) လူမှုရေးဇစ်မြစ်၊ မွေးဖွားမှု၊ စီးပွားရေးနှင့် အခြားအဆင့်အတန်းတို့ကြောင့် ခွဲခြားဆက်ဆံခြင်း မပြုရပါ။ သို့ရာတွင် နိုင်ငံများသည် အောက်ဖော်ပြပါ အချက်များ -

(၁) တရားရေးရုံး ရာထူးအတွက် အနည်းဆုံးရှိရမည့် အသက်နှင့် အတွေ့အကြုံ။

(၂) တရားရေးအရာရှိများအတွက် အများဆုံးရှိရမည့် အသက် (သို့) အလုပ်မှ အနားယူမည့် အသက် (သို့) တာဝန်ထမ်းဆောင်သည့် ကာလ။



(၃) အများဆုံးရှိရမည့် အသက် (သို့) အလုပ်မှ အနားယူရမည့်အသက် (သို့) တာဝန်ထမ်းဆောင်သည့် ကာလတို့သည် တရားသူကြီး၊ ရာဇဝတ်တရားသူကြီးနှင့် အခြားအရာရှိ စသည့် ရာထူးအဆင့်ဆင့်အတွက် အပြောင်းအလဲရှိသည်။

(၄) သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားများသာလျှင် တရားရေးရုံးရာထူးအတွက် လျှောက်ထားနိုင်သည်။

(ဋ) သင့်တင့်လျောက်ပတ်သော လေ့ကျင့်သင်ကြားမှု (သို့) သင်ယူမှုမရှိလျှင် မိမိတို့၏ တာဝန်ကို အပြည့်အဝထမ်းဆောင်နိုင်မည် မဟုတ်သဖြင့် ထိုသူမျိုးကို တရားရေးရုံးတွင် မခန့်အပ်ပါ။

(ဌ) တရားသူကြီးများနှင့် တရားရေးဌာနများမှ အဖွဲ့ဝင်များသည် သတ်မှတ်ထားသည့် အနားယူရမည့် အသက်အရွယ်အထိ (သို့) ရာထူးသက်တမ်း ကုန်ဆုံးသည်အထိ ရာထူးတွင် ဆက်လက်လုပ်ကိုင်ရမည်။

(ဍ) ရာထူးသက်တမ်း၊ လုံလောက်သော လစာ၊ ပင်စင်၊ အိမ်ယာ၊ သယ်ယူပို့ဆောင်ရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုဖူလုံရေးအခြေအနေ၊ အနားယူရမည့် အသက်အရွယ်၊ စည်းကမ်းထိန်းသိမ်းရေးနှင့် အားကိုးအားထားပြုသည့် ယန္တရားတရားရေးအရာရှိများ၏ အခြားသော ဝန်ဆောင်မှုအနေအထားများ စသည်တို့ကို ဥပဒေအရ ပြဋ္ဌာန်းအာမခံပေးရမည်။

(ဎ) တရားရေးအရာရှိများသည် အောက်ပါအတိုင်း မဖြစ်ရပါ။

(၁) တရားရေးအရာရှိများသည် ၎င်းတို့၏ တရားရေးတာဝန်များကို ထမ်းဆောင်ရာတွင် တရားမမှု (သို့) ရာဇဝတ်မှုများ တရားစွဲဆိုခြင်းတွင် မမှန်မကန် ဆောင်ရွက်ခြင်း(သို့) ထိန်ချန်ခြင်း မရှိရပါ။

(၂) တရားရေးအရာရှိများ၏ ဆုံးဖြတ်ချက်များကို အဆင့်မြင့်တရားရေးဌာနက ပြန်လည်သုံးသပ်ခြင်း (သို့) ပယ်ချပြီး အယူခံဝင်ခြင်းတို့အတွက် ယင်းတို့ကို စည်းကမ်းထိန်းသိမ်းရေး (သို့) စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းများအရ ရာထူးမှဖယ်ရှားခြင်း မပြုနိုင်ပါ။

(၃) တရားရေးအရာရှိများကို သတ်မှတ်ကာလတစ်ခုအတွက် သဘောတူညီချက်ဖြင့် မခန့်အပ်နိုင်ပါ။

(ဏ) တရားရေးအရာရှိများအား ရာထူးတိုးခြင်းသည် ၎င်းတို့၏ စွမ်းရည်၊ သိက္ခာနှင့် အတွေ့အကြုံ စသည့် ဓမ္မဓိဋ္ဌာန်ကျသည့် အချက်များပေါ်တွင် မူတည်ရမည်။

(တ) တရားရေးအရာရှိများသည် တရားရေးရုံးနှင့် မလျော်ညီသော မမှန်မကန် ဆောင်ရွက်မှုများ (သို့) တရားရေးတာဝန်များ ထမ်းရွက်ရန် မဖြစ်နိုင်သည့် ရုပ်ပိုင်း (သို့) စိတ်ပိုင်းဆိုင်ရာ အားနည်းချို့တဲ့မှုကြောင့်သာ ရာထူးမှ ဖယ်ရှား (သို့) ရပ်ဆိုင်းနိုင်သည်။

(ထ) စည်းကမ်းထိန်းသိမ်းရေး၊ ရာထူးမှရပ်ဆိုင်းခြင်းနှင့် ရာထူးမှ ဖယ်ရှားခံရခြင်း လုပ်ငန်းစဉ်များဖြင့် တွေ့ကြုံရင်ဆိုင်နေရသော တရားရေးအရာရှိများသည် တရားမျှတသော ကြားနာခွင့်ရရှိရမည်။ မိမိရွေးချယ်ထားသည့် ဥပဒေကိုယ်စားလှယ်၏ ကိုယ်စားပြုမှု ရရှိခံစားခွင့်နှင့် စည်းကမ်းထိန်းသိမ်းရေးရာထူးမှ ရပ်ဆိုင်းခြင်းနှင့် ရာထူးမှဖယ်ရှားခံရခြင်း လုပ်ငန်းစဉ်များ၏ ဆုံးဖြတ်ချက်များ

ကို လွတ်လပ်စွာ သုံးသပ်ခွင့် ရရှိခံစားနိုင်ရမည်။

(ဒ) တရားရေး အရာရှိများအား တိုင်ကြားခြင်းနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ဥပဒေအရ ဖော်ပြဆောင်ရွက်ရမည်။ တရားရေးအရာရှိများအား တိုင်ကြားမှုကို ချက်ချင်း၊ ထိရောက်လျင်မြန်စွာနှင့် တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရမည်။

(ဓ) တရားရေးအရာရှိများသည် လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့်၊ ယုံကြည်ခွင့်၊ အသင်းဖွဲ့ခွင့်နှင့် စုရုံးခွင့်ရှိသည်။ ထိုအခွင့်အရေးများကို အကောင်အထည်ဖော်ရာတွင် ဥပဒေအရ အသိအမှတ်ပြုထားသော စံနှုန်းများနှင့် ၎င်းတို့၏ ပညာသည် ကျင့်ဝတ်အရ ဆောင်ရွက်ရမည်။

(န) တရားရေး ဝန်ထမ်းများသည် ၎င်းတို့၏ စိတ်ပါဝင်စားမှုကို ကိုယ်စားပြုရန် ပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုကို တိုးမြှင့်ရန်နှင့် ၎င်းတို့၏ အဆင့်အတန်းကို ကာကွယ်ရန် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ (သို့) အခြားအသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်၊ ချိတ်ဆက်နိုင်သည်။

(ပ) နိုင်ငံများအနေဖြင့် တရားရေးအရာရှိများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများနှင့် တရားစီရင်မှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်အပေါ် ပြည်သူများ၏ တုန့်ပြန်မှုကို စောင့်ကြည့်စစ်ဆေးပေးမည်။ လွတ်လပ်သော (သို့) စီမံခန့်ခွဲသော ယန္တရားများကို ဖွဲ့စည်းရမည်။ ထိုယန္တရားများတွင် တရားစီရင်ရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် တရားစီရင်ရေးအတွက် တာဝန်ရှိသောဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ အရေအတွက် ညီတူမျှတူ ပါဝင်ရမည်။ ယင်းယန္တရားတွင် တရားရေးအရာရှိများကို တိုင်ကြားခြင်းကိုလည်း လက်ခံကာ ဆောင်ရွက်ပေးသည်။

(ဖ) နိုင်ငံများသည် တရားရေးအဖွဲ့များကို ၎င်းတို့၏ တာဝန်များ အကောင်အထည်ဖော်နိုင်ရန် လုံလောက်သော ရင်းမြစ်များ ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးရမည်။ ဘတ်ဂျက်ခွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် တရားစီရင်ရေးအဖွဲ့ကို အကြံ ပြုရမည်။

## ၅။ သမာသမတ်ကျသော ခုံရုံး

(က) တရားရေးအဖွဲ့သည် ၎င်း၏ ဆုံးဖြတ်ချက်ကို တင်ပြထားသော ဓမ္မဓိဋ္ဌာန်ကျသော သက်သေ၊ ငြင်းဆိုမှုများနှင့် အချက်အလက်များပေါ် မူတည်၍သာ ဆုံးဖြတ်ရမည်။ တရားရေးအရာရှိများသည် ၎င်းတို့ရှေ့မှောက်တွင် တင်ပြထားသော အကြောင်းအရာများကို ကန့်သတ်မှု တစ်စုံတရာမရှိဘဲ၊ မမှန်မကန် မလုပ်ဘဲ၊ လာဘ်မထိုးဘဲ၊ ဖိအား မပေးဘဲ၊ မခြိမ်းခြောက်ဘဲ (သို့) တိုက်ရိုက် (သို့) သွယ်ဝိုက် ကြားဝင်စွက်ဖက်ခြင်း မရှိဘဲ မည်သည့် အကြောင်းပြချက်ကိုမျှ မကြည့်ဘဲ အရှိအတိုင်းသာ ဆုံးဖြတ်ရမည်။

(ခ) တရားရေးအဖွဲ့ ရှေ့မှောက်တွင် တရားစွဲဆိုသော မည်သူ့ကိုမဆို တရားသူကြီး (သို့) တရားရေးအဖွဲ့၏ တရားမျှတမှုအပေါ် သံသယတစ်စုံတရာရှိပါက တင်ပြထားသော အချက်များကို အခြေခံ၍ ၎င်း၏သမာသမတ်ကျမှုကို စိန်ခေါ်နိုင်သည်။

(ဂ) တရားရေးအဖွဲ့၏ သမာသမတ်ကျမှုကို အောက်ပါအချက်သုံးချက်ကို အခြေခံပြီး ဆုံးဖြတ်ရမည်။



(၁) တရားစွဲဆိုမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်မည့် တရားရေးအရာရှိ၏ ရာထူးအနေအထား။

(၂) တရားရေးအရာရှိသည် ဆုံးဖြတ်ချက်ချခြင်းအပေါ် လွှမ်းမိုးစေမည့် သဘောထားကို ဖော်ပြနိုင်သည်။

(ဃ) တရားရေးအဖွဲ့၏ သမာသမတ်ကျမှုကို အောက်ပါအခြေအနေတွင် ထိခိုက်နိုင်သည်။

(၁) ယခင်အစိုးရရှေ့နေ (သို့) ဥပဒေအကျိုးဆောင်သည် ၎င်းတာဝန်ယူ တရားစွဲဆို ပေးခဲ့သော (သို့) ကိုယ်စားပြုပေးခဲ့သော အမှုကို တရားရေးအရာရှိအဖြစ် အဆုံးအဖြတ်ပေးသည့်အခါ

(၂) တရားရေးအရာရှိသည် အမှုစုံစမ်းစစ်ဆေးမှုတွင် လျှို့ဝှက်စွာ ပါဝင်ခဲ့လျှင်

(၃) တရားရေးအရာရှိသည် အမှုကိစ္စ (သို့) အမှုနှင့် ပတ်သက်သောသူနှင့် အချိတ်အဆက်ရှိလျှင်

(၄) တရားရေးအရာရှိသည် အောက်ဘက် တရားရေးရုံးတွင် ၎င်းပါဝင်ခဲ့သော ဆုံးဖြတ်ခဲ့သောအမှုကို အယူခံခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်စစ်ဆေးလျှင်

ဤဖော်ပြပါ အခြေအနေမျိုးတွင် တရားရေးအရာရှိသည် ရာထူးမှဆင်းပေးရန် တာဝန်ရှိသည်။

(င) တရားရေးအရာရှိသည် ၎င်း၏ ဆုံးဖြတ်ချက်ကို အတည်ပြုရန် ဆုံးဖြတ်ချက်မချမီ အဆင့်မြင့်အာဏာပိုင်ဖြင့် ဆွေးနွေးခြင်း မပြုရပါ။

## ၁။ တရားရေးဆိုင်ရာ လေ့ကျင့်သင်တန်းပို့ချခြင်း

(က) တရားရေးအရာရှိများတွင် ထိုက်သင့်သောပညာရေးနှင့် သင်တန်းတက်ရောက်မှုရှိပြီး မိမိရာထူးအလိုက် ထမ်းဆောင်ရမည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်များနှင့် စံနမူနာများ၊ စွပ်စွဲခံရသူများ၊ ထိခိုက်နစ်နာသူများနှင့် အခြားအမှုသည်များ၏ အခွင့်အရေးကို ကာကွယ်ပေးသည့် ဖွဲ့စည်းပုံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေ၊ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေက အသိအမှတ်ပြုသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အားလုံးကို သိရှိရမည်။

(ခ) တရားရေးအရာရှိများကို ပညာပေးသော လေ့ကျင့်သင်ကြားပေးသော အထူးအဖွဲ့ အစည်းများမရှိလျှင် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပေးရမည်။ ဒေသတွင်းနှင့် အာဖရိကရှိ ထိုကဲ့သို့သော အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကို အားပေးရမည်။

(ဂ) နိုင်ငံတော်အနေဖြင့် တရားရေးအရာရှိများသည် ၎င်းတို့၏ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ကာလတလျှောက် လူမျိုးရေး၊ ယဉ်ကျေးမှုနှင့် ကျား/မ ကိစ္စရပ်များအတွက် သင်တန်းပို့ချပေးမှုများ၊ ပညာပေးမှုများ အဆက်မပြတ် ရရှိနိုင်စေရန် ဆောင်ရွက်ပေးရမည်။

[...]

## ၈။ အစိုးရ ရှေ့နေများ၏ အခန်းကဏ္ဍ

(က) နိုင်ငံများအနေဖြင့် -

(၁) အစိုးရရှေ့နေများတွင် ထိုက်သင့်သောပညာရေးနှင့် သင်တန်းတက်ရောက်မှုရှိပြီး ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်များနှင့် စံနမူနာများ၊ သံသယရှိသူများနှင့် ထိခိုက်နစ်နာသူများကို ကာကွယ်ပေးသည့် ဖွဲ့စည်းပုံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေ၊ ဤသဘောတူညီချက်အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေက အသိအမှတ်ပြုသော လူ့အခွင့် အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များအားလုံးကို သိရှိရမည်။

(၂) အစိုးရရှေ့နေများသည် ၎င်းတို့၏ ပညာရပ်ဆိုင်ရာတာဝန်များကို ခြိမ်းခြောက်မှု တစ်စုံတရာ မရှိဘဲ၊ နှောင့်နှေးမှုမရှိပဲ၊ တိုက်ခိုက်မှု တစ်စုံတရာမရှိဘဲ၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ မမျှတမှု တစ်စုံတရာမရှိဘဲ တရားမ ပြစ်မှု (သို့) အခြား တာဝန်များကို ထမ်းဆောင်နိုင်ရမည်။

(ခ) အစိုးရရှေ့နေများ၏ ဝန်ဆောင်မှုအတွက် ကြောင်းကျိုးဆီလျော်သော အခြေအနေများ၊ လုံလောက်သော လစာနှင့်ဖြစ်နိုင်လျှင် ရာထူးသက်တမ်း အိမ်ယာ၊ သယ်ယူပို့ဆောင်ရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုဖူလုံရေး အခြေအနေများ၊ ပင်စင်နှင့် အနားယူသည့် အသက်အရွယ်နှင့် အခြား အခြေအနေများကို ဥပဒေဖြန့်ဝေထားသော စည်းမျဉ်းအရသတ်မှတ်ရမည်။

(ဂ) အစိုးရရှေ့နေများ ရာထူးတိုးခြင်းသည် အကယ်၍ ထိုစနစ်ရှိခဲ့လျှင် ဓမ္မဓိဋ္ဌာန်ကျသော အချက်များဖြစ်သည့် ပညာရှင်ပီသသော အရည်အချင်းများ၊ စွမ်းဆောင်ရေသိက္ခာနှင့် အတွေ့အကြုံတို့ပေါ်တွင်အခြေခံပြီး မျှတသော သမာသမတ်ကျသော လုပ်ထုံးလုပ်နည်းများဖြင့် ဆုံးဖြတ်ရမည်။

(ဃ) အစိုးရရှေ့နေများသည်လည်း အခြားနိုင်ငံသားများကဲ့သို့ပင် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ ယုံကြည်ခွင့်၊ အသင်းဖွဲ့စည်းခွင့်နှင့် စုရုံးခွင့်တို့ ရရှိရမည်။ ထိုအခွင့်အရေးများကို ရရှိရန် ဆောင်ရွက်ရာတွင် အစိုးရရှေ့နေများသည် ဥပဒေ၊ အသိအမှတ်ပြုထားသော စံနှုန်းများနှင့် ၎င်းတို့၏ ပညာသည်ပီသသော ကျင့်ဝတ်များအရသာ အမြဲလုပ်ဆောင်ရမည်။

(င) အစိုးရရှေ့နေသည် ၎င်းတို့၏ စိတ်ပါဝင်စားမှုကို ကိုယ်စားပြုရန် ပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုတို့ကို လေ့ကျင့်ရန်နှင့် ၎င်းတို့၏ အဆင့်အတန်းကို ကာကွယ်ရန် ပညာရပ်ဆိုင်ရာ အခြားအဖွဲ့အစည်းများ (သို့) အခြား အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်၊ ချိတ်ဆက်နိုင်သည်။

(စ) အစိုးရရှေ့နေရာထူးကို တရားစီရင်ရေး တာဝန်များနှင့် လုံးဝ ခွဲခြားထားရမည်။

(ဆ) အစိုးရရှေ့နေများသည် တရားဥပဒေက ဖွဲ့စည်းထားသော (သို့) ဒေသအခြေအနေအရ ပြဋ္ဌာန်းကျင့်သုံးမှုနှင့် ကိုက်ညီသော တရားစွဲဆိုရေးအဖွဲ့အစည်း အပါအဝင် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများ ပြစ်မှုစုံစမ်းစစ်ဆေးခြင်း၊ ထိုစုံစမ်းစစ်ဆေးမှုများသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ တရားရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ကြီးကြပ်ခြင်းနှင့် အခြားတာဝန်များကို ကြီးကြပ်ခြင်းတို့ကို ပြည်သူ့အကျိုးလိုလားသော ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ရမည်။

(ဇ) အစိုးရရှေ့နေများသည် ဥပဒေအရ ၎င်းတို့၏ တာဝန်များကို တရားမျှတစွာ တစ်သတ်မတ်တည်း၊ မြန်ဆန်စွာဆောင်ရွက်ပြီး ဂုဏ်သိက္ခာကို လေးစားကာကွယ်ကာ လူ့အခွင့်အရေးကို ထိန်းသိမ်းရမည်။ သို့မှသာ ပြစ်မှု တရားစီရင်ရေးစနစ်၏ လုပ်ငန်းများချောမွေ့စေမည်။

(ဈ) တာဝန်ထမ်းဆောင်ရာတွင် အစိုးရရှေ့နေများသည် -

၁။ မိမိအလုပ်တာဝန်ကို သမာသမတ်ရှိစွာ ဆောင်ရွက်ပြီး နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေး၊ လူမျိုးစု၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လိင်၊ ကျားမ (သို့) အခြားသော ခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ရမည်။

၂။ ပြည်သူ့အကျိုးကျေးဇူးကို ကာကွယ်ရမည်။ ဓမ္မဓိဋ္ဌာန်ကျကျဆောင်ရွက်ရမည်။ သံသယရှိသူနှင့် ထိခိုက်နစ်နာသူများ၏ ရပ်တည်ချက်ကို ထည့်သွင်းစဉ်းစားရမည်။ သက်ဆိုင်ရာ အခြေအနေအားလုံးကို သတိထားရမည်။ ယင်းအခြေအနေများသည် သံသယရှိသူအတွက် ကောင်းကျိုးဖြစ်စေ (သို့) ဆိုးကျိုးဖြစ်စေ သက်ရောက်သည်ဖြစ်စေ၊ မသက်ရောက်သည်ဖြစ်စေ သတိထားရမည်။

၃။ ဝန်ဆောင်မှု (သို့) တရားစီရင်မှု လိုအပ်ချက်အတွက် ပြောပြစရာမလိုလျှင် အမှုကိစ္စနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို သိုသိပ်နှုတ်လုံရမည်။

၄။ နစ်နာသူများ၏ ကိုယ်ကျိုးကို ထိခိုက်စေမည်ဆိုလျှင် ၎င်းတို့၏ အမြင်များ၊ ပူပန်မှုများကို ထည့်သွင်းစဉ်းစားပေးရမည်။ နစ်နာသူများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအတိုင်း ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများကို အသိပေးရမည်။

(ည) သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုက ထိုအမှုသည် အခြေအမြစ်မရှိကြောင်း ပြသလျှင် အစိုးရရှေ့နေသည် ဆက်လက် တရားစွဲဆိုရန် မလိုတော့ပဲ (သို့) တရားစွဲဆိုမှုကို ဆက်လက် လုပ်ဆောင်မည်။

(ဋ) အစိုးရရှေ့နေများသည် အစိုးရအရာရှိများက ကျူးလွန်သော ပြစ်မှုများဖြစ်သည့် အကျင့်ပျက်ပြားခြင်း၊ အာဏာအလွဲသုံးစားခြင်း၊ လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်းနှင့် နိုင်ငံတကာဥပဒေ (သို့) ပြည်တွင်းဥပဒေနှင့် ငြိစွန်းနေသည့် အခြားပြစ်မှုများနှင့် ယင်းပြစ်မှုများကို စုံစမ်းစစ်ဆေးခြင်းတို့အတွက် ပို၍အာရုံစိုက်ရမည်။

(ဌ) အစိုးရရှေ့နေများသည် သံသယရှိသူများအတွက် သက်သေများ စုဆောင်းမိသောအခါ ကြောင်းကျိုးဆီလျော်မှုများရှိပြီး မတရားနည်းလမ်းများသုံးကာ သံသယဖြစ်ခံရသူ၏ လူ့အခွင့်အရေးကို ချိုးဖောက်ထားသည်. အထူးသဖြင့် နှိပ်စက်ညှင်းပန်းခြင်း (သို့) ရက်စက်ခြင်း၊ လူမဆန်သော (သို့) နှိမ့်ချဆက်ဆံခြင်း (သို့) အပြစ်ပေးခြင်း (သို့) အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများပါဝင်ပြီး ထိုသက်သေများကို တရားရေးအဖွဲ့သို့ တင်ပြပြီး ထိုကဲ့သို့သော နည်းလမ်းများအသုံးပြုသည့် တာဝန်ရှိသူများကို တရားစီရင်နိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ရမည်။

(ဍ) တရားစွဲဆိုမှုကို မျှတထိရောက်မှုရှိစေရန် အစိုးရရှေ့နေများသည် ရဲ၊ တရားရေးအဖွဲ့၊ ဥပဒေပညာသည်များ၊ paralegal များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားအစိုးရအေဂျင်စီများ (သို့) အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဎ) အစိုးရရှေ့နေများ၏ စည်းကမ်းပိုင်းအရ ပြစ်မှုများသည် ဥပဒေနှင့် တရားဝင် ပြဋ္ဌာန်းချက်များအပေါ် အခြေခံရမည်။ အစိုးရရှေ့နေ၏ ပညာသည် မပီသသော အပြုအမူအပေါ် တိုင်ကြားခြင်းကို ဥပဒေက ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတိုင်း မျှတစွာ၊ မြန်ဆန်စွာ ဆောင်ရွက်ရမည်။ အစိုးရရှေ့နေများတွင် မျှတသော ကြားနာခွင့်ရှိပြီး ၎င်းတို့ရွေးချယ်ထားသော ဥပဒေကိုယ်စားလှယ်၏ ကိုယ်စားပြုမှုရှိရမည်။ ဆုံးဖြတ်ချက်ကို လွတ်လွတ်လပ်လပ် ပြန်လည်သုံးသပ်နိုင်ရမည်။

(ဏ) အစိုးရရှေ့နေကို စည်းကမ်းပိုင်းအရ တရားစွဲဆိုခြင်းသည် ဓမ္မဓိဌာန်ကျသော အကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်ချက်ကို အာမခံပေးရမည်။ ယင်းတို့ကို ဥပဒေအရ၊ ပညာသည် ကျင့်ဝတ်နှင့် အခြားစံနှုန်းများဖြင့် ဆုံးဖြတ်ရပါမည်။

[....]



## ၅။ ရှေ့နေများ၏ လွတ်လပ်မှု

(က) အစိုးရများ၊ ရှေ့နေအဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများသည် ရှေ့နေများတွင် ထိုက်သင့်သော ပညာရေးနှင့် သင်တန်းတက်ရောက်မှုရှိပြီး ရှေ့နေများလိုက်နာရမည့် ကျင့်ဝတ်များနှင့် စံနမူနာများ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေက အသိအမှတ်ပြုသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို သိရှိစေရမည်။

(ခ) နိုင်ငံများအနေဖြင့် ရှေ့နေများကို -

၁။ ခြိမ်းခြောက်မှု တစုံတရာ မရှိပဲ၊ နှောင့်နှေးမှုမရှိဘဲ၊ တိုက်ခိုက်မှုတစုံတရာ မရှိဘဲ၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ ၎င်းတို့၏ ပညာသည်ဆိုင်ရာ တာဝန်များအားလုံးကို ထမ်းဆောင်နိုင်ရမည်။

၂။ အမှုသည်များဖြင့် ပြည်တွင်း၊ ပြည်ပတွင် လွတ်လွတ်လပ် ခရီးသွားလာ ဆွေးနွေးခွင့်ရှိရမည်။

၃။ အသိအမှတ်ပြုထားသော ပညာသည်တာဝန်များ၊ စံနှုန်းများနှင့် ကျင့်ဝတ်များအရ ၎င်း၏ ထိုက်သင့်သော လုပ်ဆောင်မှုအတွက် တရားစွဲဆိုခြင်း (သို့) အုပ်ချုပ်မှုအရ စီးပွားရေး (သို့) အခြားအရေးယူမှုများကို မကြုံတွေ့ရ (သို့) ယင်းတို့ဖြင့် မခြိမ်းခြောက်ရပါ။

(ဂ) နိုင်ငံများအနေဖြင့် ရှေ့နေများနှင့် အမှုသည်များကြားရှိ အလုပ်သဘောအရ အပြန်အလှန်အကြောင်းကြားမှုများနှင့် အကြံဉာဏ်ပေးမှုများကို လျှို့ဝှက်ထားရမည်ကို အသိအမှတ် ပြုကာ လေးစားရမည်။

(ဃ) ရှေ့နေများအနေဖြင့် သက်ဆိုင်ရာ သတင်းအချက်အလက်၊ ဖိုင်နှင့် စာရွက်စာတမ်းများကို ၎င်းတို့၏ လက်ဝယ်ရရှိရန် (သို့) လုံလောက်သော အချိန်အတွင်း ထိရောက်သော ဥပဒေအထောက်အကူများကို အမှုသည်များအား ပေးနိုင်ရန်မှာ စွမ်းဆောင်ရည်ရှိသော အာဏာပိုင်များ၏ တာဝန်ဖြစ်သည်။ ထိုသို့သော အကူအညီကို တတ်အားသမျှ စောစောဆောင်ရွက်ရမည်။

(င) ရှေ့နေများသည် လက်ရေးဖြင့် ရေးသား အသနားခံခြင်း (သို့) နှုတ်ဖြင့် အသနားခံခြင်း (သို့) တရားရေးအဖွဲ့ရှေ့ (သို့) အခြားဥပဒေဆိုင်ရာ (သို့) စီမံခန့်ခွဲရေး အာဏာပိုင်ရှေ့မှောက်တွင် ပညာရှင်ပီသစွာ ဖြေရှင်းခြင်းဖြင့် တရားမနှင့် ပြစ်မှုဆိုင်ရာ ကင်းလွတ်ခွင့်များကို ခံစားနိုင်သည်။

(စ) ရှေ့နေများအနေဖြင့် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ခြင်းကြောင့် ခြိမ်းခြောက်ခံရလျှင် အာဏာပိုင်များက လုံလောက်သော အကာအကွယ်များ ပေးရမည်။

(ဆ) ရှေ့နေများသည် တာဝန်ထမ်းဆောင်ခြင်းရလဒ်အဖြစ် ၎င်းတို့၏ အမှုသည်များအကြောင်း (သို့) အမှုသည်များ၏ ကိစ္စရပ်များကို မဖော်ပြရပါ။

(ဇ) ရှေ့နေများသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှု ဂုဏ်သိက္ခာကို တရားစီရင်ရေး၏ အရေးပါသော အေးဂျင့်အဖြစ် တစ်ချိန်လုံး ထိန်းသိမ်းရမည်။

(ဈ) အမှုသည်များ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် တရားမျှတမှုကို တိုးမြှင့်ခြင်းတို့တွင် ရှေ့နေများသည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေတို့က အသိအမှတ်ပြုသော လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ထိန်းသိမ်းရမည်။ ဥပဒေနှင့် အသိအမှတ်ပြုထားသော ဥပဒေပညာသည်၏ ကျင့်ဝတ်နှင့် စံနှုန်းများအတိုင်း ရှေ့နေများသည် အချိန်တိုင်း လွတ်လွတ်လပ်လပ် လုံးလဂီရိယရှိရှိဖြင့် ဆောင်ရွက်ရမည်။

(ည) ရှေ့နေများသည် အမှုသည်များ၏ အကျိုးစီးပွားအပေါ်တွင် အမြဲတစေ လေးစားသစ္စာရှိရမည်။

(ဋ) အခြားသော နိုင်ငံသားများကဲ့သို့ပင် ရှေ့နေများသည် လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်၊ ယုံကြည်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့ခွင့်နှင့် စုရုံးခွင့်ရှိသည်။ အထူးသဖြင့် ဥပဒေရေးရာ၊ တရားစီရင်ရေးနှင့် လူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေးတို့နှင့် သက်ဆိုင်သည့် လူထုဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခွင့်ရှိသည်။

ပြည်တွင်း အမျိုးသား (သို့) နိုင်ငံတော်အသင်း ဖွဲ့စည်းခွင့်၊ ထိုအဖွဲ့များတွင် ပါဝင်ခွင့်၊ ၎င်းတို့၏ အစည်းအဝေးများကို တက်ရောက်ခွင့်ရှိပြီး ဥပဒေအရဆောင်ရွက်မှုများကြောင့် (သို့) ဥပဒေအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ပညာရပ်ဆိုင်ရာ ကန့်သတ်မှုများ မရှိစေရ။ ဤအခွင့်အရေးများကို ရယူကျင့်သုံးရာတွင် ရှေ့နေများသည် ဥပဒေအရ၊ အသိအမှတ် ပြုထားသော ဥပဒေဖြင့် အသက်မွေးမှုဆိုင်ရာ စံနှုန်းများနှင့်ကျင့်ဝတ်များအရ အမြဲတမ်း ဆောင်ရွက်ရမည်။

(ဌ) ရှေ့နေများသည် ၎င်းတို့၏ စိတ်ပါဝင်စားမှုကို ကိုယ်စားပြုရန်၊ ဆက်လက်ပညာသင်ကြားရန်နှင့် သင်တန်းတက်ရောက်ရန်၊ ပို့ချရန်နှင့် ၎င်းတို့၏ ပညာရပ်ဆိုင်ရာ ဂုဏ်သိက္ခာကို ကာကွယ်ရန်အလို့ငှာ ကိုယ်တိုင်ကြီးကြပ်သော ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းမျိုး ဖွဲ့နိုင်၊ ပါဝင် နိုင်သည်။ အသင်း၏ အုပ်ချုပ်ရေးအဖွဲ့ကို အဖွဲ့ဝင်များက ရွေးချယ်ရမည်ဖြစ်ကာ ပြင်ပ၏ ကြားဝင် စွက်ဖက်မှု မပါဘဲ တာဝန်များကို ထမ်းရွက်ရမည်။

(ဍ) ဥပဒေပညာသည်များက သက်ဆိုင်ရာအဖွဲ့ (သို့) ဥပဒေပြုရေးမှတဆင့် အမျိုးသားဥပဒေနှင့် ဓလေ့ထုံးတမ်းများကို အသိအမှတ်ပြုထားသော နိုင်ငံတကာ စံနှုန်းများအတိုင်း ချမှတ်ပေးရမည်။

(ဎ) ရှေ့နေများအပေါ် တရားစွဲဆိုခြင်း (သို့) တိုင်ကြားခြင်းကို သင့်တင့်လျောက်ပတ်သော လုပ်ထုံးလုပ်နည်းဖြင့် သွက်လက်လျင်မြန်စွာနှင့် တရားမျှတစွာ ဆောင်ရွက်ရမည်။ ရှေ့နေများတွင် ၎င်းတို့ရွေးချယ်ထားသော ရှေ့နေ၏အကူအညီ ရယူပိုင်ခွင့် အပါအဝင် တရားမျှတသော ကြားနာခွင့်ရှိသည်။

(ဏ) ရှေ့နေများအား စည်းကမ်းပိုင်းအရ တရားစွဲဆိုခြင်းကို ဥပဒေပညာသည်များ ဖွဲ့စည်းထားသော သမာသမတ်ရှိသော စည်းကမ်းထိန်းသိမ်းရေး ကော်မတီရှေ့မှောက်တွင်လည်းကောင်း၊ လွတ်လပ်သော ပြဋ္ဌာန်းဥပဒေဆိုင်ရာ အာဏာပိုင်ရှေ့မှောက်တွင်လည်းကောင်း (သို့) တရားရေးအဖွဲ့ရှေ့မှောက်တွင်လည်းကောင်း ဖြေရှင်းရမည်။ ယင်းကို လွတ်လပ်သော တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုပြုနိုင်ရမည်။



(တ) စည်းကမ်းပိုင်းအရ တရားစွဲဆိုခြင်းကို ပညာသည်ပီသသော ကျင့်ဝတ်စည်းမျဉ်းများနှင့် အခြားအသိအမှတ်ပြုထားသော ဥပဒေပညာသည်များ၏ စံနှုန်းများနှင့် ကျင့်ဝတ်များကို နိုင်ငံတကာစံနှုန်းများအရ ဆုံးဖြတ်ရမည်။

[....]

၄။ စစ်ဘက်တရားရုံးများတွင် မစစ်ဆေးလိုသော အရပ်သားများ၏ အခွင့်အရေး။

(က) စစ်ဘက်တရားရုံးများ၏ တစ်ခုတည်းသော ရည်ရွယ်ချက်သည် စစ်ဘက်ဝန်ထမ်းများက စစ်သဘောအရ သီးသန့်ကျူးလွန်သည့် ပြစ်မှုများကို ဆုံးဖြတ်ရန်ဖြစ်သည်။

(ခ) ဤတာဝန်ကို ထမ်းရွက်လျှင် စစ်ဘက်တရားရုံးများသည် အာဖရိက သဘောတူညီချက်နှင့် ထိုလမ်းညွှန်မှုများပါ တရားမျှတသော စစ်ဆေးစီရင်မှု စံနှုန်းများကို လေးစားရန်လိုသည်။

(ဂ) စစ်ဘက်တရားရုံးများသည် မည်သည့် အခြေအနေမျိုးတွင်မဆို အရပ်သားများကို တရားစီရင်မှု မပြုရပါ။ အလားတူစွာ အထူးခုံရုံးများသည် သာမန်တရားရုံးများ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ ပြစ်မှုများကို မစစ်ဆေးရပါ။

[....]

## ထ။ ရိုးရာတရားရုံးများ

[...]

(ဂ) ရိုးရာတရားရုံးများ၏ လွတ်လပ်မှုကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများက အာမခံပြီး အစိုးရ၊ အစိုးရအေဂျင်စီများနှင့် အာဏာပိုင်များက လေးစားရမည်။

၁။ ၎င်းတို့သည် လွတ်လပ်ပြီး အုပ်ချုပ်ရေးဌာန၏ လွှမ်းမိုးမှုမှ ကင်းလွတ်ရမည်။

၂။ ရိုးရာတရားရုံးများ ရှေ့မှောက်တွင် တရားစွဲဆိုရေး၌ မဆီလျော်သော (သို့) အကြောင်းမဲ့ ကြားဝင်နှောင့်ယှက်မှုမျိုး မရှိစေရပါ။

(ဃ) နိုင်ငံများသည် ရိုးရာတရားရုံးများ၏ သမာသမတ်ကျမှုကို အာမခံပေးရမည်။ အထူးသဖြင့် ရိုးရာတရားရုံးများမှ အဖွဲ့ဝင်များသည် တရားရုံးသို့ တင်လာသော အမှုများကို ကန့်သတ်မှု တစ်စုံတစ်ရာ မရှိဘဲ၊ မမှန်မကန် မပြုလုပ်ဘဲ၊ လာဘ်မထိုးဘဲ၊ ဖိအားမပေးဘဲ၊ မခြိမ်းခြောက်ဘဲ (သို့) တိုက်ရိုက် (သို့) သွယ်ဝိုက် ကြားဝင် စွက်ဖက်ခြင်း မရှိဘဲ အရှိအတိုင်း ဆုံးဖြတ်ရမည်။

၁။ အကယ်၍ အဖွဲ့ဝင်တစ်ဦးသည် ဆုံးဖြတ်ချက်ချခြင်းအပေါ် လွှမ်းမိုးစေနိုင်သည့် သဘောထားကိုဖော်ပြလျှင်-

၁.၂။ အမှုကိစ္စ (သို့) အမှုနှင့်ပတ်သက်သောသူနှင့် အချိတ်အဆက်ရှိလျှင် (သို့) ပါဝင်ပတ်သက်နေလျှင်

၁.၃။ အမှုရလဒ်နှင့် ဆက်စပ်နေသော ငွေကြေး (သို့) အခြားအကျိုး ကျေးဇူးရှိလျှင်

၂။ ရိုးရာတရားရုံး ရှေ့မှောက်တွင် တရားစွဲဆိုမှုတွင် ပါဝင်သော မည်သူမဆို ရိုးရာ တရားရုံး (သို့) ၎င်း၏အဖွဲ့ဝင်များ၏ တရားမျှတမှုအပေါ် သံသယတစ်စုံ တစ်ရာရှိပါက တင်ပြထားသောအချက်များကို အခြေခံ၍ ၎င်း၏ သမာသမတ်ကျမှုကို စိန်ခေါ်နိုင်သည်။

(င) ရိုးရာတရားရုံးများ၏ အဖွဲ့ဝင်များအပေါ် စည်းကမ်းများနှင့် ၎င်းတို့ကို တိုင်ကြားခြင်း လုပ်ငန်းစဉ်များကို ဥပဒေက ပြဋ္ဌာန်းထားပါသည်။ ရိုးရာတရားရုံးမှ အဖွဲ့ဝင်များအား တိုင်ကြားခြင်းကို ချက်ချင်းလျင်မြန်စွာ ဆောင်ရွက်ပြီး မျှတသော လူထုကြားနာခွင့် ပေးရမည်။ ၎င်းတို့ကိုယ်တိုင် ရွေးချယ်ထားသော ဥပဒေကိုယ်စားလှယ်၏ ကိုယ်စားပြုမှုရယူခွင့်နှင့် စည်းကမ်းပိုင်း၊ ယာယီရပ်နားခြင်းနှင့် တရားစွဲဆိုမှု ရပ်သိမ်းခြင်းတို့အတွက် ဆုံးဖြတ်ချက်များကို လွတ်လွတ်လပ်လပ် ပြန်လည်သုံးသပ်နိုင်ရမည်။



# ခ။ နိုင်ငံများကြားချုပ်ဆိုသည့် စာချုပ်များ၏ စံနှုန်းများ

## လူသားနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာ အာဖရိက သဘောတူညီချက်

*(၁၉၈၁ ဇွန် ၂၇ တွင် ပြဋ္ဌာန်းပြီး ၁၉၈၆ အောက်တိုဘာ ၂၁ တွင် စတင် သက်ရောက်သည်။)*

---

**ပုဒ်မ ၂၆**

လက်ရှိသဘောတူညီချက်ကို လက်ခံထားသော နိုင်ငံများသည် တရားရုံးများ၏ လွတ်လပ်ခွင့်ကို အာမခံရမည့် တာဝန်ရှိပြီး လက်ရှိသဘောတူညီချက်က အာမခံထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို တိုးတက်စေရေးနှင့် အကာအကွယ်ပေးရေးတို့ ပါဝင်စေလျက် သင့်လျော်သော အမျိုးသား အဖွဲ့အစည်းများ တည်ထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးကို ခွင့်ပြုပေးရမည်။

## ကလေးသူငယ်များ အခွင့်အရေးနှင့် ဖွံ့ဖြိုးစည်ပင်ရေး အာဖရိက သဘောတူညီချက်

*(၁၉၉၉ နိုဝင်ဘာ ၂၉ တွင် စတင်သက်ရောက်သည်။)*

---

**ပုဒ်မ ၂၇ - ကလေးသူငယ်များ တရားစီရင်ရေး**

[....]

၂။ လက်ရှိသဘောတူညီချက်ကို လက်ခံထားသော နိုင်ငံများသည်။

[....]

(ဂ) ပြစ်မှုဆိုင်ရာ ဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် ကလေးတိုင်းအတွက်

[....]

(iv) သမာသမတ်ကျသော ခုံရုံးရှေ့မှောက်တွင် တတ်နိုင်သမျှ မြန်မြန်ဆုံးဖြတ်ပြီး အကယ်၍ အပြစ်ရှိပါက ပို၍အဆင့်မြင့်သော ခုံရုံးတွင် အယူခံဝင်နိုင်သည်။



# ၆။ ဥရောပသမဂ္ဂ

## ဥရောပသမဂ္ဂ အခြေခံအခွင့်အရေး သဘောတူညီချက်

*(၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် ဥရောပကောင်စီတွင် ဥရောပပါလီမန်ကောင်စီနှင့် ကော်မရှင်မှ ဥက္ကဌများ လက်မှတ်ရေးထိုး အတည်ပြုကြသည်။)*

---

**အခန်း - ၆။- တရားမျှတမှု**

**ပုဒ်မ ၄၇ - ထိရောက်သော ကုစားမှုနှင့် မျှတသော တရားစီရင်မှုရပိုင်ခွင့်**

[...]

လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော လွတ်လပ်၍ ဘက်မလိုက်သည့် ခုံရုံးရှေ့မှောက်တွင် သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း မျှတသော လူထုကြားနာခွင့် ရရှိရမည်။ လူတိုင်းတွင် အကြံဉာဏ် ရယူပိုင်ခွင့်၊ ခုခံကာကွယ်ခွင့်နှင့် ကိုယ်စားပြုခံပိုင်ခွင့်တို့ရှိသည်။

# ၇။ အာရှပစိဖိတ်

## CAWASIA ဒေသတွင်း တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုဆိုင်ရာ ဘေဂျင်း ဖော်ပြချက်

*(၁၉၉၅ ခုနှစ်တွင် ဘေဂျင်းတွင် အာရှပစိဖိတ်ဒေသမှ တရားသူကြီးများနှင့် CAWASIA ဒေသမှ တရားသူကြီးချုပ်များ ပြဋ္ဌာန်းပြီး ၂၀၀၁ ခုနှစ်တွင် CAWASIA ကောင်စီက ပြဋ္ဌာန်းသည်။)*

---

### တရားရေးလွတ်လပ်မှု

၁။ တရားစီရင်ရေးအဖွဲ့သည် လူ့အဖွဲ့အစည်းတိုင်းတွင် တန်ဖိုးအမြင့်ဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

၂။ ကမ္ဘာ့လုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (ပုဒ်မ ၁၀) နှင့် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (ပုဒ်မ ၁၄ (၅))တို့အရ လူတိုင်းတွင် ဥပဒေအရ ဖွဲ့စည်းထားသော စွမ်းဆောင်ရည်ရှိသော လွတ်လပ်သည့် သမာသမတ်ကျသော ခုံရုံးရှေ့မှောက်တွင် မျှတသော လူထုကြားနာပိုင်ခွင့်ရှိသည်။

လွတ်လပ်သော တရားစီရင်ရေးအဖွဲ့သည် ထိုအခွင့်အရေးကို အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။

၃။ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုတွင် အောက်ပါတို့ကို လိုအပ်ပါသည်။

(က) တရားစီရင်ရေးအဖွဲ့သည် အချက်အလက်များကို ဘက်မလိုက်ပဲ သမာသမတ်ကျကျ ဆန်းစစ်ခြင်း၊ မည်သည့်အဖွဲ့အစည်းကမျှ တိုက်ရိုက် (သို့) သွယ်ဝိုက်ဖြစ်သော မသင့်လျော်သော လွှမ်းမိုးမှုများမရှိဘဲ ဥပဒေကို သဘောပေါက် နားလည်ခြင်းတို့ဖြင့် ဆုံးဖြတ်ချက်ချရမည်။

(ခ) တရားစီရင်ရေးအဖွဲ့သည် တရားစီရင်ပိုင်ခွင့် သဘောသဘာဝရှိသော ပြဿနာရပ်များပေါ်တွင် တိုက်ရိုက် (သို့) ပြန်လည်သုံးသပ်ပြီး စီရင်ပိုင်ခွင့်ရှိသည်။

၄။ တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုကို ထိန်းသိမ်းခြင်းသည် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်သည့် ၎င်း၏ရည်ရွယ်ချက်များနှင့် လွတ်လပ်သည့် လူ့အဖွဲ့အစည်းအတွင်း တာဝန်ဝတ္တရားများ ထမ်းဆောင်မှုတို့အတွက် မရှိမဖြစ် အရေးပါသည်။ ထိုလွတ်လပ်မှုကို နိုင်ငံတော်က အာမခံပေးရမည်ဖြစ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့) ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

၅။ တရားစီရင်ရေးအဖွဲ့သည် အခြားသော အစိုးရအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များနှင့် တာဝန်များကို လေးစားလိုက်နာရမည်။ ထိုအဖွဲ့အစည်းများကလည်း တရားစီရင်ရေးအဖွဲ့၏ ရည်ရွယ်ချက်များနှင့် တာဝန်များကို ပြန်လည်လေးစားလိုက်နာရမည်။



၆။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပုဒ်မ ၃ (က) အရ တရားစီရင်ရေးအဖွဲ့၏ ဆင့်ကဲဖွဲ့စည်းပုံနှင့် အထက်ပါရာထူးများက တရားမျှတမှုအတွက် တရားသူကြီး၏ တာဝန်ထမ်းဆောင်နေမှုအပေါ် (သို့) တရားသူကြီးများ၏ စုပေါင်းတာဝန်ထမ်းဆောင်နေမှုအပေါ် လွှမ်းမိုးမှု မရှိစေရ။ တရားသူကြီးတစ်ဦးတည်း (သို့) တရားသူကြီးများ စုပေါင်းထားသည့် တရားစီရင်ရေးအဖွဲ့သည် ၎င်း၏ တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေအရ ဆောင်ရွက်ရမည်။

၇။ တရားသူကြီးများသည် တာဝန်ထမ်းဆောင်ရာတွင် မရိုးသားမှု၊ မဖွယ်မရာပြုမှုများကို ရှောင်ကြည်ပြီး တရားစီရင်ရေးအဖွဲ့၏ သိက္ခာနှင့် လွတ်လပ်မှုကို ထိန်းသိမ်းရမည်။

၈။ တရားစီရင်ရေးအဖွဲ့ဝင်များအဖြစ် တာဝန်များကို ထမ်းဆောင်နေသည့် တရားသူကြီးများသည် အခြားသော နိုင်ငံများနည်းတူ လွတ်လပ်စွာ ဖော်ပြခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ အသင်းဖွဲ့ခွင့် နှင့် စုရုံးခွင့်ရှိပါသည်။

၉။ တရားသူကြီးများသည် မည်သည့် ဥပဒေအရမဆို တရားသူကြီးများအသင်းကို ဖွဲ့စည်းနိုင်၊ ဝင်ရောက်နိုင်ပြီး ၎င်းတို့၏ စိတ်ပါဝင်စားမှုကို ကိုယ်စားပြုပြီး ပညာရပ်ဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုကို မြှင့်တင်နိုင်ကာ ၎င်းတို့၏ လွတ်လပ်မှုကို ကာကွယ်ရန် အခြားလုပ်ဆောင်ချက်များလည်း ဆောင်ရွက်နိုင်သည်။

### တရားစီရင်ရေး ရည်ရွယ်ချက်များ

၁၀။ တရားစီရင်ရေးအဖွဲ့၏ ရည်ရွယ်ချက်များနှင့် တာဝန်များတွင် အောက်ပါတို့ပါဝင်သည်။

(က) ပြည်သူအားလုံး တရားဥပဒေစိုးမိုးရေးအောက်တွင် လုံခြုံစွာနေထိုင်နိုင်ရန်။

(ခ) တရားရေးတာဝန်များ၏ မူဘောင်အတွင်းမှ လူ့အခွင့်အရေး လိုက်နာစောင့်ထိန်းခြင်းနှင့် ရရှိစေခြင်းကို တိုးမြှင့်ရန်။

(ဂ) ပြည်သူများကြား၊ ပြည်သူများနှင့်နိုင်ငံကြားတွင် ဥပဒေကို သမာသမတ်ကျကျဖြင့် ကျင့်သုံးရန်။

### တရားသူကြီးများခန့်အပ်ခြင်း

၁၁။ တရားရေးအဖွဲ့၏ ရည်ရွယ်ချက်များနှင့် တာဝန်များကို အကောင်အထည်ဖော်နိုင်ရန် တရားသူကြီးများကို စွမ်းဆောင်ရည်မြင့်မားမှု၊ ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုတို့အပေါ် အခြေခံ၍ ရွေးချယ်ရန် အလွန်အရေးကြီးသည်။

၁၂။ တရားရေးရုံးဖြင့် အရည်အသွေး အကိုက်ညီဆုံးဖြစ်သောသူများကိုသာ တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။ လျော်ကန်မှုမရှိသော လွှမ်းမိုးမှုများမှ ထိန်းသိမ်းကာကွယ်ပြီး ထိုအချက်ကိုသာလျှင် ခန့်အပ်ရမည်။

၁၃။ တရားသူကြီးများ ရွေးချယ်ရာတွင် လူမျိုး၊ အရောင်၊ ကျား/မ၊ ဘာသာရေး၊ နိုင်ငံရေးနှင့် အခြား ရည်ရွယ်ချက်များ၊ နိုင်ငံဇစ်မြစ် (သို့) လူမှုရေးဇစ်မြစ်၊ လက်ထပ်ထားခြင်း ရှိ၊ မရှိ၊ ပိုင်ဆိုင်မှု၊ မွေးဖွားခြင်း (သို့) အဆင့်အတန်းတို့ဖြင့် ခွဲခြားဆက်ဆံမှု မပြုရပါ။ သို့သော် ရွေးချယ်ခံရမည့်သူသည် ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်။

၁၄။ ဥပဒေပညာသည် အဖွဲ့ဖွဲ့စည်းပုံနှင့် တရားသူကြီးများကို ဥပဒေပညာသည် အဖွဲ့၏ မည်သည့် အပိုင်းမှ ဆွဲထုတ်သည်ဆိုခြင်းသည် လူ့အဖွဲ့အစည်း အမျိုးမျိုးတွင် ပုံသဏ္ဍာန်အမျိုးမျိုးရှိသည့် အချို့လူ့အဖွဲ့အစည်းတွင် တရားစီရင်ရေးသည် အသက်မွေးဝန်ဆောင်မှုဖြစ်သည်။ အချို့နေရာများတွင် တရားသူကြီးများကို လက်တွေ့ကျင့်သုံးဆောင်ရွက်သူများထံမှ ရွေးထုတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းမျိုးစုံတွင် လုပ်ထုံးလုပ်နည်းမျိုးစုံနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပုံစံမျိုးစုံပြဋ္ဌာန်းပြီး သင့်တင့်လျောက်ပတ်သော တရားသူကြီးများကို ခန့်အပ်ကြသည်။

၁၅။ အချို့သော လူ့အဖွဲ့အစည်းတွင် တရားသူကြီးများခန့်အပ်ခြင်းကို တရားရေးဝန်ဆောင်မှုများ ကော်မရှင်က သဘောတူညီပြီးဖြစ်စေ၊ ဆွေးနွေးတိုင်ပင်ပြီးဖြစ်စေ ဆောင်ရွက်နိုင်ပြီး ရွေးချယ်လိုက်သော တရားသူကြီးများသည် ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိရမည်။ တရားရေး ဝန်ဆောင်မှုများ ကော်မရှင်ကို ပြဋ္ဌာန်းဖွဲ့စည်းလျှင် ယင်းတွင် အဆင့်မြင့်တရားရေး ကိုယ်စားလှယ်များနှင့် လွတ်လပ်သည့် ဥပဒေပညာသည် ကိုယ်စားများပါဝင်ကာ တရားရေးစွမ်းဆောင်ရည်ရှိမှု၊ သိက္ခာရှိမှုနှင့် လွတ်လပ်မှုတို့ကို ထိန်းသိမ်းထားနိုင်သည်။

၁၆။ တရားရေးဝန်ဆောင်မှုများ ကော်မရှင်မရှိလျှင် တရားသူကြီးများ ခန့်အပ်ခြင်းကို ရှင်းလင်းပီပြင်စွာ အဓိပ္ပာယ်ဖွင့်ဆိုကာ ပြည်သူသို့ အသိပေးတင်ပြရမည်။

၁၇။ တရားသူကြီးများ ရာထူးတိုးခြင်းသည် စွမ်းဆောင်ရည်မြင့်မားမှု၊ သိက္ခာရှိမှု၊ လွတ်လပ်မှုနှင့် အတွေ့အကြုံတို့ကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ခြင်းပေါ်တွင် အခြေခံသည်။

**ရာထူးသက်တမ်း**

၁၈။ တရားသူကြီးများတွင် ရာထူးသက်တမ်း သတ်မှတ်မှုရှိရမည်။

၁၉။ အချို့နိုင်ငံများတွင် တရားသူကြီးများ၏ ရာထူးသက်တမ်းကို အချိန်နှင့်အမျှ ပြည်သူ့မဲဆန္ဒ (သို့) အခြားလုပ်ထုံးလုပ်နည်းဖြင့် ဆုံးဖြတ်သည်။

၂၀။ သို့သော် တူညီသော တရားစီရင်ပိုင်ခွင့်အတွက် တရားသူကြီးများအားလုံးကို ကာလတစ်ခု သတ်မှတ်ခန့်အပ်ပြီး အသက်အရွယ်ရလာလျှင် သက်တမ်းကုန်ဆုံးမည်။

၂၁။ တရားသူကြီး၏ ရာထူးသက်တမ်းကို ၎င်းတာဝန်ထမ်းဆောင်နေစဉ်အတွင်း အားနည်းချက်အဖြစ် ပြောင်းလဲ၍ မရပါ။

၂၂။ တရားသူကြီးများသည် အရည်အချင်း မပြည့်မီခြင်း၊ ပြစ်မှုကျူးလွန်ခြင်း (သို့) တရားသူကြီးမဖြစ်ထိုက်သည့် အပြုအမူကို ပြုမူခြင်းကြောင့်သာလျှင် ရာထူးမှ ဖယ်ရှားခံရမည်။



၂၃။ လူ့အဖွဲ့အစည်း အမျိုးမျိုးတွင် တရားသူကြီးများကို ရာထူးမှ ဖယ်ရှားရေး လုပ်ထုံးလုပ်နည်းများသည် ယဉ်ကျေးမှုနှင့် သမိုင်းကြောင်း ကွဲပြားခြားနားသည့်အလျောက် ခြားနားပါသည်။ အချို့သော လူ့အဖွဲ့အစည်းများတွင် ပါလီမန် လုပ်ထုံးလုပ်နည်းများဖြင့် တရားသူကြီးများကို ဖယ်ရှားသည်။ အချို့သော လူ့အဖွဲ့အစည်းများတွင် ထိုလုပ်ထုံးလုပ်နည်းကို လက်မခံပါ။ ရာထူးမှ ဖယ်ရှားရေးအတွက် အသုံးမပြုသင့်သော နည်းလမ်းဟုယူဆသည်။ ယင်းနည်းလမ်းကို အသုံးပြုလေ့မရှိဘဲ လွဲမှားစွာ အသုံးပြုမည်ကိုသာ စိုးရိမ်ရပါသည်။

၂၄။ ပါလီမန်လုပ်ထုံးလုပ်နည်း (သို့) ပြည်သူ့မဲဆန္ဒဖြင့် တရားသူကြီးကို ရာထူးမှ ဖယ်ရှားသည့် နည်းမရှိလျှင် တရားသူကြီးအား ရာထူးမှဖယ်ရှားမှုကို တရားရေးအဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ထားရမည်။

၂၅။ ပါလီမန်လုပ်ထုံးလုပ်နည်း (သို့) ပြည်သူ့မဲဆန္ဒဖြင့် တရားသူကြီးကို ရာထူးမှဖယ်ရှားသည့် နည်းမရှိလျှင် တရားသူကြီးအား ရာထူးမှ ဖယ်ရှားရေးအတွက် ပထမဆုံးအနေဖြင့် အကြောင်းရင်းကို စစ်ဆေးပြီး ထုံးစံအတိုင်းဖြစ်သော လုပ်နည်းလုပ်ဟန်များအတိုင်း ဆောင်ရွက်၊ မဆောင်ရွက်ကို ဆုံးဖြတ်ရမည်။ ကနဦး စစ်ဆေးမှုများအရ တရားသူကြီးကို ပုံမှန်လုပ်ရိုး နည်းလမ်းအတိုင်း ဆောင်ရွက်သင့်သည့် အကြောင်းရင်းများကို ရှာတွေ့လျှင် ယင်းအတိုင်း လုပ်ဆောင်ရမည်။

၂၆။ ရာထူးမှ ဖယ်ရှားခံရမည့် တရားသူကြီးတွင် မျှတသော ကြားနာခွင့်ရှိသည်။

၂၇။ စည်းကမ်းရေးရာ၊ ယာယီရပ်စဲခြင်း (သို့) ဖယ်ရှားခြင်း လုပ်ထုံးလုပ်နည်းများအားလုံးကို တရားရေးရာ စံနှုန်းများအတိုင်း ဆောင်ရွက်ရမည်။

၂၈။ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက်များကို ကင်မရာအတွင်းတွင် ဖြစ်စေ (သို့) ပြည်သူသို့ဖြစ်စေ ထုတ်ဝေဖြန့်ချိရမည်။

၂၉။ တရားသူကြီးက အဖွဲ့ဝင်ဖြစ်နေသော တရားရုံးတွင် တရားသူကြီးကို ရာထူးမှဖယ်ရှားရေး အတွက် တရားရုံးကို ဖျက်သိမ်းခြင်းကို လက်မခံရပါ။ အကယ်၍ တရားရုံးကို ဖျက်သိမ်းခဲ့လျှင် (သို့) ပြန်လည်ဖွဲ့စည်းခဲ့လျှင် တရားရုံး၏ လက်ရှိအဖွဲ့ဝင်များအားလုံးကို ၎င်းတို့၏ ယခင် ရာထူးသို့ ပြန်လည်ခန့်အပ်ရမည် (သို့) ထိုရာထူးသက်တမ်းဖြင့်ပင် အခြားတရားရေးရုံးသို့ ပြောင်းရွှေ့ပေးရမည်။ ရာထူး ပြန်မရသောသူများကိုမူ လျော်ကြေးအပြည့်အဝ ပေးရမည်။

၃၀။ တရားသူကြီးများကို စီမံအုပ်ချုပ်ရေးအဖွဲ့က စီရင်ပိုင်ခွင့်တစ်ခုမှတစ်ခု၊ လုပ်ငန်းတာဝန် တစ်ခုမှ တစ်ခုသို့ တရားသူကြီးများ၏ သဘောဆန္ဒမပါဘဲ ရွှေ့ပြောင်းခြင်း မပြုရပါ။ စီမံအုပ်ချုပ်ရေး အဖွဲ့က တရားစီရင်ရေးအဖွဲ့ဖြင့် တိုင်ပင်ပြီး ပေါ်လစီချမှတ် လုပ်ဆောင်လျှင် ယင်းအတွက် တရားသူကြီးတစ်ဦးချင်း၏ သဘောတူညီချက် ရယူရန် မလိုပါ။

### တရားရေးအခြေအနေများ

၃၁။ တရားသူကြီးများသည် လုံလောက်သော ငွေကြေးနှင့် ဂန်ဆောင်မှုအတွက် ထိုက်သင့်သော သတ်မှတ်ချက် ချမှတ်ပေးရမည်။ တာဂန်ထမ်းဆောင်နေချိန်အတွင်း ထိုအခကြေးငွေနှင့် ဂန်ဆောင်မှုအခြေအနေများကို အားနည်းချက်အဖြစ် မပြောင်းလဲရပါ။ ခြွင်းချက်အားဖြင့် သက်ဆိုင်ရာတရားရုံးမှ တရားသူကြီးများ (သို့) တရားသူကြီးအများစုက သဘောတူသည့် အားလုံးအတွက် ပြည်သူ့စီးပွားရေး တိုင်းတာမှု၏ တစိတ်တပိုင်းဖြစ်ခဲ့လျှင် ပြောင်းလဲနိုင်ပါသည်။

၃၂။ အမျိုးသားဥပဒေအရ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်များ (သို့) အယူခံဝင်ခွင့် (သို့) နိုင်ငံတော်မှ လျော်ကြေး ရယူခွင့်တို့ကို မထိခိုက်စေဘဲ တရားသူကြီးများသည် ၎င်းတို့၏ တရားရေးတာဂန်များကို ထမ်းဆောင်ရာတွင် မမှန်မကန် ဆောင်ရွက်မှုများ (သို့) ဆုံးရှုံးမှုများအတွက် ငွေကြေးဆိုင်ရာ ထိခိုက်မှုများအတွက် ပြည်သူများ၏ တရားစွဲဆိုမှုမှ ကင်းလွတ်ခွင့်ရှိသည်။

### တရားစီရင်ပိုင်ခွင့်

၃၃။ တရားသူကြီးများတွင် တရားစီရင်နိုင်သည့် သဘောသဘာဂရှိသော ပြဿနာရပ် အားလုံးအတွက် တရားစီရင်ပိုင်ခွင့်ရှိပြီး ၎င်းတို့၏ ဆုံးဖြတ်ချက်အတွက် တင်ပြလာသော ပြဿနာသည် ဥပဒေက သတ်မှတ်ပေးထားသော ၎င်းတို့၏ စွမ်းဆောင်ရည်ဘောင်အတွင်းရှိလျှင် သီးခြားအာဏာဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၃၄။ အမြင့်ဆုံး တရားရုံး၏ တရားစီရင်ပိုင်ခွင့်ကို တရားရုံးအဖွဲ့ဂင်များ၏ သဘောတူညီမှုမပါဘဲ မကန့်သတ်ရပါ။

### တရားရေးရာ စီမံခန့်ခွဲခြင်း

၃၅။ တရားသူကြီးများအား အမှုများ ခွဲဝေချထားပေးခြင်းသည် တရားရေးရာ စီမံခန့်ခွဲခြင်းဖြစ်ပြီး သက်ဆိုင်ရာတရားရုံး၏ တရားရေးအရာရှိချုပ်တွင်သာ ထိုသို့ ထိန်းချုပ်ပိုင်ခွင့်အာဏာရှိသည်။

၃၆။ တရားရုံးစီမံခန့်ခွဲခြင်းတွင် ခန့်အပ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ရေးဂန်ထမ်းများကို စည်းကမ်းပိုင်းအရ ထိန်းချုပ်ခြင်းတို့ပါဂင်ပြီး ဂန်ထမ်းများကို တရားစီရင်ရေးတွင် အာဏာပေးထားခြင်း (သို့) တရားစီရင်ရေးကိုယ်စားပြုသော ထိရောက်သည့် ကဏ္ဍမှပါဂင်သော အဖွဲ့အစည်းတွင် နေရာပေးထားခြင်းတို့ ပြုလုပ်နိုင်သည်။

၃၇။ တရားရုံး၏ ဘက်ဂျက်ကို တရားရုံးများ (သို့) စွမ်းဆောင်ရည်ရှိသော အာဏာပိုင်အဖွဲ့က ပြင်ဆင်ပြီး တရားရေးအာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းကာ တရားရေးလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုတို့၏ လိုအပ်ချက်များကို ထောက်ပြခဲ့သည်။ ချထားပေးသော ပမာဏသည် တရားရုံးတစ်ခုအတွက် တာဂန်ထမ်းဆောင်ရန် လုံလောက်ပြီး အလွန်အကျွံ တာဂန်ပိခြင်း မရှိရပါ။



### စီမံခန့်ခွဲရေးအဖွဲ့နှင့်ဆက်ဆံရေး

၃၈။ တရားသူကြီးများ၏ ရာထူးသက်တမ်း၊ လစာပေးမှု (သို့) အခြေအနေများ (သို့) အခြားရင်းမြစ်များအပေါ် သက်ရောက်မှုရှိစေသော စီမံအုပ်ချုပ်ရေးအဖွဲ့ကို တရားသူကြီးတစ်ဦး (သို့) တရားသူကြီးများကို ခြိမ်းခြောက်၊ ဖိအားပေးရန်အလို့ငှာ အသုံးမပြုရပါ။

၃၉။ အကယ်၍ တရားသူကြီးများ၏ တရားစီရင်ရေး ဆောင်ရွက်ချက်များကို သက်ရောက်မှုရှိသည့် (သို့) သက်ရောက်မှုရှိနိုင်သည့် မက်လုံး (သို့) အကျိုးကျေးဇူး တစ်စုံတရာကို တရားသူကြီးများထံ မပေးရပါ။ တရားသူကြီးများကလည်း လက်မခံရပါ။

၄၀။ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တရားသူကြီးများနှင့် ၎င်းတို့ မိသားစုဂင်များ၏ လုံခြုံရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးရမည်။

### ရင်းမြစ်များ

၄၁။ တရားသူကြီးများအနေဖြင့် ၎င်းတို့၏ တာဂန်များကို ထမ်းဆောင်နိုင်ရန် လုံလောက်သော ရင်းမြစ်များပေးရန် အထူးလိုအပ်သည်။

၄၂။ စီးပွားရေး အခက်အခဲများကြောင့် တရားရုံးစနစ်အတွက် လိုအပ်သောရင်းမြစ်များနှင့် အထောက်အကူပစ္စည်းများကို တရားသူကြီးများက ၎င်းတို့၏ တာဂန်ဂတ္တရားများကို ထမ်းဆောင်ရန်အတွက် လိုအပ်သည်ဟု ယူဆပါက တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေး အကာအကွယ်ကို ထိန်းသိမ်းရန်အတွက် တရားစီရင်ရေးနှင့် တရားရုံးစနစ်၏ ရင်းမြစ်လိုအပ် ချက်ကို အရင်ဆုံး ဦးစားပေးရမည်။

### အရေးပေါ်အခြေအနေ

၄၃။ ပြည်သူ့အရေးပေါ် အခြေအနေသည် ပြည်သူများ၏ အသက်အိုးအိမ်ကို ခြိမ်းခြောက်နေသဖြင့် ထိုအရေးပေါ် အချိန်ကာလအတွက်သာ တရားရေးလွတ်လပ်မှုကို ဥပဒေအရ အတိုင်းအတာတစ်ခုအထိ ကင်းလွတ်ခွင့်ပြုပြီး ထိုသို့ဖြစ်ခြင်းသည်ပင်လျှင် နိုင်ငံတကာက အသိအမှတ်ပြုထားသော အနည်းဆုံး စံနှုန်းများနှင့်ကိုက်ညီမှုရမည့် တရားရုံးများ၏ ပြန်လည်သုံးသပ်မှုကို တွေ့ကြုံရမည်။ ထိုသို့သော အရေးပေါ်အခြေအနေတွင် အစိုးရသည် ပြစ်မှုကျူးလွန်သည့် အရပ်သားများကို အရပ်ဘက်တရားရုံးများတွင် စစ်ဆေးစီရင်စေပြီး ပြစ်ဒဏ် မချမှတ်ရသေးဘဲ ထိန်းသိမ်းထားသူများကို တရားရုံးများက ပြန်လည်သုံးသပ်ပြီး (သို့) အခြား လွတ်လပ်သော အာဏာပိုင်အဖွဲ့က ပြန်လည်သုံးသပ်ပြီး ရုံးထုတ်မိန့် (သို့) အလားတူ လုပ်ငန်းစဉ်များ ဆောင်ရွက်ရမည်။

၄၄။ စစ်ဘက်ခုံရုံးများ၏ တရားစီရင်ပိုင်ခွင့်သည် စစ်ဘက်မှ ပြစ်မှုများအတွက်သာ ဖြစ်ရမည်။ ထိုခုံရုံးများမှ ဥပဒေအရ အရည်အချင်းပြည့်မီသော အယူခံစာ (သို့) ခုံရုံး (သို့) အခြားကုသမှု နည်းလမ်းများမှ အယူခံဂင်နိုင်ပြီး ဖျက်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

# ၈။ ဓနသဟာယနိုင်ငံများ

## ဓနသဟာယနိုင်ငံများအတွက် ပါလီမန်ဆိုင်ရာ ကြီးစိုးမှုနှင့် တရားရေးလွတ်လပ်မှုကို ဖော်ညွှန်းသည့် Latimer House ၏ လမ်းညွှန်ချက်များ

*(၁၉၉၈ ဇွန် ၁၉ တွင် ကျင်းပသော အစည်းအဝေးမှ ပြဋ္ဌာန်းသည်။ ယင်းအစည်းအဝေးသို့ ဓနသဟာယနိုင်ငံများ ပါလီမန်အသင်း၊ ဓနသဟာယနိုင်ငံများ ရာဇဝတ်တရားသူကြီးများနှင့် တရားသူကြီးများ အသင်း၊ ဓနသဟာယနိုင်ငံများ ရှေ့နေအသင်းနှင့် ဓနသဟာယနိုင်ငံများ ဥပဒေပညာပေးရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။)*

---

[....]

## II တရားရေးလွတ်လပ်မှုကို ထိန်းသိမ်းခြင်း

### ၁။ တရားရေးခန့်အပ်မှုများ

တရားစီရင်ပိုင်ခွင့်တွင် တရားရေးခန့်အပ်မှုများအတွက် သင့်တင့်လျောက်ပတ်သော လွတ်လပ်သည့် လုပ်ငန်းစဉ်ရှိပြီးဖြစ်ရမည်။ အကယ်၍ လွတ်လပ်သည့် စနစ်မရှိသေးလျှင် (ဖွဲ့စည်းပုံဥပဒေအရ (သို့) ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည်းထားသော) တရားရေးဝန်ဆောင်မှုကော်မရှင်က ထိုခန့်အပ်မှုများကို ဆောင်ရွက်မည် (သို့) ထိုကော်မရှင်၏ ထောက်ခံချက်ဖြင့် သင့်လျော်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးကဆောင်ရွက်မည်။

သင့်လျော်သော ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသော ကိုယ်စားပြုသော တရားရေးဝန်ဆောင်မှုကော်မရှင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ခန့်အပ်မှုလုပ်ငန်းစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် တရားစီရင်ရေးအဖွဲ့၏ ရာထူးအဆင့်တိုင်းအတွက် ရွေးချယ်ခံရမည့်သူများတွင် အရည်အချင်းနှင့် လွတ်လပ်မှုကို အာမခံနိုင်ရမည်။

တရားစီရင်ရေးအဖွဲ့၏ ရာထူးအဆင့်တိုင်းအတွက် ခန့်အပ်မှုကို ဆောင်ရွက်ရာတွင် ကျား/မ မညီမျှမှုနှင့် သမိုင်းစဉ်လာအရ ခွဲခြားဆက်ဆံမှုများကို အဆင့်ဆင့်ဖယ်ရှားရမည်။

တရားရေးခန့်အပ်မှုများသည် ပုံမှန်အားဖြင့် အမြဲတမ်းအတွက်ဖြစ်ပြီး အချို့သော တရားစီရင်ပိုင်ခွင့်များတွင် သက်ဆိုင်ရာ သက်တမ်းတစ်ခု သတ်မှတ်ပြီး စာချုပ်စာတမ်းဖြင့် ခန့်အပ်ရသည်။ မလွှဲမရှောင်နိုင်သည့် အခြေအနေမျိုးလည်း ရှိပါသည်။

တရားရေး လစ်လပ်ရာထူးများကို ကြေညာရမည်။



### ၂။ ရန်ပုံငွေ

တရားစီရင်ရေးအဖွဲ့ကို ၎င်းတို့၏ တာဝန်ဝတ္တရားများကို အမြင့်ဆုံးစံနှုန်းများအထိ ထမ်းဆောင်နိုင်စေရန် လုံလောက်သည့် ရေရှည်ငွေကြေး ထောက်ပံ့မှုပေးရမည်။ တရားစီရင်ရေးအဖွဲ့အတွက် ဥပဒေပြုအာဏာပိုင်အဖွဲ့က မဲခွဲဆုံးဖြတ်ပြီး ရန်ပုံငွေချမှတ်ပေးလျှင် ယင်းကို မမှန်မကန် အသုံးပြု ခြင်းနှင့် ပထားခြင်းတို့ မဖြစ်စေရန် ကာကွယ်ပေးရမည်။ တရားစီရင်ရေးအဖွဲ့သို့ ရန်ပုံငွေ ခွဲဝေပေးခြင်း (သို့) ရန်ပုံငွေ ထိန်းသိမ်းထားခြင်းကို မမှန်မကန် ထိန်းချုပ်သည့်ပုံစံဖြင့် မဆောင်ရွက်ရပါ။

သင့်တင့်သော လစာနှင့် အကျိုးကျေးဇူးများ၊ ဝန်ထမ်းများ၊ ရင်းမြစ်များနှင့် ကိရိယာများသည် တရားစီရင်ရေးအဖွဲ့၏ မှန်ကန်သင့်မြတ်သော လုပ်ငန်းဆောင်ရွက်မှုအတွက် မရှိမဖြစ်အရေးပါသည့် စည်းမျဉ်းအရ တရားရေးလစာများနှင့် အကျိုးကျေးဇူးများကို လွတ်လပ်သောအဖွဲ့က သတ်မှတ်ပြီး ၎င်းတို့၏တန်ဖိုးကို ထိန်းသိမ်းထားရမည်။

### ၃။ သင်တန်းပို့ချခြင်း

တရားရေးနှင့်ဆိုင်သော ပညာပေးခြင်းကို လုပ်ဆောင်ရမည်။ ငွေကြေးလုံလောက်စွာ ထောက်ပံ့ပေးထားသော တရားရေးအဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် သင်တန်းပို့ချခြင်းကို အစီအစဉ်တကျ၊ စနစ်တကျ ဆက်လက်လုပ်ဆောင်ရမည်။

တရားရေးဆိုင်ရာ သင်ကြားပို့ချမှုတွင် ဥပဒေ၊ တရားရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ကျင့်ဝတ်နှင့် ကျား/မ ကိစ္စရပ်များ ပါဝင်သော လူမှုရေးအခြေအနေတို့ကို သင်ကြားပေးရမည်။

ပို့ချမှုသင်ရိုးကို ပညာရပ်ဆိုင်ရာ အထူးကျွမ်းကျင်သူများ၏ ပံ့ပိုးကူညီမှုရထားသော တရားရေး အရာရှိများက ပဲ့ကိုင်သွားမည်။

လုံလောက်သော သင်ကြားပို့ချရေး အထောက်အကူများမရှိသည့် တရားစီရင်ပိုင်ခွင့် နယ်ပယ်များအနေဖြင့် အခြားသော တရားစီရင်ပိုင်ခွင့် နယ်ပယ်များမှ အဆိုပါ အထောက်အကူများ ရယူနိုင်သည်။

တရာရေးနှင့်ဆိုင်သော ပညာပေးခြင်းသင်တန်းများကို ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပို့ချခြင်း တစ်စိတ်တပိုင်းအဖြစ် လက်တွေ့အသက်မွေးဝမ်းကျောင်းပြုနေသည့် ရှေ့နေများကို ပေးသွားမည် ဖြစ်သည်။

[....]

## V. တရားရေးနှင့် ပါလီမန်ဆိုင်ရာ ကျင့်ဝတ်များ၏

### ၁။ တရားရေးဆိုင်ရာ ကျင့်ဝတ်များ

(က) တရားသူကြီးများ၏ တာဝန်ခံနိုင်မှုကို သေချာစေရန် တရားစီရင်ရေးအဖွဲ့ တစ်ဖွဲ့စီသည် ကျင့်ဝတ်နှင့် အပြုအမူပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်ကို ချမှတ်၊ လိုက်နာရမည်။

[....]

## VI. တာဝန်ခံမှု ယန္တရားများ

### ၁။ တရားရေးရာ တာဝန်ခံမှု

(က) စည်းကမ်း

အကယ်၍ တရားသူကြီးသည် ဖယ်ရှားခံရမည့်အနေအထားဖြင့် ကြုံတွေ့ရလျှင် တရားသူကြီးတွင် အဆိုပါ အရေးယူမှုကို အပြည့်အဝ သိရှိခွင့်၊ ကြားနာမှုတွင် ကိုယ် စားပြုခွင့်၊ အပြည့်အဝ ခုခံကာကွယ်ခွင့်နှင့် လွတ်လပ်၍ သမာသမတ်ရှိသော ခုံရုံးရှေ့မှောက်တွင် စီရင်ဆုံးဖြတ်ခွင့်ရှိရမည်။ တရားသူကြီးကို ရာထူးမှဖယ်ရှားရန် အကြောင်းပြချက်များကို အောက်ပါအတိုင်း ကန့်သတ်ထားပါသည်။

(i) တရားရေးတာဝန်များကို မထမ်းဆောင်နိုင်ခြင်းနှင့် ဆိုးရွားသော မမှန်မကန် ပြုလုပ်ခြင်း။

(ii) အမှုအားလုံးကို တရားရုံးမှ တရားသူကြီးချုပ်က ကိုင်တွယ်ဖြေရှင်းရမည်။

(iii) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် တရားသူကြီးများအား လူသိရှင်ကြား သတိပေးခြင်း မပါဝင်ရပါ။ သတိပေးမှု မှန်သမျှကို တရားသူကြီးချုပ်က သီးခြားခေါ်တွေ့ကာ နှစ်ကိုယ်ကြား ဆောင်ရွက်ရမည်။

(ခ) လူသိရှင်ကြားဝေဖန်ခြင်း

(i) တရားရေးရာ တာဝန်ထမ်းဆောင်မှုအပေါ် လူသိရှင်ကြား ဝေဖန်ခြင်းကို တရားဝင်ဖြစ်စေခြင်းသည် တာဝန်ယူမှုကို ဖော်ပြသည့် နည်းလမ်းတစ်ခုဖြစ်သည်။

(ii) ပြစ်မှုဆိုင်ရာဥပဒေနှင့် ဗီဆန်မှုအပေါ် တရားစွဲဆိုခြင်းတို့သည် တရားရုံးများအပေါ် တရားစွဲဆိုခြင်းတို့သည် တရားရုံးများအပေါ် တရားဝင်ဝေဖန်မှုကို ကန့်သတ်ရာတွင် သင့်လျော်လုံလောက်သော ယန္တရားများ မဟုတ်ကြပါ။

[....]



## VII. တရားရေးမဟုတ်သောပါလီမန်နှင့်သက်ဆိုင်မှုမရှိသော အဖွဲ့အစည်းများ၏အခန်းကဏ္ဍ

[....]

၂။ အုပ်ချုပ်ရေးအဖွဲ့သည် မီဒီယာလွတ်လပ်ခွင့်ကို တားမြစ်ခြင်း (သို့) နှေးကွေးစေခြင်းနှင့် သွယ်ဝိုက်သည့် နည်းလမ်းများဖြစ်သော တရားဝင်ကြော်ငြာခြင်းကို တလွဲအသုံးပြုခြင်း စသည့် လုပ်ဆောင်မှု မှန်သမျှမှ ရှောင်ကြဉ်ရမည်။

၃။ တရားဥပဒေစိုးမိုးရေးကို ကာကွယ်ရာတွင် လွတ်လပ်ပြီး စနစ်ကျသော ဥပဒေဆိုင်ရာ အသက်မွေးမှုသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းဖြစ်သည်။

၄။ ဆင်းရဲသားမျက်နှာမွဲ အမှုသည်များူအတွက် ပြည်သူ့အကျိုးကျေးဇူးကို ရှေးရှုသော တရားရုံးချုပ်ရှေ့နေများ အပါအဝင် လုံလောက်သော ဥပဒေအထောက်အကူ အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

၅။ ဥပဒေဖြင့် အသက်မွေးသော အဖွဲ့အစည်းများသည် ဥပဒေအထောက်အကူ အစီအစဉ်များ မှတဆင့် ဆင်းရဲသား ပြည်သူများအတွက် တရားမျှတမှုရရှိရန် ကူညီပံ့ပိုးပေးရမည်။

၆။ အုပ်ချုပ်ရေးအဖွဲ့သည် ဥပဒေဖြင့် အသက်မွေးသော အဖွဲ့များ၏ လျှောက်ထားမှုကို ချုပ်ကိုင်ခြင်းဖြင့် လွတ်လပ်သည့် ဥပဒေဆိုင်ရာ အသက်မွေးဝမ်းကျောင်းပြုမှုကို ဟန့်တားမှုမျိုးမှ ရှောင်ကြဉ်ရမည်။

[....]

## အစိုးရ၏ဌာနကြီးသုံးခုကြားရှိ တာဝန်ခံမှုနှင့် ဆက်ဆံရေးတို့နှင့် စပ်လျဉ်းသည့် ခေသဟာယစည်းမျဉ်းများ

*(၂၀၀၃ ခုနှစ်တွင် နိုက်ဂျီးရီးယား၊ အဘူဂျာတွင်ကျင်းပသော ခေသဟာယ နိုင်ငံများမှ အစိုးရအကြီးအကဲများ အစည်းအဝေးတွင် ဥပဒေရေးရာဝန်ကြီးများက သဘောတူပြီး အကြီးအကဲများက အတည်ပြုလက်မှတ်ရေးထိုးသည်။)*

---

[....]

### I အစိုးရ၏ တရားစီရင်ရေးအဖွဲ့

ခေသဟာယနိုင်ငံများမှ ပါလီမန်၊ အုပ်ချုပ်ရေးဌာနနှင့် တရားစီရင်ရေးဌာနတို့သည် ရိုးသားဖြောင့်မတ်ခြင်း အမြင့်ဆုံးအဆင့်၊ သမာဓိအားအကောင်းဆုံးနှင့် တာဝန်ယူမှု အမြင့်ဆုံးတို့အပေါ် အခြေခံကာ တရားဥပဒေစိုးမိုးရေး၊ အခြေခံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုပုံစံ တည်ထောင်ခြင်းတို့ကို မိမိတို့ကဏ္ဍအလိုက် အာမခံနိုင်ရမည်။

### II ပါလီမန် နှင့် တရားစီရင်ရေးအဖွဲ့

(က) ပါလီမန်နှင့် တရားစီရင်ရေးအဖွဲ့တို့၏ ဆက်ဆံရေးကို လေးစားမှုဖြင့် စည်းနှောင်ရမည်။ ပါလီမန်၏ အခြေခံတာဝန်သည် ဥပဒေပြုရေးဖြစ်ပြီး တရားစီရင်ရေးအဖွဲ့၏ ပဓာနကျသော တာဝန်သည် ထိုဥပဒေကို နားလည်သဘောပေါက်ခြင်းနှင့် အသုံးပြုခြင်းဖြစ်ရာ ထိုတာဝန်များကို အပြန်အလှန် လေးစားလိုက်နာရမည်။

(ခ) တရားစီရင်ရေးအဖွဲ့နှင့် ပါလီမန်တို့သည် တရားဥပဒေစိုးမိုးရေးအတွက် ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍအသီးသီးကို အပြုသဘောဆောင်၍ အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ရမည်။

[....]

### IV တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှု

လွတ်လပ်၍ သမာသမတ်ကျသော ရိုးသားပြီး စွမ်းဆောင်ရည်ရှိသော တရားစီရင်ရေးအဖွဲ့သည် တရားဥပဒေစိုးမိုးရေးကို ပံ့ပိုးခြင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ခြင်းနှင့် တရားမျှတမှုကို ဖြန့်ဝေခြင်းတို့အတွက် အခြေခံကျသည်။ တရားစီရင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်သည် အမျိုးသားဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေပြုခြင်းတို့ကို ခေသဟာယနိုင်ငံတစ်ခုစီ၏ ပြည်တွင်းဥပဒေက ခွင့်ပြုထားသည့် အတိုင်းအတာအထိ အဓိပ္ပါယ်ကောက်ယူရန်နှင့် အသုံးပြုရန်ဖြစ်သည်။ ယင်းသို့ပြုလုပ်ရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူညီချက်များ နှင့် နိုင်ငံတကာ ဥပဒေနှင့် လိုက်လျောညီထွေမှု ရှိစေရမည်။

ထိုရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန်

(က) တရားရေးရာ ခန့်အပ်မှုများကို ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုထားသော စံနှုန်းများနှင့် လူသိရှင်ကြား ကြေညာသော လုပ်ငန်းစဉ်များအပေါ် အခြေခံကာ ဆောင်ရွက်ရမည်။ ထိုလုပ်ငန်းစဉ်တွင်-

- တရားရုံးအတွက် သင့်လျော်သောသူအားလုံးကို အခွင့်အရေး တန်းတူပေးရမည်။
- ထိုက်တန်သူကို ခန့်အပ်ရမည်။
- ကျား/မ တန်းတူညီမျှမှုနှင့် အခြားသော ခွဲခြားဆက်ဆံမှုများ ဖယ်ရှားကာ သင့်တင့်လျောက်ပတ်စွာ စဉ်းစားပေးရန် လိုအပ်သည်။

(ခ) ရာထူးကို ထိန်းသိမ်းနိုင်ရန် ထိုက်သင့်သော ဆောင်ရွက်မှုနှင့် လစာနှုန်းထားအမျိုးမျိုးအား အကာအကွယ်ပေးမှုတို့ ရှိရမည်။

(ဂ) လွတ်လပ်မှုကို နှောင့်နှေးစေမည့် အတားအဆီးများ မရှိစေဘဲ တရားရေးစနစ်ကို ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန် လုံလောက်သော ရင်းမြစ်များ ပံ့ပိုးပေးရမည်။

(ဃ) အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့၏ အပြန်အလှန် ဆက်ဆံရေးသည် တရားရေး လွတ်လပ်မှုအပေါ် လွှမ်းမိုးမှု မရှိစေရပါ။

တရားသူကြီးများသည် အရည်အသွေး မပြည့်ဝမှု (သို့) မမှန်မကန် ဆောင်ရွက်မှုတို့ကြောင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် မသင့်လျော်သဖြင့် တာဝန်မှ ယာယီရပ်နားခြင်း (သို့) ဖယ်ရှားခြင်း ခံရမည်။

ဥပဒေ (သို့) ပဓာနကျသော ပြည်သူ့အကျိုးကျေးဇူးက တစုံတရာ အမိန့်ပေးခြင်းမရှိလျှင် တရားရုံး၏ တရားစွဲဆိုမှုလုပ်ငန်းစဉ်ကို လူသိရှင်ကြားဖြစ်စေရမည်။ အထက်တရားရုံး၏ ဆုံးဖြတ်ချက်များကို ပြည်သူသို့ ဖြန့်ဝေပေးပြီး အချိန်နှင့် တပြေးညီဖြန့်ဝေပေးရမည်။

လွတ်လပ်သော ထိရောက်၍ စွမ်းဆောင်ရည်မြင့်မားသော ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားရေးလွတ်လပ်မှုကို ပံ့ပိုးရာတွင် အခြေခံကျသည်။

### V ပြည်သူ့ရုံး တာဝန်ရှိသူများ

(က) ပြည်သူ့ရုံး ရာထူးအတွက် ခန့်အပ်ရာတွင် ထက်မြက်ခြင်းနှင့် သိက္ခာရှိခြင်းတို့က အဓိက စံနှုန်းဖြစ်သည်။

(ခ) (က)နှင့်ပတ်သက်၍ ဖြစ်နိုင်သော သင့်လျော်သော လုပ်ဆောင်မှုများ ဆောင်ရွက်ရာတွင် ပြည်သူ့ရုံးရာထူးအတွက် တာဝန်ရှိသူများသည် ကျား/မ၊ လူမျိုးစု၊ လူမှုရေးနှင့် ဘာသာရေးအုပ်စုများနှင့် နေရာဒေသအနှံ့အပြားမှုဖြစ်ခြင်း စသည့်အချက်များဖြင့် လူ့အဖွဲ့အစည်းကို ယေဘုယျကိုယ်စားပြု ထင်ဟပ်စေရမည်။

## VI ကျင့်ဝတ်နှင့်ညီသော အုပ်ချုပ်မှုပုံစံ

ဝန်ကြီးများ၊ ပါလီမန်အဖွဲ့ဝင်များ၊ တရားရေးအရာရှိများနှင့် တရားစီရင်ခွင့် နယ်ပယ်တစ်ခုစီရှိ ပြည်သူ့ ရုံးတာဝန်ရှိသူများသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ လမ်းညွှန်ချက်များကို ကာလအပိုင်းအခြားအလိုက် ချမှတ်၊ ပြဋ္ဌာန်းပြန်လည်သုံးသပ်မှုများ လုပ်ဆောင်ရမည်။ ယင်းသည် အကျိုးကျေးဇူး ပဋိပက္ခဖြစ်ခြင်း ပြဿနာကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ပြည်သူ့ယုံကြည်မှုတို့ကို တိုးမြှင့်နိုင် အောင် ဆောင်ရွက်ရမည်။

## VII တာဝန်ယူမှု ယန္တရားများ

[....]

(ခ) တရားရေးတာဝန်ယူမှု

တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းတို့ကျင့်သုံးသော ဥပဒေအပေါ်တွင် တာဝန်ယူမှုရှိပြီး ရိုးသားစွာ၊ လွတ်လပ်စွာနှင့် သိက္ခာရှိစွာ ပြုမူရမည်။ တရားရေး တာဝန်ယူမှုနှင့် လွတ်လပ်မှုဆိုင်ရာ စည်းမျဉ်းများသည် တရားရေးစနစ်နှင့် တရားစီရင်ရေးအဖွဲ့၏ အရေးပါမှု အပေါ် ပြည်သူ့ယုံကြည်ကိုးစားမှုကို ပံ့ပိုးပေးသည်။ ယင်းသည် တာဝန်ယူတတ်သော အစိုးရ များက အားကိုးအားထားပြုနေရသည်။

စွမ်းရည်မပြည့်ဝသော မမှန်မကန်ပြုမူဆောင်ရွက်သော တရားသူကြီးများကို ရာထူးမှ ဖယ်ရှားရန် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြီး ယင်းသည် တရားစီရင်ရေးအဖွဲ့၏ လွတ်လပ်မှုဆိုင်ရာ စည်းမျဉ်း များကို ပံ့ပိုးကူညီပေးသည်။ စည်းကမ်းထိန်းသိမ်းရေ လုပ်ထုံးလုပ်နည်းများကို မျှတစွာ ဓမ္မဓိဋ္ဌာန်ကျစွာ ဆောင်ရွက်ရမည်။ တရားရေး အရာရှိကို ရာထူးမှ ဖယ်ရှာသည့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်မှုများတွင် တရားမျှတမှုကို ထိန်းကျောင်းပေးမည့် သင့်လျော်သော စောင့်ရှောက်မှုများလည်း ပါဝင်ရမည်။

ပြစ်မှုဆိုင်ရာဥပဒေနှင့် ဗီဆန်မှုအပေါ် တရားစွဲဆိုခြင်းတို့ကို တရားရေးတာဝန်များ ထမ်းရွက်မှု အပေါ် ဝေဖန်မှုများကို ကန့်သတ်တားမြစ်ရန် မသုံးရပါ။

(ဂ) တရားရေးသုံးသပ်ချက်

အကောင်းဆုံး ဒီမိုကရက်တစ် စည်းမျဉ်းများအရ အစိုးရများ၏ ဆောင်ရွက်ချက်များကို တရားရုံး ချုပ်များ စိစစ်နိုင်ရန် ခွင့်ပြုပေးရမည်။ ထိုဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင် ရာပြဋ္ဌာန်းဥပဒေနှင့် အခြားဥပဒေ၊ သဘာဝတရားစီရင်မှု စည်းမျဉ်းနှင့်သက်ဆိုင်သော ဥပဒေ တို့နှင့် ကိုက်ညီမှုရှိရမည်။

[....]



# ၉။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ

## ပုဒ်မ ၃

*(၁၉၄၉ ဂျနီဗာ သဘောတူညီချက်လေးခုနှင့် အလားသဏ္ဍာန် တူပါသည်။)*

---

နိုင်ငံတကာ ဂိသေသ လက္ခဏာရပ်မဟုတ်သော လက်နက်ကိုင် ပဋိပက္ခဖြစ်သည့် အနေအထား တွင် ဤဥပဒေကို လက်မှတ်ရေးထိုး သဘောတူထားသူများ၏ နယ်နမိတ်အတွင်းဖြစ်ပါက ပဋိပက္ခဖြစ် ရာတွင် ပါဝင်သူများသည် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို အနည်းဆုံး ကျင့်သုံးလိုက်နာရမည်။

(i) အဆိုပါ ရန်လိုမှုများတွင် တက်တက်ကြွကြွ ပါဝင်ခြင်းမရှိသူများ၊ လက်နက်ချသူများနှင့် နေမကောင်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်း၊ ထိန်းသိမ်းခံရခြင်း (သို့) အခြားအကြောင်းအရာကြောင့် ဆက်လက်မပါဝင်နိုင်တော့သောသူများကိုမည်သည့်အခြေအနေတွင်မဆိုလူသားချင်းစာနာစွာ ဆက်ဆံရမည်။ ၎င်းတို့ကို လူမျိုး၊ အရောင်၊ ဘာသာ (သို့) ကိုးကွယ်မှု၊ ကျား၊မ၊ မွေး ဖွားမှု (သို့) ကြွယ်ဝမှု (သို့) အခြား အလားသဏ္ဍာန်ဆင်တူသည့် စံနှုန်းများပေါ် အခြေခံပြီး ဆိုးရွားထိခိုက် စေသော ခွဲခြားဆက်ဆံမှု မပြုလုပ်ရပါ။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအပေါ်တွင် လေးလေးစားစား ဆက်ဆံလျက် မည်သည့်အချိန်၊နေရာ တွင်မဆို အောက်ပါဆောင်ရွက်ချက်များကို တားမြစ်ထားပါသည်။

[.....]

(ဃ) အရပ်သားပြည်သူများက အရေးကြီးသည့်ဟု ယူဆထားသော တရားရေးအာမခံချက်များ အားလုံးကို ပေးစွမ်းနိုင်သော သာမန်ဖွဲ့စည်းထားသော တရားရုံး၏ ယခင် တရားစီရင်မှု မပါရှိဘဲ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် သေဒဏ်ချမှတ်ခြင်း။

## ၁၉၄၉ ဩဂုတ် ၁၂ ဂျနီဗာ သဘောတူညီချက်များသို့ ထပ်တိုး ညှိနှိုင်းမှတ်တမ်းနှင့် နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်နစ်နာသူများအား အကာအကွယ်ပေးခြင်း (ညှိနှိုင်း မှတ်တမ်း ၁)

---

### ပုဒ်မ ၇၅ - အခြေခံအာမခံချက်များ

[....]

၄။ သာမန်တရားရေးလုပ်ငန်းစဉ်ဆိုင်ရာ ယေဘုယျအသိအမှတ်ပြုထားသော စည်းမျဉ်းများကို လေးစားလိုက်နာသည့် သာမန်ဖွဲ့စည်းထားသော သမာသမတ်ရှိသည့် တရားရုံးများ၏ စီရင်ချက်ပါရှိခြင်းမှလွဲ၍ ပြစ်ဒဏ်ချမှတ်ခြင်း၊ ထောင်ချခြင်း မပြုလုပ်ရပါ။

[....]



## ၁၉၄၉ ဩဂုတ် ၁၂ ဂျနီဗာ သဘောတူညီချက်များသို့ ထပ်တိုးညှိနှိုင်း မှတ်တမ်းနှင့် နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခကြောင့် မဟုတ်ဘဲ ထိခိုက်နစ်နာသူများအား အကာအကွယ်ပေးခြင်း (ညှိနှိုင်း မှတ်တမ်း ၂)

---

### ပုဒ်မ ၆ - ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်း

၁။ ဤပုဒ်မကို လက်နက်ကိုင် ပဋိပက္ခများနှင့် သက်ဆိုင်သည့် ပြစ်မှုကျူးလွန်မှုများအတွက် တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့တွင် အသုံးပြုပါသည်။

၂။ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုဟူသည့် အရေးပါသော အာမခံချက်များကို ဖော်ဆောင်နိုင်သော တရားရုံး၏ စီရင်ချက်မပါရှိပဲ ပြစ်မှုကျူးလွန်သူကို ထောင်ချခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း မပြုရပါ။

[....]

နိုင်ငံတစ်နိုင်ငံ၏ တရားစီရင်ရေးစနစ်သည် လူ့အခွင့်အရေးကို ကာကွယ်ရာတွင်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်းကောင်း အဓိကကျလှသည်။ တရားသူကြီးများ၊ ရှေ့နေများနှင့် ဥပဒေအရာရှိများသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအား ကာကွယ်မှုပေးရန်၊ ပြစ်မှုကျူးလွန်သူများအား တရားစီရင်ပြီး ထိုက်သင့်သည့်ပြစ်ဒဏ် ချမှတ်ပြီး တရားမျှတမှုကို အကောင်အထည်ဖော်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အပြင် ၄င်းတို့သည် မျှတသောတရားစီရင်မှု အခွင့်အရေးအား လေးစားစေရန်အတွက် အာမခံချက်ပြုသူများ ဖြစ်ကြပါသည်။

ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာပိုင်တို့သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့်ဥပဒေစိုးမိုးရေးကို လေးစားသမှု ရှိစေရန် အာမခံရာတွင် တရားစီရင်ရေးကဏ္ဍသည် အထူးတာဝန်ရှိပါသည်။

ဤလမ်းညွှန်စာအုပ်၏ အဓိကရည်ရွယ်ချက်မှာ ဥပဒေဘက်တော်သားများ၊ မူဝါဒချမှတ်သူများသည် တရားစီရင်ရေးစနစ် လွတ်လပ်မှုနှင့် ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများအကြောင်း သိရှိစေရန်၊ အသေးစိတ်ဖော်ပြထားသည့် လက်တွေ့ဥပမာ ကိုးကားချက်များကို ဖတ်ရှုပြီး နိုင်ငံတကာ စံနှုန်းများကို နားလည်မှုရှိစေရန် ဖြစ်သည်။

ဤလမ်းညွှန်စာအုပ်၏ပထမပိုင်းတွင် ဥပဒေအား ခွဲခြမ်းစိတ်ဖြာမှုများဖြင့် တင်ဆက်ထားပြီး နိုင်ငံတကာလိုက်နာကျင့်သုံးမှုများမှ ခိုင်မာသော ဥပမာ ထုတ်နုတ်ချက်များဖြင့် ဖော်ကျူးတင်ပြထားပါသည်။

ဤစာအုပ်တွင် ဥပဒေပညာဖြင့် လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းသူများ၏ အခန်းကဏ္ဍနှင့် အစိုးရဥပဒေအရာရှိများ၏ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့အကြောင်းကိုလည်း အခြေခံအနေဖြင့် လမ်းညွှန်ထားပါသည်။

စာအုပ်ဒုတိယပိုင်းတွင် အလွယ်တကူ မှီငြမ်းကိုးကားနိုင်ရန်အတွက် နိုင်ငံတကာ စံချိန်စံနှုန်းများ၊ အိမ်နီးနားချင်းနိုင်ငံများ၏ စံချိန်စံနှုန်းများကိုလည်း ထည့်သွင်းတင်ပြထားပါသည်။

icj
International Commission of Jurists

International Commission of Jurists
P.O. Box 91
33 Rue des Bains
CH-1211 Geneva 8
Switzerland

ISBN 978-92-9037-118-8
9 789290 371182

